
www.burmeseclassic.com



www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၂၈ မတ် ၂၀၁၇

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း

စာတည်း
လင်းနိုင်ဦး

အမှုဆောင် စာတည်း
မသီတာ(စမ်းချောင်း)

ရှေ့ပန်းချီ
ဇော်ဝင်း
(ဇွတ်ပျောသီး)
ဆန်နီညိမ်း
ဖေညွန့်ဝေ
မုတ်သုံ၊ တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်အေး
လင်းဝဏ္ဏ
ဝင်းတင့်
မောင်နိုး
စိုးအောင်
အောင်ကျော်
ဖေသစ်တည်
ထွန်းအို
စိုးသော်တာ
Win Iszudia

မျက်နှာဖုံးဓာတ်ပုံ
ကိုလင်း(Studio-K)

ရှေ့ဓာတ်ပုံ
ကိုလင်း(Studio-K)
လင်းနိုင်ဦး

ရှေ့ဒီဇိုင်း-ခိုင်ဇင်ထွန်း၊ ဖြိုးဦးမိုင်
ရှေ့စာစီစာပြု-စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင်-ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ်၃၂၈၊ မတ်၊ ၂၀၁၇
**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်

BURMESE CLASSIC


**ရွှေမင်းသား၊ ရွှေမင်းသမီး**

၄။ **ခင်လေးမြင့်**
ချစ်လို့ချစ်တာပဲ
ကောင်းတယ်

၄၄။ **လင်းနိုင်ဦး**
နာမည်ကြီးသရုပ်ဆောင်တွေ
ခြံရံပေးခဲ့ကြတဲ့
မြင့်မြတ်ရဲ့မင်္ဂလာပွဲ

**One Minute Interview**

၁၂။ **မနီးသူ**
ကျော်ထက်အောင်
သက်အောင်၊ ဖြိုးပြည့်စုံ
တင်ဇာမော်၊ Jenny

**ရွှေရုပ်ရှင်**

၃၀။ **လင်းနိုင်ဦး**
အောင်ချမ်းလူရဲ့
လူကြီးလူကောင်း

**အင်တာဗျူး**

၆၀။ **လင်းနိုင်ဦး**
သမီးရဲ့တစ်ကိုယ်တော်
အခွေအတွက် အချိန်ယူ
အားထည့်လုပ်ပေးနေတဲ့
ဂရေဟမ်

**လူမှုဝန်းကျင်**

၃၆။ **လင်းနိုင်ဦး**
ဟာသများနဲ့
တင်ဆက်ပေးခဲ့တဲ့
ပြေတီဦးပညာရေး
ဖောင်ဒေးရှင်း ရန်ပုံငွေပွဲ

၉၂။ **လင်းနိုင်ဦး**
၂၀၀၀ ပြည့်နှစ်သို့အပြန်

**ဖူးငုံပွင့်သစ်**

**မနီးသူ** ၂၂။
ကိုယ်တိုင်ဖန်တီးမှု
အနုပညာတွေနဲ့
စောထက်နိုင်စိုးရဲ့အဓိက

**မနီးသူ** ၂၆။
ချစ်တဲ့စိတ်နဲ့ ဂီတတွေ
ဆက်လုပ်မယ့် ပိုပိုဟောသာ

**နိုင်ငံတကာစာမျက်နှာ**

**ရာပြည့်** ၆၄။
ပဲရစ္စဂျက်ဆင်နှင့်
တွေ့ဆုံခြင်း

**ရွှေနှလုံးသား**

**မောင်ပြည့်အေး** ၇၈။
၊ချော့ဘွဲ့၊
မိုးသည်းတုန်းရေးတဲ့
ပုံပြင်

**ရွှေဝတ္ထုရှည်စ / ဆုံး**

**ကေ၊တောင်တန်းဖြာ၊** ၁၆၄။
လုံယူပွဲ

**ဆေးဆေး** ၂၀၀။
သူ့သစ္စာ

**ရွှေဝတ္ထု**

၉၆။ **ခူမီအောင်**
ဗလာအိမ်

၁၀၄။ **နွေမှုန်၊မနီး၊**
ကက်ကင်းဝေဒနာ

၁၀၈။ **နိုင်မြင့်**
ဘောင်ခတ်မေတ္တာ

၁၂၀။ **အောင်ဖြိုးကျော်၊ပခုက္ကူ၊**
လူမွဲနာ

၁၂၈။ **ထွန်းတောက်ထွင့်၊သချာ၊**
အတွင်းစိတ်သန္တာန်က
အမှန်တရား

၁၄၆။ **သန္တာခင်**
ပန္နင်းအမ

၁၅၆။ **တင်တင်လတ်**
အကြဲပိုင်ခံနိုင်ရိုးလား

၁၇၄။ **သတိုး**
လွမ်းသူ့ခေါင်းလောင်းသံ

၁၈၂။ **ပိုင်ငွေး၊သချာ၊**
ဘောလုံးပွဲ

၁၉၄။ **မြင့်သန်း**
မျှော်လင့်နေသော
နွေဦးအတွက်
သိမ်မွေ့သော နှလုံးသားများ

၂၀၂။ **မိုးကျော်ဇင်**
ကမ်းဝေးလှေ






www.burmeseclassic.com

www.burmeseclassic.com


ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
**မြတ်သင်း** ၁၁။
နေထဲက နှင်း


ဘာသာပြန်
အခန်းဆက်ဝတ္ထုရှည်
**ဝေပြ၊ဆေး-၂၊** ၂၄။
ပင်လယ်နှင့် အဆိပ်

ရွှေအသစ်
------------------ ၂၀။
------------------ ၂၆။
------------------ ၂၇။

အက်ဆေးအကြောင်း
အက်ဆေး
**မောင်ရင့်မာ၊ကျောင်းကုန်း၊** ၁၃၄။
အဆိပ်သေရည် အိုးထဲမှာ
ပတ္တမြားတား ရှာခြင်း

ရသစာတမ်း
**ဆွန်း၊စက်မှုတက္ကသိုလ်၊** ၁၄၀။
တတိယအရွယ်ရဲ့
ပထမနေ့ရက်များ

ရွှေသုတ
**ဝင်းငြိမ်း** ၇၂။
သမိုင်းကြောင့်
ကွဲကွာခဲ့ကြသူများ
**ငြိမ်းမင်း** ၈၂။
ရသစိုက်ပျိုးရေးစာတမ်း
**မောင်စွမ်းရည်** ၁၁၄။
အရှင်သုမင်္ဂလ(စစ်ကိုင်း)၏
'တောဓါရနံ့'
လောကဓမ္မရသစာစုများ
**မောင်သန်းဆွေ၊ထားဝယ်၊** ၁၅၂။
ပန်းတိမ်းအရေးနှင့်
စမ္ပာယ်နဂိုရ်မင်းသမီး
**ဉာဏ်သစ်** ၁၀၀။
ဝမ်တိန်အသွားလမ်းမှသည်


အယ်ဒီတာအဖွဲ့
တိုက်(၃၇)၊
အခန်း (၄-ဝ၁)၊
၅၂ လမ်း (အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်။ ဖုန်း-ဝ၁-၉ဝ၁ဝ၅ဝ၁၊
**Email:**
**nyeinfamily@ gmail.com**
မျက်နှာဖုံး၊ မေတ္တာ လက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ - ဦးဉာဏ်လှိုင်(ဝ၀၉၇ဝ)၊ ဇမ္ဗူတာလှပုံနှိပ်တိုက်
အမှတ် ၁၁၁ဝ၊ ရွှေတောင်ကြား ၅ လမ်း ၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးဉာဏ်လှိုင်(၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖြန့်ချိ ဒုံး - ဇမ္ဗူတာလှစာပေ၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-ဝ၁-၃၉၇၂၂ဝ စာတိုက်သေတ္တာအမှတ် ၁၂၀၅
**E-mail : zabutalu@gmail.com Available at : Wun Zinn**


www.burmeseclassic.com

www.burmeseclassic.com



# ချစ်လို့ချစ်တာပဲ ကောင်းတယ်

ခင်လေးမြင့်

ဓာတ်ပုံ- ကိုလင်း(Studio-K)

အနုပညာလောက၊ သရုပ်ဆောင်လောကမှာ ပရိသတ်ရဲ့ အသိအမှတ်ပြုမှုရနေသလို ခေါင်းဆောင်နေရာကနေ ဇာတ်ကားတွေ ရိုက်ကူးနေရတဲ့ ပိုင်ဖြိုးသုက အနုပညာပျိုးခင်းရဲ့ မင်းသမီးတစ်ယောက်ဆိုတာ ပရိသတ်တွေ သိထားပြီးသား ဖြစ်မှာပါ။ ဆရာဝန်ဆိုတာကို စွန့်လွှတ်ပြီး အနုပညာလောကထဲကို ဝင်လာတဲ့ ပိုင်ဖြိုးသုက အခုအချိန်မှာ ဇာတ်ကားရိုက်တွေနဲ့ နေ့ခင်းပိုင်းအချိန် ဓာတ်ပုံရိုက်ဖို့ အဆင်မပြေတာကြောင့် ရှုတင်ပြီးတဲ့ ညနေပိုင်းမှာ ရိုက်ကူးဖို့ စီစဉ်ဖြစ်ကြပါတယ်။ ရန်ကုန်မြို့ရဲ့ ညရှုခင်း၊ ညမီးရောင်တွေနဲ့အတူ ပိုင်ဖြိုးသုကို ရွှေအမြုတေ မဂ္ဂဇင်းမျက်နှာဖုံး ရိုက်ကူးဖြစ်ခဲ့ပါတယ်။ မိတ်ကပ် လိမ်းရတာကို သိပ်မကြိုက်တဲ့ ပိုင်ဖြိုးသုကို ဓာတ်ပုံ ကိုလင်း(Studio-K)အလာကို စောင့်ရင်း ဆူးလေလမ်းမဘေး တစ်နေရာမှာ မေးမြန်းဖြစ်တာများက-

**မိတ်ကပ်တွေလိမ်းပြီး လှလှပပ သရုပ်ဆောင်ရတာနဲ့ မိတ်ကပ်မပြင်ဘဲ သရုပ်ဆောင်ရတာ ဘယ်ဟာကို ပိုသဘောကျလဲ။**

သုကမိတ်ကပ် မလိမ်းရလေ ကြိုက်လေပဲ၊ အပြင်မှာလည်း မိတ်ကပ် မကြိုက်တဲ့ ခါကျတော့လေ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကောင်စရိုက်အရဆိုရင်တော့ ပြင်ရတာတွေတော့ ရှိတယ်။ နှုတ်ခမ်းနီဆိုး၊ မျက်တောင်တုတပ်နဲ့ စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုလည်း မလှတာကို လှအောင်ပြင်ထားတယ်လို့ ခံစားရတော့ အဲဒီလိုအချိန် သရုပ်ဆောင်ရတာနဲ့ ဘာမှ မပြင်မဆင်ဘဲ သရုပ်ဆောင်ရတာ၊ ရိုးရိုးရှင်းရှင်းနေရတာ ပိုပြီး အားရတယ်။ အပြင်မှာလည်း အဲဒီလို မပြင်ဆင်ရတာကို သဘောကျတယ်။ ဇာတ်ရဲ့လိုအပ်ချက်အရ အဲဒီလိုCharacterမျိုးဆိုရင်လည်း ပိုကြိုက်တယ်။

**ဦးမျိုး(ဒါရိုက်တာမောင်မျိုးမင်း)တို့နဲ့ ရိုက်တဲ့ဇာတ်ကားတွေမှာလည်း အဲဒီလိုမျိုး မိတ်ကပ်မပြင်ရတာတွေရှိတော့ ဆရာတွေရဲ့ Control တွေနဲ့အတူ မိတ်ကပ်လိမ်းတာ မကြိုက်တာမျိုးများဖြစ်သွားလား။**

ကျောင်းသူဘဝကတည်းက သိပ်ပြီးအလှကြိုက်တဲ့အထဲမှာ မပါဘူး။ အဝတ်အစားလှလှလေးတွေဝတ်ရတာတော့ ကြိုက်တယ်။ မျက်နှာကို မိတ်ကပ်လိမ်းရတာ သူက သိပ်မကြိုက်ဘူး။

**သုသုဆိုရင် ဟိုးအရင်ကတည်းက ဦးမျိုးမင်းတို့၊ ဦးမီးပွားတို့နဲ့ ရိုက်ခဲ့တာများတော့ အခုအချိန်ဆိုရင် တွေ့ရတဲ့ ဒါရိုက်တာတွေအပေါ် မူတည်ပြီး ဘယ်လိုအရာတွေမှာ ပြောင်းလဲသွားတတ်တယ်လို့ ပြောရမလဲ။**

ဦးပွားတို့၊ ကိုအောင်ဇော်လင်းတို့က ပုံစံတူတယ်။ အဝတ်အစားအရောင်၊ Location နဲ့ ညှိတာကအစ အသေးစိတ်လုပ်ရတယ်။ အိုက်တင်ရောပေါ့။ ကိုဝိုင်းက အဝတ်အစားကို အရောင်ထက်စာရင် အဝတ်အစားဒီဇိုင်းကို သူCharacterထဲက ထွက်မသွားအောင်လုပ်နိုင်းတယ်။ ကိုဝိုင်းက မျက်လုံးအိုက်တင်ကို အသေးစိတ်သင်တယ်။ သူလိုချင်တဲ့မျက်လုံးမျိုးဖြစ်အောင်၊ ကိုယ့်စိတ်ထဲမှာ နည်းနည်းလေးဖြစ်သွားတာကအစ ကိုဝိုင်းက သိတယ်။ ဒီနားမှာ မျက်ရည်ကျအောင် တမင်လုပ်လိုက်တာမဟုတ်လား ဆိုတာမျိုး မျက်လုံးနေရာကို ကိုဝိုင်းက ဖတ်တတ်တယ်။ ဦးမျိုးဆိုလည်း အဲဒီလိုပဲ။ လိုချင်တဲ့အိုက်တင်မရမချင်း အထပ်ထပ် အခါခါ ပြန်ခိုင်းတယ်။ ဆရာတစ်ယောက်နဲ့တွေ့တိုင်း ပညာတိုးတယ်။

**ဒါရိုက်တာအသစ်၊ တစ်ကားမှ မဆုံဖူးတဲ့ဒါရိုက်တာဆိုရင်ရော သုသု ရိုက်ဖြစ်သေးလား။**

သု,က ဒါရိုက်တာအသစ်မို့လို့ မရိုက်တာတော့ မရှိဘူး။ ဇာတ်အရ သုလုပ်ရမယ့်လုပ်ကွက်၊ ကိုယ့်အတွက် အနုပညာသိပ်မကျန်တဲ့ကားမျိုးဆိုရင် သု မရိုက်ဖြစ်တာများတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း ကိုယ်ကအသစ်ဖြစ်တဲ့အတွက် ငြင်းလို့မရလို့ ရိုက်ရတာတွေလည်းရှိတာပေါ့။

**အဲဒီလို ငြင်းလို့မရတဲ့အခါကျတော့ မကောင်းတာမျိုးဆိုရင် သုသုကိုထိမှာပေါ့။**

သု,က အခုအချိန်မှာ အသစ်ဖြစ်တဲ့အတွက် ပရိသတ်နဲ့များများထိတွေ့ဖို့ လိုတယ်။ ကိုယ်က ဘာမှမဟုတ်သေးဘဲနဲ့ ဇာတ်တွေ ချေးများနေတယ်ဆိုပြီး လူကြီးတွေ ငြိုငြင်သွားမှာ ကြောက်လို့ လက်ခံလိုက်တဲ့ ဇာတ်ကား၊ ရိုက်ဖြစ်သွားတဲ့ဇာတ်ကားတွေရှိပါတယ်။ ဇာတ်ကားထွက်လာရင် ဆရာအရင်းတွေက





www.burmeseclassic.com

www.burmeseclassic.com



လည်း ဆုတာတွေ ရှိတယ်။ နောက်ဆို မရိုက်ဖို့ ဆင်ခြင်ရမှာပေါ့။

**အနုပညာပျိုးခင်းကို ရောက်သွားချိန်မှာရော အဲဒီလိုမျိုး ကြုံရသေးလား။**

ပျိုးခင်းကဆရာတွေနဲ့ ရိုက်ရင်တော့ ကိုယ့်အတွက် လုပ်ကွက် သတ်သတ်မှတ်မှတ် ပေးတယ်။ ကိုယ့်အတွက် အနုပညာကျန်မယ့် ကားမျိုးပဲ များပါတယ်။

**အနုပညာပျိုးခင်းနဲ့ လက်တွဲပြီးချိန်မှာ သုသုအတွက် ဘယ်လိုမျိုး ရွေးချယ်ပိုင်ခွင့်တွေ ပိုရှိခဲ့လဲ။**

ပျိုးခင်းကို ပါသွားချိန်မှာ သိသာတယ်။ ကားကောင်းကောင်း လေးတွေ ပိုရိုက်လာရတယ်။ လုပ်ကွက် ရတဲ့ကားတွေ၊ ကိုယ့်အတွက် အနုပညာ ကျန်မယ့် ကားမျိုးတွေကို ဆရာတွေက အများကြီး ပေးရိုက်လာတယ်။ ဆရာတွေနဲ့ရိုက်ရင် အမှန်အတိုင်း ပြောရရင် မရွေးတော့ဘူး။ ကိုယ့်ဆရာတွေက ကိုယ့်အတွက် မကျန်တဲ့ကားမျိုးဆို မပေးဘူး။ အမြဲပဲ ကိုယ့်ကို ခိုင်းတယ်။ ဆရာတွေက အမြဲတမ်းသင်ပေးနေတာဆိုတော့ ပျိုးခင်းက ဆရာတွေ ရိုက်တာဆို ချက်ချင်းလက်ခံတယ်။

**သုသုကို အိုက်တင်ခိုင်းသမျှ လုပ်နိုင်တဲ့လူလို့ သတ်မှတ်ကြတာတွေရှိတယ်။ ကိုယ်တိုင်ကရော…။**

ကိုယ် ကိုယ်တိုင်ကရော လိုအပ်ချက်တွေရှိနေတုန်းပဲ။ ရှိနေတုန်းဆိုတာက တစ်ခါတလေကျရင် အိုက်တင်ကို Break မလုပ်တတ်ဘူး။ သုစိတ်ထဲမှာရှိတာကို လုပ်တာဆိုတော့ တစ်ခါတလေကျရင် လိုအပ်ချက်တွေရှိတယ်။ သုအတွက် အမြဲတမ်း Guide လိုတယ်။ ကိုယ့်ဆရာတွေပါရင် အမြဲတမ်း ပြောတယ်။ သမီး ဒီနေရာမှာ တောက်လျှောက် လုပ်ရင် အိုက်တင်က တန်းသွားတယ်။ အိုက်တင်ကို ဖြတ်ချပြီးမှ ပြန်ခံစားလို့ ပြောတယ်။ အခုနောက်ပိုင်းမှာ ဆရာတွေမပါဘဲ ရိုက်တော့ အဓိကက ဒါရိုက်တာကို သုက အားကိုးတယ်။ ဇွတ်မလုပ်နဲ့၊ အိုက်တင်ကို Break လုပ်ထားဆိုပြီး ခဏခဏ လာပြောခံရတယ်။

**၂၀၁၆ ထဲမှာ ခေါင်းဆောင်နေရာကနေ ဇာတ်ကားကောင်းတွေနဲ့ကြုံပြီး ရိုက်ခဲ့ရတာတွေ ရှိတယ်နော်။ ပန်းခေါင်းတို့လိုမျိုးပေါ့။**

၂၀၁၆ က သုအတွက် ကံကောင်းတဲ့နှစ်လို့ ပြောလို့ရတယ်။ သုအတွက် အနုပညာအရ ကျန်မယ့်၊ မတတ်သေးတဲ့ အိုက်တင်အသစ်၊ မလုပ်ဖူးသေးတဲ့ Character အသစ်တွေကို တကယ်ကို သင်ပေးတဲ့ ဆရာတွေနဲ့ ရိုက်ခွင့်ရ


www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ ၂၀၁၆ မှာ လုပ်ခဲ့ရတာ၊ သင်ခဲ့ရတာတွေကို အားရခဲ့တယ်။ ရုပ်ရှင်ကားကြီးဆို သုံးကားလောက် ရှိတယ်။ ဗီဒီယိုကတော့ များတယ်။ **ပန်းဒေါင်း၊ နေဝင်အိပ်တန်းတက်၊ 3G တို့ပေါ့။ နေဝင်အိပ်တန်းတက်နဲ့ ပန်းဒေါင်း** ဆိုရင်တော့ ခေါင်းဆောင်အနေနဲ့ ထူးထူးခြားခြား လုပ်ခွင့်ရတယ်။ **3G** မှာတော့ မဖွေးက အဓိကပါ။ မဖွေးရယ်၊ မအိချောရယ်၊ သုရယ်။ Character ပိုင်းကတော့ စာရေးဆရာမ Character. အငြိမ်လေးတွေနဲ့ လုပ်ကွက်ရတဲ့ ဆင်း(န်)တွေပါတယ်။ ကိုဝိုင်းရဲ့ ထုံးစံအတိုင်း ကိုဝိုင်းက အရမ်းသင်တော့ ပညာတွေရတယ်။

**ပန်းဒေါင်းက ဝတ္ထုမှာကတည်းက ပရိသတ်သိထားတာဖြစ်တဲ့အတွက် သရုပ်ဆောင်ရိုက်တဲ့အခါ စိတ်ပူပန်တာမျိုး ရှိသေးလား။**

ရှိတယ်။ **ပန်းဒေါင်း** ထဲက ခင်နွယ်စိုး Character. မခင်နှင်းကြည်ရဲ့ Character က အနှမ်းကြီးသော့ သူ့ Biography လို့တောင် ထင်ကြတာ။ အဲဒီတော့တာဝန်အရမ်းကြီးတယ်လို့ခံစားရတယ်။ အန်ကယ်လေး(လှမင်း)က ဒါရိုက်တာလုပ်တာဖြစ်တဲ့အတွက် အန်ကယ်လေးက ဝတ္ထုထဲက ခင်နွယ်စိုး Character ကို Develope ဖြစ်စေချင်တယ်။ မခင်နှင်းကြည်သာနဲ့က နည်းနည်းကွာခြားချက်တွေ ရှိလာတယ်။ ဆရာကလည်း မခင်နှင်းကြည်သာရဲ့ ပရဟိတစိတ်အားထက်သန်တာ၊ ကူညီတာကို Base လုပ်ပြီး Character ကို Develope လုပ်ထားတာ။ ကျန်တာက မတူဘူး။ မခင်နှင်းကြည်သာက အေးအေးဆေးဆေး နေတာ၊ ဝတ္ထုကျတော့ ဖတ်လို့ကောင်းအောင် ဆရာရဲ့က မေတ္တာတွေ ဘာတွေထည့်ရေးထားတာ။ မခင်နှင်းကြည်သာက ပြောတယ်။

အဲဒီဝတ္ထုထွက်လာတော့ မိုးကြီးဆိုတာ ဘယ်သူလဲ၊ သားကြီးဆိုတာ ဘယ်သူလဲဆိုပြီး လူတွေက မေးကြ တယ်တဲ့။ လူတွေက သူ့ရဲ့ Biography လို့ထင်ထားတာကို ရိုက်ရတာဖြစ်တဲ့အတွက် ကြောက်တယ်။ တော်ကြာ မခင်နှင်းကြည်သာနဲ့ မတူဘူး ဆိုတာမျိုးတွေ အပြောခံရမှာကြောက်တာပေါ့။

**အဲဒီလိုမျိုးတွေ ကြောက်နေလျက်နဲ့ ဘာကြောင့် လက်ခံရိုက်ဖြစ်ခဲ့တာလဲ။**

ဝတ္ထုထွက်ကတည်းက






www.burmeseclassic.com

www.burmeseclassic.com

အရမ်းကြိုက်တာ။ ကိုယ်ရိုက်ရမယ်လို့လည်း မမှန်းထားဘူး။ အမှန်အတိုင်းပြောရရင် ကိုယ့်အနေအထားနဲ့ ဒီလိုဇာတ်ကောင်တစ်ခု ခေါင်းဆောင်နေရာက ရိုက်ခွင့်ရမယ်လို့ မမှန်းရဲတာ။ သုလို့ ပြောတဲ့အချိန်မှာ မယုံရဲတာ။ ကိုယ်လိုလူကိုခေါ်တော့ ပျော်ပြီး ချက်ချင်းကို လက်ခံခဲ့တာ။

**သုသုကိုယ်တိုင် မခင်နှင်းကြည်သာနဲ့ အတူတူလိုက်ပြီးလေ့လာခဲ့တာတွေရှိတော့ ဇာတ်ကားရိုက်တဲ့အခါ အထောက်အကူဖြစ်ခဲ့လား။**

အထောက်အကူဖြစ်ခဲ့တယ်။ သူတို့အဖွဲ့ ဘယ်လိုတွေသွားတယ်၊ ဘယ်လိုတွေ လုပ်ခဲ့လဲဆိုတာတွေကို သိခဲ့တယ်။ ဆင်း(န)ပေါ်မှာလည်း ကွက်တိနီးပါး ပြင်ဆင်ခဲ့တယ်။ တစ်ခုရှိတာက မခင်နှင်းကြည်သာတို့ သွားတဲ့ တောင်ပေါ်ရွာလေးက လမ်းလည်း မပေါက်ဘူး။ တောင်ပေါ်ကို ဆိုင်ကယ်နဲ့ တက်ရတာ။ တောင်ကလည်း မတ်မတ်ကြီး၊ ဆိုင်ကယ် ကယ်ရီသမားတွေကလည်း စတန့်သမားလောက်ကို ကျွမ်းကျင်တာ။ လမ်းကလည်း ကျဉ်းတယ်။ သူတို့ သွားတုန်းကလည်း ဆိုင်ကယ်တွေလဲကြတယ်။ အဲဒီလို Location မှာ သွားရိုက်ချင်ပေမဲ့ ဘယ်လိုမှ သွားရိုက်လို့မဖြစ်ဘူး။ စက်အဖွဲ့၊ မီးအဖွဲ့တွေ သွားရတာမလွယ်သလို ဟိုမှာ တည်းခိုဖို့လည်း မလွယ်ဘူး။ တဲထိုးပြီးနေမယ်ဆိုရင်တောင် မီးစက်တို့၊ မီးရဖို့တွေက အဆင်မပြေဘူး။ အဲဒီတော့ အနီးဆုံးတူတဲ့ Location ကို အန်ကယ်လေး တော်တော်လိုက်ရှာထားတာ။ ဟိုကအညာဖြစ်တယ်။ သူတို့ သွားရိုက်တာက ရှမ်းပြည်။ ဒါပေမဲ့ လမ်းခရီးကတော့ လမ်းကျဉ်းတာ၊ ခက်ခဲတာကတော့ အတူတူပဲ။ သူတို့ဆို ဘုရားတ,ပြီး ကားစီးရတယ်။ ထပ်တူနီးပါး မဟုတ်တောင် Location ကို ခက်ခက်ခဲခဲ ရှာပြီး ရိုက်ထားတာ။

**ရုံတင်တာနဲ့ ပိုင်ဖြိုးသုဆိုပြီး ပိုဖြစ်သွားမလား။**

သုသုဆိုတာထက် အဲဒီကားက လူတွေက မခင်နှင်းကြည်သာ ဇာတ်ရုပ်ကို ရိုက်ထားလို့ သုသုဇာတ်ဆိုပြီး ဖြစ် သွားတာ။ တကယ်တော့ Character တစ်ခုရဲ့ ဇာတ်ဆိုတာထက် လူတွေရဲ့ ပရဟိတစိတ်ဆိုတာကို အဓိကဖောင်းပေးထားတာ။ အဲဒီဇာတ်ကားမှာဆိုရင် Camerawork တွေလည်း အရမ်းကောင်းတယ်။ သုသုတစ်ယောက်တည်း အရမ်းကောင်းတာမျိုး မဟုတ်ပါဘူး။ သုတင် မဟုတ်ဘဲ တစ်ဖွဲ့လုံး အပင်ပန်းခံ ရိုက်ထားတာဖြစ်တဲ့အတွက် ပရိသတ်ရဲ့ အသိအမှတ်ပြုမှုတော့ လိုချင်ပါတယ်။


**၂၀၁၇ ထဲမှာ ဗီဒီယိုဇာတ်ကားတွေကို ကိုယ်တိုင်ထုတ်လုပ်ရိုက်ကူးမယ်ဆိုတော့ သုသုကိုယ်တိုင်ကလည်း ရုပ်ရှင်ကားတွေ ရိုက်နေရသူဖြစ်နေလျက်နဲ့ ဘာကြောင့် ထုတ်ပြီး ရိုက်ချင်တာလဲ။**

ဗီဒီယိုထုတ်လုပ်ရေးကို လုပ်ဖြစ်တာက ဗီဒီယိုဇာတ်ကား၊ ဇာတ်လမ်းကောင်းကောင်းတွေကို အိုက်တင်ခက်ခက်ခဲခဲနဲ့ ရိုက်ပြချင်တယ်။ အမှန်တကယ်တော့ ရုပ်ရှင်ကားကြီး ရိုက်ချင်တာ။ ရုပ်ရှင်ကားကြီးက အချိန်အများကြီး စောင့်ရမယ်။ သူတို့ အနေအထားက ဇာတ်ကားကောင်းကောင်းတွေကို ပရိသတ်နဲ့ မြန်မြန်၊ များများ ထိတွေ့တာ၊ ပရိသတ်လက်ထဲ မြန်မြန်ရောက်ပြီး ပရိသတ် အသိအမှတ်ပြုတာကို ခံချင်တယ်။ ဗီဒီယိုရိုက်ရင်း ရှုံးမယ်ဆိုတာ သိတယ်။ ဒါပေမဲ့လည်း ရုပ်ရှင်က အချိန်အကြာကြီး စောင့်နေရမှာဖြစ်တဲ့အတွက် ကိုယ်နိုင်သလောက် ဗီဒီယိုနဲ့ပဲ သွားမယ်လို့ စဉ်းစားလိုက်တာ။

**ဘယ်လိုဇာတ်လမ်းမျိုးတွေနဲ့ ဗီဒီယိုကိုရိုက်ဖို့ စဉ်းစားထားလဲ။**

မျက်မမြင်ပုံစံ၊ အော်တီဇင်ပုံစံ အဲဒီလို Character တွေ ရိုက်ချင်တယ်။ ဒီဘက်မှာလည်း အလုပ်တွေရှိတော့ ဗီဒီယိုကို ဖြည်းဖြည်းချင်းပဲ သွားမှာပါ။ ဒီဘက်က အပြင်ထွက်ရိုက်တဲ့ကားတွေ ရိုက်တာ နည်းနည်းအားရင် ကြားထဲမှာ ရိုက်ချင်တဲ့ကားတွေကို ဇာတ်ညွှန်း ကြိုအပ်ထားပြီး ရိုက်သွားမယ်။

မျက်မမြင်တို့၊ အော်တစ်ဇင်တို့ ပုံစံ ရိုက်ချင်တာက ဆေးကျောင်းတက်တဲ့အချိန်တုန်းက မြင်တွေ့ရ






www.burmeseclassic.com

www.burmeseclassic.com

**တာတွေကို ရိုက်ချင်တာများ ဖြစ်မလား။**

မြန်မာနိုင်ငံ အော်တစ်ဇင်အသင်းကို Short Film တစ်ခု ရိုက်ပေးဖူးတယ်။ အဲဒီမှာ အော်တစ်ဇင်ကလေးတွေကို တွေ့ရတော့ သူတို့အတွက် ရုပ်ရှင်ဇာတ်ကားဖြစ်ဖြစ် ရိုက်မယ်ဆိုတဲ့စိတ်ဖြစ်သွားတယ်။ အော်တစ်ဇင်အတွက် ရိုက်ဖြစ်ရင် ရုပ်ရှင်ကားကြီးဖြစ်ကောင်းဖြစ်သွားနိုင်တယ်။ သူတို့အကြောင်းကို မသိကြသလို တချို့မိဘတွေက သူတို့သားသမီး အော်တစ်ဇင်ဖြစ်တာကိုမသိကြဘူး။ အော်တစ်ဇင်ရဲ့လက္ခဏာတွေကို မသိကြတာရှိသလို တချို့က ရှက်ကြတယ်။ကလေးတွေကိုသေချာပြုစု Train ပေးမယ်ဆိုရင် သာမန်လူတွေလို လူတမ်းစေ့တော့ နေနိုင်ကြတယ်။ သူတို့ကို သင်ပေးလို့ရတာတွေရှိတယ်။ အဲဒီလိုဟာတွေကို Awareness ရှိစေချင်တာ။ အဲဒါကြောင့် ရိုက်ချင်တာ။ မျက်မမြင်တွေအကြောင်း ရိုက်ချင်တာကလည်း သူတို့က အမြင်အာရုံ မရှိတော့ အကြားအာရုံနဲ့ပဲ ဂရုစိုက်လုပ်ဆောင်တာ။ Music တွေ ဘာတွေဆိုလည်း အရမ်းတော်တယ်။ အဲဒီလို Character မျိုး၊ သူတို့ရဲ့ စွမ်းရည်၊ သူတို့မှာ သူများထက်တော်တဲ့ စွမ်းရည်တွေရှိတာကို ဇာတ်ကားတစ်ကားအနေနဲ့ အရမ်းရိုက်ချင်တာ။

**သူသူလုပ်ချင်တဲ့ အနုပညာအလုပ်တွေကို လုပ်ဖို့ ဘဝအတွက် သေချာတဲ့ ဆရာဝန်အလုပ်ကို စွန့်လွှတ်တာ ဘယ်တော့မှ နောင်တမရတော့ဘူးပေါ့။**

သုက နောင်တ သိပ်မရတတ်ဘူး။ ဆုံးဖြတ်ပြီးသွားရင် ဆုံးဖြတ်ပြီးသွားတဲ့အပေါ်မှာ အကောင်းဆုံးလုပ်တယ်။ နောင်တရပြီး မခံစားတတ်ဘူး။ အကယ်၍ ကိုယ့်ဆုံးဖြတ်ချက်မှားသွားရင် ဪမှားသွားတယ်ဆိုပြီး ခဏပဲ။ ပြီးရင် ကိုယ်ရွေးချယ်ပြီးသား၊ ဆုံးဖြတ်ပြီးသားအပေါ်မှာ အကောင်းဆုံးကြိုးစားတယ်။

**အနုပညာနဲ့ပတ်သက်တာပြီးတော့ အချစ်ရေးဘက်လှည့်မယ်နော်။ ချစ်သူရှိနေပြီလို့ ပရိသတ်ကို အသိပေးလိုက်ပြီနော်။**

ဟုတ်ပါတယ်။ ကိုယ့်မှာ ချစ်သူရှိနေလျက်နဲ့ မရှိဘူးလို့ ညာနေတာကိုလည်း သိပ်မကြိုက်ဘူး။ သုက အဲဒီလို လိမ်နေတာကို မနေတတ်ဘူး။ ပရိသတ်ကို အားနာတာရော၊ နောက်တစ်ခုက ကိုယ့်ချစ်သူအပေါ်မှာ Respect မထားတာဖြစ်မှာစိုးလို့။ သူရှိနေလျက်နဲ့ မရှိဘူးလို့ ပြောလိုက်ရင် မကောင်းဘူးဆိုပြီး မဖြစ်ချင်တဲ့အတွက် ဝန်ခံလိုက်တာ။ စစတွဲခါစ မပြောဘူးဆိုတာက အခု Relationship တွေက သိကြတဲ့အတိုင်းပဲ ကိုယ်ကတစ်သက်လုံးစာ ရည်ရွယ်ပေမဲ့လည်း ကံအကြောင်းမလှရင် ပျက်သွားတာတွေရှိတယ်။ အနုပညာရှင်တွေရဲ့ အချစ်ရေးကို ပရိသတ်ကလည်း စိတ်ဝင်စားတော့တော်ကြာ ဒီမင်းသမီးမျက်နှာများတယ်တို့ ဘာတို့ဖြစ်မှာစိုးလို့ အသိမပေးခဲ့တာပါ။ အခုတော့လက်တွဲတာကြာပြီဆိုတော့ အားလုံးကို Respect ပေးတဲ့အနေနဲ့ အသိပေးလိုက်တာပါ။

**ချစ်သူဖြစ်တဲ့ ဒါရိုက်တာ ဇာကြီးကို ဘယ်လိုအချက်တွေနဲ့ ရွေးချယ်ခဲ့တာလဲ။**

ရိုးသားတယ်၊ စိတ်ကောင်းရှိတယ်။ သုအပေါ်မှာ နားလည်ပေးနိုင်သလို သုနဲ့လည်း စိတ်အရမ်းတူတယ်။ အဲဒါကြောင့်ပါ။

**အနုပညာရှင်တစ်ယောက်ဖြစ်တာရောပါမှာပေါ့။**

သုနဲ့သူက အနုပညာအပေါ်ထားတဲ့စိတ်က အရမ်းတူကြတာ။အဲဒါကြောင့်မို့လို့။

**သူ့အချစ်ကို လက်ခံဖို့ ဘယ်လောက်ထိ စဉ်းစားလိုက်ရသေးလဲ။**

သိနေတာတော့ ကြာပြီမရဲ့။ ဒီလိုပါပဲ(ပြောပြီး ရယ်နေပါတယ်)။

**အနုပညာရှင်ဖြစ်တဲ့အတွက် ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တဲ့အခါ ဘယ်လို စိန်ခေါ်မှုမျိုးမဆို ခံနိုင်ရည်ရှိတယ်ဆိုပြီး ရွေးချယ်ခဲ့တာလား။**

အဲဒီလိုတွေလည်း မစဉ်းစားခဲ့မိပါဘူး။ သူ ဖွင့်ပြောပြီးတဲ့အချိန်၊ သူ့ကို လေ့လာတဲ့အချိန်မှာပဲ သုနဲ့သူတူတဲ့အချက်တွေ အရမ်းများတယ်။ သူက စိတ်အရမ်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



စင်တယ်၊ စိတ်ထား အရမ်း ကောင်းတယ်။ မိန်းကလေး အနေနဲ့ ကိုယ်နဲ့တွဲတဲ့ ချစ်သူကို ကိုယ်က Respect ပေးနိုင်သူ ဖြစ်ရမယ်။ သူ့စိတ်ဓာတ်က သု လေးစားလို့ရတဲ့ စိတ်ဓာတ်၊ အဲဒါကြောင့် ရွေးချယ်လိုက်တာပါ။

**သာမန်လူတစ်ယောက်ဆိုရင်ရော။**

သာမန်လူဆိုရင်လည်း အဲဒီလို စိတ်ဓာတ်မျိုးရှိတယ်ဆို ရွေးချယ်မိမှာပဲ။ သုနဲ့ သူနဲ့ အပြန်အလှန်မှာ သူကလည်း သုကို မင်းသမီးလို့ မြင်တဲ့ပုံ မပေါ်ဘူး၊ မမြင်ဘူး။ သုကလည်း သူ့ကို တစ်ခါတလေကျရင် သုထက် အသက်ကြီးတာရော၊ ကျောင်းတွေဘာတွေ သေချာတက်ထားပြီး အနုပညာ ပညာရပ်ကို သေချာ သင်ထားတဲ့ သူ တစ်ယောက်ဖြစ်တော့ ဘယ်လို စာအုပ်တွေ ဖတ်ရမလဲ သိချင်တာ မေးတဲ့အချိန်မှာပဲ ဒါရိုက်တာလို့ မြင်တာ။ ဆရာလို သင်ခိုင်းတဲ့အချိန်ပဲ ဒါရိုက်တာလို့ မြင်တာ။ ကျန်တဲ့အချိန်ကတော့ သာမန်လို့ပဲ။ သူကလည်း မင်းသမီးလို့ကို မမြင်တာ။

**အဲဒီလို မမြင်မှုက အချစ်ရေးမှာ ခွင့်လွှတ်နိုင်မှု၊ နားလည်မှု ပိုများမလား။**

သုကလည်း အဲဒီလိုပဲ မြင်တယ်။ ဘယ်သူက ဘယ်သူမို့လို့ ချစ်တယ်ဆိုတာထက် ချစ်လို့ ချစ်တာပဲ ကောင်းတယ်လို့ ထင်တယ်။

**ပရိသတ်ကို အသိပေးပြီးဆိုတော့လက်ထပ်ဖို့ရော ဘယ်အချိန်လောက်မှန်းထားလဲ။**

လိုပါသေးတယ်။ သုတို့မှာ ချထားတဲ့ Plan တွေရှိတယ်။ သုက အခုအချိန်မှာ အလုပ်က နံပါတ်တစ်ဖြစ်နေတယ်။ သူကလည်း နားလည်ပေးတယ်။ အခုအချိန်မှာ သူ့အတွက်ကလည်း အလုပ်က နံပါတ်တစ်ဖြစ်တယ်။ သုနဲ့သူက အခုအချိန်မှာ အလုပ်ကို ဦးစားပေးရတဲ့အချိန် ဖြစ်နေပါတယ်။

**Relationship ကို မပျက်အောင် တစ်ယောက်နဲ့ တစ်ယောက် ထိန်းကြပေမဲ့ မမြင်တဲ့ ကံကြမ္မာဆိုတာ ရှိ တတ်တယ်လေ။ အဲဒီလိုအချိန်မှာ သုသုဘက်ကို ထိခိုက်မှာစိုးလို့ ကြိုတွေးမိတာ၊ ပြင်ဆင်တာမျိုး ရှိမလား။**

အမှန်အတိုင်း ဝန်ခံရရင် သုလည်း အဲဒါကို ကြောက်တယ်။ အခုအချိန်မှာ စာနယ်ဇင်းကိုရော၊ ပရိသတ်ကိုရော ပြောတာဖြစ်တဲ့အတွက် ကံဆိုတာ ပြောလို့မရဘူး။ ပိုင်ဖြိုးသုဆိုတာက သိပ်ကံကောင်း တဲ့အထဲမှာ မပါဘူး။ မပါတဲ့အတွက် တစ်ချိန်ချိန်မှာ အဲဒီလိုဖြစ်သွားမှာ ကြောက်တယ်။ ကြောက်တယ်ဆိုပေမဲ့ အဓိက,က သုနဲ့ကိုယ်နဲ့ နားလည်မှုပါပဲ။ ကျန်တာကတော့ ကံစီမံရာအတိုင်း ပဲလို့ စိတ်ထဲမှာထားထားတယ်။

ပိုင်ဖြိုးသုက ဇာတ်ကားရိုက်ကူးရေးမှာ မိတ်ကပ် သိပ်မပြင်ရတဲ့ ဇာတ်ကောင်စရိုက်မျိုးတွေအတွက် ဝတ်ဆင်ရမယ့် အဝတ်အစား ဒီဇိုင်းတွေကို ရွေးချယ်ပေးဖို့ ချစ်သူ ဒါရိုက်တာ ဏကြီးဆီကနေ အကြံဉာဏ် တောင်းတတ်တယ်လို့ သိရပါတယ်။ ဓာတ်ပုံရိုက်ကူးရေးအတွက် အချိန်များစွာစောင့်ပြီး သေသေချာချာ ရိုက်ကူးပေးခဲ့သလို အင်တာဗျူးအတွက်လည်း အချိန်ပေးခဲ့တဲ့ ပိုင်ဖြိုးသုကို ကျေးဇူးအထူး တင်ပါတယ်။ မိတ်ကပ်၊ ဆံပင် ပြင်ဆင်ပေးတဲ့ ချစ်ခွန်းချိုကိုလည်း ကျေးဇူးတင်သလို ပုံကောင်းကောင်းလေးတွေရဖို့ ကြိုးစား ရိုက်ကူးပေးတဲ့ ဓာတ်ပုံ ကိုလင်း(Studio- K)ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါရစေ။


■ **ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြုံရာဆုံရာ တစ်မိနစ်တာ



'ကျွန်တော့်ကို အောင်ခေတ်မင်းက တင်ထားတဲ့ ရိုးလ်တစ်ခုရှိနေတာပေါ့နော်။ အဲဒီရိုးလ်ပေါ်မှာ မူတည်ပြီး၊ တခြားထုတ်လုပ်ရေးနဲ့ ကမ်းလှမ်းလာတဲ့ကာရိုက်တာပေါ်မှာ မူတည်ပြီးတော့ အောင်ခေတ်မင်းနဲ့ တိုင်ပင်ပြီးတော့ လုပ်ဖြစ်မယ်ထင်ပါတယ်' ဟု အောင်ခေတ်မင်းနှင့် စာချုပ်မပါ ယုံကြည်မှုနှင့် လက်တွဲ၍ ဇာတ်လမ်းများရိုက်ကူးနေသည့် ကျော်ထက်အောင်က ဆိုသည်။ ယခု ကြယ်ရုပ်ရှင်ကားရိုက် ကူးနေသည့် ကျော်ထက်အောင်နှင့်…။

**တကယ် လက်တွေ့လုပ်ကြည့်ဖြစ်နေရတဲ့ သရုပ်ဆောင်ကို ဘယ်လိုခံစားမိနေပြီလဲ။**

ကျွန်တော် ငယ်ငယ်ကတည်းက ဝါသနာပါတဲ့ သရုပ်ဆောင်ပေါ့နော်။ အမှန်တကယ်တော့ လွယ်မယ်လို့ ထင်ခဲ့တဲ့အရာတစ်ခုပေါ့။ တကယ်တော့ မလွယ်ပါဘူး။ ပြီးတော့ သရုပ်ဆောင်တွေရဲ့ တစ်နေ့တစ်နေ့ ဘယ်လောက် ပင်ပန်းဆင်းရဲဒဏ်ခံရတယ်၊ ကိုယ်မဟုတ်ဘဲနဲ့ သူများဝိညာဉ်ကြီး ဝင်ထားရတဲ့ ဘဝတွေကို ပိုပြီး စာနာနားလည်သွားပါတယ်။ သရုပ်ဆောင်ဆိုတာ ကိုယ့်ခန္ဓာနဲ့ သူများစိတ်ပေါ့။ ပိုပြီးတော့ လေးလည်း လေးစားတယ်၊ နားလည်းလည်တယ်။ ဒီအလုပ်က တော်ရုံတန်ရုံစိတ်နဲ့ မရဘူးဆိုတာကို သိသွားပါတယ်။

**အခုက အောင်ခေတ်မင်းနဲ့ စာချုပ်စာတမ်းမပါ ယုံကြည်မှုနဲ့ လက်တွဲရတဲ့**




www.burmeseclassic.com

www.burmeseclassic.com

# ထမင်းမစား၊ ဟင်းမစား ရေမသောက်ဘဲ သရုပ်ဆောင်ခဲ့တယ်

**မန်းသူ**



**အခါ ကိုယ့်ဘက်က ဘယ်လောက်အထိ ပါဝင်ပတ်သက်ခွင့်ရှိလဲ။**

များသောအားဖြင့်တော့ ကာရိုက်တာကို အောင်ခေတ်မင်းက ရွေးပြတယ်။ မင်းလုပ်နိုင်မလားလို့ မေးတယ်။ ကျွန်တော်က လုပ်နိုင်တယ်ဆိုမှ သူတို့ ရှေ့ဆက်တယ်။ ညှိညှိနှိုင်းနှိုင်းတော့ သူတို့လုပ်ပေးပါတယ်။ များသောအားဖြင့် သူတို့က ကျွန်တော့်အတွက် စဉ်းစားပြီး ဇာတ်ရှာကြတယ်။ ကျွန်တော်နဲ့ ကျွန်တော့် အပြောအဆို၊ အမူအကျင့်နဲ့ ဘယ်ကာရိုက်တာလိုက်မလဲဆိုတာနဲ့ပဲ သူတို့ ရှာကြပါတယ်။

**သူတို့က ကိုယ်နဲ့လိုက်ဖက်လို့ဆိုလို့ လုပ်လိုက်ရပေမဲ့ ကိုယ်ကိုယ်တိုင် နှစ်ခြိုက်မှုရာခိုင်နှုန်းက ဘယ်လိုရှိလဲ။**

ပထမ **သူငယ်** ကတော့ အရမ်းကိုလွယ်တယ်။ အပြင်က ကာရိုက်တာလေးကို နည်းနည်းပြောင်းလိုက်ရုံပဲပေါ့နော်။ ပျော့ပျော့ရမ်းရမ်းနဲ့ အသွက်ကာရိုက်တာလေးဖြစ်တယ်ပေါ့။ အခု ထပ်ရိုက်တဲ့ **ကြယ်**ဇာတ်ကားမှာတော့ ကာရိုက်တာကအများကြီးပဲဗျ။ ဇာတ်ကောင်စရိုက်က ၈ မျိုးလောက်ပါတယ်။ လူမမာလည်း ဖြစ်ရမယ်၊ စေတနာ သဒ္ဓါတရားထက်သန်သူလည်းဖြစ်ရမယ်။ သူများရိုက်တာလည်းခံရ၊ ဆေးရုံလည်းရောက်ရ၊ ရည်းစားနဲ့လည်းကွဲရ။ အဲလိုအပိုင်းတွေ အများကြီးပါတဲ့အတွက်ကြောင့် ကိုအောင်ဇော်လင်းကလည်း မရရင်လုံးဝ မလွှတ်ဘူး။

တစ်ခါတလေကျ ပေါက်ကွဲထွက်ချင်လောက်တဲ့အထိကို စိတ်က ဖြစ်ရတယ်။ ဒါဟာ ကျွန်တော် နားမလည်သေးတာလည်း ပါတာပေါ့။ တဖြည်းဖြည်းနဲ့ ရိုက်ကူးရက်လည်း များလာတော့ နားလည်လာတဲ့အခါကျမှ ဖြစ်သင့်တဲ့တစ်ခုပေါ့။ ဒါရိုက်တာဆိုတာ နောက်မှ မြင်မှာပေါ့နော်။ သူပြောတဲ့ စကားတစ်ခုက ကျော်ထက်အောင်ဆိုတာ ဒါပဲလားဆိုတဲ့ စကားကို သူက ကျွန်တော့်နားထဲ ရိုက်သွင်းပေးထားတယ်။ အဲဒီအပြော မင်း ခံချင်လားလို့ သူပြောတော့ အဲဒီအချိန်မှာ ကျွန်တော် Shock အရမ်းရသွားတယ်။ ဟုတ်တယ်။ ကျွန်တော်က ဒါပဲ မဟုတ်ဘူး။ ဒီထက်မက ရနိုင်တယ် ဆိုတာကို ထုတ်ပြတယ်။ အစွမ်းကုန် လုပ်ပြထားတယ်ပေါ့။

**ဒါဆို ဒီကြယ် ဇာတ်ကားမှာ သရုပ်ဆောင်မှုရဲ့ Stress ဆိုတာကို တွေ့ရှိ၊ ရရှိလိုက်ရတယ်ပေါ့။**

ဟုတ်တယ် အစ်မ။ သရုပ်ဆောင်တစ်ယောက်ရဲ့ ဘယ်လောက်အတိုင်းအတာအထိ ခက်ခဲ၊ နက်နဲတယ်ဆိုတာကို ဒီကားမှာ ပိုသိရတယ်။ သရုပ်ဆောင်ပညာဆိုတာ အပြင်မှာ စကားပြောသလိုပြောပြီး၊ ပြီးရောမဟုတ်ဘူး။ ပြန်ချိုးရ၊ Cut ခံရ၊ သူများ စကား နင်းရဆိုတာကို ဒီဇာတ်ကားမှာ အကုန်သိခဲ့ရပါတယ်။

ကျော်ထက်အောင်က ပရိသတ်ကြီးအနေနှင့် မိမိကို ဝါရင့်သရုပ်ဆောင်မဟုတ်သည့်အတွက် နားလည်ကြည့်ရှုပေးစေချင်ကြောင်း၊ မိမိအနေနှင့် အဲဒီအချိန်က အားမရခဲ့ဘူးဆိုတာမျိုး မဖြစ်ရလေအောင် အမြဲတမ်း ရိုက်သည့်အချိန်တိုင်း အားရပါးရ ထမင်းမစား၊ ဟင်းမစား၊ ရေမသောက်ဘဲ သရုပ်ဆောင်ခဲ့ပါကြောင်း၊ အဆုံးအဖြတ်မှာ ပရိသတ်ကြီးပင်ဖြစ်ကြောင်း လည်းပြောပြခဲ့သည်။ ကျော်ထက်အောင်၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကား **သူငယ်** ကို ယခု နှစ်လယ်ပိုင်း Plan B ရုံတွင်တင်မည်ဖြစ်သည်ဟု သိရသည်။

■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြိုကြားဆုံရာ တစ်မိနစ်တာ




Examplez အဖွဲ့က အသားညိုညို၊ အရပ်မြင့်မြင့်နှင့် ကောင်လေးတစ်ယောက်ကို ထိုခေတ်က ဆယ်ကျော်သက်တွေ အကြိုက်တွေ့ခဲ့ကြဖူးသည်။ Examplez က အဖွဲ့လိုက် အောင်မြင်ခဲ့သလို တစ်ယောက်ချင်းစီ ပရိသတ်ရှိခဲ့သူထဲတွင် ထိုကောင်လေး ပါဝင်သည်။ သူက သက်အောင်။ ထိုကောင်လေးက ထိုအဖွဲ့မှ ထွက်ခွာ၍ ပညာရေးဘက် အလေးသာခဲ့သူ။ ယခု သူက Examplez အဖွဲ့နှင့် လူစုံ၊ တက်စုံလက်တွဲ၍ အမှတ်တရ Back To Millennium Show တွင်ပါဝင်ဖျော်ဖြေမည် ဆိုသည့်အခါ . . .။

**Examplez က အောင်မြင်ခဲ့တဲ့ ဂီတအဖွဲ့ဖြစ်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဘာကြောင့် အဲဒီလိုဆုံးဖြတ်ပြီး ဂီတကို ကျောခိုင်းခဲ့တာလဲ။**

အဓိက,ကတော့ ဂီတကို ကျောခိုင်းခဲ့တာတော့ မဟုတ်ဘူးပေါ့နော်။ ဘယ်လိုပြောရမလဲ။ အဲဒီတုန်းက ၂၀၀၆-၂၀၀၇ ပေါ့နော်။ အိမ်ကလည်း ကျွန်တော့်ကို ပြောတယ်ပေါ့နော်။ ဒီဟာပဲလုပ်နေတယ်၊ စာလေးဘာလေး လုပ်သင့်တယ်၊ ဘဝ အာမခံချက်ရှိအောင်လို့ပေါ့။ နင်က ရုပ်ရှင်လည်းရိုက်တာ မဟုတ်ဘူး၊ ဒီဟာတစ်ခုပဲလုပ်တယ်၊ ပျော်နေတယ်ဆိုတော့ပေါ့။ ဖြိုးမောင် ကျောင်းသွားတက်တုန်းကလည်း ၃ ယောက်တည်း ဆိုနေတာပဲလေ၊ ကျွန်တော် ကျောင်းသွားတက်လှည့်ပေါ့။ ဖြိုးမောင် ပြန်ရောက်ပြီဆိုတော့ ၃ ယောက် ဆက်လုပ်၊ ငါကတော့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

# ၁၀ နှစ်လောက်
## ပြန်ငယ်သွားတဲ့ခံစားမှုနဲ့
# တစ်ကိုယ်တည်းသက်အောင်

**မနိုးသူ**



သွားတက်မယ်။ ဟိုမှာ အလုပ်လုပ်မယ်ဆိုပြီး ထွက်ဖြစ်ခဲ့တာ။ ကျွန်တော်တစ်ခေါက် ပြန်လာတုန်းကတော့ ကိုစောခူဆဲအခွေမှာလား မသိဘူး၊ တစ်ခေါက်ဝင်ဆိုဖြစ်လိုက်ပါသေးတယ်။

**လူငယ်ဆို တာက အောင်မြင်မှုကို အနည်းနဲ့ အများတော့ လိုချင်ပြီး နှစ်သက်ကြတာပဲလေ။ အဲဒီအချိန် Examplez ကို ဘယ်လို ခံစားမှုနဲ့ ကျောနိုင်းရတာလဲ။**

အဲဒီတုန်းကတော့ တကယ်ကို ကျွန်တော့်ရဲ့ ပညာအရည်အချင်းအနေနဲ့ ဘာမှ မရှိဘူးလေ။ ၁၀ တန်း အောင်ထားတာပဲ ရှိတယ်။ စင်ကာပူမှာကလည်း အစ်မက ရှိနေတော့ အစ်မကိုယ်တိုင်က ကျောင်းလာတက်စေချင်ခဲ့တယ်။ မိဘတွေကလည်း ဘဝ ဝမ်းစာအတွက် ခိုင်မာတဲ့ ပညာရေး အာမခံချက် ရှိစေချင်တယ်။ သီချင်းဆိုတယ်ဆိုတာက ဘယ်လောက်ထိ အချိန်ကြာရှိမှန်း မသိဘူးပေါ့။ ပြီးတော့ အဲဒီအချိန်က ထွန်းထွန်းက ရိုက်ကူးရေး စ,နေပြီ။ တစ်ခါတလေ သီချင်းမဆိုဖြစ်တဲ့ အချိန်တွေ သူ့မှာရှိလာတယ်။ ဒီတော့ ဘာလုပ်မှာလဲပေါ့။ သီချင်းဆိုမယ်ဆိုရင်လည်း တစ်ယောက်တည်း ဖြစ်မြောက်အောင် လုပ်ပေါ့။ ကျွန်တော် စင်ကာပူမသွားခင်ကလည်း ကျွန်တော့် တစ်ကိုယ်တော် အခွေ လုပ်သေးတယ်။ အဲဒီမှာ စင်ကာပူ တမားဆက်ဟော်လီ ကျောင်းဝင်ခွင့်ဖြေတာ အောင်သွားတော့ ဆိုင်း

မဆင့် ဗုံမဆင့်ကို ရောက်သွားရတော့တာပါ။

**အခု ကိုယ့်အဖွဲ့နဲ့ လူစုံတက်စုံ ပရိသတ်နဲ့ တွေ့ရဖို့ဆိုတော့ Feeling က…။**

Feeling ကတော့ လွန်ခဲ့တဲ့ ၁၀ နှစ် ပြန်ရောက်သလို၊ အသက် ၁၀ နှစ်လောက် ငယ်သွားသလိုပေါ့ဗျာ။ ကျွန်တော့်လိုပဲ အားလုံး ခံစားကြရမယ်ထင်ပါတယ်။ ပရိသတ်တောင် မပြောသေးဘူး။ အခုလို ကိုယ့်ညီအစ်ကိုတွေ တစ်စုတစ်စည်းတည်း ပြန်တွေ့ဖို့ဆိုတာ အရမ်းခဲယဉ်းပါတယ်။ ပရိသတ်တွေကလည်း သတိရနေကြမယ်၊ ကြည့်ချင်ကြမယ် ထင်ပါတယ်။ ကျွန်တော်တို့ စိတ်

အရမ်းလှုပ်ရှားပါတယ်။ ရင်ခုန်ပါတယ်။ စာသား မရတာတော့ တစ်ပိုင်းပေါ့လေ(ရယ်လျက်)။ အခု စာကျက်သလို သီချင်းတွေ ပြန်ကျက်နေပါတယ်။ အရင်ကတော့ စင်ပေါ်တက်ရင် စာသားတွေက အကုန်ရပြီးသား။ အခုတော့ ဂီတနဲ့ ကင်းကွာနေတာ ၈ နှစ်နီးပါးဆိုတော့ ဒီလိုမျိုး ပွဲလေး စီစဉ်ပေးတဲ့ Nine Planet ကို ရော၊ ရွှေစင် Entertainment ကို ရော အထူးကျေးဇူးတင်ပါတယ်။

**ပညာရေး၊ စီးပွားရေးအတွက် လုပ်နေချိန်မှာ ဂီတနဲ့ ပတ်သက်ပြီး ဘာမှ မလုပ်ဖြစ်ဘူးပေါ့။**

ဟုတ်ကဲ့။ ဘာမှကို မလုပ်ဖြစ်တာပါ။ အခု ညည်းညည်းတွားတွား လုပ်ဖြစ်တာဆိုလို့ 'ရွှေထူး' သီချင်းတို့၊ Four နားထောင်ဖြစ်တယ်။ အသစ်ဆိုရင်ပေါ့။ ကိုယ့်သီချင်းတော့ နားမထောင်ဖြစ်ဘူး။ အခုပွဲမှာ ဆိုရမယ်ဆိုမှ ကာရာအိုကေ ပြန်ဆိုနေရတာပေါ့။

**အခုပွဲအတွက် သီချင်းတွေ ဘယ်လိုရွေးဖြစ်တာလဲ။**

အဲဒါကတော့ ဒီလိုပဲ သတ်ကြ၊ ဖြတ်ကြ၊ ငြင်းခုံကြပေါ့နော်(ရယ်လျက်)။ ဒေါင်ဒေါင်မြည် ကျွန်တော်တို့ အောင်မြင်ခဲ့တဲ့ *မငိုပါနဲ့ကလေးရယ်၊ ကာရံမဲ့သောရင်ခုန်သံ* တို့၊ *တမ်းတမ်းတတ* တို့ကတော့ ငြင်းပယ်လို့ မရတဲ့ သီချင်းတွေပေါ့။

**အခုလို အမှတ်တရပွဲလေးဆိုရတော့ ဂီတပိုင်းလေး ပြန်ပေါ်လာပြီး ပြန်လုပ်ချင်စိတ်တွေ မပေါ်လာဘူးလား။**

အဲဒီလိုတော့ မဟုတ်ပါဘူး။ အခုက အမှတ်တရပွဲဆိုတော့ လုပ်ဖြစ်တာပါ။ စီစဉ်သူ ဂိုဏ်းချုပ်ကိုတောင် ပြောထားသေးတယ်။ ဒီပွဲလေးကို အမှတ်တရ၊ မှတ်တမ်းရိုက်ထားတဲ့ ဗီဒီယိုရှိရင် လိုချင်ပါတယ်လို့၊ ပြန်ဖြစ်ဖို့ မဟုတ်ပါဘူးလို့၊ သိမ်းထားဖို့ပါလို့၊ အိမ်ထောင်ကျလို့ ကလေးတွေ ဘာတွေ ရလာတယ်ဆိုလည်း ကျွန်တော့်ကလေးကို ပြန်ပြလို့ရတာပေါ့။

**အစီအစဉ်တွေ ရှိတယ်ပေါ့လေ။**

➨ ယူဖြစ်ဖို့တော့ အစီအစဉ် ရှိတယ်။ ဒါပေမဲ့ ဘယ်တော့မှန်း မသိသေးဘူး။

■ မနိုးသူ



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြုံရာဆုံရာ တစ်မိနစ်တာ



အမျိုးသမီး တေးသံရှင် ၁၁ ဦးနှင့် တွဲဖက်၍ သီဆိုထားသည့် စုံတွဲတေးအယ်လ်ဘမ်ကို တေးသံရှင် ဖြိုးပြည့်စုံက ဖေဖော်ဝါရီလ ၁၄ ရက် (ချစ်သူများနေ့)အမီ ပရိသတ်ဆီ အရောက် ဖြန့်ချိပေးခဲ့သည်။ ဖြန့်ချိသည့်နေ့က ပရိသတ်များ ရှေ့မှောက်တွင် အခွေထဲ၌ ပါဝင်သီဆိုထားသည့် အမျိုးသမီးတေးသံရှင်များနှင့် တွဲဖက်၍ သီချင်းများနှင့် ဖျော်ဖြေတင်ဆက်ပေးခဲ့သည်။ *အချစ်များစွာနှင့်* တေးစီးရီးအကြောင်း ဖြိုးပြည့်စုံက ပြောပြရာတွင်...။

**ချစ်သူများနေ့အမီ လုပ်လိုက်တာလား။**

အမှန်တကယ်တော့ စုံတွဲတေးစီးရီးဆိုတော့ အဲဒါလည်း ပါတာပေါ့နော်။ ဒါပေမဲ့လည်း တကယ်ကျတော့ အချစ်သီချင်းတွေချည်းပဲလည်း မဟုတ်ဘူး။ အလွမ်းအဆွေးတွေလည်းပါတယ်။ အမျိုးသမီး တေးသံရှင် ၁၁ ဦးနဲ့ သီချင်း ၁၂ ပုဒ်ပါမယ်။

**ဒီ Idea က ဖြိုးပြည့်စုံ Idea လား။**

အမိက,ကတော့ M United Entertainment က ဦးစိုးအောင်၊ မသီတာတို့ လုပ်တာပါ။ ပြီးတော့ M United နဲ့ ကျွန်တော်က ဒုတိယမြောက် လက်တွဲတာပါ။ ပထမအခေါက်တုန်းကကျတော့ *တစ်ချိန်တုန်းက တက္ကသိုလ်* ထွက်ခဲ့ဖူးတယ်။ အဲဒီထဲမှာ ကျွန်တော်က *တို့သတိရနေမှာပါ* ဆိုတဲ့ သီချင်းရယ်၊ *တစ်ချိန်တုန်းတက္ကသိုလ်* သီချင်းရယ် နှစ်ပုဒ်ဆိုခွင့်ရတယ်။ အဲဒီကတည်းက




www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်အတွက် ဖြိုးပြည့်စုံပေးချင်တဲ့ အချစ်များစွာနှင့် လက်ဆောင်

**မနိုးသူ**



အစ်မတို့နဲ့ အလုပ်အတူတူ လုပ်ကြမယ်ဆိုပြီး Idea ရတာနဲ့ ဒုတိယမြောက် လက်တွဲမှု အနေနဲ့ ဒီစုံတွဲတေးတွေ လုပ်ဖြစ်တာပါ။ တေးသီချင်းရွေးချယ်မှုမှာရော၊ အဆိုတော်ရွေးချယ်မှုမှာရော ဒီ M United က အဓိက ရွေးချယ်တယ်။ ကျွန်တော်ကတော့ ဘေးကနေ ဆုံးဖြတ်ချက်ပေးတာရယ်၊ ဝင်အကြံပေးတာရယ် ဒီလောက်ပါပဲ။

**စုံတွဲတေးဆိုရာမှာ ကိုယ့်အတွက် ခက်ခဲစေခဲ့တဲ့ အရာက…။**

အဓိက Key ချိန်ရတာပေါ့။ အမျိုးသားတေးသံရှင်၊ အမျိုးသမီးတေးသံရှင် တစ်ယောက်ချင်းစီမှာ မတူတဲ့ Key တွေရှိတယ်။ သီချင်းတစ်ပုဒ် သာယာနာပျော်ဖွယ်ကောင်းဖို့အတွက် နှစ်ယောက်စလုံးကလည်း အကောင်းဆုံးတွေ ဆိုပြနိုင်မယ့် Key ပေါ့။ ဒါကလည်း ပညာရှင်တွေနဲ့ တိုင်ပင်တယ်။ ပြီးတော့ ဆိုပေးတဲ့ထဲမှာလည်း သမ္ဘာတွေ၊ ဝါတွေရှိတဲ့သူတွေပါတယ်ဆိုတော့ သူတို့တွေရဲ့ အကြံပြုမှုနဲ့ အကောင်းဆုံးဖြစ်အောင် ဖန်တီးတယ်။ အခက်အခဲတော့ ကြီးကြီးမားမား မရှိခဲ့ပါဘူး။ အခွေပြင်ဆင်ချိန်ကလည်း ၄,၅လပဲ ရတာကိုး။ အချိန်ပိုင်းလေးအတွင်း အကောင်းဆုံးဖြစ်အောင် ကြိုးစားဖန်တီးခဲ့ပါတယ်။

**ဒီအထဲမှာ ပရိသတ်နဲ့ တစ်ထပ်တည်းကျမယ့် သီချင်းလေးတွေ မှန်းကြည့်ပါလား။**

သီချင်းအဟောင်းတွေလည်း ပြန်ပါတယ်။ အသစ်တွေလည်းပါတယ်။ ကိုယ်ပိုင်တွေ၊ ကော်ပီတွေပါတယ်။ ပြီးတော့ အဟောင်းဆို ၇ ပုဒ်လောက်ပါမယ်။ အဲဒီမှာ ပရိသတ် နားရည်ဝနေတာ ၄ ပုဒ်လောက်ပဲရှိမယ်။ ၃ ပုဒ်လောက်က ကျွန်တော်ကိုယ်တိုင်တောင် သိပ်မသိဘဲနဲ့ အဟောင်းဖြစ်နေတာလည်းပါတယ်။ ခင်စုစုနိုင်နဲ့ ဆိုထားတဲ့ *နေ့ရယ် ညရယ်*၊ Jewel နဲ့ဆိုထားတဲ့ *တစ်ယောက်တည်းငိုမယ်* ဆိုတဲ့ သီချင်းလေးတွေဆိုရင် ကျွန်တော်က အလွမ်းအဆွေး ပိုအားသန်တော့ ဆိုရတာ ကိုယ်နဲ့ mood ကိုက်တယ်လို့ ထင်ပါတယ်။ အသစ်အနေနဲ့ဆိုရင်လည်း ကျွန်တော်နဲ့ အမွန်းဆိုထားတဲ့ ၃ နဲ့ ၄ က ဆန်းသစ်တယ်။ ပြီးတော့ အိမ့်ချစ်ရေးပြီး ဆိုထားတဲ့ *ကပ်ပါးချစ်သူ* သီချင်းလေးတွေက လမိုင်းကပ်ပါတယ်။ အပုဒ်တိုင်းကိုတော့ Idea တစ်မျိုးစီနဲ့ အကောင်းဆုံးဖြစ်အောင်၊ ကျွန်တော်အကြိုက်ဆုံးဖြစ်အောင် ဖန်တီးထားတာပါ။

**စုံတွဲတေးတွေက Show တွေကျရင် နှစ်ယောက်တွဲဆိုဖို့က ခက်တယ်လေ။ အဲဒါရော ထည့်စဉ်းစားထားလား။**

ဟုတ်ကဲ့။ အဲဒီအတွက်ကြောင့် ဒီသီချင်းတွေကို တစ်ယောက်တည်း ဆိုလို့ရတဲ့ ပုံစံမျိုးဖြစ်အောင်လည်း ကြိုးစားပြင်ထားမယ်။

ဖြိုးပြည့်စုံက ပရိသတ်ကြီးအနေနှင့် ဖေဖော်ဝါရီလ ၁၄ ရက်ကို ကြိုဆိုရင်း ယခုအခွေလေးလည်း မိမိက ပရိသတ်ကိုပေးသည့် လက်ဆောင်လည်း ဖြစ်ချင်ဖြစ်နေမည်ဖြစ်ကြောင်း၊ ပရိသတ်ကြီးကလည်း မျှဝေခံစားရင်း ဝေဖန်အကြံပေးကြစေလိုကြောင်း၊ ပရိသတ်၏ ချစ်ခင်မှုကို ဒုတိယမြောက် မှတ်တိုင်အနေနှင့် ပြန်လိုချင်သည်ဟုလည်း ပြောပြခဲ့သည်။ ■ မနိုးသူ



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြုံရာဆုံရာ တစ်မိနစ်တာ



တင်ဇာမော်က ၂၀၁၇ ခုနှစ် မွေးနေ့အတွက် ထူးထူးခြားခြားအနေနှင့် 7th ဟု အမည်ပေးထားသည့် ခုနှစ်ခွေမြောက် တစ်ကိုယ်တော်တေးစီးရီးကို သူမ၏ မွေးနေ့ရက်ဖြစ်သည့် ဖေဖော်ဝါရီ ၇ ရက်တွင် ဖြန့်ချိလိုက်ပြီဖြစ်သည်။ မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း အခွေလာရောက်ဝယ်ယူသည့် တေးချစ်သူများကို အမှတ်တရလက်မှတ်ရေးထိုးကာ တစ်နေ့လုံး ပရိသတ်နှင့် အတူရှိနေခဲ့သည်။ နေ့လယ်ပိုင်းတွင် ပရိသတ်နှင့် အတူတူပင် Happy Birthday Cakeကို ပျော်ရွှင်စွာ လှီးဖြတ်ခဲ့ကြသည်။

**အခွေနာမည်လေးပေးထားတာ ထူးခြားတယ်နော်။**

တစ်ကိုယ်တော်ခွေအနေနဲ့လည်း ခုနစ်ခွေမြောက်ဖြစ်တယ်။ ပြီးတော့ မွေးနေ့ ၇ ရက်နေ့မှာလည်း ထွက်မယ်ဆိုတော့ အမှတ်တရဖြစ်အောင် မွေးနေ့ ဖေဖော်ဝါရီ ၇ ရက်နေ့မှာ ဖြန့်မယ်ဆိုတဲ့သဘောပါ။ သီချင်းက ၁၀ ပုဒ်ပါပြီး တေးရေးက ၇ ယောက်ပါ‌ပါတယ်။

**ဒီနှစ် မွေးနေ့မှာလည်း ပရိသတ်နဲ့အတူရှိနေခဲ့တယ်။ မနှစ်ကလည်း ပုံစံတစ်မျိုးနဲ့ ဖြတ်သန်းခဲ့တယ်။ အဲဒီအပေါ်မှာ မတင်ဇာမော် ဘယ်လိုခံစားမိလဲ။**

မနှစ်က မွေးနေ့ခံစားချက်ကတော့ တော်တော်ကို ကြီးကြီးမားမားပါပဲ။ ပထမဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲဖြစ်တဲ့အတွက် စိတ်မှာ

www.burmeseclassic.com

# ပရိသတ်ချစ်ခြင်းကြောင့် အခွေထုတ်ရကျိုးနပ်တယ် ဆိုတဲ့ တင်ဇာမော်

**မနှင်းသူ**



အရမ်းလှုပ်ရှားရပါတယ်။ တာဝန်လည်း အရမ်းကြီး သလို ကိုယ်က သီချင်း အရမ်းဆိုချင်တဲ့အတွက် ရင်ထဲမှာ ခံစားချက်တွေကလည်း အရမ်းကို ကိန်းအောင်းနေတဲ့အခါကျတော့ ကိုယ့်ရဲ့ မွေးနေ့မတိုင်ခင် တစ်ရက်မှာ ပွဲလုပ်ခဲ့တာဆိုတော့ ကိုယ့်ရဲ့ မွေးနေ့ရက်ပါပဲလေနော်။ လာတဲ့ ပရိသတ်ကလည်း မွေးနေ့အမှတ်တရ လာအားပေးကြတာလည်း ပါတယ်။ မတွေ့တာကြာလို့ လာနားထောင်ကြတာလည်းပါတယ်။ ပုဂ္ဂိုလ်ရေးအရ ခင်လို့လာကြတာလည်း ရှိတယ်။ ဒီလိုအဖြစ်မျိုးက ကြုံတောင့်ကြုံခဲ ရှားရှားပါးပါးဆိုတော့ အဲဒီနေ့မှာ ရတဲ့ ပီတိကဘယ်အရာနဲ့မှ နှိုင်းလို့မတတ်ဘူး။ ဒီနှစ်ကျတော့လည်း မွေးနေ့မှာပဲ အခွေလေးကို ဖြန့်ချင်တာနဲ့ ဖြန့်ဖြစ်တယ်။ အဲဒီမှာလည်း ပရိသတ်က ထင်မထားပါဘူး။ အများကြီးလည်း မကြော်ငြာလိုက်ဘူး။ Facebook မှာလည်း တင်တယ် ဒီလောက်ပဲ။ ဒါပေမဲ့ အခု ချစ်ခြင်းမေတ္တာနဲ့ အားပေးကြတဲ့ ပရိသတ်တွေကို တွေ့ရတာ အရမ်းပျော်ပါတယ်။ ပီတိလည်း အရမ်းဖြစ်တယ်။ ဒီအခွေကို ထုတ်ရကျိုးနပ်တယ်လို့ စိတ်ထဲမှာ ထင်မိပါတယ်။

**မွေးနေ့ဆိုတာကို ရောမတင်ဇာမော် ဘယ်လိုသတ်မှတ်လဲ။**

မွေးနေ့ဆိုတာကတော့ သတ်မှတ်ချက်ပေါ့နော်။ အမိဝမ်းက ကျွတ်တယ်။ တဖြည်းဖြည်း အသက်တွေကြီးလာကြတယ်။ ငယ်ငယ်တုန်းကတော့ မွေးနေ့ဆိုရင် ပျော်တယ်။ ဘာမှ သိပ်နားမလည်ဘူး။ အခု အသက်ကြီးလာတဲ့ အချိန်မှာတော့ မွေးနေ့ဆိုတာ သေဖို့ ခြေတစ်လှမ်း လှမ်းလာတယ်လို့ မြင်ပါတယ်။ ကိုယ့်ကိုယ်ကို သတိပေးသလို ခံစားရပါတယ်။

**မမေ့မလျော့နေဖို့ပေါ့။ မွေးနေ့တိုင်းရော အမှတ်တရအခွေလုပ်ချင်စိတ် ပေါက်သွားပြီလား။**

အဲလိုတော့လည်း ဆုံးဖြတ်ချက် မချနိုင်သေးပါဘူး။ အကျိုးအကြောင်းတိုက်ဆိုင်လို့ အခွင့်အရေးလည်း ပေးမယ်ဆိုရင်ဖြစ်မှာပေါ့နော်။

'ကျွန်မ တကယ်ကြိုက်ပြီးတော့၊ တကယ်ခံစားပြီးတော့ သီဆိုထားတဲ့သီချင်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်ကြီးကလည်း ဒီသီချင်းတွေအပေါ်မှာ ခံစားနားဆင်ပြီး ကြိုက်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်'ဟုလည်း တင်ဇာမော်က ဆိုပါသည်။ တင်ဇာမော်၏ ခုနစ်ခွေမြောက် တစ်ကိုယ်တော်တေးစီးရီး 7[th] တွင် တေးရေးဆရာလည်း ၇ ဦး ပါဝင်ပြီး *ညှော်သည် နှင့် ကိုယ့်မွေးနေ့* သီချင်းဟောင်း ၂ ပုဒ် အမှတ်တရ ပြန်ထည့်ထားသည်ဟုသိရသည်။

■ မနှင်းသူ



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြိုးကြာခိုက် တစ်မိနစ်တာ



'၂၀၁၆ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်ကို ကူးသွားတာဆိုလို့ Jenny ရဲ့ Single အခွေလေးတော့ ရှိပါတယ်။ ဒီ Single အခွေလေးကို ပထမက ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂ ရက် Jenny မွေးနေ့မှာ ထွက် ဖို့ စဉ်းစားထားတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် Mixing နဲ့ Cover နဲ့ ဒီဇိုင်းနဲ့ ဟိုကူးဒီကူးနဲ့ အခု ၂၀၁၇ ခုနှစ်တော့ ရောက်လာပြီ။ အဲဒီမှာလည်း ဇန်နဝါရီလမှာ ထွက်ချင်တယ်ဆိုပေမဲ့ မထူးတော့ပါဘူးဆိုပြီး ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့) အဖေ့မွေးနေ့ကျမှပဲ မှတ်မှတ်ရရ ထွက်လိုက်တော့မယ်ပေါ့'ဟု Jenny က Single အခွေအကြောင်း ပြောပြခဲ့သည်။ Happy Birthday ဟု အမည်ပေးထားသည်ဟုလည်း သိရသည်။

**Jenny ရဲ့ *Happy Birthday* အကြောင်း ပရိသတ်ကို အမြည်းလေးပေးပါဦး။**

အခွေထဲမှာက အရင်သမီးဆိုနေကျပုံစံလေးတွေလည်းပါတယ်။ ပြီးတော့ တစ်ခါမှ မဆိုဖူးသေးတဲ့ ပုံစံလေးတွေကိုလည်း မိတ်ဆက်ထားတယ်။ အထိအတွေ့အသစ်တွေ ပေးထားပါတယ်။ ပြီးတော့ အရင်အခွေတွေထဲက ပရိသတ်အားပေးထားတဲ့ ကလို့ရမယ့် သီချင်းတွေပါမယ်။

**သီချင်းတွေက ညီမစိတ်ကြိုက် အပ်ထားတာလား၊ လိုက်တာလေးတွေ ရွေးထားတာလား။**

တချို့ဟာတွေကတော့



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းပွင့်ရှိစေချင်တဲ့ Jenny ရဲ့ Happy Birthday

**မန်းသူ**



သမီးကိုတည်ပြီး ရေးပေးထားတာရှိတယ်။ တချို့သီချင်းကတော့ သမီး ဟိုးကတည်းက ကြိုက်လွန်းလို့ ယူထားပြီး အခုမှ Music ပုံစံအသစ်နဲ့ ပုံဖော်ထားတာပေါ့နော်။

**မွေးနေ့ကို လူတိုင်းက ပုံစံမျိုးစုံနဲ့ဖြတ်သန်းကြတယ်။ ဒီနာမည်ကို စီးရီး Title ပေးဖြစ်တာက…။**

ပထမတုန်းက တခြားနာမည်လေးပေးထားတာပါ။ ဒါပေမဲ့ သီချင်းတွေ စုတယ်။ သေချာလုပ်ပြီးတဲ့ အခါကျတော့၊ ဒီသီချင်းတွေပဲ သေချာသွားတဲ့ အခါကျတော့၊ ပြီးတော့ မွေးနေ့မှာထွက်မယ်လို့လည်း စဉ်းစားထားတာလည်းပါတာပေါ့နော်။နောက်တစ်ခုက ဒီမွေးနေ့ဆိုတာက Jenny ရဲ့ Music မှာ ပထမဆုံး Single Album လေးကို မွေးထုတ်တာလည်း ဖြစ်တယ်။ ဒါကြောင့် နောက်ဆုံးမှာ လူတိုင်းနဲ့လည်း ပတ်သက်နေတဲ့ မွေးနေ့၊ Happy Birthday ဆိုတာကိုပဲ ရွေးပြီးပေးဖြစ်ခဲ့တယ်။

**ဒီသီချင်းကို ဘယ်သူရေးပေးထားလဲ၊ အမြဲပုံစံပဲလား။**

ဦးရွှေ(ရွှေဂျော်ဂျော်)ပါ။ အမြဲလည်းမဟုတ်၊ အအေးကြီးလည်း မဟုတ်။ ချစ်စရာပုံစံလေးပေါ့။ အဲဒီသီချင်းလေးကလေ အမှန်အတိုင်း ပြောရရင် ၂၀၀၇ လောက်ကတည်းက Jenny ရခဲ့တာပါ။ အဲဒီတုန်းက သီချင်းဆိုပေမဲ့ တချို့ ပရိသတ်တွေ ပြောကြတယ်။ သီချင်းလေးက အရမ်းချစ်စရာကောင်းတာပဲတဲ့။ Jenny က အဲဒီသီချင်းလေးကို အဲအချိန်တုန်းကအတိုင်းပဲ Version တောင် မပြောင်းထားဘူး။ သီချင်းလေးကို ချစ်ကိုချစ်လို့ ဒီ Version လေးအတိုင်းပဲ ထားထားတာပါ။

**Jenny ရဲ့ မွေးနေ့တေးစီးရီးကို ပရိသတ်ဆီ ဘယ်လိုပုံစံနဲ့ ရောက်သွားစေချင်လဲ။**

အမြဲတမ်း ကိုယ်ချစ်တဲ့သူ အတွက် သော် လည်းကောင်း၊ ကိုယ့်အတွက်သော်လည်းကောင်းပေါ့နော် မွေးနေ့ဆိုတာလေး အစိမ်းပွင့်ရှိနေစေချင်တယ်။

Jenny ၏ မွေးနေ့ Single Album တွင် တေးရေး ရွှေဂျော်ဂျော်၊ ဇဝါ၊ ဝေလ၊ Ar-T, ကမ္ဘာ၊ သားကြီး၊ ဇော်လင်း၊ ထူးအောင် တို့၏ သီချင်းများ ပါဝင်မည်ဖြစ်သည်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com




Myanmar Idol အဆိုပြိုင်ပွဲမှတစ်ဆင့် ပရိသတ်၊
Fan များရရှိခဲ့ပြီး ခြေလှမ်းများ ဆက်လှမ်းမိကာ
ယခုဆိုလျှင် ပထမဆုံးတစ်ကိုယ်တော်အခွေ *အဓိက* ကို
ပုံဖော်ဖြန့်ချိနိုင်ခဲ့သည့် စောထက်နိုင်စိုးကို ယခုလ
ရွှေအမြုတေ၏ ဖူးငုံပွင့်သစ်ကဏ္ဍအတွက် တွေ့ဆုံမိချိန်ခဏတွင်…

**စောထက်နိုင်စိုးက ဂီတနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေကို**
**Myanmar Idol မှပဲ စတင်ခဲ့တာလား။** အဲဒီအရင်ကရော…။

Idol မတိုင်ခင်ကတည်းက ရှိခဲ့ပါတယ်။ သီချင်းနဲ့ပတ်သက်ရင်
အရမ်းရှုးသွပ်ခဲ့တော့ လုပ်ဖြစ်တာတွေ အများကြီးပဲ။



# ကိုယ်တိုင်ဖန်တီးမှု အနုပညာတွေနဲ့ စောထက်နိုင်စိုးရဲ့ အဓိက

**မနီးသူ**

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ - ချမ်းမြေ့

www.burmeseclassic.com



Music နဲ့ပတ်သက်ပြီး လုပ်ဖြစ်တယ်။ ဒီအနုပညာကိုပဲ ခေါင်းထဲမှာ အမြဲထည့်ဖြစ်တယ်။ တခြားအရာတွေထက် အနုပညာက ကျွန်တော့်ရဲ့ ဦးစားပေး နေရာမှာ ရှိတယ်။

**စောထက်နိုင်စိုးမှာ ဂီတမျိုးရိုးရောရှိလား။**

မရှိဘူးဗျ။ အဖေက ဝါသနာပါတော့ ပါတယ်။ နည်းနည်းပါးပါးပေါ့။ ကျွန်တော်တို့အလှည့်ကျမှပဲ ညီအစ်ကို နှစ်ယောက်လုံး ဝါသနာ ပါကြတာ။ ကျွန်တော့် အစ်ကိုရောပဲ။ သူ့နာမည်က စောမင်းပိုင်စိုးပါ။ သူကတော့ သူ့ကိုယ်ပိုင် Band ရှိပြီး သီချင်းတွေလည်း လုပ်နေပါတယ်။ မျိုးရိုးက ကရင်၊ နေတာကတောင်ကြီးပါ။



ကိုယ့်ဟာကိုယ် စတူဒီယိုမှာသွင်းပြီး အင်တာနက်မှ လွှင့်တာတွေလည်း ရှိတယ်။ လုပ်တာက လွန်ခဲ့တဲ့ ၅၊ ၆ နှစ်ကတည်းကလား မသိဘူး။ ပြိုင်ပွဲကလည်း ၂ ပွဲလောက် ပြိုင်ဖူးတယ်။ ဒါပေမဲ့ Idol ရောက်မှ လူသိတာဗျ။

**စောထက်နိုင်စိုးက ဂီတကို ဘာကြောင့် စိတ်ဝင်စားတာလဲ။ တချို့လူငယ်တွေက ရှိတယ်လေ အောင်မြင်မှုလိုချင်တာမျိုး၊ ကျော်ကြားချင်တာမျိုးတွေလည်း ရှိတော့...။**

ကျွန်တော်က ဂီတကို စိတ်ဝင်စားတာ ဟိုးငယ်ငယ်ကတည်းကပေါ့။ ကလေးဘဝကတည်းက ကျွန်တော် ဖြစ်ချင်တာ အဆိုတော်။ ဘာကြီးပဲဖြစ်နေနေ၊ ဘယ်လိုပဲ ဖြစ်နေနေ



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ပထမဆုံး ခြေလှမ်းသစ်
*အဓိက* အခွေ ထွက်လာနိုင်ပြီ။
**ဒီအခွေက သားအတွက် အတိုင်းအတာ**
**ဘယ်လောက်ထိရှိလဲ။**
**ပေးဆပ်ခဲ့မှု၊ ဆုံးရှုံးခဲ့မှု၊ ကြိုးစားရမှုတွေပေါ့။**
ကြိုးစားမှုတွေကတော့ အများကြီးပေါ့။
ကြားထဲမှာ တိုက်ခိုက်မှုတွေ၊ ဝေဖန်မှုတွေနဲ့
ကြုံရသလို အခက်အခဲ အများကြီးနဲ့လည်း
ကြုံခဲ့ရတယ်။ နောက်ဆုံး စိတ်ဓာတ်ကျနိုင်တဲ့
အခက်အခဲတွေလည်း ရှိတယ်။
အကောင်းဆုံး ကျော်ဖြတ်ခဲ့ရတယ်။
အဓိက မျှော်မှန်းမိတာက
ဒီအခွေလေးဖြစ်ဖို့ပါပဲ။ ဟိုးအရင်ကတည်းက
အခုလို တစ်ကိုယ်တော်အခွေထွက်နိုင်ဖို့ပါပဲ။
အဲဒီလို အိပ်မက်လေးရှိခဲ့တော့ ကိုယ့်အတွက်
ဒီ *အဓိက* အခွေလေးဖြစ်လာဖို့
အကောင်းဆုံးအနေနဲ့ ပရိသတ်ကို
ချပြဖို့ကိုပဲ စိတ်ကူး ရှိခဲ့တာပါ။
**စောထက်နိုင်စိုး ဖြစ်ချင်တဲ့ ရှေ့ဆက်မယ့်ဘဝမှာ**
**ဘယ်လို ဂီတသမားဖြစ်ချင်တာလဲ။**
ဂီတနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ စိတ်ခံစားမှုပါပဲ။
ဒီဂီတဟာ ကျွန်တော့်အတွက် တကယ့်ကို
ကိုယ်တိုင် တတ်ကျွမ်းတာထက်
ကိုယ့်ရဲ့ ခံစားချက်ကနေ
တစ်ဆင့် ဖြစ်ပေါ်လာတဲ့
အရာလေးတွေအားလုံးက
ကျွန်တော့်ရဲ့ အနုပညာလို့
ပြောလို့ ရပါတယ်။
ဒီအနုပညာတွေ၊
ကိုယ်တိုင် ဖန်တီးထားတဲ့
အရာတွေကိုပဲ ပရိသတ်ကို
ချပြချင်တာပါ။
စောထက်နိုင်စိုးက
ပထမဆုံး *အဓိက*
တစ်ကိုယ်တော်တေးစီးရီး
Audio CD တွင်
ကိုယ်တိုင်ဖန်တီးထားသည့်
အနုပညာများသာ
ချပြထားကြောင်း၊ ကိုယ်တိုင်ရေး
သီချင်းနှစ်ပုဒ် ပါဝင်ကြောင်း၊
စုစုပေါင်း ၁၀ ပုဒ် ပါဝင်
ကြောင်းလည်း ပြောပြခဲ့သည်။
■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ချစ်တဲ့စိတ်နဲ့ ဂီတတွေဆက်လုပ်မယ့် ပိုပိုဟေသာ

**မနိုးသူ**

တေးရေး ဇဝါ၏ သမီးငယ် ပိုပိုဟေသာက ဖခင်ထံမှ ဂီတဗီဇပိုးကို အရယူကာ ဂီတလောကထဲ ခြေတစ်လှမ်း စဝင်နိုင်ခဲ့သည့် ဖူးငုံပွင့်သစ် မျိုးဆက်သစ် ဖြစ်သည်။ *ကမ္ဘာဦးရည်းစား* ဆိုသည့် တစ်ကိုယ်တော် တေးစီးရီး CD ကို ၂၀၁၆ ခုနှစ်က ထွက်ရှိထားသူ ဖြစ်သည်။ ထို့ပြင် ပိုပိုဟေသာက ထိုတစ်ကိုယ်တော်တေးစီးရီး မထွက်ခင်ကပင် *ချစ်တဲ့စိတ် ဆိုတာ* သီချင်းဖြင့် မျိုးဆက်သစ်ဂီတဆုကို ၂၀၁၄ ခုနှစ်ကတည်းက ရရှိထားသူလည်း ဖြစ်သည်။

**သမီးအနေနဲ့ ဂီတအနုပညာလှုပ်ရှားမှုကို ဘယ်လို စ,လုပ်ဖြစ်ခဲ့လဲ။**

ဟေသာ့ အသက် ၁၄ နှစ်မှာ *ချစ်တဲ့စိတ်ဆိုတာ* ဆိုတဲ့ သီချင်းလေးကို စ,ဆိုဖြစ်ခဲ့တယ်။ ပထမဆုံး သီချင်းလေးပါ။ အဲဒီအရှေ့ပိုင်းမှာက တိကျတဲ့ လှုပ်ရှားမှုတော့ မရှိခဲ့ပါဘူး။ ဒါဆို အဲဒီအချိန်ကတည်းက အဖေ့လို ဂီတ အလုပ်တွေ လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီလား။

ဒါမှမဟုတ် ၁၄ နှစ် သမီးလေး တစ်ယောက်ရဲ့ ခံစားမှုနဲ့ပဲလုပ်ခဲ့တာလား။

ပြောရရင်တော့ ၂ ခု စလုံးပါပဲ။ အဲဒီတုန်းက အဲဒီသီချင်းကို အဲဒီလောက်ထိ အောင်မြင်သွားမယ်လို့ မျှော်မှန်းထားတာမျိုး မရှိခဲ့ပါဘူး။ ၁၄ နှစ်သမီးအရွယ်မှာ ဟေသာ အကောင်းဆုံး သီဆိုခဲ့တယ်။ ဆက်လက်ပြီးတော့လည်း ကြိုးစားသွားရမယ် ဆိုတဲ့ အသိတစ်ခုနဲ့ပဲပေါ့နော် ဟေသာ စပြီးခြေလှမ်းခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ဒီသီချင်းလေးကို သိကြပြီး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခဲ့တယ်ဆိုတော့ ဟေသာ အရမ်းဝမ်းသာပါတယ်။ ဒါပေမဲ့ ဟေသာ ဆက်ပြီး ကြိုးစားသွားဖို့ပဲ စဉ်းစားပါတယ်ရှင့်။ ပထမဆုံး သီချင်းမှာပဲ ပရိသတ်သိပြီး အောင်မြင်သလို ဆုတွေဘာတွေလည်း ရလိုက်တော့ နောက်ပိုင်း ကြိုးစားမှုမှာ အရှိန်တွေ၊ စိုးထင့်မှုတွေ ရှိခဲ့လား။

ဒီလို ဆုတွေဘာတွေ ရသွားတယ်ဆိုတာက ဟေသာ့ကို ထပ်ပြီး ကြိုးစားဖို့ အားဖြည့်ပေးတာပါ။ အဲဒါကြောင့် ပိုပြီးလည်း တာဝန်ကြီးသွားပါတယ်။ စိတ်ကိုလည်း ပိုနှစ်ဖြစ်သွားတယ်။ ပထမတုန်းက ပညာရေးကို သေချာဦးစားပေးပြီးတော့မှ ဂီတလုပ်မယ်လို့ စိတ်ကူးထားခဲ့တာပါ။ ဒါပေမဲ့ *ချစ်တဲ့စိတ်ဆိုတာ* သီချင်းလေး လူသိသွားတော့ ဟေသာ့ရဲ့ ပထမဆုံး တစ်ကိုယ်တော်ခွေကလည်း စောထွက်ခဲ့ရတာပေါ့။

အခု တစ်ကိုယ်တော်ခွေ ထွက်ပြီးတဲ့နောက် ပိုပိုဟေသာ စိတ်ခံစားမှုနဲ့ ၁၄ နှစ် သမီး သီချင်းတွေစ ,လုပ်တုန်းက စိတ်ခံစားမှုက မတူနိုင်ဘူး ထင်တယ်နော်။

မတူတော့ပါဘူးရှင့်။ ပိုပြီး ရင့်ကျက်သွားရတယ်လို့ ပြောရမှာပေါ့နော်။ ၁၄ နှစ်သမီးနဲ့ ၁၉ နှစ်သမီး အရွယ်ကြားကာလ ၅ နှစ် ဝန်းကျင်မှာ သွေ့ဟာနဲ့သူ တွေကြုံရတာတွေက ပြောင်းလဲသွားတော့ အသက်အရ [illegible]ပဲ



www.burmeseclassic.com

www.burmeseclassic.com

သွားသလို ဟေသာ့ရဲ့ စိတ်ခံစားချက်ပိုင်း၊ ခန္ဓာပိုင်း၊ ပတ်ဝန်းကျင်ပိုင်းကအစ ပြောင်းလဲမှုတွေ ပေါ်ပေါက်လာတယ်။ ၁၄ နှစ်သမီးတုန်းက အမှတ်တမဲ့လို့ ပြောရမှာပေါ့နော်။ ဒီလိုအကြောင်းလေးတစ်ခုကနေ ခုချိန်အထိ ဟေသာ့ကို ထောက်ပံ့မှု ဖြစ်နေတဲ့အတွက် ဟေသာပျော်ပါတယ်။ ဂီတကို ဘာကြောင့် ချစ်တာလဲ၊ သီချင်းတွေကို ဘာကြောင့် ချစ်တာလဲ။ ပြောရရင် တော်တော်ရှည်ရှည် ပြောရမှာပါ။ အဖေ့ သွေးပါလို့လည်း ပါမယ်။ ဂီတကို မြတ်နိုးတယ်။ ဟေသာကိုယ်တိုင်သည်လည်း ဂီတကို၊ အနုပညာကို ချစ်မြတ်နိုးပါတယ်။ ဟေသာ ကလေးပေါက်စနုံ သိတတ်စ အရွယ်ကတည်းက သီချင်းတွေနဲ့ ကြီးပြင်းရပါတယ်။ သီချင်းတွေ လိုက်ဆိုနေရတာကို ဟေသာ အရမ်းမက်မောတယ်။ စာဖတ်တတ်တာတောင်မှ သီချင်းနဲ့ ပေါင်းစပ်ပြီး စာဖတ်တတ်တာဆိုတော့ ငယ်ငယ်ကတည်းက ဟေသာ့မှာ သွေးပါခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဟေသာသီချင်းတွေကို ချစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ချစ်တဲ့စိတ်နဲ့ သီချင်းတွေ ဆက်လုပ်သွားဦးမှာပါ။

ပိုပိုဟေသာက *ကမ္ဘာဦးရည်းစား* တစ်ကိုယ်တော်အတွက် MTV ကို အကြိုက်ဆုံး ၅ ပုဒ်သာ ရွေးချယ်ရိုက်ကူးပြီး ရုပ်သံလိုင်း သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ရန် စီစဉ်နေသလို ဒုတိယ တစ်ကိုယ်တော်အတွက်လည်း ပြင်ဆင်နေသည်ဟု သိရသည်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက်သစ်စ လူငယ်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ အောင်ချမ်းလူက စိန်ငွေးဗီဒီယို ထုတ်လုပ်ရေးအတွက် သူ့ရဲ့ကိုယ်ပိုင်ဇာတ်လမ်း၊ ဇာတ်ညွှန်းကို **လူကြီးလူကောင်း** လို့ နာမည်ပေးပြီး မင်းဦး၊ ကောင်းပြည့်၊ နန်းဆုဦး၊ ဝါဆိုမြင့်အောင်၊ ဇာတ်ပို့ဇာတ်ရံများစွာနဲ့ ရိုက်ကူးပေးထားပါတယ်။ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ရဲ့ 3H အနုပညာကျောင်းဆင်း အောင်ချမ်းလူက ဒီဇာတ်လမ်းကို ရိုက်ဖို့ စိတ်ကူးခဲ့တာ ကြာပြီလို့ သိရပါတယ်။ အဓိကကတော့ ဇာတ်အိမ်ဆန်းဆန်းကို အကောင်းဆုံး စိတ်ကူးပုံဖော်ပြီး မြင်တွေ့နေကျပုံစံမျိုးကနေ ကွဲထွက်အောင် ရိုက်ကူးပေးထားပါတယ်။ မင်းဦးကို အဓိက သရုပ်ဆောင်နေရာက ရိုက်ကူးပေးထားပြီး လူချမ်းသာ ဇာတ်ကောင်ဖြစ်တဲ့ မင်းဦးကို ရိုက်ကူးပေးထားတဲ့ နေရာမှာ ရှုတင်အိမ်ကိုတောင် သူများ မရိုက်ဖူးသေးတဲ့ အိမ်



www.burmeseclassic.com


www.burmeseclassic.com



တစ်အိမ်မှာ ရိုက်ကူးပေးခဲ့တာ ဖြစ်ပါတယ်။ သူဌေးတစ်ယောက်ရဲ့ အဆောင်အယောင် ပီပြင်ဖို့ ဒီအိမ်ကြီးနဲ့ ရေကူးကန်နဲ့ ရိုက်မှဖြစ်မယ့် အနေအထားဖြစ်လို့ ငွေကြေးအကုန်ကျခံပြီး ငှားရမ်းရိုက်ကူးထားတာ ဖြစ်ပါတယ်။

မင်းဦးကို အမိကာသရုပ် ဆောင်ထားပြီး ရိုက်ဖြစ်တာနဲ့





www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်လို့ အောင်ချမ်းလူက "ဒီဇာတ်ရုပ်က ကျွန်တော့် စိတ်ကူးထဲမှာ ကိုမင်းဦးနဲ့ အလိုက်ဖက်ဆုံးပါ။ သူ့ရဲ့ ဟိတ်ဟန်နဲ့ သူပြောတဲ့ စကားသံကအစ အသံလုံးကြီးကြီးနဲ့ ဩဇာရှိတဲ့ အသံမျိုး ဖြစ်တယ်။ သူ့ရဲ့ရုပ်ရည်၊ သူ့ဝတ်စားဆင်ယင်မှုစတိုင်ကလည်း ခံ့ညားမှုရှိတယ်။ ကျွန်တော့်ရဲ့ဇာတ်ကောင်ကလည်း ဒီအတိုင်းပဲ ဖြစ်လို့ပါ။ ဇာတ်အရ လိုက်မယ့် ကာရိုက်တာကို ဦးစားပေးလိုက်တာဖြစ်လို့ ကိုမင်းဦးကို တစ်ကျော့ပြန်မင်းသားအဖြစ်တင်သလို ဖြစ်သွားတယ်။ အဓိကကတော့ ကျွန်တော်က ကာရိုက်တာကို ဦးစားပေးလိုက်တာပါ" လို့ ပြောပြခဲ့ပါတယ်။

အောင်ချမ်းလူက သူ့ရဲ့ ပွဲဦးထွက် ဗီဒီယိုဇာတ်ကားကို ရိုက်ကူးပုံဖော်ထားတာနဲ့ ပတ်သက်ပြီး "ကျွန်တော် စိတ်ကူးထားတဲ့အတိုင်း အကောင်းဆုံး ပုံဖော်ရိုက်ကူးထားပါတယ်။ ဗီဒီယိုဇာတ်ကားဖြစ်ပေမဲ့ ဒီဇာတ်က ချဲ့ရင် ချဲ့သလို ရိုက်လို့ရတဲ့ ဇာတ်မျိုးဖြစ်တယ်။ ဒါပေမဲ့ လက်ရှိအနေအထားနဲ့ အကောင်းဆုံးဖြစ်ဖို့ပဲ စဉ်းစားပြီး ဗီဒီယိုရိုက်ဖြစ်တာပါ။

မျှားသောအားဖြင့် မြန်မာရုပ်ရှင်တွေမှာ အပြုထက် အပြောက များကြတယ်။ ကျွန်တော်က ဒိုင်ယာလော့ခ်တွေကို တတ်နိုင်သလောက် လျှော့ချပြီး အပြုတွေကို ဦးစားပေးထားတယ်။





www.burmeseclassic.com

www.burmeseclassic.com




နောက်တစ်ခုက တခြားကား တွေနဲ့ မတူအောင် ရိုက်ချက် တွေကိုရော သရုပ်ဆောင်များ ရဲ့ အိုက်တင်တွေကိုပါ ချိန်း ပေးထားတယ်။ ဥပမာ သူ့ ညီမလေးသေသွားတဲ့အချိန်မှာ တခြားကားတွေမှာဆိုရင် ငိုယိုမယ်၊ ပြေးသွားမယ်ဆို တာ လူတိုင်းမှန်းလို့ရတယ်။ အဲဒီလိုပဲ လုပ်ကြတာများ တယ်။ ဒီကားမှာတော့ ကျွန်တော်က သူ့ရဲ့စိတ်ပေါ် အောင် တခြားအိုက်တင်တွေ နဲ့ ပြောင်းလုပ်ကြမယ်ဆိုပြီး





www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်တွေနဲ့ ညှိနှိုင်းကာ မတူတဲ့ အိုက်တင်တွေ၊ မြင်နေကျပုံစံ မဟုတ်တာတွေကို သရုပ်ဆောင် စေပါတယ်။ ကျွန်တော့်ကားမှာတော့ သရုပ်ဆောင်တွေရဲ့ အိုက်တင်တွေကိုရော၊ မြင်တွေ့နေကျ အိမ်တွေကိုပါ အားလုံး ပြောင်းထားတယ်။ ကြည့်ရှုတဲ့ပရိသတ်ရဲ့ အာရုံကို ဖမ်းစားနိုင်ဖို့လည်း တစ်မျိုး တစ်ဘာသာ ခွဲထွက်စေချင်လို့ပါ။ အဓိကကတော့ ဒီနေရာမှာ ဒီလို သရုပ်ဆောင်ရမယ် ဆိုတာထက် သူ့ရဲ့စိတ်၊ သူ့ရဲ့ကာရိုက်တာကို ပေါ်စေချင်လို့ပါ။ နည်းနည်းတော့ ခက်တယ်။ အဲဒါကို အချိန်ယူ ကြိုးစားပြီး သရုပ်ဆောင်တွေနဲ့ ညှိနှိုင်း ရိုက်ကူးပေးထားပါတယ်။ တချို့ အိပ်ရာပေါ်က ဆင်း(န်)တချို့ ပါပေမဲ့ မောင်နဲ့နှမ၊ သားနဲ့အမိ ကြည့်လို့လည်းရအောင်၊ အနုပညာလည်း ဆန်အောင် ရိုင်းတာတွေမပါစေဘဲ ရိုက်ကူးပေးထားပါတယ်"လို့ ပြောပြခဲ့ပါတယ်။

**လူကြီးလူကောင်း** ကို စိန်ငွေး ဗီဒီယိုထုတ်လုပ်ရေးက ဖြန့်ချိပြီးတဲ့ အခါမှာလည်း ကြည့်ရှုအားပေးပြီး ဝေဖန်အကြံပြုကြဖို့ အောင်ချမ်းလူက မေတ္တာရပ်ခံထားပါတယ်။ နောက်ထပ်လည်း ရုပ်ရှင်၊ ဗီဒီယိုကားတွေ ဆက်လက် ရိုက်ကူးပေးသွားဖို့ စီစဉ်ထားတယ်လို့လည်း သိရပါတယ်။

■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



# ဟာသများနဲ့ တင်ဆက်ပေးခဲ့တဲ့ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပွဲ

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com















ပြေတီဦးပညာရေး ဖောင်ဒေးရှင်း ရန်ပုံငွေအတွက် အနုပညာရှင်များ စုပေါင်းတင်ဆက်တဲ့ ဖျော်ဖြေပွဲကို ဇန်နဝါရီလ ၂၉ ရက်ညက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံမှာ ကျင်းပပေးခဲ့ပါတယ်။ ပြေတီဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပြေတီဦး ပညာရေး ဖောင်ဒေးရှင်းက ပညာရေးအတွက် ငွေကြေး အကူအညီ လိုအပ်နေသူတွေကို ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်ကတည်းက ထောက်ပံ့ပေးခဲ့တာဖြစ်ပြီး ပထမဦးဆုံးနှစ်မှာ ကျောင်းသား ၄၄ ဦးကို စတင်ထောက်ပံ့ပေး ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူ ၂၀ ဦး၊ ၂၀၁၂-၂၀၁၃ မှာ ၁၆ ဦး၊ ၂၀၁၃-၂၀၁၄ မှာ ၂၆ ဦး၊ ၂၀၁၄-၂၀၁၅ မှာ ၁၇ ဦး၊ ၂၀၁၅-၂၀၁၆ မှာ ၂၁ ဦးနဲ့ အခု ၂၀၁၆-၂၀၁၇ မှာ ၃၂ ဦး ထောက်ပံ့ပေးခဲ့လို့ အားလုံးပေါင်း ၁၇၆ ဦးကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပထမနှစ်တွေမှာတုန်းက ဆေးကျောင်း တက်ဖို့ ငွေကြေးအကူအညီ လိုအပ်နေသူတွေကိုပဲ ထောက်ပံ့ပေးခဲ့တာ ဖြစ်ပေမဲ့ နောက်ပိုင်းမှာတော့



www.burmeseclassic.com

www.burmeseclassic.com

ဆေးကျောင်း တက်ရင်းလက်စနဲ့ ဆက်တက်ဖို့ ငွေကြေး အခက်အခဲဖြစ်နေသူများ သာမက စက်မှုတက္ကသိုလ် တက်မယ့် ကျောင်းသူ ကျောင်းသားများ၊ ဥပဒေပညာသင်ယူမယ့် ကျောင်းသူကျောင်းသားများ အတွက်ပါထောက်ပံ့ပေးနိုင် ခဲ့တာဖြစ်ပါတယ်။ ပြေတီဦးပညာရေး ဖောင်ဒေးရှင်းက အကူအညီ လိုအပ်တဲ့ ကျောင်းသား ကျောင်းသူ များကို တိုက်ရိုက် ထောက်ပံ့ပေးတာရှိသလို ပြင်ပအလှူရှင်များ ကလည်း ပြေတီဦး ပညာရေး ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး ထောက်ပံ့ ပေးခဲ့တဲ့တာတွေ အများကြီး ရှိပါတယ်။ ဒီအထဲမှာ အနုပညာရှင်များ လည်း ပါဝင်သလို စေတနာရှင်၊ စီးပွားရေး လုပ်ငန်းရှင်များလည်း ပါဝင်ပါတယ်။ ရန်ကုန်မြို့မှာ ရှိတဲ့ သုခကမ္ဘာဆေးရုံကလည်း ပံ့ပိုးကူညီထောက်ပံ့ ပေးထားတာ ၁၇ ဦး ရှိတယ်လို့ သိရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်က စတင် ထောက်ပံ့ပေးခဲ့တာ ဖြစ်လို့ ကျောင်းသားတချို့ ဆိုရင် ကျောင်းပြီးလို့ အလုပ်ခွင်မှာ ဝင်ရောက် တာဝန်ထမ်းဆောင် နေကြပြီ ဖြစ်ပါတယ်။ သဘောတရားကတော့ ဆရာဝန်ဖြစ်သွားကြပါပြီ။ အဲဒီလိုပဲ နောက်ထပ်



‘မြန်မာ့ထူးချွန်ပြိုင်ပွဲ’ ပြဇာတ်မှာ ပါဝင်ကြတဲ့ ယွန်းရွှေရည်ရဲ့သရုပ်ဆောင်မှု



‘မြန်မာ့ထူးချွန်ပြိုင်ပွဲ’ ပြဇာတ်မှာ ပါဝင်ကြတဲ့ ခန့်စည်သူ၊ ယွန်းရွှေရည်နဲ့ ကိုပေါက်တို့ရဲ့သရုပ်ဆောင်မှု



‘ရှုခင်းသာရပ်ဝန်း’ ပြဇာတ်မှာ ပါဝင်ကြတဲ့ အောင်ဇော်၊ အိချောပိုနဲ့ ယုသန္တာတင်တို့ရဲ့သရုပ်ဆောင်မှု



‘ရှုခင်းသာရပ်ဝန်း’ ပြဇာတ်မှာ ပါဝင်ကြတဲ့ ကြာဖီ၊ ရှုမင်းနဲ့ အိချောပိုတို့ရဲ့သရုပ်ဆောင်မှု



‘ရှုခင်းသာရပ်ဝန်း’ ပြဇာတ်မှာ ပါဝင်ကြတဲ့ အိချောပို၊ ယုသန္တာတင်၊ ရှုမင်းနဲ့ နှင်းခင်ဇေယျာတို့ရဲ့သရုပ်ဆောင်မှု





www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဂျူးဘွန်ပြိုင်ပွဲ
ပြဇာတ်မှာ ပါဝင်ကြတဲ့
ခနိုးစည်သူ၊ ငှက်ပျောကြော်၊ ခိုင်နှင်းဝေ၊ ကိုပေါက်နဲ့
နန္ဒကျော်စွာတို့ရဲ့သရုပ်ဆောင်မှု

"အွန်လိုင်းပေါ်မှ ပေးစာ" ပြဇာတ်မှာ
ပါဝင်ကြတဲ့ ရန်အောင်နဲ့ မေသဥ္ဇာဦး




"မှုခင်းဆရာဝန်" ပြဇာတ်မှာ
ကျောင်ဝှက်၊ မျောက်ရှုံး၊ ကြာစိ၊ အောင်သော်၊ အိချောပို၊
ယုသန္တာတင်၊ လူမင်း၊ နန်းခင်ဇေယျာနဲ့ အောင်မော်တို့
ပါဝင်သရုပ်ဆောင်ပေးထားကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အလှူငွေလက်ခံရယူတဲ့ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ဥက္ကဌ ပြေတီဦးနဲ့ ဒု-ဥက္ကဌ အိန္ဒြာကျော်ဇင်


ကော်နီ




ချမ်းချမ်း


ဟေမာနေဝင်း




R ဇာနည်



ထောက်ပံ့ပေးသွားနိုင်ဖို့ ဆိုရင် ရန်ပုံငွေ လိုအပ်နေသေးတာဖြစ်လို့ ရန်ပုံငွေဖျော်ဖြေပွဲ ကျင်းပရတာဖြစ်ပါတယ်။ ပြေတီဦးပညာရေး ဖောင်ဒေးရှင်းက ပညာရေးအတွက် ငွေကြေးအကူအညီ လိုအပ်နေသူများကို အမြဲတစေ ထောက်ပံ့ပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ရရှိထားတဲ့ ရန်ပုံငွေတွေကို ဘဏ်မှာအပ်ပြီး အဲဒီငွေကြေးက ရရှိလာတဲ့ အတိုးအမြတ်များနဲ့ ထောက်ပံ့ပေးနေတာ ဖြစ်ပါတယ်။ နောက်ထပ် ထပ်တိုးပြီးထောက်ပံ့ ပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ လိုအပ်နေတဲ့ ရန်ပုံငွေ ရရှိဖို့ အနုပညာရှင်များက လည်း တစ်တပ်တစ်အား ပါဝင်ပြီး မိမိတို့တတ်တဲ့ အနုပညာနဲ့ ကုသိုလ်ယူ ပါဝင်တင်ဆက်ခဲ့တာ ဖြစ်ပါတယ်။ အနုပညာရှင်များက အားလုံး ပါဝင်ကူညီ တင်ဆက်တဲ့နေရာမှာ အင်ပါယာတေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့ ရဲအောင်၊ Rဇာနည်၊ စိုးပြည့်သဇင်၊ လင်းလင်း၊ ကော်နီ၊ ချမ်းချမ်း၊ ထွန်းအိန္ဒြာဗိုနဲ့ ဇော်ဝင်းထွဋ်တို့က သီချင်းများနဲ့ သီဆို ဖျော်ဖြေပေးခဲ့ကြပါတယ်။ ရန်ပုံငွေဖျော်ဖြေပွဲမှာ ဟာသနဲ့ ကြည့်ခွင့်ရမယ့် အပိုင်းတိုလေးများနဲ့ပါ တင်ဆက်ပေးခဲ့ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ကယ်ကြပါဦး အုတ်မြစ် ပြဇာတ်မှာ ပါဝင်ကြတဲ့
ရဲလေး၊ နေတိုး၊ ထွန်းထွန်း၊ ကျော်ကျော်ဗိုလ်နဲ့ မင်းမော်ကွန်းတို့ရဲ့သရုပ်ဆောင်မှုများ









www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



'ရိုက်ကွင်းပေါ်မှာ'ပြဇာတ်မှာ ပါဝင်ကြတဲ့ အနုပညာရှင်များရဲ့ သရုပ်ဆောင်မှုများ



မြန်မာ့ထူးချွန်ပြိုင်ပွဲ၊ အွန်လိုင်းပေါ်မှ ပေးစာ၊ ကယ်ကြပါဦး အုတ်မြစ်၊ မှုခင်းဆရာဝန် နဲ့ နောက်ဆုံးပိတ်အဖြစ် ရိုက်ကွင်းပေါ်မှာ တို့ကို တင်ဆက်ခဲ့တာ ဖြစ်ပါတယ်။ ဖောင်ဒေးရှင်းရန်ပုံငွေ ဖျော်ဖြေပွဲမှာ ပါဝင်တင်ဆက် ပေးခဲ့ကြတဲ့ အနုပညာရှင်များကတော့ ရန်အောင်၊ လူမင်း၊ ပြေတီဦး၊ မင်းမော်ကွန်း၊ ခန့်စည်သူ၊ နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း(Examplez), ရဲလေး၊ ညီထွဋ်ခေါင်၊ ဦးအောင်လွင်၊ ကိုပေါက်၊ ငှက်ပျောကြော်၊ နေလင်း၊ ဖိုက်စတားအဖွဲ့၊ Kညီ၊ အောင်ဇော်မင်း၊ မေသဥ္စာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်နှင်းဝေ၊ အိချောပို၊ ယုသန္တာတင်၊ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါ၊ ပိုင်ဖြိုးသု၊ ရွှေသမီး၊ ရတနာဗိုလ်၊ ယွန်းရွှေရည်နဲ့ ဇာတ်ပို့ဇာတ်ရံများ ဖြစ်ပါတယ်။ ရန်ပုံငွေဖျော်ဖြေပွဲမှာ ပံ့ပိုးကူညီပေးခဲ့ကြတဲ့ စပွန်ဆာများ၊ စေတနာရှင်ပြည်သူများက လှူဒါန်းပေးခဲ့ကြတဲ့ အတွက် ငွေကျပ် သိန်း ထောင့်ငါးရာကျော် ရန်ပုံငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင် မြင့်မြတ်နဲ့ မခင်သူအောင်တို့ရဲ့ မင်္ဂလာ ဧည့်ခံပွဲကို ဖေဖော်ဝါရီလ ၁၅ ရက် မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ် မင်္ဂလာခန်းမမှာ ကျင်းပခဲ့ပါတယ်။ မင်္ဂလာသတို့သားက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဒဂုံတာဝါ၊ အခန်း(3/F)နေ ဦးမြင့်ကျော် + ဒေါ်မိမိခိုင်တို့ရဲ့သား ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် မြင့်မြတ်ဖြစ်ပါတယ်။ မင်္ဂလာသတို့သမီးကတော့ မန္တလေးမြို့ ၃၃ လမ်း၊ အမှတ် ၁၄၀ နေ ဦးဝင်းအောင်+ ဒေါ်ရင်တီ (ကျောက်စိမ်းပန်းအိမ် ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီ)တို့ရဲ့ သမီးထွေး မခင်သူအောင်(B.A English) ဖြစ်ပါတယ်။ မြင့်မြတ်နဲ့ မခင်သူအောင်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲမှာတော့ နိုင်ငံကျော်သရုပ်ဆောင်များက ကျရာနေရာကနေ ပံ့ပိုးကူညီ ပေးခဲ့ကြပါတယ်။ မင်္ဂလာ အခမ်းအနားမှူးအဖြစ် သရုပ်ဆောင် ရန်ပိုင်စိုးက ဆောင်ရွက်ပေးပြီး မင်္ဂလာမောင်နှံတို့ ပွဲထွက်လာချိန်မှာ ဇောင်း ခင်မာသီ အဖွဲ့ရဲ့ တီးခတ်ပေးမှုနဲ့ အကယ်ဒမီများရှင် ချိုပြုံးက မင်္ဂလာအခါတော်ပေး သီချင်း သီကျူးပေးခဲ့ပါတယ်။ မင်္ဂလာမောင်နှံတို့ လျှောက်လှမ်းကြမယ့် လမ်းကို



မင်္ဂလာမောင်နှံကို လူမင်းနဲ့ ခင်စံဖယ်ဦးတို့က မင်္ဂလာအောင်စံဂယ်ပန်းကုံး ချီးမြှင့်ပေးခဲ့ပါတယ်



မင်္ဂလာမောင်နှံကို ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့က မင်္ဂလာလက်ဖွဲ့ ဆင်မြန်းပေးခဲ့ပါတယ်



www.burmeseclassic.com

မင်္ဂလာသတို့သား မြင့်မြတ်နဲ့ မင်္ဂလာသတို့သမီး ခင်သူအောင်တို့ကို နှုတ်ဆက်တဲ့ ဒါရိုက်တာ ဝင်းထွန်းထွန်း

www.burmeseclassic.com



# နာမည်ကြီးသရုပ်ဆောင်တွေ
# ခြံရံပေးခဲ့ကြတဲ့
# မြင့်မြတ်ရဲ့မင်္ဂလာပွဲ

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပန်းကြဲပေးသူက အကယ်ဒမီ ဖွေးဖွေးဖြစ်ပြီး မင်္ဂလာအောင် စံပယ်ပန်းများဖန်းကို အိချောပို၊ မင်္ဂလာလက်စွပ် ဗန်းကို ပိုင် ဖြိုးသုတို့က ကိုင်ဆောင်ပေး ခဲ့ကြပါတယ်။ သတို့သားနဲ့ သတို့သမီးတို့ရဲ့ အရံများ အဖြစ် ခြံရံပေးခဲ့ကြ သူတွေက တော့ သတို့သားအရံများအဖြစ် လူပျိုကြီးသရုပ်ဆောင်နှစ်ဦး ဖြစ်တဲ့ ရာဇာနေဝင်းနဲ့ ခန့်စည် သူတို့ဖြစ်ကြပြီး သတို့သမီးအရံ များအဖြစ် ယုသန္တာတင်နဲ့ ရွှေသမီး တို့က ခြံရံပေးခဲ့ကြပါတယ်။

မင်္ဂလာမောင်နှံတို့ အတွက် အောင်စံပယ်ပန်းကုံး များကို အကယ်ဒမီ လူမင်းနဲ့ ဇနီး ခင်စံပယ်ဦးတို့ကချီးမြှင့် ပေးခဲ့ကြပြီး မင်္ဂလာလက်စွပ် များကိုတော့ အကယ်ဒမီ ပြေ တီဦးနဲ့ အကယ်ဒမီ အိန္ဒြာ ကျော်ဇင်တို့က ဆင်မြန်းပေးခဲ့ ကြပါတယ်။ မင်္ဂလာပွဲအထ, မြောက်အောင်မြင်ပြီးတဲ့ အချိန် စင်မြင့်ပေါ်မှာ ပန်းများကြဲ ဖြန့်ပေးတာကို ဖွေးဖွေးက ဆောင်ရွက်ပေးတာဖြစ်ပြီး အနုပညာရှင်များစွာတို့လည်း ခြံရံပေးခဲ့ကြတာဖြစ်လို့ ပျော် စရာကောင်းသလို ဂုဏ်ယူ စရာလည်းကောင်းတဲ့ မင်္ဂလာ ပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ မြင့်မြတ်နဲ့ ခင်သူအောင်တို့ အတွက် မင်္ဂလာဝတ်စုံများကို မန္တလေးမြို့မှ ဒီဇိုင်နာ မျိုးမင်း စိုးက နန်းဆန်ဆန်ချုပ်လုပ် ပေးထားပြီး လက်ဝတ်ရတနာ များကို Zar & Diamond ရတနာဆိုင်မှ ပုံပိုးကူညီဆင် မြန်းပေးထားပါတယ်။

☛ မင်္ဂလာပွဲတစ်ပွဲလုံး အတွက်ပန်းအလှဆင်ပေးထား တာကတော့ပန်း-လင်းဇေဝင်း ပဲ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်နဲ့ မခင်သူအောင်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို အနုပညာလောကမှ နာမည်ကြီးသရုပ်ဆောင်များ ဖက်ရှင်မျိုးစုံနဲ့ အလှပဆုံးဝတ်ဆင်ပြီး တက်ရောက်အားပေးချီးမြှင့်ကြတာကို တွေ့ခဲ့ရပါတယ်။

မင်္ဂလာညစာစားပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်ညက ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ ညစာစားပွဲမှာ ဒီဇိုင်နာကောင်းမြတ်ချုပ်ပေးထားတဲ့ မင်္ဂလာဝတ်စုံနဲ့ ပွဲထွက်ခဲ့ကြတာဖြစ်ပြီး သတို့သား မြင့်မြတ်အတွက် ဝတ်စုံကိုတော့ Prestige က ချုပ်ပေးထားတယ်။ မင်္ဂလာမောင်နှံတို့ပွဲထွက်လာချိန်မှာ ရှေ့ဆုံးကနေပန်းကြဲပေးခဲ့တာက သရုပ်ဆောင် သင်ဇာဝင့်ကျော်ဖြစ်ပြီး မင်္ဂလာသတို့သားအရံများအဖြစ် ထွန်းထွန်း၊ ဥက္ကာမင်းမောင်၊ ညီထွဋ်ခေါင်၊ မင်းသွေးတို့က ဆောင်ရွက်ပေးခဲ့ကြပါတယ်။ သတို့သမီးအရံများအဖြစ် စံရတီမိုးမြင့်၊ M ဆိုင်လု၊ မေ၊ ဆူဇီတို့က ဆောင်ရွက်ပေးခဲ့ကြပါတယ်။ မင်္ဂလာညစာစားပွဲမှာ အစီအစဉ်တင်ဆက်သူများအဖြစ် သရုပ်ဆောင် ခင်လှိုင်၊ ဒိန်းဒေါင်၊ Kညီတို့က ဆောင်ရွက်ပေးခဲ့ကြတာဖြစ်လို့ အားလုံးအတွက် ရယ်မောပျော်ရွှင်စရာဟာသများနဲ့ပါ တင်ဆက်ပေးခဲ့ကြပါတယ်။ တက်ရောက်အားပေးချီးမြှင့်တဲ့ သရုပ်ဆောင်များ၊ အဆိုတော်များကလည်း မြင့်မြတ်နဲ့ မခင်သူအောင်တို့ရဲ့ မင်္ဂလာ ညစာစားပွဲမှာ သီချင်းများနဲ့ သီဆိုဂုဏ်ပြုပေးခဲ့ကြပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



Back To Millennium (၂၀၀၀ ပြည့်နှစ်သို့အပြန်)လို့ အမည်ပေးထားတဲ့ တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၄ ရက်ညက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်မှာ ကျင်းပခဲ့ပါတယ်။ ဒီပွဲနဲ့ပတ်သက်ပြီး ညွှန်းဆိုရမယ်ဆိုရင် Snare နှစ်ယောက် သီဆိုထားတဲ့ သီချင်းထဲက စကားလုံးကိုပဲ ငှားသုံးရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ သီချင်းထဲမှာ လူစည်ကားတဲ့ Hip Hop Show, ငါတို့ဆိုတဲ့ Hip Hop Show ဆိုပြီး ပါလို့ပါ။ အဲဒီစာသားနဲ့အညီပဲ ဒီ Show ကလည်း အင်မတန် လူစည်ကားခဲ့တဲ့ပွဲဖြစ်ပါတယ်။ Rock Show တွေတိုင်မဲ



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၀၀ပြည့်နှစ်သို့အပြန်

လင်းနိုင်ဦး

တင်ဆက်လေ့ရှိတဲ့ Nine Planets Entertainment က လွန်ခဲ့တဲ့ ၁၆ နှစ်ကျော် ၂၀၀၀ ပြည့်နှစ်လောက်က အောင်မြင်ကျော်ကြားခဲ့တဲ့ Hip Hop အဆိုတော်များကို ပြန်လည် ပွဲထုတ်တဲ့ပွဲပဲ ဖြစ်ပါတယ်။ Hip Hop အဆိုတော်များလို့ သုံးစွဲတာကလည်း တကယ်ပဲ Hip Hop အဆိုတော်တွေများခဲ့လို့ပါ။ ၂၀၀၀ ပြည့်နှစ်လောက်က အကြီးအကျယ်အောင်မြင်မှုရခဲ့ပေမဲ့ ဒီနေ့ခေတ်မှာတော့ တချို့အဖွဲ့တွေက မရှိကြတော့ပါဘူး။ တချို့ကျတော့လည်း ရှိတဲ့လူနဲ့ ဆက်ပြီး ဆိုနေပေမဲ့ တကယ်တမ်းကျတော့ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com





Theory အဖွဲ့ရဲ့ဖျော်ဖြေတင်ဆက်မှု

www.burmeseclassic.com

www.burmeseclassic.com



Acid အဖွဲ့ရဲ့ဖျော်ဖြေတင်ဆက်မှု

ပြသွားကြတဲ့ အဆိုတော်တွေကများပါတယ်။ အဲဒီခေတ်ကဆိုရင် အဖွဲ့လိုက်၊ အဖွဲ့လိုက် အဆိုတော်တွေ အများကြီးထွက်ခဲ့ပြီး အောင်မြင်မှုတွေလည်း ရခဲ့ကြပါတယ်။

ဥပမာ Examplez အဖွဲ့ဆိုရင်လည်း အောင်မြင်မှုများစွာရခဲ့ပေမဲ့ ထွန်းထွန်းက သရုပ်ဆောင်လုပ်နေပြီး ထူးကျော်၊ သက်အောင်နဲ့ ဖြိုးမောင်မောင်တို့က ကိုယ့်စီးပွားရေးနဲ့ကိုယ် မအားလပ်တော့ပါဘူး။ သက်အောင်ဆိုရင်လည်း ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေပြီး ထူးကျော်နဲ့ ဖြိုးမောင်မောင်တို့က အိမ်ထောင်ပြုသွားလို့ ကလေးတွေတောင် ရနေကြပါပြီ။ ထို့အတူပဲ No အဖွဲ့မှာကျန်တဲ့ ရတနာနဲ့ ရည်မွန်ဆိုရင်လည်း အိမ်ထောင်ပြုသွားကြပြီး ကလေးတွေတောင် ရနေကြပါပြီ။

ထင်မှတ်ထားတာထက် ပိုပြီး အောင်မြင်တဲ့ပွဲလို့ ပြောလို့ရပါတယ်။ Nine Planets က ဂိုဏ်းချုပ်ကတော့ လာရောက်အားပေးတဲ့ ပရိသတ်တွေအတွက် ဘေးနှစ်ဖက်မှာ အဆင့်ဆင့်စင်မြင့်တွေ ပြုလုပ်ပေးထားပြီး စင်ရှေ့တည့်တည့်မှာတော့ မတ်တတ်အားပေးမယ့်သူတွေအတွက် စီစဉ်ပေးထားတာဖြစ်ပါတယ်။ ပွဲကို ၈ နာရီမှ



Teen အဖွဲ့ရဲ့ဖျော်ဖြေတင်ဆက်မှု



www.burmeseclassic.com

www.burmeseclassic.com



Witch အဖွဲ့ရဲ့
ဖျော်ဖြေတင်ဆက်မှု

စပြီး တင်ဆက်ပါတယ်။ စစချင်း အဖွင့်မှာပဲ Teen အဖွဲ့က ဖျော်ဖြေပေးဖို့ LED မှာ သူတို့အဖွဲ့ရဲ့ နာမည်ကို ပြလိုက်တယ်ဆိုရင်ပဲ ပရိသတ်တွေက လက်ခုပ်တီးအားပေးခဲ့ကြပြီး ပျော်နေကြပါတယ်။

Teen အဖွဲ့ကလည်း အခုအချိန်အခါမှာ အဖွဲ့အနေနဲ့ မလှုပ်ရှားဖြစ်တော့ပေမဲ့ ဒီပွဲမှာတော့ သူတို့အဖွဲ့သားအစုံအလင်နဲ့ သူတို့နာမည်ကြီးခဲ့တဲ့ သီချင်းများကို ဖျော်ဖြေပေးခဲ့ကြပါတယ်။ အဲဒီနောက် Witch, Too Big, No, 102.7 FM တို့က တစ်ဖွဲ့ပြီးတစ်ဖွဲ့ သီဆိုပေးခဲ့ကြပါတယ်။ 102.7 FM အဖွဲ့မှာဆိုရင်လည်း အရင်တုန်းက ပါဝင်ခဲ့ကြတဲ့ ဖြိုးကြီး၊ အောင်ကောင်းထက်၊ ယုဇန



No အဖွဲ့ရဲ့ ဖျော်ဖြေတင်ဆက်မှု

www.burmeseclassic.com

www.burmeseclassic.com

တို့ သီဆိုပေးခဲ့ကြပါတယ်။ တစ်ချိန်က အောင်မြင်ခဲ့ပေမဲ့ စင်မြင့်ပေါ်မှာရော၊ အပြင်မှာပါ မတွေ့ဖြစ်တာကြာ ပြီဖြစ်တဲ့ အောင်ကောင်းထက်က သီချင်းတွေကို အကောင်းဆုံး သီဆိုပေးခဲ့ပါတယ်။

Examplez အဖွဲ့ဆိုရင်လည်း သူတို့ရဲ့ ၁၅ နှစ်ပြည့် လုပ်ဖို့တောင် ညှိလို့မရပေမဲ့ ဒီပွဲမှာတော့ တက်တက်ကြွကြွနဲ့ အားလုံးပါဝင်ခဲ့ကြပါတယ်။ Examplez လို့ LED မှာ စာတန်းထိုးလိုက်တယ်ဆိုရင်ပဲ ပရိသတ်များက လက်ခုပ်သံတွေနဲ့ အော်ဟစ် ကြိုဆိုခဲ့ကြပါတယ်။ ပရိသတ်တွေ အများကြီးကို ဖျော်ဖြေပေးရတာဖြစ်လို့ အဆိုတော်တွေကလည်း အားတွေမာန်တွေရပြီး အရင်ကလိုပဲ အားရပါးရ ဖျော်ဖြေပေးကြပါတယ်။

အားလုံးကတော့ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ကို သီချင်းတွေနဲ့ ရောက်ရှိသွားကြပြီး ပြန်ငယ်သွားသလို ခံစားခဲ့ကြရပါတယ်။ နှစ်တွေကြာခဲ့ပြီ ဖြစ်ပေမဲ့ ပရိသတ်များက သူတို့ကြိုက်ခဲ့တဲ့ သီချင်းတွေကို အခုချိန်ထိ မမေ့ကြသေးဘဲ လိုက်ပါသီဆိုအားပေးနေကြတာ တွေ့ခဲ့ရပါတယ်။ အဆိုတော်တွေကတောင် သူတို့သီချင်းအချို့ကို မေ့နေပြီဖြစ်လို့ တော်တော်လေး ပြန်ကျက်ထားရသလို တချို့ကျတော့လည်း ဖုန်းလေးဖွင့်ပြီး သီချင်းစာသားကိုကြည့်ကာ ဆိုနေကြတာ ဖြစ်ပါတယ်။ အားလုံး အံ့ဩသွားတဲ့ အစီအစဉ်ကတော့



Kook အဖွဲ့ရဲ့ဖျော်ဖြေတင်ဆက်မှု



102.7 FM အဖွဲ့ရဲ့ဖျော်ဖြေတင်ဆက်မှု



www.burmeseclassic.com

www.burmeseclassic.com



Too Big အဖွဲ့သားများ



ငယ်ငယ်နဲ့ ဇေယျာသော်



စိုင်းစိုင်းခမ်းလှိုင်နဲ့ ကောင်းမြတ်



ရန်ရန်ချမ်းနဲ့ Rဇာနည်



102.7 FM အဖွဲ့သားများ

www.burmeseclassic.com

www.burmeseclassic.com



သက်အောင်၊ ဖြိုးကြီး၊ ကောင်းမြတ်၊ မျိုးကျော့မြိုင်၊ စိုင်းစိုင်းခမ်းလှိုင်နဲ့ အနဂ္ဂ

ကြေညာထားတဲ့အထဲမှာမပါပေမဲ့ စိုင်းစိုင်းခမ်းလှိုင်နဲ့ သူငယ်ချင်းတွေဖြစ်ကြတဲ့ ကောင်းမြတ်၊ နန္ဒစိုင်း၊ ငယ်ငယ်တို့က လာရောက်အားဖြည့် ဖျော်ဖြေပေးသွားကြတာပဲ ဖြစ်ပါတယ်။ ကြားထဲမှာ Kook, Theory အဖွဲ့တွေကလည်း ဖျော်ဖြေပေးပါတယ်။ Theory အဖွဲ့မှာ ဘာဘူ၊ သားစိုးတို့အပြင် မဆိုဖြစ်တာကြာပြီဖြစ်တဲ့ ကွိကွိလည်း ပါလာပါတယ်။

အားလုံးမျှော်လင့်နေကြတဲ့အဖွဲ့ကတော့ Acidအဖွဲ့ပဲ ဖြစ်ပါတယ်။ Acidမှာဆိုရင်လည်း အနဂ္ဂနဲ့ ရန်အောင်ချမ်းတို့အပြင် အမတ်မင်းဖြစ်နေပြီဖြစ်တဲ့ ဇေယျာသော်ပါ လာရောက်အားဖြည့် သီဆိုသလို အရင်က Acidမှာ ပါဝင်ခဲ့ဖူးတဲ့ Rဇာနည်လည်း လာရောက်ဖျော်ဖြေပေးခဲ့ပါတယ်။ သီချင်းတွေကလည်းကောင်း၊ လူတွေကလည်းစုံတဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပြီး လူစည်ကားတဲ့၊ အောင်မြင်တဲ့ Hip Hop Show ဖြစ်ခဲ့ပါတယ်။

ပွဲအောင်မြင်တဲ့ အလျောက် နောက်ထပ်လည်း ဒီပွဲမျိုးထပ်မံ ကျင်းပပေးပါဦးလို့ ပရိသတ်များရဲ့ တောင်းဆိုသံများလည်း ကြားခဲ့ရပါတယ်။


■ **လင်းနိုင်ဦး**



နန္ဒစိုင်း၊ စိုင်းစိုင်းခမ်းလှိုင်နဲ့ ကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# သမီးရဲ့တစ်ကိုယ်တော်အခွေအတွက် အချိန်ယူ အားထည့်လုပ်ပေးနေတဲ့ ဂရေဟမ်

**လင်းနိုင်ဦး**

ဂီတလောကမှာ နှစ်ပေါင်းများစွာ ရပ်တည်အောင်မြင်လာခဲ့ပြီး ယခုထက်တိုင်လည်း အောင်မြင်နေဆဲ အဆိုတော် ဂရေဟမ်ကို ရွှေအမြုတေ ပရိသတ်များအတွက် သူ့ရဲ့ အနုပညာလုပ်ရှားမှုများနဲ့ ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဂရေဟမ် ဩဇီကနေ ပြန်ရောက်လာတာ ဘယ်လောက် ကြာသွားပြီလဲ။**

အခုဆိုရင် ပြန်ရောက်တာ နှစ်နှစ်ကျော်လောက် ရှိသွားပါပြီ။

**အရင်တုန်းက သီချင်းဆိုရတာနဲ့ အခုဆိုရတာ ဘာကွာသွားတယ်လို့ ပြောမလဲ။**

အခုကတော့ အရင်ကထက်ဆိုလို့ ပိုကောင်းပါတယ်။ ဆိုလို့ ပိုကောင်းတယ်ဆိုတာက ဝိုင်းရော၊ စက်ပစ္စည်းတွေရော ပိုပြီး တိုးတက်လာတယ်။ အင်တာတိန်နာလို့ ခေါ်လို့ရတဲ့ အဆိုတော်တွေကလည်း ပြင်ပြင်ဆင်ဆင် လုပ်လာတယ်။ အကတွေ ဘာတွေနဲ့ တွဲဖက်တင်ဆက်လာတယ်။ ဆက်တင် အပြင်အဆင်ဆိုရင်လည်း ပိုပြီး တိုးတက်ပြောင်းလဲလာတယ်။ LED တွေ၊ ဘာတွေနဲ့ ဖွယ်ဖွယ်ရာရာ လုပ်လာကြတော့ အားလုံးကို ခြုံကြည့်ရင် ပိုတောင် တိုးတက်လာတယ်လို့ မြင်ပါတယ်။ စက်တွေကောင်းတော့ ပိုလည်း ဆိုလို့ ကောင်းလာတယ်။

**ဂရေဟမ်ဆိုရင်လည်း ကိုယ့်စတိုင်နဲ့ကိုယ်နေခဲ့တယ်။ ဒီဘက်ခေတ်ရောက်တဲ့အခါ အနုပညာသမားအတွက် ဖက်ရှင်က ဘယ်လောက် အရေးပါလာလဲ။**

ဖက်ရှင်နဲ့ မပြောခင် နံပါတ်တစ်ကတော့ အဆိုကောင်းဖို့လိုတယ်။ယောကျ်ားလေးဆိုတော့ တီရှပ်လေးပဲ ကောက်ဝတ်လိုက်၊ ဂျင်းဘောင်းဘီဝတ်လိုက်လည်း အိုကေပါတယ်။ ဖက်ရှင်ကို ဝါသနာမပါတဲ့ သူ့အတွက်တော့အဆိုကောင်းနေရင် ဘာမှ ပြဿနာမရှိဘူး။ မပါမဖြစ်ကြီးလည်း မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဖက်ရှင်လေးကို ဂရုစိုက်ပြီး ဝတ်ချင်တယ်ဆိုတဲ့ သူ့အတွက်ကတော့ ဝတ်လိုက်ရင် ပိုကောင်းသွားတာပေါ့။ စတိုက်ရှိုး လာ





www.burmeseclassic.com

www.burmeseclassic.com

ကြည့်တယ်ဆိုတာ သီချင်းနားထောင်ရုံသက်သက် မဟုတ်ဘူး၊ စတိုင်လေးပါလှနေတော့ ပိုကောင်းတာပေါ့။ သူ့ပင်ကိုစတိုင်လည်း ရှိတာပေါ့။ ကုတ်အင်္ကျီဝတ်တယ်ဆိုရင်လည်း စတိုင်တစ်မျိုးပေါ့။ ကျွန်တော့်အနေနဲ့ ဖက်ရှင်ကို အားမသန်ပေမဲ့ အလျှဉ်းသင့်သလို လှအောင်တော့ ဝတ်ပါတယ်။



**ဂရေဟမ်က ဝစ်စကုတ်ကို အမြဲတမ်းဝတ်တာ စတိုင်လား၊ ဖက်ရှင်လား။**

အရင်တုန်းကတော့ သိပ်ကြီး မဝတ်ဖြစ်ပါဘူး။ အခုနောက်ပိုင်းမှာ ဓာတ်ကျပြီး အမြဲလိုလို ဝတ်ဖြစ်နေတာပါ။ ကျွန်တော်က ငယ်ငယ်လေးကတည်းက ကုတ်အင်္ကျီတွေကို ကြိုက်တာ။ ဝတ်လည်း ဝတ်တယ်။ တောင်ကြီးမှာကတည်းကပါ။

**လောလောဆယ်မှာ ဂီတနဲ့ပတ်သက်ပြီး ဘာတွေ လုပ်ဖြစ်နေလဲ။ ဘာတွေ လုပ်ထားလဲ။**

အခုကတော့ သမီးနဲ့ *Wake Up Daddy!* အခွေ ထွက်ထားတယ်။ DVDပေါ့။ CD နဲ့တော့ နှစ်နှစ်လောက် ခြားသွားတယ်။ ရိုက်ရင်း ရိုက်ရင်းပွဲတွေဆိုရင်း မအားတာလည်းပါတာပေါ့။ ကောင်းအောင် လုပ်နေတာလည်းပါတယ်။ စိတ်တိုင်းကျလည်း ဖြစ်ချင်တယ်။

**ဂရေဟမ်က အရင်ကထက် အနုပညာအလုပ် ပိုလုပ်နေရတာလား။ နိုင်ငံခြားထွက်သွားပြီး ပြန်လာတဲ့အချိန် အသင့်အတင့်ပဲ လုပ်နေရတာလား။**

အလုပ်ကတော့ ပိုများပါတယ်။ ပိုများတယ်ဆိုတာ ပုံသဏ္ဌာန်တွေတော့ ပြောင်းသွားတာပေါ့။ အရင်တုန်းက ကျတော့ ကြော်ငြာသီချင်း၊ ရုပ်ရှင်သီချင်း၊ စုံတွဲခွေ၊ အတွဲခွေ၊ စုပေါင်းစပ်ပေါင်းခွေ၊ ပြန်ဆိုခွေတွေမှာ မနားရလောက်အောင် ဆိုရတယ်။ တော်တော်ကို ဆိုခဲ့ရတာ။ အခုကျတော့ အဲဒါမျိုးမဟုတ်တော့ဘူး။ အခုကျတော့ ရှိုးပွဲတွေများတယ်။ ကုမ္ပဏီပွဲတွေ ဆိုရတာများတယ်။ အခွေကျတော့ နည်းသွားတာပေါ့။ စုပေါင်းစပ်ပေါင်းခွေကျတော့ ကျွန်တော်တို့အရွယ်လောက်မှာ မရှိသလောက်ဖြစ်သွားပြီ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ် သွင်းကြ၊ ထုတ်ကြပေါ့။ လူငယ်တွေကလည်း ကိုယ့်ပိုက်ဆံနဲ့ ကိုယ် ထုတ်နေကြတော့ တစ်နှစ်မှာ ၃၆၅ ရက်ရှိတာ အခွေပေါင်း ၃၀၀ လောက်ကို ထွက်တာဆိုတော့ ဒီအခွေကြောင့် ပိုက်ဆံတော့ မရကြဘူး။ ဖောင်းပွပြီး အခွေကတော့ ထွက်နေကြတာပဲ။ ကျွန်တော်တို့ခေတ်တုန်းကတော့ အခွေတိုင်းလိုလို ပိုက်ဆံရတယ်။ နောက်ဆုံး အရင်းရတယ်။ အောင်မြင်တယ်။ စုပေါင်းစပ်ပေါင်းခွေ ဆိုရင်လည်း အရင်းအတွက်က ပူစရာမလိုဘူး။ အဲဒီလိုလေးတွေတော့ ပြောင်းလဲသွားတာပေါ့။ ဒါပေမဲ့ ပွဲတွေကဆိုရတာ ပိုများလာတယ်။

**တစ်ကိုယ်တော်အခွေက ဘယ်တော့ထွက်နိုင်မလဲ။**

သမီးနဲ့အခွေ လုပ်လိုက်တာ တော်တော်လေးလည်း ကြာသွားတယ်။ ရိုက်ထားတာလည်း ဒီနေ့ခေတ် နာမည်ကြီး ဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေနဲ့ရိုက်ပေးခဲ့တယ်။ သုံးပေါင်၊ ဝင်းလွင်ထက်၊ ဇာကြီး၊ အောင်မြတ်၊ MRTV-4 က ဆရာလူတို့ အဖွဲ့တွေလည်းပါတယ်။ သမီး ပန်းရောင်ကိုယ်တိုင်လည်း သူရေးထားတဲ့ သီချင်းနှစ်ပုဒ်ကို ကိုယ်တိုင်ဒါရိုက်တာလုပ်ပြီး ရိုက်ပေးထားတယ်။ သူ့ Idea နဲ့ အစအဆုံး ရိုက်ထားတာပါ။ သီချင်းစာအုပ်ကိုလည်း အကောင်းဆုံးလုပ်ထားတယ်။ နိုင်ငံခြားမှာလုပ်ကြသလိုပေါ့။ တစ်လလောက် အချိန်ယူပြီး ကောင်းအောင်လုပ်လိုက်တာ တစ်အုပ်ကို အရင်းပဲ ၁၅၀၀ လောက် ကုန်ကျသွားတယ်။ အဲဒါကြောင့် တစ်ကိုယ်တော်ခွေကို ချက်ချင်းမလုပ်နိုင်သေးဘူးဖြစ်နေတယ်။ ဒီအခွေမှာ အားထည့်လိုက်လို့လည်းပါတာပေါ့။ အဟောင်းထဲက အကောင်းတွေပြန်စုပြီး လုပ်တာ ပိုဖြစ်နိုင်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအခွေ DVD ထွက်အောင် တော်တော် လုပ်လိုက်ရတယ်။ သမီးရဲ့တစ်ကိုယ်တော်ခွေ စ၊ တော့မှာမို့လို့ အဲဒီအခွေအတွက် အားစိုက်ပြီး လုပ်ပေးရမှာဖြစ်လို့ပါ။ သမီးရဲ့ တစ်ကိုယ်တော်အတွက် သီချင်းအသစ်တွေ စပြီးလုပ်နေပါပြီ။ ဒီနှစ်အတွင်း ထွက်နိုင်မယ်ထင်ပါတယ်။

**ကိုဂရေဟမ်က သမီး ပန်းရောင်ခြယ်ကို အနုပညာလောကထဲ တွန်းပို့ခဲ့တာလား၊ ဒါမှမဟုတ် သူ့ဟာသူ လုပ်ချင်လို့လား။ အမေရဲ့ဗီဇ ပါလာလို့လား။**



www.burmeseclassic.com

www.burmeseclassic.com

အနုပညာဗီဇလို့ ပြောလို့ရပါတယ်။ သူတို့က နားလည်း တအားယဉ်တယ်။ ဩစတြေးလျမှာ ကျောင်းတက်တော့လည်း ကျောင်းမှာလည်း ဆိုဖြစ်တယ်။ ဘယ်လိုဆိုဆို ကီးက တည့်နေတာပဲ။ သမီးနှစ်ယောက်စလုံးက မျိုးရိုးဗီဇပါတယ်။ နားလည်းယဉ်တယ်။ သီချင်းလည်း တအားနားထောင်တဲ့သူတွေဆိုတော့ အနုပညာဗီဇ ပါလာလို့ သီချင်းဆိုချင်ကြတယ်။ ကျွန်တော် အတင်းလုပ်ခိုင်းတာမျိုး မဟုတ်ပါဘူး။ အခုလည်း သူ့တစ်ကိုယ်တော်အခွေ မလုပ်ပေးခင်မှာ ကျွန်တော်က တစ်ကိုယ်တော်အခွေ မထွက်တာ ၁၀ နှစ်ရှိပြီ။ ထွက်တဲ့အခွေမှာ သမီးနဲ့ စုံတွဲတစ်ပုဒ်ထည့်မယ်။ ပြီးတော့ သူတစ်ယောက်တည်းလည်း သုံး,လေးပုဒ် ပေးဆိုလိုက်တာ။ အဲဒီမှာ ပရိသတ်က သူ့ကိုအရမ်းအားပေးကြပါတယ်။

**ကြားရသလောက်ဆိုရင် ပန်းရောင်ခြယ်ကို အဆိုတော်တွေထဲက နာမည်ရတဲ့သူတွေတောင် စုံတွဲဆိုဖို့ ကမ်းလှမ်းလာတယ်လို့ သိရတယ်။ ဒါကို ဘယ်လိုခံစားရလဲ။ ပန်းရောင်ခြယ်နဲ့ လုပ်ထားတယ်တို့၊ ပန်းရောင်ခြယ်နဲ့ ဆိုမယ်လို့ ကြားနေရလို့ပါ။**

အတွဲတွေဆိုဖို့အတွက် ပြောထားတာတွေ အများကြီးပါပဲ။ စုံတွဲ ဆိုချင်တယ်လို့ အဆိုတော်အသစ်တွေရော၊ အဟောင်းတွေရော ပြောလာတာ ရှိပါသေးတယ်။ ခင်မင်ရင်းနှီးမှုနဲ့ ပတ်သက်မှုလည်း ရှိတယ်၊ ထောက်ထားစရာတွေလည်း ရှိတော့ ဆိုပေးဖြစ်ပါတယ်။ သမီးကိုယ်တိုင်ကတော့ သိပ်မဆိုချင်ဘူး။ သူ့တစ်ကိုယ်တော်အခွေပဲ လုပ်နေမိလို့ပါ။ ဒါပေမဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းနဲ့ ဆိုပေးဖြစ်နေတာပါ။ စုပေါင်းထွက်မယ့် အခွေတွေလည်း ရှိပါတယ်။

**ဂရေဟာမ်က သင်္ကြန်သီချင်း အများကြီး ဆိုခဲ့ရတယ်နော်။ ဘယ်နှစ်လောက်ကတည်းက ဆိုဖြစ်ခဲ့တာလဲ။**

ကျွန်တော်တို့ စ,ဆိုဖြစ်တာက ခင်စံပယ်ဦးကထုတ်တဲ့ *နှစ်သစ်မင်္ဂလာ* အခွေပါ။ ၂၀၀၁ ခုနှစ်လောက်က ဖြစ်မယ်ထင်တယ်။ *နှစ်သစ်မင်္ဂလာ* ၁၊ ၂၊ ၃၊ ၄ လေးခွေ ဆိုခဲ့ရတယ်။ နောက်ပိုင်း သင်္ကြန်သီချင်းကောင်း သိပ်မကျန်တော့သလောက် ဖြစ်သွားတယ်။ သင်္ကြန်သီချင်းကိုတော့ ပရိသတ်လည်းအားပေးကြတယ်။ နှစ်စဉ် သင်္ကြန်ရောက်တိုင်းလည်း ရောင်းရတယ်ပေါ့။

**ဂရေဟာမ်က ဒီနှစ်အတွက် သင်္ကြန်သီချင်းဆိုပေးထားသေးတယ် မဟုတ်လား။**

ဟုတ်ပါတယ်။ ကိုစိုးလင်း စီစဉ်တဲ့ အခွေမှာ *ယိမ်းသမလေး* သီချင်းကို ပြန်ဆိုပေးထားတယ်။ မြန်မာဆိုတော့ သင်္ကြန်ရောက်ရင် ပျော်တယ်။ သင်္ကြန်ရောက်တော့မယ်ဆိုရင် သင်္ကြန်သီချင်းဆိုချင်တယ်၊ ပျော်လို့ ဆိုတာပါလို့ ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



# ပဲရစ္စဂျက်ဆင်နှင့် တွေ့ဆုံခြင်း

ပဲရစ္စမိုက်ကယ်လ်
ကက်သရင်းဂျက်ဆင်ဟာ
တစ်ချိန်က ထင်ရှား
ကျော်ကြားခဲ့သူတစ်ယောက်ရဲ့
ရုပ်အလောင်းပုံကို
သေသေချာချာ စိုက်ကြည့်ရင်း
'ဒါက မာရီလင်မွန်ရိုးပဲ' လို့
ခပ်တိုးတိုး ရေရွတ်လိုက်ပါတယ်။
သူမျက်နှာမူထားရာ
နံရံပေါ်မှာက သေဆုံးရတဲ့အကြောင်း
ရင်းရှာဖွေဖို့ ရင်ခွဲစစ်ဆေးထားတဲ့
ရုပ်အလောင်းဓာတ်ပုံတွေ
အပြည့်ကပ်ထားတာပါ။
'ပြီးတော့ ဒီပုံက JFK.
(အမေရိကန်သမ္မတဟောင်း)
ဒီပုံကို အင်တာနက်ပေါ်မှာတောင်
ရှာမတွေ့နိုင်ဘူးလေ။'
နိုဝင်ဘာလနှောင်းပိုင်းရဲ့
ကြာသပတေးနေ့
နေ့လယ်ခင်းတစ်ခုမှာ
ပဲရစ္စက Museum of Death လို့ခေါ်တဲ့
မရဏ ပြတိုက်ထဲမှာ
လှည့်လည်ကြည့်ရှုနေတာပါ။
အဲဒီပြတိုက်က Hollywood
Boulevard လမ်းမပေါ်မှာရှိပြီး
လူသေရုပ်အလောင်းတွေ
မပုပ်မသိုးအောင် ဆေးစိမ်ရာမှာ
သုံးတဲ့ ဖော်မယ်လ်ဒီဟိုက်
အနံ့တွေကြောင့်
ထိတ်လန့်ချောက်ချားစရာ
အသွင်ဆောင်နေတဲ့
ဝက်ပါ ပြတိုက်ငယ်တစ်ခု
ဖြစ်ပါတယ်။ ဒီပြတိုက်မှာ
ခေါင်းဖြတ်ထားတဲ့ဓာတ်ပုံတွေ၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူသတ်ဇာတ်ကားတွေ၊ ကွင်းဆက်လူသတ်သမား အမှတ်တရပစ္စည်းတွေနဲ့ ပြည့်နှက်နေတာကြောင့် ဒီကိုလာပြီး လေ့လာကြတဲ့ ဧည့်သည်တွေမှာ မူးမေ့အော့အန်ကြရတဲ့အဖြစ်တွေဟာလည်း ဆန်းလှတယ်လို့ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ဆယ်ကျော်သက်ဝင်ခါစက စိတ်လှုပ်ရှားခံစားမှုမျိုးတွေ သိပ်ပြီး မကင်းသေးတဲ့ ပဲရစ္စကတော့ ဒီပုံတွေကို မြင်ရတွေ့ရတာဟာ သူ့အတွက် စိတ်သက်သာရာရနေသလိုပါပဲ။ ဒီတစ်ခေါက်ဟာ ဒီပြတိုက်ကို ကိုးကြိမ်မြောက်လာရောက်ခြင်းလည်း ဖြစ်ပါတယ်။ 'ကြောက်တော့ ကြောက်စရာကြီးပဲ'။ ပဲရစ္စက လမ်းလျှောက်ထွက်လာရင်း ပြောတာပါ။ 'သူတို့မှာ တကယ့်လျှပ်စစ်ကုလားထိုင်နဲ့ ခေါင်းပြတ်အစစ်ကြီးလည်း ရှိတယ်'။

ပဲရစ္စဂျက်ဆင်ဟာ ပြီးခဲ့တဲ့နှစ် ဧပြီလထဲမှာ အသက် ၁၈ နှစ် ပြည့်ခဲ့ပါပြီ။ သူက ၂၁ ရာစုနှစ်ရဲ့ ကလေးငယ်စစ်စစ်ပါပဲ။ ဟစ်ပီပန့်ခ်ဖက်ရှင် ဝတ်စားဆင်ယင်ထားပြီး ဂီတရသကို ခံစားရာမှာတော့ နယ်နိမိတ် ကန့်သတ်မထားတတ်သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ အားကစား ဖိနပ်တွေပေါ်မှာ အဆိုတော် Mötley Crüe နဲ့ Aretie Monkeys တို့ရဲ့ သီချင်းစာသားတွေနဲ့ အလှဆင်ထားပြီး အမေရိကန် တေးရေးအဆိုတော် Alive Cooper ကိုလည်း သူက နှစ်သက်စွဲလမ်းပါတယ်။ သူက Alive Cooper ကို 'Bae'လို့ခေါ်တာပါ။ ပြီးတော့ တေးရေးအဆိုတော် Butch Walker, Nirvana ဂီတအဖွဲ့နဲ့ အဆိုတော် Justin Bieber တို့ကိုပါ မြတ်နိုးတဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူက အဖေတူသမီးလည်း ဖြစ်ပါတယ်။ 'လူတစ်ယောက်အနေနဲ့ အရိုးခံအတိုင်း ပြောရရင် ပဲရစ္စဟာ ဖေဖေနဲ့ ချွတ်စွပ်ပါပဲ'လို့ အစ်ကို ဖြစ်သူ Prince Michael Jackson က ပြောပြပါတယ်။ 'မတူတာဆိုလို့ အသက်အရွယ်နဲ့ မိန်းကလေး ဖြစ်နေတာပဲ ရှိတယ်'။ ပဲရစ္စက ဖခင်ဖြစ်သူနဲ့ ရုပ်ချင်းတူရုံ



www.burmeseclassic.com

www.burmeseclassic.com

သာမက သူ့အားသန်တဲ့အချက်အားလုံးနဲ့ အားနည်းတဲ့အချက်အားလုံးနီးပါးအထိပါ တူတာဖြစ်ကြောင်းလည်း Prince က ပြောပြပါတယ်။ 'ပဲရစ္စဟာ တပ်မက်စိတ် အရမ်းပြင်းထန်တယ်။ ဦးနှောက်ရဲ့ ဆုံးဖြတ်မှုအပေါ် ခံစားမှုကဖုံးလွှမ်းသွား

တယ်လေ။ ဒါ ပေမဲ့ တကယ်တမ်းမှာ ကုစားနိုင်တာ မဟုတ်ပါဘူး။ အဲဒီခံစားချက်ကို အလေ့အထ ရသွားတာပါ။ ကိုယ့်အတွက် တစ်ခုတည်းသော အရေးပါတဲ့အရာ ဆုံးရှုံးခဲ့ရတာပဲဆိုတဲ့ အသိနဲ့ ဘဝကို ရှင်သန်ရပ်တည်ခဲ့ရတယ်။ ရှေ့

က သူ့ရဲ့ ပခုံးညှပ်ရိုးနားမှာ FAITH, TRUST AND PIXIE DUST ဆိုတဲ့ စာတန်းကို ဆေးမင်ကြောင် ထိုးထားပါတယ်။ လက်ဖျံပေါ်မှာတော့ မိုက်ကယ်လ်ဂျက်ဆင်ရဲ့ *Dangerous* အယ်လ်ဘမ်မျက်နှာဖုံးက ရုပ်ပုံကို ထိုးနှံထားပြီး လက်ပေါ်မှာတော့ *Bad* အယ်လ်ဘမ်ရဲ့ Logo တံဆိပ်ကို ရေးထိုးထားတာပါ။ ပြီးတော့ QUEEN OF MY HEART ဆိုတဲ့ စာတန်းကိုလည်း ဘယ်ဘက်လက်ကောက်ဝတ်အတွင်းဘက်မှာ ဖခင်ဖြစ်သူရဲ့လက်ရေးအတိုင်း ရေးထိုးထားပါသေးတယ်။ ဒီစာသားက သူ့ဆီကို သူ့အဖေက ရေးပို့ခဲ့တဲ့ စာတစ်စောင်ထဲက စာသားပါ။ 'ဖေဖေဟာ ကျွန်မကို ပျော်ရွှင်စရာတွေချည်းပဲ ယူဆောင်ပေးခဲ့တာပါ။ အဲဒါကြောင့် ပျော်ရွှင်မှုတွေကို အမြဲအမှတ်ရနေစေမှာတွေကို ဘာဖြစ်လို့မထိုးရမှာလဲ'။

အဲဒီအပြင် ကွယ်လွန်သူ အဆိုတော်





စေနိုင်တဲ့ နေရာမျိုးမှာ သူဟာ အရမ်းစိတ်လှုပ်ရှား ခံစားတတ်တယ်'။

ပဲရစ္စရဲ့ ခန္ဓာကိုယ်ပေါ်မှာ တက်တူး ဆေးမင်ကြောင် အရုပ်ပေါင်း ငါးဆယ်ကျော်ရှိပြီး တချို့ကိုတော့ သူ့အရွယ်မရောက်ခင်ကတည်းက ထိုးနှံခဲ့တာပါ။ အဲဒီကတည်းက တက်တူးကိုးခုက ဖခင် မိုက်ကယ်လ်ဂျက်ဆင်ကို ချစ်တဲ့စိတ်နဲ့ ထိုးနှံခဲ့တာတွေပါ။ ဖခင်ဖြစ်သူ ဆုံးပါးသွားတဲ့အချိန်မှာ ပဲရစ္စဟာ အသက် ၁၁ နှစ်အရွယ်သာရှိပါသေးတယ်။ ဖခင်ဖြစ်သူ သေဆုံးမှုဟာ ပဲရစ္စနဲ့အတူ အစ်ကိုဖြစ်သူ Prince, မောင်အငယ်ဆုံး Blanket တို့ကို ပန်းချီကားတစ်ချပ်လို လှပတယ်လို့ သူတို့ထင်နေခဲ့တဲ့ ကမ္ဘာလေးထဲကနေ နှင်ထုတ်ခဲ့သလိုပါပဲ။ 'အချိန်က ကုစားသွားပါလိမ့်မယ်လို့ သူတို့ အမြဲပြောကြ

ဆက်ပြီးတော့ ဘယ်လောက်ဆိုးရွားတာကိုပဲ ကြုံရကြုံရ အတိတ်ကအဖြစ်လောက်တော့ ဆိုးစရာ မရှိဘူးပေါ့။ ဒီလိုနဲ့ပဲ အဲဒီလို အဖြစ်မျိုးတွေကို ကိုင်တွယ်ထိန်းသိမ်းတတ်လာခဲ့ရတာပါပဲ'။ ဖခင်ဖြစ်သူ မိုက်ကယ်လ်ဂျက်ဆင်ကို အခုထက်ထိ အိပ်မက်တွေထဲမှာ မြင်ယောင်နေမိတုန်းပဲလို့လည်း ပဲရစ္စကဆိုပါတယ်။ 'ကျွန်မအနားမှာ သူ တစ်ချိန်လုံးရှိနေတာကို ခံစားမိတယ်'။

ကိုယ့်ကိုယ်ကို ဘယ်တော့မှ အသက်ကြီးမလာတဲ့ လူပျိုတော်လေး Peter Pan အဖြစ် မှတ်ယူထားတဲ့ မိုက်ကယ်လ်ဂျက်ဆင်က သူ့ရဲ့ တစ်ဦးတည်းသော သမီးလေးကို **Peter Pan** ဇာတ်လမ်းထဲက နတ်သမီးလေး Tinker Bell လို့ ခေါ်ရတာကို နှစ်သက်သူပါ။ ပဲရစ္စ

တွေဖြစ်ကြတဲ့ John Lennon, David Bowie, သူ့ဖခင်နဲ့ ခေတ်ပြိုင် အဆိုတော် Prince တို့အပြင် Van Halen ရဲ့ နာမည်ကိုလည်း ဆေးမင်ကြောင် ထိုးနှံထားပါတယ်။ သူ့ရဲ့ နှုတ်ခမ်းအတွင်းဘက်မှာ MÖTLEY လို့ ရေးထိုးထားပြန်ပါတယ် (သူ့ချစ်သူမှာ CRÜE ဆိုတဲ့ စာတန်းကို သူနဲ့နေရာတူ အတွင်းနှုတ်ခမ်းမှာ ရေးထိုးထားတာပါ)။ ညာဘက် လက်ကောက်ဝတ်မှာတော့ အာဖရိကတိုက်ကနေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေဝယ် လာတဲ့ ကျောက်စိမ်းကြိုး လက်ကောက်လေး ဝတ် ထားပါတယ်။ မိုက်ကယ်လ် ဆုံးတဲ့အချိန်တုန်းက ဝတ်ထားတဲ့ လက်ကောက်လေး ပါ။ ပဲရစ္စရဲ့ အထိန်းတော်ကြီးက ချွတ်ယူထားပေးတာလေ။ 'လက်ကောက်လေးက ဖေဖေ့ရဲ့ ကိုယ်သင်းနံ့လေး စွဲနေတုန်းပဲ' လို့ ပဲရစ္စက ဆိုပါတယ်။

ပဲရစ္စရဲ့ စိမ်းပြာရောင် မျက်လုံးကြီးတွေဟာ ပြတိုက်ရဲ့ ဆွဲဆောင်မှုကောင်းလှတဲ့ ပြကွက်တစ်ခုချင်းစီကို မျက်နှာတစ်ချက် မပျက်စတမ်း ကြည့်လာလိုက်တာ သေဆုံးပြီးသား အိမ်မွေးတိရစ္ဆာန်တွေကို ရုပ်လုံးသွင်းပြထားတဲ့ နေရာ ရောက်တဲ့အထိပဲ။ 'ဒီအခန်းကို ကျွန်မ တကယ်မကြိုက်တာ' လို့ သူက နှာခေါင်းရှုံ့ရင်း ဆိုတယ်။ 'တိရစ္ဆာန်တွေနဲ့ ပတ်သက်လာရင်တော့ ကျွန်မက အကန့်အသတ်ထားတယ်။ ဒါမျိုး ကျွန်မ မလုပ်နိုင်ဘူးလေ။ ဒီလိုလုပ်တာက ကျွန်မ ရင်ကိုခွဲတာပါပဲ'။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဖခင်ဖြစ်သူ သယ်လာခဲ့တဲ့ 'ကင်ညာ'အမည်ရ လက်သရာဒေါ်မျိုး အိမ်မွေးခွေးတစ်ကောင်နဲ့ တည့်အောင်နေတတ်တဲ့ ခွေးဘီလူးပေါက်လေး 'ကိုအာ'ကို မကြာသေးခင်ကတင် ပဲရစ္စ ကယ်ဆယ်ခဲ့ရပါသေးတယ်။

လူတွေ သေကျေပျက်စီးရတာကို အမှတ်ရစေမယ့် ဂရပ်ဖစ်ပုံရိပ်တွေတောင်မှ သူ့ကို ကြောက်ရွံ့စိတ်မဖြစ်စေနိုင်ကြောင်း ပဲရစ္စက ပြောပြပါတယ်။ စိတ်ကျရောဂါဝင်ပြီး မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ ပဲရစ္စဟာ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း သူ့အသက် ၁၅ နှစ်အရွယ်မှာပဲ ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ပဲရစ္စဟာ လက်ကောက်ဝတ်ကို ဓားနဲ့လှီးခဲ့တဲ့အပြင် Motrin လို့ခေါ်တဲ့ အကိုက်အခဲပျောက်ဆေးတစ်မျိုးကို အလုံးနှစ်ဆယ်အထိ သောက်ပစ်ခဲ့တာပါ။ 'တကယ်တော့ ဒါက ကိုယ့်ကိုယ်ကို မုန်းတီးမှုသက်သက်ပဲ' လို့ သူက ဆိုတယ်။ 'ဒါဟာ ကိုယ့်ကိုယ်ကို တန်ဖိုးထား လေးစားမှု နိမ့်ကျတာ။ ငါဘာမှ ကောင်းအောင် မလုပ်နိုင်ဘူးလို့ တွေးပြီး ငါဟာ အသက် ဆက်ရှင်သန်ထိုက်သေးတယ်လို့ မတွေးတာပဲ ဖြစ်တယ်။ သူဟာ ကိုယ့်ကိုယ်ကို ဒုက္ခပြန်ပေးခဲ့ဖူးသူ၊ ကိုယ့်လက်ကောက်ဝတ်ကို ကိုယ်တိုင် လှီးဖြတ်ခဲ့သူ၊ မိသားစုအပေါ်မှာတောင် လျှို့ဝှက်ထားလိုသူ ဖြစ်ခဲ့ဖူးပါတယ်။ သူ့ကိုယ်ပေါ်က တချို့ တက်တူးတွေဟာ ဒဏ်ရာ အမာရွတ်တွေကို ဖုံးကွယ်ဖို့ဖြစ်သလို မူးယစ်ဆေးဝါး သုံးစွဲရာကနေ ရလာတဲ့ အမာရွတ်တွေကို ဖုံးကွယ်ဖို့ ဖြစ်တယ်လို့လည်း သူက ပြောပြပါတယ်။ အဲဒီကိစ္စ မတိုင်ခင်ကတည်းက သူကိုယ့်သူ သတ်သေဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးကြောင်း ပဲရစ္စက ရယ်ရယ်မောမော ပြောပြပါတယ်။ 'လူသိရှင်ကြား ဖြစ်သွားရတာကတော့ တစ်ခါတည်းပါ' လို့လည်း သူက ဆိုတယ်။ 'ဆေးရုံမှာက ဒါမျိုး သုံးကြိမ်ထက်ပိုပြီး လက်မခံတဲ့ ဥပဒေရှိတယ်လေ။ နောက်ဆုံးတစ်ကြိမ် ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားမှုအပြီးမှာတော့ နေအိမ်မှာပဲ မူးယစ်ဆေးဝါးအစွဲဖြတ်ဖို့ ကုသမှု ခံယူခဲ့တာဖြစ်ပါတယ်။

ဖခင်ဖြစ်သူ ရှိနေစဉ်တုန်းက အိမ်မှာပဲ ပညာသင်ခဲ့တဲ့ ပဲရစ္စဟာ ပုဂ္ဂလိက စာသင်ကျောင်းတစ်ကျောင်းမှာ ခြောက်တန်းကနေ စ,တက်ဖို့ရာ သဘောတူခဲ့ပါတယ်။ တကယ်တမ်းမှာတော့ သူ့အတွက် လုံးဝ အဆင်မပြေခဲ့ဘဲ 'အသက်ကြီးတဲ့ လူတော်တော်များများဟာ ရူးနှမ်းနှမ်းအလုပ်တွေ အများကြီး ပိုလုပ်တတ်တယ်' ဆိုတဲ့ အတွေးနဲ့ သူ့ကို လက်ခံကြတဲ့ ကလေးတွေနဲ့အတူ ကျောင်းလစ်တတ်လာခဲ့ပါတယ်။ 'အသက် ၁၃၊ ၁၄၊ ၁၅ နှစ် အရွယ်တွေ လုပ်လေ့မရှိတာ တော်တော်များများကို ကျွန်မက လုပ်ခဲ့တာလေ။ အရမ်း မြန်မြန်ကို လူကြီးဖြစ်အောင် ကြိုးစားခဲ့တာပေါ့။ တကယ်တော့ ကျွန်မက လူကောင်းတစ်ယောက် မဟုတ်ခဲ့ပါဘူး'။ ပဲရစ္စဟာ အင်တာနက်ပေါ်မှာလည်း အနိုင်ကျင့် ဗိုလ်ကျမှုတွေကို ရင်ဆိုင်ခဲ့ရပြီး အခုအထိလည်း အင်တာနက်ပေါ်မှာ မညှာမတာ မှတ်ချက်ရေးခံရတာမျိုးတွေနဲ့ ရန်းကန်နေရတုန်းပါပဲ။ 'လွတ်လပ်စွာ ပြောဆိုခွင့် ဆိုတာကြီးတစ်ခုလုံးက တကယ် ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ နိုင်ငံတော် အခြေခံဥပဒေ ရေးဆွဲခဲ့တဲ့ သူတွေဟာ အဲဒီဥပဒေရဲ့ ပြင်ဆင်ချက်တွေကို ရေးခဲ့ချိန်မှာ ဆိုရှယ်မီဒီယာဆိုတာကြီး တစ်နေ့ ပေါ်လာလိမ့်မယ်ဆိုတာ ကြိုတင်သိနိုင်ခဲ့မယ်လို့ ကျွန်မ မထင်ပါဘူး'။

ပဲရစ္စက လူသိမခံတဲ့ နောက်ထပ် စိတ်ဒဏ်ရာတစ်ခုလည်း ရှိပါသေးတယ်။ သူ့အသက် ၁၄ နှစ်အရွယ်မှာ အသက်တော်တော်ကြီးကြီး သူစိမ်းယောကျ်ားကြီးတစ်ယောက်ရဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားမှု ခံခဲ့ရတယ်လို့ သူက ဆိုပါတယ်။ 'အသေးစိတ်တွေ အများကြီးတော့ ပြောမနေချင်တော့ပါဘူး။ ဒါက ကောင်းတဲ့ အတွေ့အကြုံတစ်ခုလည်း မဟုတ်ဘူးလေ။ ပြီးတော့ ဒီကိစ္စက ကျွန်မအတွက် အင်မတန် ခက်ခဲပင်ပန်းခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဘယ်သူ့ကိုမှ ကျွန်မ ပြောမပြခဲ့ဘူး'။

နောက်ဆုံးတစ်ကြိမ် ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားမှုပြီးတဲ့နောက်မှာ ပဲရစ္စဟာ ယူတာပြည်နယ်က ကျောင်းအိပ်ကျောင်းစားလည်းနေ၊ စိတ်ဒဏ်ရာ ဝေဒနာရှင် လူငယ်တွေကို ဆေးလည်းကု၊ စာလည်း သင်ပေးတဲ့ ကျောင်းတစ်ကျောင်းမှာ အငယ်တန်း နှစ်ဝက်တက်တယ်။ အထက်တန်းကျောင်းလည်း တက်ခဲ့တယ်။ 'အဲဒီကျောင်းက ကျွန်မအတွက် တကယ်ကောင်းတဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ပါ'။ ပဲရစ္စက ပြန်ပြောပြတယ်။ 'အဲဒီကျောင်းမှာ ကျွန်မဟာ အရင်ကနဲ့ လုံးဝကွဲပြားခြားနားတဲ့သူတစ်ယောက် ဖြစ်လာခဲ့တယ်။ အဲဒီမတိုင်ခင်မှာတုန်းက ကျွန်မက ရှုးခဲ့တာပဲ။ တကယ့်ကို ရှုးတာ။ ကျွန်မဟာ ဆယ်ကျော်သက်တစ်ယောက်ရဲ့ စိုးရိမ်ထိတ်လန့်မှုလိုမျိုးတွေ အများကြီးကြားမှာ ဖြတ်သန်းခဲ့တယ်။ စိတ်ကျရောဂါနဲ့ ကျွန်မရဲ့ ထိတ်လန့်တုန်လှုပ်မှုတွေကို ဘယ်သူ့ အကူအညီမှ မပါဘဲ ရင်ဆိုင်ခဲ့တယ်။ 'ဖခင်ဖြစ်သူဟာလည်း စိတ်ကျဝေဒနာကို ရုန်းကန်ရင်ဆိုင်ခဲ့ရတာပဲလို့ ပဲရစ္စကပြောပါတယ်။ သူဟာ တစ်ချိန်က ဖခင်ဖြစ်သူသောက်ခဲ့တဲ့ စိတ်ကျရောဂါပျောက်ဆေးတွေကို ဆရာဝန်ရဲ့ ညွှန်ကြားချက် မပါဘဲ သုံးစွဲခဲ့တယ်။

အခုတော့ အရက်လည်းပြတ်ပြီး တစ်ခါမှ မပျော်ခဲ့ဖူးတဲ့ အပျော်မျိုးနဲ့ ပျော်ရွှင်နေရပါပြီ။ ပရုတ်အေးစီးကရက်လေး သောက်တတ်တာလောက်တော့ ကျန်သေးတာပေါ့။ ပဲရစ္စဟာ အသက် ၁၈ နှစ်ပြည့်ပြီး မကြာခင်မှာပဲ ဘွားအေဖြစ်သူ ကက်သရင်းရဲ့အိမ်ကနေ ပြောင်းရွှေ့ခဲ့တယ်။ ဖခင်ဖြစ်သူ မိုက်ကယ်လ်ဂျက်ဆင်နေခဲ့တဲ့ စံအိမ်ဆီကိုပြောင်းခဲ့တာပါ။ သူက အသက် ၂၆ နှစ်အရွယ်ရှိ ဒရမ်တီးခတ်သူ ဂီတသမား Michael Snoddy ကို ချစ်သူအဖြစ် လက်တွဲခဲ့ပါတယ်။ Snoddy က Street Drum Corps ဂီတအဖွဲ့မှာ Percussion တီးခတ်သူ ဗာဂျီးနီးယားပြည်နယ်သားတစ်ယောက် ဖြစ်ပါတယ်။ 'ဂီတရဲ့ အရသာကို ခံစားရသလိုမျိုး၊ သူ့လောက် ကျွန်မစိတ်ကို ခံစားမှုပေးနိုင်သူကို အရင်တုန်းက တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး'လို့ ပဲရစ္စက ပြောပြပါတယ်။ သူတို့နှစ်ယောက် စ,တွေ့ကြခါစမှာ ဂျက်ဆင်မိသားစုက Snoddy အပေါ် သံသယတချို့ရှိခဲ့ပါတယ်။ 'ဒါပေမဲ့ သူ့အကြောင်းကို ပိုသိလာတာနဲ့အမျှ သူဟာ လူကောင်းတစ်ယောက်မှန်း သိလာခဲ့ရတယ်'လို့ ပဲရစ္စက ဆိုပါတယ်။

၂၀၁၅ ခုနှစ်အတွင်း အထက်တန်းကျောင်း အောင်မြင်ပြီးတဲ့အခါမှာ ဒေသတွင်း ကောလိပ်ကျောင်းတစ်ကျောင်းမှာ တက်ရောက်ဖို့ ကြိုးစားခဲ့ပေမဲ့ အဆင်မပြေခဲ့ပါဘူး။ ဒါကို ပဲရစ္စက သိပ်ပြီး ခံစားမနေခဲ့ဘူးလေ။ သူက ဖခင်ဖြစ်သူ ချန်ထားရစ်ခဲ့တဲ့ ကြွယ်ဝမှုတွေကို အမွေခံရမယ့်သူတစ်ယောက်ပါ။ Michael Jackson Family Trust လို့ခေါ်တဲ့ အမွေထိန်းအဖွဲ့မှာ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော် ရှိတာပါ။ ဒါပေမဲ့ သူက ကိုယ်ပိုင်ဝင်ငွေ ရှိချင်သေးတာ။ အခုဆို သူက ဥပဒေကြောင်းအရ လူကြီးတစ်ယောက်အဖြစ် တရားဝင်ဖြစ်လာပါပြီ။ သူနောက်ထပ် ထွေးပွေ့ရယူချင်တဲ့ အမွေတစ်ခုကတော့ ကျော်ကြားတဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ဖို့ပါပဲ။

ကမ္ဘာပေါ်မှာ ရှင်သန်နေထိုင်ခဲ့သမျှ လူတွေထဲမှာ အကျော်ကြားဆုံးတွေထဲက တစ်ယောက်ရဲ့ သမီးဖြစ်တဲ့ နှစ်လိုဖွယ်ရာ အလှမယ်လေး ပဲရစ္စရဲ့ အဆုံးသတ် ရွေးချယ်မှုက ဘာပါလဲ။ အခုအချိန်မှာ သူဟာ မော်ဒယ်လ်တစ်ယောက်ဖြစ်သလို မကြာခင်မှာပဲ သရုပ်ဆောင်တစ်ယောက် ဖြစ်လာဦးမှာပါ။ ထုတ်လုပ်သူ ဒါရိုက်တာတစ်ယောက်ဖြစ်တဲ့ Lee Daniels က FOX ရုပ်/သံ





www.burmeseclassic.com

www.burmeseclassic.com

**အတွက် ရိုက်ကူးမယ့် Star အစည်းရုံး/သံအစီအစဉ်မှာ ပဲရစ္စပါဝင်သရုပ်ဆောင်ပေးဖို့ မကြာသေးခင်ကပဲ ပဲရစ္စရဲ့ မန်နေဂျာဖြစ်သူနဲ့ တွေ့ဆုံညှိနှိုင်းထားပြီး** ဖြစ်ပါတယ်။ ပဲရစ္စက တူရိယာပစ္စည်း တချို့ကိုလည်း တီးခတ်တတ်ပြီး သီချင်းတွေ ရေးလည်းရေး၊ ဆိုလည်းဆိုတတ်ပါတယ်(ပဲရစ္စက စာရေးသူကို Acoustic ဂစ်တာတစ်လက်နဲ့ သီချင်းနှစ်ပုဒ်သီဆိုတီးခတ်ပြပါတယ်။ သူ့သီချင်းတွေက ဖခင်ဖြစ်သူ မိုက်ကယ်လ်ဂျက်ဆင်ရဲ့ ပုံစံထက် အဆိုတော် Laura Marlingရဲ့ ဟန်တွေ ပိုပြီး လွှမ်းမိုးနေတာ တွေ့ရပါတယ်။)။ ဒါပေမဲ့ ဓာတ်ပြားတိုက်တစ်တိုက်နဲ့ စာချုပ်တွေ ဘာတွေ ချုပ်ပြီး အဆိုတော် လုပ်၊ မလုပ် ဆိုတာတော့ အသေအချာ မပြောတတ်ပါဘူး။

မော်ဒယ်လ်အလုပ်ကတော့ သူ့ကို စိတ်ချမ်းသာစေနိုင်တာ သူတွေ့ခဲ့ပါတယ်။ 'ကျွန်မက ကိုယ့်ကိုယ်ကို လေးစား တန်ဖိုးမထားတတ်တဲ့ ပြဿနာကို အချိန်အတော်ကြာ ရင်ဆိုင်ခဲ့ရသူပါ'လို့ သူကဆိုတယ်။ အသက် ၁၂ နှစ်အရွယ်မှာ အင်တာနက်ပေါ်က သူ့ရဲ့ အရုပ်ဆိုးဆိုးပုံကို မြင်တွေ့မိပြီးနောက် ပလတ်စတစ် ဆာဂျရီနည်းနဲ့ ခွဲစိတ်ကုသမှုခံယူခဲ့တဲ့ ဖခင်အပေါ် ပဲရစ္စ နားလည်ပေးနိုင်ပါတယ်။ 'လူတော်တော်များများက ကျွန်မကို ရုပ်ဆိုးတယ်လို့ ထင်ကြတယ်။ ရုပ်မဆိုးဘူးလို့ ထင်ကြတဲ့သူတွေလည်း အများကြီးပါ။ ဒါပေမဲ့ မော်ဒယ်လ်အလုပ်ကို လုပ်တဲ့အခါမှာတော့ ကိုယ့်ကိုယ်ကို မလေးစား တန်ဖိုးမထားတဲ့ ပြဿနာကို မေ့ထားလိုက်ပြီး ဓာတ်ပုံဆရာက ကိုယ့်ကို ဘာတွေပြောနေသလဲ ဆိုတဲ့အပေါ်မှာပဲ အာရုံစိုက်ထားလိုက်တယ်လေ။ ကိုယ့်ကိုယ်ကိုလည်း လှတယ်လို့ စိတ်ထဲမှာ ခံစားရတာပေါ့။ အဲဒီလိုဆိုတော့ အတ္တနည်းနည်း ဆန်သလိုတော့ ဖြစ်တာပေါ့'။

ဒါပေမဲ့ ပဲရစ္စဟာ ဖခင်ဖြစ်သူရဲ့ 'ကမ္ဘာမြေ ကျန်းမာပါစေ'ဆိုတဲ့ စေ့ဆော်တိုက်တွန်းချက်ကို အများဆုံး မျှဝေသူဖြစ်ပါတယ်။(အာကာသကနေတောင် မြင်ရလောက်အောင် ကြီးမားပြီး ဂီတမျိုးကွဲ အမြောက်အမြား ရှင်သန်နေတဲ့ ဂေဟစနစ်ရှိရာ Queensland ကျွန်း ကမ်းရိုးတန်းဒေသအတွင်းက) Great Barrier Reef သန္တာကျောက်တန်းတွေအတွက် ကျွန်မ ထိတ်လန့်နေမိတယ်။ Great Barrier Reef ရဲ့ ထောင်နဲ့ချီတဲ့ သန္တာကျောက်တန်းတွေဟာ ပျက်စီး ပြိုကွဲရတော့မလိုပဲ။ ဂြိုဟ်ကမ္ဘာကြီးတစ်ခုလုံး ပြိုကွဲပျက်စီးတော့မယ့်အတိုင်းပါပဲ။ သနားစရာ့ ကမ္ဘာမြေကြီးပါပဲလို့လည်း ပဲရစ္စက ဆိုပါတယ်။ ပြီးတော့ သူက အောင်မြင်ကျော်ကြားမှုဆိုတာ နှစ်သက်ရာ အကြောင်းအရာတွေကို တခြားလူတွေ အာရုံစိုက်လာအောင် ဆွဲဆောင်စရာတစ်ခုရယ်လို့ မြင်တတ်သူလည်း ဖြစ်ပါတယ်။ 'ကျွန်မက အဲဒီလို အတွေးအမြင်ပေါ်မှာ မွေးဖွားလာခဲ့သူပါ။ အဲဒါကို ကျွန်မက စွန့်ပစ်ထားရမှာလား၊ ဖုံးကွယ်ထားရမှာလား။ ဒါမှမဟုတ် အဲဒီအတွေးအမြင်ကို ပိုပြီး ကြီးကျယ်ခမ်းနားအောင်လုပ်၊ ပိုပြီး အရေးပါတဲ့ အရာတွေမှာ အသုံးပြုရမှာလား'။

အဲဒီအတွက် သူ့အဖေကတော့ စိတ်ထဲမှာ ဘယ်လိုမှ နေမှာ မဟုတ်ပါဘူး။ 'ဖေဖေ့ထက်ပိုပြီး ကြီးကျယ်ကျော်စောစေချင်တယ်ဆိုရင်လည်း သမီးလုပ်နိုင်ပါတယ်'လို့ပဲ သူက ပြောမှာပါ။ 'အဲဒါတွေ ဘာမှ မလုပ်ချင်ဘူးဆိုရင်လည်း မလုပ်ဘဲနေလို့ရတယ်။ ဒါပေမဲ့ သမီး ပျော်နေတာကိုပဲ ဖေဖေ မြင်ချင်ရုံလေးပါ'လို့သာ သူက ပြောလာမှာပါ။

လက်ရှိအချိန်မှာတော့ ပဲရစ္စဟာ *Beat It* သီချင်းကို ဖခင်ဖြစ်သူ အခွေကြမ်းသွင်းယူခဲ့တဲ့ ကိုယ်ပိုင်စတူဒီယိုတစ်ခုမှာ နေပါတယ်။ လော့စ်အိန်ဂျလိစ်မြို့အနီးက Encino ဆိုတဲ့ အရပ်မှာ အရင်က ဂျက်ဆင်မိသားစု နေထိုင်ခဲ့ပြီး အခု ဘယ်သူမှ မနေတော့တဲ့ ခြံဝင်းတစ်ခု ရှိပါတယ်။ အဲဒီခြံဝင်းထဲမှာ ကျူဒါခေတ် ဗိသုကာလက်ရာဟန်နဲ့ ဆောက်လုပ်ထားတဲ့ အိမ်မကြီးတစ်လုံး ရှိတယ်။ အဲဒီခြံဝင်းကို ၁၉၇၁ ခုနှစ်ထဲမှာ Joe Jackson ဝယ်ယူခဲ့တာပါ။ Motown ဓာတ်ပြားတိုက်က Jackson 5 ဂီတအဖွဲ့အတွက် ပထမဆုံးပေးခဲ့တဲ့ အနုပညာကြေးငွေနဲ့ ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ၈၀ ပြည့်နှစ်တွေထဲမှာ မိုက်ကယ်လ်က ပြန်ဆောက်ခဲ့တာပါ။ အခုအချိန်မှာ အဲဒီနေအိမ်ဝင်းကို ပြန်ပြီး မွမ်းမံဆောက်လုပ်နေတုန်း ဖြစ်ပါတယ်။ ခြံဝင်းထဲမှာ အုတ်တိုက် အဆောက်အအုံ အဖြစ် မိုက်ကယ်လ် တည်ဆောက်ခဲ့တဲ့ စတူဒီယိုဟာ မန်ဟက်တန်က အကောင်းဆုံး တိုက်ခန်းတစ်ခန်းလောက်ကို ကျယ်ဝန်းတာပါ။ မီးဖိုချောင်နဲ့ ရေချိုးခန်းတွေပါ ထည့်သွင်း ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ပဲရစ္စက အဲဒီ စတူဒီယိုကိုပဲ သူ့ရဲ့ ပျော်ရွှင်ချမ်းမြေ့စရာ အဆောင်လေးတစ်ခုအဖြစ် ပြောင်းလဲပစ်ခဲ့တာပါ။

စတူဒီယိုထဲမှာတော့ သူ့ဖခင်နဲ့ ပတ်သက်တဲ့ အမှတ်ရစရာတွေ နေရာအနှံ့ပါပဲ။ စတူဒီယိုအပြင်ဘက်မှာ ဘောင်သွင်းထားတဲ့ ပန်းချီကားတစ်ချပ် ရှိတယ်။ တောင်ကုန်းတစ်ခုထပ်မှာ ဒစ္စနေး ဇာတ်ကားတွေထဲကလိုမျိုး ရဲတိုက်တစ်ခုပုံကို နောက်ခံထားပြီး ကယ်ရီကေးချားနဲ့ ရေးဆွဲထားတဲ့ မိုက်ကယ်လ်ဂျက်ဆင်ကို ရွှေရောင်ဆံပင်နဲ့ ကောင်လေးတစ်ယောက်က ပွေ့ဖက်ထားပုံ ရေးဆွဲထားတာပါ။ အောက်မှာ စာတန်းထိုးထားတာက 'ကလေးတို့၏ ရဲတိုက်များနှင့် ဘုရင်များ'တဲ့။ အတွင်းဘက် နံရံပေါ်မှာတော့ နံရံတစ်ချပ်လုံး အပြည့် ပန်းချီရေးဆွဲထားတယ်။ ပုံထဲမှာ **The Secret Life** လို့ အမည်ရတဲ့ စာအုပ်တစ်အုပ် ကိုင်ထားတဲ့ ကာတွန်းရုပ် မိုက်ကယ်လ်က ထောင့်တစ်နေရာမှာ ရှိနေတယ်။ သူက အခန်းပြတင်းပေါက်ကနေတစ်ဆင့် အပြင်က ပန်းပွင့်တွေကို ကြည့်နေတာ။ ပန်းပွင့်တစ်ပွင့်ချင်းစီရဲ့ အလယ်တည့်တည့်မှာ နီမြန်းနေတဲ့ ပါးပြင်ပိုင်ရှင် မိန်းကလေး ကာတွန်းရုပ် မျက်နှာပုံတွေ ရှိနေတယ်။

ပဲရစ္စ် ရွေးချယ်ချိတ်ဆွဲထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပုံတွေကျတော့ တစ်မျိုး ထူးခြားနေပြန်ပါရော။ ရေချိုးခန်းထဲမှာ ကွယ်လွန်သူ တေးရေး၊ ဂီတပညာရှင် Kurt Cobain ရဲ့ ရုပ်ပုံ ချိတ်ဆွဲထားတယ်။ နံရံတစ်နေရာမှာတော့ Smashing Pumpkins ရော့ခ်ဂီတအဖွဲ့ရဲ့ ပိုစတာတစ်ချပ် ကပ်ထားတယ်။ Against Me! ရော့ခ်ဂီတအဖွဲ့ပုံနဲ့ လက်ပ်တော့ပ်ကွန်ပျူတာတစ်လုံး၊ Never Ending Story (ကလေးစွန့်စားခန်း)ဇာတ်ကားကြော်ငြာ စတစ်ကာတွေ၊ နံရံပေါ်မှာ ရှုပ်ယှက်ခတ်နေအောင် ချိတ်ဆွဲထားတဲ့ပစ္စည်းတွေ၊ ဖယောင်းတိုင် အတုတွေလည်း တွေ့ရတယ်။ (Alice Cooperနဲ့ Rolling Stonesတို့ရဲ့) ဗီနိုင်းဓာတ်ပြားတွေကိုလည်း နံရံပေါ်မှာ အလှဆင် ချိတ်ဆွဲထားသေးတယ်။ မီးဖိုဆောင်ထဲ က ကောင်တာတစ်ခုပေါ်မှာ ပေါင်သွင်းထားတဲ့ ပလက်တီနမ်ဓာတ်ပြားတစ်ချပ် ထောင်ထားတယ်။ ဂီတမှူး Quincy Jones က မိုက်ကယ်လ်အတွက် နာမည်ထိုးပြီး ပေးထားတာ ('ဒီပလက်တီနမ် ဓာတ်ပြားကို မျက်နှာကြက်ထပ်ခိုး အခန်းကနေ ရှာတွေ့လာတာ'လို့ ပဲရစ္စက ပခုံးတွန့်ပြရင်း ပြောတယ်)။ အဲဒါနဲ့ တစ်ဆက်တည်းမှာရှိတဲ့ ကားဂိုဒေါင်အခန်းကို မိုက်ကယ်လ်က မိသားစုပြတိုက် အသေးစားလေးတစ်ခု အဖြစ် ဖန်တီးထားခဲ့တာ။ နံရံတွေ၊ မျက်နှာကြက်တွေမှာပါ သူတို့မိသားစုရဲ့ ဘဝမှတ်တမ်း ဓာတ်ပုံတွေ အပြည့်ကပ်ထားပြီး သူ့မိသားစုကို အံ့အားသင့်စရာ လက်ဆောင်တစ်ခုအဖြစ် ဖန်တီးပေးခဲ့တဲ့အခန်း ဖြစ်ပါတယ်။ မိုက်ကယ်လ်က အဲဒီပြတိုက်အခန်းလေးထဲမှာ အကလေ့ကျင့်လေ့ရှိတယ်။ အခုတော့ ပဲရစ္စရဲ့ ချစ်သူက အဲဒီအခန်းမှာ ဒရမ်ဆက်တစ်စုံ ဆင်ထားလေရဲ့။

စာရေးသူနဲ့ ပဲရစ္စတို့ စတူဒီယိုအပြင်ထွက်ပြီး အနားမှာရှိတဲ့ ဆူရှီဆိုင်တစ်ဆိုင်မှာ သွားစားကြတော့ ပဲရစ္စက Neverlandစံအိမ်ကြီးမှာ နေခဲ့ရတဲ့ ဘဝအကြောင်း ပြောပြလာပါတယ်။ သူ့ဖခင်ရဲ့ဇကေ ၂၇၀၀ ကျယ်ဝန်းတဲ့ Never Landစံအိမ်ကြီးမှာ ပဲရစ္စ အသက် ခုနစ်နှစ်အရွယ်အထိနေခဲ့တာပါ။ အဲဒီစံအိမ်ကြီးထဲမှာ ကလေးတွေအတွက် ကစားစရာတွေစုံလင်တဲ့ အပန်းဖြေ ဥယျာဉ်၊ တိရစ္ဆာန်ရုံနဲ့ရုပ်ရှင်ရုံပါ ,ပါတယ်('ကျွန်တော် ကလေးဘဝက မလုပ်ခဲ့ရတာတွေအားလုံး အဲဒီမှာ ထားပေးထားတာ'လို့ မိုက်ကယ်လ်က ပြောဖူးပါတယ်)။ အဲဒီစံအိမ်ကြီးမှာ နေနေတုန်းက သူ့ဖခင်ရဲ့ နာမည်ဟာ မိုက်ကယ်လ်လို့ ခေါ်တယ်ဆိုတာ ပဲရစ္စ မသိခဲ့ပါ။ 'ဒက်ဒ်နဲ့ ဒက်ဒီလို့ ခေါ်ရတာကိုကပဲ ဖေဖေ့နာမည်လို့ ထင်ခဲ့မိတာ။ 'သူဘယ်သူလဲဆိုတာကို ကျွန်မတို့ တကယ်ကို မသိတာ။ ဒါပေမဲ့ ဖေဖေက ကျွန်မတို့ရဲ့ ကမ္ဘာပဲ။ ပြီးတော့ ကျွန်မတို့တစ်တွေက ဖေဖေရဲ့ ကမ္ဘာပဲပေါ့'(ပြီးခဲ့တဲ့ နှစ်အတွင်းမှာ ရုံတင်ပြသသွားခဲ့တဲ့ **Captain Fantastic** ဆိုတဲ့ ဇာတ်ကားကို ပဲရစ္စက သူအကြိုက်ဆုံး ဇာတ်ကားလို့ ဆိုပါတယ်။ အဲဒီကားမှာ မင်းသား Viggo Mortensen က သူ့ရဲ့ သားသမီးတွေကို အစစအရာရာ ပြီးပြည့်စုံတဲ့ ပုန်းခိုစရာကမ္ဘာလေးတစ်ခု ဖန်တီးဖို့ ကြိုးစားတဲ့ အတွေးဆန်းသူ ဖခင်တစ်ယောက်အဖြစ် သရုပ်ဆောင်ပေးထားတာပါ)။

'ကျွန်မတို့တစ်တွေ(ကစားကွင်းထဲမှာ) စီးချင်တဲ့အခါတိုင်း စီးနိုင်တာမဟုတ်ပါဘူး'။ ပဲရစ္စက Encinoခြံဝင်းဘေးနားက အမှောင်ရိပ်ကျနေတဲ့ ကားလမ်းနံဘေးမှာ လမ်းလျှောက်ရင်း ပြန်ပြောပြတာပါ။ သူက လမ်းလယ်တုံးတွေနားကပ်ပြီး ခြေလှမ်းကျဲကျဲလျှောက်ရတာကို သဘောကျတယ်။ ကားတွေနဲ့ အရမ်းကို ကပ်နေတာလေ။ သူ အဲဒီလိုလုပ်တာ မြင်ရင် သူ့ချစ်သူက သွေးပျက်မတတ်ပဲ။ စာရေးသူလည်း အဲဒီလို လျှောက်တာကိုတော့ သဘောမကျမိဘူး။ 'ကျွန်မတို့တစ်တွေက လှပတဲ့ သာမန်ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ကြဖူးပါတယ်။ ကျောင်းကို နေ့တိုင်း သွားရတယ်။ လိမ်လိမ်မာမာ နေရမယ်ဆိုတာမျိုးတွေပေါ့။ တကယ်လို့ ကိုယ်တွေက လိမ်လိမ်မာမာ နေတယ်ဆိုရင် နောက်သီတင်းပတ်တွေတိုင်းမှာ ရုပ်ရှင်ရုံသွားမလား၊ တိရစ္ဆာန်တွေ သွားကြည့်ချင်လား ကြိုက်တာရွေးလို့ရတယ်။ ဒါပေမဲ့ အဲဒီလို မဟုတ်လို့ကတော့ အဲဒါတွေအားလုံး ဘာမှလုပ်ခွင့်ရမှာ မဟုတ်ဘူး'။

၂၀၁၁ ခုနှစ်မှာ မိုက်ကယ်လ်အကြောင်း အမှတ်တရတွေ ပြောကြတော့ မိုက်ကယ်လ်ရဲ့အစ်ကို Jermaine က 'မိုက်ကယ်လ်ဟာ ဖခင်ဘဝရဲ့ ဥပမာတစ်ရပ်ဖြစ်တယ်'လို့ ဆိုပါတယ်။ 'သူက ကျွန်တော်တို့ကို မေမေပေးခဲ့တဲ့ မေတ္တာတရားတွေကို ကလေးတွေဆီ စိမ့်ဝင်စေခဲ့တဲ့သူ။ ပြီးတော့ ဖေဖေ့ရဲ့ စိတ်လှုပ်ရှားစရာ ဖခင်ဘဝဖြစ်တည်မှုမျိုးကို သူက တစ်ချက်ကလေးမှ အမှားအယွင်းမရှိ ပေးနိုင်တဲ့သူ။ တကယ်တော့ မိုက်ကယ်လ်ဟာ အဖေနဲ့အမေ နှစ်ယောက်ပေါင်းစပ်ထားတဲ့သူဖြစ်ပါတယ်'။

မိုက်ကယ်လ်က သူ့ကလေးတွေကို ပုံမှန် စာသင်ကျောင်းမှာ ပညာသင်ချင်သင်ဖို့ရာ ရွေးချယ်ခွင့်ပေးခဲ့ပါတယ်။ ကလေးတွေက ငြင်းပယ်ခဲ့တာပါ။ 'အိမ်မှာဆိုတော့....'ပဲရစ္စက ပြောပြလာတာပါ။ 'အရာအားလုံးထက် ပိုချစ်ရတဲ့ ဖေဖေက တစ်ခါတလေမှာ စာသင်နေတုန်း ဝင်လာမယ်။ 'ဒီကနေ့ စာသင်တာတော်ပြီ။ ဖေဖေနဲ့ လျှောက်လည်ကြမယ်ဟေ့'ဆိုတာမျိုး ရနိုင်တာပေါ့။ ကျွန်မတို့တွေက 'သူငယ်ချင်းဆိုတာ မလိုအပ်ဘူး။ တို့မှာ ဖေဖေရှိတယ်။ ဒစ္စနေးရုပ်/သံလိုင်းရှိတယ်။ ဒါဆိုလုံလောက်ပြီ'လို့ ထင်ခဲ့ကြသလိုမျိုး ဖြစ်ခဲ့တာပေါ့။ တကယ်တော့ သူက ပုံမှန် ကလေးတစ်ယောက် မဟုတ်ခဲ့ဘူး'လို့လည်း ပဲရစ္စက ဆိုပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ရာပြည့်**

***Reference:***
***Paris Jackson's Family Secrets***
***by Brian Hiatt,***
***Photo by David Lachapelle***
***Rolling Stones***
***Magazine,December 2016.***



www.burmeseclassic.com

www.burmeseclassic.com



ဟာမ်မဘော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာရေးဆရာမ ဆုဒါရှားအား The King in Exile စာအုပ် ရေးသားမှုအတွက် ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့သည်

သူသည် တစ်ချိန်က အရာရာပြည့်စုံခဲ့သ
ညြဖာအာဏာရှိသည်။ ချမ်းသာကြွယ်ဝသည
သို့သော် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့နှင့် စစ်ပွဲ
စစ်ရှုံးခဲ့ခြင်းကြောင့် အသက် ၂၇ နှစ်အရွယ်
ဗမာပြည်၏ ရှင်ဘုရင်သည် သူမက်မော
တွယ်တာသည့် အလုံးစုံကို စွန့်လွှတ်ခဲ့ရပြီး

# သမိုင်းကြောင့် ကွဲကွာခဲ့ကြသူများ

ဝင်းငြိမ်း



သမိုင်းကြောင့် ဆွေးသားတော်စပ်သော်လည်း ဝေးကွာနေသည့် ဗတုတ္ထသမီးတော်၏မြေးတော် ဒေါ်ဒေဝီခင်နှင့် ပထမသမီးတော်၏မြေးတော် အိန္ဒိယအမျိုးသမီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့သည် ဗမာပြည် (ယခု မြန်မာပြည်)၏ နောက်ဆုံးမင်း ဖြစ်သော သီပေါမင်း ကွယ်လွန်ခြင်း နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် သူ၏ရုပ်ကြွင်းများ ယခုထက်တိုင် ရှိနေသေးသည့် ရတနာဂီရိမြို့တွင် မြန်မာနိုင်ငံမှ လာရောက်ကြသော သူ၏အဆက်အနွယ်များ၊ ဘုန်းတော်ကြီးများ၊ အာဏာပိုင်များ တက်ရောက်ကာ ကျင်းပခဲ့ကြသည်။ သီပေါဘုရင်သည် မန္တလေးမြို့တွင် နန်းစိုက်သော ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးရှင်ဘုရင်အဖြစ် ၁၈၇၈ ခုနှစ်မှာ စတင်ကာ ၇ နှစ် အုပ်ချုပ်ခဲ့၏။ သူ့အား မကြာခဏဆိုသကဲ့သို့ ထီးနန်းဆုံးရှုံးရခြင်းနှင့် ပတ်သက်၍ ပြစ်တင်ဝေဖန်လေ့ရှိကြသည်။ အမှန်စင်စစ်တွင် သူ၌ ဗြိတိသျှတို့နှင့် ဖက်ပြိုင်လောက်သည့် အရည်အချင်း မရှိခဲ့ခြင်းကြောင့် ဆုံးရှုံးခဲ့ရခြင်းသာဖြစ်သည်။ ထိုအချိန်က ဗြိတိသျှတို့သည် ကမ္ဘာအရပ်ရပ်၌ နယ်ချဲ့စိုးမိုးနေချိန်လည်းဖြစ်ရာ လက်ဝယ်ရရှိပြီးဖြစ်သော အောက်ဗမာပြည်အပြင် အထက်ဗမာပြည်ကိုပါ နယ်ချဲ့သိမ်းပိုက်လိုက်ခြင်းအားဖြင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် အခြေစိုက်နေပြီဖြစ်သော ပြင်သစ်တို့ထက် လက်ဦးမှု ရယူလိုက်ခြင်းပင် ဖြစ်ပါသည်။ အကယ်၍ ဗြိတိသျှတို့



သီပေါမင်းနှင့် စုဖုရားကလေးတို့၏အုတ်ဂူတွင် သီပေါမင်း နတ်ရွာစံခြင်း နှစ် ၁၀၀ ပြည့်အခမ်းအနား ကျင်းပခဲ့ပါသည်

www.burmeseclassic.com

www.burmeseclassic.com

လက်ဦးမှုမရရှိပါက ပြင်သစ်တို့ကသိမ်းပိုက်သွားမည်သာ ဖြစ်သည်။ ဗမာပြည်သည် ဗြိတိသျှတို့နှင့် နှစ်ကြိမ်စစ်မက်ဖြစ်ပွားခဲ့သည်(၁၈၂၀ ခုနှစ်များနှင့် ၁၈၅၀ ခုနှစ်များပင် ဖြစ်သည်)။ ပထမအကြိမ် စစ်ပွဲ၌ ဗမာပြည်သည် ပင်လယ်သို့ ထွက်ပေါက်ဖြစ်သော အောက်ဗမာပြည်ကို လက်လွှတ်ခဲ့ရသည်။ အထက်ဗမာပြည်သည် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သော ကုန်စည်များထွက်ရှိရာဖြစ်သည့်အပြင် အဖိုးတန်သယံဇာတများ ထွက်ရှိသည်ကိုလည်း ဗြိတိသျှတို့က သိရှိထားသည်။ ထို့ပြင် တရုတ်ပြည်နှင့်လည်း ကုန်သွယ်ဖက်ဖြစ်နေသည်ကို ဗြိတိသျှတို့က မလိုလားပေ။ ထို့ကြောင့် အထက်ဗမာပြည်ကို သိမ်းပိုက်ရန် ကြိုးစားလာခဲ့ခြင်းပင် ဖြစ်သည်။

ဗမာတို့သည် သူတို့၏ရှင်ဘုရင်ကို ဘုရားနီးပါးကိုးကွယ်လေ့ရှိသည်ကို သိရှိထားသော ဗြိတိသျှတို့က ရှင်ဘုရင်ကို ဗမာပြည်တွင်မထားရှိဘဲ တိုင်းတစ်ပါးသို့ ပို့ဆောင်ထားမှသာ စိတ်ချရမည်ဖြစ်ကြောင်း သိရှိထားခြင်းကြောင့်လည်း ရှင်ဘုရင်နှင့် မိသားစုတို့ကို အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသို့ ဆောလျင်စွာပင် ပို့ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံတွင် ဗြိတိသျှအစိုးရ၏ဘုရင်ခံအဖြစ် ဆောင်ရွက်နေသော လော့ဒ်ဒပ်ဖရင်က သီပေါဘုရင်အား လက်လှမ်းမမီနိုင်သောနေရာတွင် ပို့ဆောင်ထားလိုသဖြင့် ရတနာဂီရိကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရတနာဂီရိသည် အိန္ဒိယနိုင်ငံ၏အနောက်ဘက်တွင်တည်ရှိသည်။ မွန်ဘိုင်းမြို့၏တောင်ဘက် ကီလိုမီတာ ၃၃၀ အကွာတွင်တည်ရှိသော မြို့ကလေးတစ်မြို့ ဖြစ်သည်။ မီးရထားလမ်းမပေါက်၊ ကုန်းကြောင်းခရီးဖြင့် သွား၍မရ၊ ရေလမ်းတစ်လမ်းသာ ဆက်သွယ်မှုရှိသည်။ ရေလမ်းမှာလည်း မုတ်သုံရာသီကာလတွင်သွားလာရသည်မှာ ခက်ခဲလှပါသည်။ ထိုစဉ်က စုဖုရားလတ် မိဖုရားသည် ကိုယ်ဝန်အတော်ရင့်နေပြီဖြစ်ခြင်းကြောင့် မဒရပ်မြို့တွင် တစ်ထောက်နားစေခဲ့သည်။ မဒရပ်တွင် မိဖုရား မီးဖွားပြီးပါက ခရီးဆက်ကြရမည်ဖြစ်သည်။(ဘုရင်မိသားစုသည် မဒရပ်တွင် ၁၈၈၅ ခုနှစ် ဒီဇင်ဘာလမှစတင်ရောက်ရှိခဲ့သည်။ ထိုစဉ်က The Mansion ဟုခေါ်တွင်ခဲ့သော အဆောက်အဦတွင် နေထိုင်ခဲ့ကြပြီး ထိုအဆောက်အဦမှာ စော်ဘွားတစ်ဦးဖြစ်သော ကဂျာပသီရာအိုပိုင်ဆိုင်ခဲ့၏။)

သီပေါဘုရင်၊ စုဖုရားလတ်မိဖုရား၊ သမီးတော်လေးပါးနှင့် မိဖုရားငယ်ဖြစ်သော စုဖုရားကလေးတို့သည် ရတနာဂီရိ

သီပေါမင်းနှင့် မိသားစုတို့
နေထိုင်ခဲ့ကြသည့် ရတနာဂီရိ စံအိမ်





www.burmeseclassic.com

www.burmeseclassic.com


မြို့တွင် နှစ်ပေါင်း ၃၀ ကျော် နေထိုင်ခဲ့ကြရသည်။ ၁၈၈၆ ခုနှစ် ဧပြီလ၌ ရတနာဂီရိသို့ သူတို့မိသားစု ရောက်ရှိလာချိန်တွင် ရတနာဂီရိသည် အလွန်သေးငယ်သော အရပ်ဒေသသာ ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် လယ်ယာစိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်းတို့ကိုသာ ဆောင်ရွက်ကြသည့် ရွာသိမ်ကလေးတစ်ခုသာ ဖြစ်သည်။ လူဦးရေအားဖြင့် ၁၁၀၀၀ သာရှိခဲ့၏။ ဗမာမိသားစုဖြစ်သော သီပေါမင်းမိသားစုတို့မှာ ထိုအရပ်ဒေသ၏ ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကား၊ အစားအသောက်၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ရာသီဥတုစသည်တို့မှာ လုံးဝမအပ်စပ်သည့်ဒေသပင် ဖြစ်သည်။ ထို့ကြောင့် သီပေါဘုရင်က အိန္ဒိယဘုရင်ခံထံ ဤဒေသ၌ သူတို့မိသားစုအနေနှင့် လုံးဝပျော်ရွှင်ခြင်းမရှိပါကြောင်း၊ ဗမာပြည်၏ မည်သည့်အရပ်ဒေသသို့မဆို ပြန်လည်ပို့ဆောင်ပေးပါရန် စာရေးသားခဲ့သည်။ ဘုရင်ခံက တောင်းဆိုချက်ကို လိုက်လျောခြင်း မရှိသည့်အခါ အိန္ဒိယနိုင်ငံ၏ အခြားသင့်တော်သော ဒေသတစ်ခုခုသို့ ပြောင်းရွှေ့ပေးပါရန် မေတ္တာရပ်ခံခဲ့ပြန်သည်။ ထိုမေတ္တာရပ်ခံချက်ကိုလည်း ပယ်ချခဲ့ပြီး မိသားစုတို့မှာ ရတနာဂီရိ၌ပင် နေထိုင်ခဲ့ကြရသည်။

ရတနာဂီရိ၌ နေထိုင်ကြစဉ်ကာလအတွင်း ဗမာပြည်မှ ပုဂ္ဂိုလ်များနှင့် မဆက်သွယ်နိုင်ရန် စနစ်တကျ ဆောင်ရွက်ထားခဲ့ကြသည်။ မိသားစုအား ပုလိပ်အရာရှိများက အနီးကပ်စောင့်ကြပ်ကာ လှုပ်ရှားမှုမှန်သမျှကို ကြည့်နေခဲ့ကြသည်။ မဒရပ်မြို့တွင် စတင်ရောက်ရှိစဉ်ကစပြီး ပုလိပ်အရာရှိများက အသေးအဖွဲလှုပ်ရှားမှုများမှအစ စောင့်ကြည့်ကာ အစီရင်ခံခဲ့ကြရသည်။ ဘုရင်နှင့် မိသားစုတို့အား ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကုန်သည်များနှင့် တွေ့ဆုံခြင်းတို့ကို ခွင့်ပြုခဲ့ပြီး အိန္ဒိယနိုင်ငံထုတ် နေ့စဉ်သတင်းစာများ ဖတ်ရှုခွင့်ပြုခဲ့သည်။ ထိုသို့ဖတ်ရှုရာ၌လည်း ပုလိပ်အရာရှိများ စိစစ်ပြီးသည့် သတင်းစာများကိုသာ ဖတ်ရှုခွင့်ရပါသည်။ ထို့နည်းအတူ ဘုရင်နှင့် မိသားစုတို့က စာ သို့မဟုတ် ကြေးနန်းတို့ကို ဗမာပြည်သို့ ပို့ဆောင်လိုသည်ဆိုပါကလည်း ပုလိပ်အရာရှိတို့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရပါသည်။ ဗမာပြည်မှ သီပေါမင်းအမည်ဖြင့် ပေးပို့လာသော ကြေးနန်း သို့မဟုတ် စာတို့ကိုလည်း ပုလိပ်အရာရှိများက စစ်ဆေးပြီးမှသာလျှင် ဖတ်ရှုခွင့်ရကြပါသည်။

သီပေါဘုရင်နှင့် မိသားစုတို့အား ဗြိတိသျှတို့က ဗမာပြည်



စာတန်းနှင့် အမှတ်တံဆိပ်ပါ ရွှေတံဆိပ်ဆု



မှ ခေါ်ဆောင်လာရာတွင် သူတို့ပိုင်ဆိုင်သည့် ရတနာပစ္စည်းအချို့ကိုယူဆောင်လာခွင့်ပြုခဲ့သော်လည်း ဗြိတိသျှတို့ ထောက်ပံ့ထားသည့် ပင်စင်လစာငွေမှာ မိသားစုအတွက် လောက်ငခြင်းမရှိ၍ ထိုရတနာပစ္စည်းများကို နှစ်ပေါင်းများစွာအတွင်း ရောင်းချကာသုံးစွဲခဲ့ကြရသည်။ ချမ်းသာကြွယ်ဝသဖြင့် ဂုဏ်ယူဝင့်ကြွားခဲ့သော သီပေါဘုရင်က ထောက်ပံ့ငွေ မလုံလောက်သဖြင့် တိုးမြှင့်ပေးပါရန်နှင့် နေမှုထိုင်မှုများတွင်လည်း အသုံးအဆောင်ပစ္စည်းများကို အဆင့်မြှင့်ပေးပါရန် စာရေးသားတောင်းဆိုခဲ့ဖူးသည်။ အထူးသဖြင့် မိမိထံရေးသားသော စာများ၌ His Highness အစား His Majesty ဟု သုံးစွဲခြင်းကို ကန့်ကွက်ခဲ့သည်။ "ငါကိုယ်တော်က သူတို့အရိပ်ကို ခိုပါရစေ

www.burmeseclassic.com

လို့ တောင်းခံပြီး ခိုဝင်ခဲ့ခြင်း မဟုတ်။ သူတို့ကသာ ငါ့ကို ဖမ်းဆီးလာခြင်းဖြစ်တယ်။ ဒါကြောင့် သူတို့ရေးတဲ့စာတွေမှာ His Majesty လို့ မသုံးဘဲ His Highness လို့သုံးတာကို ဖတ်လိုက်ရတိုင်း ငါ စစ်ရှုံးခဲ့တယ်ဆိုတာ ပြန်ပြီး သတိရစေတဲ့ အတွက်ဖြစ်တယ်'ဟု ရှင်းပြခဲ့သည်။ ဗြိတိသျှအစိုးရက သီပေါဘုရင်မိသားစုတို့ နေရေးထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဗုဒ္ဓဘာသာအား အထူးလေးစားမြတ်နိုးသော သီပေါဘုရင်မိသားစုတို့အတွက် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအားလည်း ဆောင်ရွက်ခွင့် ပြုခဲ့သည်။

သီပေါဘုရင်၏ သမီးတော်များတွင် သာမန်အမည်များနှင့် မတူသော ရှည်လျားသည့် ဘွဲ့အသီးသီးရှိကြသည်။ သို့သော် တာဝန်ကျ ဗြိတိသျှအရာရှိတို့က ထိုဘွဲ့များကို မသုံးဘဲ အလွယ်တကူဖြစ်စေရန် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထမင်းသမီးများဟုသာ သုံးစွဲကြသည်။ နောင်တွင် မင်းသမီးများကိုယ်တိုင်ကလည်း ထိုသို့ပင် ရည်ညွှန်းကြပါသည်။ ဘုရင်နှင့် မိဖုရားကိုသာမက သမီးတော်များမှာလည်း သာမန်အရပ်သားများနှင့် ရောထွေးခွင့်မပြုခြင်းကြောင့် ကျောင်းမတက်ခဲ့ကြရပေ။ အရပ်သားကလေးများနှင့် ရောထွေးကာ ကစားခြင်းလည်း မပြုကြရပေ။ ထို့ကြောင့် သူတို့သည် အိမ်တွင်း၌သာ အစေခံများနှင့် နေကြရသည်။ ငယ်စဉ်ဘဝမှစကာ အသက် ၃၀ ကျော်အရွယ်အထိ ထိုသို့နေခဲ့ကြရခြင်း ဖြစ်သည်။ ထိုသို့ တင်းကျပ်သော အစောင့်အကြပ်များနှင့် နေကြရခြင်းကြောင့် သမီးတော်နှစ်ပါးသည် မသင့်လျော်သော အမျိုးသားများနှင့် ချစ်ကျွမ်းဝင်ခဲ့ကြပြီး မဟာဆီ မဟာသွေးဆိုသည်မှာ ပျက်ယွင်းခဲ့ရ၏။ သမီးတော် လေးဦးစလုံးသည် ပြင်ပကမ္ဘာနှင့် မဆက်သွယ်နိုင်စေရန် စာပေသင်ကြားခြင်းလည်း မပြုကြရပေ။

သီပေါဘုရင်သည် မိမိဇာတိမြေသို့ လွမ်းဆွတ်ကာ ပြန်လိုလှသော်လည်း လုံးဝခွင့်မပြုခဲ့ပေ။ အသက် ၅၈ နှစ်ပြည့် မွေးနေ့လွန်မြောက်ပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် နတ်ရွာစံခဲ့ရ၏။ ဗြိတိသျှအစိုးရတို့၏ မှတ်တမ်းများအရ သီပေါဘုရင်တွင် ရောဂါပေါင်းစုံတို့ ကျရောက်စွဲကပ်သည်ကို လေ့လာဖတ်ရှုရသဖြင့် ထိုစဉ်ကာလက သီပေါဘုရင်သည် မည်မျှ ကြေကွဲနေမည်ဆိုသည်ကို ကျွန်မ နားလည်မိပါသည်။ သီပေါဘုရင်သည် သလွန်ပေါ်တွင် စံနေရင်း ဗုဒ္ဓဘာသာ ဘုရားရှိခိုးကို နှုတ်ဖြင့် တရွရွ ရွတ်ဆိုရင်း နတ်ရွာစံသည်ဟု သိရသည်။ သူ့လက်ထဲတွင် စိပ်ပုတီးရှိခဲ့ပြီး အပါး၌ စုဖုရားလတ်မိဖုရားနှင့် သမီးတော်နှစ်ပါးတို့ ရှိနေခဲ့ကြသည်ဟု မှတ်တမ်းများက ဆိုပါသည်။

သီပေါဘုရင် နတ်ရွာစံပြီးနောက် ကျန်ရစ်သည့်မိသားစုတို့အား ဗမာပြည်သို့ ပြန်ခွင့်ပြုခဲ့သည်။ ထိုသို့ ပြန်ကြရာတွင် စုဖုရားလတ်မိဖုရားက သီပေါဘုရင်၏ ရုပ်ကြွင်းများကို ဗမာပြည်သို့ ပြန်လည်သယ်ဆောင်ခွင့်ပြုရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဗြိတိသျှအစိုးရက ခွင့်မပြုခဲ့ပေ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် ဗမာပြည် လွတ်လပ်ရေးရသွားသည့်အခါ သီပေါဘုရင်၏ အနွယ်တော်တို့က သီပေါဘုရင်၏ ရုပ်ကြွင်းတို့ကို ဗမာပြည်သို့ ပြန်လည်သယ်ဆောင်ခွင့်ပြုရန် အကြိမ်ကြိမ် ကြိုးစားခဲ့ကြသည်။ သို့သော် ဗမာပြည်၏ အသစ်ဖြစ်သော အစိုးရမှာ ထိုအရေးကိစ္စထက် အခြားဦးစားပေးရမည့် ကိစ္စများရှိနေခြင်းကြောင့် ယင်းကိစ္စမှာ အောင်မြင်ခြင်းမရှိခဲ့ပေ။ ၁၉၆၂ ခုနှစ်တွင် စစ်အစိုးရတက်လာပြီး သီပေါဘုရင်၏ ရုပ်ကြွင်းများကို ပြန်လည်သယ်ဆောင်ခွင့်ပြုရန် အိန္ဒိယအစိုးရနှင့် ဆွေးနွေးခဲ့ကြဖူးသည်။ ထိုအချိန်တွင် အနွယ်တော်တို့က ရုပ်ကြွင်းများအား ပြန်လည်သယ်ဆောင်ရေးထက် သူတို့ကိုယ်တိုင် ရတနာဂီရိသို့ သွားရောက်ကာ သရဏဂုံတင်ခွင့်ပြုရန် ကြိုးပမ်းခဲ့ကြပြန်ပါသည်(ဗုဒ္ဓဘာသာများအလိုအရလူတစ်ဦးတစ်ယောက်ကွယ်လွန်သွားပြီးနောက် သရဏဂုံတင်ကြရသည်။)။ သီပေါမင်းမှာ ထိုကဲ့သို့ သရဏဂုံမတင်ခဲ့ရပေ။ ကြိမ်ဖန်များစွာ ကြိုးစားခဲ့ကြပြီးနောက် သူတို့၏ဆန္ဒကို ၁၉၉၃ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။ သို့ရာတွင် ကြီးကျယ်ခမ်းနားစွာ မဟုတ်ဘဲ ဆွေတော်မျိုးတော်များဖြင့်သာ သီးသန့်အခမ်းအနားအဖြစ် ဆောင်ရွက်ရန် ကန့်သတ်ချက်ဖြင့် ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာပြည်၏ ဒီမိုကရေစီ ပထမဆုံးခြေလှမ်းကို စ,လှမ်းချိန်၌ သမ္မတ ဦးသိန်းစိန်သည် သီပေါဘုရင်၏ အုတ်ဂူနှင့် စံအိမ်တော်ရှိရာ ရတနာဂီရိသို့ လာရောက်လည်ပတ်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်လာရောက်ရင်း ရတနာဂီရိသို့ ဝင်ခဲ့ခြင်းဖြစ်သော်လည်း သူသည် လူသိရှင်ကြား သီပေါဘုရင်အား အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်ပါသည်။ ယခုတစ်ဖန် မြန်မာနိုင်ငံ၏ ဒုတိယသမ္မတဖြစ်သော ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် သီပေါဘုရင် ကွယ်လွန်ခြင်း နှစ် ၁၀၀ ပြည့်အခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လာကြပြန်ပါသည်။ နှစ်ကာလများစွာ လျစ်လျူရှုထားခြင်းခံရသော ဆွေတော်မျိုးတော်များကို အသိအမှတ်ပြုခြင်းဟုလည်း ဆိုနိုင်ပါသည်။

နံနက် ၇ နာရီအချိန်တွင် ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ပါဝင်သောအဖွဲ့သည် သီပေါဘုရင်နှင့် သူ၏မိဖုရားငယ် စုဖုရားကလေးတို့၏ အုတ်ဂူများ ယှဉ်တွဲတည်ရှိရာသို့ ရောက်ခဲ့ကြသည်။ ထိုအုတ်ဂူများတွင် အိန္ဒိယအစေခံတစ်ဦးနှင့် မေတ္တာသက်ဝင်ကာ အိမ်ထောင်ကျခဲ့သော ပထမသမီးတော် ၁၉၄၇ ခုနှစ်က ကွယ်လွန်ခဲ့ပြီး သင်္ဂြိုဟ်ခဲ့ရာ အရိုးပြာများကိုလည်း ထည့်သွင်းမြှုပ်နှံထားသည်။

သူတို့သည် အုတ်ဂူတွင် ပန်းများချထားကြပြီး ရိုသေသမှု ပြုခဲ့ကြသည်။ ဘုရင်၏ ဆွေတော်မျိုးတော်များမှာ ခပ်စောစောပိုင်းကပင် ရောက်ရှိနေခဲ့ကြသည်။ ထိုအခမ်းအနားတွင် ပထမသမီးတော်၏ အဆက်အနွယ်များနှင့် စတုတ္ထသမီးတော်၏



www.burmeseclassic.com

www.burmeseclassic.com

အဆက်အနွယ်တို့ ပထမဆုံးအကြိမ် ဆုံစည်းမှုကို တွေ့မြင်ရသည်မှာ စိတ်လှုပ်ရှားဖွယ်ရာကောင်းလှပါသည်။ သူတို့သည် ဝမ်းကွဲညီအစ်မများဖြစ်ကြသည်။ ဗမာပြည်မှ လာရောက်သော အမျိုးသမီးများနှင့် အိန္ဒိယမှ အမျိုးသမီးတို့ဖြစ်သည်။ သူတို့သည် အတူတကွ လာရောက်ကြပြီး အခမ်းအနား မစ,တင်မီ အုတ်ဂူများကို ကန်တော့ခဲ့ကြသည်။ သီပေါဘုရင်၏ မြစ်တော်များ ဤအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ဦးစိုးဝင်း၊ ဒေါ်ဒေဝီခင်နှင့် မာလ်တီမိုးတို့ ဖြစ်ကြသည်။ သီပေါဘုရင်၏ မြေးတော်နှစ်ပါး ကျန်ရှိသေးသော်လည်း ကျန်းမာရေးအခြေအနေအရ အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့ကြပေ။ ထိုနှစ်ပါးမှာ ထိပ်စုဖုရားကြီးမင်းသမီး(အသက် ၉၃ နှစ်ရှိပြီး ရန်ကုန်မြို့တွင် နေထိုင်သည်)နှင့် တော်ဘုရားမင်းသား(အသက် ၉၂ နှစ်အရွယ်ရှိပြီး ပြင်ဦးလွင်တွင် နေထိုင်သည်)တို့ ဖြစ်ကြသည်။

အခမ်းအနားတွင် ဗုဒ္ဓဘာသာကို မြတ်နိုးကိုးကွယ်သော သီပေါဘုရင်(သူသည် သာသနာပိုင်ဟုလည်း သတ်မှတ်ခြင်းခံရသည်)အတွက် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၂၁ ပါးတို့သည် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့်အတူ အခမ်းအနားကို ကျင်းပပေးကြသည်။ ဗြိတိသျှအစိုးရက ဗမာနိုင်ငံ၏ ရှင်ဘုရင်ဖြစ်သော သီပေါဘုရင်ကို အိန္ဒိယနိုင်ငံ၏ မထင်ရှားသော အရပ်ဒေသို့ ပို့ဆောင်ကာ ပြည်သူလူထု မေ့ပျောက်သွားစေရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သော်လည်း ပြည်သူလူထုက မေ့ပျောက်ခြင်း မရှိခဲ့ကြပေ။ ၁၉၆၂ ခုနှစ်မှစတင်ကာ စစ်အစိုးရအုပ်ချုပ်ကာ အထီးကျန်နိုင်ငံဖြစ်ခဲ့သည်။ ပြင်ပကမ္ဘာမှ ထုတ်ဝေသော စာအုပ်စာတမ်းမှန်သမျှတို့မှာလည်း စာပေစိစစ်ရေး၏ တင်းကျပ်သော စိစစ်မှုကို ခံယူပြီးမှသာ တိုင်းသူပြည်သားများ ဖတ်ခွင့်ရခဲ့သောကာလ ဖြစ်သည်။ စာရေးဆရာတို့မှာလည်း ထောင်မကျစေရန်အတွက် သတိကြီးစွာထား၍ ရေးသားခဲ့ကြရသည်။ ယခုအခါတွင်မူ ဒီမိုကရက်တစ်ပြောင်းလဲမှုများဖြစ်ပေါ်ပြီး မြန်မာနိုင်ငံသည် လွတ်လပ်မှုရရှိနေပြီဖြစ်သည်။ အရာရာကို လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ပြီဖြစ်သဖြင့် သူတို့နိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်သော သီပေါ၏ ရုပ်ကြွင်းများကိုပင်လျှင် သူတို့၏ အတိတ်ကာလကို ပြန်လည်အဖတ်ဆယ်နိုင်ရန် ပြန်လည်ယူဆောင်မည်ဟု ဆွေးနွေးကောင်း ဆွေးနွေးနိုင်ကြမည် ဖြစ်သည်။

ဆုဒါရှား

*(The King in Exile စာအုပ်ကို ရေးသားခဲ့သူ စာရေးဆရာမ ဆုဒါရှားက သီပေါမင်း နတ်ရွာစံခြင်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ထုတ် အိန္ဒိယသတင်းစာတစ်စောင်တွင် ရေးသားဖော်ပြထားသည့် ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြခြင်း ဖြစ်ပါသည်။)*

■ ဝင်းငြိမ်း



SUDHA SHAH

■

ဆုဒါရှား(မူရင်းစာရေးသူ)

NDSP

ဆရာစံလမ်းနှင့်ပုလဲကွန်ဒိုထောင့်၊ ပုလဲကွန်ဒိုဝင်း ပဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၇၃၀၅၅၅၄၃၊

E-mail : www.ndspbook.com



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလေး 'ဇီဝေါ' နဲ့လည်း တည့်တည့်ကြီး လွဲစရာမရှိတော့ဘူး။ တကယ်တော့ အမှန်တရား ဆိုတာ လက်ခံယုံကြည်ထားတာထက် ပိုပြီး လက်တွေ့လုပ်မိလိုက်ဖို့ဓဲ အရေးကြီးပါတယ်။

အခု အဖြစ်အပျက်က ကိုယ့်ကိုယ်ကိုတောင် ခွင့်လွှတ်ဖို့ မလွယ်ခဲ့ဘူး။ ဘယ်သူမှ မသိလိုက်ပေမဲ့ အမေနဲ့ ကျွန်တော် ရှောင်လွဲသွားတဲ့ အကြည့်တစ်ချက် ကိုယ့်ကိုယ်ကိုတောင် နားမလည်နိုင်ခဲ့ဘူး။

အဲဒီအကြောင်းတွေဟာ အလွှမ်းပြေ ချောင်းထဲမှာဖြစ်ဖြစ် မျောပါသွားခဲ့သင့်တာ။ ဘယ်သူမှမသိနိုင်တဲ့ အမည်းစက်တစ်ခုလို သွားလေရာမှာ စိတ်ကတထင့်ထင့်နဲ့။ အဲဒီနေ့က ဘူတာမှာ လက်မှတ်တစ်စောင်လောက်ပဲ ဝယ်လို့ရခဲ့ရင်ကောင်းမယ်။ ဒါဆို ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



# ဇော်မြင့်အေး ၊ရေးဖွဲ့၊

# မိုးသည်းတုန်းရေးတဲ့ပုံပြင်

အမှတ် ၃၂၈၊ မတ်၊ ၂၀၁၇

ဆုံမိလိုက်ချိန်မှာ ဖြစ်ပျက်ခဲ့တယ်။

□

မိုးစက်တွေဟာ 'နောက်ထပ်ရွာဖို့ မရှိတော့ဘူး' ဆိုပြီး သဲကြီးမဲကြီး သွန်ချနေရှာသလားမသိ။ ကျွန်းပင်တွေပေါ်က ကျလာတဲ့ မိုးပေါက်တွေဟာ လက်ဖက်ရည်ဆိုင်မှာရှိတဲ့ လူတွေဆီ ရွှဲရွှဲစိုစေတယ်။ တက္ကသိုလ် 'လှည်းဘီး' ကဖေးတစ်ခုလုံး လှုပ်လှုပ်ရွရွနဲ့။ အပြင်ဘက်ပိုင်းတွေကနေ ဆိုင်ထဲသို့ အပြေးအလွှား ရွေ့လာကြတယ်။ ဆိုင်လေးက တက္ကသိုလ်နဲ့ ရင်ဘတ်ချင်း ချိတ်ထားတဲ့အနေအထား။ သစ်သား တံတားငယ်လေး တစ်ခုကို ဖြတ်လျှောက်လိုက်ရင် ကျွန်းပင်တွေ တရှဲရှဲလှုပ်နေတဲ့ တက္ကသိုလ် 'လှည်းဘီး' ကဖေးကိုရောက်ပါပြီ။ ကျောင်းသား ကျောင်းသူတွေအားနဲ့ လည်ပတ်နေတဲ့သဘော။ ဒီတော့လည်း ဒီဆိုင်မှာ ဒီအရပ်၊ ဒီဇာတ်ဆိုမှတော့ ကျောင်းသားကျောင်းသူက လွဲရင် ဘယ်သူလာမလဲ။ တစ်ခါတစ်ရံ မျက်စိလည်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com

ညည်းသည်ဆိုတာလည်း တကယ့် တစ်ခါတစ်ရံ ဆိုရုံလောက်ပဲ ရှိမယ်ထင်တယ်။

မိုးရွာတယ်သာ ပြောရတယ်။ တကယ်တော့ မြစ်ကြီးနားမြို့မှာ ရာသီဥတုသုံးရပ်စလုံး မှန်တယ်။ နွေဆိုရင် ပူတာမှ လေကလေး တစ်ချက်တွေ့ဖို့တောင် မနည်းအားယူနေရတယ်။ မိုးဆိုလည်း ကြည့်လိုက်ဦး၊ ရွာမိရင် သဲသဲမဲမဲ။ တစ်ပတ်နေလို့ အဝတ်လျှော်လှန်းဖို့ တစ်ရက်ရခဲ့ရင်တောင် အဆင်ပြေလှပြီ ပြောရမယ်။ ဆောင်းလည်း ဒီလိုပဲ။ အရင်နှစ်များစွာက ပုံစံမျိုး မဟုတ်တော့ တာကလွဲရင် အအေးပိုတုန်းပဲ။

'ဆောရီးနော်'

ဆိုင်ရှေ့မှာ ရွာနေတဲ့ မိုးကြောင့် ဝရန်းသုန်းကား ပြေးဝင်လာကြတဲ့အထဲက 'ကရဝိက်သံ'လေးတစ်ခုကို ကြားလိုက်ရသလိုမျိုး။ မိုးရေစတွေ ထိမှန်ထားတဲ့ ဆံနွယ်လေးတွေကြားမှာ မိတ်ကပ်ပါးပါးနဲ့ မျက်နှာလေးကိုပါ ရုတ်တရက် အပိုဆုရလိုက်တယ်။ မိုးပေါက်တွေသီးနေတဲ့ အုန်းလက် မျက်တောင်ဖျားလေးတွေ၊ အမှတ်တမဲ့ ဝိုင်းစက်သွားတဲ့ မျက်ဝန်းနုနုလေးတွေ၊ ချက်ချင်းကြီး ပွင့်လာတဲ့ ကြက်သွေးရောင်နှင်းဆီငုံလေးဆီက 'ဆောရီးနော်' ဆိုတဲ့ သံစဉ်လှလှတွေဟာ ကျွန်တော့်ဆီ တန်းတန်းမတ်မတ် စိုက်ဝင်သွားတဲ့ မြားတွေဆိုတာ ဘယ်လိုမှ ငြင်းမရခဲ့ဘူး။

တကယ်ဆို ဆိုင်ထဲမှာ လူတွေအပြည့်ဖြစ်နေပြီ။ သူမအတွက် ထိုင်စရာခုံ ရှိပါဦးမလားလို့ မဆီမဆိုင် စိတ်ပူမိနေတာကိုက ကျွန်တော်ဟာ ညို့ကွင်းထဲ ဝင်ရောက်မိနေကြောင်း ကိုယ့်ဘာသာပဲ သိလိုက်ရတယ်။ အဲဒီ မတော်တဆ ဝင်တိုက်မိလိုက်တဲ့ ကိစ္စကလည်း ရင်ဘတ်တစ်ခုလုံး ပွင့်သွားရလောက်အောင် အနေရအထိုင်ရ ခက်စေတဲ့ အကြောင်းအရာတွေ ဖြစ်လာတယ်။

> အိုင်ဆက်နယူတန် ရဲ့ သီအိုရီအရဆိုရင် ပန်းသီးတစ်လုံး ကြွေတာဟာ ကမ္ဘာကြီးရဲ့ ဆွဲအားကြောင့် ဆိုတာ ငြင်းလို့မရခဲ့ဘူး တကယ်တော့ ကျွန်တော် ကိုယ်တိုင်ကိုက 'သူမ' ယူထားတဲ့ 'ပထဝီ' မေဂျာပေါ်မှာ ပန်းသီးလေး တစ်လုံးလို ကြွေကျ နေချင်ခဲ့တယ်

❑

'အိုင်ဆက်နယူတန်'ရဲ့ သီအိုရီအရဆိုရင် ပန်းသီးတစ်လုံးကြွေတာဟာ ကမ္ဘာကြီးရဲ့ ဆွဲအားကြောင့်ဆိုတာ ငြင်းလို့မရခဲ့ဘူး။ တကယ်တော့ ကျွန်တော်ကိုယ်တိုင်ကိုက 'သူမ' ယူထားတဲ့ 'ပထဝီ' မေဂျာပေါ်မှာ ပန်းသီးလေး တစ်လုံးလို ကြွေကျနေချင်ခဲ့တယ်။ ကျွန်တော် မိုးရေထဲက မျက်နှာလေးကို တစ်ခါ ပြန်တွေ့လိုက်တယ်။ တိတိကျကျ ပြောရရင် တစ်ခါဆိုတာ စကားလှအောင် ပြောလိုက်တာဖြစ်ပြီး ခဏခဏ တွေ့နေပြီဆိုတဲ့ စကားနောက်မှာတော့ အကြည်ဓာတ်တွေ ဝေနေခဲ့တယ်။

'ကျွန်မနာမည် ဇီဇဝါနိုင်'ပါလို့ သူမကိုယ်သူမ မိတ်ဆက်ပြီး နောက်တစ်ခါသောက်ဖြစ်ခဲ့တဲ့ ကော်ဖီဟာ သောက်ဖူးခဲ့သမျှတွေထဲမှာတော့ ရင်အငွေ့ဆုံးပဲ။ အသံသာသာလေးဆီ မျောပါသွားတဲ့ ကျွန်တော့်ဝိညာဉ်တွေကို အချိန်မီ ပြန်သိမ်းဆည်းဖို့တောင် အဲဒီနေ့က နောက်ကျခဲ့တယ်။ ရိုးရိုးသားသား ဝန်ခံရရင် သူမရှေ့မှာ မကြာမကြာ ရပ်ရပ်သွားခဲ့တဲ့ အသက်ရှူခြင်းများ၊ စည်းချက်မမှန်တော့တဲ့ မြို့လယ်နာရီစင်က သံပတ်တွေလို သွေးခုန်နှုန်းများ။ အဲဒါတွေအားလုံးဟာ မကြာခင်မှာပဲ သူမရဲ့အနားကို တိုးကပ်ခွင့်ရစေတဲ့ အကြောင်းအရာတွေဆိုတာ ကျောင်းတွေ ပိတ်ခါနီးကျမှ ပိုပြီး သိခွင့်ရလိုက်တယ်။ အဖြစ်အပျက်က အဲဒီက စ,ရင်ရတယ်။ ကျောင်းပိတ်တော့မယ်ဆိုတော့ ချစ်သူတွေရဲ့ထုံးစံအတိုင်း ကျွန်တော်လည်း ထပ်တူထပ်မျှ ပါဝင်ခဲ့ရသေးတာပေါ့။ ကချင်ချောင်းသာ၊ ရေဘွဲ့ကွန်၊ ကျိန်ခရမ်ချောင်း၊ အလွမ်းပြေချောင်း၊ မြစ်ဆုံ…အဲဒါတွေ အားလုံးဟာ အချစ်ရဲ့ သင်္ကေတတွေ လို့ပြောရင် ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်မယ်။

ခက်တာက ချစ်သူကို တင့်တင့်တယ်တယ် ဖြစ်စေနိုင်တဲ့ မော်အစွမ်းတွေ ကျွန်တော့်မှာ ရှိမနေဘူး။ အမေဆိုရင်တောင် မြစ်ကြီးနားနဲ့ မန္တလေးကို သွားလာနေတဲ့ အစုန်အဆန် ရထားတွေပေါ်မှာ ဘဝတိုက်ပွဲဝင်နေရတယ်။ ရေသန့်ဘူး၊ အအေးမျိုးစုံ၊ ထမင်းဘူး စသဖြင့် ပြေးပြေးလွှားလွှား ဝယ်လိုက် ရောင်းလိုက်လုပ်ရင်း ကျွန်တော့် ကျောင်းစရိတ်တွေအဖြစ် ဖန်တီးနေရတယ်။ ရထားပေါ်ကို အပြေးအလွှားတက်၊ အပြေးအလွှားရောင်း ဆိုတာမျိုးပေါ့။ အခုဆို ကျွန်တော့်မှာ အဖေဆိုလည်း ဒါပဲ၊ အမေဆိုလည်း ဒါပဲရှိတော့ ကျွန်တော်ဟာ အမေ့ရဲ့ အနာဂတ်ဖြစ်တယ်ဆိုတာ မပြောလည်း သိပါတယ်။

❑

အမေ မသုတ်ဖြစ်သေးတဲ့ ချွေးစက်လေးတွေဟာ ကျွန်တော် ကျောင်းပိတ်ရက် အိမ်ပြန်လာမှပဲ အလိုလို ချွေးတိတ်သွားတတ်တယ်။ အမောပြေသွားတဲ့ အမေ့မျက်နှာကိုလည်း ဘယ်တော့မှ ပျောက်ပျက်မသွားအောင် ပန်းချီကားတစ်ချပ်လို ရင်ထဲမှာတောင် မိမိရရ ဆွဲထားလိုက်မိသေးရဲ့။

အလိုချင်ဆုံးအရာတစ်ခု ဆုံးရှုံးဖို့ဖန်လာရင် အဆုံး

www.burmeseclassic.com

www.burmeseclassic.com

အရှုံး မခံနိုင်လိုသူတွေဟာ တချို့သော အကြောင်းအရာတွေကို မျက်စိစုံမှိတ်ငြင်းတတ်ကြမယ်ထင်တယ်။ တကယ်တမ်းကျတော့ ကျွန်တော်သတ္တိနည်းတာက အများကြီးပါမယ်။ 'ဇီဇဝါခိုင်'က ရွှေဘိုသူလေ။ ကျောင်းတွေပိတ်ရင်အိမ်ပြန်ပို့ပေးရမယ်ဆိုတော့လည်း ကျွန်တော် ဘာတတ်နိုင်ခဲ့မှာလဲ။

အဖြစ်အပျက်က အဲဒီနေ့ မနက်စောစောမှာ သွားခဲ့တဲ့ အလွှမ်းပြေချောင်းလေးထဲမှာ မျှောလို့ရရင်ကောင်းမယ်။ ကျွန်တော့် လုံးဝ သတ္တိမရှိခဲ့ဘူး။ ဘယ်လောက်ထိသတ္တိနည်းခဲ့လဲဆိုရင် ချစ်သူလေးကို ခဏလေးခွဲရဖို့တောင် သတ္တိမရှိခဲ့ဘူး။ 'ရွှေဘို'ထိ လိုက်ပို့ပေးပြီး နောက်တစ်ရက်ပြန်မယ်ဆိုတဲ့ စိတ်ကူးကို ဘာမှ မစဉ်းစားဘဲ ချက်ချင်း လက်ခံလိုက်တယ်။

ပြဿနာက မိုးညှင်းဘူတာ အရောက်မှာ စ,တယ်။ ရထားတွဲပေါ်မှာ ဈေးသည်တွေ အလုအယက် တက်လာကြတယ်။ ကျွန်တော့်ရဲ့ ဂနာမငြိမ်တဲ့ ကျီးကန်းတောင်းမှောက် မျက်လုံးတွေကြောင့် 'ဘာတွေရှာနေတာလဲ'ဆိုပြီး 'သူမ'ခဏခဏမေးတယ်။ 'ဘာမှ မရှာပါဘူးကွာ'ဆိုတဲ့ စကားကို အသံသွင်းပြီး ပြန်ပြန်ဖွင့်ပြနိုင်ရင်တော့ အကောင်းသား။

'မိုးညှင်းသူ အဆက်ဟောင်းကို ရှာနေတာမို့လား'

ကျွန်တော် သွားနေတဲ့လမ်းနဲ့ သူမပြောလိုက်တဲ့ မြေပုံအညွှန်းဟာ တစ်သီးတခြားစီ မျက်နှာမူနေပါတယ်ဆိုတာ 'ဇီဇဝါ'ဆိုတဲ့ ရွှေဘိုသူလေး ဘယ်သိမလဲ။ သဝန်တိုတတ်ရန်ကောကွာလို့ ပြောလိုက်ရမလား။ ဘာပဲဖြစ်ဖြစ် ချစ်လို့ သဝန်တိုတာ အပြစ်မှမဟုတ်ဘဲ။ ကျွန်တော် ဘယ်ပြောရက်ပါ့မလဲ။ တကယ်တမ်း ကျွန်တော့်မှာ ခလုတ်တိုက်ခဲ့တာဆိုလို့ ဒီနတ်မိမယ်လေးတစ်ပါးပဲ ရှိတာပါ။ ဒါပေမဲ့ ကျွန်တော့် မျက်လုံးတွေဟာ တစ်စုံတစ်ရာကို ရှာဖွေနေတယ်ဆိုတာ သူမ အလိုလိုသိနေတယ်။

'ရေသန့်ဘူးတွေ ရမယ်၊ ရေခဲစိမ် အေးအေးလေးတွေ'

မိန်းကလေးဆိုတဲ့ သဘောကိုက ယောကျ်ားလေးတွေအပေါ် ဆိုးချင်နွဲ့ချင်တယ်။ အသေးစိတ်ကစ အလိုလို အလိုက်သိပေးနေမှ၊ ဂရုလေး စိုက်တတ်မှပဲ ပိုပြီး အမှတ်ပေးတတ်ကြတယ်။ ကျွန်တော့်မှာတော့ ကိုယ့်အကြောင်းနဲ့ကိုယ် ဆိုသလိုပဲ။ ရထားပေါ်တစ်လျှောက်လုံး သူမမျက်နှာလေးက လွှဲလို့ ဘယ်ဘေးဘီမှ မကြည့်ရဲခဲ့ဘူး။ နှစ်ယောက်သားမျက်နှာသုတ်ပဝါ အပြာရောင်လေးကို မလုံ့တလုံခြုံလို့ပေါ့။

ခဏခဏ ဖြတ်သွားဖြတ်လာလုပ်ရင်း အော်နေတဲ့ ဈေးသည်သံတွေကြားတိုင်း 'နေကြာစေ့လေး ဝယ်ပေးဦး' ဆိုတာမျိုးတွေ မကြာမကြာ။ 'အေးပါကွာ၊ ပြီးတော့ ဝယ်တာပေါ့'ဆိုတဲ့ စကားလေးကိုပဲ ထပ်ကာထပ်ကာ ကျော့ပြီး ဖွင့်ပြရတာလည်း အမောတကော။ ကိုယ့်အကြောင်းနဲ့ကိုယ်လေ။ တစ်ခါတလေ သူ့ဘာသာသူ အော်ခေါ်ပြီး ဝယ်မယ်ဆိုတာက ရှိသေးတယ်။

❑

'ဒေါ်ကြီး သမီးကို ရေသန့်တစ်ဘူးလောက်ပါ'

ကျွန်တော့်ခေါင်းပေါ်ကို 'ဂျိမ်း'ခနဲ ပစ်ချလိုက်တဲ့ မိုးကြိုးခြိမ်းသံတစ်ခု။ အဝတ်အစား ခပ်နွမ်းနွမ်း၊ ခပ်ပျော့ပျော့နဲ့ ချည်ပေါင်းတွဲတွေ တွဲထားတဲ့ အခွေကို လည်ပင်းမှာ ချိတ်လို့။ ကျန်တဲ့ လက်တစ်ဖက်က ရေသန့်ဘူးခြင်းတစ်လုံးကို ဆွဲထားတယ်။ 'ဘုရား ဘုရား'ဆုံမယ့်ဆုံတော့လည်း ကျွန်တော့် အမေဆီကိုမှ ရေသန့်ဘူးဝယ်ဖြစ်လိုက်တဲ့ နတ်မိမယ်လေးပါလား။ အမေလို့ အော်ခေါ်ချင်နေပေမဲ့ မရေရာသေးတဲ့ အနာဂတ်တွေကြောင့် နှုတ်သတ္တိတွေက ဆွံ့အ,နေပြန်တယ်။ ဒါကို အမေ ရိပ်မိနိုင်မလား။ 'အိမ်ပြန်ရောက်မှပဲ ကန်တော့ပါရစေ အမေ' ဆိုတာကလွဲရင် ခုချိန်မှာ ကျွန်တော် ဘာမှ မတတ်နိုင်ခဲ့ပြန်ဘူး။

'ဟော့ သား။ ဩော်... ငါးရာပဲကျတယ်...သား...'

တကယ်တမ်းကို မိုးကြိုး ပစ်ချခံလိုက်ရသလိုပဲ။ အဲဒါ...အမေ...အမေပါ။ ကျွန်တော့်ကို 'သား'လို့ ခေါ်ဖို့ ပြင်ပြီးမှ 'ဩော်... သား ငါးရာပဲကျတယ်'ဆိုတဲ့ စကားလုံးတွေနဲ့ အချောအလှလေးဘေးမှာ မျက်နှာမငယ်ရအောင် ရှောင်ထွက်ပေးလိုက်ရတဲ့ အမှုအရာတွေ။ တဒင်္ဂလေးအတွင်းမှာ ပါးစပ်က ဘာစကားမှ မဆိုနိုင်သေးခင်ဘဲ အမေဟာ ကျွန်တော့်ကို ကြည့်ပြီး အက်ရှင်ပြောင်းပေးသွားတယ်။ တကယ်တော့ အမေဟာ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးမှ မဟုတ်ဘဲ၊ ဒါပေမဲ့ အမေနဲ့ကျွန်တော်ပဲ သိတဲ့ အကြည့်တစ်စုံ နောက်ကွယ်မှာတော့ အမေဟာ အကယ်ဒမီ ရသွားခဲ့တယ်။

ကျွန်တော်ပဲ ၅၂၈ နဲ့ ၁၅၀၀ ဆိုတဲ့ ဝိုင်ယာနှစ်စကို ကိုင်မိပြီး ရှော့တိုက်ခံရတဲ့ လူတစ်ယောက်လို ပုစ္ဆာတစ်ပုဒ်ရဲ့ အဖြေကိုရောက်အောင် မတွက်နိုင်ခဲ့ဘူး။ အမေ့ ခြေဖျားကိုတောင် မမီခဲ့ဘူး။ ချစ်သူ မသိလိုက်တဲ့အတွက် စိတ်မကောင်းဖြစ်မိရုံကလွဲရင်လည်း ဘာမှ မတတ်နိုင်ခဲ့ပြန်ဘူး။

သေချာတယ်။ အမေ့အကြောင်းကို ကျွန်တော်သိတယ်။ ရှေ့က ဘူတာမှာ ဆင်းရင်ဆင်းမယ်၊ ဒီလိုမှ မဟုတ်ရင်လည်း ဒီအတွဲဆီကို နောက်ထပ် ဘယ်တော့မှ လာမှာ မဟုတ်တော့ဘူး။ ကျွန်တော့်မှာသာ ခွင့်မလွှတ်ချင်စရာ အမှားမျိုးတွေနဲ့။ ဘယ်သူမှ မသိလိုက်ပေမဲ့ အမေနဲ့ကျွန်တော် ရှောင်သွားတဲ့ အကြည့်တစ်ချက်မှာ ဖြစ်ပျက်ခဲ့တာတွေဟာ အမေ့ဘက်ကပဲကြည့် ကြည့်၊ ကျွန်တော့်ဘက်ကပဲ ကြည့်ကြည့် 'ချို့တဲ့နေတဲ့ ဘဝဆိုတာ'ကိုက ရင်နင့်စရာ ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်နေခဲ့တယ်။

■

မောင်ပြည်အေး(ရွှေကူ)



www.burmeseclassic.com

www.burmeseclassic.com

# ရသစိုက်ပျိုးရေး တာတမ်း

**ငြိမ်းမင်း**

**ရသ စိုက်ပျိုးရေး** လို့ ညင်ညင်သာသာ ခေါင်းစဉ်ပေးထားပေမဲ့ တကယ့်တကယ် လိုအပ်နေတာကတော့ 'ရသတော်လှန်ရေး' ဖြစ်ပါတယ်။ ဒီအချိန်မှာ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် 'ရသ' ကိစ္စကို နိုးနိုးကြားကြား စိုက်ပျိုးရှင်သန်အောင် အားခဲပြီး စူးစိုက်လုပ်နိုင်မှ အားလုံး မျှော်လင့်တဲ့ နိုင်ငံတော်သစ်ဆီကို နည်းမှန်မှန် လမ်းမှန်မှန် လျှောက်လှမ်းသွားနိုင်မှာပါ။ နို့မို့ရင် လမ်းလွဲသွားနိုင်တယ်။ မျက်စိလည် သွားနိုင်တယ်ဆိုတာ သတိချပ်ရမှာပါ။ 'ရသ' ဆိုတာ ဇိမ်ခံပစ္စည်း မဟုတ်ပါ။ 'ရသ' ဟာ လူဖြစ်ဖို့ မရှိမဖြစ်တဲ့ လိုအပ်ချက်ကြီးပါ။ 'ရသ' မရှိရင်၊ 'ရသ' မထွန်းကားရင်၊ ရသကို စနစ်တကျ မတည်ဆောက်နိုင်ရင် ဆင်းရဲတွင်းထဲက တက်နိုင်မှာမဟုတ်ပါဘူး။ ဆင်းရဲတဲ့အထဲမှာ ပညာဆင်းရဲတာ၊ အသိဉာဏ်ဆင်းရဲတာ၊ ကိုယ်ကျင့်တရား ဆင်းရဲတာလောက်ဆိုးတာ ဘာမှမရှိပါဘူး။ ပစ္စည်းဥစ္စာဆင်းရဲပေမဲ့ ပညာ၊ အသိဉာဏ်၊ ကိုယ်ကျင့်တရား မဆင်းရဲရင် ကမ္ဘာက လေးစားတဲ့လူမျိုး ဖြစ်နိုင်တယ်။

စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ ရုန်းနေရတဲ့ ပြည်သူတွေကို 'ရသ' အကြောင်း ပြောပြနေတာ မီးလောင်တဲ့နေရာမှာ စောင်းတီးပြနေတဲ့ နီရိုးဘုရင်လိုဖြစ်နေပြီလို့ ထင်ကောင်းထင်နိုင်ပါတယ်။

တကယ်တော့ ပြည်သူအများစုကို 'ရသ' နဲ့ ရင်းနှီးအောင် လုပ်မပေးနိုင်ခဲ့လို့၊ ပြည်သူတွေရဲ့ ရင်ဘတ်ပေါ်မှာ 'ရသ' ကို ကျကျနန စိုက်ပျိုးမပေးနိုင်ခဲ့လို့ ကျွန်တော်တို့ရဲ့ ရာဇဝင်တွေ ရိုင်းခဲ့ရတာပါ။ အာဏာရှင်အများစုက သူတို့သာ 'ရသ' ကို အဆင့်မြင့်မြင့် ခံစားနိုင်အောင် အားထုတ်ခဲ့ကြပြီး 'ရသ' ဆိုတာကို ပြည်သူတွေနဲ့ ဝေးအောင် စနစ်တကျ ဂုက်ကွယ်ထားခဲ့တာပါ။

ဒီနေ့ ပြည်သူတွေရဲ့ ရင်ဘတ်ထဲမှာ 'ရသ' ပျောက်နေရပါပြီ။ ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေရဲ့ သားကောင်ဘဝရောက်နေရပါပြီ။ ကြည့်ပါ။ ၂၀၁၆ ခု၊ ဇန်နဝါရီလက နိုဝင်ဘာလကုန်ထိ မြန်မာနိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၈၁၁၇ မှုဖြစ်ပြီး တရားခံ ၁၂၂၆၅ ဦးဆီက ဘိန်းမည်း ၆၀၆.၅၆၂၈ ကီလို၊ ဘိန်းဖြူ ၅၄၄.၂၃၇၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၈,၃၅၆၂၀ ဖမ်းဆီးရမိခဲ့ပါတယ်။[၁] ဖမ်းမိတာက အဲဒီကိန်းဂဏန်းဆိုရင် မဖမ်းမိတာက ဘယ်လောက်ရှိမလဲ။ ဒါက တစ်မှုပါ။

နောက် လူတွေ အော့နှလုံးနာနေတဲ့ သက်ကြီး သက်ငယ်မုဒိမ်းမှုတွေ၊ နေ့ခင်းကြောင်တောင် ဓားပြတိုက်မှုတွေ၊ ၃၊ ၄ လောင်းပြိုင် လူသတ်မှုတွေ၊ ချစ်သူချင်း အဆင်မပြေတာနဲ့ ဓားနဲ့မွေ၊ ကတ်ကြေးနဲ့ထိုးမှုတွေ၊ အမေကို ပြန်သတ်တဲ့

(၁) မြန်မာ့အလင်းသတင်းစာ၊ ၂၀၁၇ ဇန်နဝါရီ ၇၊ စာမျက်နှာ (၁၃)။



www.burmeseclassic.com

www.burmeseclassic.com

ခေတ်သစ် အဓောတသတ်တွေနဲ့ ဒုစရိုက်တွေက တရားဥပဒေ စိုးမိုးရေးကို ခြိမ်းခြောက်လာနေတယ်။

ဒီလို ဒုစရိုက်ရာဇဝတ်မှုတွေ ထူပြော၊ စိတ်ဓာတ်တွေ ပျက်စီး၊ သဘာဝပတ်ဝန်းကျင်တွေ ခန်းခြောက်၊ ရာသီဥတုတွေ ဖောက်ပြန် ဆိုရင် လူ့ဘုံကြီးဟာ ဘယ်လိုမှ လှပနိုင်တော့မှာ မဟုတ်တော့ပါဘူး။

အဲဒါတွေ အားလုံးကို ဖန်တီးပေးတဲ့ ရေသောက်မြစ်က ဘာလဲ?။

အဲဒါဟာ 'ရသ ခန်းခြောက်ခြင်း'ရဲ့ အကျိုးဆက်တွေ ဖြစ်တယ်ဆိုရင် လက်ခံနိုင်ကြပါ့မလား။

ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာန၊ ပါမောက္ခ ဒေါက်တာ နီလာကြူရဲ့ သုတေသနပြုလုပ်တွေ့ရှိချက်က စိတ်ဝင်စားစရာပါ။ မြန်မာနိုင်ငံမှာ လူငယ်ဦးရေ ၂၆ သန်းလောက်ရှိနေပြီး အဲဒီအထဲမှာ သုံးဦးမှာ တစ်ဦးနှုန်း စိတ်ကျရောဂါ ခံစားနေရတယ်လို့ တင်ပြခဲ့ဖူးပါတယ်။

လက်ရှိလူငယ်တွေ (၁၅ နှစ်မှ ၂၄ နှစ်ကြား)ရဲ့ ၂၀ ရာခိုင်နှုန်းလောက်ဟာ စိတ်ကျန်းမာရေးချို့တဲ့မှု တစ်ခုခု ခံစားနေရတယ်လို့ ဆိုပါတယ်။

'စိတ်ကျန်းမာရေး'ဆိုတဲ့ ခေါင်းစဉ်ဟာ တိုင်းပြည်တစ်ခုမှာ အသက်ဝိညာဉ်လို အရေးကြီးလှပါတယ်။ ရုပ်ကျန်းမာရေးဗဟုသုတတောင် မပြည့်တဲ့ မြန်မာပြည်သူတွေဟာ စိတ်ကျန်းမာရေးဆိုတာကို ရှိမှန်းတောင် မသိတဲ့လူများတာ သဘာဝကျပါတယ်။ ကမ္ဘာမှာ EQ တွေ၊ IQ တွေ ထိပ်ဆုံးရောက်နေတဲ့ အမေရိကန်လိုနေရာမျိုးမှာတောင် စိတ်ကျန်းမာရေးဆရာဝန် သိန်းချီရှိနေပြီး စိတ်ကျန်းမာရေးဆေးရုံက ၄၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။

စိတ်ကျန်းမာရေး မရှိတော့ ဘာဖြစ်လဲ?

လူဟာ တိရစ္ဆာန်လို ဖြစ်သွားတော့တာပေါ့။

ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတာက 'ပါပသ္မိံ ရမတေ မနော'တဲ့။

စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တယ်တဲ့။ ဟုတ်တယ်၊ ကျွဲဟာ ရွှံ့ညွန်မှာပဲ ပျော်တယ်။ ယင်ကောင် အညစ်မှာပဲ မွေ့လျော်တယ်။ ဒီအတိုင်းပဲ၊ လူဟာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန ဆိုတာတွေမှာပဲ ပျော်မွေ့နေတာ။ မကောင်းမှန်းသိလျက်နဲ့ ထပ်တလဲလဲ လုပ်မိနေတာ။ အဲဒါတွေအားလုံးဟာ ကျန်းမာမှုမရှိတဲ့ စိတ်ရဲ့အလေ့အထတွေ ဖြစ်နေတာကိုး။ အချိန်မရွေး ထဖောက်ပြန်နိုင်တဲ့ စိတ်အရိုင်းကို ဥပဒေတွေ၊ ဘာသာရေးတွေနဲ့ ထိန်းရုံနဲ့ မလုံလောက်တော့တဲ့အတွက် 'စိတ်ကျန်းမာရေး'ဆိုတာကို အရေးပေး တည်ဆောက်လာကြတာပါ။

စိတ်ကျန်းမာရေးအတွက် အကောင်းဆုံးဆေးက ဘာလဲ ?

လူတိုင်း စိတ်ထဲမှာ 'ရသ'ထွန်းကားလာရေးပါ။

အဲဒီ အဖြေဟာ မှန်ရဲ့လား။

အဖြေမှန်၊ မမှန်သိဖို့ဆိုတာ 'ရသ'ဆိုတာ ဘာလဲဆိုတဲ့ ခြေရာကောက်က စ,ရပါမယ်။ 'ရသ'ဆိုတဲ့ စကားလုံးကို ကျွန်တော် စတွေ့ဖူးတာကတော့ ၁၉၈၀ ကျော်ကျော်က ပြဋ္ဌာန်းခဲ့တဲ့ 'အထက်တန်း ကဗျာလက်ရွေးစင်'စာအုပ်မှာပါ။ အဲဒီစာအုပ်ကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံတော် ပညာရေးဝန်ကြီးဌာန၊ ကျောင်းသုံးစာအုပ်ကော်မတီက ထုတ်ပေးခဲ့တာပါ။ အဲဒီစာအုပ်ရဲ့ အမှာစာမှာ ဒီလိုဖော်ပြထားပါတယ်။

*'ကဗျာတို့တွင် အရသာများ ပါရှိသည်။ ဤအရသာတို့ကို ရှေးဆရာတို့သည် ကိုးမျိုးကိုးစား ခွဲခြားပြလေ့ရှိသည်။ ယင်းတို့မှာ (၁)ချစ်ခင်မှုဆိုသော သိင်္ဂါရရသ၊ (၂) ပျော်ရွှင်မှုဆိုသော ဟဿရသ၊ (၃) ကြင်နာမှုဆိုသော ကရုဏာရသ၊ (၄) ရက်စက်မှုဆိုသော ရုဒ္ဒရသ၊ (၅) စွန့်စားမှုဆိုသော ဝီရရသ၊ (၆) ကြောက်ရွံ့မှုဆိုသော ဘယာနကရသ၊ (၇) မုန်းတီးမှုဆိုသော ဝိဘစ္ဆရသ၊ (၈) အံ့ဩမှုဆိုသော အဗ္ဘုတရသ၊ (၉) တင်းတိမ်ရောင့်ရဲမှုဆိုသော သန္တရသတို့ ဖြစ်ကြသည်။ ကဗျာတစ်ပုဒ်တွင် ဤအရသာမျိုး တစ်မျိုးသော်လည်းကောင်း၊ အများသော်လည်းကောင်း ပါဝင်နေသည်ကို တွေ့ရမည်။ ကဗျာလေ့လာသူတို့သည် ဤအချက်ကို သတိပြုဖော်ထုတ် တတ်ကြရသည်။'*

မြန်မာစာ ဆရာကောင်းတွေနဲ့ တွေ့ခဲ့ရတဲ့အတွက် အဲဒီရသကိုးပါးကို သေသေချာချာ နားလည်အောင် သင်ကြားခဲ့ရပါတယ်။

'ချစ်၊ ရွှင်၊ သနား
တည်ကြား၊ ကြမ်းကြုတ်
စက်ဆုပ်၊ ကြောက်ရွံ့
ရဲဝံ့၊ အံ့ဩ' နောအရသာ ကျမ်းဂန်လာလို့ မှတ်ခဲ့ရပါတယ်။

အဲဒီနောက်တော့ မြန်မာစာပေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားတဲ့ ဆရာတွေက ရသမှာ 'ဝလစ္ဆရသ'ဆိုတာ တစ်ခု ထပ်တိုးပြီး ရှင်းပြပါတယ်။ ဆရာတွေက သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာသာရစ္ဆသင်္ဂြိုဟ်ကျမ်းကို ကိုးကား ပြောပြတယ်။

'ဝလစ္ဆရသ'မှာ မောင်နှင့် နှမ၊ သားနှင့် အမိ၊ တပည့်နှင့် ဆရာတို့၏ ချစ်ခြင်း စသော ရိုးရိုးချစ်ခြင်းမျိုးကို ဆိုလိုသည်။

မိဘနှင့်သား ချစ်ခင်ခြင်းများသည် ရိုးသားဖြောင့်မတ်သော ချစ်ခြင်းမျိုးဖြစ်၍ ဝလစ္ဆရသနှင့် ပြည့်စုံသည်ဟူ၍ မှတ်ရမည်။

အဲဒီမှာ 'ရသ'ဆိုတာ မြန်မာလို တိတိကျကျ ပထမ နားလည်ရဖို့ ကြိုးစားရပြန်တယ်။ ပဌမတုန်းကတော့ 'အရသာ'၊ 'ခံစားမှု'လို့ လွယ်လွယ် မှတ်ခဲ့ရပါတယ်။

ဒါပေမဲ့ 'မုန်းတီးရတာ၊ ကြောက်ရွံ့ရတာ'ဆိုတာမျိုးကို ရသမြောက်အောင်ပြောတာ သဘာဝမကျဘူးဆိုတဲ့ စကားသံ



www.burmeseclassic.com

www.burmeseclassic.com

တွေ ထပ်ကြားရပြန်တယ်။

ဆရာ ဇော်ဇော်အောင်ကလည်း-

*‘အရုပ်ဆိုး အကျည်းတန်တာကိုကြည့်ရတာ*
*နှစ်သက်ကြည်နူးမှုဖြစ်သလား။*
*သွေးတွေ ပြည်တွေနဲ့ ပုပ်ပွနေတဲ့ အကောင်ပုပ်ကို*
*တွေ့လိုက် ကြည့်လိုက်ရတဲ့အခါမှာ*
*နှစ်သက်ကြည်နူးမှုဖြစ်သလား။*
*သာယာသွားသလား*
*သာယာမှုကို ခံစားလိုက်ရသလား။’*

ဆိုတဲ့ မေးခွန်းတွေ ထုတ်ခဲ့တယ်… ဆိုတော့ ‘ခံစားမှု’၊ ‘အရသာ’ဆိုတာနဲ့ ရသလို့ ဘာသာပြန်ရင် မပြည့်စုံဘူးဆိုတာ နားလည်လိုက်တယ်။ အဲဒီမှာ မြန်မာအဘိဓာန်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တစ်ဆင့်တက်ပြီး မှတ်သားလိုက်ရပြန်ပါတယ်။

ရသ = သာယာသောခံစားမှု

ခံစားမှုသက်သက် မဟုတ်ဘဲ စိတ်ထဲမှာ သာယာမှုဖြစ်စေတဲ့သဘော ပါဝင်လာတယ်။ ဆရာ ဇော်ဂျီကတော့ ‘ရသ နှစ်သက်ခြင်း’လို့ ပါဠိနဲ့ မြန်မာကို တွဲသုံးထားတာ တွေ့ရပါတယ်။ ဒီတော့ ရသဆိုတာ ‘နှစ်သက်ခြင်းပါသော ခံစားမှု’ လို့ နားလည်လာနိုင်ပါတယ်။

ချစ်တာပဲဖြစ်ဖြစ်၊ မုန်းတာပဲဖြစ်ဖြစ်၊
ရွံတာပဲဖြစ်ဖြစ်၊ ကြောက်ရွံ့တာပဲဖြစ်ဖြစ်
အဲဒီ ခံစားမှု ဖြစ်လာတာကို နှစ်သက်ရမယ်။

ကြောက်ရွံ့ခြင်းကို နှစ်သက်သလား မေးရင် နှစ်သက်တယ်လို့ ဖြေရမယ်။ ကမ္ဘာကျော် တစ္ဆေဇာတ်ကားတွေ၊ လူသတ်ကားတွေ၊ သွေးစုပ်ဖုတ်ကောင်ကားတွေ ကြည့်ပြီး ကြောက်ရတဲ့ အရသာကို သဘောကျတယ် မဟုတ်လား။ အဲဒါ နှစ်သက်ခြင်းပါသော ခံစားမှုပေါ့။ အဲဒါ ‘ဘယာနက ရသ’ မြောက်တာပေါ့။

ရသ ပြဿနာဟာ စာသင်သားတွေကို ဒုက္ခပေးခဲ့တယ်။ ဒါပေမဲ့ သင်ရိုးအဖွဲ့က ပြတ်ပြတ်သားသားမရှိတဲ့အတွက် အမိုက်သက်သက်ပဲ ဖြစ်ခဲ့ရတယ်။ စာပေဝေဖန်ရေးသဘော တရားတစ်ခုအဖြစ် လက်ခံဖို့ ခက်ခဲလာခဲ့ကြတယ်။ ၁၉၈၇

သူလည်း မာနဝင်ပြီး မှားမိခဲ့တယ်။ ဒါပေမဲ့ မှားတာကို ထုတ်ဖော် ဝန်ခံတယ်။ ပြီးတော့ တောင်းပန်ကန်တော့တယ် အဲဒီစာကို ဖတ်ပြီးရင် ငါကိုယ်တိုင်ရော မှားတာကို ဝန်ခံဖူးသလား ဝန်ခံရဲရဲ့လား။ တောင်းပန်သင့်တာကို တောင်းပန်ရဲ့လား တောင်းပန်ရမှာ ရှက်ကြောက်နေသလား၊ မေးခွန်းတွေ ရလာတာပေါ့။ ကိုယ့်ကိုယ်ကို မေးခွန်းပြန်ထုတ်တယ်ဆိုတာ ကိုယ့်အတ္တကို ပြန်စစ်ဆေးတာ မဟုတ်လား ဒါက ရသစာပေရဲ့ ဒုတိယအကျိုးဆက်

က စတင်ပြဋ္ဌာန်းခဲ့တဲ့ မြန်မာကဗျာလက်ရွေးစင်(နဝမတန်း) စာအုပ်မှာ-

*‘ကဗျာသည် ခံစားမှုပေးသော အဖွဲ့အနွဲ့ဖြစ်သည်။ ချစ်ခင်ခြင်း၊ ကြည်ရွှင်ခြင်း၊ လွမ်းဆွတ်ခြင်း၊ အားတက်ခြင်း စသော ခံစားမှုအမျိုးမျိုးကို ပေးနိုင်စွမ်းရှိသော အဖွဲ့အနွဲ့ ဖြစ်သည်။ ထို ခံစားမှု၏အစွမ်းဖြင့် ဘဝအသိ၊ ဘဝအမြင်ကို သိမြင်လာစေနိုင်သည်။ ထို့ကြောင့် ကဗျာ အရသာကို တပည့်များ ခံစားတတ်အောင် သင်ပေးဖို့ လိုသည်။’ လို့ပဲ ဖော်ပြထားတော့တယ်။*

အရင်ပြဋ္ဌာန်းချက် အမှာစာလို ရသတွေကို နာမည်တပ်ပြီး ဖော်ပြထားတာ မတွေ့ရတော့ပါဘူး။

ရသကို မြန်မာဘာသာပြန်ဆိုရာမှာ တွေ့ရတဲ့ ပြဿနာတွေကို‘ရသ’ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာထပ်ပြီးတွေ့ရပါဦးမယ်။

ရသကို English ဘာသာပြန်ဖို့ ကြိုးစားတဲ့အခါ ပြဿနာတွေ ပိုပြီး ရှုပ်ထွေးလာပါတယ်။

ဆရာ ဇော်ဇော်အောင်ကတော့-

*‘ရသဆိုတာ နှစ်သက်ကြည်နူးမှုဖြစ်တယ်။ သဘောကျသွားစေတာမျိုးပါပဲ’*လို့ ဆိုပါတယ်။(၂)

English ဘာသာပြန်ရာမှာတော့ ရသကို Aesthetics လို့ အနီးစပ်ဆုံး ဘာသာပြန်ထားတာ တွေ့ရပါတယ်။

ရသပညာကိုလည်း Aesthetics လို့ပဲ ဘာသာပြန်ထားတော့ ရှုပ်ထွေးသွားပြန်ပါတယ်။ ဒီနေရာမှာ အဝေးသင် ဒဿနိကဗေဒ ပို့ချချက်က အယူအဆကို တင်ပြလိုပါတယ်။

***ရသ ၏အနက်အဓိပ္ပာယ်***

*‘ရသ’(Rasa)ဟူသော ဝေါဟာရသည် စာပေနှင့် ပတ်သက်သော ကျမ်းဂန်များ၌ကဗျာအရသာ ခံစားမှုအတွက် အသုံးပြုသည့် ဝေါဟာရဖြစ်သည်။ အချို့ အိန္ဒိယပညာရှင်များ အလို အားဖြင့် ‘ရသ’ဟူသော ဝေါဟာရကို အနောက်တိုင်း စကားလုံး အသုံးအနှုန်းများဖြင့် ဖလှယ်၍ဖော်ပြရန်ခဲယဉ်းသည်ဟုဆိုသည်။ ‘ရသ’ဟူသော စကားလုံးအား အနံ့အရသာ(Flavour), အမြိုက်အရသာ(Relish), နှစ်သက်ခြင်း(Gustation), အရသာခံခြင်း(Taste) ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုကြသည်။ ၎င်းပြန်ဆိုချက်များအနက် တစ်ခုမျှ သီလျော်ခြင်းမရှိဟု ဆိုသည်။*

*၎င်းတို့နှင့် နှိုင်းစာလျှင် စိတ်လှုပ်ရှားမှု (Mood)ဟူသော စကားလုံးက ပိုမိုနီးစပ်သည်ဟု ယူဆကြသည်။ သို့ဖြစ်*

*(၂) ဆရာ ဇော်ဇော်အောင်၏ ထင်မိထင်ရာ ရေးချလိုက်တဲ့ ‘ပြုတ်စဖွင်းတောင်း စာပေဆောင်းပါးများ’ စာမျက်နှာ ၇။*



www.burmeseclassic.com

www.burmeseclassic.com

၍ အိန္ဒိယ၌ အသုံးပြုသည့် 'ရသ'ဟူသော အနုပညာ ဆိုင်ရာ သဘောတစ်ရပ်နှင့် နှိုင်းယှဉ်ခြင်းပြုနိုင်သည့် အမြင်တစ်ရပ်ကို ဥရောပ၌ ရှာဖွေတွေ့ရှိရန် ခဲယဉ်းပေသည်။ 'ရသ'နေရာ၌ အစားထိုး သုံးနှုန်းကြသော စကားလုံးအများအပြားသည် ကိုယ်ပိုင်စိတ်ကူးများဖြင့် ဖြည့်စွက် ပြန်ဆိုထားသည်ဖြစ်၍ လိုရင်းအနက်ကို ငုံမိခြင်းမရှိဟု အိန္ဒိယအနုပညာရှင်အချို့က မှတ်ယူကြသည်။ ဥပမာအားဖြင့် 'ရသ'ကို အရသာခံခြင်းဟု ပြန်ဆိုရာ၌ တိုက်ရိုက်အဓိပ္ပာယ်အားဖြင့် မှန်ကန်သော်လည်း အနုပညာနယ်ပယ်၌ သုံးစွဲသောအခါ၌မူ ဆီလျော်ခြင်း မရှိတော့ချေ။ နှစ်သက်ခြင်းဟူသော စကားလုံးသည် စားသောက်ဖွယ်ရာများဟု အရသာခံရာတွင် သုံးစွဲလေ့ရှိသည်ဖြစ်၍ ထိုစကားလုံးများကို အနုပညာနယ်ပယ်၌ သုံးစွဲသည့်အခါ ရသအား ရုပ်ခန္ဓာပိုင်းဆိုင်ရာ သာယာမှု(Bodily Pleasure)အဆင့်သို့ နိမ့်ချရာရောက်ပေသည်။ အနုပညာဆိုင်ရာ သာယာမှု (Artistic Pleasure)ဟူသော အာရုံငါးပါးအားဖြင့် သိရှိခံစားနိုင်သည်။ ရုပ်ခန္ဓာပိုင်းဆိုင်ရာ သာယာမှုထက် သာလွန်၍ အဆင့်မြင့်မားသည့် ဒဿနဆိုင်ရာ သုခချမ်းသာ (Philosophics bliss) ဟူသော သဘောနှင့်ညီမျှသော အနက်ကိုဆောင်သည်ဟု ဘရတ၏ မူရင်းအမြင်ကို ဖြည့်စွက်၍ ချဲ့ထွင်ရေးသားသူ နောက်ပိုင်းအနုပညာရှင်များက အဆိုပြုလာကြသည်။(၃)

အချုပ်အားဖြင့်ပြောရရင်တော့ ရသဆိုတာ အိန္ဒိယနိုင်ငံက လာတဲ့ ပါဠိစာပေအနုပညာစံနှုန်းတစ်ခု ဖြစ်ပါတယ်။ ၃ ရာစုလောက်က ပြဇာတ်ဆိုင်ရာ ရသအမြင်ကို တင်ပြခဲ့တဲ့ ဘရတ (Bharata)ဆိုတဲ့ လင်္ကာကျမ်းပြုဆရာတစ်ဦး စတင်သုံးစွဲခဲ့တာလို့ အနိုင်အမာ ဆိုထားပါတယ်။

သူ့ရဲ့ နာဋ္ဋယသျှတ္တရကျမ်း(Natya Sastra)မှာ စတင်တွေ့ရှိခဲ့တယ် ဆိုပါတယ်။ တကယ်တော့ ရသဟာ သက္ကတလင်္ကာကျမ်းရဲ့ အရေးအပါဆုံးအနုပညာ အမြင်တစ်ခု ဖြစ်ပါတယ်။

**ရသစာပေဆိုတာ ဘာလဲ**

ဆရာ ဦးတင်လှ(မဟာဝိဇ္ဇာ)က စာအုပ်တစ်အုပ်ရေးသားထုတ်ဝေပါတယ်။ ခေါင်းစဉ်က '**ဘာသာစကားနှင့်စာပေ**'တဲ့။ ဆိုလိုတာက Language and Literature ကို ရည်ညွှန်းတာပါ။ ဆရာ မောင်ခင်မင်(ဓနုဖြူ)ကလည်း စာအုပ်တစ်အုပ် ပြုစုခဲ့ပါတယ်။ ခေါင်းစဉ်က '**ဘာသာနှင့် စာပေ၊ စာပေနှင့် ဘာသာ**'တဲ့။ အဲဒါကလည်း Language and Literature ကို ညွှန်းတာပါပဲ။

ဆရာနှစ်ယောက်စလုံးရဲ့ သဘောထားက Literature ကို စာပေလို့ဆိုထားတာပါ။ 'စာပေ'ဆိုတာ ဘာသာစကားနဲ့ 'ရသ'ဆိုတာ ပါပြီးသားလို့ ယူဆရပါမယ်။ ဒီနေ့ခေတ်မှာ 'စာပေ'ဆိုတာကို သုတစာပေနဲ့ ရသစာပေလို့ ခွဲခြားတာ တွေ့ရပါတယ်။ ပညာရှင်အချို့ရဲ့ အယူအဆအရ သုတကိုရေးရင် 'စာပေ'လို့ မခေါ်သင့်တာမို့ 'သုတစာ'သာ ဖြစ်သင့်တယ်။ 'သုတစာပေ'ဆိုတာ မရှိဘူးလို့ တင်ပြချက်များလည်း ပေါ်ထွက်လာပါတယ်။

ကျွန်တော့်စာတမ်းမှာတော့ အထက်က ပြဿနာကို ငြင်းခုံပြီး ကောက်ချက်မဆွဲတော့ဘဲ 'ရသစာပေ'ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆီကို ဆက်သွားချင်ပါတယ်။

ရသကိစ္စကို အလေးပေးတဲ့အတွက် သုတစာပေဟာ အသုံးမကျဘူး၊ အရေးမကြီးဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။

*'သုတစာပေသည် အလွန်များ၍ အလွန်ကျယ်ပြန့်၍ သုံးတတ်လျှင် လောကကို အလွန် အကျိုးပြုသောစာ ဖြစ်သည်။*

*ကျောင်းသင်... နိုင်ငံသမိုင်း၊ ပထဝီဝင်၊ ဗေဒဂဗေဒ၊ သိပ္ပံပညာတို့သည် ဉာဏ်ကြီးရှင်တို့က သက်ရှိလောက၊ သက်မဲ့လောကတို့ကို လေ့လာပြီးနောက် ထိုလောကတို့၏ နောက်ကွယ်၌ ကွယ်ဝှက်ကိန်းအောင်းနေသော လောကသဘာဝတို့ကို ထုတ်ယူ၍ ဖော်ပြထားသောစာများ ဖြစ်သည်။(၄)*

အဲသလို ဆရာဇော်ဂျီက တင်ပြထားတာကို နှစ်မြို့က်စွာ လက်ခံထားပါတယ်။ သုတစာပေဟာ အချက်အလက်(Data/ Facts)တွေကို အဓိကထားပြီး ဖော်ပြလေ့ရှိတဲ့ စာမျိုးပါ။

သိပ္ပံပညာထွန်းကားလာတာနဲ့အမျှ သုတစာတွေဟာ တကယ့် လူ့ဘဝရဲ့ လိုအပ်ချက်တွေကို ဖြည့်စွက်ဖန်တီးတဲ့နေရာမှာ အရေးပါလာတာမို့ သူ့မှာလည်း သူ့တန်ဖိုးနဲ့သူရှိနေပါတယ်။ မြန်မာတွေဟာ ပင်ကိုက ရသစာပေကို အားသန်သူတွေဖြစ်လေတော့ မြန်မာစာပေနယ်မှာ ထွန်းကားနေတဲ့ အနုအလှဂန္ထဝင် အရေးအသားဟာ ပြဿနာရှိလာပါတယ်။

*'ထိုစဉ်အခါက ခေတ်စားသော*
*စကားလုံးကြွယ်ကြွယ်နှင့်*
*တန်ဆာဆင်၍ရေးသော မြန်မာစာရေးနည်းမျိုးမှာ*
*ရှေးမြန်မာမင်းတို့ခေတ်အတွက် ကောင်းသော်လည်း*
*ခေတ်သစ် မြန်မာပြည်အဖို့ မလုံလောက်တော့သဖြင့်*
*ယခုခေတ်ပေါ် ရောင်းဝယ်မှုပညာရပ်များနှင့်*
*လောကဓာတ်(သိပ္ပံ)ပညာရပ်များကို*
*မြန်မာလူမျိုးတို့ ဖတ်ရှုနိုင်ကြစေရန်*
*ပညာဖြန့်ချိရေးအတွက်*
*မြန်မာစာရေးနည်းအသစ်ရှာကြံဖို့ လိုအပ်သည်မှာ*
*ထင်ရှားနေသည်။(၅)*

အဲသလို အင်္ဂလိပ်စာပေပညာရှင် ဖာနီဗယ်က မြန်မာ

(၃) အဝေးသင် ဒဿနိကဗေဒ ပို့ချချက်-ရသပညာ (AESTHETIC)-စာမျက်နှာ ၁၂၆။
(၄) ဇော်ဂျီ- ရသစာပေ၏ သဘော၊ စာမျက်နှာ- ၁၃။
(၅) J.S FURNIVALL. - တစ်ထောင့်တစ်ညပုံပြင်များ အမှာစာ-(၂၁·၁၁·၄၉)။



www.burmeseclassic.com

www.burmeseclassic.com

စာပေအပေါ် သုံးသပ်ပြထားခဲ့တယ်။ ဒါကို သတိထားမိတဲ့ 'ဆရာ သိပ္ပံမောင်ဝ၊ ဆရာ ဇော်ဂျီ၊ ဆရာ မင်းသုဝဏ်၊ ဆရာ ဝီမိုးနှင်း၊ ဆရာ ဦးဖိုးကျား' ဆိုတဲ့ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ကျွမ်းကျင်သူများက ခေတ်စမ်းစာအရေးအသားပုံစံသစ်နဲ့ မြန်မာစာပေရဲ့ နယ်ပယ်သစ်ကို ချဲ့ထွင်ခဲ့ပါတယ်။ ကြွယ်ကြွယ်ဝဝ ခမ်းခမ်းနားနား ရေးတာဟာ ဂန္ထဝင်ပုံစံတစ်ခုအနေနဲ့ မှတ်တမ်းပြုရမှာဖြစ်သလို ရှင်းရှင်းလင်းလင်း၊ ကျစ်ကျစ်လျစ်လျစ်၊ တိတိကျကျ ရေးတာဟာ ခေတ်စမ်းပုံစံ (Modern Writing)အနေနဲ့ ချဲ့ထွင်ပြုပြင်သွားကြတာကို သတိချပ်ရပါတယ်။ ဒီနေရာမှာ အရေးအကြီးဆုံးနဲ့ မီးမောင်းထိုးပြချင်တာက 'သုတစာ' မှာအရေးအကြီးဆုံးက 'ရှင်းလင်းတိကျဖို့' ဆိုတာပါပဲ။ ပသာဒဂုဏ်မြောက်တဲ့ အရေးအသားလို့ ပြောနိုင်ပါတယ်။ လွယ်ကူရှင်းလင်းခြင်းဟာ အနုပညာတစ်ရပ်ဖြစ်တယ်လို့လည်း လက်ခံတဲ့ ပညာရှင်အချို့ ရှိလာပါတယ်။

ရသစာပေနဲ့ပတ်သက်ပြီး အလေးအနက်ပြုရမှာက ဆရာ ဇော်ဂျီရဲ့ ဖွင့်ဆိုချက် ဖြစ်ပါတယ်။

*'ရသစာပေသည် လေယာဉ်ပျံ အချိန်စာရင်းကဲ့သို့သော စာမျိုး မဟုတ်ဟု တွေ့လာသည်။ ထိုနည်းတူစွာ ရာထူးခန့် အမိန့်စာကဲ့သို့သော စာမျိုး မဟုတ်ဟုလည်းကောင်း၊ အလောင်းမင်းတရားသည် သက္ကရာဇ် ၁၁၂၂ ခုနှစ်၌ နတ်ရွာစံကြောင်း မှတ်သားထားသည့်စာမျိုးမဟုတ်ဟုလည်းကောင်း၊ ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်ကြောင်း အဓိပ္ပာယ်ပေးထားသည့် စာမျိုး မဟုတ်ဟုလည်းကောင်း၊ အဝါနှင့်အပြာ စပ်လျှင် အစိမ်းရောင်ရကြောင်း ပန်းချီဆရာမှတ်ထားသည့် စာမျိုး မဟုတ်ဟုလည်းကောင်း တွေ့လာသည်။ လူမျှင်းလုံ့လ တစ်ခဏဟူသော ဆုံးမစာမျိုးသည်ပင် သွေးချည်းသက်သက် မြင်ရကြားရ သိရပါက ရသစာပေ မဟုတ်သေးဟု တွေ့လာသည်။ ဤတွင် ထိုစာမျိုးတို့သည် အကြောင်းတစ်ခုခုကို၊ အချက်တစ်ခုခုကို၊ သဘောတစ်ခုခုကို၊ အသိတရားတစ်ခုခုကို အခြောက်တိုက်သိဖို့ မှတ်ဖို့ သက်သက်ဖြစ်သည်ဟုယူဆမိသည်။ တစ်နည်းဆိုရသော် ထိုစာမျိုးတို့သည် သိမှုသက်သက်ကိုသာ(ဝါ)ဗဟုသုတသက်သက်ကိုသာ ပေးနိုင်စွမ်းရှိသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် ထိုစာမျိုးတို့ကို သုတစာပေဟု သတ်မှတ်လိုက်သည်။ ....လောကအဖြစ်အပျက်ကိုလည်းကောင်း၊ လူတို့၏ အမူအရာတို့ကိုလည်းကောင်း စာဖတ်သူတို့၏စိတ်၌ မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်အောင်ပြု၍ ရသနှစ်သက်ခြင်း အမျိုးမျိုးကိုပေး၍ စာရေးသူ၏ ဘဝအသိအမြင်ကို ထိုစာမျိုးဖတ်သူ၏ စိတ်သန္တာန်၌ သူ့အလိုအလျောက် ပေါ်လာအောင် ထင်လာအောင် ပြုတတ်သည်ဟု ယူပါသည်။ တစ်နည်းဆိုရသော် ထိုစာမျိုးသည် ရသနှစ်သက်ခြင်းအမျိုးမျိုးကိုပေးရင်း လူ့လောကနှင့်စပ်၍ ဝမ်းမြောက်ထိုက်သည်ကို ဝမ်းမြောက်တတ်အောင်၊ ဝမ်းနည်းထိုက်သည်ကို ဝမ်းနည်းတတ်အောင်၊ ချီးကျူးထိုက်သည်ကို ချီးကျူးတတ်အောင်၊ ရွံရှာထိုက်သူကို ရွံရှာတတ်အောင် ပြု၍ ကိုယ်ပိုင်ဘဝအတွေးအခေါ်နှင့် ကိုယ်ပိုင်ဘဝအသိဉာဏ်တို့ကို အားပေးရန် စာရေးဆရာ၏ ပဋိဘာန်ဉာဏ်စွမ်းဖြင့် ဖန်တီးသော စာမျိုး ဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ထိုစာမျိုးကို ရသစာပေဟု သတ်မှတ်လိုက်သည်။*[၆]

ရသစာပေနဲ့ပတ်သက်လို့ ဆရာ ဇော်ဂျီက '**ရသစာပေ၏သဘော**' ဆိုတဲ့ စာအုပ်တစ်အုပ် ပြည့်ပြည့်စုံစုံ ရေးသားခဲ့တာမို့ ဆက်ပြီး လေ့လာနိုင်ပါသေးတယ်။

ဆရာ ဇော်ဂျီက လေးနက် ရှင်းလင်းတဲ့ဟန်နဲ့ ဖွင့်ဆိုထားတာ လေ့လာနိုင်သလို ဆရာ တက္ကသိုလ် ဘုန်းနိုင်ရဲ့ **ရသစာပေဖန်တီးမှုစာတမ်း**[၇] ဟာ ဆရာ့ဟန်အတိုင်း နုနုညက်ညက်ကလေး တင်ပြထားတာမို့ 'သုတစာ' ကို ရသဟန်နဲ့ တင်ပြထားတာ ထူးခြားနေပါတယ်။

ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ တင်ပြချက်မှာ အထူးခြားဆုံးနဲ့ အနှစ်သာရအရှိဆုံးအပိုင်းကတော့ မြန်မာ့ဂန္ထဝင် အနုစာပေရဲ့ တန်ဖိုးကို ပြသခြင်းပါပဲ။

ဆရာ ဘုန်းနိုင်က 'ရသ' ဆိုတာကို 'ခံစားမှုစည်းစိမ်' ဆိုတဲ့ စကားလုံးလေးနဲ့ ညွှန်ထားပါတယ်။

*'ထပ်ရစ်လက်သင်၊ ထုံးစတွင်၌*
*သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်*
*ဆရာမိဘ၊ ကွပ်ဆုံးမလည်း*
*ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု*
*သန်းခေါင်မဟူ၊ အတူယှဉ်၍*
*သန့်လွဲမခန့်၊ မကြောက်ရွံ့ဘဲ*
*ဝေးခွန့်ခရီး၊ မြိုင်ကြီးတောချုံ*
*ဝါးရုံ ဝါးစေး၊ သစ်ကျားဘေးကို*
*မတွေးဆံဖျား၊ မလေးစားတည့်*
..........................
*သည်ဘဝတွင်၊ နှမလက်လျှော့*
*နေလေတော့ဟု၊ ချစ်ပေါ့မကြုံ*
*ညှိုးငယ်ယုံမျှ၊ ရှက်ဟန်ကြေးကြွတ်*
*ချမင်းတုတ်သို့...'*

လို့ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရရဲ့ ရတုစာပိုဒ်ကလေးတွေကို ထုတ်နုတ်ကိုးကားပြတယ်။

သူ့လိုချစ်ပေမဲ့ သူ့လို့မပြောတတ်ကြတော့(စာဖတ်သူ) ကိုယ်စား ပြောပေးတာမျိုးဖြစ်နေတာမို့ သူ့စာကိုသုံးပြီးတော့

*(၆) ဇော်ဂျီ- ရသစာပေ၏သဘော၊ စာမျက်နှာ (၂၅၊ ၂၇)။*
*(၇) တက္ကသိုလ်ဘုန်းနိုင် - ဘုန်းနိုင်အတွေး၊ ဘုန်းနိုင်အမြင်၊ ရသစာပေဖန်တီးမှု စာမျက်နှာ (၉-၁၃)။*



www.burmeseclassic.com

www.burmeseclassic.com

ဒီဘက်ခေတ်မှာ ဆက်ချစ်နေရတာလို့ ဆရာက ပြောတယ်။

နှစ်ပေါင်း ၆၀၀ ကျော်က ရေးခဲ့ပေမဲ့ ဒီနေ့အထိ ပြည်သူတွေရဲ့ ရင်ဘတ်ထဲမှာ ပဲ့တင်ရိုက်ခတ်နေဆဲပါပဲ။ ဒီကမ္ဘာမှာ ချစ်သူကို ချစ်လျက်နဲ့ နှုတ်ဆက်ရသူတွေက မရေတွက်နိုင်ဘူး မဟုတ်လား။ ဒါကြောင့် ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာလေးကိုငှားပြီး ချစ်သူကို ရွတ်ပြနေကြဆဲပါ။

ရှင်မဟာရဋ္ဌသာရရဲ့ အနုပညာကြောင့် အလှခံစားမှုစည်းစိမ်၊ အချစ်ခံစားမှုစည်းစိမ်၊ အလွမ်းခံစားမှုစည်းစိမ်၊ သံဝေဂခံစားမှုစည်းစိမ်တွေနဲ့ တရိုက်မက်မက် နှစ်သက်စွဲလမ်းခဲ့ကြရတယ်။

ရသစာပေဖြစ်ဖို့ အနီးစပ်ဆုံး လိုအပ်ချက်ကတော့ ခံစားမှုစည်းစိမ်(နှစ်သက်သာယာမှု)ကို ပေးနိုင်ခြင်းပါပဲ။

နောက်လိုအပ်ချက်တစ်ခုကတော့ စာဖတ်သူရဲ့ 'အသိအမြင်'ကို ထက်မြက်စေခြင်း ဖြစ်ပါတယ်။ 'သိမြင်မှု'ဆိုရာမှာ မိမိပတ်ဝန်းကျင်ကို သိမြင်မှုနဲ့ မိမိအရှုတ္တသန္တာန်ကို သိမြင်မှုနှစ်ခုလုံး ပါဝင်ပါတယ်။

ရှင်ဥတ္တမကျော်ရဲ့ တောလားထဲက-

*'လေခမြေသက်၊ ဈာန်ဝိတက်သို့*
*သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်*
*သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့'*

ဆိုတာမျိုးကို ခံစားဖတ်ရှုရတဲ့အခါ ပတ်ဝန်းကျင်ကို အသေးအဖွဲလေးကအစ အနုစိတ်ကြည့်တတ်တဲ့ စရိုက်ဝင်လာတယ်လို့ ဆိုပါတယ်။

၁၂ လရာသီဘွဲ့တွေကို ဖတ်ရတော့ မြန်မာပြည်ရဲ့ လှပနေပုံကို ခံစားသိမြင်လာတယ်။ **ကလေးဘဝ စိတ္တဇအဆောက်အဦ တည်ဆောက်ကတည်းက 'တိုင်းပြည်ကိုချစ်တဲ့စိတ်'ကို အရှုတ္တသန္တာန်ထဲမှာ ထည့်မြှုပ်ပေးလိုက်တာပါ။**

*'သစ်ပင်တောတောင်၊ မြစ်ကမ်းသဲသောင်*
*ကျေးငှက်သာရကာ၊ ပန်းပွင့်ကြယ်ပွင့်*
*တိမ်တောင်လရောင်'* ဆိုတဲ့ ရုပ်ဒြပ် အထင်အရှားရှိတဲ့ အလှတရားတွေကို ချစ်ခင်စေရာကနေ 'တိုင်းပြည်၊ နိုင်ငံ၊ လူမျိုး' ဆိုတဲ့ ကျယ်ပြန့်ခမ်းနားတဲ့ အများဆိုင်နာမ်တွေကို မြတ်နိုးတန်ဖိုးထားလာစေနိုင်တယ်။ ဒါက ပတ်ဝန်းကျင်ကို သိမြင်မှုထက်မြက်စေတဲ့ အပိုင်းပါ။

မိမိရဲ့ အရှုတ္တအတွင်းသန္တာန်ကို ထက်မြက်လာစေတဲ့ စာတွေလည်း ရှိသေးတယ်။

*'ငါနှင့်ငါသာ၊ နှိုင်းစရာဟု*
*ပညာမှန်ယို၊ အရွယ်ပျိုက*
*မဆိုစလောက်၊ မာန်စောင်မြောက်ခဲ့*
*နှုတ်ငေါက်လွှန်မိ၊ ဒေါသရှိလည်း*
*နှောင်းပြည့်တစ်ခါ၊ ရှိသေစွာလျှင်*
*ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်*
*စိတ်ကျွန်းမာန်လျှော့၊ ငါကန်တော့၏'* တဲ့။

ကိုးခန်းပျို့ အဆုံးအပိုင်းမှာ ရှင်မဟာရဋ္ဌသာရ ရေးခဲ့တာ။

သူလည်း မာနဝင်ပြီး မှားမိခဲ့တယ်။ ဒါပေမဲ့ မှားတာကို ထုတ်ဖော်ဝန်ခံတယ်။ ပြီးတော့ တောင်းပန်ကန်တော့တယ်။ အဲဒီစာကိုဖတ်ပြီးရင် ငါကိုယ်တိုင်ရော မှားတာကို ဝန်ခံဖူးသလား၊ ဝန်ခံရဲရဲ့လား။ တောင်းပန်သင့်တာကို တောင်းပန်ရဲ့လား။ တောင်းပန်ရမှာ ရှက်ကြောက်နေသလား၊ မေးခွန်းတွေ ရလာတာပေါ့။ ကိုယ့်ကိုယ်ကို မေးခွန်းပြန်ထုတ်တယ်ဆိုတာ ကိုယ့်အရှုတ္တကို ပြန်စစ်ဆေးတာ မဟုတ်လား။

ဒါက ရသစာပေရဲ့ ဒုတိယအကျိုးဆက်။

ရသစာပေရဲ့ အမြင့်မြတ်ဆုံး ဂုဏ်အင်္ဂါကတော့ 'လောကအမြင် ပေးနိုင်ခြင်း'ဖြစ်ပါတယ်။ ကျန်တာတွေ ဘယ်လောက်ကောင်းကောင်း လောကအမြင် မပါရင် စာကောင်းပေကောင်းစာရင်း မဝင်ဘူးလို့ ဆိုပါတယ်။

ပုဂံခေတ်က အနန္တသူရိယရဲ့ ကဗျာကို ခံစားကြည့်ပါ။

*'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ*
*သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ*
*မွေတာတည်း'* ဆိုတဲ့ ကဗျာဟာ သာမန်အကြောင်းအရာကို အပေါ်ယံဖွဲ့ထားတာ မဟုတ်ပါဘူး။

လူ့ဂုဏ်သိက္ခာနဲ့ လူ့ဘဝတန်ဖိုးကို မြင့်တက်စေတဲ့ ဂုဏ်တွေပါဝင်ပါတယ်။

ဆရာ တက္ကသိုလ်ဘုန်းနိုင်က ရသစာပေတစ်ရပ်ရဲ့ ဂုဏ်အင် ၃ ခုကို ဂန္ထဝင်မြန်မာစာပေတွေနဲ့ တင်ပြသွားတာ တန်ဖိုးကြီးလှပါတယ်။

နိုင်ငံခြားစာပေတွေကိုသိပ်ကျွမ်းကျင်တဲ့ဆရာဟာ မြန်မာ့ဂန္ထဝင်စာပေတွေကိုသာ ရွေးပြီးတင်ပြခဲ့တာအကြောင်း ရှိပါတယ်။ မြန်မာစာပေထဲမှာ သုံးမကုန်နိုင်တဲ့ ဂန္ထဝင်ရတနာတွေရှိတာကို လူငယ်တွေ သိစေချင်တာလည်းတစ်ချက် ဖြစ်ပါမယ်။

အင်္ဂလန်နိုင်ငံက လူငယ်တစ်ယောက်ဟာ သူတို့နိုင်ငံမှာ ရှိတ်စပီးယား ဆိုတဲ့ စာရေးဆရာကြီး ပေါ်ထွန်းခဲ့တာကို သိပ်ဂုဏ်ယူကြပါတယ်။ ရှိတ်စပီးယားရဲ့ စာပေတွေဟာ သူတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုပစ္စည်းတွေ၊ အမွေအနှစ်တွေ ဖြစ်ပါတယ်။ ရှိတ်စပီးယား မွေးတဲ့မြို့၊ ပြဇာတ်က,ခဲ့တဲ့ နေရာတွေကို ထိန်းသိမ်းပြီး နိုင်ငံခြားသားတွေကို ပြတိုက်တွေအဖြစ် ဂုဏ်ယူဝင့်ကြွား ပြသထားကြတယ်။

မြန်မာနိုင်ငံက မြန်မာလူငယ်တွေဟာ သူတို့နိုင်ငံမှာ အနန္တသူရိယလို၊ ရှင်မဟာရဋ္ဌသာရလို၊ ဦးပုညလို စာပေပညာရှင်တွေရှိတာကို ဘာလို့ ဂုဏ်မယူနိုင်ရတာလဲ။ ဂုဏ်မှန်းမသိလို့လား။ ဂန္ထဝင်အမွေအနှစ်တွေရဲ့ တန်ဖိုးကို မသိလို့လား။ လူကြီးတွေက အဲဒီစာပေတွေနဲ့ လူငယ်တွေကို ရင်းနှီးအောင် တန်ဖိုးထားတတ်အောင် လုပ်မပေးလို့လား။ (အားလုံးပါဝင်ပြီး ဆက်လက်ကြိုးစားရမယ့် အလုပ်ပါ။) ▪

*(ဆက်လက်ဖော်ပြပါမည်)*

**ငြိမ်းငြိမ်း**


www.burmeseclassic.com

www.burmeseclassic.com

၁။

အချိန်ကတော့
မဟာရဋ္ဌတိုင်းတစ်ခုလုံး
ဝါးအစည်းပြေသလို
ဖရိုဖရဲ ဖြစ်နေတဲ့အချိန်ပါ။
ဒါ့ကြောင့်လည်း
ပြည်ငယ် မြို့ငယ်လေးတွေ
အစိတ်စိတ် အမြွှာမြွှာ
ကွဲနေလေရဲ့။ ပြည်ငယ်
မြို့ငယ်တိုင်းမှာလည်း
ထီးတွေနန်းတွေ
မှိုလိုပေါက်နေ
တော့တာပေါ့။
မဟာရဋ္ဌတိုင်းထဲမှာ
ရာမပူရနဲ့ ကောသမ္ဗီ
နှစ်ပြည်ထောင်တို့ဟာ
နယ်နိမိတ်ချင်း
ဆက်စပ်နေကြတယ်။
ရာမပူရမှာ
မဟိန္ဒမင်း အုပ်စိုးတယ်။
ကောသမ္ဗီပြည်ကိုတော့
မဟာသောမနဲ့
စူဠသောမ ညီနောင်တို့
အုပ်စိုးကြပါတယ်။
တစ်နေ့တော့
မဟိန္ဒမင်းဟာ
ကောသမ္ဗီပြည်ကို
ရန်စတိုက်ခိုက်ပါလေရော။
ရာမပူရစစ်သည်တွေဟာ
ကောသမ္ဗီတစ်ပြည်လုံးကို
ဝန်းရံထား ကြတယ်။
ကျေးလက်
ရွာစွန်တွေကိုလည်း
ဝင်ရောက်
ဖျက်ဆီးကြတယ်။
ကောသမ္ဗီပြည်သူတွေဟာ
ညှိုးနွမ်းပင်ပန်းနေကြ
တော့တာပဲ။
မဟာသောမမင်းက
ညီလာခံကို ချက်ချင်းပဲ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆင့်ခေါ်လိုက်တယ်။ ညီလာခံမှာ မဟာသောမမင်းက တည်ကြည်တဲ့ အသံနဲ့ ပြောတယ်။

'အချင်းတို့…ရာမပူရနှင့် ကောသမ္ဗီ နှစ်ပြည်ထောင်တို့သည် နို့နှင့်ရေကို ရောစပ်သကဲ့သို့ ရှေးက ညီညွတ်စွာ နေထိုင်ခဲ့ကြ၏။ ယခုကား ရာမပူရသည် ကောသမ္ဗီကို ပုတ်ခတ်ညှဉ်းဆဲခဲ့ချေပြီ။ အမုန်ယစ်သော ဆင်ရိုင်းအရပ်ကို လူခပ်သိမ်းတို့ ရှောင်ကွင်းကြသည့်ပမာ ငါတို့သည်လည်း စစ်မက်ကို ရှောင်ကွင်းလိုကြ၏။ စစ်ကား မုန်တိုင်းနှင့်လည်း တူ၏။ ဓားသွားနှင့်လည်း တူ၏။ မီးလျှံနှင့်လည်း တူ၏။ ကောင်းကျိုးမဲ့သည် သာတည်း။ သို့ရာတွင် မုန်တိုင်းရိုက်ခတ်လျက် လှိုင်းမထသော ပင်လယ်ဟူ၍ အဘယ်မှာ ရှိအံ့နည်း။ ဓားသွားခုတ်ထစ်ခံရလျက် အစေးမထွက်သော သစ်ပင်ဟူ၍ အဘယ်မှာ ရှိအံ့နည်း။ မီးလျှံဝယ်တည်လျက် အငွေ့မထွက်သော ရေဟူ၍လည်း အဘယ်မှာရှိအံ့နည်း။ မဟိန္ဒမင်းကား ကန်တတ်သော နွားမ၏ နို့ရည်ကို ညှစ်ယူရန် ကြံသူနှင့် တူလေစွ။ ကောသမ္ဗီပြည်၌ စပါးပင်နှင့်အမျှသော လေးမြားတို့ရှိ၏။ စပါးရိက္ခာတို့ကို မြိုးမြိုးကြကုန်လော့။ လေးမြားတို့ကို စွဲကိုင်ကြကုန်လော့။ အချင်းချင်းကလည်း တစ်စိတ်တစ်ဝမ်းတည်း ရှိကြကုန်လော့။ အချင်းတို့…အပြင်မှ ဝန်းရံအပ်သော ရေသည့် ကျစ်လျစ်သော ကျောက်စရစ်ခဲ၏ အတွင်း၌ မစွတ်စိုနိုင်ဘိသို့ ပြင်ပမှ ရန်သူသည်လည်း ညီညွတ်သော တိုင်းပြည်အတွင်းသို့ ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်ချေ'

❑

စစ်ကား မုန်တိုင်းနှင့်လည်း တူ၏။ ဓားသွားနှင့်လည်း တူ၏
မီးလျှံနှင့်လည်း တူ၏။ ကောင်းကျိုးမဲ့သည် သာတည်း
သို့ရာတွင် မုန်တိုင်းရိုက်ခတ်လျက် လှိုင်းမထသော ပင်လယ်
ဟူ၍ အဘယ်မှာ ရှိအံ့နည်း။ ဓားသွားခုတ်ထစ် ခံရလျက်
အစေးမထွက်သော သစ်ပင်ဟူ၍ အဘယ်မှာ ရှိအံ့နည်း
မီးလျှံဝယ်တည်လျက် အငွေ့မထွက်သော ရေဟူ၍လည်း
အဘယ်မှာရှိအံ့နည်း။ မဟိန္ဒမင်းကား ကန်တတ်သော
နွားမ၏ နို့ရည်ကို ညှစ်ယူရန် ကြံသူနှင့် တူလေစွ

၂။

စစ်သတင်းဟာ အကျဉ်းနှောင်အိမ်ထဲကို ဝင်ရောက်လာတယ်။

ရန်သူအဖျက်ဆီးခံရတဲ့ ကျေးရွာတွေအကြောင်း၊ အိုးမဲ့အိမ်မဲ့ ဖြစ်သွားတဲ့ ဒုက္ခသည်တွေအကြောင်း၊ မုဆိုးမတွေရဲ့ မျက်ရည်အကြောင်း၊ မိဘတွေကို ရန်သူအသတ်ခံရလို့ ခိုကိုးရာမဲ့နေကြရှာတဲ့ ကလေးငယ်တွေရဲ့အကြောင်း၊ အဲဒီအကြောင်းတွေဟာလည်း စစ်သတင်းနဲ့ရောပြီး အကျဉ်းတိုက်ထဲကို ဝင်ရောက်လာကြတယ်။ ဒီသတင်းဆိုးတွေကို ကြားရတဲ့ အကျဉ်းသားတွေဟာ ဝမ်းနည်းနေကြတယ်။ အကျဉ်းသားဆိုပေမဲ့ သူတို့လည်း ကောသမ္ဗီပြည်သားတွေပဲကိုး။

ဘယ်သူတွေ ဘယ်လိုဝမ်းနည်းပေမဲ့ ကေလာသကတော့ စစ်သတင်းကို ကြားကြားချင်း သိပ်ပျော်သွားတာပဲ။ စစ်ဖြစ်ရင် အကျဉ်းသားတွေကို နှောင်အိမ်က လွှတ်ပစ်တတ်တယ် မဟုတ်လား။ ဒီတော့ သူ ပျော်တာပေါ့။ ပျော်လွန်းလို့ ကေလာသဟာ လက်တွေကို ဆန့်တန်းလိုက်တယ်။ သူ့လက်မှာ ချည်နှောင်ထားတဲ့ သံကြိုးတွေဟာ တချွင်ချွင် မြည်သွားသည်။ ပြီးတော့ ကေလာသဟာ ဝမ်းခေါင်းသံကြီးနဲ့ ဆွဲဆွဲငင်ငင် အော်ဟစ်လိုက်ပြန်တယ်။ သူ့အသံဟာ ဝံပုလွေအူသံနဲ့ သိပ်တူတယ်။ သူ့အသံကို ကြားရတဲ့ အကျဉ်းသားတွေဟာ စိတ်မချမ်းမြေ့လွန်းလို့ သူတို့နားတွေကို ပိတ်ထားလိုက်ကြတယ်။ ကေလာသကတော့ နှောင်အိမ်က သံတိုင်တွေကို ကိုင်ပြီး မျောက်ဝံကြီးလို ခုန်ဆွ ခုန်ဆွ လုပ်နေပြန်တယ်။ ဒီတော့လည်း သူ့ခြေထောက်မှာ ခတ်ထားတဲ့ ခြေချင်းသံတွေဟာ တချွင်ချွင် မြည်ကြပြန်တာပဲ။ ကေလာသနဲ့ သံတိုင်တွေ ခြားနေတဲ့ ကြေးတိုက်ထဲက အကျဉ်းသားတစ်ယောက်က ပြောတယ်။

'ဤသူယုတ်ကို ရှုကြကုန်လော့။ သေအံ့မူးမူး သူနာအတွက် လူသားတို့ ပူဆွေးနေစဉ်ကြိုက်ဝယ် လင်းတငှက်သည် အစာသစ်ကို ရတော့အံ့ဟု မြူးထူးတတ်ချေ၏။ ဤသူယုတ်မာသည်လည်း စစ်သတင်းကို အမှီပြု၍ ပျော်မြူးလေယောင်တကား'

ကေလာသကတော့ တဟက်ဟက်နဲ့ တစ်ယောက်တည်း ရယ်မောနေလေရဲ့။ သူ့သွားတွေဟာ မီးသွေးခဲလို မည်းနေတယ်။ သွားတွေသာ မဟုတ်ပါဘူး။ သူ့တစ်ကိုယ်လုံးကလည်း အိုးမဲတုံးကြီးပါပဲ။ သူ့ခေါင်းမှာတော့ ဆံပင်တွေဟာ အကွက်အကွက် ကျွတ်နေတယ်။ မီးလောင်ထားတဲ့ တောင်ကုန်းတစ်ခုကို ကြည့်ရသလိုပဲ။ တချို့နေရာတွေမှာ တလင်းပြောင်နေတယ်။ တချို့နေရာတွေမှာတော့ ဆံပင်ငုတ်တွေထောင်လို့။ သူ့နဖူးကြီး မောက်နေလိုက်တာကတော့ ငှက်နှုတ်သီးနဲ့တောင် တူတယ်။ ပြီးတော့ မျက်ခုံးမွေးကလည်း တစ်ပင်မှ မရှိဘူး။ ဩဇာခတ်ညံ့တဲ့ မြေတွေမှာ မြက်ပင်မပေါက်သလိုပေါ့။ နဖူးမောက်မောက်ကြီး အောက်မှာတော့ မျက်တွင်းချိုင့်ချိုင့်ကြီး ရှိတယ်။ အဲဒီချိုင့်ခွက်ထဲက မျက်လုံးနှစ်လုံးကတော့ မီးကျီးခဲလို ရဲတွတ်နေတာပဲ။ သူ့နှာခေါင်းက ပြားတယ်၊ တိုတယ်၊ နှာဝလည်း လန်တယ်၊ သူ့ပါးတွေကလည်း ပြုတ်သီးတွေ ထ,ပြီး သိပ်ကြမ်းတာပဲ။ သူ့ပါးစပ်ပြဲပြဲကြီးကိုတော့ နှုတ်ခမ်းထူအန်းအိန်းကြီးနဲ့ ခွေပတ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းတွေကလည်း အစင်းအစင်း အက်ကွဲနေတယ်။ လယ်ကွက်တစ်ခုကို ခြောက်သွေ့ အက်ကွဲနေတဲ့ ရွှံ့ကန်သင်း တစ်ခု ခွေပတ်ထားသလိုပါပဲ။ သူ့အရပ်ကတော့ ကညင်ပင်လို ပဲ မြင့်တယ်။ သူ့ လက်မောင်းတွေမှာ အသားတွေ အဖတ် ဖတ် ကွာနေတယ်၊ ငါးအကြေးခွံတွေလိုပဲ။ သူ့လက်ချောင်း တွေကတော့ လက်ချောင်းနဲ့တောင် မတူပါဘူး။ ထန်းနို့ ခြောက်ကြီးတွေနဲ့ပဲ တူတယ်။ ရှည်သလောက် ကြမ်းလည်း ကြမ်းတယ်။ သန်လည်း သန်မာတယ်။ ဒီလက်ချောင်းတွေ ကြောင့် အသက်ပျောက်ခဲ့ရတဲ့သူတွေ မနည်းတော့ဘူးပေါ့။

ကေလာသဟာ ဒီလက်ချောင်းတွေနဲ့ပဲ လူပေါင်းများစွာ ကို ခဝါဖွပ်သလို ထုရိုက်ညှဉ်းဆဲခဲ့တယ်။

❑

၃။

ခဝါသည်မကြီးတစ်ယောက်က ကောသမ္ဗီရဲ့ ဆင်ခြေဖုံး တစ်ခုမှာ နေတယ်။ ကေလာသဟာ အဲဒီခဝါသည်မကြီးရဲ့ သားပါ။ သူ့ဖခင်ရဲ့ နာမည်ကတော့ ဘယ်သူမှ မပြောနိုင်ပါ ဘူး။ တချို့ကတော့လည်း သူ့ဖခင်ဟာ လူကုံထံတစ်ဦးလို့ ပြောကြတယ်။ ခဝါသည်မကို လှည့်ဖြားပေါင်းသင်းပြီးမှ အဲဒီလူကုံထံက ပစ်ပယ်ထားတာလို့လည်း ပြောကြတယ်။ ရေရေရာရာတော့ ဘယ်သူမှ မပြောနိုင်ကြဘူးလေ။ ဒါ့ကြောင့် သူ့အဖေ ဘယ်သူဆိုတာ ကေလာသ မသိခဲ့ဘူး။ သူ့အမေက သားငယ်ကို ဆင်းဆင်းရဲရဲ ရှာဖွေကျွေးမွေးရင်းနဲ့ မြို့စွန်က တဲလေးထဲမှာပဲ ဆုံးသွားရှာတယ်။ ဒီတော့ ကေလာသရဲ့ အသက်က ခုနစ်နှစ်လောက်ပဲ ရှိဦးမယ်။

တစ်ကောင်ကြွက်ကလေး ကေလာသဟာ အိမ်တကာ လည်ပြီး ထမင်းတစ်လုတ်စားဖို့အတွက် ကျွန်ခံနေရတယ်။ သူ့ကိုခေါ်ပြီး ခိုင်းသူရှိတဲ့နေ့ဆိုရင် ထမင်းစားရတော့မှာပဲ ဆိုပြီး ဝမ်းသာနေတတ်သတဲ့။ ခိုင်းသူ မရှိတဲ့နေ့တွေမှာတော့ ထမင်းဆာလွန်းလို့ ခွေခွေလေး အိပ်နေတတ်တယ်။ တအီအီ နဲ့ ညည်းနေတတ်တယ်။ ထမင်းကျွေးသူတွေ ကျေနပ်အောင် ကေလာသလေး လုပ်ပေးတဲ့ အလုပ်တွေကတော့ စုံလို့ပါပဲ။ ခဝါဖွပ်ပေးတယ်။ ရေထမ်းပေးတယ်။ ထင်းခွေပေးတယ်။ တံမြက်လှည်းပေးတယ်။ ကြမ်းတိုက်ပေးတယ်။ တကယ် တော့ ကေလာသဟာ လူတကာရဲ့ ခြေကြိုခြေကြားမှာ ကြီး လာရတဲ့ သူငယ်လေးပါ။

ကေလာသ အရွယ်ရောက်ပြီးစ တစ်နေ့မှာပဲ အိမ်တစ် အိမ်က ရွှေစတစ်စ ပျောက်သွားတယ်။ ဒီအိမ်ကလည်း ကေလာသကို မကြာမကြာ ခေါ်ပြီး ခိုင်းနေတဲ့အိမ်။ ဒီတော့ ကေလာသ ခိုးတယ်ပဲ ထင်တာပေါ့။ အိမ်ရှင်က ကေလာသ ရဲ့ လည်ကုပ်ကိုဆွဲပြီးတော့ ရွှေစကို ပြန်တောင်းတယ်။

'ဟယ်သူမိုက်···ဆီခွက်၌ မီးခိုလျှက် ဆီကို စားသောက် သော မီးကဲ့သို့ သင်ပြုကျင့်၏။ ငါကျွေးမွေးတုံလျှက် ငါ့ဥစ္စာ ကို သင်ခိုး၏။ ငါ့ရွှေစကို ယခုပေးလော့'

'သခင်၏ ရွှေစကို အကျွန်ုပ် မြင်လည်း မမြင်ဖူးပါ၊ အသုံးလည်း မချတတ်ပါ၊ ခိုးလည်း မခိုးဝံ့ပါ'

အိမ်ရှင်က ကေလာသစကားကို မယုံဘူး။ ကေလာသ ကို ဆဲတယ်၊ နှင်တံနဲ့ရိုက်တယ်။ ကေလာသဟာ ဦးချိုမရှိ တဲ့ နွားတစ်ကောင်လို အရိုက်အနှက် ခံနေရတယ်။ နာလွန်း လို့ ရှိုက်ငင်ငိုကြွေးနေတယ်။ ကေလာသရဲ့ မျက်လုံးတွေ ဟာ ခေါင်ရန်းပွင့်လို နီလာတယ်။ ကေလာသဟာ မျက်လုံး နီနီကြီးတွေနဲ့ နှင်တံကိုင်ထားတဲ့ အိမ်ရှင်ကို စိုက်ကြည့်တယ်။ ကေလာသ အငိုရပ်လိုက်တယ်။ ကေလာသဟာ ရုတ်တရက် ပဲ အိမ်ရှင်ကိုသတ်ပြီး ထွက်ပြေးသွားတယ်။

ပြီးတော့ တောဟေဝန်ထဲက ကျောက်တောင်လိုဏ်ခေါင်း တစ်ခုထဲမှာ မြေကြွက်လို တိတ်တိတ်ကလေး တွင်းအောင်းနေ တယ်။ ဒါပေမဲ့ ကေလာသဟာ မြေကြွက်နဲ့မတူဘဲ ဒဏ်ရာ ရနေတဲ့ ကျားကြီးနဲ့ တဖြည်းဖြည်း တူလာတယ်။ လူမြင်ရင် သတ်ချင်ဖြတ်ချင်လာတယ်။ လူသားခရီးသည်တစ်ယောက် ကျောက်တောင်နားက ဖြတ်သွားတာကိုမြင်ရင် လိုဏ်ဂူထဲ က လှစ်ခနဲ ထွက်လာတယ်။ ခရီးသည်မှာပါတဲ့ အစားအစာ တွေကို လုတယ်။ လူကို ညှဉ်းဆဲတယ်။ သတ်တယ်။ ပြီးတော့ လိုဏ်ဂူထဲကို ပြန်ဝင်သွားတယ်။

တောပုန်းကြီး ကေလာသရဲ့ အပုပ်နံ့ဟာ လိုဏ်ဂူထဲက ထွက်လာပြီး မြို့တော်ပေါ်မှာ ပျံ့ဝဲနေတယ်။ ကေလာသ ရိုင်းပုံ၊ ကြမ်းကြုတ်ရက်စက်ပုံတွေဟာ လူတိုင်းပါးစပ်ဖျားမှာ သီးနေ တယ်။ လူတိုင်းက ကေလာသကို ဘီလူးသဘက်လို ကြောက် ရွံ့ကြတယ်။ စက်ဆုပ်ကြတယ်။ ကေလာသရဲ့ သားရဲတွင်းရှိ ရာ တောဟေဝန်ကိုလည်း ဘယ်သူမှ ဖြတ်မသွားရဲကြတော့ ဘူး။ နောက်ဆုံးတော့ လိုဏ်ဂူကို စစ်သည်ရဲမက်တွေနဲ့ ဝိုင်းရံ ပြီး တောပုန်းကြီး ကေလာသကို ဖမ်းဆီးလိုက်ကြရတယ်။ သောမညီနောင်ရဲ့ ကရုဏာကြောင့် ကေလာသဟာ အသတ် တော့ မခံရဘူး။ နှောင်အိမ်ထဲမှာပဲ အကျဉ်းချခံရတယ်။ ဒါပေမဲ့ သံတိုင်ဝန်းရံနေတဲ့ အကျဉ်းခန်းထဲမှာ သူ့ကို သီးသန့် ထားတယ်။ တခြားအကျဉ်းသားတွေနဲ့ ရောနှောမထားဘူး။ သံတိုင်တွေ ခြားထားတယ်။ နို့မို့တော့ ကေလာသက တခြား အကျဉ်းသားတွေကို ရန်မူမှာစိုးရတယ် မဟုတ်လား။ သူ့လက် တွေ ခြေတွေမှာလည်း သံကြိုးခတ်ထားတယ်။

ကေလာသ အကျဉ်းနှောင်အိမ်ထဲကို ရောက်နေခဲ့တာ ကြာပါပြီ။ အခုဆိုရင် သူ့လက်ကောက်ဝတ်တွေဟာ သံကွင်းနဲ့ ပွတ်တိုက်ရလွန်းလို့ အသားမာတွေတောင် တက်နေပါပြီ။

❑

၄။

အသားမာတက်နေတဲ့ လက်နဲ့ သံတိုင်ကို တအား ဆုပ် ကိုင်ထားတယ်။ ခုန်ပေါက်မြူးထူးလိုက်၊ ဝံပုလွေလို အော် ဟစ်လိုက် လုပ်နေရာက ကေလာသဟာ ဒေါသကြီးလာခြင် တယ်။



www.burmeseclassic.com

www.burmeseclassic.com

'အဘယ်မင်းချင်းတို့၊ လှည်းသမားသည် တောလမ်းခရီး၌သွား၏။ ကျားဟိန်းသံကို ကြားရ၏။ ကျားရဲ၏ ရန်မှု တိုက်ခိုက်အံ့သော အခြင်းအရာသည် ပေါ်ခဲ့၏။ ထိုအခါ၌ လှည်းသမားသည်ပင် ထမ်းပိုးမှ နွားတို့ကို ဖြေချွတ်၍ လွှတ်သေး၏။ ယခုလည်း မဟိန္ဒကျားဟိန်းသံကို ကြားနေရချေပြီ။ နှောင်အိမ်တံခါးတို့ကို ဖွင့်ကြကုန်လော့။ ငါ၏ ကိုယ်မှ ခြေချင်း၊ လက်ကောက်တို့ကို ဖြေချွတ်ကြကုန်လော့'

ကေလာသဟာ နှောင်အိမ်ထဲက အသံကုန် အော်ဟစ်နေတယ်။ မကြာခင်မှာပဲ အာဏာသားတစ်ယောက် နှောင်အိမ်ဆီကို ရောက်လာတယ်။ အကျဉ်းသားတွေကို အစာကျွေးဖို့ လာတာပါ။ သူ့နောက်မှာတော့ ဓား၊ လှံ စွဲကိုင်ထားသူတွေ လိုက်ပါလာတယ်။ အော်ဟစ်နေတဲ့ ကေလာသကို အာဏာသားက ကြိမ်းတယ်။

'ဟယ်ရာဇဝတ်သား၊ သင့်ခံတွင်းကို ပိတ်ထားလော့။ သို့မှမဟုတ်က သင့်လျှာကို ဖြတ်ရလိမ့်မည်'

'ဝှံ့လျှင်ချဉ်းခဲ့လော့၊ မြေအိုးကို ကျောက်တုံး၌ ရိုက်ခွဲသကဲ့သို့ သင့်ခေါင်းကို ငါခွဲအံ့'

အာဏာသားက ကေလာသရဲ့ စကားကို ကြားရတော့ ရယ်တယ်။ နှောင်အိမ်ကိုဖွင့်ပြီး ခါတိုင်းလိုပဲ ဝင်လိုက်တယ်။ ဒါပေမဲ့ နှောင်အိမ်တံခါး ပွင့်သွားတယ်ဆိုရင်ပဲ သူ မရယ်နိုင်တော့ဘူး။ ကေလာသဟာ သူ့လက်ထဲမှာ တွဲလွဲဖြစ်နေတဲ့ သံကြိုးနဲ့ အာဏာသားရဲ့ ခေါင်းကို တစ်ချက်တည်း ရိုက်ခါလိုက်တယ်။ အာဏာသားဟာ လဲကျသွားပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေပါလေရော။ ဒေါသတစ္ဆေပူးနေတဲ့ ကေလာသဟာ နှောင်အိမ်ရဲ့ အပြင်ဘက်ကို ရုတ်တရက် ခုန်ထွက်လိုက်တယ်။ အဖြစ်အပျက်က လက်ဖျစ်တစ်တွက်လေးအတွင်းမှာလို မြန်လွန်းတော့ လက်နက်ကိုင်တွေလည်း အံ့အားသင့်ပြီး တွေနေကြတယ်။ နောက်မှ သတိဝင်လာပြီး ကေလာသကို ဝိုင်းတိုက်ကြတယ်။

အံ့တော့လည်း အံ့ဩစရာပဲ။ သံလက်ကောက်၊ သံခြေချင်းတွေနဲ့ နှောင်ဖွဲ့ထားတဲ့ ကေလာသဟာ လက်နက်ကိုင်ရဲမက်ငါးဦးကို အတုံးအရုံးလဲအောင် ခုခံနိုင်ခဲ့တယ်။ ကေလာသဟာ ကြောင်လို ပေါ့ပါးပြီး ကြံ့လိုလည်း ခွန်အားကြီးတယ်။ ဒါပေမဲ့ ကေလာသအဖြစ်က ရေတံခွန်အောက်မှာ ရောက်နေတဲ့ မီးတုတ်လိုပဲ။ မီးတုတ်က တစ်ခုတည်းမှာ ရေက အများကြီး ဖြစ်နေတယ်။ ပြီးတော့ ရေက စီးဆင်းလို့ ကုန်သွားတယ်လည်း မရှိဘူး။ မီးတုတ်ပေါ်ကို အဆက်မပြတ် ကျလာနေတယ်။ အခုလည်း စစ်သားတွေက အထပ်ထပ်သာ ရောက်လာကြတယ်။ နောက်ဆုံးတော့ ကေလာသကို ဖမ်းမိသွားကြတယ်။ စစ်သည်တွေက ကေလာသကို မင်းနှစ်ပါးရှေ့ရောက်အောင် တရွတ်ဆွဲခေါ်သွားကြတယ်။

မဟာသောမမင်းက ဖြစ်ပျက်ပုံကို ကြားပြီးတာနဲ့ တစ်ပြိုင် နက် အမိန့်တော်မှတ်တယ်။

'မင်းဟူသည်ကား ပန်းပင်ကို ကောင်းစွာ စိုက်ပျိုးအပ်၏။ ဆူးပင်ကိုကား နုတ်ပယ်ပစ်ရာ၏။ ဆူးပင်နှင့်တူသော ဤသူယုတ်အား အပေါင်အလက်တို့ကို ဖျက်၍ သတ်ကုန်လော့'

လက်နက်ကိုင်တွေဟာ ကေလာသကို ဆွဲထုတ်သွားကြတယ်။ သူတို့ နန်းရင်ပြင်က မထွက်ခင်ဘဲ စူဠသောမက နှောင်တော်ကို လျှောက်ထားတယ်။

'နှောင်တော် မင်းမြတ်၊ အုန်းနှဲ့ရှက်သည် ကြမ်းတမ်းသော်လည်း သစ်ပျဉ်ကို ချောအောင် ပွတ်တိုက်ရာ၌ အသုံးဝင်၏။ လေပြင်းသည် ရိုင်းပျသော်လည်း ရွက်လွှင့်သောအခါ၌ အကူအပံ့ဖြစ်၏။ စစ်ဘေးကြုံစဉ် ကာလ၌ မိမိနိုင်ငံသားတစ်ဦးကို အဆောတလျင် မသတ်သင့်ပါ။ ဤသူကား ကြမ်း၏၊ လျင်မြန်၏၊ ခွန်အားကြီး၏၊ အသတ်အပုတ်၌လည်း လိမ္မာလှ၏။ ထိုအင်္ဂါရပ်တို့သည် စစ်မြေ၌ အဖိုးမဖြတ်နိုင်အောင် ရှိပေ၏။ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟူသော ကတိစကားကိုရလျှင် သင်၏ အသက်ကို လွှတ်သင့်ပါ၏။ ကတိစကား တောင်းခံရန် အခွင့်ကို ညီတော်အား ပေးသနားပါလော့'

မဟာသောမမင်းဟာ ဆိတ်ဆိတ်ပဲနေတယ်။ စူဠသောမက အာဏာသားတွေကို ဆိုင်းငံ့စေတယ်။ ပြီးတော့ ချိုသာတဲ့ အသံနဲ့ ကေလာသကို ပြောတယ်။

'ကေလာသငယ်၊ ကောသမ္ဗီပြည့်ရှင်မင်း၏ သစ္စာတော်ကို ပန်ရှက်၍ စစ်မြေပြင်ဝယ် အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်ပါမည်ဟူသော ကတိကို ပေးနိုင်မည်လော။ ထိုကတိကို ရက သင့်အသက်ကို ချမ်းသာပေးအံ့'

'အရှင်မင်းသား…စစ်မြေ၌ ရန်သူဖြစ်သော လူသားတို့ကို တတ်စွမ်းသမျှ သတ်ဖြတ်ပါမည်ဟူသော ကတိစကားကို အကျွန်ုပ်ထံမှ တောင်းခံခြင်းပေလော'

အချင်းတို့ ကျောက်သားကဲ့သို့ မာကျောသော ဥသျှစ်သီး၏ အတွင်း၌ ချိုမြိန်သော အရသာတည်ရှိ၏ ပူလောင်သော ကျောက်တောင်ကြီးအတွင်း၌လည်း အေးမြသော စမ်းရေတည်ရှိ၏။ ကေလာသ၏ ကြမ်းတမ်းသော ခန္ဓာကိုယ်အတွင်း၌လည်း သိမ်မွေ့သော နှလုံးသားသည် ကိန်းအောင်းလျက်ရှိသည်သာတည်း



www.burmeseclassic.com

www.burmeseclassic.com

'အချင်းကေလာသငယ်၊ ဟုတ်၏'

'ထိုသို့တပြီးကား ယင်းကတိကို အကျွန်ုပ်သည် ဝမ်းမြောက်စွာ ပေးပါ၏'

ကတိစကားကို ရပြီးတဲ့နောက် စူဠသောမမင်းဟာ ကေလာသရဲ့ကိုယ်ကို အနှောင်အဖွဲ့က လွှတ်စေတယ်။ ရေမိုးသန့်စင်စေတယ်။ ဒဏ်ရာတွေကို မွှေးကြိုင်တဲ့ဆေးနဲ့ လိမ်းကျံစေတယ်။ နူးညံ့တဲ့ အဝတ်ပုဆိုးတွေ ဆင်မြန်းပေးတယ်။ ပွဲတော် စာကိုလည်း ကျွေးမွေးတယ်။

ခြေနဲ့ နင်းခြေတာကို အမြဲခံနေရတဲ့ ခြေသုတ်ဖုံဟာ လက်နဲ့ တယုတယ အပွတ်သပ်ခံလိုက်ရသလိုပါပဲ။ စူဠသောမမင်းရဲ့ ယုယကြင်နာမှုကြောင့် ကေလာသဟာ တုန်လှုပ်သွားတယ်။

'အရှင်ကျေးဇူး ကြီးပါဘိ၏။ နက်ဖြန်၌ ဘုရင်မဟိန္ဒ၏ ခေါင်းကို ဖြတ်တုံ၍ အရှင့်အား ပေးဆက်ပါအံ့'

ကေလာသရဲ့ စကားကို စူဠသောမက အားရတယ်။

'အဘယ်ကေလာသ၊ သင်သည် ငါ့အား နားပီတိဖြစ်စိမ့်သောစကားကို လျှောက်ထားခဲ့၏။ ထို့ကြောင့် ဤပတ္တမြားနားပန်တော်ကို သင့်အား ငါချီးမြှင့်အံ့'

စူဠသောမဟာ သူ့နားမှာ ဆင်ယင်ထားတဲ့ ပတ္တမြားနားပန်တော်ကို ချွတ်လိုက်တယ်။ ပြီးတော့ ကေလာသရဲ့ နားမှာ ပန်စေတယ်။

'ကေလာသငယ်…နက်ဖြန် နံနက်၌ စစ်မြေပြင်သို့ သင်သွားရမည်။ ယနေ့ညသည် သင့်အဖို့ ဖြစ်စေလတ္တံ့။ လိုသောဆုကို တောင်းဦးလော့'

'လျှောက်ပါသည်အရှင်၊ တောဟောဝန်၌ အကျွန်ုပ် နေထိုင်ခဲ့ရာ လိုဏ်ဂူသည်ရှိ၏။ ထိုလိုဏ်ဂူကို ယနေ့ည အကျွန်ုပ်သွား၍ ကြည့်လိုပါ၏။ သွားရောက်ခွင့်ကို ဆုအဖြစ်ပေးပါလော့။ စစ်မောင်းသံကြားရာ အရပ်သို့ အရဏ်မလာမီ အကျွန်ုပ်လာခဲ့ပါမည်'

'သင့်စကား တည်အံ့လော'

'အကျွန်ုပ်ကား လုယက်ဖူး၏။ မခိုးဝှက်ဖူးပါ။ ဆဲရေးဖူး၏။ မုသား မဆိုဖူးပါ။ ထို့ကြောင့် အကျွန်ုပ် စကားတည်ပါမည်'

စူဠသောမက ခွင့်ပြုလိုက်တယ်။ ကေလာသဟာ ဝမ်းသာအားရနဲ့ တောဟောဝန်ထဲကို ခုန်ပေါက်ပြီး ဝင်သွားတယ်။

တကယ်တော့ ကေလာသ ပုန်းအောင်းခဲ့တဲ့ လိုဏ်ဂူမှာ သခင်အသစ်တစ်ဦး ရောက်နေခဲ့ပါပြီ။

❑

၅။

သခင်အသစ်ဟာ ရသေ့တစ်ပါးဖြစ်တယ်။ ကဏှာသိရီလို့ ခေါ်တဲ့ ရသေ့တစ်ပါးဟာ ကေလာသ နှောင်အိမ်အသွင်းခံရတဲ့ အချိန်ပိုင်းမှာ လိုဏ်ဂူကို ရောက်လာခဲ့တယ်။ လိုဏ်ဂူမှာ ခိုမှီးပြီး တရားရှာနေခဲ့တယ်။ ခရီးသည်တွေက ရသေ့ရှိတဲ့ လိုဏ်ဂူကို ကြည့်ရင်း ပြောကြတယ်။

'အဆွေတို့…ကေလာသကြောင့် ပုပ်ညှီခဲ့သော လိုဏ်ဂူကို ရသေ့မြတ်သည် မွှေးထုံသော သီလရနံ့ဖြင့် ဆေးကြောခဲ့ချေပြီ'

ရသေ့ဟာ လိုဏ်ဂူထဲမှာ တစ်ပါးတည်း နေခဲ့တယ်။ ဒါပေမဲ့ စစ်ဖြစ်တဲ့အချိန်မို့ ပတ်ဝန်းကျင် ကျေးရွာတွေမှာ မိဘသေဆုံးတဲ့ ကလေးငယ်တွေအများကြီး ပေါ်ပေါက်လာခဲ့တယ်။ အမှီအခိုမရှိတဲ့ ကလေးငယ်တွေဟာ ကဏှာသိရီရသေ့ရဲ့ အရိပ်ကို ခိုလှုံကြတယ်။ လိုဏ်ဂူဟာ ရသေ့ရဲ့ တရားကျောင်းဆောင် မဟုတ်တော့ဘဲ ကလေးငယ်တွေရဲ့အိမ် ဖြစ်လာတယ်။ ကဏှာသိရီသေ့ဟာလည်း တရားနဲ့ အချိန်မကုန်နိုင်ရှာတော့ဘူး။ နာဖျားနေတဲ့ ကလေးငယ်တွေကို ဆေးကုပေးရ၊ နို့စို့နိုင်တဲ့ ကလေးငယ်တွေအတွက် နို့ရှာဖွေရ၊ အစာစားတတ်တဲ့အရွယ် ကလေးငယ်တွေအတွက် သစ်သီးရှာဖွေရနဲ့ မအားလပ်နိုင်အောင်ပါပဲ။ တစ်ညမှာတော့ ရွာသားအချို့ဟာ ကလေးငယ်တွေရဲ့ သတင်းကို ကြားတဲ့အတွက် လိုဏ်ဂူကို လာကြတယ်။ အဲဒီညကတော့ ကေလာသ တောဟောဝန်ထဲကို ဝင်လာခဲ့တဲ့ ညပဲပေါ့။

ရသေ့က ရောက်လာတဲ့ ပရိသတ်ကို စူးစမ်းတယ်။

'အိုရွာသားတို့၊ ငါသည် ချုံနွယ်ကဲ့သို့ နှောင်ဖွဲ့တတ်သော သံယောဇဉ်ကို ငြီးငွေ့စက်ဆုပ်သည်ဖြစ်၍ နှောင်ဖွဲ့ခြင်း ဆိတ်သုဉ်းသည့်နေရာဖြစ်သော ဤလိုဏ်ဂူ၌ ခိုအောင်းသူဖြစ်၏။ ငါသည် အညစ်အကြေး အားလုံးတို့၌ မလိမ်းကျံသော ဓမ္မကိုသာ စူးစမ်းရှာဖွေနေလိုသူဖြစ်၏။ သို့ရာတွင် ဤသူငယ်တို့သည် အပင်မှ ခြွေချခြင်းခံရသော သီးကင်းတို့ကဲ့သို့လည်းကောင်း၊ အသိုက်ကို အဖျက်ခံရသော ငှက်ငယ်တို့ကဲ့သို့လည်းကောင်း သနားစဖွယ်ဖြစ်ဘိ၏။ မလွတ်မြောက်သေးသော ငါသည် သူငယ်တို့၏ဒုက္ခကို လျစ်လျူမရှုနိုင်ပေ။ အကယ်၍ သင်တို့အထဲမှ တစ်စုံတစ်ယောက်သောသူသည် ဤကလေးငယ်တို့၏ တာဝန်ကို ထမ်းရွက်နိုင်ပြားအံ့။ ငါ့အဖို့ အချိန်တို့သည် အချည်းနှီးမဖြစ်ပြီ။ စစ်မှန်သော တရားဓမ္မကို ရှာဖွေခြင်းဖြင့်သာ ငါ၏အချိန်တို့ကို ကုန်လွန်စေတော့အံ့။ အဘယ်သူသည် ကလေးငယ်တို့ တာဝန်ကို ယူအံ့နည်း'

ပရိသတ်ဟာ သားကောင်မရှိတဲ့တောလို တိတ်ဆိတ်နေကြတယ်။ အဖြေမပေါ်လာဘူး။ ခဏအကြာမှာပဲ ပရိသတ်ရဲ့ နောက်ဖျား မှောင်ရိပ်ထဲက အသံတစ်သံ ဟိန်းထွက်လာတယ်။

'ဤကလေးငယ်တို့ကို အကျွန်ုပ်အား ပေးပါလော့။ အကျွန်ုပ် တာဝန်ယူပါအံ့'

ပရိသတ်ရဲ့ မျက်လုံးတွေဟာ အသံကြားရာဆီကို ရောက်သွားကြတယ်။ ဒီတော့လည်း ကေလာသရဲ့ မီးကျီးခဲလို ရဲနေတဲ့ မျက်လုံးနီနီကြီးတွေနဲ့ ရင်ဆိုင်မိကြတယ်။ အသံရှင်ဟာ ကေလာသပဲ။ ပရိသတ်ဟာ ကေလာသကို ငှက်ဆိုးတစ်ကောင်လို့ ထင်ကြတယ်။ ကြောက်ရွံ့တဲ့အကြည့်၊ ရွံရှာတဲ့

www.burmeseclassic.com

အကြည့်၊ မုန်းတီးတဲ့အကြည့်၊ ရန်ငြိုးဖွဲ့တဲ့ အကြည့်တွေနဲ့ ကေလာသကို ဝိုင်းကြည့်နေကြတယ်။

ကေလာသဟာ ပရိသတ်ထဲကို တိုးဝင်ပြီး ကလေးတွေဆီကို ချဉ်းကပ်တယ်။ ပရိသတ်က ကေလာသကို ပြောတယ်။

'ဟယ်…ဘီလူးကေလာသ၊ သင်သည် ကလေးငယ်တို့ကို သတ်ဖြတ်၍ နူးညံ့သောအသားကို စားသောက်ရန်အတွက် တောင်းသည်လော'

'အိုအချင်းတို့၊ အကျွန်ုပ်အား ရိုက်ပုတ်လိုသော် ရိုက်ပုတ်ကြပါ။ သတ်ဖြတ်လိုသော်မှလည်း သတ်ဖြတ်ကြပါ။ ဤသို့သော စကားမီးလျှံမျိုးဖြင့်ကား အကျွန်ုပ်နှလုံးသားကို လောင်ကျွမ်းအောင် မပြုကြပါနှင့်။ ဤကလေးငယ်တို့တွင် အပြစ်ကင်းသော မျက်လုံးလည်းရှိ၏။ ပြည့်ဖြိုးသော ပါးပြင်တို့လည်းရှိ၏။ ပျော့ပျောင်းသော ဆံပင်လည်းရှိ၏။ နူးညံ့သော လက်ဖဝါးတို့ လည်းရှိ၏။ သူငယ်တို့၏ ဆံပင် လက်ဖဝါးတို့ကို မကြမ်းခက်လေအောင် ပြုစုယုယလိုသောကြောင့် အကျွန်ုပ် တောင်းခံခြင်းဖြစ်ပါ၏။ အချင်းတို့ ဤကလေးငယ်တို့၏ ဘဝကား အကျွန်ုပ်၏ ငယ်စဉ်ဘဝနှင့် တူလှဘိ၏။ အကယ်၍ ကဏှာသိရီရသေ့ကဲ့သို့ ကရုဏာရေစင် သွန်းဖျန်းတတ်သော အရှင်မျိုးသည် အကျွန်ုပ် ငယ်စဉ်က ရှိခဲ့ပြီးအံ့။ ကေလာသ၏ ဘဝသည် ဤမျှ သွေ့ခြောက်ကြမ်းတမ်းခြင်း မဖြစ်တန်ရာပေ'

ကေလာသဟာ ဒူးတုပ်ပြီး ကလေးငယ်တစ်ယောက်ရဲ့ လက်မောင်း အစ်အစ်ကလေးကို အသာအယာ ဆုပ်ကိုင်ကြည့်တယ်။ အပင်ပေါ်က ပန်းပွင့်လေးကို ပွင့်ဖတ်မကြွေအောင် တယုတယ ကိုင်ပုံမျိုးနဲ့ ကိုင်ကြည့်တယ်။ ပြီးတော့ ကလေးငယ်ကို မြှောက်ချီတယ်။ ကလေးငယ်ဟာ ကေလာသရဲ့ လက်ထဲမှာ ခေါင်းလေးကို မော့လိုက်၊ ခြေလက်ကလေးတွေကို လှုပ်လိုက်နဲ့ ဆော့ကစားနေတယ်။ ကလေးငယ်ဟာ ကေလာသကို မကြောက်ဘူး။ ကေလာသရဲ့ ပါးပြင်ကို သူ့လက်ဖဝါးနုနုလေး နှစ်ခုနဲ့ ပွတ်သပ်ကျီစယ်နေတယ်။ ပြီးတော့ ပြုံးစေ့စေ့လုပ်တယ်။ တခြားကလေးငယ်တွေကလည်း ကေလာသရဲ့ အင်္ကျီစကို လှမ်းဆွဲကြတယ်။ ကေလာသရဲ့ မျက်နှာဟာ မကြည်လင်စဖူး ကြည်လင်နေတယ်။ အပြုံးကြောင့်လည်း နုပျိုလာသလိုပဲ။

'အဘယ်ကေလာသ၊ ရန်သူတစ်သိန်းကို အောင်နိုင်ခြင်းထက် မိမိကိုယ်ကို အောင်နိုင်ခြင်းသည် မြတ်၏။ သင်သည် သင့်ကိုယ်ထဲမှ ခက်ထန်မှုကို ချိုးနှိမ်အောင်နိုင်ခဲ့ချေပြီ'

'အရှင်ရသေ့၏ နားသည် ထက်မြက်လှ၏။ အကျွန်ုပ်နှလုံးသားမှ ငိုကြွေးသံကိုပင် ကြားနိုင်စွမ်းပါဘိ၏'

ကေလာသဟာ သူ့နားမှာ ဝတ်ဆင်ထားတဲ့ ပတ္တမြားနားတောင်းကို ချွတ်လိုက်တယ်။ ပြီးတော့ ကလေးငယ်ရဲ့ လက်ဖဝါးထဲကို ထည့်လိုက်တယ်။

'အို… အရှင်ရသေ့၊ စစ်သည် ကလေးငယ်တို့အား မှီခိုရာမဲ့ ဖြစ်စေခဲ့၏။ မိုးသောက်သည်နှင့် တစ်ပြိုင်နက် အကျွန်ုပ် စစ်ဆူးပြောင့်ကို အဆောတလျင် နုတ်ထွင်အံ့သောငှာ စစ်မြေပြင် သို့ သွားရပါမည်။ သေမည်လော၊ ရှင်မည်လော မပြောနိုင်ပါ။ အကယ်၍ အသက်ကြွင်းကျန်ခဲ့ပါမူ အရှင်ထံသို့ အကျွန်ုပ်ပြန်လာ ၍ ကလေးငယ်တို့ကို လုပ်ကျွေးပြုစုပါအံ့။ ဤပတ္တမြား နားတောင်းကား ကျေးဇူးရှင် စုဋ္ဌသောမမင်းက အကျွန်ုပ်အား ချီးမြှင့်ထားသည့် နားတောင်းဖြစ်ပါ၏။ အကျွန်ုပ် ပိုင်ဆိုင်သည့် တစ်ခုတည်းသော ပစ္စည်းဖြစ်ပါ၏။ အကျွန်ုပ် အမြတ်နိုးဆုံး ပစ္စည်းလည်း ဖြစ်ပါသည်။ ဤနားတောင်းသည် ကလေးငယ်တို့အဖို့ ဖြစ်ပါစေသတည်း'

ပရိသတ်ဟာ ကေလာသကို အံ့အားသင့်ပြီး ကြည့်နေကြတယ်။ ကေလာသက ကလေးငယ်ရဲ့ နဖူးကို ငုံ့ပြီး နမ်းရှုပ်လိုက်တယ်။ ကလေးငယ်ရဲ့ နဖူးမှာ ကေလာသရဲ့ မျက်ရည်တွေ စိုရွှဲသွားတယ်။ ကဏှာသိရီရသေ့က ပြောလိုက်တယ်။

'အအေးဓာတ်ကို ရသောအခါ၌ ခြောက်သွေ့သော ဆားပွင့်သည် စိုစွတ်တတ်၏။ ကေလာသ၏ ပူပြင်းခြောက်သွေ့သော စိတ်သည် ကရုဏာဓာတ်ကြောင့် အေးမြစိုပြည်လျက် ရှိချေပြီ။ အချင်းတို့ ကျောက်သားကဲ့သို့ မာကျောသော ဥသျှစ်သီး၏ အတွင်း၌ ချိုမြိန်သော အရသာတည်ရှိ၏။ ပူလောင်သော ကျောက်တောင်ကြီးအတွင်း၌လည်း အေးမြသော စမ်းရေတည်ရှိ၏။ ကေလာသ၏ ကြမ်းတမ်းသော ခန္ဓာကိုယ်အတွင်း၌လည်း သိမ်မွေ့သော နှလုံးသားသည် ကိန်းအောင်းလျက်ရှိသည်သာတည်း'

ညဟာ တဖြည်းဖြည်းနဲ့ ဆုတ်ခွာနေတယ်။ မရဏနေ့သစ်ဟာ ချည့်နဲ့နေတဲ့ ဇရာအိုညကို တွန်းဖယ်ပစ်ဖို့ အသင့်ဖြစ်နေပြီ။ အလို…စစ်မောင်းသံတွေကို ကြားနေရပါပြီလား။ ကေလာသဟာ လိုဏ်ဂူထဲက ထွက်လာပြီး စစ်မောင်းသံတွေ တကြော်ကြော် ခေါ်နေတဲ့ဆီကို လျှောက်သွားတယ်။ ကေလာသရဲ့ မျက်လုံးနီနီတွေမှာ အေးမြတဲ့ မျက်ရည်တွေ ဝဲနေတယ်။

တောဟောဝန်ထဲမှာ ဆီးနှင်းတွေ တဖြောက်ဖြောက် ကျနေတယ်။ သစ်ရွက်တွေပေါ်က နှင်းစက်ကလေးတွေ လျှောဆင်းတဲ့အသံဟာ တူရိယာသံလိုပဲ။ ပန်းပွင့်ကလေးတွေကတော့ ပင့်သက်ရှူနေကြတယ်။ သူတို့ရဲ့ ထွက်သက်လေဟာ မွှေးပျံ့လို့ပေါ့။ ကေလာသဟာ တောဟောဝန်ရဲ့ အပြင်ဘက်က မြေပေါ်ကို ခြေချမိပြီ။ အရင်က ရေငတ်တဲ့ မြေပြင်ဟာ ခြောက်သွေ့ အက်ကွဲနေတယ်။ အစွယ်ငေါငေါ ထောင်နေတယ်။ ချွန်ထက်တဲ့ မြေစွယ်တွေဟာ ခရီးသည်တွေရဲ့ ခြေဖဝါးကို ထိုးခုတ်ကြတယ်။ အခုတော့ နှင်းဆမ်းထားတဲ့ မြေပြင်ဟာ ကျေးရင်မွေးလို သိမ်မွေ့နေပြီ။ ကတ္တီပါသားလို နူးညံ့နေပြီ။

ကေလာသဟာ နူးညံ့တဲ့ အဲဒီမြေပြင်ကို နင်းရင်း တစ်လှမ်းချင်း လျှောက်သွားနေပြါတော့တယ်။

■

မြတ်သင်း

*ငွေတာရီမဂ္ဂဇင်း၊ ၁၉၇[illegible]၊ ဧပြီလ။*

www.burmeseclassic.com





တန်ဖိုး–၃၀၀၀ကျပ်



တန်ဖိုး–၄၀၀၀ကျပ်




တန်ဖိုး–၄၀၀၀ကျပ်




တန်ဖိုး–၂၅၀၀ကျပ်

ထုတ်လုပ်ဖြန့်ချိရေး

**အလင်းသစ်စာပေတိုက်**

အမှတ် ၁၇/၁၉၊ အခန်း ၆၀၁၊ ၅၂ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း–၀၉ ၈၇ ၀၃၈၄၈၊ ၀၉ ၅၄ ၀၀၃၀၂

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ညသည် လရောင်တစ်ဝက်အောက်မှာ
လွှင့်လွှင့်ဖွာဖွာ လှပနေသည်။
လရောင်သည် ဘုရားကျောင်း
ထိပ်များမှ လက်ဝါးကပ်တိုင်နှင့်
တိုးတိုးတိတ်တိတ် စုလျားရစ်ခွေကာ
ဝင်းခြံတစ်ခုလုံးပေါ် ပြိုးပြိုးပြက်ပြက်
ပြေလျော့ဖြာဆင်းသည်။
အိမ်ခေါင်မိုးများ၊ မြက်ခင်းများနှင့်

ဘုရားကျောင်းရှေ့က
လူသွားလမ်းကလေး...
အရာအားလုံးတို့သည် တစ်ဝက်တစ်ပျက်
လရောင်အောက်မှာ ငြိမ်ဆိတ်
ပျပ်ဝပ်လျက် ပါးလျလျ
ညလယ်ယံထဲ မိန်းမောမှေးစက်
နေကြသည်။ အနီရောင်
အုတ်ခဲကွက်များဖြင့် ရက်ဖောက်
ဆောက်လုပ်ထားသည့် အိမ်သည်
အိမ်မပီတော့သည်မှာ ကြာခဲ့ပြီ။ အိုမင်း
ရင့်ရော်မှုနှင့်အတူ နွယ်မြက်
သစ်ပင်တို့ဖြင့် သူ့ကိုယ်ထည်တစ်ခုလုံး
ကျွမ်းလောင် ရစ်ပတ်နေရာ
နွယ်ပင်တို့ဖြင့် ရက်ဖွဲ့ထားသည့်
နွယ်ပင်အိမ်ဟု ထင်မှတ်မှားစရာ။
သည်အသိုက်၊ သည်အဝန်း၊
သည်နေရာ၏ လရောင်တချို့
ခိုးဝင်ဖြာဆင်းနေသည့် ဝရန်တာထောင့်
တစ်နေရာမှာ ကိုယ်တိုင် မစိုက်ပျိုးခဲ့ဘဲ
ရိတ်သိမ်းယူထားရသည့်
ဇရပွနာကျင်မှုတို့ကို တွဲရရွဲခိုစီးလျက်
မိန်းမတစ်ယောက်ထီးတည်း
ရပ်နေသည်။ ထိုမိန်းမသည် မီ။
'ဘာလုပ်နေတာလဲ၊ ဝရန်တာက အေးတယ်
မီရဲ့။ အထဲဝင်ပါတော့လား'
အို..



www.burmeseclassic.com

www.burmeseclassic.com

မီသည် နောက်ကျောဘက်သို့ လှည့်ကာ အသံထွက်ပေါ်ရာ အရပ်သို့ မလှမ်းမီ ရိပ်စားတွေ့မိနိုးနိုးဖြင့် ယောင်ယမ်းရှာဖွေမိနေသေးသည်။ တကယ်မဟုတ်။ အိပ်မက်ထဲက လွင့်စဉ်လာသည့် အသံမျိုး။ နားထဲ ကြားယောင်လာသော အသံက တစ်ခွန်းတည်းမက၊ တစ်ကြိမ်တည်းမက အခါခါ။ ကြိမ်ဖန်များစွာ ပွက်ပွက်ဆူကာ နားစည်ကွဲ အက်မတတ် တရစပ်ပင် ထန်ပြင်း ရိုက်ခတ်လာနေသည်။ နားနှစ်ဖက် ယောင်ယမ်းပိတ်မိလိုက်သည်အထိ မီ အချောက်ချောက် အချားချား ခံစားနေရသည်။ အဲဒါ ဘယ်သူ့အသံလဲ၊ ဘယ်တုန်းက ပြောခဲ့တဲ့ အသံလဲ။ ကမ္ဘာဦးအစက အာဒမ်ရဲ့ အသံလား။ ဒါမှမဟုတ် ဒေမီယံ၊ ရှင်လား။ ဒါမှမဟုတ် ရှင်မဟုတ်တဲ့ တခြားတစ်ယောက်ယောက်လား။ ကျွန်မကို 'မီ'လို့ ဘယ်သူ ခေါ်လိုက်သလဲ။ ညွှတ်ခွေယိုင်နဲ့လာသည့် ခြေထောက်တွေကို ငုံ့ညှာသည့်သဘော ရပ်လျက်နေရာက အရပ်ကြိုးပြတ် ကွေးညွတ်တုပ်ဖွဲ့ ထိုင်ချလိုက်သည်။ မျက်နှာကို ဒူးနှစ်ဖက်ကြား ထိုးထည့်ဝှက်သိုလျက် ရှိုက်ရှိုက်ငင်ငင် မီ ငိုကြွေးသည်။ ရင်ကွဲ အသည်းကြွေ ငိုမိရင်းက ကိုယ့်ကိုယ်ကို အော့နှလုံးနာကာ မုန်းတီးစက်ဆုပ်လာပြန်သည်။ ဘာကို မျှော်လင့်နေသေးတာလဲ။ မက်လောက်စရာ ဘာမှ ရှိမနေတဲ့ ဒီဗလာ အိမ်ထဲမှာ ဘာကို မျှော်လင့်ဖက်တွယ်နေ,နေတာလဲ မီ။ တစ်သက်စာ ရှန်းကန်ထွက်

> လူသား
> တစ်ယောက်ရဲ့
> ရပိုင်ခွင့်
> လွတ်လပ်မှုနှင့်
> တရားမျှတမှုတို့ကို
> အိမ့်အပြင်ဘက်
> ထွက်ထွက်
> ရှာရတတ်သည်
> လုံခြုံမှုနှင့်
> မေတ္တာတရားက
> အစအရာရာကို
> အိမ့်အပြင်ဘက်
> ထွက်ထွက်
> ရှာနေရသည့်
> အချိန်တို့သည်သာ
> များများ
> လာတတ်ပြီ
> ဘုရားသခင်
> ကိုတော့
> မီ
> နည်းနည်းလေးမှ
> မမေ့ပါ

ပြေးလိုက်ပါတော့လား။ ဖိအားပေးနေသည့် အသံလှိုင်းများက မီ အားပြု မတ်ရပ်နေရာ ကြမ်းပြင် အကြိုအကြားတွေထဲကနေ လိမ့်ပြု ထွက်ပေါ်လာနေသည်။

အခန်းထဲသို့ ရှူးရှူးဆတ်ဆတ် အော်သံတစ်စ ရုတ်တရက် ထိုးစိုက် ခုန်ပျံဝင်ချလာသည်။ တောက်တဲ့အော်သံသည် ယခုည အဆမတန် ပိုကျယ်လှချည့်။ မှီနားထဲမှာ တောက်တဲ့ တောက်တဲ့ဟု မကြား။ ကြောက်တယ့် ကြောက်တယ့်...ကြောက် ကြောက်ကြောက်ကြောက် ကြောက်...ကြောက်တယ့် ဟုသာ ကြားနေပြန်သည်။ တစ္ဆေသရဲတွေကို အုံကျင်းဖွဲ့ မြင်တွေ့လိုက်ရသူလို ခေါင်းနားပန်းကြီးကာ မီ ကြောက်လာသည်။ သွား သွား... ဘာကို ကြောက်တာလဲ။ ဘာကို ကြောက်မှာလဲ။ ခြင်လုံဆန်ခါကွက်တွေ တပ်ပြီးကတည်းက ထွက်ပေါက်မရှိသလို ထစ်ဆို့ကာ ပိတ်နေသည့် သည်အခန်း၊ တစ်နေ့ထက်တစ်နေ့ ဘီယာဘူးခွံတွေ တောင်လို မို့မောက်ကာ ခြေချစရာ နေရာလွတ်မရှိအောင် ရှုပ်ထွေး ပွရောင်းလာနေသည့် သည်အခန်းကို မီ မုန်းတီးခဲ့တာ ကြာလှရှိပြီ။ ❑

'ဟင့်အင်း၊ အဲဒီခြင်ဆန်ခါတွေ တပ်မနေပါနဲ့လား။ ညကျ ခြင်မကိုက်နိုင်အောင် ခြင်ထောင်ထောင် အိပ်လို့ရတာပဲ။ ပြတင်းတံခါးတွေဆိုတာ ကောင်းကင်ကို လွတ်လွတ်ရှင်းရှင်း ငေးမောကြည့်ဖို့လည်း အရေးကြီးသေးတယ်။ မီက မျက်မှန်အမြဲတပ်ရတော့ ခြင်ဆန်ခါကွက်တွေကြားကနေ အပြင်ကို ကြည့်ရတာ အားမရဘူးရှင့်။ မျက်စိရှေ့မှာ အကွက်အစင်းတွေဖြစ်ပြီး ပိတ်ကွယ်နေတော့ တိမ်တွေကို မီ ဘယ်လို ငေးကြည့်ရပါ့'

'အရူးမ...တိမ်ရူးရူးနေတဲ့ အရူးမ'

အဲဒီလို ကြားလိုက်ရသလားပဲ။ ဟင့်အင်း...မီ မလုံမလဲနဲ့ ထင်ယောင်ထင်မှား ကြားမိတာဖြစ်မှာပါ။

အံ့သြစရာပဲ၊ မီ့ စကားကို မောင်က တစ်စက်ကလေးမှ ဂရုမစိုက်ခဲ့။ မီ့အသံ၊ မီ့အတွေးအမြင်၊ မီ့လှုပ်ရှားမှု အားလုံးတို့သည် သည်အိမ်ထဲမှာ အကုန် အငွေ့ပြန် ပျောက်ရှကုန်သည်သာ...။ ဘုရားဝတ်ပြုခန်း၊ မီးဖိုချောင်၊ ဧည့်ခန်း၊ ပီယာနို၊ ဂစ်တာ အရာရာသည် အိမ်ထဲမှာ မီ့လက်များဖြင့် လွတ်လပ်စွာ တို့ထိ ကိုင်တွယ်ပုံဖော်ခွင့်လေးများ ဘယ်တုန်းကမှ မရခဲ့။ မောင်နှင့် အများဆုံးနေသည့် နှစ်ယောက်စာ အခန်းတစ်ခုထဲမှာတောင် မီ့လွတ်လပ်မှု၊ ပိုင်ဆိုင်မှုတို့က တစ်ဝက်လေးမျှ ရှိခွင့်မရခဲ့။ ပန်းချီကားလေးတစ်ချပ်ချိတ်ဖို့ နံရံလွတ်လေးတောင် မီ့မှာ အပိုင်မရှိ။ ခရစ္စမတ် ချိန်ခါမျိုးမှာ အတူတကွ စုရိုက်ကြသည့် မိသားစု ဓာတ်ပုံထဲမှာ မီ့ပုံရိပ် ဘယ်တုန်းကမှပါဝင်ခြင်းမရှိ။ မီ့ကို မောင်တို့တစ်အိမ်လုံး ဘယ်သူကမှ လူရာမသွင်းခဲ့ကြပါဘူး။ Blues Nights, Bars, Jazz Gathering Party, Studio အပါအဝင် ဂစ်တာ တီးခတ်ခြင်း နေ့နေ့ညည ကိစ္စတွေကြား ဗျာများနေရသည်ကို အကြောင်းပြုလျက် မောင်ကိုယ်တိုင်သည်ပင် မီနှင့် တစ်စတစ်စကင်းကွာကာ မီ့ ယုံစားမှီတွယ်ရာ သည်ကမ္ဘာသည် သဘာဝဘေးဒဏ် မကျမရောက်ဘဲ ယခုအခါ နှစ်ခြမ်းကွဲအက်သွားခဲ့တော့သည်။

လွတ်လပ်စွာ ငေးမောကြည့်စရာ ကိုယ်ပိုင် မျက်နှာကြက် မရှိတော့သည့်အခါ ညည-လူခြေတိတ်ချိန်တွေမှာ မီသည် အိမ်အပြင်သို့ ကိုယ်ဖော့ ခြေဖွလျက် ခိုးခိုးထွက်ရတတ်သည်။ မင်းမည်း



www.burmeseclassic.com

www.burmeseclassic.com

မှောင် ကောင်းကင်ပြင်ကျယ်နှင့် ကြယ်တာရာတို့ကို ရှာဖွေရေတွက်ကာ အငမ်းမရ ငေးမောမိရတတ်သည်။ လူသားတစ်ယောက်၏ရပိုင်ခွင့် လွတ်လပ်မှုနှင့် တရားမျှတမှုတို့ကို အိမ့်အပြင်ဘက် ထွက်ထွက်ရှာရတတ်သည်။ လုံခြုံမှုနှင့် မေတ္တာတရားကအစ အရာရာကို အိမ့်အပြင်ဘက် ထွက်ထွက်ရှာနေရသည့် အချိန်တို့သည်သာ များများလာတတ်ပြီ။ ဘုရားသခင်ကိုတော့ မီနည်းနည်းလေးမှ မမေ့ပါ။

လရိပ်အောက်မှာ ဝိုးတဝါးလေး မြင်နေရသည့် မှီ အခန်းကို အိမ့်အပြင်ဘက် အဝေးတစ်နေရာကနေ လှမ်းငေးကြည့်မိတိုင်း နာကျင်ကြေကွဲစိတ်သည် အတိုင်းအဆမဲ့ သူ့ပုန်ထ,လာတတ်သည်။ နာကျင်ကြေကွဲစိတ်သည် လရောင်၏ တလက်လက် ဖမ်းစားမှုအောက်မှာ ရုတ်ခြည်း အုံကြွဝင်းလက်ပြိုးပြက်မြင့်တက်လာကာ နောက်ဆုံးမှာတော့ ရှိရင်းစွဲအလင်းထက် ပိုမို ပြိုးပြက်လက်ထကာ အရိုင်းဆန်လာတတ်ခဲ့သည်။

သွား…ငါ့လက်၊ ငါ့ခြေ ဘာမှလုပ်လို့ မရတဲ့အိမ်၊ ငါ့လက်ချောင်းတွေကို ရိုက်ချိုးထားတဲ့အိမ်၊ ငါ့ရယ်မောက,ခုန်ခြင်းတွေကို နိစ္စဓူဝ မီးသင်္ဂြိုဟ်ထားရတဲ့အိမ်၊ ငါ့ဂီတကို ငါ့ဘာသာ တိတ်တဆိတ်ခိုးယူ ပေါင်းသင်းနေရတဲ့ အိမ်၊ ငါ့စာ,ကဗျာတွေကို ဖိနပ်အောက်က ဖုန်မှုန့်တစ်စလို ပြက်ရယ်ပြုတဲ့အိမ်၊ ကျမ်းစာအုပ်တွေ မှိုတက်နေတဲ့အိမ်၊ နှလုံးသားအပေါက်နဲ့ ဝိညာဉ်ကောက်နေတဲ့အိမ်၊ မီးကျွမ်းခေါက်လိမ်နေတဲ့ ငွေစက္ကူတွေ ပလူပျံနေတဲ့အိမ်၊ ပွဲတော်ဝိုင်တွေ သွေးညှီနံ့ ရရနေတဲ့အိမ်…သွား…သွား…။

အခန်းစားပွဲပေါ်က စာအုပ်တချို့ ကြမ်းပြင်ပေါ်သို့ ခုန်ဆင်းလျှောကျကာ ပိုးလိုးပက်လက် ကျိုးကြေပြန့်ကျဲသွားကြသည်။ အလို… စာအုပ်တွေ သူ့ဘာသာသူ ခုန်ဆင်းကုန်ကြလေသလား။

ငါ့ဒိန်ခဲကို ဘယ်သူ နေရာရွှေ့ပစ်လိုက်တာလဲ။

မီသည် စာအုပ်များကို နားမလည်သည့် မျက်လုံးများဖြင့် ငေးရီရီ မှေးကြည့်၏၊ တစ်အုပ်ချင်း၊ တစ်အုတ်ချင်း ခပ်သွက်သွက် ကောက်ယူကာ စားပွဲပေါ် အထပ်လိုက် ပြန်တင်ထားလိုက်သည်။ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ဗလာနံရံဆီ စူးရဲစိုက်ကြည့်ကာ တစ်လုံးချင်း ပြောပစ်လိုက်သည်။

'ကျွန်မ စာအုပ်တွေထဲမှာ အမှန်တရားတွေ ရှိတယ်။ နောက်တစ်ခါ ကျွန်မ စာအုပ်တွေ နေရာရွှေ့ရဲရွှေ့ကြည့်၊ ကျွန်မအကြောင်း သိစေရမယ်'

နံရံဆီမှ ရယ်သံအက်အက်များ ထွက်ပေါ်လာသည်။ မျက်နှာကြက်ထဲက ကျိုးကျိုးကြေကြေ အသံများ…။

အသံတို့သည် တစ်စတစ်စ ပါးရာမှာ ထူ၊ ထူရာမှ အူလျက် ခပ်ဆူဆူ ပေါ်ထွက်လာပြန်သည်။ နာကျင်မှုကို တရွတ်တိုက်ဆွဲကာ ပွတ်တိုက် ထွက်ပေါ်လာသည့် အသံများအလား။ မီသည် အခန်းထဲကနေ အူယားဖားယား ပြေးထွက်လိုက်မိသည်။ လှေကားကနေ ပြေးဆင်းခိုက် တရှပ်ရှပ် ခြေသံများက ထက်ကြပ်မကွာ လိုက်ပါလာသည်။

အိမ်တံခါးမကြီးဆီ ရောက်လျှင် တံခါးချက်ကို အသံမကြားအောင် ထိန်းဖွင့်ရသည်။ လက်နောက်ပြန် ဆွဲပိတ်ကာ ပုဏ္ဏရိက်ပင်လေးတွေ စီရီသွယ်တန်းသည့် လျှောက်လမ်းလေးအတိုင်း ဖြတ်ပြေးလျှောက်ကာ ဘုရားကျောင်းဆီ ပြေးဝင် ခိုလှုံလိုက်ရသည်။ စိတ်ခံစားမှုများ တင်းကျပ် ရှုပ်ထွေးပွရောင်းလာလေတိုင်း တဒင်္ဂပုန်းခိုကိုးစားရာနေရာ။ ဂျပ်ဆင်။

ဘုရားကျောင်းထိပ်က လရိပ်လဲ့ပြာပြာသည် တစ်မုဟုတ်ချင်းပင် မှီတစ်ကိုယ်လုံးကို ရစ်ခြုံသိုင်းဖက်ကာ ကူကယ်ဖေးမထားခဲ့သည်။

ထိုအခါ မှီ ညများသည် စာနာမှု ဂုဏ်ရှိန်ပါဝါတို့ကြောင့် အဆမတန် လင်းလက် လှပသွားတော့သည်။

စိတ်နှလုံးများ အတန်အသင့် ငြိမ်သက်ပြေကျသွားလျှင် ခေါင်းငိုက်စိုက်ချ။ တုံ့ပယ်ပယ် ခြေလှမ်းများဖြင့် မောဟိုက်နွမ်းလျကာ အိမ်ဆီသို့ မီ ပြန်လာရတတ်သည်။ ❑

'အို…မိုးရေတွေ စိမ့်လာပြီ၊ မောင်ရေ…လုပ်ပါဦး။ မှီ စာအုပ်တွေ စိုကုန်တော့မှာပဲ'

လက်ထဲ တီးလက်စ ဂစ်တာကို လွှတ်ချလျက် မောင်သည် အပြေး ထ,လာကာ စာအုပ်များကို မိုးရေလွတ်ရာသို့ ကူရွှေ့ပေးသည်။

'တစ်နှစ်စာချုပ်ပြည့်ရင် ဒီမှာ ထပ်မနေတော့ဘူး၊ ဒါ့ထက်ကောင်းတဲ့ အခန်းထပ်ရှာမယ်'

'အို…အရေးမကြီးပါဘူး၊ စိမ့်ရုံကလေးပါ မောင်ရဲ့'

တစ်ခါတစ်ခါ အိမ်ပြောင်းရွှေ့ရသည်မှာ မလွယ်လှ။ ပြီးတော့ သည်အိမ်ခန်းဖွဲ့စည်းပုံလေးကို မီ အင်မတန်မှ သဘောကျနေသည်။ အောင်မြေသာစည် အိမ်ရာလို့တော့ အများ ခေါ်ကြတာပဲ။ မောင်နှင့် လက်ထပ်ပြီး အတူနေဖို့ရန် အိမ်ခန်းတွေ လိုက်လံ ငှားရမ်းစဉ်က သည် အောင်မြေသာစည် အိမ်ခန်းပုံစံလေးကို မြင်လျှင်မြင်ချင်း မီ သဘောကျသွားခဲ့သည်။ ကျယ်ဝန်းပြန့်ကားနေသည့် လှေကားများကြောင့် အပေါ်ဆုံးထပ် ၆ လွှာကို မီတို့ ပစ္စည်းတွေတင်တော့ မောလို့ မောမှန်း မသိခဲ့။ အိမ်ခန်းအသစ်လေးမှာ မှန်တင်ခုံ၊ စာရေးစားပွဲ အပါအဝင် ပိုင်ဆိုင်သမျှ ပစ္စည်းပစ္စယတွေကို Decoration ဘယ်လိုလုပ်မည်ဟု ကြိုတင်စိတ်ကူးလျက် အတွေးထဲမှာတောင် ရှုံးနေခဲ့ရသည်။ ဝင်လျှင်ဝင်ချင်းမှာ ဧည့်ခန်းရှိသည်။ မီးဖိုခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ…ဒါတင်မက လမ်းမဘက်မျက်နှာစာမှာ ဂငယ်ပုံစံ ဝိုက်ကွေ့ထားသည့် ချစ်စရာ ဒီဇိုင်းနှင့် ဝရန်တာလေးရှိသည်။

➡ Yamada Hotel က Amazing Jazz Club မှာ ညည ဂစ်တာသွားတီးသည့် မောင့်ကို သည်ဝရန်တာလေးမှာ



www.burmeseclassic.com

www.burmeseclassic.com

ခြေပစ်လက်ပစ် ထိုင်ကာ မီ မျှော်နေရတတ်သည်။ ပြီးတော့ ငိုလည်း ငိုနေရတတ်သည်။ မီ ဘာကြောင့် သီချင်းတွေ မဆိုဖြစ်တော့တာလဲ၊ ဂစ်တာဘာလို့ လိုက်မတီးဖြစ်တော့တာလဲ။ သည်အကြောင်းတွေးမိတိုင်း မို့ရင်မှာ တစစ်စစ် တမြည့်မြည့် နာကျင်နှမ်းလျလှသည်။ ထိုအရာသည် ထာဝရ ကျွမ်းလောင်နေမည့် မီးတောက်များလည်း ဖြစ်နေပြန်သည်။

တစ်ကိုယ်ရေညတွေမှာ မီသည် တစ်အိမ်လုံးမှာရှိသည့် မီးပွင့်တွေကို အကုန်ပိတ်၊ ဝရန်တာမှာ ခြေပစ်လက်ပစ်ထွက်ထိုင်၊ တီးမိမှာ စိုးသည့် ဂစ်တာကို ကြိုးတွေဆွဲဖြုတ်ရင်း တငိုငို တရယ်ရယ် ဖြစ်နေရတတ်သည်။ ကောင်းကင်မည်းမည်းကို တီဗွီဖန်သားပြင်လုပ်ကာ မို့ဘဝ ပုံရိပ်တွေကို ရုပ်ရှင်ဖလင်ပြကွက်တွေ နောက်ပြန်ရစ်ကြည့်သလိုမျိုး ပြန်ခေါ်ခေါ်ကြည့်နေမိရတတ်သည်။ Country Design များနှင့် Decoration ဆင်ယင်ထားသည့် Mr.Guitar ကော်ဖီဆိုင်လေးမှာ မောင်နှင့်တွေ့ခဲ့၊ အုံ့သြဖွယ် သေသပ်ကျွမ်းကျင်သည့် မောင့်ဂီတ Solo Instrumental များကို စွဲငြိခဲ့၊ ဘာသာမတူ၍ မိဘများ တားမြစ်သည့်ကြားက အချစ်လူစွမ်းကောင်မလေး လုပ်ကာ မောင့်ဘဝထဲ ကဲကဲရဲရဲ တိုးဝင်ခဲ့၊ အစပိုင်းမှာ နှစ်ဦးသား ဂစ်တာကိုယ်စီဆွဲလျက် ဝင်ချည်ထွက်ချည် မြူးထူးကျေနပ်နေသော်လည်း နောက်ပိုင်းမှာ

> နာကျင်ကြေကွဲစိတ်သည် အတိုင်းအဆမဲ့ သူပုန်ထ,လာတတ်သည် နာကျင်ကြေကွဲစိတ်သည် လရောင်၏ တာလက်လက် ဖမ်းစားမှု အောက်မှာ ရတ်ခြည်း အုံ့ကြွဝင်းလက် ပြိုးပြက်မြင့်တက်လာကာ နောက်ဆုံးမှာတော့ ရှိရင်းစွဲ အလင်းထက် ဝိုမို ပြိုးပြက်လက်ထကာ အရိုင်းဆန်လာတတ်ခဲ့သည်

မီက ခရီးဆုံးထိ မျှော်ရည်ပုံသန်းခွင့် မသာတော့ဘဲ အိမ်မှာ ချန်လှပ်နေခဲ့၊ အလုံးစုံအလုံးစုံ ပုံရိပ်တို့က မို့နှလုံးသားကို ဖွဲ့ကာဖွဲ့ကာ ခြွေလေတော့သည်။

ချွေးမက ဘယ်မှာလုပ်လဲ။ အများတကာ မေးသည့်အခါတိုင်း 'ဆိုင်မှာ ဂစ်တာတီးတယ်၊ သီချင်းဆိုတယ်၊ ကျွန်တော့်သားနဲ့ အတူတူပဲဗျ။ ဝါသနာချင်းလည်း တူကြတာကိုး…'။ အဲသည်လို ရယ်ရယ်မောမောလေးများ မောင့်အဖေ ဖြေပေးနိုင်ခဲ့လျှင် ဘယ်လောက်များ ကောင်းမှာပါလိမ့်။

သူ ဘာလို့ အဲသည်လို မဖြေချင်ခဲ့တာပါလိမ့်။ ကော်ဖီဆိုင်မှာ ဂစ်တာတီး သီချင်းဆိုတဲ့အလုပ် သူ့သိက္ခာကို ကျဆင်းစေတဲ့ အလုပ်လို့ ဘာလို့ တစ်ဖက်သတ် မှတ်ယူခဲ့တာပါလိမ့်။ မောင်ကရော…မောင်ကရော ဟင်…ဘာလို့ ရေငုံနှုတ်ပိတ် လုပ်ခဲ့တာပါလိမ့်။ တကယ်ဆို မို့လက်ကို ရဲရဲတင်းတင်း ဆုပ်ကာ 'အဖေ ဘာမှ မတားပါနဲ့၊ ကျွန်တော်တို့ ယုံကြည်တဲ့ ဂီတအလုပ်တွေ ကျွန်တော်တို့ အတူတူ လုပ်သွားပါရစေ' လို့ တုံ့ပြန်ပြောခဲ့ရမှာ။ မဟုတ်ဘူးလား၊ အဲသည်လို မရဘူးလား။ ဘာကြောင့်လဲ…ဘာကြောင့်လဲ…။

အဲသည်လို ပြန်တွေးမိတိုင်း မို့စိတ်တစ်ပြင်လုံး နာကျင် ကျပ်ခဲကာ ဂစ်တာ တစ်လက် ဆွဲလျက် ဝင်ချည်ထွက်ချည် ပြုနေသည့် မောင့်အပေါ် မနာလိုစိတ်တွေလည်း အုံ့ကြွလာကာ မုန်းတီးစိတ် ဝင်ဝင်လာတတ်သည်။

ရှားရှားပါးပါး တစ်ညတလေမှာတော့ မို့မှာ စိတ်ကောင်းလေးတွေ ထူးထူးဆန်းဆန်း လာဝင်နေတတ်ပါသည်။ ဝရန်တာဘက် ထွက်မထိုင်အား၊ ကောင်းကင်မည်းမည်းကြီးကို မော့မကြည့်အား၊ ကိုယ့်ဘဝကိုယ် နောက်ပြန် လှည့်မတွေးအား။ မောင်ပြန်လာလျှင် အသင့်စားနိုင်အောင် သန့်ခေါင်ယံညစာတွေ ပြင်ဆင်လျက် မောင့်ကို ပျော်ပျော်မြူးမြူးကလေး စောင့်မျှော်ပေးတတ်ခဲ့သည်။

အလှစိုက် ပန်းပင်လေးများ ဝယ်ယူလာတတ်သည့် ညနေခင်းမျိုးဆိုလျှင် အပင်သစ်လေးများကို ဝရန်တာမှာ နေရာချကြည့်လိုက်၊ အိမ်ခန်းထောင့်မှာ ခုံဖြင့် တင်ကြည့်လိုက်နှင့် အလုပ်ရှုပ်နေရတတ်သည်။ ရင်းနှီးသူ သူငယ်ချင်းမ တစ်ယောက်ယောက် အလည်လာကာ မေးခွန်းတစ်ခု ထုတ်ပြီဆိုလျှင်တော့ မို့မှာ စိတ်တွေ ယောက်ယက်ခတ်လာတတ်သည်။

'ဟဲ့ နင်ဘာလို့ Mr. Guitar မှာ သီချင်းမဆိုတော့တာလဲ၊ ယောက္ခမကြီးတွေက ပေးမဆိုလို့လား'

ကျုလှကျခင် တွဲခိုလာသည့် မျက်ရည်တို့ကို မျက်တောင်တွေ အခေါက်ပေါင်းမရေမတွက်နိုင်အောင် ခတ်ခတ်ပစ်ကာ အပြေးအလွှား တိုက်ဖျက်မောင်းနှင်၊ မျက်ရည်တို့ကို အချိန်မီ သိုဝှက်ကာ မို့ကိုယ်မီ ဟန်ဆောင်ထိန်းချုပ်လျက် ခပ်တည်တည် မျက်နှာထိမျက်နှာပေးနှင့် သူငယ်ချင်းမကို ခပ်သွက်သွက် ပြောရတတ်သည်။

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ မဟုတ်ဘူး။ မောင့်ဒယ်ဒီလား ဟင့်အင်း သူ ဘာမှ မပြောခဲ့ပါဘူး။ ဘာပြောလို့လဲ၊ ငါ့ကိုက မဆိုချင်တော့လို့ပါ။ တကယ်တော့ ငါက အိမ်မှာပဲ အေးအေးလူလူ နေချင်တာ။ အခုလည်း ဒါက ကိုယ်ပိုင်အိမ် မဟုတ်သေးပေမဲ့ ကိုယ်နေနေခိုက်မှာ ဒါက ကိုယ့်အိမ်ပဲလေ။ ငါ့ အိမ်လေးကို တစ်ယောစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

မရှိးအောင် Decoration တွေ အမျိုးမျိုးဆင်လိုက်၊ နားနား နေနေ စာတွေရေးလိုက်နဲ့ ဒီလိုလေးပဲ ငါနေချင်လို့ပါ။ ဒါကမှ ငါနေချင်တဲ့ဘဝ။ ဆိုင်မှာ စိတ်ညစ်စရာပါဟာ။ တစ်ညတစ်ည ဆေးလိပ်နံ့၊ ဘီယာနံ့တွေ ငါ့ဆံပင်တွေမှာ စွဲပါလာတဲ့ဒဏ်ကိုလည်း ငါ လုံးဝ မခံစားနိုင်တော့ဘူး'

'ဟယ်၊ ဒီလောက် ဂစ်တာတီးတတ်တဲ့ဟာ၊ နင့် ပညာတွေ နှမြောစရာ'

'အို...အခုလည်း ငါ တီးပါတယ်ဟယ်၊ ညညဆို ဝရန်တာထွက်ထွက်ထိုင်တီး တယ်၊ လမင်းကြီးနဲ့ ကြယ် လေးတွေက ငါ့ပရိသတ်ပေါ့။ ငါသီချင်းဆိုတိုင်း ဟာမိုနီ တောင် သူတို့ ဝင်လိုက်ပေး သေးတာ'

ဘယ်တုန်းက ကျွမ်း ကျင်နေမှန်းမသိသည့် အညာ အလိုမ့်စကားလုံးတွေကို သူငယ်ချင်းမလေး ယုံကြည် ပုံရသွားလျှင်တော့ မီ အကျေ နပ်ကြီး ကျေနပ်ကာ အသံ ထွက် ရယ်မိလိုက်သည်။ ရင် အတွင်းသားထဲမှာတော့ နေ ဆယ်စင်း ပြိုင်ထွန်းလင်းနေ သလို ပူလောင်ကျွမ်းမြိုက သူငယ်ချင်းမလေး မသိ အောင် သက်ပြင်းတွေ ခိုးခိုး ချမိတော့သည်။ အဲသည်လို နေ့များဆိုလျှင်တော့ မီ့ကိုယ်မီ ဘာသီချင်း ဂီတမှ စိတ်မဝင် စား။ ဘာအနုပညာမှ မဖန် တီးနိုင်သည့် သာမန်လူ။ အိမ် ထဲက မိန်းကလေးတစ်ယောက် ပမာ ဆွဲထင်မှတ်ယူရင်း နေသာထိုင်သာလေး ရှိသွားရ သလိုလို ခံစားနေရတတ် သည်။

ဂီတအနုပညာ စိတ်ဝင် စားစား မဝင်စားစား နောက် တော့လည်း လူတိုင်းဟာ စားဖို့သောက်ဖို့အရေး လုံးပန်း နေရင်းနဲ့ပဲ သေဆုံးသွားကြရ တာပါပဲ။ ဟုတ်တယ်၊ ဟုတ် တယ်။ ငါ ထမင်းချက်ရ မယ်။ အဲသည်လို သာမန် မိန်းမတစ်ယောက်လို သာမန် တွေးရင်း သာမန် နေထိုင်မှု များဖြင့်သာ ကုန်ဆုံးသွား သည့် နေ့ရက်တို့လည်း မီ့မှာ ရှိလာပြန်သည်။

မီ့ဆံပင်တွေကို အိမ်မှာ ဘီယာ၊ ဆေးလိပ်မီးခိုးနံ့များ မစွဲသော်ငြား မီးပျက်နေ့တွေ မှာ ဂက်စ်မီးဖိုလည်း မသုံးရဲ သည့်အတွက် မီးသွေးမီးဖိုဖြင့် ချက်ပြုတ်ရသည့်အခါ မီ့ ဆံပင်မှာ မီးသွေးကျပ်ခိုးနံ့ များ လှိုင်နေအောင် စွဲနေ တတ်သည်။ မီ ခေါင်းခဏ ခဏ လျှော်ရတတ်သည်။ ကိုယ့်ကိုယ်ကို ကျပ်ခိုးနံ့များ ကင်းစင်ကာ ရှင်းသန့်မွှေးပျံ့ အောင် ဂရုစိုက်နေထိုင်တတ် သလို ကိုယ်နေသည့် အိမ်ခန်း လေးကို Air Freshner တွေ ဖျန်းကာ လာဗင်ဒါ ရနံ့လေး တွေ မွှေးကြိုင်သင်းပျံ့နေစေဖို့ ကိုလည်း မီ လုံးဝ မမေ့တတ် ပါ။

အိမ်အပြန်ညများမှာ မီ ဖွင့်ပေးသည့် တံခါးမှ ဝင်လာ သည်နှင့် 'အား အခန်းလေး က မွှေးလိုက်တာ၊ အမော တွေ ပြေသွားတာပဲ၊ သင့်ခ်ယူ ပါ မီ'ဟု မောင်က ပြောလေ တိုင်း မီ့မှာ သဘောကျမဆုံး တော့ပါ။ လာဗင်ဒါမွှေးရနံ့ များအကြား ခိုးခိုးခစ်ခစ် ရယ် သံလေးများ ထုဆစ်ကာ မီ သည် နေ့နေ့ညည လှုလှုပပ မြူးထူး က,ခုန်နေမိတော့ သည်။

'ကိုယ် သွားနေတဲ့အချိန် တွေမှာ မီ ဘာလုပ်နေခဲ့လဲ'

'မီ လား 5 Movies ရုပ်ရှင်တစ်ကားကြည့်တယ်၊ နေ့ခင်းက လျှော်ထားတဲ့ အဝတ်တွေ မီးပူတိုက်တယ်။ ပန်းအိုးလေးတွေ ရေလိုက် လောင်းပြီး အမြင်မရိုးရ အောင် နေရာတွေ ပြောင်းရွှေ့ ထားတယ်။ မီးပူတိုက်ထား တဲ့ လိုက်ကာတွေ ပြန်တပ် တယ်။ ကဗျာတစ်ပုဒ် ထိုင် ရေးတယ်။ မဂ္ဂဇင်းတစ်အုပ် ဟိုလှန်ဒီလှန် ဖတ်တယ်။ ပြီး တော့...ဂစ်တာ...'

'ဂစ်တာ...ဘာဖြစ်... ဆက်ပြောလေ'

မီ့ရင်တွင်းမှ အမျိုး အမည် ဖော်မပြနိုင်သည့် ခံစားမှုတစ်ခုက တွန်းထိုး ရုန်းကန်ကာ လည်ချောင်းဆီ သို့ ပျို့ကန် ဆန်တက်လာ သည်။ ရုတ်တရက်ကြီး မီ အသက်ရှူကျပ်သွားသည်။

'သြော်...ဂစ်တာတီး နေတဲ့ မောင့်ဆီ စိတ်ခဏ ရောက်တယ် လို့ ပြောမလို့ ပါ။ ခုချိန်ဆို မောင် ဘာများ လုပ်နေမှာလဲပေါ့'

တကယ်တော့ မီ ည ၉ နာရီက မောင်မလာခင် ၁၁ နာရီအချိန်ထိ ဝရန်တာထွက် ကာ ဂစ်တာထိုင်တီးနေခဲ့ပါ သည်။ ဒါကို မောင် မသိပါ။ သိအောင်လည်း မီ ဘယ် တော့မှ ပြောပြတော့မည် မဟုတ်ပါ။ Mr. Guitar ကော်ဖီဆိုင်မှ အလုပ်ထွက် မီ ဖယ်ကျန်နေခဲ့ရစဉ်က မောင် ပြောဖူးသည့် စကားကို မီ့ အာရုံမှာ စွဲမြဲ မှတ်မိနေခဲ့သည် ပဲ။

'ဘာလို့ ဂစ်တာတီးနေ မှာလဲ၊ စာပဲရေးပါ။ တကယ် တော့ ကိုယ်က မီ စာရေးတာ ကို သဘောကျနေခဲ့တာ'

သည်စကားတစ်ခွန်း က မီ့ကို မီချစ်သော ဂစ်တာ နှင့် တစ်သက်လုံး ဝေးအောင် ဖြားယောင်း ရိုက်ပုတ်လိုက် သလို၊ မီသည် နေရာတစ်ခု ကို ကိုယ်တိုင် ထုဆစ်ခွင့်မရ ဘဲ နေရာအရွှေ့ခံလိုက်ရ သည်။ မီ ဘယ်ရွှေ့ဘယ်မျှ ဝှက်သို နေထိုင်နိုင်မှာတဲ့လဲ။ မတွေးချင်တော့ပါပြီ။ အညာ အထေး စကားတွေ ဆိုပြောရ၊ လူမသိအောင် ဝှက်သိုနေထိုင် ရ၊ အိမ်လေးကို သန့်ရှင်းမွှေး ပျံ့နေအောင် မွှမ်းမံပြင်ဆင်ရ၊ လွန်ခဲ့သည့် နေ့စွဲတွေကို ပြန် အောက်မေ့ကာ ဆွတ်ဆွတ် ပျံ့ပျံ့ လွမ်းတ ငိုကြွေးရနှင့် ဘဝက နေသားတကျ ရှိလာ ပြီဆိုခါမှ မထင်မှတ်သော အကြောင်းက မီ့ဘဝကို ချောင်းမြောင်း တိုက်ခိုက်လာ ခဲ့တော့သည်။

ဖလွှာထိ မောမောပန်း ပန်း တလှုပ်လှုပ် ရောက်လာ သည့် မောင့်အမေကိုကြည့် ကာ မီသည် ပူလောင်လောင် သက်ပြင်းငွေ့များကို ခိုးကာ ခိုးကာ ချနေမိရသည်။

'ပိုက်ဆံ အကုန်ခံပြီး ဘာလို့ အပြင်မှာ ထွက်နေရ လဲ၊ ပြန်လိုက်ခဲ့။ အိမ်ကြီး ဒီလောက်ကျယ်တာ။ နေမယ့် သူလည်းမရှိ၊ ဘာလုပ်မှာလဲ။ ပြီးတော့ မာမီလည်း ကျန်းမာ ရေး သိပ်မကောင်းဘူး။ သား နဲ့သမီး နှစ်ယောက်လေးရှိတာ အားလုံး အတူတူ နေစေချင် တယ်'


www.burmeseclassic.com

www.burmeseclassic.com

သည့်လိုနှင့် မီ့လက်မှီခြေ ပုံသွင်းထုဆစ်နေသည့် အိမ်ခန်းလေးနှင့် ခွဲခွာခဲ့ရတော့သည်။ မမြင်နိုင်သည့် ကံကြမ္မာကို ငေးကာငေးကာ ရင်ဆိုင်သွားရန် မီ အားယူကြိုးစားရတော့သည်။

❑

တံခါးသော့ကို ဖွင့်ကာ တုံ့ပယ်တုံ့ပယ် ခြေလှမ်းများဖြင့် အိမ်ထဲ လှမ်းဝင်လိုက်လျှင် စိမ်းဖန့်ဖန့် မျက်လုံးတစ်စုံကို မြင်သည်။ တစ်ဆစ်ချိုး လှေကားကျယ်ကြီးကနေ ဖြည်းဖြည်းချင်း တက်လိုက်သည့်အခါ စိမ်းဖန့်ဖန့် မျက်လုံးများက မီ့ဆံပင်များကို ဟီးလေးခိုတွယ်ကာ အိပ့်အိပ့် လိုက်ပါလာသည်ဟု မီ ကောင်းစွာ သိလိုက်သည်။ စိမ်းဖန့်ဖန့် မျက်လုံးတစ်စုံသည် အခန်းတွင်းရောက်လျှင် ပုံသဏ္ဍာန် ကြီးထွားလာကာ နှစ်စုံမှ သုံးစုံ၊ သုံးစုံမှ အစုံစုံ ကွဲဖြာ ပွားများလာကြသည်။ အခန်းတွင်း လှည့်လည် ကျက်စားနေသည့် စိမ်းဖန့်ဖန့် မျက်လုံးများကို ကြည့်ကာ မီ ခေါင်းမူးလာသည်။ ဘဝလည်း မူးသည်။

ကြွက်ကလေး၊ ကြွက်ကလေး၊ ငါ့ဘဝကို ဘယ်သူဖွဲ့စားနေတာလဲ။ တုံ့ပြန်မှုအဖြေကား ဘယ်အရပ် ဘယ်မှာမှ၊ ဘယ်သောအခါမှ ပေါ်ထွက်မလာနိုင်တော့။

ဘုရားသခင်…

တောက်တဲ့ အော်သံကြားရပြန်ပြီ။

ကြောက်တယ် ကြောက်တယ့် ကြောက်တယ့်… ကြောက်ကြောက်ကြောက်ကြောက်ကြောက်ကြောက်… ကြောက်တဲ့။

နံရံအမြင့်ဆီ လေအေးပေးစက်သည် ခလုတ်ဖွင့်သူမရှိဘဲ ပါဝါပွင့်ကာ လေအေးများကို တရစပ် မှုတ်ထုတ်လာသည်။ အခန်းသည် ရုတ်ခြည်း အေးစိမ့်လာသည်။ လူသေ အလောင်းများ ထည့်သိုသည့် ရေခဲတိုက်လို အခန်းသည် ကြောက်ခမန်းလိလိကြီး အေးစိမ့်လာသည်။

ဘယ်သူလဲ၊ ဟင်… အဲကွန်း ဘယ်သူဖွင့်လိုက်တာလဲ။ အဲဒါ မီ မဟုတ်ဘူးနော်။ မီ အဲကွန်းမဖွင့်လိုက်ဘူး။

အခန်းထဲဝယ် မီ့အပြင် နောက်တစ်ယောက် ရှိနေပုံရသည်။ သို့သော် မီ မမြင်၊ ဘယ်တော့မှလည်း မြင်လိမ့်မည်မထင်။ မီ မြင်တွေ့နေရသည်က ဝိုင်ယာကြိုးများ၊ အနားသားတွေ မီးကျွမ်းလောင်ထားသည့် ခပ်ညှော်ညှော် ငွေစက္ကူများ၊ ကြမ်းပြင်ပေါ် ပြန့်ကျဲနေသည့် စာအုပ်များ၊ သောက်စရာရေလုံးဝမရှိ ခြောက်ကပ်နေသည့် မြေနှင့်လုပ်သည့် ရေအိုးတစ်လုံး၊ အဝတ်စင်မှာ ဖြစ်ကတတ်ဆန်း ချိတ်ဆွဲထားသည့် ရေစက်လက်အင်္ကျီများ၊ စက်လက် စက်လက် ယိုစိမ့်စီးကျနေသည့် ရေများသည်… အုံ့သြစရာ အနီရောင်။

အခန်းတွင်း တောင်ဘက်ထောင့်နှင့် မြောက်ဘက်ထောင့် နေရာနှစ်နေရာ ကွဲပြားခြားနားပြီး နေ့နေ့ညည ကြေမွနေသည့် အိပ်ရာနှစ်ခု၊ အဆိပ်မိထားပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေသည့် မသေမရှင် ကြွက်များ၊ မှိုတက်နေသည့် ထမင်းပန်းကန်များ၊ အောက်ခြေ ညိုညစ်မည်းကပ်နေသည့် မဆေးကြောဘဲ ပစ်ဖယ်ထားသော ကော်ဖီခွက်များ၊ ထာဝရ တိတ်ဆိတ်အေးစက် ဆွံ့အ,နေတော့မည့် နှုတ်ခမ်းများ၊ အသစ်တစ်ဖန် ပြန်လည် ပြုစုပျိုးထောင်ရန် ထုထဲ ခဲယဉ်းလာပြီး တစ်စတစ်စ လျော့ရဲပျော့ခွေလာသည့် အဟောင်းအမြင်း ချစ်ခြင်းများ…စသဖြင့် ထိုအရာများကို သယ်ဆောင်ကာ မီ့အခန်းသည် တရွေ့ရွေ့ လည်ပတ် ခါယမ်းနေသည်။

အခန်းတွင်းက သက်ရှိသက်မဲ့ အရာအားလုံးတို့ကို မသိကျိုးကျွန်ပြုကာ ဗုက်သိုနေထိုင်ခြင်း ယန္တရားတစ်စင်းကို မီ ကျွမ်းကျင်ပါးနပ်စွာ မောင်းနှင်နေခဲ့ရပြီ။ ဘယ်ဆီဘယ်အရပ်ကို ဦးတည်သည်မသိ။

သည့်အိမ်ထဲမှာ မီ့ကို သိသူမရှိ။ မီ သိကျွမ်းသူလည်း တစ်စုံတစ်ယောက်မျှမရှိ။ သူစိမ်းတို့ရဲ့ အလယ်မှာ မီ လန့်လန့်ဖျပ်ဖျပ် ရပ်နေသည်။ သည့်အိမ်ထဲမှာ မီချစ်သော Interior သစ်ပင်လေးများမရှိ၊ သည့်အိမ်ထဲ မှာ ဆင်ဖွဲ့မွမ်းမံထားသည့် Home Decoration မရှိ၊ သည့်အိမ်ထဲမှာ ရယ်မော က,ခုန်ခြင်းမရှိ၊ သည့်အိမ်ထဲမှာ လာဗင်ဒါပန်းရနံ့သင်းသင်းလေးများမရှိ၊ သည့် အိမ် ထဲ မှာ Good Morning, Good Night နှုတ်ဆက်သံ နွေးနွေးများမရှိ၊ သည့်အိမ်ထဲမှာ… သည့်အိမ်ထဲမှာ… သည့်အိမ်ထဲမှာ… ဘာဆိုဘာမျှ မရှိ။

■

**စုမီအောင်**


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ










၂၅၀၀ ကျပ်

၂၀၀၀ ကျပ်

၃၅၀၀ ကျပ်









၂၀၀၀ ကျပ်

၁၅၀၀ ကျပ်

၂၀၀၀ ကျပ်

ဖြန့်ချိရေး – လင်းလွန်းခင်စာပေ

ဖုန်း–၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၂၅၄ ၅၅၀ ၈၆၃၊ ၀၉ ၂၅၀ ၁၇၄ ၈၈၃။

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

၁။

'သူ့အဖြစ်က ဆီပုလင်း ခါးချိတ်သွားရသလို…' ပြည်နယ်ရဲမင်းကြီးကားက ရှေ့ဆုံးကဆိုတော့ မဏ္ဍပ်ကို ကျော်၍ ရပ်လိုက်သည်။ ရဲမင်းကြီး ဆင်းသွားသည်နှင့် ရေသန့်ဘူးနှင့်ထည့်ထားသော ဆီဘူးကို အမြန်ယူကာ သူဆင်းသည်။ Double ကားက Cab ဆိုပေမဲ့ တံခါးတစ်ချပ်သာဆိုတော့ ရှေ့က ရဲမင်းကြီး ဆင်းပြီးမှပဲ သူ ဆင်းလို့ရခြင်းပင်။

အဘဥက္ကဋ္ဌကြီးက မဏ္ဍပ်အတွင်းသို့ ဝင်သွားသော်လည်း သူ မလိုက်အား။ မဏ္ဍပ်ကိုကျော့ပတ်ကာ မဏ္ဍပ်အနီးက သရုပ်ပြမောင်းနှင်မည့် လက်တွန်းထွန်စက်ရှိရာသို့ ဆီဘူးကိုင်လျက် အပြေးသွားလိုက်ရ၏။

'စက်နှိုးစမ်းပြီးပလား…'

'ဟုတ်ကဲ့၊ တစ်ကြောင်း နှစ်ကြောင်းတော့ မောင်းကြည့်ပြီးပါပြီ'

'ကြိုးပါလား၊ မပါရင် ကြွပ်ကြွပ်ကြိုးရှာဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကြက်ဆူဆီဘူး တိုင်ကီ
ချိတ်၊ ဆီပိုက်ကိုထည့်
'နေဦး…နေဦး… ဒီဆီ က Filter(ဖစ်လ
ဖြတ်မှာ မဟုတ်လို့၊ ဆီပိုက်ကို ပန့် ဒါရိုက် ဂျိုင်းဗျာ…
Filterဆီစစ်ဘူး အဝင်ပိုက်ကို ဆွဲဖြုတ်၍ ဆီပန့်သို့ တိုက်ရိုက်တပ်လိုက်သည်။ ကြက်ဆူဆီက စေးပျစ်အား 'များ'သဖြင့် ဆီစစ်ဘူး စက္ကူကို ဖြတ်မထွက်။ ဒါကြောင့် စက်မောင်းဆီပန့်သို့သာ တိုက်ရိုက် တပ်ဆင်ရခြင်းဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

သူသိသည်ကလည်း ဒါလောက်ပဲ။ ဘာမှ များများစားစား မသိ။ ဟိုး…အထက်ဆုံးက 'အဘကြီး'က 'ဆူ'ဆိုလို့ အားလုံးက လိုက် 'ဆူ'ကြတာ အုတ်အုတ်ကျက်ကျက်ကို ညံလို့။ ညံသာညံကြတာ ဘယ်သူမှ ထဲထဲဝင်ဝင်မသိ။

မဏ္ဍပ်ထဲမှာတော့ အဘ ဥက္ကဋ္ဌ မိန့်ခွန်းခြွေနေပြီ။ လူပရိသတ်က နှစ်ရာလောက် ရှိမလားပဲ။ ရှေ့ဆုံး လေးတန်းမှာလည်း အမျိုးသမီးရေးရာတို့၊ မိခင်နှင့်ကလေးတို့၊ ပြည်နိုင်ဖြိုးတို့…ဝါဝါ…ပြာပြာ…စိမ်းစိမ်းတွေ ပြည့်လို့။

အဘပြောပြီးတော့ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးသိန်းကျော်က ကြက်ဆူပင်ကို ဘယ်လိုစိုက်၊ ဘယ်လောက်စိုက်နှင့် အားရပါးရ ပြောနေပြီ။ မြေမရွေးစိုက်နိုင်ကြောင်း၊ ရေသိပ်မလိုကြောင်း၊ ရေငတ်ခံနိုင်ကြောင်း… ကြောင်း…၊ ကြောင်း…တွေနှင့် မစားရ 'ဝ'ခမန်းပြောနေသလောက် သူ့မှာတော့ ချွေးပြန်နေပြီ။

ဆီပိုက်ကို ဟိုဖြုတ် သည်တပ်နှင့် ကိုယ်တိုင်ဝင်ကြိုနေတော့ ချွေးမပြန်ဘဲ နေမလား။ တပည့်လည်း တစ်ယောက်မှမပါ။ ကိုယ်တောင် အာဘခရီးစဉ်ဆို ရဲမင်းကြီးကားကပ်စီး၊ ဒါမှမဟုတ် ဆောက်လုပ်ရေး C.E ကား ကပ်လိုက်ရနှင့် ဘယ်က တပည့်လူပို ခေါ်နိုင်ပါ့မလဲ။

သူ့ဌာနက လူကြီးတွေ သိပ်လက်မတွေ့သည့် ဌာနဖြစ်နေ၍ အဆောင်အယောင် လောက်လောက် လားလား မရှိ။ ပြည်နယ်ဦးစီးမှူးသာဆိုတာ ဝပ်ရှော့ ခဏခဏ ထိုးထားနေရသည့် လင့်ရိုဗာ အစုတ်ကလေး တစ်စီးသာရှိတော့ တစ်လလေး,ငါးခေါက် လိုက်, လိုက်နေရသည့် ပြည်နယ်ဥက္ကဋ္ဌ အာဘခရီးစဉ်မှာ ပြည်နယ်ရဲမင်းကြီးကား၊ ဆောက်လုပ်ရေး C.E ကား၊ တစ်ခါတစ်ခါ ပါသည့် ပြည်နယ် ကျန်းမာရေးမှူး ကားတွေ ကပ်စီးရသည်။

'ကဲ… ဆရာတို့ စက်နှိုးကြည့်စမ်းပါ'

စက်မောင်းက နောက်ဖင်ထိုင်ခုံမှ ဆင်းလာပြီး ဂေါက်လှည့်နှိုးလိုက်တော့ စက်က ဒီဇယ်ဆီ လက်ကျန်နှင့် 'ဂူး'ခနဲ နိုးသွားသည်။ ဂီယာမထိုးဘဲ လီဗာကို ကစားကြည့်တော့ အခြေအနေ ကောင်းသည်။ အခုမှပဲ ရင်ထဲကအလုံးကြီး 'ဒိန်း'ခနဲ ကျသွား၏။

အနာဂတ်မှာ လောင်စာဆီ ရှားပါးလာမည့် အခြေအနေရှိ၍ အစားထိုးရန် 'ဘိုင်အိုဒီဇယ်ဆီ' လောင်စာဆီကို စမ်းသပ်ရမည်။ ကြက်ဆူဆီက ဒီဇယ်အစား အင်ဂျင် အမျိုးမျိုးကို မောင်းနှင်၍ ရကြောင်း အင်တာနက်မှာ တွေ့သည့်သူက 'အဘကြီး' ထံ သံတော်ဦးတင်သည်။ အဘကြီးက ခေါင်းတညိတ်ညိတ်နှင့် တစ်ပြည်လုံးမှာ ကြက်ဆူပင်စိုက်စေ၊ သီးနှံစိုက်ခင်းမှာ မစိုက်ရ၊ အခြားမြေနေရာရှာစိုက်၊ မြေလွတ်မြေရိုင်း ရှာစိုက်။ သုံးနှစ်နှင့် ဧကငါးသိန်းပြည့်အောင် စိုက်။

အဲဒါနှင့် တစ်ပြည်လုံး ဆူလိုက်သမှ…ဟိုနေရာက ဆူ၊ သည်နေရာဆူ။ ည ၈ နာရီ သတင်းမှာ ဟိုအဘ ဗိုလ်ချုပ်က ကြက်ဆူဆီနှင့် စက်ကိရိယာများ မောင်းနှင်ပြသ။ သည်အဘ ဗိုလ်ချုပ်က ကြက်ဆူဆီနှင့် စက်များ မောင်းနှင်ပြသ။ သည်လို စက်ကိရိယာတွေ မောင်းနှင်ပြသဖို့ လက်ညှိုးညွှန်ခံရသူက သူတို့ဌာန ဖြစ်နေလေတော့ သူ့ခမျာ အသည်းအသန် ခံမှန်ရတော့သည်။

ဟော…ပယက ဥက္ကဋ္ဌကြီးနှင့်အဖွဲ့တွေ မဏ္ဍပ်ထဲမှ ထွက်လာကြပြီး သူ သရုပ်ပြမည့် စက်နား ရောက်လာကြသည်။ သူစောစောက ဆီတိုင်ကီဘေးမှာ ကြိုးချည်ထားသော ကြက်ဆူဆီဟု ကွန်ပျူတာ စာလုံးစီ၍ လေဘယ် ကပ်ထားသော ရေသန့်ဘူးကို ဖြုတ်ယူ၍…

'ဟောဒီမှာ ကြက်ဆူဆီပါ အဘ'

အဘက ကြက်ဆူဆီဘူးထဲ လက်ညှိုးနှင့် နှိုက်ပြီး ကြက်ဆူဆီ၏ အနံ့ကို ရှူကြည့်သည်။ ပြီး လက်ညှိုးနှင့် လက်မကြား ပွတ်ကြည့်၏။

'အား…တော်တော် စေးတာပဲ'

'ကဲ…ကဲ…ဟောဒီမှာ ကြက်ဆူဆီ ကြည့်ထားကြ။ ဒီဆီနဲ့ စက်တွေ မောင်းပြမယ် ဟုတ်ပလား။ ကဲ… ခယက၊ မယကလာ။ ပြီးရင် ကြက်ဆူပင် သေချာစိုက်ကြ။ ဘယ်လောက် စိုက်ပြီးပလဲ တစ်ပတ်တစ်ခါ Report လုပ်၊ ဟုတ်ပလား'

အဘပြောပြီးသည်နှင့် ကြက်ဆူဆီဘူးထဲ ဆီပိုက်ချိတ်၍ စက်မောင်းပြသည်။ စက်သံကလည်း ပုံမှန်။ လီဗာ အတင်အချကလည်း အိုကေ၊ ဘာပြဿနာမှမရှိ။

'ဩော်…ဒေါ်ခင်မာဝေ ခင်ဗျားခြံထဲ ဒီလိုစက်တွေ မသုံးဘူးလား'

အဘက စက်ကြည့်ရင်းနှင့် အနားက သူဌေးကတော် ခေါ်နိုင်လောက်သည့် စိန်တွေ၊ ရွှေတွေ သီးနေသည့် အရွယ် ခပ်လတ်လတ် အမျိုးသမီးကို လှည့်မေးလိုက်သည်။

'ခြံထဲတော့ မသုံးဘူးအဘ၊ ဘေးက ဥယျာဉ်မှာတော့ သုံးပါတယ်။ ဒါပေမဲ့ ထိုင်စီးတော့ မဟုတ်ဘူး အဘ။ ယိုးဒယားကျွဲပဲ သုံးပါတယ်'

'ဘာလဲ ယိုးဒယားကျွဲ'

အဘက နားမလည်၍ သူ့ကို လှည့်မေးသည်။

'လက်ကိုင်အရှည်ကြီးနဲ့ လက်တွန်းထွန်စက်ပါ အဘ။ ထိုင်း(ယိုးဒယား) ဘက်ကလာလို့၊ ပြီးတော့ သူ့တံဆိပ်က ကျွဲပုံမို့လို့ ခေါ်တာပါ'

'ဩော်… သိပြီ၊ သိပြီ။ ကဲ…ဒီကပြီးရင် ဒေါ်ခင်မာဝေ ခြံလိုက်ကြည့်ရအောင်။ သူ့ခြံ ဖိတ်ထားတာ ဘာကြွား မလို့လဲ မသိဘူး'

'အဲဒီ ကြက်ဆူဆီဘူးလည်း ထားခဲ့လိုက်တော့။ မယကကြီး ယူသိမ်းထား။ ပြီးတော့ တခြား ပရိသတ်တွေလည်း ပြလိုက်ဦး၊ ဟုတ်လား၊ လာ သွားကြမယ်'

❑

ဒေါ်ခင်မာဝေ ခြံက ပျားလိမ္မော်ခြံ။ ပျားလိမ္မော်ပင်တွေက စိစိရီရီ။ တစ်ပင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်ပင် ခုနစ်ပေကွာ၊ ညီညီညာညာ စိုက်ထားသည်။ ပေါင်းမြက်တွေလည်း လုပ်အားနိုင်နိုင်နှင့် ရှင်းထားတော့ ခြံက ရှင်းသန့်နေသည်။ အပင်ရေဖျန်းဖို့ ပိုက်လိုင်းတွေ သွယ်တန်းထားပြီး (Spinkler) ရေဖျန်း ကိရိယာတွေနှင့်ဆိုတော့ တော်တော့်ကို စနစ်ကျကျ ဆောင်ရွက်ထားမှန်း သိသာသည်။ ပျားလိမ္မော်ပင်တွေက ပင်ပျိုတွေ။ အခုနှစ်မှ အသီးစ,သီးမည်။

'ခြံက တော်တော်ကောင်းတာပဲ၊ အားလုံး ဘယ်နှဧကလဲ'

'ငါးဧကလောက် ရှိမယ် အဘ'

'ဒီမယ် ဒေါ်ခင်မာဝေ၊ ခင်ဗျာ ပျားလိမ္မော်ပင်တန်းကြားမှာ ကြက်ဆူစိုက်ဗျာ။ မျိုးပင် ကျွန်တော်ရှာပေးမယ် ဟုတ်လား'

ဒေါ်ခင်မာဝေက သိပ်စိုက်ချင်ပုံမပေါ်။ ပြည်နယ်ဥက္ကဋ္ဌ၏ လမ်းညွှန်စကားဆိုတော့ ပယ်ရှားရန်လည်း မဝံ့ဖြစ်နေပုံရသည်။ အဘက ဒေါ်ခင်မာဝေထံမှ အဖြေကို မစောင့်။ ခယကဥက္ကဋ္ဌကို ခေါ်၍ ကြက်ဆူမျိုးပင်ရှာပြီး ပျားလိမ္မော်ပင်တန်းကြားမှာ စိုက်ပေးဖို့သေချာမှာနေသည်။

လယ်ယာမြေများပေါ်တွင် ကြက်ဆူမစိုက်ဘဲ အခြားနေရာရှာ၍ စိုက်ရန် ညွှန်ကြားထားသဖြင့် ကြက်ဆူ စိုက်ရန် နေရာအတော်ရှာနေရသည်။ ကားလမ်းမကြီးများ ဝဲယာတွင် ကြက်ဆူပင်တွေ ၄ ပေ ခြား စိုက်ကြ၏။ အပင်ရေ ၁၅၀၀ ကို တစ်ဧက သတ်မှတ်ပြီး တိုင်းနှင့်ပြည်နယ်တစ်ခုလျှင် သုံးနှစ်အတွင်း ဧကငါးသိန်းစီ စိုက်ရမည်ဆိုတော့ အဘတို့တော်တော့်ကို စီစဉ်နေရသလို သူတို့လို ဌာနဆိုင်ရာတွေလည်း ကြက်ဆူကိစ္စနှင့် မအားကြတော့။

သူတို့ရုံးချုပ်တွေကလည်း ညွှန်ကြားသည်။ ကြက်ဆူကို ဌာနဆိုင်ရာ ရုံးဝင်း မြေနေရာလွတ်များတွင် ပြည့်အောင်စိုက်၊ အခြားနေရာရှာစိုက်။ သို့သော်လည်း ကြက်ဆူနှင့်ပတ်သက်၍ ရန်ပုံငွေ ဘတ်ဂျက်(Budget)ထုတ်သုံးခွင့်မရှိ။ သက်ဆိုင်ရာ ပြည်နယ်ခရိုင်မြို့နယ် ဌာနအကြီးအကဲများ မိမိအစီအစဉ်ဖြင့်စိုက်။ သည်တော့လည်း ကြက်ဆူပင်စိုက်ရေး၊ ကြက်ဆူမျိုး ရရှိရေးတွေနှင့် နည်းပေါင်းစုံ သုံးကြရတော့၏။

သည်ကြားထဲ သူ့အတွက် 'ကြက်ဆူဆီ' ကိစ္စက တစ်ပူပေါ်နှစ်ပူဆင့်။ သူတို့ဆီမှာ ကြက်ဆူပင်တောင် အခုမှရှာစိုက်နေရတာ။ ဘယ်မှာလဲ ကြက်ဆူစေ့၊ ကြက်ဆူဆီ။

ကြက်ဆူဆီ ရအောင်ရှာ၊ စက်ကိရိယာတွေ ကြက်ဆူဆီနှင့် မောင်းပြဖို့ အဘက ညွှန်ကြားတော့ သူခမျာ ပျားတုပ်ရတော့သည်။ သူ့ဌာနက အသိမိတ်ဆွေထံ ဖုန်းဆက်၍ မြင်းခြံ တောင်သာဘက် ကြက်ဆူဆီ လှမ်းမှာရသည်။ ကြက်ဆူခေတ်မို့ ကြက်ဆူစေ့ကလည်း ဈေးတက်၊ ကြက်ဆူဆီကလည်း ဈေးမြောက်။ တစ်ပိဿာ သုံးသောင်းခွဲ။ နှစ်ပိဿာမှာ၊ လိုင်းကားနှင့်ပို့။ သူ့အိတ်ထဲက ငွေတစ်သိန်းလောက် ထွက်သွားသည်။ အိတ်စိုက်ပေါ့၊ ဘာတတ်နိုင်မှာလဲ။ သည်အလုပ်လုပ်နေမှတော့ သည်လောက်တော့ စိုက်ထုတ်ကုန်ကျရတော့မှာပေါ့။ ကိုယ်မှ မထွက်နိုင်ဘဲကိုး။

❑

၂။

အိမ်ပြန်ရောက်ပြီး ည ၈ နာရီ သတင်းကြည့်တော့ တခြားပြည်နယ်မှာ ကြက်ဆူဆီနှင့် စက်ယန္တရားများ မောင်းနှင်ပြသနေတာ တွေ့ရသည်။ ကိုယ့်မှာတော့ လက်တွန်း ထွန်စက်လေး မောင်းပြဖို့တောင် မနည်းလုပ်ရသည်။ သူတို့က ဘက်ဟိုး(BackHoe)တွေ၊ Dozer တွေ၊ ကားကြီးတွေတောင် မောင်းပြလို့။ ဒုမိုလ်ချုပ်ကြီးတွေ၊ မိုလ်ချုပ်တွေ အဘတွေကလည်း ကြည့်ရှုအားပေးလို့။

ကြက်ဆူဆီက ကော်နှင့် အစေးဓာတ် တော်တော်များသည်။ ထိုကော်နှင့် အစေးဓာတ်ကို ဖယ်ရှားမှ လက်ရှိ အင်ဂျင်တွေ၊ ယန္တတွေ၊ နော်ဇယ်တွေနှင့် မောင်းနှင်ရလွယ်မည်။ ဒီဇယ်ဆီကဲ့သို့ သုံးနိုင်ဖို့ရန်အတွက် ဘိုင်အိုဒီဇယ် (Bio Diesel)အဆင့်ရောက်အောင် အဆင့်ဆင့် သန့်စင်ချက်လုပ်ဖို့ နည်းပညာတွေ အများကြီးလိုမှန်း သူသိသည်။ အခုတော့ ဘယ့်နှယ်'ကြက်ဆူဆီ'နဲ့ ချက်ချင်းပဲ မောင်းပြဖို့လုပ်တဲ့။ အမိန့်လေ။ သည်တော့လည်း ဖြစ်အောင် လုပ်ပြကြရသည်။

သတင်းပြီးသည်နှင့် ထိုပြည်နယ်မှူးထံ ချက်ချင်း ဖုန်းဆက်မေးကြည့်တော့…

'ဟာ…ကိုထွန်းထွန်းကလည်း ကျွန်တော့်မှာလည်း ကြက်ဆူဆီ ဒီလောက်များများဘယ်ကရမလဲဗျာ။ ရရင်လည်း ဒီ Back Hoe တွေ၊ Dozer တွေ ချက်ချင်းမောင်းပြလို့ ဘယ်ဖြစ်နိုင်မလဲ။ ဆီဘူးကို ကြက်ဆူဆီ တံဆိပ်လေဘယ်ကပ်ပြီး တိုင်ကီထဲမှာ ဒီဇယ်ဆီ ထည့်မောင်းတာပေါ့ဗျာ'

သူငယ်ချင်းက ရှင်းပြတော့မှ အတော် 'အ'တဲ့ ငါပါလားဟု သဘောပေါက်သွားသည်။

❑

၃။

လေး,ငါး,ခြောက်လနေပြီး စနေ တစ်ရက်မှာ သူ့အိမ်သို့ အဘဖုန်းဆက်သည်။ ဖုန်းကိုင်သူက သူ့အဖေ။

'ဟယ်လို… အမိန့်ရှိပါခင်ဗျာ'

'အေး… ကိုထွန်းထွန်း ရှိလား'

'အပြင်သွားပါတယ် ခင်ဗျာ၊ ပြန်လာရင် ပြောပေးပါ့မယ်'

'အေး…ကိုထွန်းထွန်း ပြန်လာရင် ကျုပ်ဆီ ဖုန်းဆက်ဖို့ပြော ဟုတ်လား'

'ဘယ်သူဆက်တယ်လို့ ပြောပေးရမလဲခင်ဗျာ'

'သူ့အဘ ဆက်တယ် ပြော'

'ခင်ဗျာ'

သူ့အဖာဆိုတော့ အဖေခမျာ အောင့်အည်းအောင့်သက်နှင့် ယောင်နနဖြစ်သွား၏။ သူ့အဖေက အသက်ကြီး

စာမျက်နှာ(၁၄၁)သို့…

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




၁။
မလှနွဲ့ ဆုံးပြီဆိုတဲ့
သတင်းကို ကြားလိုက်ရတော့
ရှမ်းချောင်း ရွာထဲက
လူတွေ တော်တော် အံ့အား
သင့်သွားကြတယ်။ သေမယ့်
သေရင် အသွားလေးတင်က
အရင်သေမယ်လို့
ထင်ထားကြတာ။
အသွားလေးတင်က
အိပ်ရာထဲမှာ
နာတာရှည်နဲ့ လဲနေတာ
တော်တော်ကြာပြီ။
အသွားလေးတင်က
ခုနစ်ဆယ်ကျော်၊ မလှနွဲ့က
ငါးဆယ်ကျော်ဆိုတော့
သားအမိနှစ်ယောက်
အသက် နှစ်ဆယ်ကျော်
ကွာတယ်။ သားအမိ
ဆိုပေမဲ့ မလှနွဲ့က
အသွားလေး[illegible]ကို
[illegible]မှ ဘယ်တုန်းကမှ
မခေါ်ဘူး။
'မမတင်'လို့ပဲ ခေါ်တယ်။
[illegible]သွားလေးတင်
အိပ်ရာထဲမှာ
စ,လဲ[illegible]ညီးက
ပြုစုမယ့်သူဆိုလို့ မလှနွဲ့ပဲ
ရှိတယ်။ သားအမိ
နှစ်ယောက်တည်းနေပေမဲ့
ဆွေမျိုးတွေက ရံဖန်ရံခါတော့
လာကြည့်တတ်ပါတယ်။
မလှနွဲ့ ပိန်ပိန်ပါးပါး၊
ထန်းပင်ကို ထဘီပတ်
ထားသလိုမျိုး။
အသားက ဖြူဖပ်ဖြူရော်နဲ့
လေတိုက်ရင် လဲတော့မယ့်
အတိုင်းပဲ။ သူ့ကို
ကြည့်လိုက်တာနဲ့
ပင်ပင်ပန်းပန်း မလုပ်နိုင်တဲ့
[illegible]ရောဂါသည်ဆိုတာကို
အလိုလို သိတယ်။ ဒါပေမဲ့
အသွားလေးတင်လဲတော့
သူပဲ ပြုစုရတာပါပဲ။


www.burmeseclassic.com

www.burmeseclassic.com

အဘွားလေးတင်က သတိလည်း သိပ်ကပ်တော့တာ မဟုတ်ဘူး။ သူငယ်ပြန်သလိုဖြစ်ပြီး ပါးစပ်ကလည်း တောင်ပြောမြောက်ပြောလျှောက်ပြောနေတာ။ မလှနွဲ့ခမျာ အဘွားလေးတင်ကို ရေချိုးပေးရတယ်။ အဝတ်အစား လဲပေးရတယ်။ အခင်းကြီးငယ်ဖြစ်ရင် ဆေးကြောပေးရတယ်။

တချို့ အမျိုးတွေက မလှနွဲ့ကို သနားလို့ ဝိုင်းလုပ်ပေးကြရင် အဘွားလေးတင်က သဘောမတူဘူး။ 'နင်တို့တွေ ငါ့အနားကို မလာကြနဲ့'လို့ပဲ အော်တတ်တယ်။ နောက်ပြီး အဘွားလေးတင်ရဲ့ ညာဘက်မျက်လုံးက တိမ်စွဲပြီး ကွယ်လုနီးနီးဖြစ်နေတယ်။ တချို့လူတွေကတော့ အဘွားလေးတင်ဟာ တစ်ချိန်တုန်းက သူ့ခြံထဲက ရေတွင်းပျက်ကို မြေကြီးတွေ ဖို့ပစ်လို့ မျက်စိကွယ်သလိုဖြစ်တာလို့ ပြောကြတယ်။ ရေတွင်းရေကန် မဖို့ကောင်းဘူးဆိုတဲ့ အယူအဆကိုလည်း ရှမ်းချောင်းရွာက ယုံကြည်လက်ခံထားကြတယ်။

အခုတော့ မလှနွဲ့ ဆုံးပြီဆိုတော့ တောင်ဝှေးမလဲဘဲ ဖိုးသူတော်လဲပြီ။ ဂိလာနအဘွားလေးတင်ကို ပြုစုစောင့်ရှောက်ဖို့က အမျိုးတွေရဲ့တာဝန်ဖြစ်ပြီ။ အဘွားလေးတင်က သူ့ရော မလှနွဲ့ပါ မရှိတော့ရင် အိမ်နဲ့ခြံကို ဘယ်အမျိုးကိုမှ မပေးဘူး။ ရွာဦးကျောင်းကို ရေစက်ချပြီး လှူထားပြီးသား။ အမျိုးတွေအဖို့ အမွေကိစ္စ မျှော်လင့်ချက်မရှိလှပေမဲ့ အခုလို သွေးသားထဲက နာရေးဖြစ်ပြီဆိုတော့လည်း အလောင်းမြေကျဖို့ ဝိုင်းဝန်းလုံးပန်းနေကြတယ်။

❑

၂။

အဘွားလေးတင်ရဲ့ နာမည်အရင်းက မမြတင်ပါ။ ငယ်ငယ်တုန်းက သူ့ဘဝ ဖြတ်သန်းမှုကတော့ တော်တော်လေးကြမ်းတယ်။ သူ့မျှား လယ်တွေမှာ ကောက်စိုက်၊ ပျိုးနုတ်၊ ပေါင်းလိုက် ဘဝမျိုးနဲ့ ရှင်သန်ရတယ်။ အဲဒီတုန်းက ရှမ်းချောင်းရွာလယ်ပိုင်းမှာ ကိုမူဆာဆိုတဲ့ မဂိုကုလားကြီး တစ်ယောက်ပိုင်တဲ့ အိမ်ကြီးတစ်လုံး ရှိတယ်။ ခြံထဲမှာလည်း သရက်ပင်၊ မရန်းပင်၊ သစ်ကြားသီးပင် စတဲ့ အပင်ကြီးတွေက အုပ်ဆိုင်းလို့။ ဒါပေမဲ့ ကိုမူဆာကြီးက အဲဒီအိမ်ကြီးမှာ အမြဲနေတာ မဟုတ်ဘူး။ တစ်နှစ်မှာ တစ်လလောက်ပဲ လာနေတာ။ သူ့မိသားစုက ရန်ကုန်မြို့ပေါ်မှာ။

ကိုမူဆာကြီးပိုင်တဲ့ လယ်မြေတွေက ရှမ်းချောင်းမှာပဲ ဧက နှစ်ဆယ်ကျော်လောက် ရှိတယ်။ သူကိုယ်တိုင် လယ်မလုပ်နိုင်လို့ သီးစားပေးထားပြီး တစ်နှစ်တစ်ခါ သီးစားခတွေကိုပဲ လာသိမ်းတယ်။ အဲဒီအချိန်ဆိုရင် ကိုမူဆာကြီးနဲ့အတူ မာမက်ဘိုင်ဆိုတဲ့ သူ့တူတစ်ယောက်ပါ,ပါလာတတ်တယ်။ သူတို့တူဝရီး ရှမ်းချောင်းမှာနေတဲ့ အတောအတွင်း ချက်ပြုတ်ပေးဖို့ လူတစ်ယောက်လိုတာနဲ့ပဲ မမြတင်က ထမင်းချက်ဖြစ် လာတယ်။ ထမင်းချက်၊ အဝတ်လျှော်ပေး၊ နေစောင်းတော့ ကိုယ့်အိမ်ကိုယ်ပြန်ပေါ့။ ဒါပေမဲ့ အဲသလို ဝေယျာဝစ္စလာလုပ်ပေးတဲ့ အတွင်း မမြတင်ဟာ ကိုမူဆာကြီးနဲ့ ငြိစွန်းပြီး ကိုယ်ဝန်ရှိလာတယ်။ ကိုမူဆာကြီးက မွေးလာတဲ့ ကလေးအတွက် တာဝန်ယူမယ် ပြောတာနဲ့ ဖျက်မချဖြစ်ပါဘူး။ မွေးလာတဲ့ ကလေးက မိန်းကလေး။ အသားက ဖြူဖြူ၊ မျက်လုံးက အဖေ့ဘက်က အမွေကို ရထားတယ်။ မမြတင်က ကလေးကို လှနွဲ့လို့ပဲ နာမည်ပေးလိုက်တယ်။ အဲဒီလိုနဲ့ လှနွဲ့ကလေး နှစ်နှစ်သမီးလောက် အရောက်မှာ ကိုမူဆာကြီးလည်း ရှမ်းချောင်းကို မလာဖြစ်တော့ဘူး။ တော်လှန်ရေးကောင်စီ အစိုးရတက်လာတော့ လယ်လုပ်သူ လယ်ပိုင်ဆိုတော့ ကိုမူဆာကြီးလည်း သူ သီးစားပေးထားတဲ့ လယ်တွေကို ရှမ်းချောင်းရွာသားတွေလက်ကို အကုန်အပ်လိုက်ရတယ်။ ကိုမူဆာကြီးလည်း ရွာထဲက အိမ်နဲ့ခြံကြီးကို မမြတင်တို့ သားအမိကို အပြီးပေး၊ လုပ်ကိုင်စားသောက်ဖို့ ငွေအရင်းအနှီးပါပေးပြီး ရန်ကုန်ကို အပြီးပြန်သွားတယ်။ နောက် သိပ်မကြာပါဘူး၊ ကိုမူဆာကြီး ဆုံးသွားတဲ့ သတင်းကို ကြားလိုက်ရတယ်။

မမြတင်လည်း ကိုမူဆာကြီး ပေးသွားခဲ့တဲ့ ငွေတွေကို စိတ်ချရတဲ့သူတွေဆီမှာ အတိုးရင်းပွားပေးတယ်။ အပ်ချုပ်စက်တစ်လုံးဝယ်ပြီး စက်ချုပ်တဲ့ပညာကို သင်တယ်။ တော်တော်လေး ကျွမ်းကျင်လာတော့ အပ်ထည်တွေကို လက်ခံတယ်။ မမြတင်ရဲ့ လက်ရာတွေထဲမှာ ခြင်ထောင်ချုပ်တာ အတော်လေး ကောင်းတယ်လို့ ချီးကျူးတာခံရတယ်။ မမြတင်ဟာ တစ်ချိန်တုန်းက နေပူစပ်ခါးမရှောင် ကောက်စိုက်ပျိုးနုတ်ခဲ့ရပေမဲ့ အခုလို သက်သောင့်သက်သာ အနေအထားမှာ အေးအေးလူလူ နေရတဲ့ လက်ရှိဘဝကို အားကျနေတဲ့သူတွေ ရှိတယ်။ တချို့ကလည်း 'မူဆာ့မယားငယ်လုပ်မှ ဒီဘဝ ရောက်တာပါကွာ'လို့ ပြောကြသေးတယ်။

❑

၃။

ကိုမူဆာကြီး ထားသွားခဲ့တဲ့ အချိန်မှာ မမြတင်ဟာ သုံးဆယ်တောင် မပြည့်သေးဘူး။ အရွယ်ကောင်းတုန်းမို့လို့ နောက်အိမ်ထောင်ထူဖို့ အကြံပေးတဲ့သူတွေလည်း ရှိတယ်။

'မြတင်ရယ် ညည်းအရွယ်ရှိပါသေးတယ်။ တစ်အိုးတစ်အိမ် ထပ်ပြီးတော့ ထူထောင်ပါလား။ ညည်းတို့သားအမိလည်း အားကိုးအားထား ရတာပေါ့'

'ငါ့ဘာငါ အေးအေးဆေးဆေးပဲ နေပါရစေ အေးရီရယ်၊ အပူမရှာချင်တော့ပါဘူး'

အရွယ်ကလည်း ရှိနေတုန်း၊ ထိုက်သင့်တဲ့ ဥစ္စာဓနကလည်းရှိတော့ မမြတင်ရဲ့ အနားမှာ ရစ်ဝဲနေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရွှေစွန်ညိုတွေရှိတယ်။ ဒါပေမဲ့လည်း မမြတင်က အကုန်လုံးကို လိမ္မာပါးနပ်စွာနဲ့ ငြင်းတယ်။

'ကျုပ်သမီးလေး လှနွဲ့ ဘယ်သူ့ကိုမှ ပထွေးမတော်ပါရစေနဲ့'ဆိုတဲ့ စကားကိုပဲ တွင်တွင်ပြောတတ်တယ်။

မမြတင်ရဲ့ ခြံကြီးထဲမှာ ပေါင်မရှိတဲ့ ရေတွင်းပျက်ကြီးတစ်လုံး ရှိတယ်။ အဲဒီရေတွင်းပျက်ကြီးကို သစ်သားချောင်းတွေနဲ့ အပေါ်က ဖုံးထားတယ်။ မမြတင်က ရေတွင်းပျက်ထဲကို လှနွဲ့ မတော်တဆ ကျမှာကို စိုးရိမ်လို့ လူတွေခေါ်ပြီး မြေကြီးဖို့ခိုင်းတယ်။

'ဟာ…မမြတင်ကလည်း ရေတွင်းရေကန်ဆိုတာ မြေကြီး မဖို့ကောင်းဘူး။ ကျုပ်တို့ မလုပ်ရဲဘူး' လို့ တော်တော်များများက ငြင်းကြတယ်။ နောက်ဆုံးတော့ ဘယ်သူ့ကိုမှ ခိုင်းမရတဲ့အဆုံး သူ့ဘာသာသူပဲ တစ်နေ့ နည်းနည်းချင်း မြေကြီးခဲတွေ ပစ်ချပြီး ရေတွင်းကို တိမ်ကောအောင် လုပ်ပစ်လိုက်တယ်။ အဲဒါကို မြင်တော့ လူကြီးတွေက သတိပေးတယ်။

'ဟဲ့ မြတင်၊ ရေတွင်းရေကန် မဖို့ကောင်းဘူးနော်၊ မျက်လုံးတွေ ဘာတွေ ကွယ်တတ်တယ်။ လှနွဲ့လည်း သိတတ်တဲ့အရွယ် ရောက်နေပါပြီ။ ရေတွင်းနားကို မသွားလောက်ပါဘူး' လို့ ဒေါ်အေးမှန်က သတိပေးတော့-

'သတိဆိုတာ ပိုတယ် မရှိပါဘူး ဒေါ်လေးရယ်။ နောက်ပြီး ကျွန်မက ဒါတွေကို သိပ်အယူမရှိပါဘူး' လို့ပဲ ပြန်ပြောတယ်။

လှနွဲ့က ကျန်းမာရေးက သိပ်ကောင်းလှတာ မဟုတ်ဘူး။ ငယ်ငယ်လေးကတည်းက တရှောင်ရှောင်၊ ဆေးဆရာပေါင်းစုံနဲ့ ပြပြီးတော့ ပိုးမွေးသလို မွေးထားရတယ်။ ခုနစ်နှစ်၊ ရှစ်နှစ်လောက် ရောက်တော့မှ ရှမ်းချောင်းက မူလတန်းကျောင်းကလေးမှာပဲ ထားတယ်။ ဒါပေမဲ့ ကျောင်းသိပ် မမှန်ပါဘူး။ ကျောင်းအုပ်ဆရာကြီး ဦးကျောက်လုံးကတောင် 'မြတင်ရယ် နင့်သမီး လှနွဲ့ ကျောင်းပျက်ရက်က များလှချည့်လား။ စာဘယ်လိုလုပ်တတ်တော့မှာလဲ' လို့ ပြောတဲ့အထိ။ လှနွဲ့လည်း သုံးတန်းလောက်ရောက်တော့ သေစာရှင်စာဖတ်တတ်ရင် တော်ပြီဆိုပြီး ကျောင်းထုတ်လိုက်တယ်။

လှနွဲ့ကလေးလည်း ရွှေရင်သိမ်းသစ် အရွယ်ရောက်လာတော့ အဖေ့ဘက်က မျက်လုံးနဲ့ အမေ့ဘက်က အသားအရေကို ရထားတော့ ခပ်ချောချောပါပဲ။ အဲသလိုနဲ့ လှနွဲ့ အပျိုပေါက်ဖြစ်လာတဲ့ အချိန်မှာ မမြတင်က ပြောတယ်။

'လှနွဲ့ ညည်း ငါသေသွားရင် ဘယ်ယောကျ်ားမှ မယူနဲ့နော်။ ညည်းကျန်းမာရေး အခြေအနေနဲ့ လင်ယူသားမွေးကိစ္စတွေ လုပ်နိုင်မှာ မဟုတ်ဘူး'

'အို…မမတင်ကလည်း ကျုပ် ယောကျ်ားမယူပါဘူး။ မမတင်နဲ့ပဲ တစ်သက်လုံး နေသွားမှာပါ။ မမတင်သာ အသက်ရှည်အောင်နေ'

'ညည်း အဲသလိုပြောတော့ ကျုပ် စိတ်အေးရတာပေါ့အေ'

ရှမ်းချောင်းက ကာလသားတွေကလည်း လှနွဲ့ကို စိတ်ဝင်စားကြတယ်။ ရွာထဲမှာ အမြဲလိုလို မြင်တွေ့နေရရင်တော့ အမြင်ရိုးသွားနိုင်ပေမဲ့ လှနွဲ့က တစ်ချိန်လုံးလိုလို အိမ်တွင်းပုန်းနေတဲ့အတွက် ကာလသားတွေရဲ့စိတ်ဝင်စားမှုက ပိုတယ်။ တစ်ညမှာ ရွာအရှေ့ဖျားက တင်ငွေတို့ တစ်သိုက် မမြတင် အိမ်ရှေ့လာပြီး မယ်ဒလင်တစ်လက်နဲ့ လျှောက်ပြန်သံပေးလုပ်ကြတယ်။

*'မောင့်အပေါ်ဝယ်*
*×××ဂုဏ်ရည်မတူလို့လား၊*
*ရွှေစံပယ်ဖြူ ပန်ချင် သူကများ မသနားဘဲ ရက်စက်တယ်'*

*'မြတ်နိုးသူရယ်×××*
*ချစ်မိုးရွာခဲ့တယ်×××*
*ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်'*

ပထမတော့ မမြတင်က သည်းခံပါသေးတယ်။ နောက်ပြီး တင်ငွေတို့ လူသိုက်က ရွာထဲ ဆက်လျှောက်တာမျိုး မဟုတ်ဘဲ အိမ်ရှေ့မှာတင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။ အသံသေး အသံကြောင် မယ်ဒလင်တဒေါင်ဒေါင်နဲ့ သီချင်းတွေ ဆက်ဆိုနေတာမို့မမြတင်ရဲ့ သည်းခံချင်စိတ်က ကုန်ခန်းသွားပြီ။ အဲဒါနဲ့ လောက်လေးခွနဲ့ တစ်ချက်ပြီးတစ်ချက် ပစ်လိုက်တာ တင်ငွေတို့လူစု မယ်ဒလင်သံစဉ်ပျက်ပြီး ထွက်ပြေးရတဲ့အထိပဲ။ ဒါကြောင့်မို့လို့ ကြည့်မရတဲ့သူတချို့က ပြောကြတယ်။

'မြတင်တို့များ ကိုယ်တိုင်က မုဆိုးမယားငယ် ဖြစ်ပြီး လှနွဲ့ကျတော့ တွန့်တိုလိုက်တာအေ၊ ပြောမနေပါနဲ့တော့'

'အေးလေ၊ လှနွဲ့ကလေးက မျက်နှာကလေးကတော့ လှပါရဲ့။ နာမည်နဲ့ လိုက်အောင် လှလှနွဲ့နွဲ့ကလေးပါပဲ။ ဒါပေမဲ့ သက်ဆိုးရှည်မယ့်ပုံ မပေါ်ပါဘူးအေ'

❑

၄။

လှနွဲ့ခမျာ ရွှေရင်သိမ်းသစ်တဲ့ အရွယ်ကို ကျော်လွန်ပြီး အပျိုကြီးဖားဖား ဖြစ်ပေမယ်လို့ ရည်းစားသနံ မရှိရှာပါဘူး။ ဒါပေမဲ့ တစ်နေ့မှာတော့ ဓာတ်လမ်းက တစ်မျိုးတစ်ဖုံ ဖန်လာတယ်။ အဲဒါကတော့ ရှမ်းချောင်းရွာကို ကျန်းမာရေးမှူး ဆရာလေးတစ်ယောက် အသစ်ရောက်လာတယ်။ သူ့နာမည်က ကိုသက်ဆွေတဲ့။ လှနွဲ့ကလည်း ကျန်းမာရေးသိပ်ကောင်းတဲ့သူ မဟုတ်တော့ ကိုသက်ဆွေကို ပင့်ပြီး ဆေးကုသရာကနေ တစ်နေ့တခြား သံယောဇဉ်တွေ ဖြစ်ခဲ့ကြတယ်။ စည်းစိမ်ဥစ္စာတွေ ထိုက်သင့်သလောက်ရှိခဲ့မယ်လို့ ဗဟုသုတ နည်း

www.burmeseclassic.com

ပါးပြီး အိမ်တွင်းပုန်းလုပ်နေရတဲ့ လှနွဲ့ကို ကိုသက်ဆွေက သနားတယ်။ တစ်နေ့ကျတော့ ကိုသက်ဆွေက လှနွဲ့ကို ခိုးပြေးခဲ့တယ်။ ဒါပေမဲ့ မြင်တဲ့သူတွေက မြင်ပြီး မမြတင်ကို အချိန်မီ သတင်းပို့လို့ ခြေလွန်လက်လွန် မဖြစ်ခင်မှာပဲ ပြန်ခွဲနိုင်ခဲ့တယ်။

'ဆရာလေးရယ်၊ ဆရာလေးနှမရဲ့ကျန်းမာရေးအကြောင်းကို ဆရာလေး အသိဆုံးပါ။ ဘယ်လို လုပ်ပြီး အိမ်ထောင်သားမွေး အလုပ်တွေ လုပ်နိုင်မှာလဲ။ ချစ်တယ်ဆိုတာ အချိန်တန်ရင် မေ့သွားမှာပါ။ လှနွဲ့ကို အပူတွေမပေးချင်ပါနဲ့ ဆရာလေးရယ်။ ဆရာလေး ဂုဏ်ဒြပ်နဲ့ ရုပ်ရည်နဲ့ဆို ကျုပ်သမီးထက်သာတာတွေ ရနိုင်ပါတယ်'လို့ မမြတင်က ပြေပြေလည်လည် ပြောပြီး ငိုယိုတောင်းပန်တယ်။

ဆရာလေး ကိုသက်ဆွေလည်း သဘောပေါက်ပြီး နောက်ဆုတ်သွားတယ်။ ဖြစ်ခါစတော့ လှနွဲ့က တငိုငို၊ တရယ်ရယ်ပေါ့။ ကိုသက်ဆွေလည်း အဲဒီကိစ္စဖြစ်ပြီး အရှက်ရလို့ ရှမ်းချောင်းကနေ ချက်ချင်းဆိုသလို ပြောင်းသွားတယ်။ အဲဒီတော့မှ မမြတင်လည်း စိတ်တိုးတိုးချနိုင် တော့တယ်။ လှနွဲ့ရဲ့ ချစ်မေတ္တာပန်းကလည်း ဘဝမှာ တစ်ခါသာ ပွင့်လိုက်ရပြီး ချက်ချင်းညှိုးခြောက်သွားခဲ့ရတယ်။ ဒုတိယအကြိမ်ပြန်ပွင့်ဖို့ဆိုတာလည်း လှနွဲ့ စိတ်ကူးမယဉ်ရဲတော့ပါဘူး။

❑

၅။

တစ်နေ့ကျတော့ မမြတင်ကို လှနွဲ့က မေးခွန်းတစ်ခု မေးတယ်။

'မမတင်ရယ် ကျုပ်အဖေက ကိုမှူးဆာဆိုတဲ့ ကုလားကြီးဆို'

မမြတင်က ခေါင်းညိတ်ပြလိုက်တယ်။

'ကုလားဆိုပေမဲ့ မည်းမည်းသည်းသည်း ဒယ်အိုးဖင် ကုလားမျိုး မဟုတ်ဘူးအေ့။ ဖြူဖြူဖွေးဖွေး ကြည့်ကောင်းကောင်းပါ။ ညည်းနှစ်ခါလည် သမီးလောက်ကတည်းက ဆုံးသွားတာ။ ခုဆို ကြာပေါ့အေ။ ငါ့နှယ် ညည်းကိုပြဖို့ ဓာတ်ပုံလေး တစ်ပုံတလေတောင် တောင်းမထားလိုက်မိဘူး'

အဲဒီနောက် လှနွဲ့လည်း သူ့အဖေ ကိုမှူးဆာ့အကြောင်း ထပ်မမေးတော့ပါဘူး။ ခြံကျယ်ကြီးထဲက အိမ်ကြီးတစ်လုံးထဲမှာ သားအမိနှစ်ယောက်စက်ချုပ်ပြီး နေလာကြရင်း လှနွဲ့လည်း ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားတော့ပါဘူး။ လှနွဲ့ ကျန်းမာရေးကလည်း သိပ်ကောင်းလှတာ မဟုတ်ဘူး။ တစ်ခါတလေ ချောင်းဆိုးရင် သွေးတောင် ပါတယ်။ နည်းနည်းလေးပင်ပန်းတာနဲ့ လူကမောတတ်တယ်။

ဒီလိုနဲ့ နှစ်ကာလတွေ ဖြတ်သန်းရင်းနဲ့ အဘွားလေးတင်နဲ့ ကြီးမလှနွဲ့လို့ ရပ်ရွာက ခေါ်တဲ့အထိ အချိန်ရောက်လာတယ်။ အဘွားလေးတင်က ခုနစ်ဆယ်ကျော်၊ မလှနွဲ့က ငါးဆယ်ကျော်။ အဘွားလေးတင်က တစ်သက်လုံး ထိုင်ရာမထ စက်ချုပ်ခဲ့တာဆိုတော့ ဒဏ်တွေပိပြီး ကျန်းမာရေးက သိပ်မကောင်းတော့ဘူး။ မလှနွဲ့ကလည်း ရင်ကျပ်ယန်းနာ အခံရှိပြီး လူက မီးယပ်ပိန်၊ မီးယပ်ခြောက်။ သားအမိနှစ်ယောက် အပြန်အလှန် ပြုစုပြီး ကျားကန်ထားရတာ။ ရှိရင်းစွဲ ငွေလေးကို အတိုးရင်းပွားလေးပေး၊ သိပ်အရေးကြီးမှသာ ရွှေတို့ရွှေစလေးတွေကို ထုခွဲရောင်းချပြီး သုံးကြတယ်။ သူတို့သားအမိ မရှိတော့တဲ့အခါ အိမ်နဲ့ခြံကို ဘယ်ဆွေမျိုးကိုမှ ပေးမှာမဟုတ်ဘူး။ ရွာဦးကျောင်းဆရာတော်ဆီမှာပဲ ရေစက်ချလှူထားတယ်။

အဘွားလေးတင်ကလည်း တရှောင်ရှောင်ဖြစ်နေတဲ့အကြားက ဘယ်ဘက်မျက်လုံးတစ်ဖက် တိမ်စွဲပြီး ကွယ်ပြန်လေရော။ ဒီကြားထဲ ဘူးလေးရာ ဖရုံဆင့်ဆိုသလို အဘွားလေးတင်ခမျာ အစားမှား၊ ရေချိုးမှားရာက လေတစ်ခြမ်းဖြတ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲပြန်တယ်။ ဆေးဆရာတွေခေါ်ပြီး ကုပေမဲ့ ပြန်ကောင်းမလာဘဲ နာတာရှည်ဖြစ်ပြီး သူငယ်ပြန်ချင်သလို ဖြစ်လာတယ်။ လူတွေကိုလည်း မလှနွဲ့လွဲလို့ တခြားသူတွေကို သူ မမှတ်မိတော့ဘူး။ အဘွားလေးတင်က သူ့ကို ပြုစုတဲ့နေရာမှာ မလှနွဲ့ကလွဲလို့ ကျန်တဲ့သူတွေကို သူ အကပ်မခံဘူး။ မလှနွဲ့မှ မလှနွဲ့။ မလှနွဲ့ကို သူ့နားမှာ မတွေ့ရင် 'လှနွဲ့…လှနွဲ့' နဲ့ကို အော်ခေါ်နေတတ်တယ်။ မလှနွဲ့ပဲ လူမမာ အနားမှာ အချိန်ပြည့်နေရတာ ဆိုတော့ တခြားအိမ်အလုပ် ဗာဟီရတွေကို ဆွေမျိုးစပ်တော်တဲ့ မခင်စီနဲ့ မတင်ကြည်တို့ ညီအစ်မက လာလုပ်ပေးကြပါတယ်။ နောက်ပြီး အဘွားလေးတင်က ပါးစပ်ထဲမှာလည်း သွားတွေကတစ်ချောင်းမှ မရှိတော့ ထမင်းလည်း မဝါးနိုင်တော့ဘူး။ အဲဒီတော့ ထမင်းပျော့ပျော့ချက်ပြီး ရေနွေးပူရော၊ ဖွန်းနဲ့ ကြေအောင်ခြေပြီး နို့မှုန့်၊ သကြားရော ကျွေးရတယ်။

❑

မိုးတစိမ့်စိမ့်ရွာတဲ့ ညတစ်ည သားအမိနှစ်ယောက်တည်း ရှိတဲ့အချိန်မှာ–

'လှနွဲ့…လှနွဲ့'

'ဘာများလဲ မမတင်ရဲ့'

'ယော…ဟိုမှာ…' ဆိုပြီး အဘွားလေးတင်က အခန်းဝကို လက်ညှိုးညွှန်ပြတယ်။

မလှနွဲ့က လသာမှန်အိမ်ကို မီးစာမြှင့်တင်လိုက်ပြီး–

'ဘာမှ မရှိပါဘူး မမတင်ရဲ့၊ ဘာဖြစ်လို့လဲ'

'ညည်းအဖေ ကိုမှူးဆာကြီးလေ၊ မတ်တတ်ကြီး ရပ်နေတာ။ ညည်း မတွေ့ဘူးလား'လို့ ပြောတော့ မလှနွဲ့တစ်ယောက် ကြောက်လွန်းလို့ ရွတ်ဆိုရတာ ရသမျှ ဘုရားစာတွေကုန်တဲ့အထိပဲ။ ဒီကြားထဲ ခွေးတစ်ကောင်ကလည်း ဆွဲဆွဲငင်ငင် အူလိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ အဘွားလေးတင်က သူ သတိဝင်လာတဲ့ အခါမျိုးဆိုရင် ပြောတတ်သေးတယ်။

'ဟဲ့…လှနွဲ့၊ တစ်ခုခု အရေးအကြောင်းနဲ့ ကြိုရင် ရွှေထုပ်ကို အရင်ယူနော်။ ထားတဲ့နေရာ ညည်းသိပါတယ်။ ငါ မသေချင်သေးဘူး လှနွဲ့ရယ်၊ ငါ ညည်းကို စိတ်မချဘူး။ မပြောကောင်း မဆိုကောင်း ငါအရင်မသေဘဲ ညည်း အရင်သေတာကမှ ကောင်းဦးမယ်။ ဒါနဲ့ ငါ သေသွားရင် ယောကျ်ားမယူနဲ့နော်။ ယူတဲ့ယောကျ်ားက တို့ပစ္စည်းတွေကို ဖြုန်းပစ်မှာအေ့'

'ဩော်…မမတင်ကလည်း ကျုပ်အသက် ငါးဆယ်ကျော်လို့ သွေးတောင်ဆုံးနေပါပြီ။ လင်စိတ်သားစိတ်လည်း မရှိတော့ပါဘူးတော်'

❑

၆။

ဆောင်းတွင်းဘက် တစ်မနက်မှာ ဆန်ပြုတ်အိုးတည်ရင်း မလှနွဲ့ ခေါင်းထဲ မိုက်ခနဲဖြစ်ပြီး ပစ်လဲကျသွားတယ်။ ဖြစ်ဖြစ်ချင်းမှာ ဘယ်သူမှ မသိကြဘူး။ အဘွားလေးတင်က အိပ်ရာထဲကနေ 'လှနွဲ့…လှနွဲ့'လို့ တကြော်ကြော် အော်ခေါ်နေတယ်။ 'ဟယ်…ဒီကောင်မ ငါ ဒီလောက် အော်ခေါ်နေတာတောင် ပြန်ထူးပုံမရတော့ လင်နောက် လိုက်သွားပြီနဲ့တူတယ်'လို့တောင် ပြောနေသေးတယ်။ နောက်တော့ မခင်စီ ရောက်လာတဲ့အခါ အဘွားလေးတင်ရဲ့ 'လှနွဲ့…လှနွဲ့'ဆိုတဲ့ ခေါ်သံကြားရတော့ မလှနွဲ့ ဘာများဖြစ်ပါလိမ့်ဆိုပြီး လိုက်ရှာတော့ မီးဖိုချောင်ထဲမှာ ခွေခွေလေး လဲနေတဲ့ မလှနွဲ့ကို တွေ့လိုက်ရတယ်။ မခင်စီလည်း မလှနွဲ့ကို ပွေ့ထူပြီး မေးကြည့်တော့ စကားမေး မရတော့ဘူး။

အဲဒါနဲ့ မခင်စီလည်း အဘွားလေးတင်ကို အသိမပေးရဲဘဲ ပတ်ဝန်းကျင် အိမ်တွေက လူတွေကိုခေါ်ပြီး စစ်ဆေးကြည့်လိုက်တော့ အသက်မရှိတော့ဘူး။ သွေးတက်တာကို တက်မှန်း မသိဘဲ ဦးနှောက်သွေးကြောပြတ်ပြီး သေသွားတယ်လို့ပဲ ကောက်ချက်တွေ ချကြတယ်။ အဘွားလေးတင်ကိုတော့ မလှနွဲ့ နေမကောင်းလို့ ရန်ကုန်သွားပြီး ဆေးသွားကုနေတယ်ဆိုပြီး ဝိုင်းလိမ်ထားရတယ်။

'ညည်းတို့ ငါ့ကို ဝိုင်းညာနေကြတာ မဟုတ်လား။ လှနွဲ့ လင့်နောက် လိုက်သွားတာပါအေ'လို့ပဲ ပြောနေတယ်။

မလှနွဲ့ အသုဘကို ရပ်ဆွေ ရပ်မျိုးတွေကပဲ ဝိုင်းပြီးတော့ အကျဉ်းရုံး စီစဉ်ပေးလိုက်တယ်။

အဘွားလေးတင်ရဲ့ အနားမှာတော့ မခင်စီနဲ့ မတင်ကြည်တို့ ညီအစ်မနှစ်ယောက်က တစ်လှည့်စီ စောင့်ကြတယ်။ အိမ်ထဲမှာ လူတွေ အလုပ်ရှုပ်နေကြတာကို ဘာတွေ လုပ်နေကြတာလဲလို့ အဘွားလေးတင်က မေးရင် ဖြေဖို့အတွက် မခင်စီတို့ ကြိုတင် စည်းဝါးရိုက်ထားကြရတယ်။

'ဟဲ့၊ လှနွဲ့ ဘယ်တော့ပြန်လာမှာလဲ'

'နေကောင်းသွားပြီလို့တော့ ကြားတာပဲ အကြီးရဲ့။ နက်ဖြန်ခါ၊ သန်ဘက်ခါလောက် ပြန်ရောက်မှာပါ'

'လှနွဲ့ ပြန်လာလို့ကတော့ ညည်းတို့တွေ ငါ့နား မလာကြနဲ့တော့'

သက်ပျောက်ဆွမ်းသွတ်တဲ့နေ့မှာ ရွာဦးကျောင်းက ဘုန်းတော်ကြီး သုံးပါးကို ပင့်ပြီး ဆွမ်းသွတ်တယ်။ ဘုန်းကြီးတွေရဲ့ ပရိတ်ရွတ်သံ၊ တရားဟောသံတွေကို အဘွားလေးတင် ကြားမှာစိုးလို့ ခပ်တိုးတိုးရွတ်ဖို့ လျှောက်ထားရတယ်။

အိပ်ခန်းထဲက အဘွားလေးတင်ရဲ့အနားမှာ မခင်စီက စောင့်နေတယ်။ ဘုန်းကြီးတွေရဲ့ ပရိတ်ရွတ်သံက တိုးပေမယ်လို့ အခန်းထဲကတော့ ခပ်သဲ့သဲ့ ကြားနေရတယ်။

'သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တုဒေဝတာ၊ သဒ္ဓမ္မံ မုနိရာဇဿ သုဏန္တု သဂ္ဂမောက္ခဒံ'

မခင်စီလည်း ပရိတ်ရွတ်သံကို အဘွားလေးတင် မတော်တဆ ကြားမိပြီး ဘာသံတွေလဲလို့ မေးလာခဲ့ရင် လိမ်ပြောဖို့ စကားစ,ရှာနေမိတယ်။ အဲဒီအချိန်မှာပဲ အဘွားလေးတင်ရဲ့ ခြောက်ကပ်ကပ်အသံ ထွက်ပေါ်လာတယ်။

'ဟဲ့… လှနွဲ့၊ ညည်း ရန်ကုန်သွားပြီး ဆေးကုတာဆို၊ ဘယ်တုန်းက ညည်း ပြန်ရောက်တာလဲ။ အခန်းဝမှာ ဘာဖြစ်လို့ ညည်း မတ်တတ်ရပ်နေရတာလဲ။ အိမ်ရှေ့မှာ ယောကျ်ားသံတွေ ကြားနေရတယ်။ အခန်းထဲကို မြန်မြန်ဝင်စမ်း။ ညည်း ညိုမြ လုပ်မနေနဲ့'

အဘွားလေးတင်ရဲ့ စကားသံကို ကြားလိုက်ရတော့ မခင်စီလည်း ယောင်ယမ်းပြီး အခန်းဝကို ကြည့်လိုက်မိတယ်။ အခန်းဝမှာ ဘယ်သူမှ မရှိပါဘူး။ ခေါင်းနားပန်းတွေကြီး၊ ကြက်သီးတွေ တဖြန်းဖြန်းထပြီး မခင်စီ တုန်လှုပ်သွားတယ်။ 'ဘုရား…ဘုရား'လို့လည်း နှုတ်က တိုးတိုးကလေး ရေရွတ်လိုက်မိတယ်။

'ယဿာ နုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိဘီသနံ။ ယဥှိစေဝါ နုယုဥ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော'

အိမ်ရှေ့က ဘုန်းကြီးတွေရဲ့ မေတ္တာသုတ် ပရိတ်သံ ကြားလိုက်ရတော့မှ ကြောက်စိတ်နည်းနည်း ပြေသလို ခံစားမိလိုက်တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ အဘွားလေးတင်ရဲ့ အက်ကွဲကွဲ ခြောက်ကပ်ကပ် အသံကြီးကို ထပ်မံကြားလိုက်ရတယ်။

'ဟဲ့… လှနွဲ့၊ ညည်းက ငါ့စကားကို နားမထောင်တော့ဘူးလား။ အခန်းဝမှာ ဘာရပ်လုပ်နေတာလဲ၊ ငါ့နားကို မြန်မြန်လာစမ်း။ အိမ်ရှေ့မှာ ယောကျ်ားသံတွေ ကြားနေရတယ်'

■



www.burmeseclassic.com

www.burmeseclassic.com




# အရှင်သုမင်္ဂလ၊စစ်ကိုင်း၏ ‘တောဓါရနို့’ လောကဓမ္မရသစာစုများ

**မောင်စွမ်းရည်**

ခုအခါ မြန်မာပညာရှင်များက ‘စာတမ်းငယ်’ လို့ အမည်ပေး အတည်ပြု ပြောဆိုသုံးစွဲနေကြတဲ့ စာပေပုံသဏ္ဌာန်တစ်မျိုးကို ‘အစမ်းစာ’၊ ‘စာမွန်’ စသည်ဖြင့် ခေါ်ခဲ့ကြဖူးတာကို သတိရမိပါတယ်။ ဥရောပမှာ ၁၆ ရာစုလောက်က စတင်ပေါ်ပေါက် ခေတ်စားခဲ့တဲ့ ‘အက်ဆေး’ ဆိုတဲ့ စာမျိုးကို ကျွန်တော်တို့ မြန်မာစာပေလောကမှာ ကိုလိုနီခေတ် နှစ်ဆယ်ရာစုနောက်ပိုင်းလောက်မှ စတင်ရေးသားလာကြတာကို သတိပြုမိပါတယ်။ ပီမိုးနင်း၊ ဦးဖိုးကျား၊ ဇေယျ၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ် စတဲ့ စတဲ့ ခေတ်ပညာတတ် အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်များ စမ်းသပ်ရေးသားလာခဲ့ကြပါတယ်။ ‘ခေတ်စမ်းစာပေ’ လို့ ဆရာကြီး ဦးဖေမောင်တင်က အမည်ပေးပြီး သူ့တပည့်များက ခေတ်ကို စမ်းသပ်တဲ့အနေနဲ့ ‘ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာ’ စတဲ့ ခေတ်စာပေ အသစ်အဆန်းများကို ရေးသားနေကြတဲ့ ကာလမျိုးမှာ ဆရာကြီး ဦးဖေမောင်တင်တို့က ဝတ္ထုတို၊ ကဗျာတို့နဲ့ အားမရနိုင်သေးဘဲ ‘အက်ဆေးပြိုင်ပွဲ’ ဆိုပြီး အစမ်းပြိုင်ပွဲ လုပ်ခဲ့ဖူးတာကိုလည်း သတိရမိပါတယ်။ ဦးဖေမောင်တင်ရဲ့ တပည့်ဖြစ်သူ လူထုဒေါ်အမာကတော့ မကွယ်လွန်ခင်အထိ ‘အမေ့ရှေ့စကား’ ခေါင်းစဉ်နဲ့ အက်ဆေးတွေချည်းရေးသွားခဲ့ပါတယ်။ ခင်ပွန်းသည် လူထုဦးလှရဲ့ ‘သောင်းပြောင်းထွေလာ ရေးချင်ရာ’ ဆိုတဲ့ စာတွေကလည်း အက်ဆေးတွေပဲ ဖြစ်မယ်ထင်ပါတယ်။ ဆရာကြီး မြမျိုးလွင် ရေးသားထုတ်ဝေသွားတဲ့ ‘စာပုလွေ’ ဆိုတဲ့ စာအုပ် ကလေးဟာလည်း အက်ဆေးပေါင်းချုပ် စာအုပ်ကလေးပဲဖြစ်မယ် ထင်ပါတယ်။

မျက်မှောက်ကာလမှ ဝတ္ထုတိုလက် အက်ဆေးနဲ့ ကဗျာစာအုပ်တွေ အထွက်



www.burmeseclassic.com

www.burmeseclassic.com

များနေသလားလို့ အဝေးကနေ ခန့်မှန်းကြည့်နေမိပါတယ်။ စာရေးသူတွေက သူတို့ဟာ အက်ဆေး၊ စာတမ်းငယ်တွေ ရေးနေကြတယ်လို့ သူတို့ရဲ့ စိတ်ထဲမှာ တွေးမိကောင်း တွေးမိမှာပါ။ ကိုယ်ချင်းစာမိလို့ ပြောလိုက်တာပါ။ ဝတ္ထုတို မဟုတ်တဲ့ ရသစကားပြေတစ်မျိုးကို ကျွန်တော်လည်း အမှတ်တမဲ့ ရေးမိတတ်ပါတယ်။

ဒါပေမဲ့ စိတ်ထဲမှာ တစ်ခါမှ စာတမ်းငယ်ရေးနေတယ်လို့ မခံစားမိပါ။ 'စာတမ်းငယ်'လို့ တွေးမိရင် 'စာတမ်းကြီး'ဆိုတာကို တွေးမိပြီး ရေးနေဆဲအရသာ ပျက်ချင်ပျက်သွားဦးမှာပါ။ 'အစမ်းစာ'ဆိုပြန်ရင်လည်း ကိုယ်က စမ်းသပ်ရေးသားနေတာရယ်လို့ မထင်မှတ်လေတော့ 'အစမ်းစာ' မဟုတ်ဘူးလို့ပဲ ခံစားရမှာပါ။ ဒါနဲ့ 'အက်ဆေး'ကို အက်ဆေးလို့ပဲ သဘောထားလိုက်ပြန်ရင်လည်း ကိုယ်က ကျောင်းဆရာလုပ်ခဲ့တဲ့အစွဲက ဝင်လာပြန်ပါတယ်။ ဒီလိုနဲ့ ကိုယ့်အတွေး၊ ကိုယ့်အမြင်၊ ကိုယ့်ခံစားမှုလေး တစ်ခုခုကို စိတ်လွတ်ကိုယ်လွတ် ရေးနေမိတဲ့စာမျိုးကို ဘာစာအမျိုးအစားလဲလို့ မစဉ်းစားဘဲ ရေးနေမိပါတယ်။ ခု အရှင်သုမင်္ဂလ(စစ်ကိုင်း)ရေးသားတဲ့စာမျိုးပေါ့။ အရှင်သုမင်္ဂလကတော့ 'လောကဓမ္မရသစာစုများ'လို့ အတိအကျအမည်ပေးထားပါတယ်။ လောကအကြောင်းလည်းပါ၊ ဓမ္မအကြောင်းလည်းပါ၊ ရသလည်းမြောက်တဲ့ စာတွေပေါ့။ ရဟန်းရေးတဲ့စာဆိုတော့ လောကအကြောင်းနဲ့ချည်း မသင့်၊ ဓမ္မအကြောင်းလေးလည်းပါဦးမှလို့ ခံစားထင်မြင်မိပုံရပါတယ်။ ဘာပဲဖြစ်ဖြစ် ရသပါတဲ့ အစမ်းစာတွေဖြစ်တာကတော့ သေချာပါတယ်။

အရှင်သုမင်္ဂလရဲ့ စာတွေကို ဖတ်ဖူးထားလေတော့ ဖတ်စရှိရင် ဖတ်ချင်ချင် ဖြစ်နေမိပါတယ်။ '**တောဓါးရနံ့လောကဓမ္မရသစာစုများ**'ဆိုတဲ့ အမည်နဲ့ စာအုပ်စိမ်းစိမ်းလေးတစ်အုပ်ကို နယူးယောက်မြို့၊ မဟာဂန္ဓာရုံ ဓမ္မရံသီဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပါမောက္ခရဲ့ လက်ထဲမှာတွေ့မြင်မိတော့ ဆရာတော် မဖတ်ရသေးဘူးဆိုတဲ့ကြားက 'ခဏငှားပါဘုရား'လို့ ပန်ကြားပြီး အဖြေကိုမစောင့်ဘဲ စာအုပ်ကလေးကို ဆွဲယူခဲ့ပြီး နေ့ချင်းပြီး ဖတ်လိုက်ပါတယ်။ သူများတွေလို ဖေ့စ်ဘွတ်ခ်တွေ ဘာတွေမဖတ်တတ်၊ မဖတ်ချင်။ လက်ထဲမှာဆုပ်ကိုင်ပြီး မျဉ်းသားလိုက်၊ သဒ္ဒါသတ်ပုံပြင်လိုက် ဖတ်ရမှ အားရတာပါ။ ကျောင်းဆရာ၊ စာပေဝေဖန်ရေးဆရာက လာတဲ့အကျင့် မပျောက်နိုင်ဘူးလေ။(ဖတ်ပြီးတော့ ပြန်ပေးမှာပါ ဘုရား)။

ဆရာတော် ဦးပါမောက္ခမှတစ်ဆင့် အရှင်သုမင်္ဂလ(စစ်ကိုင်း)ရဲ့ ကဗျာစာအုပ်တစ်အုပ်နဲ့ အက်ဆေးတစ်အုပ် စာအုပ်လက်ဆောင်ရခဲ့ဖူးပြီး ဖြစ်ပါတယ်။ ကဗျာရော၊ စကားပြေရော နှစ်အုပ်လုံးကို သဘောကျပါတယ်။ ဘုန်းတော်ကြီးများထဲက ပထမဆုံး စာပေဗိမာန်ဆုကို ရွှေကိုင်းသားဘွဲ့ခံ ဆရာတော် ဦးသောဘိတက ရရှိခဲ့တာကြောင့် ရွှေကိုင်းသားဟာ ရဟန်းသံဃာတော်တွေထဲက ပထမဆုံး နိုင်ငံလုံးဆိုင်ရာ စာပေဆုကို ရရှိတဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ ရွှေကိုင်းသားဆရာတော်ဟာ သုတေသနစာပေများကိုသာ ရေးသားလေ့ရှိပါတယ်။ အရှင်သုမင်္ဂလဆရာတော်က ခေတ်သမားပီပီ အက်ဆေးနဲ့ ကဗျာရသစာပေများကိုသာ ရေးသားလာပါတယ်။ စစ်ကိုင်းချောင်က သမိုင်းပြောင် ဆရာတော်တစ်ပါး တိုးပွားလာပြီလို့ စဉ်းစားရပါတယ်။

ခုတလော လူငယ်စာရေးဆရာ တော်တော်များများကလည်း အက်ဆေးတွေ အရေးများနေကြတယ်လို့ ထင်ပါတယ်။ ဖွင့်အန်စရာ အတွေးအမြင်လေးတွေ ရှိနေကြလို့နဲ့ တူပါတယ်။ သူတို့လည်း ဘာစာပေပုံသဏ္ဌာန်ကို ရေးဖွဲ့နေတယ်ဆိုတာ သတိထားမိကြဟန် မတူပါ။ ရေးသားတင်ပြပုံတွေက မော်ဒန်ဖြစ်လွန်းလို့လား မသိ၊ သူတို့စာတွေကို လိုက်မမီပါ။ ဒီလိုပြောတော့ အရှင်သုမင်္ဂလရဲ့စာတွေဟာ မော်ဒန်စာတွေ မဟုတ်လို့ လိုက်မီနေတယ်လို့ ပြောလိုရင်းလည်း မဟုတ်ပါ။ မော်ဒန်ဆိုတာ ခေတ်အတွေ့အကြုံ၊ ခေတ်ခံစားမှုတွေကို ခေတ်အတွေးအမြင်နဲ့ ခေတ်အပြော၊ ခေတ်အရေးအတိုင်း တင်ပြတဲ့စာပေလို့ပဲ နားလည်မိပါတယ်။ အရှင်သုမင်္ဂလ(စစ်ကိုင်း)က ခေတ်အတွေ့အကြုံ၊ ခေတ်အတွေး၊ ခေတ်အမြင်၊ ခေတ်ခံစားမှုကို ခေတ်စကားပြေနဲ့ ရေးသားထားတာပဲ မဟုတ်လား။ ခေတ်သမားတစ်ဦးသာ ဖြစ်ပါတယ်။ နားမလည်နိုင်လောက်အောင် မော်ဒန်လွန်၊ ပို့စ်မော်ဒန်၊ အာလ်ထရာမော်ဒန်တွေထဲမှာ မပါဘူးလို့ ဆိုလိုတာ ဖြစ်ပါတယ်။ မော်ဒန်ရှင်းတာနဲ့ပဲ စာပိုဒ်ပြည့်သွားပြန်ပြီ။

စာရေးဆရာဆိုတာ ဘယ်ခေတ်

> လူငယ်စာရေးဆရာ
> တော်တော်များများ
> ကလည်း
> အက်ဆေးတွေ
> အရေးများနေကြတယ်လို့
> ထင်ပါတယ်
> ဖွင့်အန်စရာ
> အတွေးအမြင်လေးတွေ
> ရှိနေကြလို့နဲ့ တူပါတယ်။
> သူတို့လည်း ဘာစာပေ
> ပုံသဏ္ဌာန်ကို
> ရေးဖွဲ့နေတယ် ဆိုတာ
> သတိထားမိကြဟန်မတူပါ
> ရေးသားတင်ပြပုံတွေက
> မော်ဒန်ဖြစ်လွန်းလို့လား
> မသိ
> သူတို့စာတွေကို
> လိုက်မမီပါ

www.burmeseclassic.com

မဆို ကိုယ့်ခေတ်ကိုပဲ သိမြင်ခံစားပြီး ရေးလေ့ရှိကြပါတယ်။ ရဟန်းဆိုတာကတော့ ရှေးကတည်းက ကိုယ့်ခေတ်ကို ဓမ္မနဲ့ နောက်ခံပြောလေ့ရှိကြပါတယ်။ ကန်တော့ပါရဲ့။ ဝိနည်းလွတ်ဆိုရမလား မသိပါ။ ရှေးရဟန်းစာဆိုများက ဗုဒ္ဓဝင်ဇာတ်နိပါတ်တို့ကို အခြေခံထားပြီး ပျို့ကဗျာကြီးတွေကို ရေးခဲ့ကြပါတယ်။ အရှင်သုမင်္ဂလကလည်း ဗုဒ္ဓဝင်ကိုပဲ ကဗျာဖွဲ့ပါတယ်။ လေးလုံးစပ် အစစ်လည်းမဟုတ်။ ကာရန်မဲ့လည်း မဟုတ်။ အချိုးကဗျာတွေလည်း မဟုတ်ဘဲ အကြောင်းအရာ အလွှမ်းအဆွေးနဲ့လိုက်ဖက်အောင် ဖန်တီးရေးဖွဲ့ထားတာ နှစ်သက်စရာ ကောင်းလှပါတယ်။ ပရိနိဗ္ဗာနသုတ်ကိုလည်း ကဗျာဖွဲ့တာပါ။ ပရိနိဗ္ဗာနသုတ် မြန်မာဘာသာပြန် ဖတ်ရတာကိုပဲ ရဟန်းညီနောင်အရှင်နှစ်ပါး တောမြိုင်ထဲ ဖြတ်သန်းသွားရတဲ့ ခရီးကြမ်းမှာ အစာဆွံ့ရှား၊ ရေသန့်ရေချို ခေါင်းပါးပြတ်လပ်ကြလို့ ဒုက္ခရောက်ရတဲ့အထဲမှာ နောင်တော်ရဟန်းကြီး သက်တော် ရှစ်ဆယ်အရွယ်ဟာ မကျန်းမမာ ဝမ်းတော်လားတဲ့ ရောဂါဖြစ်လို့ ဒုက္ခရောက်ကြရပုံဟာ အလွန်လွမ်းစရာ ကောင်းပါတယ်။ မူလစာကိုယ် ကိုယ်၌က လွမ်းစရာပါ။ အဲဒါကို ကဗျာပုံစံလေးနဲ့ လှလှပပဖွဲ့လိုက်တော့ ပိုပြီး လွမ်းစရာကောင်းပါတယ်။ ရှေးရေးနည်း မဟုတ်။ ပျို့ရေးနည်းလည်းမဟုတ်။ လေးလုံးစပ်သတ်သတ်လည်းမဟုတ်။ ကာရန်မဲ့လည်း မဟုတ်တဲ့ မော်ဒန် ပရိနိဗ္ဗာနလင်္ကာဟာ ဖတ်လို့မငြီးနိုင်အောင် တစ်မျိုးတစ်ဖုံလှနေပါတယ်။ ကျွန်တော်ဆိုရင် သုံးလေးခေါက် ပြန်ဖတ်ပြီးပါပြီ။

အရင် ဖတ်ရတဲ့ စကားပြေစာအုပ်ကလည်း အက်ဆေးစာအုပ်ကလေးပဲ ဖြစ်ပါတယ်။ အရှင်က အက်ဆေးအရေးမှာ အားသန်ပုံရပါတယ်။ 'အဆုံးအဖြတ်'တဲ့။ 'ဘာသာရေး အတွေးအမြင်စာစုများ'လို့ ဖွင့်ဆိုထားပါတယ်။ ဒီစာအုပ်မှာတော့ 'လောကဓမ္မ ရသစာစုများ'လို့ လောကအကြောင်းများပါပါရှိကြောင်း ကြိုတင်အသိပေး ထားပါတယ်။ လောကနဲ့ရသ ဝိသေသနနှစ်ခုပိုလာပါတယ်။ တကယ်တော့ အရင်စာအုပ်ရော၊ အခု စာအုပ်ရော အက်ဆေးများပဲဖြစ်တယ်လို့ ယူဆပါတယ်။ အက်ဆေးဆိုတာလည်း ရသစာပေတစ်မျိုးပါပဲ။ မြန်မာစာပေမှာ 'ဆောင်းပါး'ဆိုတဲ့ စကားလုံးတစ်ခု သီးခြားရှိနေပါတယ်။ ဆောင်းပါးပေါင်းချုပ်စာအုပ်တွေလည်း မနည်းမနော ထွက်နေကြပါပြီ။ စာပေဆောင်းပါး၊ နိုင်ငံရေးဆောင်းပါး၊ ဘာသာရေးဆောင်းပါး၊ ရသစာစုမဟုတ်တာများတယ်။ တချို့က သတင်းပေး၊ တချို့က အတွေးအမြင် ဝေဖန်မှုလေးများ ပါတတ်တယ်။ သေချာတာက ဇာတ်ဆောင်၊ ဇာတ်လမ်း မပါတာပါပဲ။ နည်းနည်းပါသွားရင် ဆရာ ဇော်ဂျီက 'ဝတ္ထုဆောင်းပါး'တဲ့။ ခေတ်အလျောက် တိုးပွားလာကြတာပေါ့။

ဘုန်းတော်ကြီး(ရဟန်းစာဆို)တော်တော်များများကတော့ လောကနဲ့ဓမ္မ ရောနှောပြီး လောကဓမ္မ ရသစာစုတွေ ရေးလာကြတာ များနေပါတယ်။ သတိမပြုမိဘဲ မနေနိုင်အောင် များလာတာပါ။ ဦးဝီရိယ(တောင်စွန်း)၊ ရဝေနွယ်(အင်းမ)၊ ဦးဉာဏိက(ဉာဏ်ဦးမောင်)၊ ကံထွန်းသစ် စသည်စသည် အများကြီးပါပဲ။ တချို့က ကလောင်ဘွဲ့အမည်လုံးဝမထားဘဲ ရဟန်းဘွဲ့တွေနဲ့ပဲ ရေးနေကြပါတယ်။ တချို့က ဟောစာကို စာအုပ်အဖြစ် ရေးသားထုတ်ဝေတယ်။ ကံထွန်းသစ်ရဲ့ 'အနာဂတ်ကိုထွန်းညှိခြင်းနဲ့ သမိုင်းမဲ့သော နေ့ရက်များ'ဆိုတဲ့ စာတိုပေတိုပေါင်းချုပ် စာအုပ်ငယ်လေးတစ်အုပ်ကို မကြာခင်ကပဲ ဖတ်လိုက်မိပါတယ်။ စာတစ်ပုဒ်ကို တစ်မျက်နှာခွဲနှစ်မျက်နှာလောက်ပဲ ရှိတယ်။ လွတ်လပ်ရေးခေတ်ဦးလောက်မှာ ပေါ်ခဲ့တဲ့ 'စာညွှန့်'ဆိုတာနဲ့များ တူလေမလားလို့ တွေးကြည့်မိပေမဲ့ စာညွှန့်က ညွှန့်လွန်းကွန့်လွန်းတယ်။ စကားပြေများလို့ ခေါ်လို့ရတယ်။ ခုဟာက အက်ဆေးတိုလေးများပါပဲ။ ရဟန်းစာဆိုများ ရေးသားကြတာတွေက ကဗျာဆန်တယ်လို့ ပြောလောက်အောင်အထိ မကွန့်မညွှန့်ကြပါ။ ရသမြောက် အတွေးအမြင်ခံစားမှုစာပေမျိုးပဲဖြစ်လို့ 'အက်ဆေးနွယ်ဝင်'ပဲလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကြိုက်တယ်။

'အက်ဆေး'လို့ ခေါ်တာ အပြစ်လွတ်အောင် အက်ဆေးဋီကာတွေ ဖွင့်လိုက်တာနဲ့ နိဒါန်းကများပြီး စာကိုယ်ပိုင်းမှာ အတိုချုံးရတော့မှာပဲ။ လိုရင်းကတော့ အရှင်သုမင်္ဂလ(စစ်ကိုင်း)ရဲ့ 'တောဓါးရန့် လောကဓမ္မ ရသစာစု'ဟာ အက်ဆေးပါလို့ ပြောလို့ဖြစ်အောင် ရှည်ရှည်ရှင်းရခြင်းပါ။ အရှင်သုမင်္ဂလရဲ့ စာကို ဝေဖန်ရေးဒကာကြီးက အဝေးရောက်နေတော့ အစောပိုင်းမှာ လွတ်သွားခဲ့ပုံရပါတယ်။ အထူးသတိထားမိတာကတော့ တိုက်ရိုက်ပတ်သက်ဆက်စပ်လာလို့ပါပဲ။ လူထုကြီးပွားရေး ၇၅ နှစ်မြောက် စိန်ရတုစာအုပ်ထဲမှာ လူထုစာပေမိသားစုဝင်ထဲမှာ ငြိတွယ်ပါဝင်လာတာကို ဖတ်လိုက်ရမှ သတိထားမိတာပါ။

စကားပြေရေး စကားပြောရေးဟန်ကိုယ်လိုသူလို ရေးနေတယ်လို့ပဲ ထင်နေမိရာက နည်းနည်းပါးပါး မန်းနဲ့ရလိုက်သလိုလို၊ ပင့်ကူမျှင် မြင်လိုက်မိသလိုလိုဖြစ်လာလို့ သေချာဖတ်ကြည့်လိုက်တော့မှ 'သည်'တွေ၊ 'မည်'တွေ၊ '၏'တွေ၊ 'တည့်'တွေကို မြင်လိုက်မိပါတယ်။ ရေးဟန်က ပေါ့ပါးညက်ညောပါတယ်။ စကားပြောသလိုတော့ ရေးမထားရှာ။ ဆရာတော် ရွှေကိုင်းသားလို ကလောင်ကို ပင့်ကူမျှင်နဲ့ ငြိနေတာ တွေ့ရပါတယ်။ ဒီတော့မှ ပြန်စိတ်ပါသွားမိပါတယ်။ ဘာပဲဖြစ်ဖြစ် ဆရာတော် ဦးသောဘိတ မရှိတော့တဲ့နောက် ရဟန်းစာဆိုတစ်ပါး ရလာလို့ ဝမ်းသာရပါတယ်။ ရသစာပေသမား၊ ကဗျာအက်ဆေးသမား ပီပီပြည်ပြည် ရရှိသွားတော့ ပိုလို့တောင် ဝမ်းသာရပါတယ်။ သုတေသနဆောင်းပါး တစ်ပုဒ်မျှ မပါပါ။ သုတေသနစာပေက ဝီရိယစိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဉာဏ်ပါရမီ များများမလိုပါ (ထားပါတော့၊ ဟိုငြိဒီငြိ ဖြစ်ကုန်ပါလိမ့်မယ်။)။ ဘာပဲဖြစ်ဖြစ် ညီပုလေးတို့၊ လေက်မတို့နဲ့ အတူ ခေတ်ပြိုင်ကလောင်သစ်ကောင်းတစ်ချောင်း ငါတို့ မန္တလေးမှာ ရှိနေပါလားဆိုတာ သိရလို့ ဝမ်းသာပါတယ်။ လူထုဂျာနယ်၊ လူထုသတင်းစာတို့ကိုတော့ လွမ်းမိတမ်းမိတာ အမှန်ပါ။

'တောဓါးရန်'ဆိုလို့ စာတစ်အုပ်လုံးမှာ ပါရှိတဲ့ အက်ဆေး ၄၀ ကို မာတိကာစာမျက်နှာမှာ ပြန်ကြည့်ရပါတယ်။ 'တောဓါးရန်'အက်ဆေးကိုလည်း ဘယ်တောရဲ့ ရန့်လဲဆိုတာ သေချာအောင် ပြန်ဖတ်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အညာမှာ စစ်အစိုးရအဆက်ဆက်ရောင်းစားပစ်လို့ တောတွေက ပြုန်းကုန်ခဲ့ပြီလေ။ ဗမာပြည်သူလူထုကလည်း ပညာမဲ့၊ လူမွဲ၊ လူမိုက်က များတော့ 'တောရဲ့တန်ဖိုး'ကို ထင်းခုတ်ရောင်းရင် ပိုက်ဆံရတယ် ဆိုတာအပြင် ဘာမှ သိကြတာမှ မဟုတ်ဘဲ။ 'တော'ရှိဖို့ထက် 'ပိုက်'ရှိဖို့က အရေးကြီးတာကိုး။ 'ပုပ္ပားမောင် တောင်ကတုံး သျှောင်ထုံးစို့ကွယ်'ဆိုတဲ့ ကဗျာကို ကျောင်းသင်ခန်းစာမှာ ထည့်ပြီး သင်ခဲ့ရပါရဲ့။ ဗိုလ်နေဝင်းက တောထဲကသစ်ပင်ရော၊ စာအုပ်ထဲကသစ်ပင်တွေပါ ခုတ်ပစ်လို့ ကုန်ပါရောလား။ ဘုန်းကြီးတွေတောင် ခုတ်ပစ်လို့ ကျန်ကောင်းကျန်နေပြီး စာဆိုကိုယ်တော်တွေ ဖူးရတာ။ ဆိုချင်တာက 'တောဓါးရန်'ထွက်လောက်အောင် ဘယ်တောအကြောင်းများ ရေးထားသလဲဆိုတာ စူးစမ်းရတာကို ပြောလိုတာ။

'တောဓါးရန်' အက်ဆေးကို အစအဆုံး ဖတ်လိုက်ရတော့မှ နောက်ဆုံးအပိုဒ်ထဲမှာ(ခေတ်ပုံရိုက်ရန်) 'ကန်သင်းရိုးပေါ် ဒူးထောက်လိုက်ချိန်၌ အနံ့အသက်တစ်မျိုးက နှာခေါင်းထဲကို တိုးဝင်လာသည်။ ထိုအနံ့ကား အခြားမဟုတ်၊ ကလေးဘဝတစ်လျှောက်လုံး ရှူရှိုက်ခဲ့ရသည့် တောဓါးရန့်ပင် ဖြစ်တော့သည်'တဲ့။ အဲဒီ နောက်ဆုံးအပိုဒ်ရဲ့ ရှေ့နားလေးကို နည်းနည်းပြန်ဖတ်လိုက်တော့ *'ရာသီက မိုးတွင်းဆိုတော့ စိမ်းစိမ်းစိုစိုရှိသည်။ မြေပဲခင်းတွေက စိမ်း၊ ပြောင်းခင်းတွေက စိမ်း၊ ကန်သင်းရိုး၌ တွယ်ကပ်ပေါက်နေသည့် ကင်မွန်းနွယ်တို့၊ ကြက်တက်ရွက်တို့လို ချုံပုတ်တွေကလည်း စိမ်းစိုနေသည်'*တဲ့။ ဒီလောက်ရေးတာကို တွေ့ရရင်ပဲ အရှင်သုမင်္ဂလ (စစ်ကိုင်း)ရဲ့ တောဓါးရန့်ကို ရလိုက်ပြီဖြစ်ပါတယ်။ ကျွန်တော့်လို အညာသားတစ်ယောက်က တောဓါးရန့်ကို ချက်ချင်း ရလိုက်ပေမဲ့ အောက်သူအောက်သား အကြေသား အများစုကတော့ တောဓါး ရန့်ကို ရနိုင်မှာ မဟုတ်ပါ။ သူတို့အဖို့ လယ်ကွင်းတွေထဲက ကောက်သင်းနံ့ ကောက်ရိုးနံ့ကိုပဲ ရလွယ်မှာပါ။

'တော'ရဲ့ အဓိပ္ပာယ်က သစ်ကြီးဝါးကြီး ပေါက်ရောက်ရာအရပ်လို့ အဓိပ္ပာယ်ရသလို 'ယာတော'၊ 'လယ်တော'၊ 'ကျေးတော' စသည်ဖြင့် မြို့အပြင်၊ ရွာအပြင် ထွက်လိုက်ရင်ပဲ 'တော'ထဲရောက်သွားတဲ့ အဓိပ္ပာယ် ရှိပါသေးတယ်။

'တောကိုသွားပြီး ထမင်းပို့တယ်' ဆိုတာ ရွာအပြင်က ယာတော၊ လယ်တောဆီမှာ အလုပ်လုပ်နေသူတွေ စားဖို့ ထမင်းသွားပို့ရတာကို ခေါ်တာ မဟုတ်လား။ 'တောထိုင်တယ်'ဆိုတဲ့ စကားလုံးကိုရော ကြားဖူးပါစ။ ရွာအပြင်ကို ထွက်ပြီး ထိုင်ရတာကို ဆိုလိုပါတယ်။ ရွာထဲမှာ အိမ်သာတွေဘာတွေ မရှိလို့ ရွာအပြင်က တောထဲကို ထိုင်ရတာကို ဆိုလိုပါတယ်။ 'တော'အဓိပ္ပာယ်တွေက အများသား။ ဒါတွေက ကျွန်တော်တို့လို တောသားတွေက ပိုသိတာပေါ့။ အရှင်သုမင်္ဂလ(စစ်ကိုင်း) ရရှိတဲ့ တောရန့်က မြေပဲခင်း၊ ပြောင်းခင်း၊ ပဲစင်းငုံခင်းတို့ရဲ့ ယာခင်းရန့်ကို တောရန့်လို့ ဆိုလိုတာဖြစ်ကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့လို အညာသားတစ်ယောက်အဖို့ ဆိုရင်တော့ ဒါဟာ အညာကျေးလက်ရန့်လို့လည်း ဆိုလိုကြောင်း ချက်ချင်း သဘောပေါက်နိုင်ပါတယ်။ အမှန်တကယ်ဆိုရင် အရှင်သုမင်္ဂလရဲ့ စာတွေအားလုံးဟာ အညာကျေးလက်ရန့် ပျံ့သင်းနေတယ်လို့ ဆိုလိုပါတယ်။

အမှာစာရေးသူ နေဝင်းမြင့်ကတော့ 'ရေးသမျှလည်း ကောင်းပါပေသည်'လို့ ဥဒါန်းကျူးထားလေရဲ့။ ဖတ်သွားရင်းကပဲ ကျွန်တော်လည်း နေဝင်းမြင့်နဲ့ သဘောတူလိုက်ပါတယ်။ 'ရေးထားသမျှလည်း ကောင်းပါသည်' ဆိုရလောက်အောင် 'ကောင်းသမျှလည်း ရေးပါပေသည်'လို့ ဆိုနိုင်ပါတယ်။ 'ပညာသို့ ဆိုက်သောစာ၊ ဉာဏ်သို့ ဆိုက်သောစာ၊ သိမှုသို့ ဆိုက်သောစာဖြစ်၍ သာ၍ ကြည်ညိုရပေသည်'လို့ ဆက်လက်ပြောဆိုတာကိုလည်း ဆက်လက်သဘောတူလိုက်ပါတယ်။ မိုက်သောသူများအတွက် 'အလိမ္မာ'သို့ ဆိုက်သောစာများလည်း ပါရှိပါတယ်လို့ နည်းနည်းလေး ဖြည့်လိုက်ချင်ပါတယ်။ ဆရာတော်ရဲ့ 'ဆိုက်မှုသုံးပါး'ဟာ ဆရာ နေဝင်းမြင့်တို့လို ပညာလိုလား ဉာဏ်ခံများသူများအဖို့တော့ ဆရာတော် ဘာပြောတယ်ဆိုတာကို 'ချောက်'ဆို နားပေါက်က 'မီးတောက်'သွားပါလိမ့်မယ်။ ဒါပေမဲ့ အရှင်က သူတို့မောဟ၊ သူတို့လောဘနဲ့ 'မဆိုက်'နိုင်သူများကိုပဲ တည့်တည့်လင်းလင်း တဲ့တိုးချိန်ပြောထားတာမျိုးကိုလည်း တွေ့ရပါတယ်။ 'ဟဲ့အကောင်နင့်ကို ပြောတာဟဲ့'ဆိုတာမျိုးလည်း ပါရှိပါ တယ်။ ဥပမာဆိုပါတော့၊ ပထမအက်ဆေးနှစ်ပုဒ်ဖြစ်တဲ့ 'သစ်ပင်'နဲ့ 'စိမ်းပြာရေညှိ'နှစ်ပုဒ်တို့ရဲ့ နိဂုံးမှာ တိုက်ရိုက်ညွှန်းပြီး ရေးထားတာမျိုးလည်း တွေ့ရမှာ ဖြစ်ပါတယ်။

'ထိုကိစ္စ(သစ်ခိုးမှုကိစ္စ)သည် အသေးအမွှားမဟုတ်ပါ။ အလေးအနက်ထားရမည့်ကိစ္စဖြစ်ကြောင်း နိုင်ငံ့ခေါင်းဆောင်များသို့ အလေးအနက် သတိပေးလိုပါသည်'တဲ့။

*'ထပ်၍ဆိုပါမည်။ သစ်တစ်ပုတ်*



www.burmeseclassic.com

www.burmeseclassic.com

*ခြင်းကို ဘုရား မကြိုက်ပါ။ သစ်ပင်ကို ခိုး၍ ခုတ်ခြင်းကို ပို၍ မကြိုက်ပါ။ မြန်မာ့သစ်တော မပြုန်းတီးရေးအတွက် နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် နိုင်ငံသားအားလုံး၌ တာဝန်ရှိကြောင်း တလေးတစား ပြောဆိုလိုက်ပါသည်'* တဲ့။ ဘုရားမကြိုက်ဘူးဆိုမှတော့ နိုင်ငံ့ခေါင်းဆောင်ဆိုသူတွေ အနေမတတ်ရင် အဝီစိငရဲကို ဆိုက်မယ့် အလုပ်ပါလား။ ဆရာ နေဝင်းမြင့် ပြောတဲ့ 'ဆိုက်ဆိုက်ဆိုက်' မှာ အဆိုက်မှားရင် အဝီစိရောက်မှာပေါ့နော်။

အစိုးရကို သံဃာတော်များက ပြောရဟောရတာ မလွယ်ပါ။ တရားနာသူတို့နားကို ဆိုက်လောက်ပါရဲ့။ သံဃာတော်များ နိုင်ငံရေးမလုပ်ရဆိုပြီး မြတ်စွာဘုရား သတ်မှတ်ခဲ့တဲ့ အာပတ်ထဲကို ထည့်ထားရင်လည်း အဖမ်းအဆီးခံရမှာ ရှိပါတယ်။ သစ်ပင်ခုတ်တာဟာ ဘုရားမကြိုက်တဲ့အလုပ်ဆိုတာ သေချာပါတယ်။ ဒီကိစ္စကို မဖော်ထုတ်ရင်တောင် အာပတ်သင့်နိုင်ပါသေးတယ်။ တကယ်တော့ နိုင်ငံရေးဆိုတဲ့ အဆိုပါ အရေးကိစ္စဟာ ဘာသာရေးထဲမှာလည်း အကျုံးဝင်တာပဲကိုး။ မင်းကျင့်တရားဆယ်ပါးဆိုတာလည်း ရှိတယ်။ အပရိဟာနိယတရား ခုနစ်ပါးဆိုတာလည်း ရှိတယ်။ မသိယောင်ဆောင်နေလို့ မဖြစ်ဘူးလား။ ဗမာပြည်သူတွေ ပြောပြီး ဗမာတွေသာ နားလည်နိုင်တဲ့ စကားလုံးလေး ရှိပါတယ်။ 'အစိုးရ- အစရိုး' တဲ့။ အဲ... အစကတည်းက မရိုးမသားနဲ့ အာဏာကို လုယက်တက်လာတဲ့ အစိုးရမျိုးဆိုရင်တော့ ထိုအရပ်ကို ဆိုက်ရောက်ဖောက်ထိုးပေါ့။

အရှင်သုမင်္ဂလက စာဖတ်များပုံရပါတယ်။ လောကုတ်လောကီ နှစ်လီနှစ်တန် စာပေကျွမ်းဟန် ရှိပါတယ်။ မကျွမ်းဘဲ စာရေးရင်လည်း ပျင်းခြောက်ကြီးဖြစ်နေမှာပါ။ ဆရာတော်ဟာ ရှေးက ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့အပြင် ကာလပေါ် မြန်မာစာပေထဲကလည်း ဆရာကြီး ရွှေဥဒေါင်းအစ၊ ဆရာ သော်တာဆွေ အလယ်၊ အီကြာကွေးအဆုံး အားလုံးကို ကိုးကားရေးသားလေ့ရှိရာမှာ နောက်ပိုင်းက မအိမ်ကံတောင် ပါလိုက်သေး။ လူမှုကိစ္စအရှုပ်အထွေးတွေကင်းဝေးတဲ့ ရဟန်းဖြစ်တဲ့အပြင် လူသူကျဲပါးတဲ့ စစ်ကိုင်းချောင်လိုနေရာမှာ နေထိုင်သီတင်းသုံးတာဆိုတော့ စာဖတ်စာရေးလုပ်လို့ အကောင်းဆုံးပါပဲ။ ကျွန်တော်တို့ ဆရာရွှေကိုင်းသားလည်း စစ်ကိုင်းချောင်ထဲမှာ သီတင်းသုံးနေထိုင်ရင်း ထူးထူးခြားခြား သူတစ်ပါး မရေးတဲ့ 'မြန်မာ့ဆင်ယင် ထုံးဖွဲ့မှု' သမိုင်းကျမ်းမျိုးကို ရေးသား ပြုစုတော်မူခဲ့တာ မဟုတ်လား။ အရှင်သုမင်္ဂလဆိုရင်လည်း အက်ဆေးခေါ် ခေတ်ပေါ် ရသစာပေမျိုးကို စစ်ကိုင်းချောင်ကပဲ ရေးထုတ်နေတာ မဟုတ်လား။ အရှင်သုမင်္ဂလဟာ ကဗျာမှာ ကွန့်နိုင်ညွန့်နိုင်သလို စကားပြေမှာလည်း သန့်အောင်ခန့်အောင် ရေးနိုင်ပါတယ်။ အရှင်သုမင်္ဂလတို့ လက်ထဲမှာပဲ အက်ဆေးဆိုတာ ပုံစံကျဖြစ်သွားခဲ့ပါပကော ဆိုတာ သတိပြုမိစရာ ဖြစ်လာခဲ့ပြီ မဟုတ်လား။

အရှင်သုမင်္ဂလဟာ ရဟန်းတစ်ပါးဖြစ်တဲ့အပြင် သမိုင်းပြောင် မညှိုးတဲ့ စစ်ကိုင်းတောင်ရိုးမှာ သီတင်းသုံးနေထိုင်သူဖြစ်လို့ တောရနဲ့ တောင်ရနဲ့အပြင် ချောင်ရနဲ့ကိုပါ ပါအောင် ရေးသားဖွဲ့ဆိုနိုင်သူ ဖြစ်ပါတယ်။ ကျွန်တော်တို့လို မန်းတောင်ရိပ်ခိုပြီး ကြီးပြင်းလာသူတွေဟာလည်း တကယ် လွမ်းကြစတမ်းဆိုရင် စစ်ကိုင်းကိုပဲ လွမ်းကြပါတယ်။ သမိုင်းပြောင်မညှိုးတဲ့၊ စစ်ကိုင်းတောင်တောင်ရိုးတဲ့။ အလွမ်းဖြေပေးပါဘူးကွဲ့၊ ကမ်းခြေဖေယျာဦးတဲ့။ စစ်ကိုင်းတောင် စစ်ကိုင်းချောင်ဟာ လောကီဒုက္ခကင်းဝေးလိုသူအမျိုးမျိုးတို့ ခိုလှုံရာဖြစ်သလို ခေတ်အဆက်ဆက် စစ်ဘေးဒုက္ခသည်အပေါင်း လာရောက်ခိုလှုံကြတဲ့ နေရာလည်း ဖြစ်ပါတယ်။ မန္တလေးလို ရွာနီးချုပ်စပ်ကသာ လာရောက် ခိုလှုံကြတာ မဟုတ်ပါ။ နိုင်ငံအရပ်ရပ်က လာရောက် ခိုလှုံကြသူတွေ လာလာသမျှကိုလည်း မဆံ့မရှိ ထွေးပိုက်ထားနိုင်တဲ့နေရာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မန္တလေးရဲ့ နှလုံးသားလို ဖြစ်ရုံမက မြန်မာတစ်နိုင်ငံလုံးရဲ့ နှလုံးသားရိပ်မြုံလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က စစ်ကိုင်းမဟာနဂရ(တစ်နည်း) စစ်ကိုင်းအညာအစဆီက မှိုင်းဆရာတပသ၊ ကိုင်းဟာကိုင်းဟာလင်္ကာတွေနဲ့ စသည်ဖြင့် လေးချိုးကြီး တောင်ဝေးခတ်သံကို နာခံပြီး ခါးမတ်ခေါင်းထောင်ခဲ့ရတယ်။ မန္တလေးတက္ကသိုလ်ကို ခိုလှုံရပြီ ဆိုပြန်တော့လည်း တန်ဆောင်မုန်းလပြည့်ရောက်တိုင်း စစ်ကိုင်းတောင်ရိုးမှာ မဲဇလီဖူးသုပ်နဲ့ ဗာလချောင်ငါးပိကြော် သွားစားရင်း စစ်ကိုင်းတက္ကသိုလ်ကျောင်းသားကြီး မောင်သာနိုး ဦးဆောင်ပြီး မြို့မငြိမ်းရဲ့ စစ်ကိုင်းတောင်သီချင်းကို သံကုန်ဟစ်ကျူးရင်း လဲကျလောက်အောင် သီဆိုဟစ်ကြွေး ခဲ့ကြပါတယ်။ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ကိုယ့်အစုနဲ့ကိုယ် လှေတစ်စင်းစီနဲ့ ကမ်းခြေဖေယျာဦးမှာ အပန်းဖြေ လာခဲ့ကြဖူးပါတယ်။ အိပ်ပဲ့အိပ်ပဲ့ ငှက်သမ္မန်ခတ်သံကို နာခံခဲ့ကြရတယ်။ လှေစီးလို့ လာတဲ့အခါ နီးရာ ဇရပ်ပေါ် တက်ပြီး ပါဆယ်ဂိမ်းကစားကြ၊ သီချင်းဆိုကြ၊ ကခုန်ကြနဲ့ ဘယ်အရပ်မှာမှ မယှဉ်နိုင်တဲ့ ပျော်ရွှင်မှုမျိုးတွေကို တွေ့ကြုံခံစားကြရပါတယ်။ အထူး မမေ့တာကတော့ မြို့မငြိမ်းရဲ့ သီချင်းပါပဲ။ မြူခိုးယှက်သိုင်း အုံ့မှိုင်းပြာရီဝေ တဲ့။ စစ်ကိုင်းတောင်တော်ထိပ်မှာ ရပ်ပြီး ဧရာဝတီ၊ ဒုဋ္ဌဝတီ၊ နတ်ပန်းချီ ဆေးစုံကွန့်ရှေ့သလား၊ ဝဲလက်ယာ အတွန့်အတွန့်နဲ့ အလွန့်အလွန် သာယာတဲ့ ရှုခင်းတွေကို ရှုမျှော်ခံစားခဲ့ကြရတာဟာ မမေ့နိုင်စရာပါ။

ဒီလို သီချင်းတွေအကြောင်းကို ကျွန်တော်တို့လို လူဝတ်ကြောင် စိတ်ဓာတ်ကြောင်တွေကတော့ ကံသုံးပါးနဲ့ ကင်းလွတ်ခွင့် ရှိပေမဲ့ အရှင်သုမင်္ဂလတို့



www.burmeseclassic.com

www.burmeseclassic.com

လို ရဟန်းသံဃာများမှာတော့ ဘာနဲ့မှ လွတ်ခွင့်မသာတဲ့အတွက် စာပေတွေထဲမှာ မပါတော့ပါ။ လူဝတ်နဲ့သာဆိုရင် ရေးရှာမှာပဲလို့ မတွေးဘဲမနေနိုင်ပါ။ သခင်ကိုယ်တော်မှိုင်း၊ ဆရာတော် ရွှေကိုင်းသားနဲ့ သမိုင်းပြောင်မညိုး စစ်ကိုင်းတောင်ရိုးသီချင်းမပါဘဲ ကျွန်တော်တို့ကတော့ လွမ်းလို့မရပါ။ ဒါပေမဲ့ အရှင်သုမင်္ဂလ ဘာပဲရေးရေး စစ်ကိုင်းတောင်ရဲ့ ညှို့ဓာတ်မိခဲ့တဲ့ အညာသား ရဟန်းတစ်ပါးအဖို့ ရယ်စရာတွေ့လည်း လွမ်းနေရတော့တာပါပဲ။ အခုလို အဘိုးကြီးဘဝမှာ ကြိုက်ရာနေရာကို သွားပြီး နိုလှုံ့ပါဆိုရင်တော့ စစ်ကိုင်းတောင်မြေမှ ချောင်တစ်ခုခုကိုပဲ သွားပြီး နိုလိုက်ချင်ပါရဲ့။ ထားလိုက်ပါတော့။ စစ်ကိုင်းချောင်ကိုက လောကနဲ့ဓမ္မ ပေါင်းစပ်တဲ့ နေရာပါ။ ဒါ့ကြောင့် အရှင်သုမင်္ဂလ ကိုယ်တော်က လောကဓမ္မစာစုများလို့ စကားဦးသန်းလိုက်တာနဲ့ စာအုပ်ကို မလှန်ရသေးခင်ကပဲ လွမ်းမိလျက်သား ဖြစ်သွားခဲ့ပါပြီ။ ဒါ့ကြောင့် လိုရင်းလျှောက် လိုရင်းမရောက်တော့တာကို ခွင့်မလွှတ်နိုင်ရင်လည်း ပြောချင်သလိုသာ ပြောကြပေတော့။

အရှင်သုမင်္ဂလက လောကနဲ့ဓမ္မ ရသစာစုများလို့ တည့်တည့်ကြီး ခေါင်းစဉ်တပ်လိုက်တော့မှပဲ အရှင့်ရဲ့ စာတွေဟာ ရဟန်းရေးတဲ့ စာတွေပါကလား၊ လောကအကြောင်းရော ဓမ္မအကြောင်းရော ပါပေတာပါကလားလို့ အထူးအာရုံပြုမိလိုက်ပါတော့တယ်။ ဒီအတိုင်း အမှတ်တမဲ့သာ ဖတ်နေရင်တော့ ရသထဲမှာပဲ တရစ်ဝဲဝဲနဲ့ ရစ်သွားတော့မှာပါ။ အက်ဆေးများ အစမှာ 'သစ်ပင်' က စ,ပါတယ်။ မြတ်စွာဘုရားက 'ရဟန်းတို့ သစ်ပင်မခုတ်ရ' ဆိုတဲ့ ပညတ်ချက် ဝိနည်းထုတ်ခဲ့ကြောင်းက စ,ပါတယ်။ ဓမ္မအကြောင်းကို ပြဆိုခြင်းပြီးကာမှ အစိုးရရဲ့ သစ်ခိုးထုတ်တဲ့ သူခိုးတွေနဲ့ အစိုးရမင်းများကို သတိပေးစကား ဆိုပါတယ်။ လောကအကြောင်းကို ပြောလိုခြင်းပါ။ 'မြစ်' အကြောင်းအက်ဆေးမှာဆိုရင် မြတ်စွာဘုရား ပြောကြားတဲ့ သံခါရတရားကို 'မြစ်ထဲမှာ နှစ်ခါရေချိုးလို့မရ' ဆိုတဲ့ သင်္ခတသံခါရသဘောနဲ့ ပြပြီးနောက် ဧရာဝတီမြစ်ကြီးရဲ့ ဇရာ၊ ဗျာဓိတရားကို ပြဆိုထားပါတယ်။

တကယ်ကို တရားကျစရာကြီးပါ။ မြစ်အကြောင်းကိုပြောပြီး သစ်ပင်အကြောင်းကို ပြောတာလည်း သိဒ္ဓတ္ထနဲ့ ဗောဓိညောင်ပင် အပါအဝင် သစ်ပင်များ ပတ်သက်ဆက်သွယ်ပုံ၊ ရဟန်းများ သစ်ပင်မခုတ်ရ ဝိနည်းပညတ်ပုံများကို အစခင်းပြီး ဘုရားက သစ်ပင်ခုတ်တာ မကြိုက်ဘူး ဆိုတဲ့ ဓမ္မကို ဖော်ပြပြီး မြန်မာနိုင်ငံ သစ်တောများ ပြုန်းတီးဖြုန်းတီးနေတဲ့ကိစ္စအတွက် အစိုးရကို တိုက်ရိုက်သတိပေး၍ လောကနှင့်ဓမ္မကို ဆက်စပ်ရေးသားပါတယ်။

'ကြာ' အက်ဆေးမှာတော့ ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ရဲ့ ကြာပန်းငါးခိုင် ဗုဒ္ဓဝင်ဇာတကနဲ့ ဒီပင်္ကရာဘုရားလက်ထက်တော်အထိ နောက်ကြောင်းပြန်ပါတယ်။ ကြာသင်္ကန်းအကြောင်းလည်းပါခဲ့ပြီးမှ ဗမာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှာ ကြာပန်းမလေ့ လောကီရေးများပါ ဆက်စပ်ပြပါတယ်။ 'အမှိုက်' အကြောင်း အက်ဆေးခေါင်းစဉ်ကို တွေ့ရတော့ အမှိုက်နဲ့ ဘယ်လိုတရားဓမ္မပြမလဲလို့ စိတ်ဝင်တစားဖြစ်မိပါတယ်။ အမှိုက်တရားမှာလည်း ဘုရားပန်း ပိုးမျှင်ကစတင်ပြီး အမှိုက်လှည်းခြင်း၊ စွန့်ပစ်ခြင်း၊ အကျိုးတရားငါးပါးရှိကြောင်း ကျမ်းဂန်က ထုတ်ပြလိုက်ပါသေးတယ်။ စံပြ ရဟန်းသံဃာတော်မြတ်ကြီး အရှင်သာရိပုတ္တရာရဲ့ အမှိုက်လှည်း အလေ့အထကလည်း ကြည်ညိုစရာ။ အောင်ဆန်းရာပြည့်ပွဲ အမှိုက်ကောက်သမား လူငယ်များကတော့ ချီးကျူးစရာ။ ဒါပေမဲ့ အမှိုက်လှည်းတာဟာ မင်္ဂလာတစ်ပါးလို့ ဒို့ဗမာတွေ သဘောမပေါက်သေးပုံကို ညွှန်းဆိုလိုက်ပြန်တော့လည်း အားပျက်စရာ။ 'လူသည် အမှိုက်မဟုတ်' လို့ တရားအဆုံးသတ်လိုက်လို့သာ တော်သေးတာပေါ့။ 'အမှိုက်သည် လူမဟုတ်' ဆိုလိုက်ရင်တော့ အမှိုက်က ဝမ်းသာအားရမလား၊ လူက ဝမ်းသာအားရမလား မဆိုတတ်တော့။

သဘောကျစရာတစ်ခု ထပ်တွေ့ရပြန်ပါတယ်။ အရှင်သုမင်္ဂလဟာ ဘောလုံးပွဲကိုလည်း အရောက်ကြွရောက်ပြီး မင်္ဂလာတရားကို တွေ့အောင်ရှာခြင်းပါပဲ။ ပြိုင်ဆိုင်မှုပြင်းထန်သော ဘောလုံးပွဲတစ်ခု၌ မတော်တဆ ထိခိုက်ခြင်းများ ရှိတတ်သတဲ့။ သူ့အလိုလို ခြေခေါက်လဲသွားတဲ့ ဘောလုံးကစားသမားတစ်ယောက်ကို သူပြိုင်ဘက်က လက်တွဲထူပေးခြင်းကို မင်္ဂလာထိုက်သည်လို့ လောကထဲက ဓမ္မကို မင်္ဂလသုတ်ထဲက ဓမ္မ၊ ကိုးခန်းပျို့ထဲက ဓမ္မတို့နဲ့ ပေါင်းစပ်ပြလိုက်တော့ လောကီလောကုတ် နှစ်မျိုးလုံး ဟုတ်သွားမယ်လို့ မျှော်လင့်ရပါတယ်။

ဗမာလူမျိုးများဟာ သူ့ဘာသာတရားရှိပြီးသားလို့ ထင်တတ်သူကများတော့ လောကုတ်ရေးထက် လောကီရေး ပြည်သူ့နီတိကို ပညာရေးတရားပြရတာ အလွန်ခက်ပါတယ်။ ဘုန်းတော်ကြီးများက တရားဓမ္မနဲ့ဆွယ်ပြီး ဟောပြမှ လောကီရေးမှာလည်း တရားကျလေ့ရှိပါတယ်။ ဒါ့ကြောင့် အရှင်သုမင်္ဂလတို့လို ရဟန်းသံဃာများက လောကဓမ္မရသစာစုများနဲ့ များများကြီး ဟောကြားရေးသားနိုင်လေ ကောင်းလေလေလို့ ယူဆမိတဲ့အပြင် အက်ဆေးရသစာပေ တိုးတက်ထွန်းကားရေးမှာလည်း အထူးအကျိုးပြုတာကြောင့် ဒီလိုစာစုမျိုးကို လည်း များများ ရေးသားထုတ်ဝေနိုင်ပါစေလို့ လောကဓမ္မ နှစ်ဝအကျိုးမျှော်ကာ နှိုးဆော် ပန်ကြားရကြောင်းပါဘုရား။ ■

**မောင်စွမ်းရည်**

*(စာဖတ်သူအများ*
*တောရှုံ့ထက် စစ်ကိုင်းရှုံ့*
*များသွားတာကို ခွင့်လွှတ်ပါ ခင်ဗျား)*



www.burmeseclassic.com

www.burmeseclassic.com

၁။

ဝတ္ထုထဲက ဇာတ်ကောင်တွေကို
စိတ်တိုင်းကျ ငိုနိုင်းရယ်နိုင်း
စိတ်မထင်ရင် အသေသတ်ပစ်
ဖြစ်စေချင်သလို ဖြစ်စေခဲ့တဲ့
စာရေးဆရာတစ်ယောက် ဝဋ်လည်ပြီး
ကိုယ်တိုင်သရုပ်ဆောင်ရမယ့် နေ့တစ်နေ့၊
အချိန်တစ်ချိန် ရှိလာနိုင်တယ်လို့ တစ်ခါမှ
မတွေးဖြစ်ခဲ့ဘူး။ ဒါပေမဲ့ အဲဒီ
မမျှော်လင့်ခဲ့တဲ့ နေ့တစ်နေ့က ၄၄
နှစ်လုံးလုံး လုံအောင် ပုန်းနေရာကနေ ၄၅
နှစ်ရောက်မှ ဘွားခနဲ ကိုယ်ထင်ပြတော့
ငယ်ငယ်တုန်းကလို(ဟာ··· တွေ့ပြီ တစ်၊
နှစ်၊ သုံး)လို့ ကုန်းအော်ချိန်၊ သံပုံး
ခေါက်ချိန်လည်း မရတော့ပါဘူး။
အို၊ နာ၊ သေ ဆိုတာထဲက
နာခြင်းဆိုတာကြီးက ‘ဟော့ကောင်
လာခဲ့’ဆိုပြီး နားရွက်တံတွေးဆွတ်၊
တရွတ်တိုက်ပွတ်ဆွဲ လက်ရဲ ဇက်ရဲ
ဖမ်းခေါ်သွားလိုက်တာ ၅ သိန်းပေးမှ
လွတ်မယ်ဖြစ်ကရော။ ကျုပ်
တော်တော်ကြီးကို လန့်သွားတယ်။
ခုတော့ ကျုပ်ကိုယ်တိုင်
ဇာတ်လိုက်ဖြစ်ကရော။
ကံဇာတ်ဆရာကလည်း
ပြုံးပြုံးလေးပါပဲ

# လူမဲ့ရာ

**အောင်ဖြိုးကျော် (မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(စာရေးဆရာဆိုတာ မင်းလားကွ၊ ကိုင်း…က,နိုင်အောင်က,တဲ့)။ ဆေးရုံ ဆိုတဲ့ ဆိုင်းဝိုင်းကြီးကလည်း (ပလို့ဂျီ)ဆို တန်းအချက်ပြတာ။ ခြေရောလက်ပါ မြှောက်ချိန်တောင် မရလိုက်ဘူးရယ်။

အဲဒီထဲက ဆေးရုံဆိုင်းနဲ့ အကတိုက်ဖို့ ပြင်ရတော့တာပါ။

ရက်ချိန်းတွေယူကြ၊ ညှိကြ၊ ချိန်းကြ၊ တိုက်ကြ၊ စည်းချပ်ချပေါ့။

❑

၂။

ရွေးကောက်ပွဲမှာ အနိုင်ရပြီးကတည်းက ဘယ်နေ့လွှတ်တော်တက်ရမှန်း မသိသေးတဲ့ အမတ် မဖြစ်တဖြစ် သူငယ်ချင်းက သံယောဇဉ်ကြီးရှာပါတယ်။ သတင်းကြားတာနဲ့ သူ့ကားနဲ့ ကျားခနဲ ရောက်လာတာပါပဲ။

'လုပ်စရာတွေ အများကြီး ကျန်သေးတယ်၊ ဆရာ သေလို့ မဖြစ်ဘူး၊ ထ,လိုက်ခဲ့'

ဖွတ်လုပ်တော့ ကျုပ်ငြင်းပါသေးတယ်။ ရပါတယ်ကွာ ဖြစ်ပါတယ်ပေါ့။ မောရိယမန်းဆေးလေး၊ ညှော်ခံအောင်သောက်၊ ဆရာမောင်ဆေးနီမှုန့်လေးနဲ့ ချွေးထုတ်၊ ငါလုပ်နေကျပေါ့။ မရဘူး။

သိန်းဘယ်လောက်တန်မှန်း မသိတဲ့ သူ့ကားပေါ် မိန်းမခိုးသလို ဆေးရုံကြီးပြင်ပလူနာကုဌာနကို ကားတင်ပြေးတာပေါ့။ သူ့လိုပဲတာဝန်ကျတဲ့ ဆရာဝန် မဖြစ်တဖြစ်လေးက ကျုပ်ဗိုက်လှန်ပြီး ဟိုဖိဒီဖိလုပ်တော့တာပဲ။ အားခနဲ အော်မှရပ်တယ်။

**ကျုပ်မှာ မျက်နှာ ဘယ်နား သွားထားရမှန်း မသိပေမဲ့ ဒေါက်တာမမ ချောချောနဲ့ နာ့စ်မ နှစ်ယောက် ချောချောကတော့ ရှော့ပင်းမောလ် ထွက်သလိုပဲရယ် အေးဆေးပေါ့ သောက်ဆေး သုံးကတ်နဲ့ ဆေးဖြူတစ်ထုပ် ပေးတယ် တစ်နေ့ သုံးကြိမ်တဲ့**

အမှန်က နာလို့ မဟုတ်ဘူး၊ ယားလို့။ ဗိုက်ကနာတာတော့ နာပါတယ်။ ဝမ်းကိုက်သလို စစ်စစ်နာတာ။ ဒါလည်း ဗိုက်နာတာပဲ။ ဘယ်လို ခွဲပြောမတုံး။ ဆရာဝန် မဖြစ်တဖြစ် ကောင်လေးက မေးချင်တာမေးပြီး တကယ်ဖြစ်နေတယ်၊ ခွဲစိတ်ဆရာဝန် ဆေးခန်း တန်းလွှတ်တာ။ ကားနက်ကြီးစီးပြီး လျှောခနဲ ရောက်တာပေါ့။ ကျုပ်ကတော့ ဗိုက်နာတဲ့ကြားက ရယ်တာပါပဲ။ ဆရာဝန်တွေက ဟိုကောင့်ကို အမတ်မှန်းတောင် သိ,မထင်ဘူး။

❑

၃။

အဲဒီနေ့က ရဲစခန်းတိုက်တန်းက ရောဂါရှာဖွေရေးဆေးခန်းမှာ နေဝင်းဖျိုးဖျမှ ရိုက်ဟယ်၊ စစ်ဟယ် ပြီးတယ်။ 'ရေအဝ,သောက်၊ ဆီးအောင့်ထား'ဆိုပြီး ခံစားရတဲ့ ကနဦးအတွေ့အကြုံကိုက စကတည်းက ယဉ်သကိုပေါ့။ အဲဒီက စာရွက်တွေယူ၊ ခွဲစိတ်ဆရာဝန်ဆီ ပြန်ပြေး။ ဒေါက်တာမမက နောက်နေ့ ပုဂ္ဂလိက ဆေးရုံမှာ လာပြဖို့ ချိန်းတယ်။ ဒေါက်တာမမက ဖြူဖြူသွယ်သွယ်ပါ။ နှစ်လိုဖွယ်အပြုံးနဲ့။

စာရေးဆရာဆိုပြီး အထင်ကြီးတဲ့ လူတွေကို တစ်ခါတလေ ကျုပ် တကယ် အံ့ဩတယ်။ ကျုပ်က စိတ်မဝင်စားရင် လုံးဝ လှည့်မကြည့်ဘူး။ ကျုပ် စိတ်မဝင်စားဆုံးက ကျုပ်ကိုယ်ကျုပ်ပဲ။ တစ်သက်လုံး ကျုပ်ကိုယ် ကျုပ် ပစ်ထားခဲ့တာဗျာ။ ဒါဆို ဆေးရုံဆေးခန်း မရောက်ဖူးဘူးလား မေးစရာရှိတာပေါ့။ ရောက်ဖူးတာပေါ့ဗျာ။ လူနာမေးလေ။ လူများ မေ့တတ်ပုံပြောပါတယ်။

ငါလည်း တစ်နေ့ ဒီလူတွေလို ဆေးရုံများတက်ရမှာလားလို့ ယောင်လို့လည်း မတွေးမိဘူး။ ယမ်းလို့လည်း မတမ်းမိဘူး၊ မှန်းလို့လည်း မမျှော်ဘူး။ သံမဏိပေါ့လေ။ ဒီလိုနဲ့ ရောဂါရှာဖွေရေးကနေ ဆရာဝန်၊ ဆရာဝန်ကနေ အပြင်ဆေးရုံ ဆိုတာကြီးကို ကားက ဆက်ပြေးတယ်။ ဒေါက်တာမမက အပြုံးချိုချိုနဲ့ ကြိုပါတယ်။ ဆေးစာရွက်တွေ ကြည့်တယ်။ ဆရာဝန်ဆိုပြီး နဖူးတွေ ဒူးတွေမှို ယုံရတာပါ၊ သူတို့ရေးတဲ့ အင်္ဂလိပ်စာလက်ရေးက ကျုပ်ဘေးအိမ်က နှစ်တန်းကျောင်းသား၊ ဆိတ်ချေးဆိုတဲ့ ကောင်လောက် ကောင်းတာ မဟုတ်ဘူး။

'အသည်းရောင်နေတယ်။ ဆီးချိုရှိလား၊ သွေးချိုရှိလား၊ သွေးတိုးရှိလား'

မေးခွန်းက ရိုးရိုးလေးပါ။ ဒါပေသိ ကျုပ်မယ် ဖြေရခက်တယ်။ တစ်သက်နဲ့တစ်ကိုယ် ဖျားဖျားနာနာ ရှာက ဝမ်းဆွဲဆရာမ၊ ကျန်းမာရေးမှူးနဲ့ ပြီးခဲ့တဲ့ကောင်ဆိုတော့ သိတယ်မဟုတ်လား။ ခုမှ ကြားဖူးတာပေါ့။ ဒါတွေသိအောင် စစ်ဟယ်၊ ဆေးဟယ် ခုချိန်ထိ မလုပ်ခဲ့ဖူးပါဘူး။

'ဝမ်းသွားရင် သွေးပါလား'

'ပါတယ် ဆရာမ'

'ဝေါ်ခနဲ ပန်းတာလား၊ တစ်စစ်စစ် တစ်စက်ချင်းလား'

'စစ်စစ် စစ်စစ်ပြောပါတော့၊ ဗိုက်ကလည်း စစ်စစ်နာတယ်'

'ဘယ်နှရက်ရှိပြီလဲ'

'သုံးရက်'

ကျုပ်စကားဆုံးတော့ ဟိုဘက်လှည့်၊ ဒူးကွေး တစောင်းအိပ်ခိုင်းတော့တာပဲရယ်။ ကျုပ်မလည်း ဘုမသိဘ,မသိပေါ့။ မိဆိုင်ဖဆိုင်တွေတောင် တ,ချိန်မရလိုက်ပါဘူး။ အဲဒီတော့ ဘုမသိဘ,မသိဘဲ နေလိုက်ကြပေါ့။ စာပေစိစစ်ရေးကို မလွှမ်းပေမဲ့ ဒီအခန်းတော့ ကဒ်ပေါ့။

ကျုပ်မှာ မျက်နှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

နား သွားထားရမှန်းမသိပေမဲ့ ဒေါက်တာမမချောချောနဲ့ နှစ်မနှစ်ယောက်ချောချော ကတော့ ရှေ့ပြင်းမောလ်ထွက် သလိုပဲရယ်။ အေးဆေးပေါ့။ သောက်ဆေး သုံးကတ်နဲ့ ဆေးဖြူတစ်ထုပ် ပေးတယ်။ တစ်နေ့ သုံးကြိမ်တဲ့။ နောက် တစ်နေ့ အစီအစဉ်က ဆေးရုံ လာတဲ့အထိ အစာမစားရ၊ ရေတောင်မသောက်ရတဲ့။ ဆေးရုံဆိုင်းက လက်ဖွေ့ပွဲ တီးလုံးလို မိန်းမောင်း မတိုက် သေးဘဲ မောင့်နောင်မောင့် နောင် လုပ်လွှတ်လိုက်တော့ အပြန်လမ်းမှာ ကားပေါ်က မြင်နေရတဲ့ ဆေးရုံနာမည်က ချမ်းမြေ့တဲ့။

ဒီပုံစံနဲ့ ကျုပ်မှာ ဘယ်ကလာ ချမ်းမြေ့နိုင်ပါ့မတုံးဗျာ။

❑

၄။

ဆိုတော့ကာ မချမ်းမမြေ့နဲ့ဘဲ ကျုပ် နောက်နေ့ ချမ်းမြေ့ ပြန်ရောက်တာပေါ့။ အမှန်က ကိုယ့်ဘာသာ မချမ်းမြေ့တာပါ။ အကုန်လုံး က ဖော်ဖော်ရွေရွေပါပဲ။ သန့်ရှင်းရေးကအစ ဝန်ထမ်း တွေအကုန်လုံး ပြုံးလို့။ အလွယ် ဥပမာပေးရရင် ကိုရီးယားဇာတ်ကားထဲက ဆေးရုံကို ရောက်နေသလို ပါပဲ။

'မလိုက်ချင်တော့ဘူး' လို့ ကျုပ် အတင်းငြင်းပေမဲ့ ကိုသက်နဲ့ ဟန်ဇော်က အတင်းကြီးခေါ်တာဆိုတော့ မလွဲသာ မရှောင်သာ ပါလာတာပါ။ ကားပေါ်မှာ မနေ့က အခန်းထဲက အဖြစ်တွေပြန်ပြောရင်း 'ရောဂါနဲ့ မသေ

ပေါင်းလောင်း
ပွင့်သွားတဲ့
ပါးစပ်တွေက
ကျုပ်
မျက်ဝန်းတွေကို
ဝိတ်စေ
လိုက်တယ်
ဖြိုင်တူ
သက်ပြင်းချတဲ့
လေတွေအဟက်ကို
ကျုပ်နှလုံးအိမ်
ပါးပါးက
တိုးတာ
မခံနိုင်ဘူး
တလှပ်လှပ်နဲ့

ဘူး၊ ကျုပ် ရှက်လို့သေလိမ့်မယ်'လို့ ပြောတော့ ကားရပ်ပြီး ရယ်လိုက်ကြတာ ခိုခိုခိုခို ဟိဟိဟစ်ဟစ်တွေဖြစ်လို့။ ကျုပ်မယ် မနည်း ဟန့်ယူထားယူရတယ်။

ကိုင်း··· ပြန်ရောက်ပြီပေါ့။

ကျုပ်မှာ မျက်နှာကို ခပ်တည်တည်လုပ်နေရပေမဲ့ စိတ်ကတော့ တကယ်မလုံလှဘူး။ ချောချောလေးတွေကို ချောချောမောမောကို မကြည့်ရဲတာ။ အဲဒီနေ့ ဇာတ်လမ်းက ပိုကြမ်းတယ်။ ဆေးရုံဆိုင်းက စကတည်းက ဖေဖို့တူးပေါင်လုပ်တော့တာပဲရယ်။

ဝမ်းသုံးခါချပြီး အဏုမြူရောင်ခြည်သင့်နိုင်သည်လို့ ရေးထားတဲ့ အခန်းထဲ သွင်းတော့တာပဲ။ စာမှန်သမျှ ဖတ်တဲ့အကျင့်ကလည်းရှိနေတော့ အဏုမြူဆိုတာ မြင်ကတည်းက ပြန်ပြေးရင်ကောင်းမလား လို့လည်း စဉ်းစားသေးတာ။ ဒါပေသိဗျာ။ ပေါက်တဲ့နဖူး မထူးပါဘူးဆိုပြီး စိတ်နှလုံး တုံးတုံးချလိုက်ရတယ်။ ချာတိတ်နှစ်ယောက်၊ ဓာတ်မှန်ဆရာ၊ အနီအပြာနဲ့ ကျုပ် လူနာ စက်တွေ ရှုပ်နေတဲ့ အခန်းထဲမှာ ဘယ်လွှမ်းရမှန်း မသိဘူး။ နောက်တော့ သိသမျှ ဆရာဝန် စာရေးဆရာ၊ ဆရာမတွေကို အကုန်တ,မိတော့တာပဲ။ ဆရာမ မသီတာရဲ့ မြင်လှည့်ပါဦး၊ ဆရာ ညိုထွန်းလူရဲ့ ကြည့်လှည့်ပါဦး၊ ဂျူးလည်း အမှတ်ရ၊ စာပေဟောပြောပွဲမှာ အတူ ပြောဖူးတဲ့ ကလေးဆရာဝန်ကြီး ဒေါက်တာရဲကို အမှတ်ရ၊ အဲဒီကနေ ခွေ့ခံ့မှာ ကလေး မွေးပေးနေတဲ့ ဖုန်းထဲက ဖေဦးယျာကို ဆက်တ, မလို့ လုပ်နေတုန်း–

'အိပ်၊ ဟိုဘက်လှည့်၊ ဒူးကွေး'

အသံက တိုးတိုးလေးပါ။ ဒါပေမဲ့ ကျုပ်နားထဲတော့ မိုးပေါက်သလိုပဲရယ်။ ဒီတစ်ခါ တ,စရာက ဘုရားပဲ ကျန်တော့တယ်။ အင်း··· သမ္မုဒ္ဓေ့ အစက ဘာပါလိမ့်···'

'စိတ်ကိုတင်းမထားနဲ့ ဆရာရဲ့ လျှော့လျှော့'

အနီဝတ် ဆရာမချောချောလေးက ကျုပ်ကို ကလေးချော့သလို ချော့ရှာတာပါ။ ဒါပေမဲ့ သိစိတ်ထဲကတော့ 'ငါ့စိတ်တွေတင်းနေတာ ညည်းတို့ရှိလို့ပေါ့အေရဲ့' လို့ စကားနာထိုးနေတာပါပဲ။ အတွေထဲ ဆေးရည်တွေ ဝင်နေမှန်းတော့ စိတ်က သိသပေါ့။ အဆင်မပြေလိုက်ပုံများဗျာ။ ဆေးရုံဆိုင်းက မိန်းမောင်းသာတိုက်နေတာ ကျုပ် လူနာက တစ်ချက်မှ ထ,ပြီး လက်ဖွေ့ရေးပြနိုင်တာ မဟုတ်ဘူး။ ဒီအတိုင်းဆို အလကား ရထားတဲ့ လက်ဖွေ့ပွဲလက်မှတ်ကလေးနဲ့ လက်ဖွေ့ပွဲက ကြည့်ရတော့မှာ မဟုတ်ဘူး ဆိုပြီး စိတ်တွေက ဟိုရောက်၊ ဒီရောက်ပေါ့။

'ရပြီ၊ ရပြီ ပက်လက်ပြန်လှန်'

အဲဒီလိုနဲ့ အပေါ်က ငုံ့ကြည့်နေတဲ့ ဘုလုံးကြီးအောက် ပက်လက်၊ မှောက်လျက်၊ ဘေးတိုက်မော်ဒယ်လ်တွေလို မလှုံ့တလှုံ့ ဓာတ်ပုံရိုက်ပြီးတော့ လူက ဆတ်ဆတ်တုန်နေပြီ။ ဆောင်းကာလမို့ ဆေးရုံ အဲယားကွန်းက ပျပျလေး ပေးတာပါ။ ကျုပ်တုန်တာ ရှက်တုန်၊ ကြောက်တုန်။ နောက်မှ ဟယ် မိန်းကလေးဖြစ်တဲ့ မော်ဒယ်လ်မတွေ တောင် ရေကူးဝတ်စုံနဲ့ ကိုယ်ဟန်ပြရသေးတာ။ ငါက ယောက်ျားပဲဆိုပြီး ကောင်မလေးတွေ အတုယူအားကျမှ သတ္တိတွေ လက်တစ်ဆစ်စာ ပြန်ရတယ်။

TV ထဲကပုံတွေ ဝိုင်းကြည့်နေကြလို့ ကျုပ်ကို ဘယ်သူမှ အမှတ်မရကြပါဘူး။

'အဆင်မပြေတူး



www.burmeseclassic.com

www.burmeseclassic.com

မှာ ဆေးမနှံ့ဘူး။ ဒီတစ်ခါ လေဖိအား သုံးမယ်'

ခတ်မှန်ဆရာ ပြောသံအဆုံးမှာ ဘယ့်နှယ်ပြောပါလိမ့်ဗျာ။ ကျုပ်ဘဝတစ်သက်မှာ ဒီတစ်ကြိမ်၊ ဒီအချိန်ဟာ မျက်နှာအငယ်ရဆုံးပေါ့။ ဒီတစ်ခါ ကျုပ် တ,မိတာက ကွမ်းယာ၊ ဆရာ့စားပွဲပေါ်က ကွမ်းထုပ်ကို တ,မိတော့တာပေါ့။

'ဆရာ ကျွန်တော့်ကို ကွမ်းတစ်ယာ ကျွေးပါ'

လှုပ်ရှားလွန်းနေတဲ့ စိတ်ကို ငြိမ်အောင်ထိန်းဖို့ ဒီဆေးနည်းဟာ အကောင်းဆုံးဆိုတာ လူနာဖြစ်တဲ့ ကျုပ်သာ အသိဆုံးရယ်။

'မဖြစ်ဘူး၊ X-ray ရိုက်နေတာ အူထဲမှာ ရေတောင်ရှိလို့ မရဘူး'

အပြာဝတ်ဆရာမ အသံက ခပ်ဆတ်ဆတ်ထွက်လာပေမဲ့ မာန်တာမဟုတ်ဘူး။ စိုးရိမ်တကြီး ဟန့်တာ၊ တားတာ။ ခတ်မှန်ဆရာက သွေးပျက်နေတဲ့ ကျုပ်မျက်နှာကြည့်ပြီးမှ ကွမ်းတစ်ယာ ထုတ်ပေးတယ်။

'မျိုချလို့မရဘူးနော်' လို့ သတိပေးတယ်။ ထုံးစံအတိုင်း စောင်းအိပ်၊ ဒူးကွေးပေါ့။ လုပ်ကြကိုင်ကြပေါ့။ ဘဝမှာ မြုံ့ခဲ့ရတဲ့ ကွမ်းယာတွေထဲမှာ ဒီကွမ်းယာ အရသာအရှိဆုံးပဲ။ ဘယ့်နှယ် ပြောပါလေ့ဗျာ။ အဆင့်မြင့်ဆုံး လူနာပေါ့။ ကွမ်းမစားရလို့ စာတွေ နေရာအနှံ့ရေးထားတဲ့ ဆေးရုံကြီးထဲမှာ ဒူးကလေးကွေးအိပ်၊ X-ray ခန်းထဲမှာ ကွမ်းယာလေး တမြုံ့မြုံ့ မြုံ့ပြီး လူနာဖြစ်ရတဲ့

ရွာက
သချ်ာပညာက
ရှင်းရှင်းလေးပါ
အင်မတန်
ရိုးပါတယ်
ခေတ်ကြီးထဲမှာ
ရိုးလွန်းတော့
အ,ကျန်
ခဲ့တာတော့
ကျုပ်သာ
အသိဆုံးပါ

အရသာ လွယ်တာမှတ်လို့။

စိတ်ကပြောင်းသွားတယ်။ ကွမ်းယာတန်ခိုးနဲ့ သူတို့လည်း လုပ်ရကိုင်ရတာ အဆင်ပြေပုံ ကျပါတယ်။ ဒါပေမဲ့ ဘောလုံးနှိပ်ပြီး ဆေးတွေ အချက်ရေသွင်းမှ ပြဿနာက စ,တာဗျို့။ တစ်၊ နှစ်၊ သုံးနဲ့ အချက်ရေလိုက်ကြတာ ၁၅ နဲ့ ၁၈ ကြားမှာ ဘယ်နေရာမှားမှန်း မသိဘူး။ တစ်ယောက်က ၁၆ တဲ့၊ တစ်ယောက်က ၁၇ တဲ့။ ကျုပ်က လောင်းကစား လုံးဝကင်းတဲ့ကောင်ပါ။ ရွာပြန်မှ ဘုန်းကြီးကို အတိတ်စိမ်းပေးဖို့ ၁၆ R, ၁၇ R ဆိုတာတွေကိုဖြစ်လို့။ ကျုပ်ဗိုက်တော့ ပူဖောင်းလို ပူလို့ဖောင်းလို့ပေါ့။

'ဆရာ ဘယ်နှချက်နှိပ်ရမှာတုံး'

'နှစ်ဆယ်'

'ကြားချလိုက် ၁၆ ထား၊ ၄ ချက်ဆက်နှိပ်'

အသံတွေသာ ကြားနေရတာ။ ကျုပ်မယ် မြင်ရတာမဟုတ်ဘူးရယ်၊ ၁၉ အရောက်မှာ ဗိုက်ဆီက ဖျစ်ခနဲ မြည်သံကြားရသလိုပဲ။

'ဟာ… ရပ်၊ ရပ် ဗိုက်ကွဲထွက်တော့မယ်'

ကျုပ် အလန့်တထိတ်အော်သံအဆုံးမှာ နောက်က အဖွဲ့တွေဆီက ရယ်သံက သောခနဲပဲ။ ကျုပ်လည်း ရောယောင် ရယ်မိတော့တာပေါ့။ လူပဲ ဘာသားနဲ့ ထုထားတာမှတ်လို့။

'အယ်… ဆရာ၊ မရယ်နဲ့လေ၊ မရယ်နဲ့'

အနီမလေးက အထိတ်တလန့် သတိပေးပြီး သူ့လက်ဖဝါးနုနုလေးနဲ့ ကျုပ်ပါးစပ်လာပိတ်တယ်။ ဘယ်ကလာ မွှေးလိမ့်မတုံး၊ ဆေးစော်ကိုထောင်းလို့။ အချိန်မမီပါဘူး။

'ဟာ… ပြန်ထွက်ကုန်ပြီ၊ ပြန်ထွက်ကုန်ပြီ'

ချာတိတ်တစ်ယောက် လန့်အော်သံအဆုံးမှာ တစ်ဖွဲ့လုံး အုန်းခနဲ ရယ်လိုက်ကြတာ လူနာနဲ့ ဆရာ ဆေးကုတာနဲ့ မတူပါဘူး။ နွေးနွေးထွေးထွေး မိသားစုလေး ပျော်ပွဲစားထွက်နေသလိုပါပဲ။ အားရအောင်ရယ်ပြီးကြတော့မှ ခတ်မှန်ဆရာက ကျုပ်ကို ပြုံးပြုံးကြီးကြည့်ပြီး ပြောတယ်။

'ကိုင်း… တစ်ကနေ ပြန်စ,မယ်၊ ဒီတစ်ခါ မရယ်ကြကြေး'တဲ့။

❑

၅။

အချိန်က အတော်ကြာတာဆိုတော့ အခန်းအပြင်ဘက်ပြန်အရောက်မှာ ကိုသက်နဲ့ ဟန်ဇော်လည်း မျက်နှာလေးတွေကို ငယ်လို့။ စိုးရိမ်နေကြတာ။ ခတ်မှန်လေးနှစ်ချပ်၊ စာရွက်လေးက နှစ်ရွက်၊ ကောင်တာမှာ ငွေအပ်ပြီး ဒေါက်တာမမဆီ ပြန်ချီတက်ရတယ်။ ဆရာဝန်မမကလည်း အပြုံးနုနုလေးနဲ့ ကြိုပါတယ်။ လူနာမှတ်တမ်းစာအုပ်မှာ အပြုံးရေးရေးလေးနဲ့ ခွဲစိတ်ရက်ယူရန်ဆိုပြီး ရေးတော့တာပါပဲ။

'ချမ်းမြေ့မှာခွဲရင် ၅ သိန်းလောက်ကုန်မယ်၊ သိပ်မကြာပါဘူး တစ်ပတ်ပဲ'

မှားပြီလို့ စိတ်က ချက်ချင်းသိလိုက်တယ်။ ဟန်ဇော်ကားအကောင်းကြီးနဲ့ သူမဆေးခန်း လှမ်းခဲ့တဲ့ ကျုပ်ကို ကားနဲ့လူနာ ဆရာမ တွဲပြီး မှားတော့တာပေါ့ဗျာ။ ကျုပ်က အဝတ်အထည်ရောင်းစားရတဲ့ကောင်ဆိုတော့ မင်္ဂလာဈေးမှာ ကုန်ဝယ်သလို ၃ သိန်းထားဗျာ ဆရာမလို့ ဈေးဆစ်ကြည့်ဖို့ မထော်မင့်စိတ်ကူးတွေ ရှေ့ရောက်လာသေးတာ။

❑

၆။

ညရောက်တော့ ရွာက လူတွေနဲ့ အမျိုးတွေ ကျုပ်ဆီ ပုံလာကြတယ်။

ရွာလေ့ ရပ်လေ့က ဒီလိုပါပဲ။ ဆေးရုံ…က်ပဟဲ့



www.burmeseclassic.com

www.burmeseclassic.com

အသံကြားတာနဲ့ မေးကြမြန်းကြပေါ့။ မေးပုံတွေကလည်း ကြည့်ဦး။

'ဘာတွေ လုပ်ရကိုင်ရသာဒုံး ဖိုးဆေးရဲ့၊ ဘယ်လောက်ကုန်ခဲ့ဒုံး'

ဒါက အရီးတစ်ဝမ်းကွဲ မေးဟန်။

'ချမ်းမြေ့မှာလား၊ အစိုးရဆေးရုံမှာလား။ ဓာတ်မှန်နှစ်ချပ်စာက ဘယ်လောက်ကုန်သာဒုံး'

ဒါက အဒေါ်နှစ်ဝမ်းကွဲ မေးသံ။

'ဆေးရုံမှာ ဆေးတွေ အလကားရနေဘီဆို၊ အရင်ကလို မကုန်တော့ဘူးဆို'

ဒါက အစ်ကို နှစ်ဝမ်းကွဲရဲ့ မျှော်လင့်တကြီး၊ အားကိုးတကြီး တောင့်တသံ။

ကျုပ် စိတ်ထဲမလဲ မသက်သာတော့ဘူး၊ ဒီလူတွေ လာမေးနေပုံက ကျုပ် ကျန်းမာရေးထက် ကုန်ကျစရိတ်ကို ပိုစိတ်ဝင်စားပြီး ရောက်လာကြတာ။ မနည်းကြီး လှည့်ပတ်မေးမှ ကျုပ်လို ရောဂါဖြစ်နေတဲ့လူတွေက ရွာထဲမှာ ၁၀ ယောက်တောင် ရှိသတဲ့။ အားလုံးသိချင်တဲ့ မေးခွန်းကို အရီးကြွက်က အဆုံးသတ်တယ်။

'ဘယ်လောက်ကုန်မယ် ပြောလိုက်သဒုံးကွ'

ကျုပ် ချက်ချင်း အသံမထွက်နိုင်ဘူး၊ စိတ်ဝင်တစားတောက်ပြောင်နေတဲ့ မျက်ဝန်းတွေကြည့်ပြီးမှ -

'၅သိန်းတဲ့'

ဟောင်းလောင်းပွင့်သွားတဲ့ ပါးစပ်တွေက ကျုပ်မျက်ဝန်းတွေကို ပိတ်စေလိုက်တယ်။ ပြိုင်တူ သက်ပြင်းချတဲ့လေတွေဒဏ်ကို ကျုပ်နှလုံးအိမ် ပါးပါးက တိုးတာမခံနိုင်ဘူး။ တလှပ်လှပ်နဲ့။

စာမျက်နှာက ဖမျက်နှာ အကိုက်ပါ။ ဝတ္ထုတိုတစ်ပုဒ်အနေနဲ့ ဒီနေရာမှာ ဖြတ်ရင်ရပြီပေါ့။ ဒါပေမဲ့ စာရေးဆရာ ကျုပ်ကိုယ်တိုင် သရုပ်ဆောင်ခဲ့ရတဲ့ ဒီဇာတ်လမ်းက ရင်နင့်ကြေကွဲဖွယ်ရာ တကယ့်အဖြစ်နဲ့ နောက်တစ်ခန်း ဆက်ရပြန်တယ်။ ကိုယ်တွေ့ဆိုတော့ ဟန်ဆောင်မှုမပါသလို တကယ်အသက်ဝင်ခဲ့တာပါ။ ကျုပ်သွေးတွေ တောင် တိုးတယ်။ အရက်သောက်လို့ မဟုတ်တာလည်း သေချာတာပေါ့။

ကားကြိုပို့လုပ်တဲ့ အမတ်က နေပြည်တော်ကို သင်တန်းတက်သွားရသလို အလုပ်များနေတဲ့ ပရဟိတအသင်းက ကလေးတွေလည်း ဒုက္ခမပေးချင်တော့ဘူး။ ဆေးရုံက အသိတစ်ယောက်ဆီ ဖုန်းဆက်ပြီး ကိုယ့်နည်းကိုယ့်ဟန် ရုန်းကန်ဖြစ်တယ်။

'ဆရာဝန် ပြပြီးပြီလား အစ်ကို'

'အင်း'

'ခွဲဖို့ပြောလား'

'ပြောတယ်၊ လာတက်ရင်ဖြစ်လား'

'အပြင်ဆေးရုံပဲ ဆရာရယ်၊ ပိုက်ဆံရှိ ဘယ်အချိန်တက်တက် ရတာပေါ့'

ဒီအခန်းက တိုပါတယ်။ ခွဲရက်ကို အသိတွေနဲ့ တိုင်ပင်ပြီး ၂၆ ရက် သတ်မှတ်၊ ဆရာမ အဖြူရောင်(ရွှေ)ဆီ ဖုန်းဆက်တော့ ဆရာဦးဝင်းငြိမ်းပါ မနေသာဘဲ လိုတဲ့ငွေက ကမ္ဘောဇဘဏ်ကို လေထဲကနေ ဖက်စ်ကြေးနန်းစီးပြီး ၂၅ ရက် ဒုတ်ဒုတ်ထိ ရောက်သာပါပဲ။ ခွဲရက်ကို ၂၆ ရက် ကိုယ့်ဘာသာသတ်မှတ်ပြီး ဘဏ်ကထွက်၊ ရွာပြန်ခရီးကို ဆက်ခဲ့ပေမဲ့…။

❑

၇။

စောင့်နေကြတဲ့ လူစုလူဝေးက မနည်းဘူးပေါ့။ စာရေးဆရာဖြစ်ပြီးကတည်းက အားကိုးတကြီးရှေ့ကတင်ပြီး ရွာရပ်ပြဿနာတွေရှင်းပေးဖို့ လူမိုက်ငှားပြီး ခဏခဏ အသုံးချတာဆိုတော့ လူစုရင် အခြေအနေကို ကျုပ်အားမရချင်တော့ဘူး။

'အရီးတို့ ကျုပ်ကိုစောင့်နေကြတာလား'

'အေး… သလိုကွာ၊ မင်းကုရင် ဆေးရုံကြီးမှာ အရင်တက်ပြီး ရွာက ကုစေချင်တယ်။ အဲသာမှ မင်းက ဘယ်သွားရ၊ ဘယ်လာရ၊ ဘယ်ပြရဆိုတာတွေ နည်းယူပြီး ဘယ်လောက်ကုန်ဒယ်ဆိုတာသိမှ ကျန်ဒဲ့လူတွေက ရှိတာလေးနဲ့ ချိန်ဆပြီး ကုဖို့ သဖို့ တွက်လို့ချက်လို့ရမှာ'

ရွာက သချ်ာပညာက ရှင်းရှင်းလေးပါ။ အင်မတန် ရိုးပါတယ်။ ခေတ်ကြီးထဲမှာ ရိုးလွန်းတော့ အ,ကျန်ခဲ့တာတော့ ကျုပ်သာအသိဆုံးပါ။

❑

၈။

နောက်နေ့ ဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနမှာ ဘဝတူတွေနဲ့ အတူထိုင်စောင့်ရင်း တာဝန်ကျဆရာဝန်၊ ဆရာမတွေက လူနာတွေကို တရင်းတနှီး ဖေးမ,ကူညီနေကြတာ မြင်ရပါရဲ့။ အားလုံးပြီးမှ အပေါ်ထပ်က ခွဲစိတ်ဆောင်အခန်းကို ကျုပ်ကို ခေါ်သွားကြတယ်။ ကျုပ်ရှေ့က အဘိုးကြီးကလည်း ကျုပ်လို တစ်ယောက်တည်းပါပဲ။

ရွာရပ်အတွက် အစမ်းသပ်ခံလူနာအဖြစ် ဆေးရုံကြီးလက် ဝ,ကွက်အပ်ဖို့ ကျုပ်လာခဲ့ပုံနဲ့တော့ မတူနိုင်ဘူးပေါ့။

'အဘက အသက်ကြီးနေပြီ၊ အသေးစိတ်ခွဲရမှာဖြစ်လို့ ကျွန်မတို့ ပခုက္ကူဆေးရုံမှာ ခွဲစိတ်ကိရိယာတွေ မစုံပါဘူး။ အသက်အန္တရာယ်စိတ်ချရအောင် မန္တလေးဆေးရုံကို လွှဲရတာပါနော် အဘ'

မချိပြုံးလေးနဲ့ ထွက်သွားတဲ့ အဘိုးကြီးကို သနားသလို ဆရာဝန်ဖြစ်ပါလျက်နဲ့ ဆင်းဆင်းရဲရဲ ဆေးရုံကို ထဘီအကွဲနဲ့ ဂျူတီဝင်ရတဲ့ ဆရာဝန်မ ညိုချောလေးကိုလည်း သနားတယ်။ မယုံမရှိနဲ့ဗျ။ သူ့ထဘီအောက်နား တစ်ထွာလောက်ကွဲပြီး ပြဲနေတာ ခြေသလုံးသားလေးကို ဝင်းနေအောင် မြင်ခဲ့ရတယ်။

ကျုပ် စာရွက်တွေ၊ ဓာတ်မှန်တွေ ယူကြည့်တဲ့ ဆရာဝန်လေးကလည်း ဆေးဆေးသိမ်မွေ့ပါတယ်။

'သွေးပါတာရော ရပ်သွားပြီလားဆရာ'

'အင်း'

'ဆေးတွေ ဆက်သောက်။ အရက်၊ ပူတဲ့စပ်တဲ့ အစားအသောက်တွေ ဆင်ခြင်ပါ'

'ဟုတ်'

'ရွာမှာ ဘာလုပ်လဲ'

www.burmeseclassic.com

'အစုံပေါ့၊ ထော်လာဂျီ မောင်းတယ်၊ ပန်းရန်လက်သမား၊ တောလုပ်တောင်လုပ်'

'ဒီထဲမှာ ခွဲရက်ပေးလိုက်တယ်။ ဆေးရုံကြီး ခွဲခန်းက အမိုးတွေပြင်ပြီး ပိုးသတ်နေလို့ တစ်ပတ်၊ ၁၀ ရက် ကြာဦးမှာ။ ကြားထဲမှာ သွေးပြန်ပါရင် ကျွန်တော်တို့ ပြင်ပလူနာကုဌာနကို အချိန်မရွေး ပြန်လာပါ'

ဒီသတင်းက အမှန်ပါ။ သိပ်မကြာခင် ပရဟိတအသင်းအားလုံးက လူနာတင်ကားတွေကို ဆေးရုံအုပ်ကြီးက အကူအညီတောင်းပါတယ်။ အရေးပေါ် ခွဲစိတ်လူနာတွေကို အနီးဆုံးမြို့က ဆေးရုံတွေ ပို့ပေးဖို့ ပရဟိတအသင်းကားတွေ ထွက်ကြရပါတယ်။ ကားတွေအတွက် ဆီ ၂ ဂါလန်စီကို မိုးကုတ်ရိပ်သာက စာရေးဆရာ (လရောင်)ဆိုတဲ့ ဆရာတော်လေးက ပေးကမ်းစွန့်ကြဲတာပါ။

❑

၉။

အညာဆောင်းက ည ၁၂ နာရီကို အဖော်ပြုပြီး ခပ်ကြမ်းကြမ်း သရမ်းနေတုန်းပါပဲ။ ကျိုးကျသွားလို့ အသစ်ပြင်ထားတဲ့ ရွှေချောင်းတံတားဟာ မီးရောင်မှိန်မှိန်အောက်မှာ ဆိတ်ဆိတ်တုန်နေတာ ကျုပ် မြင်ရတယ်။ စေတနာနဲ့ ပို့ပေးတဲ့ ငွေ ၅ သိန်းကလည်း မသုံးရဲသေးတာမို့ ကျုပ် ပင်နီလွယ်အိတ်ထဲမှာ ကွေးကွေးလေး အိပ်လို့ပေါ့။

တံတားပေါ်မှာ ဆိုင်ကယ်ရပ်ပြီး လူပေါင်း ၁၀၀၀ ကျော် သေစေခဲ့တဲ့ ရွှေချောင်းချောင်းက သူ့ကိုယ်သူ အပြစ်ပေးတဲ့အနေနဲ့ ဆောင်းကမ္ဘာမှာ ဖွေးဖွေးကြီး ကိုယ်လုံးတီးနဲ့ အအေးဒဏ်ကို စင်းခံနေရသလို ရေခန်းစ,ပြုနေတဲ့ မြစ်မင်းဧရာဝတီဟာ အမိမြေလွမ်းတေးကို တိုးတိုးလေးပဲ ညည်းနိုင်ပါတော့တယ်။

မီးရောင်တွေဝင်းနေတဲ့ ရွှေပြည်ဟိန်းဟိုတယ်နဲ့ ချမ်းမြေ့ဆေးရုံကလည်း ဆောင်းညမှာ ချမ်းမြေ့နေတာပါပဲ။ ချမ်းမြေ့ဟာ ဝန်ထမ်းပေါင်းများစွာကို အလုပ်ပေး၊ ထမင်းကျွေးနေခဲ့တာ နှစ်အတော်ကြာခဲ့ပါပြီ။ သူ့ဝန်ဆောင်မှုက သူ့အတွက်ချည်း မဟုတ်ဘူးဆိုတာ ကျုပ် သဘောပေါက်ပါတယ်။ ဆတ်ခနဲ မြည်လာတဲ့ ဖုန်းကို ဖွင့်တော့ N.G.Oမှာ အတူလုပ်ခဲ့ဖူးတဲ့ အင်ဂျင်နီယာ သူငယ်ချင်း။

'သတင်းကြားကြားချင်း မေးတာပဲ၊ ဆေးအဖြေရပြီလား၊ ဘာရောဂါလဲ ဆရာ'

'လူမွဲရောဂါ၊ လူမွဲနာပါ ဆရာရယ်'

ဆောင်းညမှာ ဆို့နင့်ကြေကွဲ ကျုပ်လေသံက အအေးဒဏ်ထဲမှာ ဖျတ်ခနဲ ပျောက်သွားတယ်။

❑

၁၀။

ရွာပြန်ရောက်တော့ ည ၁၂ နာရီပါ။ သိန်း ၁၀၀၀ လောက် ကိုယ်ထူကိုယ်ထ မီးလင်းရေးကုန်ကျငွေ အကြွေးတွေကြားမှာ လူမွဲနာနဲ့ လူမွဲရွာက သက်ပြင်းမောတွေနဲ့ ကွေးကွေးလေး အိပ်ပျော်နေပါပြီ။ စာကြည့်တိုက်ထဲဝင်တော့ သမီးတော်က စာအုပ်နဲ့ မျက်နှာ မခွာသေးပါဘူး။ စိတ်မောလူမောနဲ့ ခုတင်ပေါ် တုံးလုံးလှဲတော့ မှေးခနဲအဖြစ်မှာ ဆောင်းတွင်း အိပ်မက်က ကတောက်ကတက်ပေါ့။

နတ်စင်တစ်ခုနဲ့ နတ်နှစ်ပါးက ရွာတော်ရှင်နဲ့ နယ်တော်ရှင်လို့ ကျုပ်ကို အိပ်မက်ထဲမှာ အရင် မိတ်ဆက်ကြပါတယ်။

'မင်းတို့ရွာကလူတွေက အစတုန်းကသာ ကယ်ပါမ,ပါနဲ့ ငှက်ပျောသီးကျွေး၊ အုန်းသီးကျွေး၊ လက်ဖက်ဆီဆမ်းလေး၊ မုန့်ဆီကြော်လေးနဲ့ ငါတို့ဆီ လာတာပါကွာ။ အခုတော့ ပန်းခပ်ညှံ့ညှံ့တွေလာလာကပ်လို့ ငါတို့လည်း ပိန်ကပ်ပြီး နတ်သက်ကြွေပါပြီ။ ဟို ကဖော်သမား ကိုကြီးကျော်လည်း အသည်းဆန်ခါကျ၊ အစာအိမ်သွေးကြောပေါက်ပြီး ပခန်းကြီး ဆေးရုံကနေ မင်းတို့ ပခုက္ကူ ဆေးရုံလွှဲမလို့တဲ့'

'ဟာ… မလာနဲ့ မလာနဲ့၊ ဆေးရုံမှာ ခွဲခန်းပိတ်ထားတယ်၊ ပစ္စည်းလည်း မစုံ…'

ကျုပ် ဆတ်ခနဲ လန့်နိုးသွားလို့ တော်ပါသေးရဲ့။

❑

၁၁။

မီးဖွင့်ပြီး စားပွဲမှာ ထိုင်နေတော့ အိုးဝေမဂ္ဂဇင်း အယ်ဒီတာက စာကြည့်တိုက်နံရံဓာတ်ပုံထဲကနေ ပြုံးကြည့်နေတယ်။ ငွေ ၅ သိန်းနဲ့ တစ်ကိုယ်ရေ လွတ်လမ်းရှာမှာလား၊ လူမွဲရွာက လူမွဲနာတွေအတွက် ဆေးရုံကြီးမှာ စမ်းသပ်ခံလူနာ လုပ်မှာလား၊ ရှုံးစမ်းနေတဲ့ဟန်နဲ့ပါ။ ကျုပ် ဆတ်ခနဲ ထ,ပြီး သူနဲ့ ခပ်ရဲရဲ မျက်နှာချင်းဆိုင်ဖြစ်တယ်။ သူကလည်း တိုပြတ်၊ ကျုပ်ကလည်း ထောင့်မကျိုးပါ။

'တစ်ခုခု ခင်ဗျား ကျုပ်ကိုပြောဗျာ'

သူက မှုန်ရေးရေးအပြုံးနဲ့ ထိုင်လျက်က အနေအထားမပျက်ပါဘူး။ မင်းလည်း စာရေးဆရာပဲလေကွာလို့ ထေ့ပါတော့တယ်။ လူမွဲရွာက လူမွဲနာတွေ ကုစားဖို့ လူမွဲစာရေးဆရာနဲ့ စာအုပ်တွေက မာနကြီးနေတုန်းပါပဲ။ စာအရူးဏ်ကျင်းပြီး စာအလင်းတွေနဲ့ စာရန့်သင်းမယ့် မနက်ခင်းဟာ ဆေးရုံက ခွဲစိတ်ရက်လိုအတော်ကြီး အလှမ်းဝေးနေဆဲပါ…။ ကျုပ် သူ့ဆီက အဖြေကို စောင့်နေတုန်းပါပဲ။

'လူမွဲနာဆိုတာ အနိစ္စ… ဒုက္ခ… အနတ္တ… ဆိုတာလေးနဲ့ ကုမရဘူးကွတဲ့'

ကျုပ် လှည့်ထွက်ဖို့ပြင်တော့ 'နေဦး'တဲ့။

'အရှင်ကြီး၊ အရှင်ကောင်း အားကိုးလို့လည်း မရဘူးကွ၊ ကိုယ်တိုင်လုပ်ယူကြရမှာ'တဲ့။

ကျုပ် ဆတ်ခနဲ လှည့်ကြည့်တော့ သူက ပြုံးနေတုန်းပါပဲ။

ကျုပ်ကလည်း ရေသုံးရက် မချိုးဘဲ နေနိုင်တာနဲ့ စာရေးစာဖတ်တာပဲ သူနဲ့ တူတဲ့ကောင်မို့လားဗျာ၊ ကျန်တာကတော့…။ ■

အောင်ဖြိုးကျော်(ပခုက္ကူ)



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၀၇)မှ...

ပြီဆိုတော့ ခေတ်ကာလအခြေအနေ သိပ်မသိ။ သည်ကောင်းကင်အပြင်မှာ ဘယ်က 'အဖေ' တစ်ယောက် ရှိနေသလဲပေါ့။

သူ ငါးနှစ်သားလောက်မှာ အဖေနှင့်အမေ အိမ်ထောင်ကွဲသည်။ ခြောက်နှစ်သားလောက်မှာ သားနှစ်ယောက်ရှိတဲ့ သူ့အမေ နောက်အိမ်ထောင်ပြုသည်။ အမေ၏ နောက်အိမ်ထောင် သူ့ပထွေးကို(အဘ)ဟု ခေါ်ရန် အမေက သင်ပေး၏။ သူတို့ ညီအစ်ကိုကလည်း အမေ သင်ပေးသည့်အတိုင်း ပထွေးကို အဘဟု ခေါ်လာခဲ့တာ အဘ ကွယ်လွန်သည်အထိ။

အဖေနှင့် ကွဲသွားပြီးနောက် နှစ်ပေါင်း သုံးဆယ်ကျော် လေးဆယ်လောက်မှ ပြန်တွေ့သည်။ အဖေတစ်ဦးတည်း ဘုန်းကြီးဝတ်နေပြီး ကျန်းမာရေးလည်း သိပ်မကောင်းသဖြင့် လူဝတ်လဲကာ သူ့ဆီ လိုက်နေရန် ခေါ်ထား၏။ အမေကတော့ မန္တလေးမှာ ကျန်နေခဲ့သည်။

အဘဆီ ဖုန်းပြန်ဆက်တော့ ခေါ်သဖြင့် အဘအိမ်သွားတွေ့ရ၏။ အိမ်မှာ ရေအရင်း အမြစ်ဌာနက EE ကိုမျိုးလွင်ပါ ရောက်နှင့်နေသည်။

'ခင်ဗျားတို့ နှစ်ယောက် မြဝတီသွား၊ ဟိုမှာ ဒေါ်ခင်မာဝေ့ ခြံမှာ ကြက်ဆူပင်တွေ တအားဖြစ်နေတယ်ပြောတယ်။ အဲဒီ ကြက်ဆူပင်တွေ အကုန်နုတ်ပြီး ကျုပ်ကို ပြန်ပေးမလို့တဲ့။ ကားနဲ့ပါ သယ်ပေးမယ်ပြောတယ်၊ သွားသယ်ဗျာ'

အဘအမိန့်နှင့် သူတို့ နှစ်ယောက် ဒေါ်ခင်မာဝေ့ခြံသို့ နောက်တစ်ခေါက် ပြန်ရောက်သည်။ ခြံထဲရောက်တော့...

'ဟာ...'

ခြံက အရင်တစ်ခေါက် သူတို့ကြည့်စဉ်ကနှင့်မတူ။ အရင်တစ်ခေါက်က လန်းဆန်းစိုပြည်နေသော ပျားလိမ္မော်တွေက ညှိုးရော်လို့။ ပျားလိမ္မော်ပင်တန်းကြားက ကြက်ဆူပင်တွေကတော့ လူ့တစ်ရပ်မက မြင့်ကာ ပင်ပွားတွေ၊ ကိုင်းဖြာတွေနှင့် အစွမ်းကုန် ကြီးထွား ရှင်သန်လို့။

ဒေါ်ခင်မာဝေ့ မျက်နှာကလည်း မအီမသာ။

'ကဲ...အစ်ကိုတို့ရေ၊ အဘ ကြက်ဆူပင်တွေ အကုန်သာ တူးယူသွားပေတော့။ ကျွန်မလူတွေနဲ့ တူးပေးမယ်။ ကားနဲ့လည်း အရောက်ပို့ပေးမယ်။ မြန်မြန်သာ ယူသွားတော့။ ကြာရင် ကျွန်မ လိမ္မော်တွေသေကုန်တော့မယ်'

ကြက်ဆူက မြေမရွေး၊ ရေငတ်ခံသည်ဆိုသော်လည်း ပျားလိမ္မော်ကို ကျွေးသော မြေသြဇာများကို စုပ်အားသန်သန်နှင့် စားပစ်လိုက်ပုံရသည်။ Spinkler ရေဖျန်းကိရိယာနှင့် ဖျန်းပေးသော ရေကိုလည်း အကုန်ဆွဲ သောက်ပစ်လိုက်၏။ သည်တော့လည်း သူ့အစာ၊ သူ့ရေတွေကို ကြားမှ ဖြတ်စားသွားသော ကြက်ဆူပင်တွေကြောင့် ပျားလိမ္မော်ခြံကြီးမှာ မီးလောင်ထားသလို ညှိုးရော် နွမ်းလျနေသည်မှာ မြင်မကောင်း။

သည်လိုနှင့် ဒေါ်ခင်မာဝေ၏ ပျားလိမ္မော်ခြံထဲမှ ကိုင်းတုတ်ကာ အခက်အလက်တွေ ဝေဖြာနေသော ကြက်ဆူပင်ကြီးများကို သူနှင့် ကိုမျိုးလွင်တို့ နှစ်ယောက် သယ်လာကာ အဘထံ သတင်းပို့တော့–

'ကဲ... အဲဒီအပင်တွေကို သံလွင်မြစ်ကမ်းဘေး ဟို 'ဘားကပ်ရွာ'က ကမ်းနံဘေးမှာ သေချာ အတန်းလိုက် စိုက်ဗျာ။ ဟို 'ရဲဘက်စခန်း' ကျွန်တော် ဖုန်းဆက်ထားတယ်။ သူတို့ ရဲဘက်တွေနဲ့ လာစိုက်ပေးလိမ့်မယ်။ စိုက်ပြီးရင်တော့ ဆက်ပြီး ရေလောင်းဖို့၊ အပင် ဆက်ပြုစုဖို့ ခင်ဗျားတို့နှစ်ယောက် တာဝန်ယူ၊ ဟုတ်ပလား'

သေပဟ။ ဆက်တာဝန်ယူရမတဲ့။ ရေလောင်းရမတဲ့။ ရေအရင်းအမြစ်ဌာနက ရေစုပ်စက်တွေ၊ ပိုက်တွေ ဆင်ပြီးတော့ သံလွင်မြစ်ထဲက ရေစုပ်ပြီး ကြက်ဆူခင်း ရေလောင်းရမတဲ့။ စက်က ကီစွမရှိ၊ ရေစုပ်မောင်းဖို့ ဆီက ဘယ်မလဲ။ အဘကလည်း ထုတ်ပေးမှာမဟုတ်။ သည်တော့ သူနှင့် ကိုမျိုးလွင်တို့ အိတ်ထဲက စိုက်ပေဦးတော့။

❑

၄။

အရှည် ၁၂ ပေ၊ အနံ ၃ ပေရှိ ဗီနိုင်းဆိုင်းဘုတ်ကို စိုက်ခင်းရှေ့ လမ်းဘေးမှာ သူနှင့် ကိုမျိုးလွင်တို့ သေချာစိုက်ထူထားသည်။ ဆိုင်းဘုတ်စာသားက ဝင့်ဝင့်ကြွားကြွား။

'ပြည်နယ်စံပြ ကြက်ဆူစိုက်ခင်း'တဲ့။

ဆိုင်းဘုတ်ထူပွဲမှာ ဘယ်သူမှမပါ။ သူရယ်၊ ကိုမျိုးလွင်ရယ်၊ တပည့်တွေရယ်ပဲ ပါသည်။ ဆိုင်းဘုတ်တိုင်နှစ်ဖက်ပေါ် သပြေညွှန့်တွေချည်ဖို့ သူ့တပည့်တစ်ယောက်ကို ခိုင်းနေစဉ် ကိုမျိုးလွင်တစ်ယောက် အောက်ဘက်နားတိုင်ခြေမှာ ဘာတွေချည်နေသလဲမသိ။ သူ သွားကြည့်တော့ ကန်စွန်းရွက်ရယ်၊ အသားကြော်တစ်တုံးရယ်။

'ကိုမျိုးလွင် ဘာလုပ်တာတုံးဗျ'

'အဟဲ၊ ဗေဒင်ဆရာက ဟောထားလို့ ကြက်ဆူဒဏ် ခဏခဏ ခံနေရလို့ ကက်ကင်းခေတ်ဆင် ခေတ်ရိုက်ရမယ်ပြောတယ်။ အဲဒါ ဆိတ်ကြော်နှင့် ကန်စွန်းရွက်ကို စွန်ကြိုးနဲ့ချည်နေတာ ဟဲ ဟဲ'

သူလည်း သဘောကျသွားသည်။

လူတွေများ ဘာလေးဖြစ်လိုက်ဖြစ်လိုက် ဗေဒင်မေးကြ၊ ယတြာချေကြ၊ ကက်ကင်းတဲ့။ ခေတ်ဆင်ခေတ်ရိုက်တဲ့။ တော်တော်ရယ်ချင်စရာကောင်းသည်။ အခုလည်း ကြက်ဆူခင်းမှာ ကိုမျိုးလွင်တစ်ယောက် ကက်ကင်းခေတ်ဆင်ခေတ်ရိုက် ယတြာချေနေပြီ။

သူ့ယတြာပဲ အောင်လေမလား။

ကြက်ဆူကပဲ စွမ်းလေမလား။

ဘာပဲဖြစ်ဖြစ် ပြည်နယ်စံပြ ကြက်ဆူစိုက်ခင်းရှေ့က ကြက်ဆူ ဒုက္ခသည် သူတို့ နှစ်ဦးအဖြစ်ကို သိလျှင် ဒေါ်ခင်မာဝေဆိုသော ပျားလိမ္မော်ခြံရှင်တစ်ယောက် မပြုံးဘဲ ဝါးလုံးကွဲ ရယ်နေမှာတော့ သေချာပါသည်။ ■

ရွှေမွှန်မိုး၊




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒီကဗျာရဲ့
လက်သည်
တရားခံကို
စိတ်ထဲက
အလိုလိုသိနေပေမဲ့
ကိုယ်တိုင်
မမြင်မတွေ့ရတဲ့
ပြဿနာမို့
အကုသိုလ်များမှာ
စိုးတာနဲ့ပဲ
အတွေးထဲက
အကြိမ်ကြိမ်
မောင်းထုတ်
ရပါတယ်

# အတွင်းစိတ်သန္တာန်က အမှန်တရား

**ထွန်းတောက်ထွန်း၊ သင်္ချာ၊**

၁။
မျက်ခုံးပါးပါး၊ မျက်ပေါက်ကျဉ်းကျဉ်း၊
နှာတံပြားပြားနဲ့ မေးရိုးကားကား
မျက်နှာပြင်ပေါ်က နှုတ်ခမ်းထူထူတွေဟာ
ကြည့်မကောင်းတာ အမှန်ဖြစ်သလို
ရယ်လိုက်တိုင်း ထင်းခနဲ မြင်သာတဲ့
အပေါ်ငွေသွားနှစ်ချောင်းဟာလည်း
အသားညိုညို၊ ခပ်ပိန်ပိန် ခန္ဓာကိုယ်နဲ့
ဘယ်လိုမှ လိုက်ဖက်မနေတာ အမှန်ပါ။
ဆေးအရောင်းကောင်တာနောက်က
ခုံမှာ ထိုင်ပြီး ဒူးနှန့်နေတဲ့အခါတိုင်း၊
မျက်စောင်းထိုး လက်ဖက်ရည်ဆိုင်က

ထွက်ပေါ်လာတဲ့ ခေတ်ပေါ်သီချင်း
တစ်ပုဒ်ကို စည်းဝါးလိုက် ခပ်တိုးတိုး
ညည်းဆိုတဲ့အခါတိုင်း၊ ကွမ်း သုံး၊
လေးယာလောက် တစ်ပြိုင်တည်းဝါးရင်း
ဆိုင်ရှေ့က ဂမုန်းပန်းအိုးထဲ
ကွမ်းတံတွေးတွေ တဗျစ်ဗျစ်
ထွေးထည့်တဲ့အခါတိုင်း ကျွန်တော်
စိတ်ပျက်ရတာ သေချာသလို
ဘေးကပ်လျက် ရခိုင်မုန့်တီဆိုင်က
ဟင်းခါးရန့်တွေ သူ့ရဲ့ဂန္ဓာရုံကို
နှိုးဆွလာတဲ့အခါမှာတော့ ကျွန်တော့်ကို
မျက်ခုံးပင့်ပြ၊ မျက်စိတစ်ဖက် မှိတ်ပြ
နေတာကိုလည်း မနှစ်မြို့လှပါဘူး။
ပိုဆိုးတာက ဆေးဆိုင်ထဲဝင်လာသမျှ
ဈေးဝယ်သူတွေကို အရည်မရ အဖတ်မရ
စကားတွေနဲ့ လောကွတ်ချော်ပြီး
ကျွန်တော်နဲ့အတူ ဆေးဝိုင်းရောင်းတာကိုပါ။
ချီးကျူးစရာတစ်ခု...တော့ သူ့ရဲ့မှတ်ဉာဏ်က
ကျွန်တော့်ထက် ပိုကောင်းနေတဲ့အတွက်
ခင်မင်ရင်းနှီးပြီး တစ်ပတ်မပြည့်ခင်မှာပဲ
ကျွန်တော့်ဆိုင်ထဲမှာရှိတဲ့ ဆေးအမည်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ပုံသဏ္ဌာန်တချို့ကို မှတ်မိသွားတာပါပဲ။

သူ့ရဲ့ အပြုအမူတချို့ကို မနှစ်သက်လှပေမဲ့ အားနာတတ်တဲ့ ကျွန်တော့်ရဲ့ အကျင့်နဲ့ မလွန်ဆန်နိုင်တဲ့အကြောင်းတရား အမျိုးစုံကြောင့် ဆိုင်ထဲအထိ အဝင်ခံခဲ့တာတော့ သေချာပါတယ်။ သေချာဆို အစ်ကို၊ အစ်မတွေနဲ့ ပတ်သက်ပြီး ခင်မင်ခဲ့ရ၊ အစ်ကို၊ အစ်မတွေကလည်း သူ့ရဲ့ ပညာရေးနဲ့ အပေါအပြောတွေကို သဘောကျ မျက်နှာသာပေးခဲ့ကြအတွက် မချစ်သော်လည်း အောင့်ကာ နမ်းရတဲ့အခြေအနေမျိုးပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ကလည်း အသက်သုံးဆယ်ကျော် လူပျိုကြီးဖြစ်စ ,ပြုလာတဲ့အထိ အစ်ကို၊ အစ်မတွေရဲ့ အရိပ်အောက်က ရုန်းထွက်နိုင်သူတစ်ယောက် မဟုတ်သေးတာလည်း ပါပါတယ်။ လက်ရှိ ဆေးရောင်းနေတဲ့ ဆိုင်ခန်းက အစ်မပိုင်သလို ဆိုင်ခန်းငှားခ မပြောနဲ့၊ မီတာခတောင် မပေးရဘူးဆိုတော့ သိတဲ့အတိုင်းပေါ့လေ။ ဒီကြားထဲ ကျွန်တော်ကိုယ်တိုင်က ရုပ်ခံကောင်း၊ အရွယ်ကောင်းလူပျိုကြီးတစ်ယောက်မို့ အထာသိပြီး အမိဖမ်းချင်ကြတဲ့ ရပ်ကွက်ထဲက အမျိုးသမီးတချို့ ဆေးလာဝယ်တဲ့အခါများဆိုရင် သူ့မျက်နှာပေါ်က မချိမချဉ် ဖြစ်နေလေ့ရှိပြီး ကာယကံရှင်ထက်ကို အူမြူး၊ ပျော်ရွှင်၊ မျက်နှာပိုးမသတ်နိုင်တာမျိုးပါ။ သူနဲ့ပတ်သက်ပြီး ကျွန်တော် မကြိုက်ဆုံးအချက်တစ်ချက်ကတော့ ည ရှစ်နာရီ ကျော်တာနဲ့ ကျွန်တော့်ဆိုင် ရောက်ရောက်လာတတ်တာပါ။ အဲဒီအချိန်ဆိုရင် သူ နေထိုင်တဲ့နေရာမှာ ဘာအလုပ်မှ မရှိတော့ဘူးတဲ့။ သူ့တာဝန် ပြီးပြီတဲ့။ သူ့ရဲ့လက်ရှိ အနေအထားအရ လေးစားလောက်စရာဖြစ်ပေမဲ့ အသက်အရွယ်ချင်း သိပ်မကွာကြတဲ့အတွက် သူ့ရဲ့ အကျင့်တချို့ကို မနှစ်သက်သူ ကျွန်တော်ကတော့ ဘယ်သောအခါမှ မျက်နှာသာပေးပြီး ဆက်ဆံလေ့ မရှိခဲ့ပါဘူး။ တစ်ခါတလေများဆိုရင် အရက်နံ့လိုလို ဘာလိုလိုတောင် သူ့ဆီက ရတတ်တာမျိုးပါ။ သူ ပြောပုံအရတော့ ကွမ်းယာထဲက နှပ်ဆေးအနံ့ပါတဲ့။

'ကျူပ်ကို ရခိုင်မုန့်တီ ဝယ်ပေးစမ်းပါ လူပျိုကြီး'

'ဟင်…ဒီအချိန်ကြီး စားချင်ရင် ကိုယ့်ဟာကိုယ် သွားဝယ်စားလေ။ ဆေးရောင်းနေတယ်၊ မအားဘူး'

'ကျွတ်…ဒီလူပျိုကြီး ကတော့ လုပ်ပြီ။ ဟင်း… ဟင်း… ဟင်း သွားဝယ်ပေးစမ်းပါ၊ ကျုပ်ဖိုက်ဆာလို့ပါ၊ ဝယ်သူလာရင် ဆေးရောင်းထားပေးမယ် စိတ်ချ'

'မသွားဘူးဗျာ'

အမှန်တကယ် ဗိုက်ဆာနေပုံပေါက်လို့ သနားပြီးဝယ်ပေးချင်စိတ်ပေါ်လာတာတောင် မျက်နှာပိုးမသေတဲ့ သူ့အချိုးကြောင့် ကျွန်တော် သွားမဝယ်ပေးဖြစ်ပါဘူး။ လိုတာထက် ပိုရောမိရင် သူ့ဆီမှာ ဖုံးကွယ်နေပုံရတဲ့ အကျင့်ဆိုးတွေ ပေါ်လာတတ်တာမို့ သူလာလည်တဲ့အခါတိုင်း ခပ်တည်တည်နေခဲ့မိပေမဲ့ မိရိုးဖလာ သဘောတရားအတိုင်း သူ့ကိုလေးစားရမယ်ဆိုတာလောက်တော့ ကျွန်တော် သိနေပါသေးတယ်။ ဒါပေမဲ့ အချိန်အခါမဟုတ် မသင့်တော်၊ မအပ်စပ်တာမျိုး တောင်းဆိုလာပြီ ဆိုရင်တော့ သူ့ဆန္ဒကို ဆန့်ကျင်တတ်တာ ကျွန်တော့်အကျင့်ရယ်ပါ။ ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒပြည့်ပြီး ကျွန်တော့်ဆန္ဒမပြည့်ဘူးလို့ပဲ ပြောရမလားမသိပါဘူး။ ကျွန်တော့်ဆိုင်ကို လာလည်နေကျ ဆယ်တန်းကျောင်းသားလေးကျော်ဦးတစ်ယောက် ရောက်လာခဲ့စဉ်မှာတော့ သူစားချင်တဲ့ ရခိုင်မုန့်တီကိစ္စ အဆင်ပြေသွားခဲ့ပါတယ်။ ဩော်… အတော်ဆာနေတယ် ထင်ပါရဲ့။ ရခိုင်မုန့်တီနှစ်ထုပ်ကို စတီးဇလုံထဲထည့်ပြီး ဆိုင်နောက်ဘက်မှာ တစွတ်စွတ်သောက်နေတာများ ကျွန်တော့်အစ်ကို၊ အစ်မတွေကို ခေါ်ပြလိုက်ချင်တာပါပဲ။ ပြလည်း ငပြပါပဲလေ။ သူ့လိုအမျိုးအစားတွေ ပေါများလာတဲ့ခေတ်ကြီးထဲမှာ ဒီကိစ္စလောက်ကတော့ စာဖွဲ့စရာ မလိုဘူးလို့ ထင်တာပါပဲ။ သူဖြေသမျှ စာမေးပွဲတွေ အောင်မြင်ပြီး ဂုဏ်ထူးပါ ထွက်တယ်ဆိုတဲ့ ကောင်းသတင်းက သူ့ဘဝကို အနေအစားချောင်စေဖို့ ကာကွယ်ပေးပြီးသားဖြစ်မှာပါ။

လူစည်ကားရာ ကြိုက်တတ်တဲ့ သူ့အကျင့်ဆိုးကိုတော့ ကျွန်တော် ဘယ်လိုမှ အားမပေးနိုင်တာ သေချာပါတယ်လေ။

❑

၂။

နေ့လယ်ပိုင်း ကျောင်းဆင်းချိန်လောက်မှာ သူစောင့်ရှောက်ပေးနေကျ ဆယ်တန်းကျောင်းသူ အမြွှာညီအစ်မနှစ်ယောက်နဲ့အတူ ကျွန်တော့်ဆိုင် ရောက်လာတဲ့အခါမှာတော့ စိတ်ရှုပ်သွားခဲ့ရတာ သေချာပါတယ်။ အတော်လေးကို ကြောက်ရွံ့ရှိသေနေဟန်ရှိတဲ့ ကောင်မလေးနှစ်ယောက်ကတော့ မထိုင်ချင် ,ထိုင်ချင်ပုံစံတွေနဲ့ပဲ ဆိုင်ရှေ့က ခွေးခြေခုံနှစ်လုံးမှာ ဝင်ထိုင်လိုက်ကြပါတယ်။ သူကတော့ ထုံးစံအတိုင်း အရောင်းကောင်တာနောက်က ကျွန်တော် ထိုင်နေကျခုံမှာ ဝင်ထိုင်မလို့ ဟန်ပြင်လာတဲ့အတွက် နေရာဖယ်ပေးလိုက်ရပါတယ်။ ခပ်ညို့ညို့ သူ့မျက်နှာပေါက်ကတော့ ဒေါသတွေ ပွံ့ပိုးထားတဲ့အတွက် သပြေသီးရောင် ထ,နေတာပါပဲ။

'ဘာကလေးမတွေ မှန်းကို မသိဘူး။ ဒါ နောက်ဆုံးဖြစ်ပါစေနော်။ နောက်တစ်ခါ ဒါမျိုး ထပ်တွေ့လို့ကတော့ နင်တို့ မိဘတွေရှေ့မှာတင် နှစ်ယောက်စလုံးကို ကြိမ်လုံးနဲ့ အသေရိုက်ပြဦးမှာ။ ဘယ်…အခုမှ ဆယ်တန်း၊ ကျောင်းပြေးချင်ရတာနဲ့၊ ရည်းစားထားချင်ရတာနဲ့၊ ရည်းစားနဲ့ ချိန်းတွေ့ချင်ရတာနဲ့။ ငါသာ ဒီနေ့လိုက်မဖမ်းမိရင် ဘယ်အဆင့်အထိ ဖြစ်လာမယ် မသိဘူး။ နင်တို့

www.burmeseclassic.com

ကိုယ်နှင်တို့ ဘာမှတ်နေကြသလဲ။ မိဘတွေက နင်တို့နှစ်ယောက်စလုံး ပညာတတ်၊ ဘွဲ့ရ၊ အလုပ်ရ၊ အဆင်ပြေချမ်းသာစေချင်လို့ ကျောင်းထားပေးနေတာကို စာထဲစိတ်မဝင်စားဘဲ အလေဏတောအလုပ်တွေ လုပ်နေကြတာကိုး။ ငါ သတိပေးလိုက်ပြီနော်။ အကြီးမလည်း အငယ်မသဘောအတိုင်း အလိုတူ အလိုပါ လိုက်လုပ်ပေးဖို့ မစဉ်းစားနဲ့။ အငယ်မတစ်ခုခု ထပ်ဖြစ်တယ်ကြားလို့ကတော့ အပြစ်မရှိတဲ့လူလည်း မသက်သာဘူးမှတ်။ ဘယ့်နှယ်ကွာ၊ ခုမှ မအေနို့နံ့တောင် မစင်သေးဘူး၊ မဟုတ်တာတွေက စ,တတ်နေပြီ။ နင်တို့နှစ်ယောက်စလုံး ကြပ်ကြပ်သတိထား။ လူပျိုကြီးကိုလည်း အပ်ပါတယ်၊ သူတို့နှစ်ယောက် တစ်ခုခုလုပ်တာမြင်ရင် ကျုပ်ကိုအသိပေးပါ'

သူ့ရဲ့ ခပ်ထန်ထန်စကားသံကြောင့် ကောင်မလေးနှစ်ယောက်စလုံး ခေါင်းတွေငုံ့ပြီး တုတ်တုတ်မလှုပ်သလောက် သူကတော့ ဆူပူဆုံးမနေတာတောင် ဒူးနှန့်မပျက်ပါဘူး။ ခဏအကြာမှာပဲ ပြန်မပြော နားမထောင်ထင်ရာထ,လုပ်တတ်တဲ့ပုံရတဲ့ အငယ်မလေးဟာ ထိုင်နေရာက ဆတ်ခနဲထ,ပြီး 'ရခိုင်မုန့်တီ သောက်ချင်တယ်' ဆိုလာတာကြောင့် သူပဲ ပိုက်ဆံထုတ်ပေးလိုက်ပါတယ်။ အကြီးမလေးကတော့ ခပ်ကုပ်ကုပ်ပုံစံနဲ့ပဲ အငယ်မနောက် လိုက်သွားပါတယ်။ တကယ်တော့ ဖခင်ဖြစ်သူက နာမည်ကြီး ကျူရှင်ဆရာ၊ မိခင်ဖြစ်သူက တခြားမြို့နယ်က အလယ်တန်းပြဆရာမ၊ ကျူရှင်လည်းပြတာမို့သမီးနှစ်ယောက်ကို အသက် ၇၀ အရွယ် ဘွားအေကြီးနဲ့သာ ပစ်ထားရတာများတဲ့အတွက် အချိန်ပြည့် မစောင့်ရှောက်နိုင်တဲ့ မိဘနှစ်ပါးဟာ သမီးနှစ်ယောက်စလုံး သူ့ဆီ ထိုးအပ်ပြီး ကြံ့ရင်ကြံ့သလို ပဲ့ပြင်ဆုံးမ၊ အုပ်ချုပ်၊ စောင့်ရှောက် ခိုင်းတတ်တာမျိုးပါ။ သူ့ရဲ့အဟောအပြောနဲ့ ဉာဏ်ပညာကို သဘောကျသူက ဘွားအေကြီးပေါ့လေ။ ကောင်မလေးနှစ်ယောက်ရဲ့ မိသားစုဘဝမှာလည်း သူဟာ အတိုင်းအတာတစ်ခုအထိ အရေးပါ အရာရောက်သူလို့ ပြောရင်မမှားပါဘူး။ ဘာပဲဖြစ်ဖြစ် သွေးမတော်၊ သားမစပ်ကြဘဲနဲ့ သူနဲ့ မဆိုင်တဲ့ ကိစ္စတွေမှာ ဝင်ပါတတ်၊ ကျွန်တော့်ကို ဆွဲထည့်တတ်တာတွေကိုတော့ ကျွန်တော် မနှစ်သက်တာ သေချာပါတယ်။ သူတို့သုံးယောက်စလုံး ပြန်သွားကြစဉ်မှာတော့ ကျောင်းကအပြန် ကျွန်တော့်ဆီ ခဏ ဝင်လာတဲ့ ကျော်စိုးကို ကျွန်တော်သိချင်တာတွေ မေးမြန်းကြည့်ရတာပါပဲ။

'မင်းတို့ကျောင်းမှာ ဆယ်တန်းတက်နေတဲ့၊ ဟိုကွာ…ဂျပန်မကလေးတွေနဲ့တူတဲ့ အမြွှာညီအစ်မနှစ်ယောက်ကို မင်းသိတယ် မဟုတ်လား။ အဲဒီနှစ်ယောက်ထဲက အငယ်မလေးကရည်းစားတွေ ဘာတွေရနေလို့လား'

ကျွန်တော့်ရဲ့ လတ်တလော အမေးစကားကြောင့် ကျော်ဦးလည်း အူကြောင်ကြောင်ဖြစ်သွားခဲ့ပါတယ်။ ခဏအကြာမှာတော့ ကျော်ဦးတစ်ယောက် ခပ်ယဲ့ယဲ့ ပြုံးလိုက်ရင်းကပဲ–

'ဟုတ်တယ် ကိုထွန်း၊ အငယ်မလေးက ကျောင်းမှာတော့ တအားပွေတာဗျ။ ရည်းစားထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာတက်တာလည်း ခဏခဏပဲ။ ဟိုတစ်လောက သူ့ကို ကြိုက်နေတဲ့ ကျောင်းသားနှစ်ယောက် ထိုးကြကြိတ်ကြလို့ ရုံးခန်းတောင် ရောက်သွားသေးတယ်။ ခုလည်း ကျွန်တော်တို့ D ခန်းက ကောင်နဲ့ ဘာလိုလို ညာလိုလိုဖြစ်နေတာလေ။ နေပါဦး၊ ကိုထွန်းက ဒီကိစ္စတွေ ဘယ်လိုသိတာလဲ'

'ဒီလိုပဲ ကြားတာပေါ့။ အကြီးမလေးကကော ဘယ်လိုလဲ'

'သြော်…အကြီးမက အနေအေးပြီး ရိုးတယ် ကိုထွန်းရ။ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေလည်း ဝါသနာမပါဘူး။ အငယ်မ ဆွဲသလိုတော့ ပါရတာပေါ့။ ကျွန်တော်တောင် ဟိုတစ်လောက အကြီးမကိုကြိုက်လို့ စာပေးမိတော့ အငယ်မ ပြဿနာရှာတာ ခံလိုက်ရသေးတယ်။ ရုံးခန်းမရောက်တာတောင် ကံကောင်း ဟား…ဟား…ဟား'

ဘာပဲဖြစ်ဖြစ် အမြွှာညီအစ်မနဲ့ပတ်သက်ပြီး ကျွန်တော်သိချင်တဲ့ကိစ္စက တစ်စား၊ သူ့ဘာသာသူ အိုးမလုံ အုံပွင့်ပြီး ပြောပြသွားတာက ထူးမခြားနားမို့ ရှက်ပြုံးပြုံးရင်း ဆိုင်ရှေ့က ရေအိုးစင်က ရေတစ်ခွက်ခပ်သောက်၊ အိမ်ပြန်သွားရှာတဲ့ ကျော်ဦးကို ကြည့်ရင်း ကျွန်တော်လည်း သက်ပြင်းရှည်တစ်ချက် ချလိုက်မိပါတယ်။ သေချာတာကတော့ သူနဲ့ပတ်သက်နေတဲ့ အမြွှာညီအစ်မကို လက်တည့်မစမ်းတော့ဖို့ ကျော်ဦးကို ကျွန်တော် ထပ်ပြောဦးမယ် ဆိုတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးနှစ်ယောက်နဲ့ ပတ်သက်ပြီး သူ့ရဲ့ အကြည့်နဲ့ အပြုအမူတွေ၊ စောင့်ရှောက်မှုတွေ မရိုးသားဘူးလို့ ကျွန်တော့်စိတ်ထဲက အလိုလို သိနေလို့ပါ။ အဲဒီနောက်ပိုင်းကစပြီး အမြွှာညီအစ်မနဲ့အတူ ဆိုင်ရှေ့က ဖြတ်သွားတာမျိုး၊ မြို့ဦးစေတီမှာ တွေ့ရတတ်တာမျိုး၊ ဘုရားဖူးလိုလို၊ ဈေးဝယ်လိုလို မြို့ထဲဘက် အတူသွားကြတာမျိုးတွေ များလာခဲ့ပါတယ်။ ကျွန်တော့်ဆိုင်ကို အလာကျဲသွားပေမဲ့ သူဝင်လာတဲ့အခါတိုင်း ထောင်းထောင်းထ,နေတဲ့ ရေမွှေးရနံ့က ကြိုတင်ရောက်ရှိနေတတ်တာမျိုးပါ။ ဒီလိုနဲ့ပဲ သုံးလေးလလောက်ကြာသွားခဲ့ပြီးနောက်မှာတော့ သူ့ရဲ့ အမူအကျင့်တွေ ထူးထူးခြားခြား ပြောင်းလဲလာခဲ့ပါတယ်။ ဆိုင်ထဲဝင်လာတဲ့အခါတိုင်း တမှိုင်မှိုင် တွေတွေ၊ သက်ပြင်းတချချဖြစ်နေခဲ့တာတွေ၊ အရင်လို နေရာတကာဝင်ပါပြီး သွက်လက်ရှင်ပျမှု မရှိတော့တာတွေ၊



www.burmeseclassic.com

www.burmeseclassic.com

ရေမွေးနံ့အစား အရက်နံ့ ရတတ်တာမျိုးတွေ ရှိလာပါတယ်။ သူလုပ်နေကျ မှန်ကန်တဲ့ တာဝန်ဝတ္တရားတွေ ပျက်ကွက်နေပြီ ဆိုတဲ့ သတင်း၊ ကျွန်တော့်အစ်ကို၊ အစ်မတွေနဲ့ အမြွှာညီအစ်မရဲ့ မိသားစုကလည်း သူ့ကို သိပ်မကြည်ဖြူတော့ဘူး ဆိုတဲ့ သတင်းတွေက သူ မပြောဘဲနဲ့ကို ကျွန်တော့်နားထဲ အလိုလို ရောက်နေခဲ့ပြီးသားပါ။

သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့ သဘောတရားအတိုင်း သူ့စိတ်ခံစားချက်ကို မီးလောင်ရာ လေပင့်သလိုမျိုး မဖြစ်အောင် ကျွန်တော့်ဘက်ကလည်း ဘာမှ မမေးမြန်းခဲ့ပါဘူး။ သူကလည်း ကျွန်တော့်ကို မပြောပြပါဘူး။ ဒါပေမဲ့ သူ့လို ဉာဏ်ကောင်းသူတစ်ယောက်အနေနဲ့ သူနဲ့ ဘယ်လိုမှ မအပ်စပ်၊ မရင်းနှီးခဲ့တဲ့ အင်္ဂလိပ်စာကို ကျွန်တော့်ဆီကနေပြီး စတင် သင်ယူလာတဲ့အခါမှာတော့ ကျွန်တော်လည်း မနေနိုင်စွာနဲ့ပဲ မေးမြန်းကြည့်ဖြစ်ခဲ့ပါတယ်။

'ဘာဖြစ်လို့ အင်္ဂလိပ်စာ သင်ချင်ရတာလဲ'

'ဘာရယ်မဟုတ်ပါဘူး။ တတ်ထားသင့်တယ်ထင်လို့ပါ။ ခေတ်က ပြောင်းလဲနေပြီလေ။ နိုင်ငံတကာနဲ့ ဆက်ဆံနေရတဲ့ မြန်မာနိုင်ငံဆိုတော့ ဆိုက်ကားသမားတောင် ထမင်းစား ရေသောက်လောက် ပြောတတ်နေတဲ့ဉစ္စာ။ ကျုပ်လည်း တတ်ထားမှဖြစ်တော့မှာပေါ့။ အရေးအကြောင်းဆို အသုံးဝင်နိုင်တယ်လေ။ ဘာသာစကားဆိုတာ အကျိုးတော့ မယုတ်နိုင်ပါဘူး'

ဘာပဲပြောပြော ဘွဲ့ရတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ကျောင်းဆရာ၊ ကျူရှင်ဆရာ၊ စပီကင်ဆရာလည်း မဟုတ်တဲ့အတွက် စနစ်မကျမှာစိုးတာနဲ့ပဲ သူ့ဆန္ဒကို ဖြည့်စွမ်းပေးတဲ့အနေနဲ့ အင်္ဂလိပ်စာသင်တန်းတစ်ခု တက်ဖို့ အကြံပေးလိုက်ပါတယ်။ ဉာဏ်ကောင်းတဲ့ သူကတော့ အင်္ဂလိပ်အက္ခရာ A, B, C, D စာလုံးအကြီးအသေးမှန်သမျှ တစ်ရက်၊ နှစ်ရက်အတွင်းမှာပဲ ကောင်းကောင်း သိနေခဲ့ပါပြီ။ အဲဒီနောက်ပိုင်းကစပြီး သူ့ရဲ့ သင်တန်းကိစ္စ၊ တခြားကိစ္စတွေကြောင့် ကျွန်တော့်ဆိုင်ဘက် ရောက်မလာတော့တဲ့အခါမှာတော့ ကျွန်တော်လည်း စိတ်သက်သာရာရပြီး သူ့ကို မေ့သလိုလိုတောင်ဖြစ်သွားခဲ့ပါတယ်။

❑

၃။

လူ့ပြည်မှာ ထောင်နေတဲ့ အပ်တစ်စင်းနဲ့ ဗြဟ္မာ့ပြည်က ကျလာတဲ့ အပ်တစ်စင်း ထိပ်ဖျားချင်း တွေ့ချင်တွေ့သွားမယ်၊ လူ့ဘဝကို ရဖို့ ခဲယဉ်းတယ် ဆိုတဲ့စကား ကျွန်တော် ကြားဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော် နေထိုင်ရာ ဆင်ခြေဖုံးရပ်ကွက်ထဲမှာတော့ လူ့ဘဝဆိုတာ ရခဲတဲ့အပြင် လူဖြစ်လာတာတောင် ရှင်သန်ဖို့ အခွင့်အရေး မလွယ်ကူတာ သေချာသလောက်ပါပဲ။

အမြွှာညီအစ်မနှစ်ယောက်ထဲက အငယ်မလေး ကိုယ်ဝန်ရှိနေတာကို သူ့မိဘတွေ မသိသလို၊ သူတို့နဲ့ အမြဲတမ်း ထိတွေ့ဆက်ဆံနေရတဲ့ ဘွားအေကြီးတောင် မသိခဲ့ပါဘူး။ ကျွန်တော်အပါအဝင် ရပ်ကွက်ထဲက လူတချို့ကတော့ အငယ်မလေး ဝ,လာတယ်လို့ပဲ ထင်ခဲ့ကြတာမျိုးပါ။ ဘာပဲပြောပြော အသက်ဆယ့်ခြောက်နှစ်နဲ့ ကိုယ်ဝန်ရှိနေတာကို မွေးခါနီးဖွားခါနီး အချိန်မှ သိသွားကြတဲ့ ပညာတတ်မိဘနှစ်ပါးရဲ့ ဖုံးဖုံးဖိဖိ သိက္ခာထိန်းသိမ်းမှုတွေက ရပ်ကွက်ထဲကလူတွေ ဩချရတဲ့အထိ ဖြစ်ကြရတာပါပဲ။

'အံ့ဩပါရဲ့ဟယ်။ ဘယ်လိုမိဘမျိုးတွေလဲ၊ ဘယ်လို ပညာတတ်မျိုးတွေလဲ မပြောတတ်ပါဘူး။ လူမှ ဟုတ်သေးရဲ့လား၊ လူစိတ်မှ ရှိကြရဲ့လားတောင် မပြောတတ်ပါဘူး။ ကိုယ့်သမီးကိုယ် မထိန်းနိုင်၊ မသိမ်းနိုင်၊ မအုပ်ချုပ်နိုင်လို့ ဘူးပေါ်သလို ပေါ်လာခဲ့ပြီဆိုရင်လည်း သတ္တိရှိရှိနဲ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြပေါ့။ လက်သည်တရားခံ အစစ်ရှာပြီး ပေးစားသင့် ပေးစား၊ တရားစွဲသင့်စွဲပေါ့။ ခုဟာက အိမ်ထဲမှာပဲ ကျိတ်မွေး၊ ထွက်လာမှ အသေမွေးတယ်ဆိုပြီး အိမ်သာကျင်းထဲ ပစ်ချတယ်တဲ့။ အိမ်သာကျင်းထဲက ကလေးငိုသံထွက်လာမှ အရပ်က သိကြတဲ့အဖြစ်လေ။ ကလေးက ချေးနှစ်ပြီး သေပါရောလား။ ကဲ...လူကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ။ ဟိုဟာမလေးကလည်း ဘယ်ချောင်သွားပြီး ဘယ်သူနဲ့ အိပ်ခဲ့သလဲတောင် မပြောနိုင်ဘဲ ငိုပြီးရင်းငို၊ တက်ပြီးရင်းတက်။ သွေးလန့်ပြီး သေမသွားတာတောင် ကံကောင်း။ ကဲ အခုတော့ အဲဒီအယုတ်တမာ အုပ်စုတစ်ခုလုံး ရပ်ကွက်က တိုင်လို့ အချုပ်ထဲရောက်တော့မယ်လေ။ ဘယ်လိုဘဝကနေ လူလာဖြစ်တဲ့ဟာတွေလဲ မပြောတတ်တော့ပါဘူး'

ရပ်ကွက်ထဲမှာ သတင်းဖလှယ်၊ အတင်းဖလှယ်လေ့ရှိတဲ့ အကြမ်းလျှာကြမ်း အမျိုးသမီးတစ်ယောက်ရဲ့ စကားဟာ ကျွန်တော့်နားထဲကို ခါးသက်စွာဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော်နဲ့ သွေးသားမတော်စပ်သလို ဘာမှလည်း မဆိုင်တဲ့အတွက် အငယ်မလေးရဲ့ ပြဿနာမှာ ကျွန်တော် နေသာသလိုနေလို့ ရပေမဲ့ တကယ့်စိတ်ရင်းအမှန်မှာတော့ နေသာသလိုဖြစ်မနေခဲ့ပါဘူး။ ဒီကိစ္စရဲ့ လက်သည်တရားခံကို စိတ်ထဲက အလိုလိုသိနေပေမဲ့ ကိုယ်တိုင် မမြင်မတွေ့ရတဲ့ ပြဿနာမို့ အကုသိုလ်များမှာစိုးတာနဲ့ပဲ အတွေးထဲက အကြိမ်ကြိမ် မောင်းထုတ်ရပါတယ်။ ဆိုင်ရာပိုင်ရာတချို့ကို ငွေကြေးနဲ့ ချဉ်းကပ်ပြီး အိမ်တောင်ဦးစီးဖြစ်တဲ့ အသက် ၇၀ အရွယ် အဘွားအိုတစ်ယောက်ကို တရားခံစာရင်းသွင်း၊ ကျန်သူတွေ အလွတ်ရုန်းနေကြတဲ့ ဒီပွဲဟာ ငရဲထိန်းတွေ စိတ်ကြိုက် ပွဲတစ်ပွဲဖြစ်နေမှာ မလွဲပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆိုင်ဘက် ခြေဦးမလှည့်တာ ငါးလ၊ ခြောက်လမက

www.burmeseclassic.com

www.burmeseclassic.com

ကြာပြီဖြစ်တဲ့ သူ ရောက်လာခဲ့စဉ်မှာတော့ ကျွန်တော်နဲ့ ကျော်ဦး စကားကောင်းနေကြတဲ့ ည ကိုးနာရီသာသာပါ။ ထူးခြားတာတစ်ခုကတော့ သူ မရောက်ခင် အရက်နံ့တွေ မွှန်ထူစွာဝင်ရောက်လာတာမျိုးပါ။

'ကျုပ်…ကျုပ်တော့ ရူးပြီထင်ပါတယ် လူပျိုကြီးရယ်။ ရက်စက်လိုက်ကြတာ၊ လုပ်ရက်လိုက်ကြတာ၊ လူမဆန်လိုက်ကြတာဗျာ။ ကျုပ်ကို ကယ်ပါဦး လူပျိုကြီးရယ် အီး…ဟီး…ဟီး…ဟီး'

ဘာတစ်ခွန်းမှ မမေး၊ မစစ်ရပါဘဲနဲ့ သူ့ဘာသာသူ ပြော၊ သူ့ဘာသာသူ ချုံးပွဲချ ငိုကြွေးရင်း ဖြေမဆည်နိုင်ဖြစ်နေတဲ့ သူ့ပုံစံကြောင့် ကျွန်တော်လည်း သနားစိတ်တစ်ဝက်၊ ဒေါသစိတ်တစ်ဝက် ဖြစ်ရပါတယ်။ ဘာကြောင့် အဲဒီလိုဖြစ်ရသလဲဆိုတော့ သူ့ရဲ့ အတွင်းစိတ်အမှန်နဲ့ အကျင့်စရိုက်တွေကို ကျွန်တော် ရိပ်မိနေတာ တစ်နှစ်နီးပါးရှိခဲ့ပြီကိုး။ ဘာပဲဖြစ်ဖြစ် ခါတိုင်းလို ကျွန်တော် ထိုင်နေကျ ခုံကို မဖယ်နိုင်း၊ တက်မထိုင်ဘဲ ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ် ဖရိုဖရဲ ထိုင်ငိုနေရှာတဲ့ သူ့ကို ကြည့်ရင်း ကျွန်တော်ဟာလည်း ထိုင်ခုံပေါ်က ဆင်းပေးရမလို၊ ဆက်ထိုင်ရမလို ဒွိဟဖြစ်နေပါတယ်။ ဒါပေမဲ့ မိရိုးဖလာစိတ်က ကျွန်တော်နဲ့ သူ့ကို ကြမ်းတစ်ပြေးတည်း ဖြစ်သွားစေတာပါပဲ။ ကျော်ဦးကတော့ ဘာမှမသိ နားမလည်သေးတဲ့ လူငယ်တစ်ယောက်ပီပီ အရက်စော်နံ့ပြီး ငိုကြွေးနေတဲ့ သူ့ကိုကြည့်လိုက်၊ ကြဲရာမရပုံစံနဲ့ ခေါင်းကုတ်ပြီး ကျွန်တော့်ကိုကြည့်လိုက်ဖြစ်နေတာမို့ ကျော်ဦးကို အိမ်ပြန်တော့ဖို့ မျက်ရိပ်ပြလိုက်ရပါတယ်။

ကျော်ဦး ပြန်သွားခဲ့စဉ်မှာတော့ အတွင်းစိတ်သန္တာန်မှာ ဖုံးကွယ်ထားပုံရတဲ့ အမှန်တရားတွေ သူ့နှုတ်က တစ်စစီ ထွက်ကျလာခဲ့တာပါပဲ။ သူ့စနက်ပါ။ သူ့လက်ချက်ပါ။ သူ့စိတ် သူအလိုလိုက်ပြီး သူ့ဘဝ သူဖျက်ခဲ့သလို သူတစ်ပါးဘဝကိုလည်း သူပဲ ဖျက်ဆီးခဲ့တာပါ။ သူ့စနက်သူ တာဝန်ယူချင်ပေမဲ့ အခွင့်မသာတဲ့ကိစ္စရပ်တွေ။ ဖုံးကွယ်မှုတွေ။ သူ့အရိပ်သူ ခြောက်လှန့်နေမှုတွေကြောင့် သူ ပတ်သက်ခဲ့မိတဲ့ လူသားတွေက သူ့ထက် ဆယ်ဆ ရက်စက်ပြသွားခဲ့တာပါ။ ကျွန်တော်ကတော့ ပုထုဇဉ်တွေကို မယုံကြည်တတ်သလောက် စာနာတတ်သူပီပီ သူရင်ဖွင့်သမျှ သည်းခံပြီး နားထောင်ပေးရတာပါပဲ။ အချိန်ကြာလာတာနဲ့အမျှ သူ့ရဲ့ရင်ဖွင့်စကားသံတွေဟာ အရက်အရှိန်နဲ့ ပေါင်းပြီး ကျယ်လောင်ကြမ်းတမ်းလာတဲ့အတွက် ဘေးပတ်ဝန်းကျင်ကို အားနာလာတာကြောင့် မီးပိတ်၊ ဆိုင်ပိတ်ပြီး လူရှင်းတဲ့နေရာဆီ သူ့ကိုခေါ်ဆောင်သွားခဲ့ပါတယ်။ သူ့အမြဲနေထိုင် အိပ်စက်ရာ အဆောက်အဦနဲ့ မနီးမဝေး လူသူလေးပါးကင်းတဲ့၊ မီးရောင်ပျပျလင်းနေတဲ့ အုတ်ခုံနားအရောက်မှာတော့ အတူထိုင်ဖြစ်ကြပြီး သူ ရင်ဖွင့်သမျှ ဆက်နားထောင်ပေးရပြန်ပါတယ်။

ဩော်…ရင်ဖွင့်ပါစေ၊ ကြေကွဲပါစေ၊ ငိုကြွေးပါစေလေ။ သူမှားခဲ့သမျှ အရာများစွာအတွက်၊ သူ ကျူးလွန်ခဲ့တဲ့ အရာတွေအတွက်၊ သူ့စိတ်သူ၊ သူ့ဘဝသူ ဆေးကြောနိုင်ပါစေလို့ပဲ ဆုတောင်းပေးပါတယ်။ အခြေအနေအကြောင်းတရားအမျိုးစုံကြောင့် လတ်တလောမှာတော့ ဥပဒေရဲ့ စက်ကွင်းကနေ လွတ်မြောက်နေသလိုလို ဖြစ်နေပေမဲ့ ဘဝစက်ကွင်း၊ သံသရာစက်ကွင်းတွေမှာတော့ သူပိတ်မိနေပြီ။ ညစ်နွမ်းနေပြီဆိုတာ သေချာပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လောဘ၊ ဒေါသ၊ မောဟတွေ ပေါင်းစပ်ထားတဲ့ သောကမျက်ရည်တွေနဲ့ သူလုပ်ခဲ့သမျှ အကုသိုလ်တွေဟာ အရက်အရှိန်နဲ့ပေါင်းစပ်ပြီး ငြိမ်းချမ်းမှု မပေးနိုင်တဲ့အတွက် ငိုနေရင်းကပဲ သူ ရူးတစ်ယောက်လို ဖြစ်လာပါတယ်။ ရယ်လိုက်၊ ငိုလိုက်တွေလုပ်လာပါတယ်။

'ကျုပ် ဘာလုပ်ရမလဲ။ ကျုပ် ဘာဆက်လုပ်ရမလဲ လူပျိုကြီးရယ်။ ကျုပ်ကို အကြံပေးပါဦး။ ဟား…ဟား…ဟား ကျုပ်လေ၊ ကျုပ် ရူးပြီထင်တာပါပဲ။ ရက်စက်လိုက်ကြတာဗျာ။ လူမဆန်လိုက်ကြတာ။ နှလုံးသား မရှိလိုက်ကြတာ။ ကျုပ် ဘာဆက်လုပ်ရမလဲ။ အကြံပေးပါဦး လူပျိုကြီးရယ်၊ အီး…ဟီး…ဟီး…ဟီး'

ကျွန်တော့်လက်ကို လှုပ်ယမ်းပြီး တစာစာတောင်းဆိုနေတဲ့ စကားတွေကြောင့် ကျွန်တော်လည်း သူ့ကို ဘယ်လိုနားချရမှန်း၊ အကြံပေးရမှန်းမသိ ဖြစ်လာခဲ့ပါတယ်။ ကျွန်တော့်ဘက်က အကြံမပေးမချင်း သူ့ဘက်က တစ်ညလုံး အရစ်ရှည်ပြီး ငိုကြွေးနေဦးမယ်ဆိုတာလည်း သေချာသလောက်ပါပဲ။ ချက်ချင်းလက်ငင်းကြီးတော့လည်း ကျွန်တော့်ဘက်က ဘာစကားသံမှ ထွက်မလာခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ပါ သူ့နဲ့ အတူရောပြီး တစ်ကိုယ်လုံး ပူလောင်ရင်း ငရဲကျနေသလိုလို ဖြစ်နေခဲ့တာကိုး။ ညကတော့ နက်သထက်နက်စ ပြုလာပါပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်စိတ်ကို တည်ငြိမ်အောင်ထားရင်း အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်၊ မှုတ်ထုတ်လိုက်ပြီး နောက်မှာတော့ ကျွန်တော့်ရဲ့အတွင်းစိတ်သန္တာန်မှာ တည်ရှိနေခဲ့ပြီးသားဖြစ်တဲ့ အမှန်စကားတွေ ထွက်ပေါ်လာခဲ့တာပါပဲ။ ကျွန်တော့်အသံတွေကတော့ တုန်ယင်နေမှာ သေချာပါတယ်။

'ဘာ… ဘာဆက်လုပ်ရမလဲဆိုရင်၊ အဲ…အဲဒီအဝတ်တွေကို ချွတ်လိုက်တော့ပေါ့ဗျာ'

ကျွန်တော့်စကားအဆုံးမှာပဲ အရက်အရှိန်ကြောင့် ရူးကြောင်မူးကြောင်ဖြစ်နေတဲ့ သူဟာ ဆတ်ခနဲ ထ,ရပ်၊ ရှိသမျှ အကုန်ချွတ်ချပြီး တဟားဟားရယ်မောရင်း ည[illegible]အမှောင်ထဲကို ပြေးထွက်သွားခဲ့တာပါပဲ။

■

ထွန်းတောက်ထွင်း



www.burmeseclassic.com

www.burmeseclassic.com



# တောကျီးခြာ | စကားကျူး

## အဆိပ်သေရည်အိုးထဲမှာ ပတ္တမြားမား ရှာခြင်း

အိမ်၌ရှိစဉ် အချိန်အကြာမြင့်ဆုံး ကျွန်တော်နေသော နေရာတစ်ခုမှာ စာအုပ်စင်အနီးတွင် ဖြစ်ပါသည်။ စာအုပ်စင်အနီးမှာ ကျွန်တော် စာဖတ်သည်။ စာအုပ်စင်အနီးမှာ ကျွန်တော် စာရေးသည်။ စာမိတ်ဆွေတို့လာလျှင် စာအုပ်စင်အနီးမှာပဲ စကားပြောသည်၊ ငြင်းခုံသည်။ မီးငြိမ်းလိုပါက စာအုပ်ကို ချက်ချင်းဆွဲ၍ လှန်လှောကြည့်လို့ရသည်။ စာအုပ်စင်နှင့် ဝေးလျားနေခဲ့ရသည့်အခါက စာရေးရမည်ကိုပင် စိုးရွံ့အားငယ်ခဲ့ဖူးသည်။ မီးငြိမ်းကိုးကားစရာ မလိုသည့် စာမျိုးကို ရေးသည့်တိုင် စာအုပ်စင်အနီးမှာ ရေးရမှ စိတ်လုံခြုံမှုရှိသည်။ စာအုပ်စင်လေးသည် စိတ်လုံခြုံမှုပေးတတ်သည့် အဖော်ကောင်းတစ်ဦးလည်း ဖြစ်ရာ တစ်ခါတစ်ရံ ကျွန်တော်သည် စာအုပ်များကို မှီခိုလွန်းသည်လားဟုပင် အောက်မေ့မိပါသည်။

လွန်ခဲ့သော-၁၆နှစ်။ ညောင်လေးပင်မြို့တွင် ကျွန်တော်ရှိစဉ် ဆရာတက္ကသိုလ် ဘုန်းနိုင်၊ ဆရာ ချစ်ဦးညိုနှင့် ဆရာ ဖေမြင့်တို့ကို စာပေဟောပြောပွဲ ဖိတ်ခဲ့သည်။ ပြွန်တန်ဆာပွဲ၌ စာဖတ်ခြင်း၏ အကျိုးနှင့် စပ်လျဉ်းသည်များကို ဆရာဖေမြင့်က ဟောပါသည်။ စာဖတ်ပြီး ကြောင်စီစီ၊ ရူးနှမ်းနှမ်း ဖြစ်ခဲ့ရသူများအကြောင်းကို ဟာသလေးနှော၍ ပြောပြီးမှ စာဖတ်ခြင်းကြောင့် ကြီးပွားအောင်မြင် ပေါက်မြောက်သူများအကြောင်းသို့ "ရောက်"သည်အထိ ပြောဖို့ ရည်သန်ခဲ့ပုံရပါသည်။ သို့သော်၊ ဟောပြောချက် အစပိုင်း၌ပင်လျှင် ရှေ့တန်းတွင် တည်ည့် ငိုကြွေးနေသော ကလေးနှင့် မိခင်တို့ကြောင့် အာရုံမကပ်နိုင်ဖြစ်ပြီး "အတင်" နှင့် "အဖြေ" မညီမမျှ ဖြစ်ခဲ့သည်။ စာဖတ်ခြင်း၏ အကျိုးရှိမှုသို့ "မရောက်" တော့ဘဲ စာဖတ်ခြင်းသည်မကောင်း၊ စာဖတ်ခြင်းသည် လူကိုကြောင်စီစီ၊ ရူးနှမ်းနှမ်းဖြစ်စေသည်- ဆိုသည့် အဓိပ္ပာယ်မျိုးထိ ရောက်သွားခဲ့သည်ဟု ယူဆစရာ ဖြစ်ခဲ့ဖူးပါသည်။

ပွဲအပြီးမှာ ဆရာ့ကို ပြန်ပြောပြတော့ "ဟုတ်လား၊ အဲဒီလိုဖြစ်သွားလား" ဟု ဆရာက ဆိုသည်။ ဖြစ်တတ်ပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၂၈၊ မတ်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

# အက်ဆေးအကြောင်းအက်ဆေး

www.burmeseclassic.com

စာအုပ်များက ကမ္ဘာလောကကို ကောင်းကျိုးပေးသလော၊ သို့မဟုတ်- ဆိုးကျိုးပေးသလောဆိုသည်ကို 'စကားနယ်' (စကားရည်လုပွဲ)လုပ်ကြည့်သင့်သည်ဟု ဆရာ ကြူးနှစ်၏ အက်ဆေးတစ်ပုဒ်ကိုဖတ်ရင်း စိတ်ကူးပေါက်လာသည်။

**ပတ္တမြားစေးလော အဆိပ်သေရည်လော** အက်ဆေးတွင် ကြူးနှစ်သည် နှစ်ဖက်စလုံး၌ ပါဝင်၍ စကားနယ်သတ်ထားသည်။ သူ၏ ထင်မြင်ချက်၊ ခံစားချက်တို့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပုံက စိတ်ဝင်စားစရာကောင်းသည်။

*ထိုရှီးနှမ်းနှမ်း ဧကရာဇ်သည် စာအုပ်များကို အဘယ်ကြောင့် မီးရှို့စေခဲ့ပါသလဲ။ ရှင်းပါသည်။ သူ့အလျှင်က သမိုင်းကို နောင်လာနောက်သားတို့ မသိမမြင်နိုင်ကြစေရန် ဖြစ်သည်။ သမိုင်းကို ဖျောက်ဖျက်သပြီးဟ် ပြချုပစ်လိုက်ခြင်းဖြစ်၏။ သမိုင်းကို သူနှင့် စတင်ရလိမ့်မည်။ သူသာလျှင် ကမ္ဘာ၏အစ၊ သမိုင်း၏အစ ဖြစ်ရမည်။ ဝန်းကျင်လောကနယ်မြေဒေသတွေကို မတွေ့မမြင်ရအောင် မဟာတံတိုင်းကြီးကိုလည်း တည်ဆောက် ပြီးစီးစေခဲ့ပြီ မဟုတ်ပါလား။*

သမိုင်းတွင် **ကျမ်းစာများကို မီးတိုက်ခြင်း**(Burning of the books)ဟု ကမ္ပည်းတင်ခဲ့ရသည့် တရုတ်ဧကရာဇ်-ရှီဟွန်တီ(ဆရာကြူးနှစ်က-ရှီဟူအန်တီ)ခေတ်က လူရိုင်းတို့ လာရောက်ဖျက်ဆီး နှောင့်ယှက်သည့် ဘေးအန္တရာယ်ကို ဟန့်တားရန် တည်ဆောက်ခဲ့သည်ဆိုသည့် ကမ္ဘာကျော် မဟာတံတိုင်းကြီးမှာ ရှီဟွန်တီက သူ၏ ပြည်သူလူထုကို ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်ထားချင်မှုကြောင့်ဖြစ်ပြီး သူ၏ တိုင်းနိုင်ငံကိုသာပဲ တစ်ခုတည်းသော ကမ္ဘာလောက-ဟု သက်ဝင်စေလိုသောကြောင့် ဖြစ်ကြောင်းဖြင့် အက်ဆေးကို စတင်ခဲ့ပါသည်။

အက်ဆေးဆရာသည် ကျမ်းစာများအား မီးတိုက်သည်ကို နီရိုးဘုရင်က

ဤကမ္ဘာလောကသို့<br>
စာအုပ်များ<br>
မွေးဖွားဝင်ရောက်<br>
လာခြင်းကို<br>
အက်ဆေးဆရာက<br>
ကျွန်တော်တို့ထက်<br>
ပို၍ ဂယနကျ<br>
သိနားလည်ပြီး<br>
စာအုပ်များအပေါ်<br>
ကျွန်တော်တို့ထက်<br>
ပို၍<br>
လေးလေးနက်နက်<br>
ခံစားတန်ဖိုးထားသူ<br>
ဖြစ်သည်ကို<br>
အငြင်းပွားစရာမရှိဟု<br>
ထင်ပါသည်<br>
ထို့ကြောင့် သူက<br>
သူတန်ဖိုးထားသော<br>
စာအုပ်များ<br>
မီးရှို့ဖျက်ဆီး<br>
ခံခဲ့ရခြင်းအတွက်<br>
နာကျင်ခံစားခဲ့ပါသည်

ရောမမြို့ကြီးအား မီးတင်ရှို့သည်ထက် ပို၍ နာကျင်ခံစားပါသည်။ မိမိတို့အတွက် အသုံးမဝင်၊ အနှောင့်အယှက်လည်း ဖြစ်စေသည့် အမှိုက်သရိုက်များ၊ လူသေအလောင်းများ၊ ရောဂါဆိုးဗိုင်းရပ်ပိုးများ ကပ်တွယ်နေသော အရာဝတ္ထုများကို မီးရှို့ဖျက်ဆီးပစ်ခြင်းမှာ ကျွန်တော်၏ ရင်နှလုံးကို မည်သို့မျှ မထိပါးစေခဲ့ပါဟု ဆိုသည်။ 'ဒါက ဒေါသကိစ္စပဲ'ဟု စိတ်ရှုပ်မခံဘဲ ခပ်လွယ်လွယ် ဖြေသိမ့်နေလိုက်မိပါကြောင်း ရဲရဲဆိုပါသည်။

လူများနှင့် စာအုပ်များအပေါ် အက်ဆေးဆရာ၏ ရဲတင်းပွင့်လင်းသည့် တန်ဖိုးဖြတ်ချက်ကို တွေ့လိုက်မည်ထင်ပါသည်။ အက်ဆေးဆရာသည် သူကတော့ သည်လိုလူပါပဲဟု ဖြလိုက်သည်ကို စာဖတ်သူက သဘောတူကောင်းမှ တူပေလိမ့်မည်။ သို့သော် အက်ဆေးတစ်ပုဒ်နှင့် အက်ဆေးဆရာ၏ ကိုယ်ရည်ကိုယ်သွေးကို ထင်းခနဲ မြင်လိုက်ရပါသည်။

*လူအချင်းချင်း မလိုမုန်းထားသူကို မီးရှို့သတ်ဖြတ်ခြင်းမှာ ထူးဆန်းအံ့ဩဖွယ် အခြင်းအရာ မဟုတ်တော့ပါ။ ပိုးမွေးမြူခြင်းထက်ပင် ပြုစုစောင့်ရှောက်ခဲ့ရသော၊ အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘော တည်ဆောက်ရခြင်းထက်ပင် နည်းပညာ ရှုပ်ထွေးပွေလီစွာ အသုံးပြုခဲ့ရသော 'စာအုပ်'ကို မီးရှို့ဖျက်ဆီးခြင်းကား တုန်လှုပ်ချောက်ချားဖွယ်၊ ယောင်မှားရှူးသွပ်ဖွယ်သာ ဖြစ်သည်ဟု ကျွန်တော် ခံစားမိသည်။*

*စာတစ်အုပ်ဖြစ်လာစေဖို့ မဆိုထားဘိဦး။ စာတစ်လုံး ပေါ်ပေါက်ဖြစ်ထွန်းလာဖို့ပင် ကျွန်တော်တို့လူသားတွေ နှစ်-သန်းပေါင်း မည်မျှ ကြိုးစားစောင့်ဆိုင်းခဲ့ရပါသနည်း။ စာအရေးအသားကို တီထွင်ဖန်တီးခြင်းဖြင့် ကျွန်တော်တို့၏ လူ့ရပ်ရွာကြီးသည် မည်မျှအထိ ယဉ်ကျေးမှု အရှိန်အဟုန် ခုန်ပျံတိုးတက်ခဲ့ရပါသနည်း။ စာအုပ်တစ်အုပ်ထဲတွင် လူတစ်ယောက်တည်း၏ အသိဉာဏ် ခံစားမှု၊ အတွေ့အကြုံနှင့် အလိုဆန္ဒ အပေါင်းအစုကြီးသာ ဖြစ်သည်။*

ကျွန်တော်သည် စာရေးသူတစ်ယောက်အနေဖြင့် စာအုပ်များကို အလွန်အမင်း စုံမက်မြတ်နိုးသည်ဟု မိမိကိုယ်ကို အကြွင်းမဲ့ ယုံကြည်ပါသည်။ သို့သော် စာအုပ်များ၊ စာအရေးအသား ပေါ်ပေါက်လာပုံ စသည်တို့နှင့် ပတ်သက်၍ အက်ဆေးဆရာကဲ့သို့ လူ့ယဉ်ကျေးမှုကြီးအထိ အလေးအနက် မတွေးမိခဲ့သည်ကို ဝန်ခံရမည်ပဲ ဖြစ်ပါသည်။ ဆရာ ကြူးနှစ်ကဲ့သို့ လှိုက်လှိုက်လှဲလှဲ မခံစားမိခဲ့သည်ကို ဝန်ခံရမည်ပဲ ဖြစ်ပါသည်။ ဆရာ ကြူးနှစ်ကဲ့သို့ သေချာတိကျစွာ လေ့လာမှတ်သားမှု မရှိခဲ့သည်ကိုလည်း ဝန်ခံရမည်ပဲ ဖြစ်ပါသည်။

ကျွန်တော်တို့သည် အဏုမြူ ...ရ



www.burmeseclassic.com

www.burmeseclassic.com

ငုပ်သဘော် စသည်မျှလောက်ကိုသာပဲ အလွန်ကြီးကျယ်သော တီထွင်မှုကြီးများ အဖြစ် အလေးထားခဲ့ပါသည်။ နေ့စဉ်၊ နေ့စဉ် အနီးဆုံးနေရာ၌ လွယ်လင့်တကူ တွေ့မြင်ဖတ်ရှုနေသည့် 'စာအုပ်များ'ကို မူ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ထားလိုက်ပုံရပါသည်။ 'နီးလွန်း၍ မမြင်နိုင်'သည်ကို အက်ဆေးဆရာက နားရွက်ဆွဲ၍ ပြလိုက်ဟန် တူပါသည်။ ထို့ကြောင့် ဧကရာဇ်ရှိဟူအန်တီ လက်ထက်က ပုံနှိပ်စက်နည်းပညာ စတင်တီထွင်သူ 'ဂူတင်ဘတ်' မပေါ်ထွန်းသေးသည်မှာ ကမ္ဘာအတွက် အတိုင်းအဆမဲ့ ဖြေသိမ့်စရာပင် ဖြစ်သည်-ဟု သူက ဆိုပါသည်။

ဤကမ္ဘာလောကသို့ စာအုပ်များ မွေးဖွားဝင်ရောက်လာခြင်းကို အက်ဆေးဆရာက ကျွန်တော်တို့ထက် ပို၍ ဂဃနဏ သိနားလည်ပြီး စာအုပ်များအပေါ် ကျွန်တော်တို့ထက် ပို၍ လေးလေးနက်နက် ခံစားတန်ဖိုးထားသူ ဖြစ်သည်ကို အငြင်းပွားစရာမရှိဟု ထင်ပါသည်။ ထို့ကြောင့် သူက သူတန်ဖိုးထားသော စာအုပ်များ မီးရှို့ဖျက်ဆီးခံခဲ့ရခြင်းအတွက် နာကျင်ခံစားခဲ့ပါသည်။

သို့သော် သူသည် သူ၏ အတွေးအမြင်ကို တစ်နေရာတည်း၌ ကွက်ကွက်ကလေးစု၍ သိမ်းဆည်းကျုံ့နေတတ်သူ မဟုတ်ပါချေ။ သူသည် တစ်နေရာမှာ တန့်ရပ်လိုက်ပြီး မျက်နှာမူရာအရပ်၌ တွေ့လိုက်မြင်လိုက်သည်ကိုပဲ ကမ္ဘာလောက၏ကြီး ကျယ်သော အမှန်တရားအဖြစ် တရားသေ ကောက်ချက်ဆွဲပစ်တတ်သူမျိုး မဟုတ်သည်ကို တွေ့ရပါသည်။ အခြားတစ်ဖက်မှနေ၍ တွေးတော ဆင်ခြင်ရန် မမေ့မလျော့တတ်သူ တစ်ဦး ဖြစ်သည်ကို တွေ့ရပါသည်။

*စာအုပ်၌ ဝိညာဉ်တစ်စုံတစ်ရာ ရှိနေသည်။ စွမ်းအင်ဩဇာတစ်မျိုးမျိုး ရှိနေသည်။ တစ်ခါတစ်ရံ လူ့အဖွဲ့အစည်းတစ်ခုတွင် ပေါ်ပေါက်ခဲ့သော အရေးကိစ္စတစ်ရပ်တွင် စာအုပ်တစ်အုပ်၏ သွေးထိုးလှုံ့ဆော်မှု ပါဝင်နေတတ်ကြောင်း တွေ့ရပါသည်။*

အခြားတစ်ဖက်မှ ဆင်ခြင်၍ စာအုပ်များက ကမ္ဘာလောကကို ဘေးအန္တရာယ်ကျရောက်စေသည့် အကြောင်းခြင်းရာတို့ကို သူက ပြောတော့မည် ဖြစ်ပါသည်။ ခိုင်ခိုင်မြဲမြဲရှိသော အချက်တို့ဖြင့် အခြားတစ်ဖက်မှ ဆင်ခြင်ပုံမှာ 'အားပါ'လှပါသည်။

၁၉၉၅-ခုနှစ်က အမေရိကန်ပြည်ထောင်စု၊ အိုကလာဟိုးမားပြည်နယ် မြို့တော်ရှိ မာရှားအဆောက်အအုံ ဗုံးခွဲခံရ၍ လူ ၁၆၈ ဦး သေဆုံးခဲ့မှုတွင် အသက် ၂၇ နှစ်အရွယ်ရှိ ဗုံးခွဲတရားခံ တီမှုသီးမက်ဗေးကိုစစ်ဆေးခဲ့ရာ **'တန်းနား၏ နေ့စဉ်မှတ်တမ်းများ'** ဝတ္ထုစာအုပ်ကို နှစ်သက်စွဲလမ်းစွာ ဖတ်ရှုခဲ့ကြောင်း ဝန်ခံခဲ့ပြီး တီမှုသီးမက်ဗေးအပေါ် အဆိုပါ စိတ်ကူးယဉ် ဝတ္ထုစာအုပ်ကြီးက လှုံ့ဆော်မှုပြုခဲ့သည်ဟု ပေါ်ပေါက်ခဲ့သည်။မူလဇာစ်မြစ်တရားခံမှာ မက်ဗေးလော စာအုပ်လောဟု သူက မေးခွန်းထုတ်ခဲ့သည်။

ပေါ့ပ်အဆိုတော် ဂျွန်လင်နွန်ကို စိတ်ရူးပေါက်၍ ပစ်ခတ်သတ်ဖြတ်ခဲ့သော လူသတ်ကောင်'ဟင်ကလီ'ထံမှ အမေရိကန် စာရေးဆရာကြီး J.D Slinger ရေးသော **Catcher in the Rye** ဆိုသည့် ဝတ္ထုစာအုပ်(ဆရာ မြသန်းတင့်က လေလွင့်သူဟု ဘာသာပြန်ခဲ့သည်)ကို တွေ့ရှိခဲ့ပြီး လေလွင့်သူသည် လူသတ်သမားအပေါ်သို့ သွယ်ဝိုက်သောနည်းဖြင့် ဩဇာသက်ရောက်ခဲ့ကြောင်း အမှုစစ်ဆေးသူတို့က သုံးသပ်ခဲ့ရာ မကောင်းမှု ကျူးလွန်သူအချို့နှင့် စာအုပ်များ ဆက်သွယ်နေတတ်ခြင်းမှာ စာအုပ်များကို အဆိပ်ခတ်ထားသည့် သေရည်အိုးနှင့် တူစေသည် ဟု အက်ဆေးဆရာက စွပ်စွဲလိုက်ပါသည်။

ဤသို့ ဆိုပါက စာအုပ်များမှာ ကြောက်စရာပဲ ဖြစ်သည်။

စာအုပ်များသည် အဆိပ်သေရည်အိုးသဖွယ် ဖြစ်တတ်ကြောင်းကို ပြန်ပြောပြရာတွင် အက်ဆေးဆရာက ကောင်းဘွိုင် ရုပ်ရှင်ကားကိုပင် ချမ်းသာမပေးခဲ့ပါ။ **Five Cards Stud** ဇာတ်ကားတွင် မင်းသားကြီး ရောဘတ်မစ်ချန်းသည် သင်းအုပ်ဆရာ ယောင်ဆောင်၍ လက်စွဲကျမ်း(စာအုပ်ကြီး)ထဲတွင် ဗိုင်း၂၂ သေနတ်ကို သိမ်းဝှက်ထားပြီး လိုအပ်သည့်အခါမှ ကျမ်းစာအုပ်ကိုဖွင့်၊ သေနတ်ကိုထုတ်ကာ လက်စားချေ လူသတ်သည့်အကြောင်းပင် ပါဝင်ခဲ့သည်။

**မြေကမ္ဘာမှပညာတတ်များ**-ဟု အက်ဆေးဆရာက နာမည်ပေးထားသော ခမာနီခေါင်းဆောင် ပိုလ်ပေါ့၏ မော်စီတုံးဝါဒ အစွဲကြောင့် လူသန်းနှင့်ချီ၍ သတ်ဖြတ်ခဲ့ပုံကို မမေ့မလျော့ ဖော်ပြလျက် ကျွန်တော်တို့ စာတတ်ပေတတ်လူနပ်များ မည်မျှရက်စက်ဖွယ်ကောင်းပါသနည်း-ဟု မေးခွန်းထုတ်ထားသည်။ ထို့ပြင် အက်ဆေးဆရာကို တက်ကျမ်းများ ပေးဖတ်ခဲ့သည့် လက်တစ်ဖက်ပြတ် အရက်သမားကြီးသည် မိသားစု၏ စွန့်ပစ်မှုကို ခံရပြီး ဦးနှောက်ပျက်ကာ သစ်ခွဲလွှဝိုင်းကြီးရှေ့သို့ ခေါင်းထိုးပေးခဲ့ဖူးကြောင်း၊ ဝိပဿနာကျမ်းစာများမှလွဲ၍ မည်သည့်စာအုပ်မျှ မဖတ်သည့် ဆွေမျိုးနီးစပ် စက်ချုပ်ဆရာကြီးသည် လောဘကို ချိုးနှိမ်လွန်းသဖြင့် မဆင်းရဲသင့်ဘဲ ဆင်းရဲချို့ငဲ့စွာ ကွယ်လွန်သွားခဲ့ကြောင်း ဆိုပါသည်။

ဝတ္ထုဇာတ်လမ်းများတွင် အတင်နှင့်အဖြေဟူ၍ ရှိတတ်သည်။ 'တင်'ပြီးလျှင် 'ဖြေ'ရသည်။ အတင်အဖြေ မညီမျှပါက ပြောလိုရာနှင့် ဆန့်ကျင်သည့် အခြားတစ်ဖက်သို့ 'ရောက်'သွားတတ်သည်။ သို့သော် ဆရာ ကြူးနှစ်က ဝတ္ထုရေးနေခြင်းမဟုတ်၊ အက်ဆေးတစ်ပုဒ်ကို ထုဆစ်နေခြင်းဖြစ်သည်။'ကျွန်တော်ကတော့ ဒီလိုထင်တာပဲ'ဟု ပြောသူဖြစ်သည်။ စာဖတ်သူက ဒီလိုမထင်ဘဲ ဟိုလိုထင်နိုင်သည်။ အခြားတစ်ဖက်မှ ဆင်ခြင်၍ ကောက်ချက်အသစ် ဆွဲနိုင်သည်။ ငြင်းချက်အသစ် ထုတ်နိုင်သည်။

'အက်ဆေး' ဖြစ်သောကြောင်း

www.burmeseclassic.com

ဖြစ်ပါသည်။

အက်ဆေးဆရာက တက်ကျမ်း၊ ဝိပဿနာနှင့် ဘဝကို လေးနက်စွာ ရှုမြင်နားလည်စေနိုင်သော စာအုပ်များကို တော်တော်လေး ဘဝင်မကျနိုင်သည့် အတွေ့အကြုံတို့ ရှိခဲ့ပုံရသည်။ ယင်းနှင့်စာလျှင် စိတ်ကို ပေါ့ပါးရွှင်မြူးစေသော 'အပျော်ဖတ်စာပေ' ဟု ယိုးစွပ်ခံရသည့် စာအုပ်များ ဖတ်ရှုခံစားသည်ကို ပို၍နှစ်လိုပုံရသည်။ စာဖတ်ခြင်းဖြင့် ရရှိသော ပျော်ရွှင်ချမ်းမြေ့မှုအကြောင်းကို ဒင်နီယယ်ပန်းနက် - ဆိုသူရေးသည့် 'ဘဝ ထက်သာလွန်ကောင်းမွန်သည်' ဆိုသည့်စာအုပ်ကို ခမ်းခမ်းနားနား ချီးမွမ်းထားသောကြောင့် ဖြစ်သည်။

'မဖတ်ကောင်းသည့် စာဟူ၍မရှိ၊ ဖတ်သူ၏ နားလည်ခံယူပုံကသာ အရေးကြီးပါသည်' ဆိုသည့် ဆရာ ဇေယျ၏ အဆိုအမိန့်ကိုလည်း တစ်နေရာတွင် ကိုးကားထားလိုက်ပါသေးသည်။

❑

စင်စစ် ဆရာ ကြူးနှစ်၏ အက်ဆေးမှာ စာအုပ်များသည် ကောင်းကျိုးကို ဆောင်ယူလာသည်၊ သို့မဟုတ် မကောင်းသော အကျိုးကိုလည်း ဆောင်ယူလာတတ်သည်-ဟူသည့် အဆိုနှင့် အချေကို အတင်အဖြေသဘောဖြင့် နှစ်ဖက်မြင် ရေးဖွဲ့ထားသည့် အက်ဆေးတစ်ပုဒ်ပဲ ဖြစ်ပါသည်။ စကားနပန်းပွဲ တစ်ခုအနေဖြင့် ကြားနာမည်ဆိုလျှင် အက်ဆေးဆရာသည် အဆိုအချေနှစ်ဖက်စလုံး၌ ရဲရဲတောက်ပါဝင်၍ လျှောက်လဲတင်ပြခဲ့သည်။ သူတတ်နိုင်သမျှ နှုတ်စွမ်း(လက်စွမ်း)ပြခဲ့သည်ဟု ဆိုချင်စရာ ရှိပါသည်။

ကျွန်တော် အနှစ်ခြုံက်ဆုံးမှာ အက်ဆေးဆရာက သူ၏ အလိုသို့လိုက်ရန် စာဖတ်သူကို သွေးမဆောင်ခဲ့သော အချက်ပဲ ဖြစ်သည်။ စာဖတ်သူက စာအုပ်များကို ပတ္တမြားကျောက်စီဓား သဖွယ် ကိုင်စွဲအသုံးပြုလိုက ပြုနိုင်သည်။ သို့မဟုတ်-အဆိပ်သေရည်အိုး သဖွယ် ရှောင်လိုက ဝေးဝေးရှောင်နိုင်သည်။ ဖတ်သူ၏ အခွင့်အရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့သော အက်ဆေးကောင်းတစ်ပုဒ် ဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။

ကျွန်တော်သည် ဆရာ ကြူးနှစ်၏ အက်ဆေးကို ဖတ်ရင်း အဆိပ်သေရည် အဖြစ် မှတ်ယူနိုင်သော စာအုပ်တစ်အုပ်ကို သတိမရဘဲ မနေနိုင်အောင် ဖြစ်မိပါသည်။

၁၅၁၃-ခုနှစ်က မက္ကီယာဗယ်လီ (Niccolo Machiavelli)ရေးသားသည့် **မင်းသားကျမ်း**(The Prince) ဖြစ်သည်။

***မင်းသားကျမ်းတွင်*** *တရား၊ မတရားဟူသည်မရှိ၊ ရည်မှန်းချက်ပြီးမြောက်အောင်မြင်ရေးသာ ပဓာနဖြစ်သည်။ မိမိအတွက် အကျိုးရှိမည်ဆိုလျှင် မည်သည့်နည်းလမ်းကိုမဆို အသုံးပြုနိုင်သည်။ နိဂုံးကောင်းလျှင် နည်းလမ်းကောင်းသည်၊ ရလဒ်က နည်းလမ်းကို အဆုံးအဖြတ်ပြုသည်။ မင်းတစ်ပါး အနေဖြင့် စည်းကမ်းအတိုင်း ယှဉ်ပြိုင်သည့် လူယဉ်ကျေးတို့၏ ထုံးစလေ့နှင့်သားရဲ တိရစ္ဆာန်တို့၏ နည်းလမ်းများကိုပါ နားလည်သိရှိ သုံးစွဲတတ်ဖို့လိုသည်။ ကတိစကားသည် ချီးမွမ်းအပ်သော်လည်း လက်တွေ့၌ ကြီးကျယ်သော အောင်ပွဲကို ရရှိသူများမှာ ကတိစကားကို အလေးမထားသော၊ လိမ်လည်လှည့်ဖြားတတ်သည့် ပရိယာယ်ဝေဝုစ်ကို အသုံးပြုနိုင်သော သူများသာဖြစ်သည်-အစရှိသော ညွှန်ပြချက်များ ပါရှိသည်။*

ဝါတာလူးစစ်ပွဲ၌ နပိုလီယန် အရေးနိမ့်နေချိန်၊ ရှင်းလင်းဖွင့်ဆိုချက်များပါသော မင်းသားကျမ်းကို သူ၏ မြင်းရထားထဲတွင် သိမ်းထားခဲ့သည်။ သူ၏တူဖြစ်သူ တတိယမြောက် ပြင်သစ် ဧကရာဇ်နပိုလီယန်က ထိုကျမ်းပါ အယူအဆများကို မှီငြမ်း အသုံးပြုခဲ့သည်။ မင်းသားကျမ်းသည် ဂျာမနီ အာဏာရှင် အဒေါ့(ဖ်)ဟစ်တလာ၏ အိပ်ရာဝင် ကျမ်းစာတစ်အုပ်ဖြစ်သကဲ့သို့ အီတလီအာဏာရှင် မူဆိုလိုနီက အမြင့်မားဆုံး လမ်းညွှန်ကျမ်းဖြစ်သည်-ဟု ယုံကြည်ညွှန်းဆိုခဲ့သော စာအုပ်လည်း ဖြစ်သည်။

ထို့ကြောင့် မင်းသားကျမ်းသည် ကမ္ဘာ့စာပေနှင့် နိုင်ငံရေးနယ်ပယ်တွင် နာမည်ဆိုးနှင့် ကျော်စောခဲ့သည်။ ကျမ်းရေးသူ မက္ကီယာဗယ်လီကိုလည်း စေတန်နတ်ဆိုး၊ မကောင်းဆိုးဝါး(Old Nick) အဖြစ် သဘောပိုက်ခဲ့ကြသည်။ တရုတ်ဧကရာဇ် ရှီဟွမ်တီ မီးရှို့ဖျက်ဆီးခဲ့ သည့် ကျမ်းစာများထဲတွင် မင်းသား ကျမ်း မပါဝင်ခဲ့သည်မှာ ငြိမ်းချမ်းသော မြေကမ္ဘာအတွက် မိုးမှောင်ကျမှုတစ်ခုပင် ဖြစ်သည်။

သို့သော်၊ ဤကား ခြွင်းချက်ဖြစ်သည်။ စာအုပ်တိုင်းသည် မင်းသားကျမ်း မဟုတ်ခဲ့သောကြောင့် ဖြစ်ပါသည်။

စာအုပ်များသည် အဆိပ်သေရည်လည်း ဖြစ်နိုင်ပြီး ပတ္တမြားဓားလည်း ဖြစ်နိုင်သည် ဆိုခြင်းကို အငြင်းမပွားဘူး ဆိုပါစို့။

ဤမြေကမ္ဘာတွင် ဧကရာဇ်တို့၏ ဘဏ္ဍာတိုက်များကို ပစ်ပယ်၍ ရနိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်တော်တို့သည် အဆိပ်သေရည်အိုးထဲမှ ပတ္တမြားဓားကို ကောက်ယူနိုင်ပါသည်။ ဓားကို ကိုင်စွဲလိုက်သည့်အခါ ဓား၌ ကပ်ငြိ၍ပါလာတတ်သည့် အဆိပ်သေရည်ကို ဖယ်ရှားနိုင်ဖို့ပဲ လိုပါသည်။ ဉာဏ်နှင့်ယှဉ်လျက် သုတ်သင်ဖယ်ရှားပစ်လိုက်နိုင်ဖို့ပဲ လိုပါသည်။

အဆိပ်သေရည်ထဲမှ ပတ္တမြားဓားကို ရှာဖွေနိုင်ပါလျှင် စာအုပ်များမှာ ဘဝထက် သာလွန်ကောင်းမွန်သည်ကို သင်လည်း နှစ်သက်ကျေနပ်နိုင်လိမ့်မည် ထင်ပါသည်။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

*ကိုးကား။ ။*

*ပတ္တမြားဓားလော၊*

*အဆိပ်သေရည်လော(ကြူးနှစ်)*

*စိတ်ကြိုက်လက်ရွေးစင်ရသစာတမ်းများ*


*(QualityPublishing House)*

*စာအုပ်ဆိုမှာ (ဇေမြင့်)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မိုးလည်း မပျောက်သေး။ ဆောင်းလည်း မရောက်သေး။

ညက ဖြိုးဖြိုးဖြောက်ဖြောက် ကျခဲ့သော မိုးစက်မိုးပေါက်များသည် ခုမနက်မှာ ပျောက်ကွယ်သွားခဲ့ပြီ။ စိုထန်းထန်းမဖြစ်တော့။ သွေ့သွေ့ခြောက်ခြောက်ကြီးလည်း မဟုတ်။ မြေပြင်ကို မြင်ရသည့်မှာပင် သက်သောင့်သက်သာရှိလှသည်။

လေထုထဲမှာ အအေးဓာတ်လေး ပါနေသည်။ ဆောင်းရဲ့ အငွေ့အသက်။ ဆောင်းဝင်တော့မည်ဆိုတာ မြေကမ္ဘာကို တင်ကြို အသိပေးနေသည့်အလား။

အောက်တိုဘာလ၏ နံနက်အရုဏ်ဦးသည် ကြည်နူးမိန်းမူးဖွယ်ရာ ကောင်းလှသည်။


ခြေထောက်နာနေတာက ကောင်းကောင်းကြီး မပျောက်ချင်သေး။ ခပ်ဖြည်းဖြည်းလေး သူ လမ်းလျှောက်နေသည်။ ခါတိုင်းလည်း ခပ်ဖြည်းဖြည်းပါပဲလေ။ ကျန်းမာရေးလိုအပ်ချက်အရ





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်အတွင်းက အကြောက်တရား၏ စေ့ဆော်တိုက်တွန်းမှုကြောင့်သာ မနက်-မနက် သူ လမ်းထွက် လျှောက်နေရသည်။ စိတ်အာရုံက အိပ်ရာထဲမှာ ကျန်ရစ်၏။

လမ်းလျှောက်ရတာ စိတ်က သိပ်မရှည်ချင်ပါ။ မြန်မြန်ပြီးလျှင် ပြီးရော၊ မြန်မြန်ရောက်ချင် ရောက်ရော၊ ငယ်ငယ်တုန်းကလိုပဲ ပြေးကာလွှားကာ လျှောက်လိုက်ချင်သည်။ တကယ်လည်း ပြေးကာလွှားကာ စမ်းပြီး လျှောက်ကြည့်မိသေးသည်။ ခြေလှမ်းအနည်းငယ်မျှမှာပဲ လူက ဟောဟဲလိုက်လာသည်။ မရတော့။ စိတ်သွားတိုင်း ကိုယ် မပါတော့။ အလောင်းစည်သူမင်းကြီးလို မြိန့်မြိန့်ကြီး ပြုံးကာ 'ငါ မအိုသေး' လို့ ထေ့ငေါ့ငေါ့လေး မပြောနိုင်တော့။

သူ၏ ခြေလှမ်းများက တဖြည်းဖြည်း နှေးကွေးလေးလံလာခဲ့ပြီ။

နံနက်ခင်းတို့ကို နှေးကွေးလေးလံလာသာ ခြေလှမ်းများဖြင့် ဖြတ်သန်းနေရသည့်တိုင် ငြိမ်နေ၊ ထိုင်နေတာထက်တော့ အကျိုးအမြတ်ရှိမှာ သေချာပါသည်။ နည်းတာများတာက တစ်ကဏ္ဍပေါ့။ အနိမ့်ဆုံးတော့ ပိုမိုသန့်ရှင်းလတ်ဆတ်သည့် လေကို ရှိုက်ရှူခွင့်ရသည်လေ။ သည်အကျိုးကျေးဇူးကပင် နည်းသတဲ့လား။

နောက်ထပ် နာရီအနည်းငယ်မျှ ကြာမြင့်ခဲ့လျှင် အခုလို လေကောင်းလေသန့်မျိုးကို ရှိုက်ရှူခွင့်ရကြတော့မည်မဟုတ်။ ကာဗွန်ရနံ့ လွှမ်းမိုးသည့် ညစ်နွမ်းနွမ်းလေကိုသာ အောင့်ကာ နမ်းရပေလိမ့်မည်။ ဆရာကြီး ဒဂုန်တာရာရဲ့ နှော့နေဆဲ လေနုအေးကိုမှ နမ်းရှိုက်လိုလျှင်တော့ နှစ်ဆယ့်လေးနာရီ လောက်အချိန်ပေးကာ စောင့်ဆိုင်းပေဦးပေါ့။

နှစ်ဆယ့်လေးနာရီဆိုတာ နည်းတဲ့အချိန်မဟုတ်ပါ။ မြေကမ္ဘာက သူ့ဝင်ရိုးပေါ်မှာ တစ်ပတ်တိတိ လည်ပတ်နိုင်ရန် လုံလောက်သော ကာလအပိုင်းအခြားဖြစ်သည်။ အမှောင်ကိုရော၊ အလင်းကိုပါ ထဲထဲဝင်ဝင် သိမြင်နားလည်နိုင်သည့် အချိန်ဖြစ်သည်။ အပူကိုရော၊ အအေးကိုပါ အသေအချာ ခံစားသဘောပေါက်နိုင်သည့်အချိန် ဖြစ်သည်။

ထိုအချိန်အတွင်းမှာ အရာအားလုံး ဖြစ်နိုင်သည်။ ပျက်နိုင်သည်။ ပြောင်းလဲနိုင်သည်။ တည်မြဲနိုင်သည်။ 'ကွေးသောလက်ကလေး ဆန့်ဖို့'၊ 'ဆန့်သောလက်ကလေး ကွေးဖို့' ဆိုတာလောက်ကတော့ အကြိမ်ပေါင်း အသင်္ချေအနန္တ ဖြစ်နိုင်တာပေါ့။

ထိုအတွေးက ကြောက်စရာကောင်း၏။ မရေရာ မသေချာသည့် လူသားတို့၏ ဖြစ်တည်မှုကို ထင်သာမြင်သာစေ၏။

နံနက်စောစောမှာ အမြင်အာရုံနောက်စရာ၊ အလုအယက်နှင့် ရှုပ်ထွေးနောက်ကျူစရာ မြင်ကွင်းများက သိပ်မရှိလှသေး။ တစ်ခုနှင့်တစ်ခု၊ တစ်ယောက်နှင့်တစ်ယောက်၊ တစ်စီးနှင့်တစ်စီး တိုးတိုးဝှေ့ဝှေ့ တွန်းတွန်းတိုက်တိုက်ဖြင့် ကျော်လွှားဖြတ်သန်းနေခြင်းမျိုးလည်း သိပ်မရှိလှသေး။ အရာရာသည် ဖြည်းဖြည်းဆေးဆေးနှင့် စိတ်အေးလက်အေးသာ သက်ဝင်လှုပ်ရှားနေပါသည်။ မေတ္တာတို့ မကျဲတောက်သေး။ စေတနာတို့ မခန်းခြောက်သေး။ မုဒိတာတို့ မကွယ်ပျောက်သေး။

အထိုက်အလျောက် ငြိမ်းချမ်းနေသေးသည့် လူတို့နေထိုင်ရာ မြေကမ္ဘာ။ လောဘတို့ မဆူပွက်။ ဒေါသတို့ မပြူထွက်။ မောဟတို့ အညွန့်မလူ။ အာဃာတတို့ နေရာမယူ။ မစ္ဆရိယတို့ တံခွန်မထူ။

ဗြဟ္မစိုရ်တရားလေးပါးတို့ ထုံမွှမ်းနေသည်ဟု မဆိုသာသော်လည်း လင်းအရုဏ်ဦးမှာတော့ မြေကမ္ဘာဆိုတာ နေပျော်ဖွယ်ရာ နေရာတစ်ခုပေါ့။ တစ်ယောက်ကိုတစ်ယောက် စိတ်ရှည်ကြသည်။ သည်းခံကြသည်။ ညှာတာကြသည်။ စာနာကြသည်။ အမုန်းတရားတို့က မထင်မရှား။ ဒေါသအမျက်တို့က ဝိုးတိုးဝါးတား။

မိမိဘဝ ရပ်တည်ရှင်သန်ဖို့အတွက် အပြင်းအထန် လှုပ်ရှားရုန်းကန် ကြိုးပမ်းရဦးမည့် လူအများစုက အိပ်မောကျနေဆဲ။ သူတို့နှင့်အတူ လောကကို ပူပြင်းလောင်မြိုက်စေမည့် ဆင်းရဲပင်ပန်းခက်ခဲမှုများကလည်း ခဏခေတ္တ ပျောက်ရှနေဆဲ။

ထိုအခြေအနေသည် မြေကမ္ဘာအနှံ့မှာ ဖြစ်နေတာ ဟုတ်ကောင်းမှ ဟုတ်ပေလိမ့်မည်။ အချို့သော နေရာတွေမှာ လောကကြီးတစ်ခုလုံး အိပ်မောကျနေပါလျက် မအိပ်စက်နိုင်ဘဲ တစ်ဝမ်းအတွက် လောင်မြိုက်နေသူများစွာ ရှိနေပါလိမ့်မည်။ ဥပမာ ဟင်းသီးဟင်းရွက်ကုန်စည်ဒိုင်များမှာ။ သားငါး လက်ကားဈေးများမှာ။ ခရီးဝေးသွားမည့် ကားဆိပ်၊ ရထားဆိပ်၊ သင်္ဘောဆိပ်၊ လေဆိပ်များမှာ။ ညဥ့်လုံးပေါက်လုပ်ငန်းခွင်များမှာ။ ပြီးတော့ အ-ကာလ၏ အမှောင်ထု အတွင်းမှာ။

သည်လိုအချိန်မျိုးတွင် သူကတော့ အေးအေးလူလူ လမ်းလျှောက်နေနိုင်သည်။ ငြိမ်းငြိမ်းချမ်းချမ်း တွေးချင်ရာတွေးနိုင်သည်။ ကြီးကြီးကျယ်ကျယ် အကြောင်းအရာများကို နက်နက်ရှိုင်းရှိုင်း သူ မတွေးတော့ပါ။ ရှုပ်ထွေးခက်ခဲသော အကြောင်းအရာများကိုလည်း သူ မစဉ်းစားတော့ပါ။ ဘဝဟာ အခုလိုပဲ ခပ်သေးသေး၊ ခပ်ပေါ့ပေါ့ အကြောင်းလေးများကိုသာ တွေးကာ၊ ငေးကာ ခပ်ဖြည်းဖြည်းလေး လျှောက်လှမ်းနေလို့ရော မရပေဘူးလား။

ထိုသို့ နေထိုင်ပါက ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားလို့များ ကဲ့ရဲ့ကာ နှာခေါင်းရှုံ့ကြလေမလား။

[illegible]ခုတော့ သူက အဲဒီလို နေတတ်နေပြီ။ တတိယအရွယ်ရဲ့ ပထမနေ့ရက်များမှာပဲ အဲဒီလို သူနေတတ်နေပြီ[illegible] ဟိုယခင်ကတော့ အခုလိုမျိုးနေ[illegible]ရခဲ့။



www.burmeseclassic.com

www.burmeseclassic.com

နေ့သစ်ဦးမှာ မီးထိန်ထိန်ထွန်းကာ အိပ်မောကျနေသည့် မြို့ကြီးကို ငေးရင်း သူ ဝမ်းနည်းကြေကွဲနေခဲ့ဖူးသည်။ သူများတွေ အိပ်ရာထဲတွင် လုံလုံခြုံခြုံ နွေးနွေးထွေးထွေး အိပ်မောကျနေချိန်မှာ သည်းသည်းထန်ထန် ကျဆင်းနေသည့် မိုးစက်မိုးပေါက်များအကြားသို့ တိုးဝင်နေသော သင်္ဘောတစ်စီး၏ ဦးခေါင်းပိုင်း၌ မိုးကာဝတ်လျက် သူက အလုပ်လုပ်နေရသည်။ တစ်ပါးသူများက အမိုးတစ်ခုအောက်တွင် နေ့စဉ် စုံစုံလင်လင် မြင်တွေ့ခွင့်ရသည့် မိသားစုဝင်တို့၏ မျက်နှာများကို မြတ်နိုးတွယ်တာစွာ ငေးကာ ကယုကယင် ချစ်ခင်အေးချမ်းနေချိန်တွင် သူက သင်္ဘောတစ်စီးကို ကျောက်ချပေးနေရသည်။ ကမ်းကပ်ပေးနေရသည်။ ကုန်တင်ပေးနေရသည်။ ကုန်ချပေးနေရသည်။ ပင်လယ်ခရီးအတွက် လိုသမျှကို ဖြည့်တင်းပေးနေရသည်။ ကမ်းခွာပေးနေရသည်။ မောင်းနှင်ပေးနေရသည်။

သည်လိုနည်းဖြင့် အိပ်မောကျနေသည့် ပင်လယ်ဆိပ်ကမ်း မြို့ပေါင်းများစွာကို သူ ဝင်လိုက်ထွက်လိုက် လုပ်ခဲ့ဖူးသည်။ ဖြတ်သန်းသွားလာလုပ်ခဲ့ဖူးသည်။ ပင်ပန်းနွမ်းနယ်ပြီး အိပ်ချင်မူးတူးမျက်လုံးများဖြင့် မီးရောင်များ ထိန်ထိန်လင်းပြီး ငြိမ်သက်တိတ်ဆိတ်စွာ အိပ်မောကျနေသည့် မြို့ကြီးများကို ကြိမ်ဖန်များစွာ သူ ငေးကြည့်ခဲ့ဖူးသည်။

ကြည့်တိုင်းလည်း ဝမ်းနည်းကြေကွဲနေတတ်သည်။

ဝေဒနာမျိုးစုံဖြင့် ညပေါင်းများစွာ၊ နေ့ပေါင်းများစွာ ခက်ခက်ခဲခဲ သူ ဖြတ်သန်းခဲ့ရဖူးသည်လေ။

အချို့ဝေဒနာများက ယခုထိတိုင် ရင်တွင်း၌ ကြွင်းကျန်ရစ်နေဆဲ။ အဦးအစမှာ မကြာမကြာ ပြန်ပေါ်လာတတ်သည်။ အချိန်ကြာလာတော့ ရံဖန်ရံခါမှသာ ဗိုးတိုးဝါးတားပေါ်လာတတ်သည်။ သိပ်ကြာသွားသောအခါ ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးဘူး၊ မရှိခဲ့ဖူးဘူးဟု ထင်မှတ်မှားရလောက်အောင်ပင် ငြိမ်သက်တိတ်ဆိတ်သွား၏။

ငြိမ်သက်တိတ်ဆိတ်ခြင်းသည် အပြီးအပိုင်ပျောက်ကွယ်ခြင်း မဟုတ်။ အကြောင်းတိုက်ဆိုင်သည့် အခါတိုင်းမှာ ပြန်ပေါ်လာတတ်သေးသည်။ ဆောင်းတွင်းမှာ မြင်မက်တတ်သည့် ခြောက်အိပ်မက် အသွင်မျိုးနှင့်လည်း ဖြစ်ချင်ဖြစ်မည်။ နွေလယ်နေ့ခင်း အချို့မှာ ခံစားရသည့် ထမင်းလုံးတစ္ဆေခြောက်သလိုမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

ထိုအခါ အင်အားချည့်နဲ့ကာ ငှငှငေါင်ငေါင် ဖြစ်ကျန်ရစ်သည်။

ထိုသို့ဖြစ်လျှင် ဝေဒနာများ အမြစ်တွယ်ကာ အသစ်တစ်ဖန် ပြန်လည်ရှင်သန်ခွင့် မရရန် မောင်းထုတ်ပစ်ရသည်။

ကျန်ခဲ့ပြီလေ။ ပြီးခဲ့ပြီလေ။ ဟိုးအဝေးတစ်နေရာမှာ အင်မတန် သေးငယ်မှုန်ဝါးလှသည့် မထင်မရှား အစိတ်အပိုင်းလေးတစ်ခုအဖြစ် ကျန်ရစ်ခဲ့ပြီ။ ကာလ၏ ရှည်ကြာခြင်း၊ ဒေသ၏ ဝေးကွာခြင်းကြောင့် ဖြစ်စဉ်တို့ မှေးမှိန်ကောင်း မှေးမှိန်နေမည်။ အစိတ်အပိုင်းလေးများကတော့ အမှန်တရားဖြစ်ပါသည်။

အစိတ်အပိုင်းလေးများကလည်း တစ်ခုပြီးတစ်ခု ဆက်၍ဆက်ကာ ဖြစ်နေကြသည်။ ချိတ်ဆက်သွားလျှင်တော့ 'ဘဝ'ပေါ့။

အစိတ်အပိုင်းတိုင်းမှာ ဝေဒနာရှိသည်။ ထိုဝေဒနာများသည် တစ်ခုနှင့်တစ်ခု စီးကူးသွားသည်လည်း ရှိ၏။ ဆန့်ကျင်သွားသည်လည်း ရှိ၏။ ကြီးထွားသည်လည်း ရှိ၏။ ပြီးသွားသည်လည်း ရှိ၏။ ကူထောက်သည်လည်း ရှိ၏။ အတူပျောက်သည်လည်း ရှိ၏။

ဤနည်းဖြင့် ဘဝနှင့် ဝေဒနာသည် ပူးတွဲခွာတွဲဖြင့် အချိန်များစွာကို သူ ဖြတ်သန်းခဲ့သည်။

လူတစ်ယောက် ဖြတ်သန်းခဲ့သည့် အချိန်အစုအဖွဲ့ကိုတော့ 'အရွယ်'ဟု ဆိုကြသည်။ ပထမအရွယ်။ ဒုတိယအရွယ်။ တတိယအရွယ်။

အင်း…အခု သူက တတိယအရွယ်။

တတိယအရွယ်ဆိုတော့ တတိယအရွယ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုမူကျင့်ဆောင်ရမည်ပေါ့။

တတိယအရွယ်ရဲ့ ပထမနေ့ရက်များမှာ သူ ဦးစွာ မှတ်မှတ်ရရ ပြုမူမိတာက မက်မောခုံမင်ခဲ့သည့် အလေ့အထအချို့ကို စွန့်လွှတ်လိုက်ခြင်း။

ဆက်လက် မပြုမူဖြစ်သောကြောင့်သာ အလေ့အထအချို့ကို သူ စွန့်လွှတ်လိုက်သည်ဟု အလွယ်ဆိုလိုက်ရသည်။ တကယ်တော့ သူက စွန့်လွှတ်လိုက်သည်လား၊ သူ့ကို စွန့်ပစ်သွားသည်လား မရေရာ မသေချာ။

မိတ်ဆွေ အပေါင်းအသင်းများနှင့် သန်းခေါင်သန်းလွဲတိုင်အောင် သောက်စားပျော်ပါးဖူးသည့် ညဥ့်တွေ့ဆုံပွဲများထံ သူ မသွားဖြစ်တော့။ အရက်ကိုလည်း မသောက်ဖြစ်တော့။ တစ်သက်လုံး စွဲသောက်လာခဲ့သည့် အရက်ကို 'သောက်လို့ မရတော့'ဟု သူပြောသောအခါ သူငယ်ချင်းမိတ်ဆွေများက အံ့ဩသည်။ မလိမ်ညာတတ်သော စရိုက်ကို သိနေကြသည့် ငယ်ပေါင်းကြီးဖော်များမို့သာ သူပြောတာကို နားထောင်နေကြသည်။ ယုံကြည်ပုံတော့ သိပ်မရ။

သူကလည်း သူပါပဲ။ အရက်ကို ဘယ်လောက် ကြိုးစားသောက်သောက် ပထမတစ်ခွက်ကုန်အောင် မနည်းကြိတ်မှိတ်မျိုချရသည်။ နောက်တော့ တစ်ခွက်ပင် မကုန်ချင်။ ဟိုတုန်းကမူ အရက်ခွက်ပေါင်းများစွာကို သူ မက်မောခုံမင် နှစ်ခြိုက်စွာ သောက်နိုင်ခဲ့ပါသည်။ ယခုတော့ အာစွတ်သည်ဆိုရုံ တစ်ငုံနှစ်ငုံ။

စကားဝိုင်း ကောင်းနေချိန်၊ တွေ့ဆုံပွဲအရှိန် မြင့်တက်နေချိန်မှာပင် သူက ပျင်းရိငြီးငွေ့နေတတ်ပြန်သေးသည်။ အားလုံးကို နှုတ်ဆက်ကာ အိမ်သို့ ထ ပြန်ချင်နေမိသည်။ 'နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံပွဲကို လာဖြစ်မှာ မဟုတ်’ဆိုတာကို ဖွင့်ဟ၊ကြေညာလိုက်ချင်နေသည်။ လူတွေအများကြီးနှင့် တွေ့ရဆုံရတာကို သူ စိတ်ကုန်သွားပြီ။ စိတ်မပါလည်းပြုံး၊ စိတ်ပါလည်းပြုံး၊ မပြောချင်လည်းပြော၊ ပြောချင်လည်းပြော။

စိတ်အညစ်ဆုံးကတော့ ‘မင်္ဂလာဧည့်ခံပွဲများ’ကို သွားရခြင်း။ တစ်ခုသော မျက်နှာကြောင့် ကိုယ်တကယ်မသိကျွမ်း၊ မရင်းနှီးသူနှစ်ယောက်၏ လက်ထပ်ထိမ်းမြားခြင်း အခမ်းအနားသို့ သွားကာ ကိုယ့်ဘဝထဲက နည်းပါးနေပြီဖြစ်သည့် လက်ကျန် အချိန်အချို့ကို အချည်းနှီး စွန့်လွှတ်နေရသည်လေ။

မင်္ဂလာပွဲတစ်ခုသို့ ငွေ သို့မဟုတ် ပစ္စည်းတစ်မျိုးမျိုးကို လက်ဖွဲ့လိုက်ရသည်မှာ မထောင်းတာ။ ‘ကြွရောက်ချီးမြှင့်သည်’ဟုဆိုကာ စားပွဲတစ်လုံးမှာ လူခြေကြီးတစ်ခွဲသားနှင့် အခန့်သားထိုင်နေရခြင်းကို စိတ်ကုန်၏။ ရံဖန်ရံခါ တစ်ဝိုင်းတည်း အတူထိုင်နေကြသူ အချင်းချင်းတစ်ဦးကိုတစ်ဦး သိကျွမ်းရင်းနှီးခြင်းမရှိကြ။ ဘာသိဘာသာဖြင့် ပျင်းရိငြီးငွေ့စွာ အခမ်းအနားပြီးဆုံးအောင် စိတ်ကျဉ်းကျပ်စွာ စောင့်ဆိုင်းနေရသည်။

ဖြစ်ချင်ရာဖြစ်နိုင်သည့် အနာဂတ်တစ်ခုအတွက် ကိုယ့်အချိန်များကို လက်ဖွဲ့ရသည်မှာ အဓိပ္ပာယ်သိပ်ပြီးမရှိလှပါ။

ထို ထင်မြင်ယူဆချက်ကြောင့် ဇနီးသည်နှင့် မကြာခဏ စကားများရသည်။ သူ့ကို ‘စည်းအပြင်ကလူ’ဟု ဇနီးသည်က စွပ်စွဲသည်။ သူက ဝန်မခံသော်လည်း မငြင်းဆန်။ တတိယအရွယ်ရဲ့ ပထမနေ့ရက်များမှာ ကိုယ်ပိုင်ခလေ့ထုံးတမ်းများဖြင့် လွတ်လပ်အေးဆေးစွာ သီးသန့် နေထိုင်လိုသူတစ်ယောက်ကို စည်းအပြင်ကလူ ဟု သတ်မှတ်လိုက သတ်မှတ်လိုက်ပါတော့။ ရှောင်ကွင်း ငြင်းဆန်လိုက ရှောင်ကွင်းငြင်းဆန်လိုက်ပါတော့။ သူ ကျေကျေနပ်နပ်ဖြင့် လက်ခံပါမည်။

အရွက်မတက်သေးသော်လည်း မိုးစက်လေးတွေ ကျလာသည်။ အောက်တိုဘာ ဆိုတာ မိုးမကုန်သေးပါ။ နည်းတော့ နည်းနေပြီ။ ကျဲလည်း ကျဲနေပြီ။ နှောင်းမိုးစက်များဖြင့် ဝသန်ကာလကို နိဂုံးချုပ်တော့မည်။

သူငယ်ငယ်ကတော့ အများအားဖြင့် မွန်းလွဲပိုင်းတို့၌သာ မိုးက ရွာလေ့ရှိတတ်သည်။ အရွက်ဦးမှာ မိုးရွာခဲ့ပါသည်။ အင်မတန် နည်းပါးလှသည့် နံနက်ခင်း အချို့၌သာ ‘အရွက်မိုး’ကို သူ ကြုံခဲ့ဖူးသည်။ ယခု အသက်အပိုင်းအခြားမှာတော့ အရွက်မိုးနှင့် သူ မကြာခဏ ကြုံလာရ၏။ ရာသီဥတုတွေက သိသိသာသာ ပြောင်းလဲနေပြီလေ။

သူ ထီးဖွင့်ဆောင်းလိုက်သည်။ ထီးကိုင်ရန် အလွန် ပျင်းရိခဲ့သူသည် ယခုတော့ နွေနှောင်းမှ ဆောင်းဦးပေါက်အထိ မနက် လမ်းလျှောက်တိုင်း ထီးကို မမေ့မလျော့ ယူဆောင်တတ်နေပြီ။

သူကသာ အရွက်မိုးဖွဲမှာ ထီးဆောင်းပြီး လမ်းလျှောက်နေသည်။ ဆွမ်းခံထွက်လာသော သံဃာတော်များကတော့ မပြောပလောက်သည့် မိုးစက်မိုးပေါက်များကို ဥပေက္ခာပြုကာ အမှတ်သညာဖြင့် ကြွလှမ်းနေသည်။ ။

■

ဆွန်း၊စက်မှုတက္ကသိုလ်၊




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် “မူလပထမ”

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဩိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဖိုးဖိုး** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)**

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၃၂၆

**Website: www.baydathukhuma.com**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာလဆန်း စစ်ကိုင်းသည် ခါတိုင်းနှစ်လောက် မအေးလှဟု ပြောကြသော်လည်း ရန်ကုန်မှလာကြသော ကျွန်မတို့မှာ ခိုက်ခိုက်တုန်အောင် ခံစားနေကြရသည်။ ရေပင် မချိုးနိုင်ကြ။ ရောက်တာမှ မကြာသေး နှာစေးသည့်သူနှင့်၊ ချောင်းဆိုးသည့်သူနှင့်။ ဝါးချက်ကျေးရွာ၊ မဟာဝိဇယရံသီ စာသင်တိုက်တွင် သမီးကြီးနှင့် သားငယ်တို့က ကထိန်ခင်းကြမည် ဆိုသဖြင့် မိသားစုလိုက် ရောက်ရှိနေကြခြင်းဖြစ်သည်။ ကထိန်ခင်းအပြီး ဆွေမျိုးတစ်သိုက် ပြန်သွားကြသော်လည်း မောင်ဖြစ်သူနှင့် သားဖြစ်သူတို့ ပဥ္စင်းဝတ်ကြသည့်အတွက် သူတို့နှစ်ယောက်ဆွမ်း၊ ကွမ်းကိစ္စမှစ၍ အစစ အဆင်ပြေကြစေရန် ကျွန်မနှင့်အတူ ဆွေမျိုးနီးစပ်တော်သူ ဒေါ်လုံးပါ စစ်ကိုင်းတွင် နေရစ်ခဲ့ကြ၏။




လောကမှာ
ရှိရှိသမျှ
ရာထူးဂုဏ်သိမ်
စည်းစိမ်
ချမ်းသာတွေ
အားလုံးထက်
ပိုပြီးတော့
အထက်တန်း
ကျပြီးပြည့်စုံတဲ့
ဘဝဟာ
ရဟန်း ဘဝပဲ
အခု အဲဒီဘဝကို
ဦးပဥ္စင်း
ရနေတာ
ပေါ့ပေါ့လေး
မမှတ်နဲ့နော်

ကျွန်မ 'ထိုင်း'သို့ ဆေးစစ်ရန် ရောက်နေစဉ်အတွင်း 'အမေ ကထိန်ခင်းတဲ့အခါ သား ဘုန်းကြီးဝတ်မယ်'ဟုသား Viberမှ တစ်ဆင့် စာပို့လာခဲ့၏။ မယုံနိုင်အောင် ဖြစ်ရ၍ ဟုတ်မှ ဟုတ်ရဲ့လား သားရယ်ဟု ပြန်မေးမိသည်။ စင်စစ် သည်ကလေးသည် ဘာသာရေးနှင့် အလှမ်းဝေးခဲ့သည်။ မိဘများ ရွှေ့ပြောင်းရာကို လိုက်ပါရင်း ကလေးဘဝကို နိုင်ငံရပ်ခြားရှိ International ကျောင်းများတွင်သာ ကျောင်းတက် ကုန်ဆုံးခဲ့ရသဖြင့် မြန်မာစာတွင်လည်း အားနည်းချက်ရှိသည်။ နိုင်ငံခြားတွင် နေစဉ်ကာလ၊ သူနေသည့်ကျောင်းနှင့် အံဝင်ခွင်ကျဖြစ်အောင် အမီလိုက်နိုင်အောင်ကိုသာ ကျွန်မတို့ အားထည့်ခဲ့ကြခြင်းသည် ကျွန်မတို့၏ အမှားဟုသာ မြန်မာနိုင်ငံသို့ ပြန်ရောက်မှ အလန့်တကြား သိလိုက်ရသည်။ ရန်ကုန် ပြန်ရောက်ရောက်ချင်း မြန်မာမှု၊ မြန်မာစာကို အမြန် သင်ကြားပေးရ၏။ ဗိုလ်ကျောင်းတက်၊ ဗိုလ်လိုပြော၊ ဗိုလ်သူငယ်ချင်းများနဲ့ပေါင်း၊ ဗိုလ်ကား(ရုပ်ရှင်)ကိုသာ ကြည့်သော သူ့လိုလူမျိုးက ဗြုန်းစားကြီး ခုလို ဘုန်းကြီး ဝတ်မည်ဆို၍ မိသားတစ်စုလုံး အံ့အားသင့်ကြရ၏။ စစ်ကိုင်းသို့ ရောက်ပြီး အမှန်တကယ် ဆံချသောအခါတွင်မှ သူ တကယ်ပြောနေကြောင်း အသိအမှတ်ပြုကြရတော့၏။

❑

'ရာဇဘင္ဂာ…မင်းခ ယောက်ျားတို့သည် နအတ္တ မဖြစ်ဘဲရှိကြကုန်၏လော'

'အာမဘန္တေပါ အရှင်ဘုရား'

'မာတာပိတုဟိ…မိဘနှစ်ပါးတို့က အနုညာတ ခွင့်ပြုပြီးသော သူတို့သည် အတ္တ ဖြစ်ကြကုန်၏လော'

'အာမဘန္တေပါ အရှင်ဘုရား'

'ပုရိပုဏ္ဏဝီ သတိဝဿာ အသက်နှစ်ဆယ်ပြည့်ပြီးသော သူတို့သည်၊ အတ္တ ဖြစ်ကြကုန်၏လော'

'အာမဘန္တေပါ အရှင်ဘုရား'

အနောက်နိုင်ငံများနှင့် တရားဥပဒေနယ်ပယ်တို့တွင် လူတစ်ယောက်၏ ရင့်ကျက်မှု အတိုင်းအတာပြ အသက်ကို ၁၈ နှစ်ဟု သတ်မှတ်ထားခဲ့ကြ၏။ ဘုရားရှင်ကမူ 'ချစ်သားတို့ အသက် နှစ်ဆယ် မပြည့်သူကို ရဟန်းခံမပေးရ'ဟု ပညတ်တော်မူခဲ့၏။ အနည်းဆုံး ပဋိသန္ဓေနေရက် ၇ လကိုယူ၍ ရဟန်းလောင်း မွေးဖွားပြီးနောက် ၁၉ နှစ်၊ ၅ လရောက်လျှင် အသက် ၂၀ ဖြစ်၍ ရဟန်းခံပေးနိုင်၏ဟု သတ်မှတ်ခဲ့၏။ သာမန်လူတစ်ယောက်ထက် သာလွန် မြင့်မြတ်သော ရဟန်းဘဝကို ဝင်ရောက်ဖို့ဆိုသည်မှာ သာမန် ၁၈ နှစ်ပြည့်ပြီးသူတို့ထက် ပိုမိုသာလွန် ရင့်ကျက်နေရမည် မဟုတ်ပါလား။ မှန်လေစွတကား။

သိမ်အတွင်းရှိ ဥပဇ္ဈာယ် ဆရာတော်နှင့် သားဖြစ်သူ ပဥ္စင်းလောင်းတို့၏ အပြန်အလှန် အမေးအဖြေကို ကျွန်မ နားစွင့်ရင်း ဘုရားရှင်၏ အံ့ချီးမကုန်နိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကို အထပ်ထပ် ဦးချပူဇော်နေမိသည်။ ထို့နှင့် တစ်ဆက်တည်း အိမ်က သားသည့်ပြီးခဲ့သည့်နှစ်ကပင် အသက် ၃၀ ပြည့်ခဲ့ပြီ။ ရေရာဌာန



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတွင် အရာရှိ အရာခံဆိုသည့် ရာထူးတစ်ခုကိုလည်း ပိုင်ဆိုင်ထားခဲ့ပြီ။ ရဟန်းဘဝသို့ ဝင်ရောက်ရန်အတွက် လုံလောက်သည့် ရင့်ကျက်မှုသူ့မှာ ရှိနေခဲ့ပြီလားဟု တွေးမိပြန်သည်။

ဆင်းလာပြီ၊ ဆင်းလာပြီဆိုသော အသံကို ကြားရ၍ ခွေမျိုးတစ်သိုက် သိမ်ဆင်းလောင်းလှူရန် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။ မောင်ဖြစ်သူ ဦးပဋ္ဌင်း(ဦးဓမ္မသာရ)မှ ဦးဆောင်၍ ဆင်းလာခဲ့ကြ၏။ ဒုတိယ ရဟန်းမှာမူ သားမောင် ပဋ္ဌင်းပင်ဖြစ်သည်။ မိမိ၏ ရင်မှဖြစ်သော သားကို ဦးရသနန္ဒဟူသော ဘွဲ့အမည်ဖြင့် သင်္ကန်းနီညိုရောင် ဝတ်ရုံလျက် ဦးပြည်းစိမ်းစိမ်းဖြင့် ကြည်ညိုရောင် အဆင်းဆောင်လျက်သားမြင်တွေ့လိုက်ရသည့်ခဏ ထိတ်ခနဲ ဝမ်းသာဖြစ်သွားရ၏။ ရင်ထဲတွင် ကတုန်ကယင်ကြီးနှင့် ဘာမှန်းမသိသော ဝေဒနာကြီးကို ခံစားလိုက်ရလေသည်။

❑

ဝါးချက်သည် လွန်ခဲ့သော နှစ် ၂၀ ကမူ ရွာသိမ်ရွာငယ်ကလေးသာသာဖြစ်၏။ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ၏ ဦးဆောင်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဦးလက္ခဏာကျော်စွာ ဆရာတော်ဘုရား၏ ဦးဆောင်မှုဖြင့် သံဃာ့ဆေးရုံကြီး တစ်စထက်တစ်စ စည်ပင်ထွန်းကားလာပြီးသည့်နောက်ပိုင်း သံဃာ့ဆေးရုံနှင့် အတူ ဝါးချက်ကျေးရွာမှာလည်း လူသိများ ထင်ရှားလာခဲ့ရ၏။ ယခုမူ ရှေ့နောက်ဝဲယာ ညှပ်၍ စီခနဲ ညံခနဲ ဟွန်းသံပေးရင်း တွန်းတွန်းတိုက် မောင်းတတ်သော သုံးဘီးဆိုင်ကယ်များ၊ ကားများကြောင့် လမ်းပင်ကောင်းကောင်း မလျှောက်ရဲ ရလောက်အောင်ပင် ဖြစ်နေ၏။

ဆုံဆည်းရာ အမည်ရဆိုင်တွင် လက်ဖက်ရည်၊ ကော်ဖီမှစ၍ မုန့်ဟင်းခါး၊ အသုပ်စုံအလယ်၊ ချင်းသုပ်၊ လက်ဖက်သုပ်အဆုံး အကုန်ရသည်ဆိုသော သတင်းကြားဖြင့် ကျွန်မနှင့် ဒေါ်လုံးတို့ ရောက်လာခဲ့ကြ၏။

'စစချင်းနေ့လည်းဖြစ်တယ်ဆိုတော့ ချင်းသုပ်လေးတော့ ဦးပဋ္ဌင်းတို့အတွက် ဝယ်ရအောင်ပါ'ဟု ဒေါ်လုံးက ဆိုသဖြင့် ရောက်လာကြခြင်းဖြစ်၏။

'ဘုန်းကြီး၊ ရဟန်းတွေ ဘုဉ်းပေးလို့ရတဲ့ ညချင်းဆိုတာက အကြော်စုံတွေ မပါဘူးနော်။ ဆိုင်ရှင်ကို သေသေချာချာ ပြောလိုက်ဦး၊ ကျွန်မတို့ စားဖို့ထင်ပြီး အကြော်စုံတွေ ထည့်ပေးနေဦးမယ်'

ကျောင်းပြန်ရောက်သည့်အခါ သားမောင် ပဋ္ဌင်းအတွက် ကပ္ပိယ လိုက်လုပ်ပေးသော သူ့သူငယ်ချင်း ကျော်ကျော်ကို ဖုန်းဖြင့် ခေါ်ကာ ချင်းသုပ်ကို လာယူခိုင်းရ၏။

'ဒါ အကြော်စုံမပါတဲ့ ညချင်းနော်၊ အကြော်တွေနဲ့က ဝိနည်းနဲ့မညီဘူး။ နောက်နေ့တွေကျလည်း သတိထားကပ်။ မနက်စောစော အရုဏ်ဆွမ်းစားရမယ်နော်။ အိမ်မှာလို အိပ်နေလို့ မရဘူး။ သားက ဦးပဋ္ဌင်းကို သတိပေးလိုက်ဦးနော်'

'ဟုတ်ကဲ့ အန်တီ'

❑

ကျွန်မ ညက မှာထားလျက်နှင့် မနက်အရုဏ်ဆွမ်း ဦးပဋ္ဌင်း လာမစားဟု ကြားရ၍ ဒေါသ ထောင်းခနဲ ထွက်သွားသည်။ အသေအချာ အမှာအကြား ရှိပါလျက်နှင့် ဦးပဋ္ဌင်းလုပ်ရက်သည်။ 'ဒါဆို ဘာအတွက် ဘုန်းကြီးဝတ်တာလဲ'။ စိတ်တိုတိုနှင့် ဦးပဋ္ဌင်းကို ကျိတ်ဆူသည်။ ဦးပဋ္ဌင်း မျက်နှာပျက်သည်။ ဦးပဋ္ဌင်း၏ ကပ္ပိယက တရားထိုင်နေလို့ပါ အန်တီဟု ရှင်းသည်။ ကျွန်မ သူ့ကိုလည်း မယုံပါ။

'တရားထိုင်လည်း နောက်မှထိုင်၊ အရုဏ်စားပြီးမှ ဈာန်ကြွချင်လည်း ကြွလို့ရတယ်'

ကျွန်မ ကပ္ပိယကို ငေါက်ငမ်းပြောဆိုမိပြန်သည်။ နောက်မှ သြော်…ဦးပဋ္ဌင်းတော့ ဘယ်လောက်ကုသိုလ်ရမည်မသိ။ ဦးပဋ္ဌင်းအမကတော့ အကုသိုလ်တွေ အတော်ရနေပြီဟု ဆင်ခြင်မိပြီး စိတ်ကို အသာလျှော့ချ လိုက်ရ၏။

ထိုနေ့မနက်က ဦးပဋ္ဌင်းနှင့် ကပ္ပိယ 'ဆုံဆည်းရာ'သို့ မုန့်တီဆွမ်း ဘုဉ်းပေးသည်ဟု ကြားရ၍ ထပ်စိတ်မကောင်းဖြစ်ရပြန်သည်။

❑

'အရှင်ဘုရား၊ နေ့ဆွမ်းဘုဉ်းတဲ့အခါ အိမ်က ဦးပဋ္ဌင်းကိုလည်း ဝင်ခေါ်ခဲ့ပါဦး'

သားမောင် ပဋ္ဌင်းနှင့် အတူ သင်္ကန်းဆီးသော မောင်ဖြစ်သူ ဦးပဋ္ဌင်း(ဦးဓမ္မသာရ)ထံသို့ လှမ်းဖုန်းဆက်လိုက်၏။

'စိတ်ချ ဒကာမကြီး၊ ဒါပေမဲ့ ဦးပဋ္ဌင်း တစ်ခုတော့ ပြောမယ်။ ဦးပဋ္ဌင်းရသကို သိပ်ပြီး ဖိအားမပေးပါနဲ့။ သူ ဒီလို ပဋ္ဌင်းဝတ်တာရယ်၊ ရာသက်ပန် အရက်နဲ့ မူးယစ်ဆေးဝါး လှူတယ်ဆိုတာနဲ့ပဲ တော်တော် သာဓုခေါ်စရာကောင်းနေပြီလေ'

'မှန်ပါ့ဘုရား၊ တပည့်တော်က ကျောင်းစည်းကမ်း မလိုက်နာသလို ဖြစ်မှာစိုးလို့ပါ'

'ဒီကနေ့ မနက်ကတော့ စစချင်းကြီးဆိုတော့ သူလည်း ကျောင်းအထာ မသိသေးလို့ပါ။ ဦးပဋ္ဌင်းလည်း ရှိနေတာပဲဟာ မပူပါနဲ့'

'မှန်ပါ့ဘုရား၊ ဦးတင်ပါတယ်ဘုရား'

❑

သားမောင်ပဋ္ဌင်း လူမထွက်မချင်း ကျောင်းရှိ သံဃာကုန် နေ့စဉ် ဆွမ်းဟင်းတစ်ခွက် ကပ်မည်ဟု ရန်ကုန်မှာကတည်းက ကျွန်မ ဆုံးဖြတ်ထားခဲ့သည်အလျောက် မီးဖိုချောင်ရှိ ကပ္ပိယထံသွား၍ ဝက်သား ၃ ပိဿာ မှာထားခဲ့၏။ ရန်ကုန်မှာကဲ့သို့ အဆီနည်းနည်း၊ အသားများများ အဆီနှင့်အသား တွဲလျက် ပေါင်ထိပ်သား ဝယ်လာခဲ့လိမ့်ဟု ယူဆခဲ့မိရာမှ ကပ္ပိယ ဝယ်လာသော ဝက်သားများကို ကြည့်၍ ကျွန်မ စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com

သွားမိ၏။ ဝယ်လာသည်က နံရိုးလည်းပါ၊ ခြေထောက်လည်းပါ၊ ခေါင်းလည်းပါ၊ အဆီကများများ၊ အသားကနည်းနည်း။ ဒီအရပ် ဒီဒေသမှာက ရန်ကုန်မှာလို အသားသတ်သတ်၊ အရိုးသတ်သတ်၊ ခေါင်းသတ်သတ် မရောင်းဟုဆိုကြ၏။ ထိုအခါ ရှိပါစေတော့လေဟု စိတ်လျှော့ပြီး ဝက်သားကို မန်ကျည်းသီးနှစ်နှင့် သားမောင်ပဋ္ဌင်းအကြိုက် ချဉ်ချဉ်လေး ချက်လိုက်၏။ ဆွမ်းချိန်ရောက်တော့ အမေ့လက်ရာ ဝက်သားဟင်း စိတ်ကြိုက်တွေ့ပါ့မလားဟု ပူပန်ပြီး မောင်ပဋ္ဌင်း ဆွမ်းဘုဉ်းပေးသည်ကို ပြေးကြည့်ရပြန်သည်။ သည်ကြားထဲ မနှေ့ညကတည်းက မိတ်ဆွေတစ်ဦး ပေးထားသည့် ကြက်ကြော်ကို နွှေးပြီး ကပ်ဖို့မေ့နေပြန်သေးရာ မီးဖိုချောင်သို့ ကမန်းကတန်း ပြန်ပြေးပြီး နွှေးရပြန်လေသည်။ မောင်ပဋ္ဌင်းတော့ စားကောင်းမည် မကောင်းမည်မသိ၊ ထိုနေ့က ပဋ္ဌင်းအမ မောပြီး ထမင်းတော်ရုံနှင့် မစားနိုင်ဖြစ်ရ၏။

သားမောင်ပဋ္ဌင်း ဆွမ်းစားနေခိုက် သူ့ကပ္ပိယကို ကျိတ်မေးရ၏။ အဆင်ပြေရဲ့လား၊ အဲဒီတောင်ပေါ်မှာ အေးသလား စသဖြင့် မေးရာ ဦးပဋ္ဌင်းတို့ သီတင်းသုံးရာ တောင်ပေါ်ကျောင်းမှာ အေးလွန်း၍ ရေမချိုးနိုင်ဟု ဆိုသည်။ မနှေ့ညက ကိုယ့်အတွက် ဝယ်ထားသော သုံးမိနစ် ရေနွေးအိုးကို ပေးလိုက်ပြီး ရေမချိုးခင် နှစ်အိုးလောက် တည်ပြီးမှ ရောချိုးဖို့၊ ၁၂ နာရီမထိုးခင် ကယ်ဆီယမ် ကွေကာလေးကို ရေနွေးထည့်ပြီး ဦးပဋ္ဌင်းကို ကပ်ဖို့ မှာကြားရပြန်သည်။

'ကိုယ်တော်၊ အမယ်လေး၊ အမယ်လေး။ သင်္ကန်းရုံတာ အဲဒီလို မရုံရဘူးလေ။ ကိုယ်တော်ကို မြင်သွားတဲ့သူတွေက ဒီကိုယ်တော်နှယ် ဖြစ်ကတတ်ဆန်း ရှိလိုက်တာလို့ ထင်သွားတော့မှာပဲ'

ဆွမ်းစားကျောင်းတွင်းမှ သင်္ကန်းကြီး ဖိုသီဖတ်သီနှင့် ထွက်လာသော ဦးပဋ္ဌင်း ရုသနန္ဒကို တွေ့လိုက်ရ၍ ကျွန်မ လန့်သွားရ၏။

'သားမှ မဝတ်တတ်ပဲ'

'ကိုယ့်ကိုယ်ကို ပြောရင် ကိုယ်တော်လို့ ပြောရတယ်။ ဦးပဋ္ဌင်းရဲ့ ဟိုမှာကြည့်ပါဦး၊ ဦးပဋ္ဌင်းတွေ သင်္ကန်းရုံထားတာ ဘယ်လောက် ကြည့်ညိုစရာကောင်းလဲ'

'သူတို့တွေက ကြာပြီလေ၊ တချို့ဆို အနှစ် ၂၀ ရှိပြီ'

'အေးပါ၊ ဒကာမကြီးကလည်း ကြိုးစားဖို့ ပြောတာပါ။ ကိုယ်တော့်ကို အပြစ်တင်တာ မဟုတ်ပါဘူး'

ဦးပဋ္ဌင်း စိတ်ရှုပ်သွားသည့် ပုံစံမျိုးဖြင့် မျက်မှောင်ကြီးကြုတ်ကာ မိခင်ကိုကြည့်ပြီး ထွက်ခွာသွားလေ၏။

❑

'အစ်မ၊ ဦးပဋ္ဌင်းက အချိုရည်ဘူးတွေ ကုန်နေတယ်ဆိုလို့ သွားပို့မလို အစ်မလိုက်မယ်ဆို'

နေ့ဆွမ်းအတွက် ဘဲဥကုလားဟင်းချက်ရန် မီးဖိုတွင်ထောင်းထုနေသော ကျွန်မကို ဒေါ်လုံးက သတိပေးလိုက်ခြင်းဖြစ်သည်။

'ဩော်…အေး အေး၊ လိုက်မယ်၊ လိုက်မယ်'

'ဒါဆို ဘဲဥသာ အရင်ပြုတ်ပေးထားပါ။ ကျွန်မ ပြန်လာတော့ ချက်ပါမယ်'

မီးဖိုရှိ ကပ္ပိယကို မှာကြားပြီး သားမောင်ပဋ္ဌင်း သီတင်းသုံးသည့် ကျောင်းဘက်သို့ ထွက်ခဲ့၏။ ဝါးချက်ကျောင်းတိုက်သည် တောင်ကမ်းပါးယံများကို ထွင်းထုကာ တရားအားထုတ်ရန် ဆောက်ထားသော ကျောင်းဆောင်များ၊ ဇရပ်များ များစွာရှိ၏။ တောင်ထိပ်ကမ်းပါးယံထိပ်ရှိ ကျောင်းဆောင်တစ်ဆောင်တွင် သီတင်းသုံးနေသော မောင်ပဋ္ဌင်းထံ ကျွန်မသွားလိုသော်လည်း လှေကားတက်ရမည်စိုး၍ ယနေ့ထိတစ်ခါမျှ မရောက်သေး။ သို့သော် ဦးပဋ္ဌင်းတစ်ယောက်မည်သို့ နေထိုင်မည်ကိုမူ သိလိုလှ၏။ သို့ကြောင့် မြားမြောင်းလှသော လှေကားများအတိုင်း တစ်ထစ်ချင်း တက်လာခဲ့၏။ တောင်ပေါ် ရောက်သည်တွင် အသက်ပင် မရှူနိုင်ကြတော့။ အပေါ်မှာသည်ကား ဦးပဋ္ဌင်းရော ကပ္ပိယပါမရှိကြ။ စေ့ထားသော တံခါးမှ ဖွင့်၍ ဝင်ကြရ၏။ အထဲတွင် ခုတင်တစ်လုံးရှိ၏။ ခုတင်ပေါ်တွင် စောင်၊ မျက်နှာသုတ်ပဝါနှင့် သင်္ကန်းတစ်ထည်တို့ လုံးထွေးနေ၏။ စားပွဲတစ်လုံးပေါ်တွင် မုန့်ထုပ်များ၊ ရေသန့်ဘူး၊ ခေါက်ဆွဲထုပ်၊ ပလိန်းကိတ် စသည်တို့ ပွစာကျဲလျက်။ ဖုန်းကြိုးများ၊ စပီကာကြိုးများက ခုတင်တိုင်တွင် ချိတ်ဆွဲထား၏။ ဖုန်းက အားသွင်းထားလျက်၊ ဆေးလိပ်ပြာခွက်တွင် ပြာက အပြည့်။

ကျွန်မနှင့် ဒေါ်လုံး ခေါက်တန်ခေါက်၊ ပစ်တန်ပစ်၊ သိမ်းတန်သိမ်း တကြည်လက်ညီ လှုပ်ရှားလိုက်သောအခါမှ ရှင်းလင်းသွား၏။

'ဆေးလိပ်ပြာကတော့ သူ့ သူငယ်ချင်းဖြစ်မယ်။ ဒီကလေးက ဆေးလိပ်သောက်တတ်တယ်။ ဒါပေမဲ့ ဆေးလိပ်သောက်တဲ့လူနဲ့ တစ်ခန်းတည်း နေရတာကို ကမကောင်းဘူး ဒေါ်လုံးရဲ့။ ဒါနဲ့ ဒီခေါက်ဆွဲတွေက ဘယ်သူ ပြုတ်သောက်ဖို့လဲ'

'ဩော် အစ်မရယ်၊ ၁၂ နာရီမထိုးမချင်း စားလို့ရနေတာပဲ။ ကပ္ပိယအတွက်ကလည်း ရှိသေးတယ်လေ'

'အေးလေ၊ ၁၂ နာရီမထိုးခင် စားရင်တော့ အကြောင်းလား'

ထိုနေ့ည ကျွန်မ အဆောင်မှနေ၍ ဦးပဋ္ဌင်းဆီ ဖုန်းဖြင့် လှမ်းဆက်၏။

'ဦးပဋ္ဌင်း ကိုယ်လည်း မစားဖူးတာမှ မရှိတာ၊ ခုလိုသင်္ကန်းနဲ့ နေတုန်း ရသမျှကုသိုလ်ယူရမယ်။ 'အသက်မှျတမ်း၊ မမောပန်းသား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်ပါစေ'တဲ့။ ဆွမ်းဘုဉ်းပေးတယ်ဆိုတာ အဲဒီ ၂ ခုကြောင့်ပဲ ဘုဉ်းပေးနေရတာမို့ အစားမှာ လောဘမဖြစ်စေနဲ့နော်'

'ဦးပဋ္ဌင်း သိပါတယ်၊ သတိလည်း ထားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဦးပဥ္စင်းတို့ အခုလို ဘုန်းကြီးဝတ်တယ်ဆိုတာကို ဥပသမ္ပဒကံ ဆောင်တယ်လို့ တပည့်တော်တို့ ဖိတ်စာမှာ ထည့်ရိုက်တယ်လေ။ အဲဒါက ဘာအဓိပ္ပာယ်လဲလို့တောင် ဦးပဥ္စင်း မေးသေးတယ်၊ မှတ်မိလား။ လောကမှာ ရှိရှိသမျှ ရာထူးဂုဏ်သိမ်၊ စည်းစိမ်၊ ချမ်းသာတွေ အားလုံးထက် ပိုပြီးတော့ အထက်တန်းကျပြီးပြည့်စုံတဲ့ ဘဝဟာ ရဟန်းဘဝပဲ။ အခု အဲဒီဘဝကို ဦးပဥ္စင်းရနေတာ ပေါ့ပေါ့လေး မမှတ်နဲ့နော်'

တစ်ဖက်က သားမောင်ပဥ္စင်းကတော့ဖြင့် မည်ကဲ့သို့ မှတ်ယူမည်မသိ၊ ကိုယ့်ဟာကိုယ်ဖြင့် ငါတော့ ဘုန်းကြီးစာချ ဖြစ်တော့မည်ဟု သတိရမိပြီး ကိုယ်ရှိန်သတ်ကာ စကားဖြတ်လိုက်ရ၏။

❑

'အစ်မရေ…ဦးပဥ္စင်းက သူ့ဒကာမလေး ဆွမ်းချိုင့်လာပို့မယ်ဆိုပြီး စောင့်နေတယ်'

'ဟဲ့၊ ဘယ်က ဒကာမလေးလဲ'

'သိမ်ဆင်းတုန်းက အနီရောင်ချိတ်လေး ဝတ်ထားတဲ့ ကလေးမလေးလေ'

သိမ်ဆင်းလောင်းသည့်နေ့တွင် မန္တလေးက သားမိတ်ဆွေ တော်တော်များများ လာကြရာတွင် မိန်းကလေး လေး,ငါးယောက်ကို တွေ့ရ၏။ သားတွင် မိန်းကလေး သူငယ်ချင်းများ ရှိတတ်သည့်အတွက် ထိုစဉ်က စိတ်ထဲ မှတ်မှတ်ရရကြီး သိပ်မဖြစ်လိုက်ဘဲ ယခု ဒေါ်လုံးပြောကာမှ သတိထားမိသွားရ၏။

'ဒါဆို ခု ကျောင်းက ဦးပဥ္စင်းတွေက ဆွမ်းစားနေကြပြီ၊ ဘယ်လိုလုပ်မှာလဲ'

'သြော် အစ်မရယ်၊ ၁၂ နာရီ မထိုးမချင်း စားလို့ ရတာပဲဟာ၊ နေပါစေ'

'ဟင်း…ငါ အဲဒါတွေ စိတ်တိုင်းမကျတာ။ ကဲ ကဲ ဒါဆို တို့ချက်ထားတဲ့ ဆွမ်းဟင်းတွေလည်း ဦးပဥ္စင်း အာသီသ ရှိတော့မှာ မဟုတ်ပါဘူး။ ကဲ လာ၊ ဆွမ်းသွားကပ်ကြမယ်'

ကျွန်မ အတော်လေး ကသိကအောက် ဖြစ်သွားရ၏။ ကျောင်းရှိ ဆရာတော်နှင့် တကွသော သံဃာတော်တို့ကို ဆွမ်းကပ်သည့်အခါတွင်မတော့ အခါတိုင်း သားမောင်ပဥ္စင်း ထိုင်နေကျစားပွဲတွင် တစ်နေရာစာ လွတ်နေသည်ကို တွေ့လိုက်ရသဖြင့် သက်ပြင်းမော တစ်ခုကို ချလိုက်မိပြန်သည်။

'ဟင်း…'

❑

'အစ်မရေ၊ ဦးပဥ္စင်း ဖုန်းပျောက်လို့တဲ့'

'နင့်ကို ဘယ်သူပြောလဲ'

'ကျော်ကျော်လေ၊ အဲဒါ ဒေါင်းတောက်နေတာပဲ။ ဦးပဥ္စင်း ဒေါင်းတောက်အောင် လိုက်ရှာနေတယ်တဲ့။ ဦးပဥ္စင်းက ဆရာတော်ကို လျှောက်မယ်တဲ့။ ဒါ တစ်ယောက်ယောက် ခိုးတာပဲဆိုပြီး'

'ဘယ်နေ့က ပျောက်တာလဲ'

'မသိဘူး။ သူလည်း ဖုန်းပိတ်ထားတာ ၂ ရက်လောက်ရှိပြီတဲ့။ အဲဒါ ခုမှ သတိရလို့ကြည့်တော့ မရှိတော့ဘူးတဲ့။ သူ့ဖုန်းက I Phone နောက်ဆုံးပေါ် ဆယ့်လေးငါးသိန်းတန်တယ်လို့ ပြောနေတယ်'

ကျွန်မ တော်တော် စိတ်ညစ်သွား၏။ ဒီကိစ္စ ဒီတင်မပြီးဘဲ ဆရာတော်ဆီ တင်လျှောက်လိုက်လျှင် ငြိမ်းချမ်းသည့် တရားရိပ်သာလေး ပွဲဆူသွားတော့မည်ဟု တွေးမိပြီး ခေါင်းနားပန်း ကြီးသွားရ၏။

ထိုစဉ် သားမောင်ပဥ္စင်း ရောက်ချလာသည်။

'ဒကာမကြီး ဦးပဥ္စင်းဖုန်း တွေ့လား'

'ဦးပဥ္စင်းဖုန်းက ဘယ်တုန်းက ပျောက်တာလဲ'

'ဒါတော့ မသိဘူး။ ဦးပဥ္စင်းတို့ အခန်းကို ဒကာမကြီး လာသွားတယ်ဆို'

ဦးပဥ္စင်းဆီက သံသယစကား ထွက်ပေါ်လာ၏။ ကျွန်မ ခေါင်းအုံးအောက်ရှိ ဦးပဥ္စင်းဖုန်းကို ယူပြီး ကမ်းပေးလိုက်၏။

'အဲဒီနေ့က ဒကာမကြီး ဦးပဥ္စင်း အိပ်ရာတွေသိမ်းပြီး ပြန်သွားတာပါ။ ဦးပဥ္စင်းဖုန်းကို အားသွင်းထားတာကို တွေ့ပါတယ်။ ဒါပေမဲ့ တစ်နေ့ကမှ ဆွမ်းစားကျောင်း ဦးပဥ္စင်း ဆွမ်းဘုဉ်းပေးတဲ့ နေရာမှာ ကျန်ခဲ့တာတွေ့လို့ တပည့်တော် သိမ်းထားတာပါ'

'ဒါဆို ဒကာမကြီး ဦးပဥ္စင်းကို ချက်ချင်း ဘာလို့ ပြန်မပေးတာလဲ'

'ဦးပဥ္စင်းကို ဖုန်းတွေက အနှောင့်အယှက်ပေးမှာ စိုးလို့ပါ။ ဒီရဟန်းခံတဲ့ အခိုက်အတန့်လေး ဦးပဥ္စင်း ဘုရားသာသနာအပေါ်မှာပဲ အာရုံစိုက်စေချင်တဲ့ စေတနာပါ'

'ဒကာမကြီး တော်တော် လွန်ပြီ ထင်တယ်'

ကျွန်မ၏ လက်ထဲမှ ဖုန်းကို ဦးပဥ္စင်း ဒေါသဖြင့် ဆွဲယူ ထွက်ခွာသွားသော အခါ စိတ်မကောင်းကြီးစွာဖြင့် ကျွန်မ ကျန်ရစ်ခဲ့ရတော့၏။

❑

မနက်ဖြန်ဆိုလျှင် ကျွန်မတို့ ပြန်ကြရပေတော့မည်။ သားဖြစ်သူကို ရဟန်းအဖြစ်နှင့် ၁၀ ရက်ခန့် အနည်းဆုံး နေစေချင်သော်လည်း ယခု သားက တစ်ပတ်နှင့် လူထွက်တော့မည်ဟု ဆို၏။ ကျွန်မလည်း မတားသာတော့။

'ဒကာမကြီး ဗန်းမော်ဆရာကြီးက မိန့်ဖူးတယ်။ သစ်ပင်ဆိုတာ ငယ်သေးတဲ့အခါ အနှစ်မရှိဘူးတဲ့။ အဲ တဖြည်းဖြည်း ကြီးလာတဲ့အခါ သဘာဝအလျောက် သူ့ဘာသာသူ ပြည့်ဝလာတတ်ကြတာ မဟုတ်လား။ အဲဒါကို အနှစ်မရှိ ရကောင်းလားလို့ ငြူစူရင် ငြူစူတဲ့သူဟာ အပြစ်ဖြစ်မှာတဲ့။ အဲဒီလိုပဲလေ၊ မနေ့တစ်နေ့ကမှ ရဟန်းဘောင်ကို ဝင်လာတဲ့ လူတစ်ယောက်ကတည်း ထေရ်ကြီးဝါကြီးတွေလောက် ဘယ်အနှစ် ပြည့်ဝပါ့မလဲ။ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို ဖြည့်ကျင့်နိုင်ဖို့ဆိုတာက အချိန်လိုသပေါ့ ဒကာမကြီး'

'မှန်ပါ့ ဘုရား၊ တပည့်တော်လည်း မှားသွားပါတယ်'

*စာမျက်နှာ(၁၆၃)သို့…*



www.burmeseclassic.com

www.burmeseclassic.com

ပန်းတိမ်းအရေးဆိုသည်မှာ
ပန်းတိမ်းမင်းသားကို မှတည်၍
ဖြစ်ပေါ်လာသော အရေးတော်ပုံကို
ဆိုလိုပါသည်။ ပန်းတိမ်းမင်းသား

# မောင်သန်းဆွေ(ထားဝယ်)

# ပန်းတိမ်းအရေးနှင့် စမှာယိန္ဒကိုရှမင်းသမီး

ဆိုသူမှာ အိမ်ရှေ့စံ
ကနောင်မင်းသားကြီးနှင့်
ကိုယ်လုပ်တော် သခင်ကြီး
သီရိသုခါမဟေ(ငယ်မည် ခင်ကျေး)တို့၏
သားတော်အကြီးဆုံးဖြစ်သည်။
ခင်ကျေးသည် ဒီပဲယင်းမြို့ဝန်
ဦးမှန်း၏သမီးဖြစ်၏။
တက်သေးအင်းထဲတွင်ရှိသော
သာယာကုန်းခေါ်သည့်
တံငါရွာကလေးကို စားရသဖြင့်
ခင်ကျေးကို သာယာကုန်းသခင်ကြီး
ဟူ၍လည်းခေါ်ပါသည်။ ခင်ကျေးကို
မြောက်ဆောင်တော်သခင်ဟုလည်း
ခေါ်၏။ အိမ်ရှေ့မိဖုရား
လှိုင်ထိပ်ထားအောက်
ကိုယ်လုပ်တော်များထဲတွင်
အဆင့်မြင့်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

> မင်းတုန်းမင်းသားနှင့်အတူ ကိုယ်လုပ်တော် သားတော်၊ သမီးတော် အားလုံးပါသွားကြ သော်လည်း ကနောင်မင်းသားကမူ ကိုယ်လုပ်တော်ထဲမှ အမြတ်နိုးဆုံးဖြစ်သော မသဲအူနှင့် သမီးတော်ထဲမှ အချစ်ဆုံး စမ္ပာယ်နဂိုရ် မင်းသမီးတို့ကိုသာ ခေါ်ဆောင်သွားခဲ့သည် ဟု အဆိုရှိသည်

မြောက်ဆောင်တော်တွင် စံရသောကြောင့် ဖြစ်သည်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီး ဘုရင်ဖြစ်ခဲ့သော် မြောက်နန်းမိဖုရားဖြစ်လာမည်ဟု အဆိုရှိသည်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် မြောက်ဆောင်တော် ခင်ကျေးတို့မှ သားတော် ပန်းတိမ်းမင်းသား၊ သမီးတော် တောင်ညိုမင်းသမီး၊ ရန်အောင်မြင်မင်းသမီး၊ စမ္ပာယ်နဂိုရ်မင်းသမီးနှင့် သားတော် တိုင်တားမင်းသားတို့ ၅ ပါး ထွန်းကားသည်။ သားတော် ပန်းတိမ်းမင်းသား(ငယ်မည် မောင်ဆွေဆက်)သည် ပထမ သတိုးမင်းလှ သီဟသူရဘွဲ့ရသည်။ နောင်အခါ မဟာသီရိဓမ္မရာဇာဘွဲ့ခံ မင်းသားကြီးဖြစ်လာသည်။ အိမ်ရှေ့စံ ကနောင်မင်း၏သား တော်များအနက် အကြီးဆုံးဖြစ်သည်။ သို့ဖြစ်၍ အိမ်ရှေ့စံ ကနောင်မင်းသားကြီး မြင်ကွန်း၊ မြင်းခုံတိုင် အရေးတော်ပုံတွင် ကျဆုံးရသောအခါ ညီတော်များဖြစ်သော အိမ်ရှေ့စံမင်းသားကြီး၏ အခြားသားတော်များက အထင်အမြင် လွဲ၍ မင်းတုန်းမင်းတရားကြီးအား ပုန်ကန်သည်ကို နောင်တော်ကြီးအနေဖြင့် လိုက်လံတာဝန်ခံ ဦးဆောင်ရသဖြင့် ကုန်းဘောင်သမိုင်းတွင် ပန်းတိမ်းအရေးတော်ပုံဟု ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါသည် (နောက်ဆုံး အရေးတော်ပုံ ပြီးသောအခါ ပန်းတိမ်းမင်းသားကြီးမှာ ရေချအသတ်ခံရသည်)။

စမ္ပာယ်နဂိုရ်မင်းသမီးသည် ပန်းတိမ်းမင်းသားကြီး၏ နှမတော်အရင်းဖြစ်သည်။ ပုဂံမင်းတရား လက်ထက် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ နောင်တော် ပုဂံမင်းတရားကို မလွှဲသာလွန်း၍ ခြားနားကြရသည်။ ၁၂၁၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်(၁၈-၁၂-၁၈၅၂)နေ့ ဖြစ်၏။ သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ ၂၀၀ ကျော် ၃၀၀ စုရုံးမိသမျှနှင့် ယင်းနေ့ ညဥ့် ၄ ချက်တီး ကျော်အချိန် အမရပူရရွှေမြို့တော် ရှေ့မျက်နှာမြောက်စွန်း လေးကျွန်းတံခါးမှ ထွက်တော်မူသွားရခြင်းဖြစ်သည်။ ထိုစဉ်က မင်းတုန်းမင်းသားနှင့် အတူ ကိုယ်လုပ်တော်၊ သားတော်၊ သမီးတော် အားလုံးပါသွားကြသော်လည်း ကနောင်မင်းသားကမူ ကိုယ်လုပ်တော်ထဲမှ အမြတ်နိုးဆုံးဖြစ်သော မသဲအူနှင့် သမီးတော်ထဲမှ အချစ်ဆုံး စမ္ပာယ်နဂိုရ်မင်းသမီးတို့ကိုသာ ခေါ်ဆောင်သွားခဲ့သည်ဟု အဆိုရှိသည်။ မသဲအူသည် ရွှေဘိုမြို့သူကြီး ဦးရွှေရေး၏သမီး အရပ်သူ သာဖြစ်သည်။ ကနောင်မင်းသား ရွှေဘိုသို့သွားရင်း တွေ့ဆုံတော်မူ၍ နှစ်သက်မြတ်နိုးကာ ကောက်တော်မူခဲ့ခြင်းဖြစ်၏။ ပထမ သုသဥ္စာဟူသော ဘွဲ့မည်ကိုပေးခဲ့သည်။ နောင်အခါ သုသီရိသဥ္စာဘွဲ့ရသည်။ အိမ်ရှေ့မင်း၏ သမီးတော် စမ္ပာယ်နဂိုရ်မင်းသမီးနှင့် သက်တူရွယ်တူဖြစ်သည်ဟု ဆို၏။

စမ္ပာယ်နဂိုရ်မင်းသမီးကို အိမ်ရှေ့စံ ကနောင်မင်းသားကြီးက မည်မျှချစ်သနည်းဆိုမူ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်နှင့် စမ္ပာယ်နဂိုရ်မင်းသမီးတို့ ဖြစ်ခဲ့သည့်အရေးက သက်သေပြလျက်ရှိသည်။ ထိုအရေးမှာ စမ္ပာယ်နဂိုရ်မင်းသမီး ငယ်စဉ်ဘဝက အိမ်ရှေ့မိဖုရားလှိုင်ထိပ်ထားထံ ဆံကေသာလိမ်းရန် ဆီအတောင်းလွှတ်လိုက်သည်ဆို၏။ ထိုစဉ်က နန်းတော်ထဲတွင် ဆံကေသာ လိမ်းသည့် နန်းသုံးဆီသည် စံပယ်ဆီ၊ မြတ်လေးဆီစသည်တို့ဖြစ်သည်။ စံပယ်ပန်း၊ မြတ်လေးပန်းတို့ကို အခြောက်လှန်း၍ ဆီကြိတ်ထားခြင်းမှ ရသောဆီဖြစ်၏။ ဆီကြိတ်ရာတွင် ပထမဆုံးရသော ဆီကို 'ဆီမကြီး' ဟုခေါ်သည်။ ဒုတိယအကြိမ်ကြိတ်၍ရသောဆီကို 'လိုက်ဆီ' ဟုခေါ်၏။ မိဖုရားနှင့် သမီးတော်တို့သည် ဆီမကြီးကိုသာသုံးသည်။ လိုက်ဆီကို အခြားသူများနှင့် အခြွေအရံတို့မှ သုံးကြရသည်။

စမ္ပာယ်နဂိုရ်မင်းသမီးက အိမ်ရှေ့မိဖုရားထံ ဆံကေသာလိမ်းရန် ဆီအတောင်းခိုင်းလိုက်သောအခါ အိမ်ရှေ့မိဖုရားကလည်း လက်စွဲအပျိုတော်တစ်ဦးကို အလွယ်တကူပင် ပေးလိုက်စေသည်။ အပျိုတော်က အလွယ်တကူပင်ရှိသည့် လိုက်ဆီကို ပေးလိုက်၏။ ဆီမကြီး မရှိ၍ဖြစ်သည်။ ဤကိစ္စသည် ဆီထဲ၌ ပိုးဟပ်ပါသွားသည်ဟု ဖြစ်သည်အထိ ဖြစ်သွားရသည်။ သို့ဖြင့် စမ္ပာယ်နဂိုရ်မင်းသမီးလေးက ခမည်းတော် အိမ်ရှေ့မင်းသားကြီးကို တိုင်တန်းရာမှ အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် အိမ်ရှေ့မိဖုရားတို့ အချင်းများကြရသည်အထိ ဖြစ်သွားရသည် ဆိုပါသည်။

ပန်းတိမ်းအရေးတော်ပုံ ပေါ်ပေါက်သောအခါ အိမ်ရှေ့စံ ကနောင်မင်းသားနှင့် မြောက်ဆောင်တော် ခင်ကျေးတို့၏ သားတော်သမီးတော်များ အထိန်းသိမ်းခံရတော့သည်။ စမ္ပာယ်နဂိုရ် မင်းသမီးသည် ပန်းတိမ်းမင်းသားကြီးနှင့် မောင်တော်၊ နှမတော်အရင်းဖြစ်ရာ ထိန်းသိမ်းခံရလေသည်။ သို့ဖြင့် ထောင်သွင်းအကျဉ်းချခံရလေတော့သည်။

ပုဂံမင်းတရားအား မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ပုန်ကန်ခြားနားစဉ်က ရွှေဘိုမြို့ကို သိမ်းယူပြီး ထီးဖြိုင်၊ နန်းဖြိုင်အုပ်စိုးနေချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘိုတွင်မင်းတုန်းမင်းသားကြီး ရာဇာဘိသေက ဘိသိက်စံတော်မူစဉ်က ရတနာပန်းတောင်းကို မင်းတုန်းမင်း သမီးတော်များကလည်းကိုင်ချင်ကြ သည်။ သို့သော် အိမ်ရှေ့မင်း ဖြစ်လာ သည့်ကနောင်မင်း၏ သမီးတော်များထဲ မှ စမ္မာယ်နဂိုရ်မင်းသမီးတစ်ပါးသာ ပါ ခဲ့လေရာ ရတနာပန်းတောင်းကို စမ္မာယ် နဂိုရ်မင်းသမီးက ကိုင်ရသည်ဆို၏။ ထို သို့ ရတနာပန်းတောင်းကို ကိုင်ရသူဖြစ် ၍ နန်းခလေ့အရ ထိုမင်းလက်ထက်တွင် မင်းပြစ်မင်းဒဏ်မခံရဟု သိရသည်။

ပန်းတိမ်းအရေးတော်ပုံကြောင့် စမ္မာယ်နဂိုရ်မင်းသမီး ထောင်သွင်းထိန်း သိမ်းခံနေရစဉ်က အဖြစ်အပျက်တစ်ခု အကြောင်းကို အိမ်ရှေ့တော်ဆက်များ ပြောပြ၍သိရပါသည်။ ထိုစဉ်က လိမ္မော်သီးပေါ်ချိန် ဖြစ်သည်ဆိုသည်။ မင်းတုန်းမင်းတရားကြီးက မြောက်နန်း မိဖုရား(ခင်သဲ)ကို ပွဲတော်တည်စဉ် လိမ္မော်သီးကျွေးသည်ဆို၏။ မြောက်နန်း မိဖုရားက စားတော်မမူသည့်အပြင် စိတ်မကောင်းခြင်းကြီးစွာဖြင့် မျက်နှာ တော် ညှိုးငယ်နေသည်ဆိုပါသည်။ မင်းတုန်းမင်းတရားကြီးက အကြောင်း မေးတော်မူရာ မြောက်နန်းမိဖုရားက…

'ဒီအသီးကို ကိုယ်တော်လေး (အိမ် ရှေ့စံ ကနောင်မင်းကို ဆိုလိုသည်)အလွန် နှစ်သက်ပါသည်ဘုရား။ ဒီအသီးကို ကိုယ်တော်လေး ပွဲတော်တည်သည့်အခါ စမ္မာယ်နဂိုရ် သမီးတော်လေးအတွက် ဆိုပြီး တောင်းသွားတတ်ကြောင်းကို သတိရ၍ ဘုရားကျွန်မ မစားခြင်း ဖြစ် ပါသည်ဘုရား။

တိုက်တိုက်ဆိုင်ဆိုင်ပင် ညက အိပ်မက်ထဲတွင် ကိုယ်တော်လေးကို မြင်မက်ပါသည်။ ငါ့သမီးတော်လေး ဘယ်ရောက်နေလဲ မယ်သဲရယ်ဟု မေး ပါသည်ဘုရား'

ဟု လျှောက်တင်လေသည်။

မြောက်နန်းမိဖုရား လျှောက်တင် ခြင်း၌ အိပ်မက်အကြောင်းသည် မှန်ချင် မှလည်း မှန်ပါမည်။ ဥပါယ်တံမျဉ်ဖြင့်

မသဲအူသည်
ရွှေဘိုမြို့သူကြီး
ဦးရွှေရေး၏သမီး
အရပ်သူသာဖြစ်သည်
ကနောင်မင်းသား
ရွှေဘိုသို့သွားရင်း
တွေ့ဆုံတော်မူ၍
နှစ်သက်မြတ်နိုးကာ
ကောက်တော်
မူခဲ့ခြင်းဖြစ်၏
ပထမ
သုသဍ္ဍာဟူသော
ဘွဲ့မည်ကိုပေးခဲ့သည်

လျှောက်တင်ခြင်းလည်း ဖြစ်မည်။ သို့ သော် အိမ်ရှေ့စံ မင်းသားကြီး လိမ္မော် သီးကို ပွဲတော်တည်တိုင်း သူအချစ်ဆုံး သမီးတော်လေး စမ္မာယ်နဂိုရ် မင်းသမီး အတွက် အမြဲ ယူသွားခြင်းဆိုသည်မှာ အမှန်ပင်ဖြစ်ပါသည်။

မင်းတုန်းမင်းနှင့် ကနောင်မင်း သားကြီးနှစ်ပါး ရွှေဘိုသို့ ခြားနားရန် ထွက်တော်မူစဉ်က မင်းတုန်းမင်းတရား ကြီး၏ မြောက်နန်းမိဖုရားဖြစ်လာမည့် ကိုယ်လုပ်တော် ခင်သဲလည်း ပါသွားရာ အိမ်ရှေ့မင်းသားကြီး ကိုယ်လုပ်တော် ခင်သဲအူ၊ သမီးတော် စမ္မာယ်နဂိုရ် မင်း သမီးတို့နှင့် အတော် ရင်းနှီးခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ စမ္မာယ်နဂိုရ် မင်းသမီး ထောင်သွင်းအကျဉ်းခံနေရ သည့်အတွက် စိတ်မကောင်းဖြစ်သော ကြောင့် မင်းတရားကြီး သတိရနေစေရန် ဥပါယ်တံမျဉ်ဖြင့် လျှောက်ထားခြင်းလည်း ဖြစ်နိုင်သည်ဟု အိမ်ရှေ့တော်ဆက်များ က ပြောပြပါသည်။

မင်းတုန်းမင်းတရားကြီးသည် မြောက်နန်းမိဖုရားကြီး၏ ပြောဆိုချက် ကို ကြားသိတော်မူသောအခါ စမ္မာယ် နဂိုရ် မင်းသမီးအား သတိရတော်မူပြီး အထိန်းသိမ်းခံရနေခြင်းမှ လွတ်ကင်းစေ လိုက်သည်။ ထို့နောက် ရှေ့တော်မှောက် သို့ ခေါ်ယူခစားစေပြီး…

'ဘကြီးတော်တို့ တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သူများဟာ ကျောသား ရင်သား မခွဲခြားရဘူးကွဲ့။ အခု ပန်း တိမ်းအရေးတော်ပုံမှာ အရေးတော်ပုံနဲ့ ပတ်သက်သူမှန်သမျှကို အရေးယူရတာ ကြောင့် တူမတော်ကိုအရေးယူရတာပါ'

ဟု နှစ်သိမ့်၍မိန့်တော်မူလိုက်သည်။

ထိုအခါ ဆတ်ဆတ်ကြဲ စမ္မာယ် နဂိုရ်မင်းသမီးကြီးသည် ဘကြီးတော် မင်းတုန်းမင်းတရားကြီးအား နဖူးလက် ယှက်ပြီး-

'တူမတော်က သလွန်တော်ပေါ် စံနေတဲ့ ဘကြီးတော်ဘုရားကို ဘကြီး တော် မင်းတရားကြီးမှ ဟုတ်ပါရဲ့လား လို့ ထင်မိကြောင်းပါဘုရား။ နန်းခလေ့ ကို မသိတဲ့ ဘယ်ကတောသားကြီးများ သလွန်ပေါ် ရောက်နေတာလဲလို့တောင် တွေးထင်မိကြောင်းပါဘုရား'

ဟု ဘိသိက်ခံစဉ်က ရတနာပန်း တောင်းကို ကိုင်ခဲ့ရသူအား မင်းပြစ်မင်း ဒဏ် မခံစေရဟူသည့် နန်းခလေ့ကို ရည်ရွယ်ပြီး ရဲရဲတင်းတင်း လျှောက် ထားလိုက်လေသည်ဆို၏။

မင်းတုန်းမင်းတရားကြီးလည်း တူမတော်ကို ပြုံးတော်မူ၍သာ ကြည့်နေ တော်မူပြီး စကားတစ်ခွန်းမျှ မမိန့်ဆိုဘဲ ဦးခေါင်းတော် တညိတ်ညိတ်သာ ပြုနေ တော်မူသည်ဆိုပါသည်။ အရိပ်အခြည် ကို ကြည့်နေတော်မူသည့် အနီးတွင် ခစားနေသော မြောက်နန်းမိဖုရားက တူမတော်လေးကို ခေါ်၍ မင်းတရား ကြီးကို လက်ယှက်ကာ ကန်တော့ကြပြီး ခေါ်တော်မူလာခဲ့သည် ဆိုပါသည်။ ■

**မှောင်သန်းဆွေ၊ထားဝယ်၊**
**ကိုးကားချက်။ ။**
*၁၁-၄-၁၉၉၇ နေ့က ဦးစိန်မောင်ဦး (ရှေးဟောင်းသုတေသန)ပြောပြသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com

မကျဉ်းမကျယ် ခြံဝင်းအတွင်း
ခေတ်ဆန်ဆန် တစ်ထပ်တိုက်ပု
ကလေးတစ်လုံး။ သေးငယ်သော်လည်း
သပ်ရပ်သည်။ ဒီဇိုင်းလှသည်။
သည်တိုက်ကလေးကို ဒေါ်ခန့်ခန့်ကြီး၏
သားသမီး အကြီးမောင်နှမက ရှာပေးကြခြင်း
ရယ်ပါ။ ဈေးနှင့်လည်းနီး၊ အနီးအပါးတွင်
လည်း စက်ုံးဆိုင်တွေမရှား။
ဒေါ်ခန့်ခန့်ကြီးက အိမ်ကိုတစ်ချက်
ကြည့်လိုက်သည်နှင့် စိတ်ဓာတ်
ကျသွားသည်။ မကျရှိပါမည်လား။
ခြံကလည်းမကျယ်၊ အိမ်ကလည်း
ခပ်ကျဉ်းကျဉ်းနှင့် အိပ်ခန်း
ကျယ်တစ်ခန်းနှင့် အိပ်ခန်း

# အကြံ့ဝိုင်ခံနိုင်ရိုးလား

**တင်တင်လတ်**

ကျဉ်းကလေးတစ်ခန်းသာပါသည်။
သို့သော် ဒေါ်ခန့်ခန့်ကြီးက
ထုံးစံအတိုင်း နှုတ်ပိတ်နေလိုက်သည်။
သားသမီးတွေက လိမ္မာကြသည်။
မိခင်မုဆိုးမကြီးကို အတတ်နိုင်ဆုံး
စောင့်ရှောက်လိုသည့် စိတ်ဆန္ဒလေးတွေ
ကိုယ်စီနှင့်မို့ ပြောလိုက်သည်နှင့်
သူတို့လေးတွေ စိတ်မကောင်း
ဖြစ်သွားကြမှာစိုးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

'မေမေ ခြံကျယ်ကျယ် အိမ်ကြီးကြီးကို ပိုကြိုက်မယ်ဆိုတာ သမီး သိပါတယ်။ ဒါပေမဲ့ မေမေရယ် ဒီခြံနဲ့ အိမ်ကလေးဆိုရင် မေမေ ထိန်းသိမ်းရလွယ်ကူမယ် မဟုတ်လား။ ခြံရှင်းခလည်း သက်သာမယ်။ ပြီးတော့ ဒီသုဝဏ္ဏက မေမေ့အပေါင်းအသင်းတွေနဲ့လည်း နီးနီးနားနားမို့ သွားလိုက်လာလိုက်နဲ့ မေမေ အပျင်းပြေမလားလို့ပါ'

သမီးကြီး မီမီလှိုင်က ရှင်းပြသည်။ ဟုတ်ပါသည်။ သမီး မီမီလှိုင်က တွေးခေါ်ဆင်ခြင်တတ်သည်။ လက်တွေ့ကျသလောက် စနစ်လည်းကောင်းသည်။ စည်းကမ်းသေသပ်သော ခင်ပွန်းသည်၊ လိမ္မာရေးခြားရှိသော သားသမီးငယ်လေးသုံးယောက်နှင့် သူတို့မိသားစုလေးကို နံဘေးလူတွေ အားကျချင်စရာ။

မီလှိုင့်အောက် အလတ်ကောင် ဇေယျာလှိုင်ကတော့ ရှေ့နေ။ နှုတ်စပ်သည်။ ဉာဏ်ကောင်းသည်။ သူ့အိမ်ထောင်ဖက်ကလည်း သဘောထားပြည့်သည်။ လွန်ခဲ့သည့်နှစ်က သူတို့အဖေ ထားရစ်ခဲ့သော အင်းလျားမြိုင်မှ ခြံကျယ်ကြီးနှင့် အိမ်ကြီးကို ရောင်းချရန် ဇေယျာ အကြံပေးခဲ့သည်။

'ဒီလောက် ခြံအကျယ်ကြီးနဲ့ အိမ်ကြီးတစ်လုံးမှာ မေမေတစ်ယောက်တည်း ဘာလုပ်မှာလဲဗျာ။ အဲဒါကို ရောင်းလိုက်ပြီး သုဝဏ္ဏဘက်မှာ အသင့်အတင့်ကျယ်တဲ့ ခြံနဲ့အိမ်ကို ဝယ်လိုက်ရင် ငွေပိုထွက်လာမှာ မေမေရ။ အဲဒီငွေကို ဘဏ်မှာအပ်ထားပြီး

မေမေ
ဆုံးသွားတာ
လေးနှစ်လောက်
ရှိပါပြီ
ဖေဖေကာ
နောက်အိမ်ထောင်
မထူဘဲ
တစ်ယောက်တည်း
နေနေတယ်
ပတ္တမြား နယ်ကို
သွားရတိုင်း
ဖေဖေ့ကို
တစ်ယောက်တည်း
ထားခဲ့ရတာ
စိတ်မချဘူး

ဘဏ်တိုးနဲ့ မေမေ အေးအေးဆေးဆေး ထိုင်စားနိုင်တယ်လေ။ မေမေ လှူတန်းချင်တာလည်း လှူနိုင်တန်းနိုင်တာပေါ့။ မကောင်းဘူးလား'

ကောင်းပါတယ်၊ သားအကြံကောင်းတာပေါ့။ ယခုအိမ်ကြီးကကျယ်၊ လှည့်လိုက်သည်နှင့် နေရာတိုင်းမှာ မောင့်အရိပ်တွေနှင့်။ ပြီးတော့ မိသားစုပျော်ရွှင်ချမ်းမြေ့စွာ နေခဲ့သည့်အချိန်များက ဘယ်လိုမှ ဖျောက်မရ။ မောင်နှင့် လက်ထပ်ပြီးချိန်မှစ၍ နေထိုင်ခဲ့သည့်အိမ်ကြီး။ သားသမီးသုံးယောက်ကိုလည်း သည်မှာမွေးပြီး သူတို့ရယ်သံစီစီလွင်လွင်ကလေးတွေက တစ်အိမ်လုံးပျံ့နှံ့။ ပျော်ရွှင်ချမ်းမြေ့စရာတွေ၊ လွမ်းမောတသစရာတွေက တရိပ်ရိပ်။

ဟုတ်ပါတယ်လေ။ ပစ္စုပ္ပန်ကို အတိတ်က လွှမ်းမိုးနေလို့ကတော့ အချည်းနှီး။ ခက်သည်က အငယ်ဆုံးကောင် တေဇာလှိုင်။

သူ့ကို မည်သူကမျှ တိုင်ပင်ဖော်မရကြ။ ထုံးစံအတိုင်း သူ မသိလိုက်ဘဲ ခြံကြီးနှင့် အိမ်က ရောင်းပြီးသွားပြီ။ သူကတော့ တက္ကသိုလ်မှ စိုက်ပျိုးရေးဘွဲ့ရပြီး မြန်မာနိုင်ငံအနှံ့ ခြေဆန့်နေသည်။ ပြီးလျှင် သူဘယ်မှာ အခြေချပြီး ဘာလုပ်မည်ကို မည်သူမျှ မသိကြ။ အိမ်ကိုလည်း ခင်တွယ်သူ မဟုတ်။ ကျောင်းပိတ်ရက်များတွင်ပင် အိမ်မကပ်။ အပေါင်းအသင်းမင်သူတည်း။

တေဇာလှိုင် အိမ်ကိုပြန်ရောက်လာသည့်အခါတွင်တော့ သူ အလွန်အမင်း ဒေါပွသောကြောင့် အစ်မနှင့် အစ်ကိုတို့တောင်အံ့သြယူကြရသည်။

'ဘယ်လိုလုပ်ကြတာလဲဗျ၊ အံ့သြစရာပဲ။ ဒီပုတ်လောက် အိမ်ကလေးထဲမှာ ကျွန်တော်က ဘယ်သွားနေရမှာလဲ။ အပိုအိပ်ခန်းထဲမှာ မေမေက ပစ္စည်းမျိုးစုံထည့်ထားတော့ စတိုခန်းဖြစ်နေပြီ။ အသက်တောင်ရှူလို့မဝ,ဘူး။ ပြီးတော့ မြေပိုလည်းမရှိဘူး။ ဘယ်လိုလုပ်လိုက်ကြတာလဲ'

'မင်းကလည်း ကြီးကျယ်မနေစမ်းပါနဲ့ကွာ။ မင်းနေလို့ရအောင် မေမေရှင်းပေးလိမ့်မပေါ့။ ဒီလောက်အိမ်ကြီးမှာ ဘာလုပ်မှာလဲ။ မင်းက အိမ်ကပ်တာလည်း မဟုတ်။ ဘွဲ့ရပြီး အခုပဲ ရှမ်းပြည်တက်ပြီး စီးပွားရေးလုပ်မလိုလို၊ တော်ကြာ ဘယ်သွားပြီး ဘာလုပ်မလိုလိုပြောနေပြီးတော့များ'

ဇေယျာက ထောက်ပြသည်။ တေဇာကတော့ မှုန်ကုပ်ကုပ်နှင့် မကျေနပ်ချင်။ မကြာပါ။ ထုံးစံအတိုင်း တေဇာတစ်ယောက် ဆိုင်းမဆင့်၊ ဗုံမပါ ပြင်ဦးလွင်သို့ ထွက်သွားသည်။ ခြံနှင့် အိမ်ကတော့ ဒေါ်ခန့်ခန့်ကြီး ဈေးကောင်းရလိုက်သည်။ ပင်စင်စား ဆရာဝန်ကြီးတစ်ဦးက ဝယ်လိုက်ခြင်းပါ။

မီမီလှိုင်၏ အကူအညီဖြင့် လိုအပ်သည့် အိမ်ထောင်ပရိဘောဂများကို ဒေါ်ခန့်ခန့်ကြီး ရွေးချယ်သယ်ဆောင်ကာ အိမ်ပြောင်းရွှေ့ခဲ့သည်။ အိမ်ပြောင်းပြီး မကြာပါ။ တေဇာ အိမ်ပြန်ရောက်လာသည်။ သူနှင့်အတူ ပန်းအိုး သုံး,လေးအိုး ပါလာသည်။ ဗလာကျင်းနေသည့် အိမ်ရှေ့ဆင်ဝင်တွင်ထားရန် အဖိုးတန်ကျောက်ခက်ပန်းအိုးတစ်လုံး၊ အိမ်နံရံတွင် တွယ်ကပ်၊ နွယ်တက်တတ်ပြီး ပန်းပွင့်လှလှကလေးများ ပွင့်သည့် နွယ်ပင်တစ်လုံးနှင့် ဒေါ်ခန့်ခန့်ကြီး ကြိုက်တတ်သည့် နှင်းဆီပန်းအိုးနှစ်လုံး။ ပန်းအိုးများကို တေဇာ ကိုယ်တိုင်နေရာချသည်။

'ဩော်… ဒီလိုဆိုတော့လည်း အမေ့အကြိုက်ကို သိရှာသား' ဟု ဒေါ်ခန့်ခန့်ကြီး ပီတိတွေ တဝေဝေဖြင့် ကျေနပ်လှသည်။

သားကြီး ဇေယျာက ဒေါ်ခန့်ခန့်ကြီးအကြိုက် တစ်အိမ်လုံးကို အစိမ်းနုရောင် ဆေးသုတ်ပေးသည်။ ခြံကိုလည်း သပ်ရပ်သည်ထက်

www.burmeseclassic.com

သပ်ရပ်သွားအောင် လူငှား ဖြင့် ရှင်းပေးသည်။ ပြီး အိမ် ဟောင်းမှ နှင်းဆီပင်နှင့် စံပယ်ပင် အနည်းငယ်ကို ရွှေ့ ပြောင်း၍ စိုက်ခိုင်းသည်။

မီမီလှိုင်၏ သဘော ကောင်းသည့် ခင်ပွန်းက လည်း ယောက္ခမကြီး၏ အိမ် ပြတင်းပေါက်များတွင် အခန်း ဆီးလိုက်ကာများကို လာ ရောက် တပ်ဆင်ပေးသည်။ သည်လို ဆိုတော့ တိုက် ကလေးမှာ လင်းလင်းကျင်း ကျင်း တောက်တောက်ပပ ဖြင့် နေချင့်စဖွယ် ကောင်း လွန်းသွားသည်။

ဩော် . . . လိမ္မာသိ တတ်လိုက်ကြသည့် သား သမီးတွေ၊ သူတို့လေးတွေ သာမရှိလျှင် ကိုယ်တစ် ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် သိမည် မဟုတ်။

'ကဲ . . . အားလုံးလည်း မောသွားကြပြီ။ သမီး မီလှိုင် တို့လင်မယားနှစ်ယောက် လည်း အပန်းဖြေခရီးထွက်ဖို့ ကြံစည်ထားတဲ့အတိုင်းကလေး တွေကို မေမေနဲ့ထားခဲ့ပြီး စိတ်ချလက်ချသွားကြပါလား။ မေမေ ကြည့်ပေးမှာပေါ့'

ဒေါ်ခန့်ခန့်ကြီး တာဝန် ယူလိုက်သည်။

သို့သော် ခရီးထွက်ရန် မီမီလှိုင်ကို အတော်ပြောယူရ သည်။ နောက်ဆုံးမှ မေမေ့ကို ကူညီရန် တေဇာ့ကို ခဏလာ နေပေးဖို့ ပြောရမှာသွားမည်ဟု အရေးဆိုသည်။ ဒေါ်ခန့်ခန့် ကြီးရော၊ တေဇာပါ သဘော တူလိုက်ကြသဖြင့် အဆင်ပြေ သွားသည်။

သည်ကိစ္စတွေ မဖြစ်မီ အငြိမ်းစားဆရာဝန်ကြီး၏ သမီးဖြစ်သူ ပတ္တမြားခင်နှင့် ဒေါ်ခန့်ခန့်ကြီးတို့ ဆုံမိသည်။ ကျောင်းဆရာမတစ်ယောက်ဖြစ် ပြီး နယ်သို့ တာဝန်မကျမီ သူ့ ဖခင်အိမ်အပြောင်းအရွှေ့ကို ကူညီနေခြင်းရယ်ပါ။ ဒေါ်ခန့် ခန့်ကြီး၏ အိမ်ကြီးကို ပတ္တမြား အလွန်သဘောကျ သဖြင့် ဒေါ်ခန့်ခန့်ကြီး ကျေနပ်မိသည်။ တွေ့လျှင် တွေ့ချင်းပင် မိန်းကလေးကို ခင်သွားမိသည်။ မိန်းကလေး မှာ ရိုးရိုးယဉ်ယဉ်ကလေးဖြင့် လှသည်။

ဒေါ်ခန့်ခန့်ကြီးမှာ သား လူပျိုတို့၏ မိခင်သဘာဝ အတိုင်း 'ဘယ်မိန်းကလေးက သူ့သားနှင့် လိုက်ဖက်မည်၊ မလိုက်ဖက်မည်' ဝါဒအတိုင်း မဆိုင်းမတွပင် ပတ္တမြားခင် ကို သူ့အိမ်ကလေးသို့ မုန့် ဟင်းခါးစား ဖိတ်လိုက်သည်။

သူ့အကြံနှင့် သူမို့ တေဇာရောက်မည့်ရက်နှင့် ကိုက်၍ပေါ့။ အိမ်တွင် မြေး ကလေးတွေလည်းရှိကြောင်း ပြောပြထားသည်။

'ဩော် . . . အန်တီမှာ မြေးလေးတွေရှိတယ်လား။ သမီးက ကလေးချစ်တတ်ပါ တယ်။ လာခဲ့ပါမယ်ရှင်'

ပတ္တမြားခင်ကလည်း မငြင်း။

ချိန်းသည့်ရက်တွင် ပတ္တမြား ဆိုက်ဆိုက်မြိုက် မြိုက် ရောက်လာသည်။ ခြင်း ထဲမှ ပန်းတွေ တပွေ့တပိုက် နှင့်။ ကလေးတွေအတွက် အရုပ်တွေ။

'အန်တီထားခဲ့တဲ့ အခန်းတစ်ခန်းထဲမှာ ရှင်းရင်း တွေ့လို့ ကလေးတွေဖို့ ယူ လာတာပါ'

ပတ္တမြားက အေးအေး လေးနှင့် ချစ်စရာကောင်း သည်ဟု ဒေါ်ခန့်ခန့်ကြီး မြင် မိသော်လည်း တေဇာက တော့ သူတွဲနေကျ ခေတ်ဆန် ဆန် မိန်းကလေးများနှင့်မတူ၊ သူ ကြိုက်သည့်စတိုင် မဟုတ် သဖြင့် ပတ္တမြားကို စိတ်ဝင် စားမှုသိပ်မပြ။ မုန့်ဟင်းခါး စားသောက်ပြီးကြသောအခါ ဒေါ်ခန့်ခန့်ကြီး ကြံရဖန်ရပြန် သည်။

'သားရေ . . . ကလေး တွေကို ကစားကွင်းခေါ်သွား လိုက်ပါလား။ သမီးလည်း ကလေးတွေနဲ့ အပျင်းပြေ လိုက်သွားလိုက်ပါကွယ်။ သားက ကလေးတွေကို သိပ်ကြည့်တတ်ရှတတ်တာ မဟုတ်ဘူး။ သမီးပါမှ အဆင်ပြေမှာ'

တွန်းတွန်းထိုးထိုးဖြင့် ပတ္တမြားကို ထည့်လိုက်သည်။ ဒေါ်ခန့်ခန့်ကြီး၏ အကြံ အောင်သွားသည်။ တေဇာ၏ ကားထဲတွင် အားလုံးစုပြုံ၍ ပါသွားကြသောအခါ ဒေါ်ခန့် ခန့်ကြီး ဟင်းချပြီး ကျန်ရစ် သည်။

ကစားကွင်းမှ အပြန် တွင် ဆရာဝန်ကြီး၏အိမ်သို့ ခဏဝင်ကြသည်။ ဒေါ်ခန့်ခန့် ကြီးအတွက် ပတ္တမြားက ပန်း တွေခူးသည်။ ပြီး ဖခင်ဖြစ်သူ နှင့် တေဇာကို မိတ်ဆက်ပေး သည်။ ခင်မင်နှစ်လိုဖွယ် ကောင်းသော ဆရာဝန်ကြီးကို တေဇာသဘောကျသွားသည်။

ပတ္တမြား ပန်းခူးနေခိုက် တေဇာက သူမွေးကတည်း က မီးပွင့်အောင် ဆော့လာခဲ့၊ မွေလာခဲ့သော ခြံကြီးထဲ လှည့်ပတ်ကြည့်ရင်း အကြံ တစ်ခုက သူ့ခေါင်းထဲသို့ ဖြုန်း ခနဲ ရောက်လာသည်။

ရိုးရိုးမှ စင်းစင်းကလေး ရယ်ပါ။

ငါ့နယ် . . . ဘာလို့များ အစက မစဉ်းစားမိပါလိမ့်။

ကားထဲသို့ ပြန်ရောက် ကြသောအခါ သူက အမှတ် မဲ့ပုံဖြင့် မေးလိုက်သည်။

'ပတ္တမြားတို့ အမေ က . . .'

'မေမေ ဆုံးသွားတာ လေးနှစ်လောက်ရှိပါပြီ၊ ဖေဖေက နောက်အိမ်ထောင် မထူဘဲ တစ်ယောက်တည်း နေနေတယ်။ ပတ္တမြား နယ် ကို သွားရတိုင်း ဖေဖေ့ကို တစ်ယောက်တည်းထားခဲ့ရ တာ စိတ်မချဘူး'

'ဟုတ်တယ်၊ ကျွန် တော်လည်း ကျွန်တော့်အမေ တစ်ယောက်တည်း နေနေတာ စိတ်မချဘူးဗျာ။ သားသမီး တွေနဲ့ နေပါဆိုလည်း မနေ ဘူး။ သူတစ်ယောက်တည်း နားအေးပါးအေး နေချင်တယ် တဲ့။ အေးဗျာ၊ ကျွန်တော် မရှိ တုန်း မေမေ့ကိုစောင့်ရှောက် ပေးပါလို့ ပတ္တမြားဖေဖေကို ပြောပေးပါ။ မိတ်ဆွေတွေ ဖြစ်နေကြပြီပဲ'

အိမ်သစ်ကလေးတွင် သူ့အမေပျော်မွေ့မည်မဟုတ် ဟူသော တေဇာ့အထင်လွဲ သွားသည်။ ဒေါ်ခန့်ခန့်ကြီး ကိုယ်တိုင် မထင်မိခဲ့။ သို့ သော် တစ်လမပြည့်မီမှာပင် အိမ်ကလေးကို သူ တွယ်တာ မိလာပြီကို တအံ့တသြ သိ လိုက်ရသည်။

သမီး မီလှိုင်တို့ကတော့ ထုံးစံအတိုင်း မှန်းချက်နှင့်

www.burmeseclassic.com

နှမ်းထွက်ကိုက်ပြန်ပြီကော။ သည်နေရာတွင် သူ့မိတ်ဆွေ အပေါင်းအသင်းများနှင့် ဒေါ်ခန့်ခန့်ကြီး တွေ့ဆုံရသည်မှာ ပိုမိုလွယ်ကူသည်။ အဆင်ပြေသည်။ ခြံကို ပြုစုရသည်မှာလည်း တာဝန်ပေါ့သွားသည်။ ခြံလေးက ကျဉ်းကျဉ်းကလေး မဟုတ်ပါလား။ လက်နိုင်ခြေနိုင်။

ခြံကျယ်ကြီးထဲမှာလို နှင်းဆီရုံ၊ စံပယ်ရုံကြီးများလည်း မရှိ။ ပေါင်းသင်မြက်ရှင်း ခလည်း သက်သာသည်။ အပင်တွေ ပိုးကိုက်မှာ စိုးသဖြင့် ဆေးဖျန်းစရာလည်း မလိုတော့။

သူ့ မီးဖိုကျဉ်းကျဉ်းကလေးကလည်း ပြတင်းပေါက်နှစ်ပေါက်မှ ဖြာကျနေသော နေရောင်ခြည်လေးဖြင့် လင်းလင်းကျင်းကျင်း ချက်ရပြုတ်ရသည်မှာ ပျော်စရာ။

သူချစ်သော ကျယ်ဝန်းလှသည့် ခပ်မှောင်မှောင်အိမ်ဟောင်းကြီးနှင့်တော့ တော်တော်ကွာသည်ပေါ့။ ချစ်ရပေမင့် ကြည့်လိုက်တိုင်း သိပ်ပြီး သန့်သန့်ပြန့်ပြန့် သေသေသပ်သပ်မရှိလှ။ အိမ်သစ်ကလေးမှာ စိတ်တိုစရာ မကောင်းကွက်ကလေးတွေတော့ ရှိသည်လေ။ ဒါပေမဲ့ စိတ်အလိုကျ အပြစ်ကင်းစင်သည့် အရာဆိုတာ လောကမှာ ရှိတာမှ မဟုတ်။

မိခင်ဖြစ်သူ တည်ခင်းသည့် မုန့်နှင့် လက်ဖက်ရည်ကောင်းကောင်းလေးကို အားပါးတရ စားသောက်ကြရင်း ဖြစ်ပျက်နေသည့် အခြေအနေ၏ ဟာသကို တေဇာ တွေးမိသည်။ သူကလည်း

> ကျွန်တော်လည်း
> ကျွန်တော့်အမေ
> တစ်ယောက်တည်း
> နေနေတာ
> စိတ်မချဘူးဗျာ
> သားသမီးတွေနဲ့
> နေပါဆိုလည်း
> မနေဘူး
> သူ
> တစ်ယောက်တည်း
> နားအေးပါးအေး
> နေချင်တယ်တဲ့

မိခင်ဖြစ်သူကို ပတ္တမြား၏ ဖခင်နှင့် အောင်သွယ်ရန် ကြံစည်နေမိသည့်အဖြစ်။ တကယ်တော့ မေမေက ပတ္တမြားနှင့် သူ့ကို လူငယ်ချင်း ရင်းနှီးပြီး အိမ်ထောင်ပြုသည့်အထိ အောင်သွယ်ရန် ရည်ရွယ်ချက်က အထင်းသား။

ရယ်စရာတော့ ကောင်းနေပါပြီ။ ပတ္တမြားခင်မှာ ရိုးရိုးလေးနှင့် လှပါသည်။ သို့ပေမဲ့ သူ့အကြိုက်မဟုတ်။ သူကြိုက်သည့် ပုံစံစတိုင် မဟုတ်သမို့ မေတ္တာသက်ဝင်ဖို့ သိပ်မလွယ်။ သူ့အကြိုက်က ခေတ်ဆန်ဆန် ဟော့ရှော့။

တေဇာတို့က တစ်စုံတစ်ခုကို ဆုံးဖြတ်မိလျှင် အချိန်မဖြုန်းတတ်။ သွက်သွက်လက်လက် လှုပ်ရှားစမြဲ။ ပတ္တမြားခင်က ဆွဲဆောင်မှု ရှိပါသည်၊ လှပါသည်၊ ဘာသာဖြင့် သူသဘောကျ သယောင်ယောင် မိခင်ဖြစ်သူကို ပလီစိချောက်ချက်ပြောကာ ပတ္တမြားတို့ သားအဖကို ထမင်းစားဖိတ်ကျွေးရန် ဒေါ်ခန့်ခန့်ကြီးကို စည်းရုံးတော့သည်။

မေမေတို့က အခြားအရာတွေမှာ တော်သလို အချက်အပြုတ်မှာလည်း စားမိသူ ဆွေမျိုးမေ့မတတ် ဟင်းချက်ကောင်းသူ မဟုတ်ပါလား။ သည်တော့ မိန်းမ လက်ရာနှင့် လေးနှစ် ကင်းကွာနေသူ အဘိုးကြီး လျှာရင်းမြက်မှာ သေချာသည်။ ယောက်ျားဆိုတာ သူသူကိုယ်ကိုယ် စားကောင်းသောက်ကောင်းကို မက်မောတတ်ကြသည် မဟုတ်ပါလား။

မှန်လိုက်လေ၊ ထမင်းစားပွဲမှာ အောင်မြင်ပါသည်။ ဒေါ်ခန့်ခန့်ကြီး ဖွယ်ဖွယ်ရာရာ တည်ခင်းသည့် ဟင်းခွက်တိုင်းမှာ ဆရာဝန်ကြီး၏ အကြိုက်ချည်းသာ။ တစ်ညနေလုံး အရာရာတိုင်း ရှောရှောရှူရှူဖြင့် အဆင်ပြေလှသည်။ တေဇာ ကျေနပ်လှပါသည်။ ကိုယ်တစ်တွေသည် ပုတ်လောက် အိမ်ကလေးကို စွန့်ခွာ၍ အိမ်ဟောင်းကြီးတွင် ပြန်နေရမှာ သိပ်မကြာတော့။

အစ်မ မီလှိုင် ခရီးမှပြန်လာတော့ သူ့အကြံအစည်ကို ပြောပြသည်။ မီလှိုင် ပါးစပ်အဟောင်းသားဖြင့် အံ့သြတကြီး။ အံ့သြလွန်းလှသဖြင့် တော်တော်နှင့်တောင် ပြန်မပြောနိုင်။

'ဟ . . . ဘယ်လိုကြီးလဲ။ မေမေ နောက်အိမ်ထောင်ထူဖို့ ဟုတ်လား။ ကြံကြီးစည်ရာပဲ၊ မနောက်ပါနဲ့'

'ဘာလို့ ကြံကြီးစည်ရာ ရမှာလဲ မမရာ၊ ဘာလို့ မေမေ အိမ်ထောင်သစ်မထူရမှာလဲ။ မေမေက အခု အသက်ငါးဆယ်အရွယ်မှာတောင် လှတုန်း ပ,တုန်းပဲဥစ္စာ'

နောက် တစ်နှစ်ကြာသော်-

မမ ပြောသကဲ့သို့ 'ကြံကြီးစည်ရာ' ဟုတ်သည်၊ မဟုတ်သည်တော့ မပြောတတ်။ တေဇာ အိမ်ပြန်မရောက်ဖြစ်သည်မှာ လေး၊ ငါးလ ကြာသည့်တစ်နေ့ မေမေ့ထံမှ စာရသည်။

ဆရာဝန်ကြီးနှင့် သူတို့ လက်ထပ်ကြတော့မည်တဲ့။

*'ဒီသတင်းကြားရင် သားကတော့ သိပ်အံ့သြသွားမှာပဲ'*

မေမေ ရေးသဖြင့် တေဇာ ရယ်မိသည်။

*'ဒါပေမဲ့ သားသဘောတူလိမ့်မယ်လို့ မေမေ မျှော်လင့်တယ်။ သူနဲ့သားတို့နှစ်ယောက်လည်း တစ်ယောက်နဲ့တစ်ယောက် ခင်ကြတယ် မဟုတ်လား။ သမီးကြီးကတော့ သိပ်သဘောကျပုံမရဘူး။ နောက်ဆုံးတော့ သူလည်း နားလည်လာမှာပါကွယ်။ ဆရာက ပြောတယ်။ မေမေ့မှာ အနီးကပ် အားကိုးအားထားစရာ ယောကျ်ားသား လိုတယ်တဲ့။ နောက်တစ်ပတ်ကျရင် မိသားစုတွေ့ဆုံပွဲလေးလုပ်မလားလို့။ သား ကြိုးစားပြီး လာ[illegible]အောင်လာခဲ့ပါ။ မေမေ့သား*



www.burmeseclassic.com

www.burmeseclassic.com

*သမီးတွေ စုံစုံညီညီ အနားမှာ ရှိစေချင်တယ်ကွယ်'*

မေမေ့ဖိတ်ခေါ်ချက်ကို တေဇာ မဆိုင်းမတွ လက်ခံလိုက်သည်။ မေမေတို့နှစ်ယောက်ကို ဂုဏ်ပြုဖို့ စောင့်တောင်မစောင့်နိုင်။ ကျေနပ်လိုက်ပါဘိခြင်း။ 'တယ်တော်တဲ့ငါ၊ ငါ ကြံရင် ခံနိုင်ရိုးလား၊ ပိုင်လိုက်တာနော်'။ တစ်ယောက်တည်း ဥဒါန်းကျူးရင်း အကျေနပ်ကြီး ကျေနပ်နေမိသည်။

အိမ်သို့ ပြန်ရောက်သော် မေမေက အနည်းငယ် ရက်ကိုးရက်ကန်းဖြင့် နွေးထွေးစွာ ကြိုဆိုသည်။

'သား ကျေနပ်တယ် မဟုတ်လားဟင်၊ ဝမ်းသာပါတယ်နော်'

မေးနေလိုက်ပုံများ တေဇာသာ မကျေနပ်ဟု ဆိုလျှင် မင်္ဂလာကိစ္စတစ်ခုလုံးကို ဖျက်ပစ်တော့မည့်ပုံ။

'မေမေရယ် ကျေနပ်ပါတယ်၊ ဘယ်ဝမ်းမသာဘဲ ရှိပါ့မလဲ'

မိခင်ကိုဖက်ရင်း တေဇာ ဖြေလိုက်သည်။ 'ဒီလိုဖြစ်လာဖို့ သားမှာ စောင့်လိုက် တာဗျာ'။ သားကို ဒေါ်ခန့်ခန့်ကြီး အံ့အားသင့်ပုံဖြင့် ကြည့်သည်။ တေဇာလည်း ပြုံးဖြီဖြီဖြင့် ဆက်ပြောသည်။

'သားတို့အိမ်ဟောင်းက သားအခန်းကို ပြန်ရတော့မယ့်ဥစ္စာ၊ ဝမ်းမသာဘဲရှိပါ့မလား မေမေရ'

မေမေက နားမလည်ဟန်ဖြင့်–

'သားအခန်းဟောင်း…ဘယ်လို…'

'ဟုတ်တယ်လေ မေမေရဲ့။ သား တစ်သက်လုံးနေလာခဲ့တဲ့ အခန်းမှာ ပြန်နေရတော့မှာဗျ'

'မဟုတ်ဘူး သား'

မေမေ မပြောစဖူး နိုင်နိုင်ကျည်ကျည် ပြန်ပြောနေပါပြီကော။

'ဆရာနဲ့ မေမေက မေမေ့အိမ်ကလေးမှာ နေဖို့ဆုံးဖြတ်ထားကြတယ်။ အိမ်ကလေးကို မေမေက တော်တော် သံယောဇဉ်ရှိနေပြီ သားရဲ့၊ မစွန့်ခဲ့ချင်တော့ဘူး။ ပြီးတော့ ဆရာက ခရီးသွားရတာ ဝါသနာပါလို့တဲ့လေ။ မြန်မာနိုင်ငံအနှံ့ ဘုရားလည်ဖူးကြမယ်လို့ စီစဉ်ထားတယ်။ အိမ်နီးနားချင်းတွေကလည်း သိပ်ကောင်းကြတယ်။ မေမေတို့ အဲ့လိုခရီးထွက်ရင် အိမ်ကို သူတို့ကြည့်ပေးမယ်၊ စောင့်ရှောက်ပေးမယ်လို့ ပြောကြတယ်လေ'

သေလိုက်ပါတော့ ငတေဇာ။

အားပါးတရပြောနေသည့် ဒေါ်ခန့်ခန့်ကြီး သားတော်မောင် စိတ်အပျက်ကြီး ပျက်သွားပုံကို သတိမထားမိ။

'တကယ်လား မေမေ'

ဒေါ်ခန့်ခန့်ကြီး ခေါင်းညိတ်ပြသည်။

'ဟုတ်တယ် သား၊ မေမေတို့နှစ်ယောက်တည်း အိမ်ကြီးက ကြီးလွန်းတယ်။ သားလာရင်လည်း သားနေဖို့ မေမေ စီစဉ်ပေးမှာပေါ့။ မပူပါနဲ့။ မေမေတို့ အထပ်ထပ် စဉ်းစားကြပြီးမှ ဒီအရွယ်တွေမှာ ဒီလိုပဲဖြစ်သင့်တယ်လို့ ဆုံးဖြတ်လိုက်ကြတာ'

တေဇာ မယုံနိုင်၊ သူလာရင် မေမေ စီစဉ်ပေးမှာပါတဲ့။ ဘယ်လိုစီစဉ်မှာလဲ။ ပြီးတော့ ဒီလောက် ကျဉ်းကျဉ်းကျုတ်ကျုတ်ကလေးထဲမှာ မေမေနှင့် သူစိမ်းယောကျ်ားကြီး အတူတူနေနေကြသည်ကို မြင်နေရမှာကို မနှစ်မြို့သလို ရုတ်တရက်ခံစားမိသည်။ ပြီးတော့ ပထွေးကြီးနှင့် သူ နီးနီးကပ်ကပ်နေရလျှင် အဆင်ပြေပါ့မလား။

ဩော်…တော်လိုက်တဲ့ ငါ၊ အကြံပိုင်လိုက်တာမှ ခုတ်ရာတခြား၊ ရှရာတလွဲ ငါ့နှယ်နော်။

တေဇာ ရင်ထဲမှ မြည်တမ်းပြီး သူ့နဖူးသူ လက်သီးဖြင့် နာနာထုချင်မိသည်။ သူ တွေးနေစဉ် မေမေက သူ့လက်မောင်းကို ဆွဲဖက်လိုက်သည်။

'ကဲ…လာသား၊ အားလုံးနဲ့ တွေ့လိုက်ကြရအောင်'

သူ့ကို ပြုံး၍ မော့ကြည့်ပြောနေရာမှ ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။

'ဩော်… မေ့နေလိုက်တာ၊ သား သွားနှင့်နော်။ မေမေလုပ်စရာလေး တစ်ခုနှစ်ခုရှိလို့။ မကြာပါဘူး၊ လိုက်လာခဲ့မယ်။ သား သွားနှင့်'

စိတ်ပျက်လက်ပျက် စိတ်ဓာတ်ကျစွာဖြင့် တေဇာ အိမ်ဟောင်းကြီးဘက်သို့ လျှောက်လာခဲ့သည်။ အိမ်တံခါးဝမှ ပေါ်လာသည်က မိန်းမပျိုလေးတစ်ယောက်။ ဟာ… ဘယ့်နှယ် ပတ္တမြား ခင် ဆံပင်ကို အဝါရောင်ဆိုးထားပါလား။ ဟိုက်လိုက်တောင် ထည့်ထားသေး။ ပုံစံကလည်း ခေတ်ဆန်ဆန် ဟော့ရှော့။ ဘယ်လိုဖြစ်သွားတာလဲ။

တေဇာ အကြီးအကျယ် အံ့ဩသွားသည်။ သူ့ပုံလည်း မဟုတ်၊ သူ့နဂိုရုပ်နှင့် ကွာလှချည့်လား။ ဘယ်လိုမှ မတူ။ ထင်းထင်းလင်းလင်းဖြင့် လှလိုက်တာ။ မျက်စိတောင် မှား။

'ပတ္တမြား'

အံ့ဩမှုကို ဖုံးကွယ်ပြီး ခေါ်လိုက်သည်။

မိန်းမပျိုက အသံလွင်လွင်ဖြင့် ရယ်သည်။

'ပတ္တမြား မဟုတ်ပါဘူး။ သူ့ညီမ ရတနာပါ။ မမပတ္တမြားက နယ်စွန်နယ်ဖျားမှာ အလုပ်သွားလုပ်နေပြီ'

'ဩော်…ပတ္တမြား အလုပ်ဝင်သွားပြီလား'

အနီးသို့ရောက်လာသောအခါ တေဇာက ရတနာ့ကို ရွှန်းရွှန်းစားစားကြည့်ရင်း သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

'ကျွန်တော် တေဇာလို့ခေါ်ပါ'

'သိပါတယ် ရှင်၊ ရတနာတို့ မကြာခင် အမျိုးတော်ရတော့မှာပဲ'

ရတနာ ညို့အပြုံးကလေးကို ပြသည်။

ကောင်းလေစွ… တေဇာ့အတွက် ဒီနေ့အဖို့ အကောင်းဆုံးသတင်းပဲပေါ့။

'သိပ်ကောင်းတာပေါ့ဗျာ၊ ဒီထက်ကောင်းတာ ဘယ်ရှိပါ့မလဲ၊ ဝမ်းသာပါတယ်'

'ဟော…ဒီနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပြီးကြပြီ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့'

တေဇာ့နောက်ဘက်မှ ဒေါ်ခန့်ခန့်ကြီး ပေါ်လာသည်။ ပျိုရွယ်သူနှစ်ယောက်အား ပြုံးပြုံးကြီး ဝင့်ကြွားစွာကြည့်ရင်း လိုက်ဖက်လိုက်တဲ့ စုံတွဲဟု တွေးမိသည်။

'ကိုတေဇာ ရောက်နေတာ ဖေဖေ့ကို သွားရှာပြောလိုက်မယ်နော်'

ရတနာပြောပြီး သရက်ပင်အုပ်အုပ်များဆီသို့ လျှောက်သွားသည်။

'လှတယ်နော်'

တေဇာပြောပြီး ရွှေဝါရောင်ဆံပင်များကို မျက်စိတစ်ဆုံး ကြည့်နေသည်။

'သားသဘောကျမယ်ဆိုတာ မေမေ သိတာပေါ့'

သူ့ခင်ပွန်းလောင်းပါသမီးလေးကို ဒေါ်ခန့်ခန့်ကြီး မြင်လျှင်မြင်ချင်းပင် သားတေဇာ အကြိုက်ဖြစ်မည်ကို သေချာပေါက် လျှာထားပြီးသား။

'သူတို့အဖေ ဒီအိမ်ကပြောင်းမှာကို သမီးတွေက ဘယ်လိုသဘောထားကြလဲ မေမေ။ သိပ်တော့ကြိုက်ကြမယ် မထင်ဘူး'

ရင်ထဲမှ နာကြည်းစိတ်က ပေါ်လာပြန်ပြီ။

'ဆရာက ဒီအိမ်ကြီးကို ရောင်းမလား၊ ဒီအတိုင်းထားမလားဆိုတာ သမီးတွေကို ဆုံးဖြတ်ခိုင်းထားတယ်။ သူတို့သဘောပေါ့'

'ဒီအတိုင်းထားလို့က သူတို့အတွက် ဘာအကျိုးရှိမှာလဲ၊ သူတို့ နေနိုင်လို့လား'

တေဇာ့အသံက ခပ်ရှရှလေးတောင် ဖြစ်သွားရဲ့။

'သူတို့ ဘယ်လိုကိုင်ထားမှာလဲ၊ အဓိပ္ပာယ်မရှိတာ'

'အေးလေ၊ ဒီအိမ်ကြီးမှာ နေချင်တဲ့ ယောကျ်ားတစ်ယောက်ယောက်နဲ့ သူတို့ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်လက်ထပ်လိုက်ရင်တော့ အိမ်ကြီးကို ရောင်းစရာမလိုတော့ဘူးပေါ့'

ဒေါ်ခန့်ခန့်ကြီး ခပ်လေးလေးပြောပြီး နှင်းဆီရုံမှ ခြောက်သွေ့သွားသည့် နှင်းဆီပွင့်များကို ခြွေချနေသည်။

အိမ်ဆီ ပြတင်းပေါက်တစ်ပေါက်မှ တစ်စုံတစ်ယောက်က သူတို့ကို လှမ်းခေါ်လိုက်သည်။ ဒေါ်ခန့်ခန့်ကြီး မော့ကြည့်သည်။

'ဟော . . . ဆရာက အိမ်ထဲမှာပါလား၊ သားရတနာကို သူ့အဖေ အိမ်ထဲမှာလို့ သွားပြောချေ။ သရက်ပင်တွေဆီ ထွက်သွားတာ တွေ့လိုက်တယ်'

သရက်ပင် အုပ်အုပ်ထဲမှ ထွက်ပြီး သူတို့ဆီသို့ လျှောက်လာနေသော အရပ်ရှည်ရှည်သွယ်သွယ်လျလျ ကိုယ်လုံးကလေးနှင့် စကပ်ဖြူဖြူလေးကို တေဇာလှမ်းတွေ့လိုက်ရသည်။

'ဟုတ်ကဲ့ မေမေ၊ သားသွားပြောလိုက်ပါ့မယ်'

ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသော သားတော်မောင်ကို ဒေါ်ခန့်ခန့်ကြီး ကြည့်ပြီး ကျေနပ်ရစ်သည်။

ကြည့်ပါဦး တေဇာရယ်၊ လှမ်းနေလိုက်တာ မပြေးရုံတစ်မည်ပါလား။

ဒေါ်ခန့်ခန့်ကြီး ကျိတ်ပြီးပြုံးမိသည်။

ကျေနပ်လိုက်ပါသည့် အမျိုး။

'တယ်တော်လိုက်တဲ့ ငါပါလား၊ အားလုံး အဆင်ပြေအောင် ကြံဆောင်တတ်လိုက်တဲ့ အကြံဉာဏ်နှယ်'

အကြံပိုင်ရင် ခံနိုင်ရိုးတဲ့လား။ ■ **တင်တင်လတ်**


Dictionary for All

**သာလွန်** အင်္ဂလိပ်-မြန်မာ

**အဘိဓာန်**

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀[illegible]

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၇၊ [illegible]၂၂၈၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈




www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၅၁)မှ…*

'အင်းလေ၊ မိခင်တွေရဲ့ စေတနာကို မှားတယ်လို့တော့ မဆိုသာပါဘူး။ ဒကာမကြီးရဲ့သားက နောင်နှစ်အခွင့်ရရင် တပည့်တော် ထပ်လာခဲ့ပါဦးမယ်လို့တော့ လျှောက်သွားပါတယ်။ စိတ်တော့ မပျက်ပါနဲ့'

ဆရာတော်က ကျွန်မကို နှစ်သိမ့်ရှာသည်။ သို့သော် ကျွန်မ သက်သာရာမရခဲ့။ ❑

ကျစ္စာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဘုရားပရဝဏ်အတွင်းရှိ ခုံတန်းလျားလေးမှ ကြည့်လျှင် တည်ငြိမ်စွာ ရပ်တည်နေသော အရှေ့ရိုးမတောင်တန်းကြီးကို နောက်ခံထား တည်ရှိနေသည့် ရောဝတီမြစ်တစ်ဖက်ကမ်း၏ရှုခင်းကို နေရောင်အောက်တွင် အထင်းသားမြင်တွေ့နေရ၏။ ထုံးဖြူဖွေးဖွေး စေတီများကြားမှ မိုးယံသို့ တိုးထွက်နေသော ဈေးချိုဈေးသစ်နှင့် မန္တလေးရှိ ခေတ်မီအဆောက်အအုံ တချို့၊ ရောဝတီမြစ်တွင်းတွင်မူ မော်တော်များ၊ လှေတွဲများက ဟိုတစ်စု၊ သည်တစ်စု ပြန့်ကျဲလျက် တွေ့မြင်နေရ၏။ ရောဝတီမြစ်သည် မြစ်လယ်ကျွန်းစုများနှင့် နုန်းတင်မြေနုကျွန်းများ ဖြစ်ပေါ်နေသဖြင့် ခါတိုင်းကဲ့သို့ အပြောမကျယ်သလို ခံစားရ၏။ မြေနုကျွန်းများပေါ်တွင် မြေပဲ၊ ပြောင်းစသည်တို့ စိုက်ပျိုးရန်အတွက် ထွန်စက် သုံး၊လေးစီးဖြင့် မြေပြင်ကို တွေ့ရ၏။ ၄င်းထွန်စက်၏ အသံသည် အထက်ကို ဆန်တက်မည့် ကုန်တင်မော်တော် ကြီးငယ်တို့ အသံနှင့် အပြိုင် ထွက်ပေါ်နေ၏။ ဆရာကြီး သိပ္ပံမောင်ဝ၏ ကျွဲကျွဲအီးဖတ်ဖတ် အသံအစား မင်းကွန်းလမ်းတစ်လျှောက် ပြေးလွှားမောင်းနှင်နေကြသော သုံးဘီးဆိုင်ကယ်တို့၏ ဒုတ် ဒုတ်ဒွီး ဒက် ဒက် အသံများကသာ ဆူညံ လွှမ်းမိုး၍နေပါတော့သည်။ ဩော် ဝါးချက်သည် မြို့ပြ၏ ဆူညံခြင်း စရိုက်လက္ခဏာကို အမွေအဖြစ် နှစ်ခြိုက်စွာ ခံယူလို့နေပါပကောလား။

မည်သို့ပင်ဖြစ်စေ ရန်ကုန်မြို့တော်ကြီးနှင့် နှိုင်းစာခဲ့လျှင်မူ ရောဝတီလည်း သူ့သဘောဝနှင့်သူ အလှတင့်တယ်ဆဲ။ ဝါးချက်သည်လည်း သူ့ရွာနှင့်သူ့အထာ နေသားတကျရှိဆဲ ဖြစ်သည်။ ယနေ့ဆိုလျှင် သားတို့ အပြန်ကို လိုက်ပါမသွားဘဲ ဝါးချက်တွင် ကျွန်မ နေရစ်ခဲ့သည်မှာ ရက်ပေါင်း ၃၀ ပြည့်ခဲ့လေပြီ။ အစိုးမရခြင်း တရားများကို မသိကျိုးကျွန်ပြု၊ လိုချင်တပ်မက်မှု တဏှာကို မိတ်ဆွေဖွဲ့လျက် နှစ်ပေါင်း ၆၀ ကျော်ကျော် လောကလူ့ပြည်တွင် နေထိုင်မွေ့လျော်ခဲ့သော ကျွန်မ၏ ဓလေ့စရိုက်နှင့် သူတော်ကောင်းတရား ပွားများရာ စစ်ကိုင်းချောင် တရားစခန်းတို့၏အထာ၊ ရုံဖန်ရုံခါ အဟပ်ကွာဟမှုများဖြင့် ကျပ်တည်းဆင်းရဲသယောင် ကျွန်မ ခံစားနေရ၏။ သို့သော် မည်သို့ပင်ဖြစ်စေ မီးရောင်ကို မီးရောင်၊ ရွှေတောင်ကို ရွှေတောင်ဟူ၍ ကျွန်မ ခွဲခြားသိတတ်ခဲ့ပေပြီ။ သို့ကြောင့်လည်း ယခုထက်မက မြင့်မားသော အသိတရား အဆင့်ဆင့်တို့အတွက် ကာလတစ်ခု စောင့်ဆိုင်း အားထုတ်ရန် အတွက်ကိုသာ ကျွန်မ စိတ်စောနေမိပါတော့သည်။ ■

သန္တာခင်


ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597




www.burmeseclassic.com

www.burmeseclassic.com

# လုံယူပွဲ

**ကော၊ တောင်တန်းပြာ၊**

အမှတ်တမဲ့ ကြည့်ရင်တော့
ကျောက်ရုပ်ကြီးတွေကို စုပြုံပြီး
ထောင်ထားသလား ထင်မှတ်ရမယ်။
တကယ်တော့ ကျောက်ရုပ်ကြီးတွေ
မဟုတ်ပါဘူး။ လူအုပ်ကြီးပါ။
အဲဒီလူအုပ်ကြီးဟာ ပေါင်းခေါ်
နတ်တိုင်တွေမှာ ချည်နှောင်ထားတဲ့
နွားနောက် ၁၀ ကောင်ကို
မမြင်ဖူးသလို မမှိတ်မသုန်
ကြည့်နေကြတာပါ။ နွားနောက်
၁၀ ကောင်စလုံးနဲ့ လည်ပင်းတွေမှာ
မလ္လီခူးခေါ် စိမ်းဖန့်ဖန့် ထင်းရှူး
ညွှန့်တွေနဲ့ လုပ်ထားတဲ့
ပန်းခွေတွေကို စွပ်ပေးထားကြတယ်။
ပြီးနောက် နွားနောက်
ကျောကုန်းတွေပေါ်မှာလည်း
ဂျပ်ခုတ်ချည်စောင် အသစ်ကျပ်ချွတ်
၁၀ ထည်ကို လွှမ်းခြုံ
ပေးထားကြတယ်။ အဲဒီ
နွားနောက်တွေရဲ့ နောက်မှာတော့
နတ်ဆရာကြီး ဦးရှယ်ကီးက
နေရာယူထားတယ်။ နတ်ဆရာကြီးဟာ
အဖျားဖွာထားတဲ့ တံပြာတစ်ချောင်း
ကိုင်ထားသလို လက်တစ်ဖက်ကလည်း
ခေါင်ရည်အပြည့် ထည့်ထားတဲ့





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**လုံယူပွဲ မကျင်းပနိုင်တဲ့ လူဟာ လူရာသွင်း မခံရဘူး လူရာသွင်း မခံရတော့ လူတောလည်း မတိုးတော့ဘူး တစ်သက်လုံး လူ့အောက်တန်းစား မျက်နှာမွဲဘဝနဲ့ နေထိုင် သွားရတယ်**

နွားနောက်ချိုခွက်ကို ကိုင်ထားတယ်။ နတ်ဆရာကြီး ဦးရှယ်ကီးက သမ္မာရင့် နတ်ဆရာကြီးတစ်ဦးပေါ့။ ခေါင်းမှာပေါင်းထားတဲ့ ကြွေစီဦးပေါင်းကြီးနဲ့ ငွေရည်လူးနေတဲ့ သူ့ရဲ့မုတ်ဆိတ်ဖားဖားကြီးဟာ နတ်ဆရာ သမ္မာဂုဏ်ပဲ။ ဒီဒေသမှာတော့ နတ်ဆရာကြီး ဦးရှယ်ကီးက ဦးဆောင် ပူဇော်ပေးမှ အထမြောက်တယ်လို့ ယုံကြည်နေကြတယ်လေ။

နွေဦးရာသီရဲ့ မြောက်ပြန်လက်ကျန်လေဟာ တနော့နော့ ဝေ့ဝဲနေလို့ပေါ့။ အဲဒီလေအဝှေ့မှာ နတ်တိုင်ထိပ်တွေပေါ် ပန်ဆင်ထားတဲ့ မလွှီခူးခေါ် ထင်းရှူးညွန့်တွေက တနွဲ့နွဲ့နဲ့ ယိမ်းကနေကြသလို နတ်ဆရာကြီး ဦးရှယ်ကီးရဲ့ ဦးပေါင်းမှာ ထိုးထားတဲ့ ကြက်တောင်မြီးတွေကလည်း တနွဲ့နွဲ့နဲ့ ယိမ်းက,နေကြတယ်။ နတ်တိုင် ၁၀ တိုင်မှာ တစ်တိုင်ကို တစ်ကောင်နှုန်း ချည်နှောင်ထားတဲ့ ရွှယ်တူ တန်းတူ နွားနောက် ၁၀ ကောင်ကတော့ စားမြုံ့ကလေးတွေ ခပ်ရင်း ငြိမ်သက်နေကြသည်။ တကယ်တော့ အဲဒီနတ်တိုင် ၁၀ တိုင်ဟာ မနေ့ကမှ တောထဲမှာ ခုတ်ထွင်ပြီး သယ်ယူလာကြတာလေ။ အဲဒီ နတ်တိုင်အသစ်တွေရဲ့ နောက်မှာတော့ တိုင်ပေါင်း ၆၀၀ ကျော်လောက်ရှိမယ့် နတ်တိုင်အဟောင်းတွေက အစဉ်အလိုက် စီတန်းနေကြတယ်။ နောက်ဆုံးက နတ်တိုင်ဟောင်း ၂၀၀ကျော်လောက်ဟာ အိုဟောင်းပြီး ဆွေးမြည့်စတောင် ပြုနေပါပြီ။ ကာလနဲ့တွက်ရင် နှစ်ပေါင်း ၄၀၀ လောက်တော့ ရှိပြီ ပေါ့။ သားအစဉ် မြေးအဆက် မြစ်အဆုံး ထိန်းသိမ်းလာခဲ့ကြလို့သာ ဒီနေ့အထိ မြင်တွေ့ရတာပါ။ ဒီနတ်တိုင်တွေဟာ ဒီဒေသမှာ နေထိုင်ကြတဲ့ ချင်းမျိုးနွယ်တွေအဖို့ မိသားစုတစ်စုရဲ့ ဂုဏ်ပကာသနဖြစ်သလို သမိုင်းဆိုရင်လည်း မမှားပါဘူး။

'အို···အရှင် နတ်ကောင်းနတ်မြတ်အပေါင်းနဲ့ နတ်ဆိုးနတ်ညစ်အပေါင်းတို့၊ ကျွန်တော်မျိုး မှန်ကန်သောသစ္စာဖြင့် ဆုတောင်းပတ္ထနာပြုပါမယ်။ ဒီဟန်ဘုံရွာက ဦးနိုင်းတမ် မိသားစု ကျင်းပတဲ့ လုံယူပွဲအတွက် နွားနောက် ၁၀ ကောင်တိတိဖြင့် အရှင်နတ်အပေါင်းတို့အား ပူဇော်ပသပြီး ဒီရွာနှင့် ဒီဒေသက လူအများအား ဒါနပြု ကျွေးမွေးမည် ဖြစ်ပါတယ်။ အခုလို ပူဇော်ပသရတဲ့ အကျိုးကြောင့် ဦးနိုင်းတမ် မိသားစုနဲ့ တကွ ဒီရွာ ဒီဒေသမှာ နေထိုင်ကြတဲ့ ခုနစ်ရက် သားသမီးရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးတော်မူကြပါ။ အရှင်နတ်အပေါင်းတို့အား ပြုမူ ပြစ်မှားသူများ ရှိရင်လည်း ခွင့်လွှတ်တော်မူကြပါ။ ဒီနှစ် စိုက်ပျိုးမယ့် တောင်ယာသီးနှံများကိုလည်း အောင်မြင် ဖြစ်ထွန်းစေတော်မူပါ။ ဖူး··· ဖူး···ဖြန်း··· ဖြန်း···'

နတ်ဆရာကြီး ဦးရှယ်ကီးဟာ အဲဒီလို ဆုတောင်းပတ္ထနာပြုပြီးတာနဲ့ လက်ထဲကိုင်ထားတဲ့ ခေါင်ရည်ခွက်ကို တဖူးဖူး မန်းမှုတ်တယ်။ ပြီးတာနဲ့ နွားနောက် ဦးခေါင်းတွေကို စတိစီ ပက်ဖျန်းတယ်။ ပြီးတာနဲ့ တံပြာကို မန်းမှုတ်ပြီး နွားနောက်ကျောကုန်းတွေကို တဖြန်းဖြန်း ရိုက်တယ်။ အဲဒီအခါ နွားနောက်တွေက လန့်ပြီး တရှူးရှူးနဲ့ ကြိုးရုန်းကြတယ်။ ပြီးရင် နွားနောက်ကျောကုန်းတွေပေါ် လွှမ်းခြုံထားတဲ့ စောင်တွေကို ဆွဲဖယ်လိုက်တယ်။

နတ်ဆရာကြီး ဦးရှယ်ကီးရဲ့ ဘေးမှာတော့ လုံယူပွဲရှင် ဦးနိုင်းတမ်ရဲ့ သားငယ် တမ်လောက ရပ်စောင့်နေတယ်။ အမျိုးသားရိုးရာ ဝတ်စုံကို ဆင်မြန်းထားပြီး လေးနဲ့မြားကို အသင့်အနေအထားကိုင်ထားတဲ့ တမ်လော တစ်ယောက် လေးတပြင်ပြင်နဲ့ သွေးကြွနေလို့ပေါ့။ ပြီးတော့ သူဟာ ရှောင်ဘက်ရှယ် ခေါ် လူစွမ်းကောင်း အဖြစ် အသိအမှတ်ပြုခံရမယ့် နေ့မို့လို့လည်း စိတ်လှုပ်ရှားနေတယ်။ အဲဒီလို သွေးကြွနေတဲ့ တမ်လောဟာ နတ်ဆရာကြီး အချက်ပြလိုက်တာနဲ့ တစ်ပြိုင်နက် နွားနောက်တွေကို တစ်ကောင်ပြီး တစ်ကောင် မြားတွေနဲ့ ပစ်လိုက်တယ်။ အနီးကပ် ပစ်တာဆိုတော့ မြားချောင်းတွေဟာ နွားနောက်တွေရဲ့ လက်ပပ်တွေထဲ တစ်ဝက်ကျော်ကျော် ခန့်စီ ဝင်သွားကြတယ်။ ဒီတော့ ဘာပြောကောင်းမလဲ၊ နွားနောက် ၁၀ ကောင်စလုံး တပဲပဲအော်ရင်း တဝုန်းဝုန်းနဲ့ ကြိုးရုန်းကြပါတယ်။ ဒါပေမဲ့ နွားနောက်တွေဟာ ကြာကြာတော့ မအော်နိုင်ကြဘူး။ မြားချောင်းတွေက ချက်ကောင်းဝင်ထားတာဆိုတော့ တဖြည်းဖြည်း လဲကျပြီး ငြိမ်သက်သွားကြတယ်။ အဲဒီအချိန်မှာ လူစွမ်းကောင်းအရာ မြောက်သွားတဲ့ တမ်လောကို သူ့ချစ်သူ လီလီက နွားနောက်ချိုခွက်ထဲ အပြည့်ဖြည့်ထားတဲ့ ခေါင်ရည်ကိုတိုက်ပြီး ဂုဏ်ပြုတယ်။ တမ်လောက ချစ်သူ ဂုဏ်ပြုတဲ့ ခေါင်ရည် တစ်ဖလားစာကို တစ်ချိုတည်း မော့ပစ်လိုက်တယ်။

'ဒါမှ လူစွမ်းကောင်းကွ··· ဟေး ဟေး···ဖြောင်း ဖြောင်း···'



www.burmeseclassic.com

www.burmeseclassic.com

လူတွေရဲ့ အားပေးချီးမွမ်းသံတွေဟာ ပွဲခင်းတစ်ခုလုံး ဘဝင်ညံလို့ နေပါတော့တယ်။

ဒီနေ့ဟာ လုံယူပွဲတော်ရဲ့ တတိယနေ့ပေါ့။ လုံယူပွဲ တတိယနေ့မှာ 'ပုတ်ခွီး'ခေါ် နွားနောက်တွေကို သတ်ဖြတ် ယဇ်ပူဇော်ရတယ်။ လုံယူပွဲကို ကျောက်ဖျာချီပွဲ လို့လည်း ခေါ်ကြတယ်။ လုံယူပွဲကို အစဉ်အလာအတိုင်း ခုနစ်ရက် ကျင်းပရတယ်။

လုံယူပွဲရဲ့ ပထမနေ့က 'ခိုင်ဒန်း'ခေါ် ဝက်သတ် ပူဇော်တဲ့နေ့ပေါ့။ အဲဒီနေ့မှာ ဝက်တွေကို အနည်းဆုံး ၁၀ ကောင် သတ်ပြီး ဆွေမျိုးသားချင်းတွေကို ကျွေးရတယ်။

လုံယူပွဲ ဒုတိယနေ့က တော့ 'လုံသုံ့'ခေါ် ကျောက်ဖျာချီတဲ့နေ့ပါ။ ငါးပေပတ်လည် အကျယ်ရှိတဲ့ ကျောက်ဖျာကြီးတစ်ချပ်ကို တောင်ကြားတွေထဲ သွားပြီး ရှာကြတယ်။ ရှာလို့ရတဲ့ ကျောက်ဖျာကြီးကို ကြိမ်ကြိုးတွေနဲ့ ဆိုင်းပြီး အတီးအမှုတ်၊ အကအခုန်တွေနဲ့ သယ်လာကြရတယ်။

လုံယူပွဲရဲ့ တတိယနေ့တော့'ပုတ်ခွီး'ခေါ် နွားနောက်တွေကို သတ်ဖြတ်ပြီး ယဇ်ပူဇော်တဲ့နေ့ပါ။

လုံယူပွဲ စတုတ္ထနေ့က တော့'လုံလာမ်း'ခေါ် ကျောက်ဖျာတည်တဲ့နေ့ ဖြစ်သလို တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ပင့်ဖိတ်တဲ့နေ့လည်း ဖြစ်တယ်။ တောထဲကနေ သယ်လာကြတဲ့ ကျောက်ဖျာကြီးကို ယခင် လုံယူပွဲတွေတုန်းက အဆင့်ဆင့် တည်ခဲ့တဲ့ ကျောက်ဖျာအဟောင်းတွေရဲ့ ဘေးမှာ ယှဉ်ပြီး တည်ရတယ်။ အဲဒီလို တည်တဲ့အခါ ၂ ပေအမြင့်ရှိတဲ့ ကျောက်တိုင် ၄ တိုင် စိုက်ပြီး အဲဒီအပေါ် တည်ရတာပါ။ တကယ်တော့ အဲဒီကျောက်ဖျာတွေဟာ လုံယူပွဲရှင် ကွယ်လွန်တဲ့အခါ သူ့အရိုးပြာအိုးကို အဲဒီကျောက်ဖျာအောက် ထည့်ပေးရတယ်။ ကျောက်ဖျာအဟောင်းတွေရဲ့ အောက်မှာလည်း ဘိုးဘွားဘီဘင်တွေရဲ့ အရိုးပြာအိုးတွေ ထည့်ထားတယ်လေ။

အဲဒီကျောက်ဖျာ တည်တဲ့နေ့မှာ လုံယူပွဲရှင် မိသားစုအားလုံး ချောင်းထဲသွားပြီး ခေါင်းလျှော် ရေချိုးရတယ်။ ပြီးရင် တစ်ခါမှ မဝတ်ရသေးတဲ့ ရိုးရာ အဝတ်အစားအသစ်တွေကို ဝတ်ဆင်ကြရတယ်။ ယောကျ်ားတွေက လှဖောခေါ် ဆောင်ဓားပါတဲ့ ကြွေစီစလွယ်တွေကို လွယ်ရတယ်။ အမျိုးသမီးတွေက မောခေါ် ရောင်စုံ ပုတီးကုန်းတွေကို လည်မှာ ဆွဲကြရတယ်။ ဆံထုံးတွေမှာ နတ်ပူဇော်ထားတဲ့ ကြက်တောင်မြီးတွေကို ပန်ကြရတယ်။ အဲဒီနောက် နတ်ဆရာကြီးက အသစ်တည်ထားတဲ့ ကျောက်ဖျာကြီးပေါ် ကြက်ဥတစ်လုံးကို မန်းမှုတ်ပြီး ပစ်ခွဲလိုက်တယ်။ အဲဒါကတော့ တောစောင့်နတ် တောင်စောင့်နတ်တွေကို ပင့်ဖိတ်လိုက်တာပါ။ ပြီးတာနဲ့ အဲဒီကျောက်ဖျာပေါ် ငှက်ပျောဖက်တွေခင်းပြီး အဲဒီငှက်ပျောဖက်တွေပေါ် နတ်ပူဇော်ထားတဲ့ ဝက်၊ ဆိတ်၊ နွားနောက် စတဲ့ အသားဟင်းတွေနဲ့ ထမင်းတွေပုံပြီး ပင့်ဖိတ်ထားတဲ့ နတ်အပေါင်းကို နတ်စာကျွေးရတယ်။

လုံယူပွဲရဲ့ ပဉ္စမနေ့က တော့ 'တိုင်ရီး'ခေါ် ဆုတောင်းပတ္ထနာပြုတဲ့နေ့ပေါ့။ နတ်ဆရာကြီးက ဦးဆောင်ပြီး…

'အို…အရှင်နတ်ကောင်းနတ်မြတ်အပေါင်းတို့ အရှင်တို့အား နတ်ဆိုင်းတီး၍ ပျော်စေပါမယ်။ ဆန်ရေစပါး ပေါများစေလော့။ သားကောင်းသမီးကောင်း မွေးဖွားပါစေလော့။ ရောဂါဘယ ကင်းဝေးပါစေလော့။ အပြစ်ရှိသူများကိုလည်း ခွင့်လွှတ်ပေးပါလော့။ ရန်ဘက် စစ်ဘက် မပေါ်ပေါက်အောင် ဖယ်ရှားပေးပါလော့' စသဖြင့် ဆုတောင်းပတ္ထနာပြုပေးရတယ်။ ပြီးရင် ကြက်တောင်မြီး ပန်ထားတဲ့ အမျိုးသမီးတွေက ကျောက်ဖျာတွေကို ခုနစ်ကြိမ် ပတ်ပြီး ဂုဏ်ပြုရတယ်။

လုံယူပွဲရဲ့ ဆဋ္ဌမနေ့က တော့ 'ခေါတိ'ခေါ် ပင့်ဖိတ်ထားတဲ့ နတ်အပေါင်းကို တောတောင်တွေထဲ ပြန်ပို့တဲ့နေ့ပေါ့။ အဲဒီလို ပြန်ပို့တဲ့အခါ ပထမနေ့က သတ်ဖြတ် ပူဇော်ထားတဲ့ ဝက်ဦးခေါင်း တစ်ခေါင်းကို သယ်ဆောင်ပြီး နတ်ဆိုင်း တီးမှုတ်ပြီး ပြန်ပို့ရတာပါ။ တောထဲရောက်တဲ့အခါ နတ်ဆရာက ဝက်ခေါင်းကို ကျောက်တုံးတစ်ခုပေါ် တင်လိုက်တယ်။ ပြီးတာနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ကောင်းမွန်စွာ ပြန်လည် ပို့ဆောင်ပြီးတဲ့ အကြောင်း ဆုတောင်းပြီး ပြန်လာကြရတယ်။ အဲဒီလို ပြန်လာကြတဲ့အခါ တီးမှုတ်ကခုန်တာတွေ မလုပ်ရတော့ဘူး။ ရွာအဝင်မှာ နတ်ဆရာကြီးက 'ဝူး'လို့ အော်ပြီး တိုင်ပေးရတယ်။ အဲဒီအခါ နောက်က လူတွေက 'ဝူး ဝူး' လို့ သံပြိုင်အော်ပြီး အတိုင်ဖောက်ရတယ်။ အဲဒါကတော့ နတ်အပေါင်းတို့ ပြန်လည် ပို့ဆောင်ပြီးတဲ့အကြောင်း ဟစ်ကြွေးတာပါ။

လုံယူပွဲရဲ့ သတ္တမနေ့က တော့'တိုင်ထား'ခေါ် မိုးနတ်မင်းကြီးဆီ ဒီနှစ်အတွက် စိုက်ပျိုးမယ့် မျိုးစေ့တွေ တောင်းခံပြီး လုံယူပွဲ အဆုံးသတ်တဲ့နေ့ပေါ့။ နတ်ဆရာကြီးက အသစ်တည်ထားတဲ့ ကျောက်ဖျာပေါ် ချည်စောင်အသစ်တစ်ထည် ခင်းလိုက်တယ်။ ပြီးရင် အသစ် ရက်လုပ်ထားတဲ့ တင်းတောင်းကို ခေါင်းပေါ် ရွက်ပြီး ကျောက်ဖျာတွေကို ခုနစ်ပတ် ပတ်တယ်။ အဲဒီလို ပတ်ရင်း တစ်ပတ်စေ့တိုင်း ဒီနှစ် အထွက်ကောင်းမယ့် သီးနှံမျိုးစေ့ကို မိုးနတ်မင်းဆီ သီးနှံတောင်းဂါထာ ရွတ်ဆိုပြီး တောင်းတယ်။ ပြီးတာနဲ့ ခင်းထားတဲ့ ချည်စောင်ပေါ် တင်းတောင်းကို မှောက်ချလိုက်တယ်။ အဲဒီလို မှောက်ချတဲ့အခါ စပါးနဲ့ ဆပ်ဝါမျိုးစေ့ကျရင် ဒီနှစ် အဲဒီသီးနှံ အထွက်ကောင်းမယ်။ လူးနဲ့ ပြောင်းကျရင် အဲဒီသီးနှံ ကောင်းမယ်။ မြက်သီးနဲ့ ကြွက်ချေးကျရင် တော့ ပေါင်းမြက် ထူပြော

www.burmeseclassic.com

မယ်။ ကြွက်တွေကျမယ်။

❑

ဒီ လုံ့ယှူပွဲကတော့ ဦးနိုင်းတမ် လက်ထက်မှာ ၉ ကြိမ်မြောက်ကျင်းပတဲ့ လုံ့ယှူပွဲပါ။ ပွဲတစ်ကြိမ်ပြုလုပ်တိုင်း နွားနောက် ၁၀ ကောင်နှုန်းနဲ့ သတ်ဖြတ်ပူဇော်လာတော့ အခုပွဲဆိုရင် အကောင် ၉၀ ရှိပြီလေ။ ဦးနိုင်းတမ်က နွားနောက် အကောင် ၁၀၀ ကျော်လောက်ပိုင်တဲ့ သူဌေးတစ်ယောက်။ အခုနွားနောက်တွေက အကောင် ၃၀ ကျော် ကျန်သေးတော့ လုံ့ယှူပွဲကို နောက်ထပ် သုံး,လေးပွဲ လောက်တော့ ကျင်းပလို့ရသေးတယ်။ တကယ်တော့ ဦးနိုင်းတမ် အမွေရလိုက်တဲ့ နွားနောက်တွေက အကောင် ၄၀ ကျော်ပဲ ရှိတာပါ။ ကျန်တဲ့ နွားနောက်တွေက အစ်မတစ်ယောက်နဲ့ ညီမနှစ်ယောက် အိမ်ထောင်ကျတုန်းက ယောက်ဖဘက်က တင်တဲ့ နွားနောက် အကောင် ၃၀ ရလိုက်တယ်။ ပြီးတော့ သမီး ၅ ယောက် အိမ်ထောင်ကျတော့လည်း သမက်ဘက်က တင်တဲ့ နွားနောက် အကောင် ၅၀ ရလိုက်တယ်လေ။ ဒီဒေသမှာ သမီးမိန်းကလေး များများမွေးတဲ့ မိဘရှင်တွေဟာ သူဌေးပဲ။ အဲ…သားယောကျ်ားလေး များများမွေးတဲ့ မိဘရှင်ကျတော့ မွဲဖို့သာ ပြင်ဆိုသလိုပေါ့။ အဲဒီ ထုံးစံအတိုင်း ဦးနိုင်းတမ်ရဲ့ တစ်ဦးတည်းသော သားယောကျ်ား တမ်လောက သူ့ချစ်သူ လီလီနဲ့ လက်ထပ်တဲ့အခါ လီလီရဲ့ မိဘတွေကို နွားနောက် ၁၀ ကောင် ပြန်တင်ရမယ်လေ။ တချို့ ဒေသတွေဆို မိန်းကလေး တစ်ယောက်ကို နွားနောက် အကောင် ၂၀ တောင် တင်ရတယ်။

**လုံ့ယှူပွဲတော်ကျင်းပပြီး ရွာလုံးကျွတ် မီးခိုးတိတ် ခုနစ်ရက် ခုနစ်လီ ကျွေးမွေးနိုင်တဲ့ ဂုဏ်ဟာ ဘယ်အရာနဲ့မှ လဲလို့မရအောင် တန်ဖိုးထားကြတယ်**

အိမ်ရှေ့ ပွဲခင်းထဲမှာတော့ ညှော်ပရိသတ်တွေနဲ့ ပြည့်နေပါတယ်။ ခေါင်ရည်တွေ၊ နွားနောက်သားဟင်းတွေ စားသောက်ရင်း ပျော်မြူးနေကြသလို အိမ်ပေါ်မှာလည်း ရိုးရာဆိုင်းတွေ တီးခတ်ရင်း က,ခုန်နေကြတယ်။

*'နိန်း နောင် နိန်း နောင်xxx နိန်း နောင် နောင်xxx'*

*'ပုံခြမ်းခြမ်းxxx ပုံခြမ်း ခြမ်းxxx'*

'ဟေး…ငါဟာ မွင်မျိုးနွယ်က ကင်သာမျိုးဆက်ဖြစ်တယ်။ ငါတို့ မျိုးနွယ်ဟာ လုံ့ယှူပွဲတွေ အကြီးအကျယ် ကျင်းပခဲ့ကြတယ်။ ငါတို့ မျိုးနွယ်ဟာ ကျူးကျော်လာတဲ့ ရန်သူတွေကိုလည်း ချေမှုန်းနိုင်ခဲ့ကြတယ်။ ငါ့အဘိုး ဦးထန်းနိုင်းဟာ ကိုးတောင်ကျားကို နပန်းလုံးပြီး သတ်ဖြတ်ခဲ့တယ်။ ငါ့အဖေ ဦးနိုင်းတမ်ဟာ ဆင်ပြောင်ကြီးကို သတ်ဖြတ်နိုင်ခဲ့တယ်။ ဘယ်သူပြိုင်လို့ တုနိုင်မလဲ… ဟေး…'

တမ်လောဟာ ဆိုင်းချက်နဲ့အညီ ဆောင်ဓားကို ဝင့်၍ ဝင့်၍ က,နေတယ်။ အဲဒီလို က,ရင်း မိဘ ဘိုးဘွားတွေရဲ့ ဂုဏ်ပုဒ်တွေကို ကြွေးကြော်တယ်။ ဆိုင်းချက်ကလည်း ခပ်မြိုင်မြိုင်၊ က,တဲ့လူကလည်း တလွှားလွှားဆိုတော့ ဘေးကကြည့်နေတဲ့ လူတွေတောင် စိတ်ထဲမှာ တဖွားဖွားနဲ့ သွေးကြွနေကြတယ်။ လီလီကတော့ ချစ်သူ တမ်လော က,တာကို လက်ခုပ်တီးပြီး အားပေးတယ်။ တကယ်တော့ လီလီဟာ ဝမ်သူးရွာသူပါ။ ဒါပေမဲ့ ကလေးတွေ အရွယ်ရောက်လာတဲ့အခါ ပေးစားကြဖို့ မိဘချင်း သဘောတူခဲ့တာပေါ့။ ဒီတော့ ဟိုအရင်ကတည်းက ဓာတ်လမ်း စ,ထားတာ မဟုတ်လား။ ဒီတော့ တမ်လောနဲ့ လီလီဟာ ၁၀ တန်းကို မင်းတပ်မြို့ အ.ထ.က(၁)မှာ အတူတူ တက်ရင်း တကယ်ပဲ ချစ်သူတွေ ဖြစ်သွားကြတယ်လေ။

❑

*သို့*

*သားငယ်တမ်လော*

*ဖေဖေ စာရေးလိုက်တယ်။ သား နေကောင်းရဲ့လား။ အဖေတို့လည်း အားလုံး နေကောင်းကြပါတယ်။ ဖေဖေတို့ ဒီနှစ် ဆောင်းကျွတ်တာနဲ့ လုံ့ယှူပွဲ ကျင်းပမယ်။ ဒီတစ်ခါ ကျင်းပတဲ့ လုံ့ယှူပွဲကတော့ သားအတွက် ရည်စူးပြီး ကျင်းပတဲ့ ပွဲပါ။ နွားနောက် ၁၅ ကောင် သတ်မယ်။ ဒါကြောင့် လုံ့ယှူပွဲအမီ ပြန်လာပါ။ မိသားစုအားလုံး မျှော်နေမယ်။*

*ဖေဖေ*

*ဟန်ဘုံရွာ၊ မင်းတပ်မြို့*

တမ်လောဟာ တိုတောင်းလှတဲ့ ဖခင်ဆီက ပေးစာကို ဖတ်ပြီး ခေါင်းငိုက်စိုက်ကျသွားတယ်။ ဒီစာကို အတန်းပြီးလို့ အဆောင်ပြန်ရောက်လာတဲ့ သူ့ကို အဆောင်မှူးက ပေးသွားတာပါ။ သူ့အတွက် ရည်စူးပြီး ကျင်းပမယ့် လုံ့ယှူပွဲတဲ့။ တကယ်လည်း သူ့အတွက် ဂုဏ်ယူစရာပါ။ ဒါပေမဲ့ တတိယနှစ် တက္ကသိုလ်ကျောင်းသားကြီးတစ်ယောက်ဖြစ်လာတဲ့ သူ့အဖို့ ဂုဏ်ယူရမှာကို စိတ်ထဲက မပါသလို ခံစားလာမိတယ်။ ဟိုတုန်းကတော့ လုံ့ယှူပွဲကျင်းပတိုင်း သူ ပျော်မြူးခဲ့တယ်။ လုံ့ယှူပွဲမှာ နွားနောက်တွေကို မြားတွေနဲ့ တစ်ချက်တည်း သေအောင် ပစ်နိုင်တဲ့အတွက် ရှောင်ဘက်ရှယ်ခေါ် လူစွမ်းကောင်းဘွဲ့ ရခဲ့တယ်။ ဒီအတွက်လည်း ဂုဏ်ရှူမဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့တယ်။ ဒီရွာမှာ လုံယူပွဲ အကျင်းပနိုင်ဆုံး မိသားစု အဖြစ်လည်း ဂုဏ်ယူခဲ့ရတယ်။ လေးစားတာကိုလည်းခံခဲ့ရတယ်။ တမ်လောဟာ တစ်ခါတစ်ခါမှာတော့ ဒီလုံယူပွဲတော်ဟာ ဘယ်အချိန် ဘယ်ကာလက ပေါ်ပေါက်ခဲ့တာလဲ၊ ဘယ်သူတွေက စတင် ကျင်းပခဲ့တာလဲဆိုတဲ့ မေးခွန်းတွေကို အခါအခွင့် ကြုံတိုင်း ရှေးလူကြီးသူမတွေကို မေးမြန်းခဲ့ဖူးတယ်။ ဒါပေမဲ့ တိကျရေရာတဲ့ အဖြေမျိုးတော့ ဘယ်တုန်းကမှ မရခဲ့ပါဘူး။ တို့ချင်းမျိုးနွယ်တွေ စတင်ပေါ်ပေါက်လာကတည်းက ဒီလုံယူပွဲဟာလည်း ပေါ်ပေါက်ခဲ့တယ်ဆိုတဲ့ မခိုင်လုံတဲ့ အဖြေမျိုးတွေပဲ ရခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ဒီလုံယူပွဲတော်ကို ရိုးရာဓလေ့ ပွဲတော်အဖြစ် တစ်ယောက်ယောက်က စတင်ပြီး မကျင်းပခဲ့ဘဲနဲ့တော့ ဒီလုံယူပွဲ ဖြစ်လာမှာမဟုတ်ဘူး။ တကယ်တော့ ကိုယ်ပိုင်စာပေ မရှိခဲ့တဲ့အတွက် မှတ်တမ်း မတင်နိုင်ခဲ့ကြဘဲ ကွယ်ပျောက်နေခဲ့တာဖြစ်တယ်။ ကိုယ်ပိုင်စာပေ မရှိခဲ့တာလည်း ချင်းမျိုးနွယ်တွေဟာ တခြားမျိုးနွယ်စု တစ်ခုကနေ ခွဲထွက်လာပြီး ဒီတောင်တန်းပေါ် အခြေချလာခဲ့ကြတဲ့ လူမျိုးစုဖြစ်လို့ပဲ။ တမ်လောက အဲဒီလို တွေးတယ်။

လုံယူပွဲဟာ ဘယ်အချိန် ဘယ်ကာလက စတင် ပေါ်ပေါက်လာပြီး ဘယ်သူက စတင် ကျင်းပခဲ့တယ်ဆိုတာ ဘယ်သူမှ တိတိကျကျ မသိပေမဲ့ ထုံးတမ်းစဉ်လာ တစ်ရပ်အနေနဲ့ လုံယူပွဲတော် ကျင်းပကြတယ်။ လုံယူပွဲ မကျင်းပနိုင်တဲ့လူဟာ လူရာသွင်း မခံရဘူး။ လူရာသွင်း မခံရတော့ လူတောလည်း မတိုးတော့ဘူး။ တစ်သက်လုံး လူ့အောက်တန်းစား မျက်နှာမွဲဘဝနဲ့ နေထိုင်သွားရတယ်။ ဒါပေမဲ့ ရှားပါတယ်။ လူတစ်ယောက်ဟာ ဘယ်လောက်မွဲမွဲ လူဖြစ်တော့ အခံမခံဘူး။ ရှာသမျှ ရှိသမျှ ခြစ်ခြုတ်စုဆောင်းပြီး လူရာသွင်းခံရဖို့အရေး လုံယူပွဲ ကျင်းပကြတယ်။ လုံယူပွဲမှာ ရိုးရာဆိုင်းတွေ တီးခတ်လို့ က,ခုန် ပျော်မြူးကြရင်း တဖွဲဖွဲ ရောက်လာတဲ့ ဧည့်သည်တွေကို မစားရသူ မရှိရလေအောင် သဒ္ဒါတရား အပြည့်နဲ့ ဧည့်ခံကျွေးမွေးကြရတယ်။

လုံယူပွဲဟာ ရှေးတုန်းက ရိုးရာဓလေ့အဖြစ် သတ်မှတ်ပြီး ကျင်းပခဲ့ကြပေမဲ့ နောက်ပိုင်းမှာတော့ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ပြိုင်ပြီး ကျင်းပလာကြတယ်။ တစ်ယောက်က နွားနောက် ၁၀ ကောင်သတ်ရင် ၁၅ ကောင် သတ်နိုင်တဲ့လူက ပိုပြီး ဂုဏ်ရှိတယ်။ အကောင် ၂၀ သတ်နိုင်တဲ့လူထက် အကောင် ၃၀ သတ်နိုင်တဲ့သူက ဂုဏ်ရှိတယ်။ ပိုပြီး ထင်ပေါ်ကျော်ကြားတယ်။ ဒီလိုနဲ့ လုံယူပွဲတော်ဟာ နောက်ဆုံးတော့ ဂုဏ်ပြိုင်ပွဲတော် ဖြစ်လာတယ်။ ဒီတော့ စားစရာမရှိရင် နေပါစေ မရှိရှိတာ ပေါင်နှံရောင်းချလို့ မလောက်သေးဘူးလား၊ အကြွေးယူပြီး လုံယူပွဲတော် ကျင်းပကြတယ်။ အဲဒီလို လုံယူပွဲတော် ကျင်းပပြီး ရွာလုံးကျွတ် မီးခိုးတိတ် ခုနစ်ရက် ခုနစ်လီ ကျွေးမွေးနိုင်တဲ့ ဂုဏ်ဟာ ဘယ်အရာနဲ့မှ လဲလို့ မရအောင် တန်ဖိုးထားကြတယ်။ လူတစ်ယောက် လုံယူပွဲတွေ အကြိမ်ကြိမ် ကျင်းပလို့ နောက်ဆုံး ရှိတာကုန်ပြီး ကုန်းကောက်စရာ မရှိအောင် မွဲပြာကျသွားလည်း သူ့ရဲ့ ဂုဏ်ပုဒ်ကတော့ မွဲမသွားပါဘူး။ လူတွေက ဂုဏ်ပြုမြဲ ဂုဏ်ပြုကြတယ်။ နောက်ဆုံး လူသေသွားရင် တောင်မှ သူ့ရဲ့ ဂုဏ်ကတော့ သေမသွားဘူး။

တမ်လောဟာ ၁၀တန်းကို နှစ်ချင်းပေါက် အောင်ပြီး မန္တလေးတက္ကသိုလ် ရောက်လာခဲ့တယ်။ ဂုဏ်ပကာသနတွေ လွှမ်းခြုံထားတဲ့ တက္ကသိုလ် နယ်မြေဟာ သူ့အဖို့ လောကသစ်တစ်ခုထဲ ရောက်သွားသလို အစစအရာရာ ထူးဆန်းလို့နေတယ်။ သူနဲ့ ပူပူနွေးနွေး လက်ထပ်ထားခဲ့တဲ့ လီလီကတော့ ၁၀ တန်းကျပြီး ရွာမှာ လုပ်အားပေး ဆရာမအဖြစ်နဲ့ ကျန်ခဲ့တယ်လေ။ သူတက္ကသိုလ်စ,တက်ပြီး ပထမနှစ်တုန်းက ဖေဖေက လုံယူပွဲတစ်ပွဲလုပ်လို့ ရွာကို တစ်ခေါက် ပြန်ခဲ့သေးတယ်။ အခု တတိယနှစ် အရောက်မှာ သူ့အတွက် ရည်စူးပြီး လုံယူပွဲ ကျင်းပမှာမို့ ပြန်လာခဲ့ဖို့ ဖေဖေက စာရေးပြီး ခေါ်နေပြီ။ သူ ပြန်ရကောင်းမလား၊ မပြန်ဘဲနေတာ ကောင်းမလား ဝေခွဲရခက်နေတယ်။ ဖေဖေကတော့ ဒီလုံယူပွဲမှာ တက္ကသိုလ်ကျောင်းသားကြီး သားတော်မောင်အတွက် လူပုံအလယ်မှာ ဂုဏ်ယူချင်နေတာပါ။ တကယ်တော့ တောင်အောက်က လူနဲ့ တောင်ထိပ်ကလူ အမြင်ချင်း မတူသလိုပဲ။ တောင်အောက်က လူဟာ သူ့ပတ်ဝန်းကျင် ကျဉ်းကျဉ်းကလေးကိုပဲ မြင်ရမယ်။ တောင်ထိပ်က လူကတော့ တောင်အောက်က အရာတွေရော၊ ဟိုးခပ်ဝေးဝေးက အရာအားလုံးကိုပါ မြင်ရတယ်လေ။ ဒီတော့ တောင်ထိပ် ရောက်သွားသလို တက္ကသိုလ်ကျောင်းသားကြီးတစ်ယောက် ဖြစ်လာတဲ့ တမ်လောအဖို့ ဟိုတုန်းက အတွေးအခေါ်နဲ့ မတူတော့ပါဘူး။

တကယ်တော့လည်း နွားနောက်ဆိုတာ ချင်းတိုင်းရင်းသားတွေအဖို့ မရှိမဖြစ် သက်ရှိပစ္စည်းတစ်မျိုးပါ။ လုံယူပွဲ၊ အသုဘပွဲ၊ မင်္ဂလာပွဲ၊ အလျော်အစား စတဲ့ သာရေးနာရေးမျိုးတွေမှာ အဲဒါတွေနဲ့ ဖြေရှင်းကြရတယ်။ အခုတော့ လုံယူပွဲ ကျင်းပဖို့ သူ့ကို ပြန်ခေါ်နေပြီ။ နွားနောက် ၁၅ ကောင် တောင် သတ်မှာတဲ့။ အခု အခါမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတော့ မန္တလေးနဲ့ မင်းတပ်က တစ်ရက်ခရီးပါ။ မင်းတပ်မြို့နဲ့ ဟန်ဘုံရွာကလည်း ၂ နာရီခရီးပဲ ရှိတာပါ။ မင်းတပ်က နေ့မန္တလေးခရီးက ဟိုတုန်း



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/–) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျွရှာချောင်
ဖုန်း၀၉–၂၁၃ ၂၀၇၆၊၀၉–၄၅၀ ၂၀၀၇၃၇၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉–၉၁၀ ၂၁၇၈၈၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်/Dr.မိမိခိုင်(အမှတ်၉၀၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁–၅၅၄၃၉၇/၁၀–၅၁၁၃၅၃၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉–၅၁၅၂၂၇၇၊ ၀၉–၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁ ၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉–၇၃၀၇၂၄၉၂၊၀၉–၇၉၀၅၆ ၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉–၇၃၁၀၉၁၃၄၊၀၉–၂၆၀၉၇၀၁ ၂၇)

ဒေါ်စိန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ရိုးမြူရိပ်သာ၊ ရိုးမြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၈ ၂၂၄၁၊၀၉–၇၉၅၄၄၈ ၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း–၀၉–၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊တမ္ဘောဇရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း–၀၁–၅၄၃၉ ၂၀၊၀၉–၇၉၈ ၂၃၅၀၀၉)

## အလှူရှင်များ

၁။ သီရိပုံချီ ဦးဖေသန်း+ဒေါ်စိန်စိန်တို့အား ရည်စူး၍သားသမီးများ ဒေါ်ခင်သန်းမေ၊ ဦးခင်မောင်မောင်နှင့် ဒေါ်ခင်သန်းဝေ မောင်နှမသုံးယောက် ကောင်းမှု။
အမှတ် ၁၅၊ အောင်သပြေလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ — ၆,၀၀,၀၀၀/- (ခြောက်သိန်း)
(၂၉.၁.၁၇ တွင် စတင်စိုက်ထူ လှူဒါန်းသည်။)

၂။ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးသက်တင်+ဒေါ်သန်းသန်းရွှေ (သမီး)မဝတ်ရည်ခိုင်(ခိုင်လုံးမွေး ထမင်းဆိုင်)မိသားစုမှ မဝတ်ရည်ခိုင်၏ မွေးနေ့အလှူ
အမှတ် ၁၈၊ ကွင်းကျောင်းလမ်း၊ အလုံ၊ ရန်ကုန်။ — ၅,၀၀,၀၀၀/- (ငါးသိန်း)
(၂၉.၁.၁၇ တွင် စတင်စိုက်ထူ လှူဒါန်းသည်။)

www.burmeseclassic.com

www.burmeseclassic.com

၃။ ဒေါ်ခင်ကြည်၊ Dr. ဒေါ်အုန်းကြည်၊ ဒေါ်ခင်ခင်ကြိုင်
(ကြည်ကြည်ကြိုင်စန်း)ညီအစ်မ မိသားစု။
အမှတ် ၁၄၊ မြောင်းမြလမ်း၊ စမ်းချောင်း၊ ရန်ကုန်။
(ယခင် ၇ သိန်း၊ ၂၅.၁.၁၇ တွင် ၁၀,၀၀,၀၀၀/-
နောက်ထပ် ၃ သိန်း ထပ်မံစိုက်ထူ လှူဒါန်းသည်။) (ဆယ်သိန်း)

၄။ Alice.W.Lam (a) ဒေါ်လှဝါ
175, W.8th Street. Brooklyn, NY-11223 U.S.A
ဖေဖော်ဝါရီ ၃ ရက် မွေးနေ့အလှူ
(ယခင် ၁၂ သိန်း၊ ၃.၂.၁၇ တွင် ၁၅,၀၀,၀၀၀/-
၃ သိန်း ထပ်မံစိုက်ထူ လှူဒါန်းသည်။) (တစ်ဆယ့်ငါးသိန်း)

၅။ မိခင် ဒေါ်မလေးအား ရည်စူး၍ ဦးဝင်းနှင့်သားသမီးများ
ဒေါက်တာ နီလာဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါက်တာ သူဇာဝင်း၊
ဒေါက်တာ မိုးသူဝင်း၊ ဒေါက်တာ သီတာဝင်း၊ ဒေါက်တာ သီတာအောင်
No.60 Enacliff. Hall Avenue Sheffield 5103.E.L. UK ၁၅,၀၀,၀၀၀/-
(ယခင် ၁၀ သိန်း၊ ယခု ထပ်မံလှူ ၅ သိန်း) (တစ်ဆယ့်ငါးသိန်း)

၆။ Mr. Lee Tae Hoon + Mrs.Lim Song Sik
(သား)Mr.Lee Jae Kvu ၂၀,၀၀,၀၀၀/-
တောင်ကိုရီးယားနိုင်ငံ။ (သိန်းနှစ်ဆယ်)

၇။ သစ္စာဝါဒီဆရာတော် ဘဒ္ဒန္တသံဝရမဟာထေရ် ကျောင်းမှ ၅,၀၀,၀၀၀/-
သစ္စာဝါဒီချောင်၊ စစ်ကိုင်းတောင်ရိုး။ (ငါးသိန်း)

၈။ Dr.ဦးတင်မင်း(ဗိတိုရိယဆေးရုံ)နှင့် Dr.ဒေါ်သန်းအေး
(သား)ကိုတင်ဇော်မင်း+မကြူကြူသိန်း
(မင်းမင်းသိန်းသန်း)မိသားစု
ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်း၊ ရန်ကုန်။ ၁၀,၀၀,၀၀၀/-
(၂.၂.၁၇ တွင် စတင်စိုက်ထူ လှူဒါန်းသည်။) (ဆယ်သိန်း)

၉။ ဒေါ်စန်းစန်းဆွေ
(ကမ္ဘာကျော် Trading Co.,Ltd.) ရန်ကုန်။ USD.10000/-
မေ့ဆေးပေးစက် ဝယ်ယူရန် လှူဒါန်းငွေ (ကျပ် ၁၂၈ သိန်း)

၁၀။ I Chan Jenn Enterprise Co., Ltd.
Taiwan.(ကမ္ဘာကျော် Trading Co.,Ltd. မှ တစ်ဆင့်) USD.13500
မေ့ဆေးပေးစက် ဝယ်ယူရန် လှူဒါန်းငွေ (ကျပ် ၁၇၅.၅ သိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ကလို လမ်းမှာ တစ်ညအိပ်စရာ မလိုတော့ဘူး။ အခုတော့ မန္တလေးမှ မင်းတပ်မြို့အရောက် ကတ္တရာလမ်းပေါက်သွားပြီ။ ကားတွေလည်း ပေါမှပေါ။ ဖင်ဖုတ်ခါပြီး ထ,သွားရုံပါပဲ။ ဒါပေမဲ့ တမ်လောအဖို့ သူ့အတွက်ရည်စူးပြီးလုပ်တဲ့ပွဲ ဖြစ်ပေမဲ့ ပြန်ချင်စိတ် မရှိတော့။ ဖေဖေ စိတ်ဆိုးလည်း မတတ်နိုင်။ ဒီတော့ စာမေးပွဲ အရေးကြီးလို့ ပြန်မလာနိုင်တဲ့အကြောင်း စာပြန်ရေးလိုက်တယ်။ အမှန်က သူတို့စာမေးပွဲက လိုပါသေးတယ်။ သက်သက်မဲ့ အကြောင်းပြတာပါ။

❑

ဦးနိုင်းတမ် အိမ်ရှေ့မှာတော့ ရွာရှိ ကာလသားအားလုံး အလုပ်ရှုပ်နေကြပါတယ်။ လုံယူပွဲတော်အတွက် ပြင်ဆင်နေကြတာပါ။ ယောကျ်ားလေးတွေက ရေစည်တိုက်တဲ့အဖွဲ့ကတိုက်၊ ထင်းခွဲတဲ့အဖွဲ့က ခွဲလို့။ မိန်းကလေးတွေက မိုးပြဒယ်ကြီးတွေ၊ ဒန်အိုးဒန်ခွက်ကြီးတွေ ဆေးတဲ့လူကဆေး၊ သန့်ရှင်းရေးလုပ်တဲ့လူက လုပ်လို့ပေါ့။ လုပ်အားပေးကာလသား ကာလသမီးတွေကို ဦးနိုင်းတမ် မိသားစုက ခေါင်ရည်တွေနဲ့ ဧည့်ခံကြတယ်။

'ဖေဖေ...အစ်ကိုက စာမေးပွဲ အရေးကြီးလို့ ပြန်မလာနိုင်တော့ဘူးဆိုတော့ ဒီလုံယူပွဲကို ရက်ရွှေ့လို့ မရဘူးလား။ သမီးကတော့ သူ့အတွက် ရည်စူးပြီးလုပ်တဲ့ လုံယူပွဲမှာ သူ့ကို ရှိစေချင်တယ်'

> လူတစ်ယောက်
> လုံယူပွဲတွေ
> အကြိမ်ကြိမ်
> ကျင်းပလို့
> နောက်ဆုံး
> ရှိတာကုန်ပြီး
> ကုန်းကောက်စရာ
> မရှိအောင်
> မွဲပြာကျသွားလည်း
> သူ့ရဲ့
> ဂုဏ်ပုဒ်ကတော့
> မွဲမသွားပါဘူး
> လူတွေက
> ဂုဏ်ပြုမြဲ
> ဂုဏ်ပြုကြတယ်

လီလီက မျက်နှာညှိုးလေးနဲ့ သူ့ယောက္ခထီးကြီး ဦးနိုင်းတမ်ကို တိုင်ပင်ကြည့်တယ်။ ဦးနိုင်းတမ်ဟာ သက်ပြင်းမောကို ခပ်လေးလေးချရင်း ပြည်မဘက်ကို ရော်ရမ်းမျှော်ကြည့်လိုက်တယ်။ လီလီကလည်း တက္ကသိုလ်ကျောင်းသားကြီး လင်ယောကျ်ားနဲ့ ဒီလုံယူပွဲမှာ ရွှေလက်တွဲပြီး နွှဲချင်တာလေ။

'လုံယူပွဲကို ရက်ရွှေ့လို့တော့ မဖြစ်တော့ဘူး သမီး။ ရက်ကောင်းရက်မြတ်ရွေးပြီးမှ မရွှေ့ကောင်းဘူး။ ပြီးတော့ ရွာတွေကိုလည်း ဖိတ်ပြီးသား ဖြစ်နေတယ်။ သမီးယောကျ်ားအတွက် ရည်စူးပြီးလုပ်တဲ့ပွဲပဲ။ သူမှ ပြန်မလာနိုင်တာ အဖေတို့ ဘာတတ်နိုင်မှာလဲ။ အဖေတို့ကတော့ စီစဉ်ထားတဲ့အတိုင်း ပွဲလုပ်ပေးရမှာပဲ'

လီလီကတော့ အတော်လေး အားငယ်သွားပါတယ်။ သူ့အဖို့ လင်ယောကျ်ား မပါတဲ့ ဒီလုံယူပွဲမှာ ဘယ်လိုလုပ်ပြီး ပျော်ပိုက်နိုင်မလဲ။ တကယ်တော့လည်း ဖေဖေပြောသလို လုံယူပွဲကျင်းပဖို့ ရက်သတ်မှတ်ပြီးမှ ရက်ပြောင်းတာမျိုး ထုံးစံမရှိဘူးလေ။ ဒီတော့ ဦးနိုင်းတမ်ဟာ သူ စီစဉ်ထားတဲ့အတိုင်းပဲ လုံယူပွဲတော် ကျင်းပတယ်။ ခိုင်ဒန်းခေါ် ပထမနေ့မှာတော့ ဝက် ၁၀ ကောင်သတ်ပြီး နတ်ပူဇော်တယ်။ အဲဒီလို နတ်ပူဇော်တဲ့အခါ နတ်ဆရာကြီးက မောင်တမ်လောအတွက် ရည်စူးပြီး လုပ်တဲ့ပွဲပါဆိုပြီး ဆုတောင်းတိုင်တည်ရတယ်။ ပထမနေ့မှာ ဆိုင်းမတီးရဘူး။ လုံသဲ့ခေါ် ဒုတိယနေ့မှာ ကျောက်ဖျာချီပြီးမှ ဆိုင်းတီးရတယ်။ ဒုတိယနေ့ မနက်ပိုင်းမှာ ကျောက်ဖျာချီပြီးတာနဲ့ ဦးနိုင်းတမ်ကိုယ်တိုင် ဦးဆောင်ပြီး ရွာက ကာလသားတွေအားလုံး မနက်ဖြန် ပုတ်ခွီးခေါ် တတိယနေ့အတွက် နွားနောက်တွေ ဖမ်းဖို့ တောထဲ ထွက်လာကြတယ်။

လူတိုင်း သုံးလွန်းတင်ကြိမ်ကြိုးခွေတွေနဲ့ ဆားထုပ်တွေ ပါလာကြတယ်။ နွားနောက်တွေကို အမှတ်အသားလုပ်ပြီး တောင်ယာမခုတ်ရသေးတဲ့ တောတောင်တွေထဲ ဒီအတိုင်း လွှတ်မွေးရတာဟာလည်း ဒီဒေသရဲ့ ဓလေ့တစ်မျိုးပေါ့။ နွားနောက်တွေကို နဖားကြိုးထိုးလို့ မရဘူး။ နှာပေါက်တွေက ကျဉ်းလို့ပါ။ ဒါကြောင့် သူ့သဘာဝအတိုင်း လွှတ်မွေးကြတာပေါ့။ နွားနောက် ဖမ်းတာက လွယ်လွယ်လေးပါ။ နွားနောက်တွေက ဆားကို အင်မတန်ကြိုက်တော့ ဆားပြပြီး တကျွတ်ကျွတ်နဲ့ စုတ်သပ်ခေါ်လိုက်ရင် ရောက်လာကြတယ်။ အဲဒီအခါကျမှ နွားနောက်ရဲ့ ဦးချိုတွေကို ကြိုးတွေနဲ့ ပတ်ချည်ရတယ်။ ပြီးတာနဲ့ ဆားပြပြီး မျှားခေါ်လာရုံပါပဲ။ တောတောင်တွေထဲမှာ ကိုယ့်နွားနောက်ချည်းလွှတ်ထားတာတော့ မဟုတ်ပါဘူး။ အခြား ရွာက သူများနွားနောက်တွေနဲ့ ရောနှောပြီး လွှတ်မွေးရတာပါ။ ဒါပေမဲ့ ပိုင်ရှင်တွေက ကိုယ့်အမှတ်အသားနဲ့ကိုယ် မှတ်သားရတယ်။ ဦးနိုင်းတမ်ကတော့ သူ့ နွားနောက်တွေကို ချည်ကြိုး အဖြူတွေ လည်မှာပတ်ပြီး အမှတ်အသား လုပ်ထားတယ်။ ဦးနိုင်းတမ်ရဲ့ ကာလသားတွေ တောထဲရောက်လာကြတော့ နွားနောက်တွေကို ရှာကြတယ်။ ကြာကြာတော့ မရှာလိုက်ရပါဘူး။ တောင်ပူစာ တစ်ခုပေါ်မှာ စားမြုံ့ခပ်ရင်း အေးအေးလူလူ နေပူဆာလှုံနေကြတဲ့ နွားနောက်အုပ်ကို အခန့်သင့်ပဲ တွေ့ကြပါတယ်။

လက်ဝါးတွေပေါ် ဆားတွေ ပုံပြီး စုတ်သပ်ခေါ်လိုက်တော့ နွားနောက်အုပ်ကြီးဟာ တအဲ့အဲ့ ညာသံပေးရင်း ရောက်လာကြတယ်။ အကောင် ၃၀



www.burmeseclassic.com

www.burmeseclassic.com

လောက်ရှိတဲ့ အဲဒီနွားနောက် အုပ်ထဲကမှ ချည်ကြိုးအဖြူ လည်ပတ်ထားတဲ့ နွားနောက် ၁၅ ကောင်ကို ခွဲခြားပြီး ရွေးကြတယ်။ အဲဒီလို ရွေးရင်း ရွေးရင်းနဲ့ ဦးနိုင်းတမ်ရဲ့ ကိုယ်ပိုင် နွားနောက်ဆိုလို့ နွားနောက်မ ကြီး ၅ ကောင်နဲ့ နွားနောက် ပေါက်လေး ၄ ကောင်ပဲ တွေ့ကြတယ်။ နွားနောက်ထီးကြီး ၁၀ ကောင်က ပျောက်နေတယ်။ အုပ်စုကွဲပြီး အခြားရွာက နွားနောက်တွေနဲ့များ ရောပြီး ပါသွားတာလားဆိုတဲ့ အတွေးနဲ့ အခြားတောတွေဘက် ထပ်ရှာကြတယ်။ မတွေ့ဘူး။ နွားနောက်ထီး ၁၀ ကောင် ဘယ်ပျောက်နေပါလိမ့်။ ဦးနိုင်းတမ် တွေးရင်း စိတ်ပူသွားတယ်။ မနက်ဖြန် လုံ့ယူပွဲတော်ရဲ့ တတိယနေ့။ ပုတ်ခွီးခေါ် နွားနောက်တွေ သတ်ဖြတ် ပူဇော်မယ့်နေ့မို့ ဒီနွားနောက်ထီး ၁၀ကောင်ကို မတွေ့လို့ မဖြစ်ဘူး။ ကြာတော့ ကာလသားတွေလည်း ခေါ်ချွေးတွေ ပြန်နေကြပြီ။

'လုပ်ရဲရွာမှာလည်း လုံ့ယူပွဲတော်ရှိတယ် ဦးလေး။ အဲဒီရွာကများ မှားဖမ်းသွားတာလား။ သွားစုံစမ်းကြည့်ရင် ကောင်းမယ်'

ကာလသားခေါင်း ထန်လိန်းက သူ့ ထင်မြင်ချက်ကို ပြောတယ်။

'အဲဒီလို မှားဖမ်းသွားစရာတော့ အကြောင်းမရှိဘူး။ နွားနောက်ရှင်တိုင်းက ကိုယ့်နွားနောက်ကို အမှတ်အသား လုပ်ကြတယ်။ ခိုးသွားစရာလည်း အကြောင်းမရှိဘူး။ ဒီတော့ နွားနောက် ခြေရာတွေ ခံပြီး ရှာကြမယ်။ နောက်ဆုံး မတွေ့တော့မှပဲ လုပ်ရဲရွာ သွားစုံစမ်းကြတာပေါ့'

'ကျားတွေကများ ကိုက်စားကုန်မှန်းမှ မသိတာ'

ကျားတွေကလည်း နွားနောက်တွေ ကိုက်စားတတ်တော့ ကာလသားတစ်ယောက်က သူ့အထင်ကို ပြောပြန်တယ်။ ဘာပဲဖြစ်ဖြစ် ဦးနိုင်းတမ်နဲ့ ထန်လိန်း ဦးဆောင်တဲ့ ကာလသားတွေဟာ နွားနောက်ခြေရာတွေခံပြီး ရှာဖို့ အခြား တောအုပ်ကြီးတွေဘက် ထွက်လာကြတယ်။ နွားနောက်ခြေရာ တချို့က မှော်လောင်ချောင်းဘက် ဦးတည်သွားတော့ အဲဒီခြေရာအတိုင်း ခံလာကြတယ်။ နွားနောက်ခြေရာတွေက မှော်လောင်ချောင်း တစ်ဖက်ကမ်းကို ကူးသွားပုံရတော့ ဦးနိုင်းတမ်တို့ အဖွဲ့လည်း ချောင်းကူးပြီး ခြေရာခံကြတယ်။ နွားနောက်ခြေရာတွေက တစ်ခါ အနောက်စူးစူးက တောအုပ်ကြီးဘက် တက်သွားတော့ အဲဒီအတိုင်း ဆက်ပြီး ခြေရာခံလာကြတယ်။ တောအုပ်တွေက တဖြည်းဖြည်း ထူထပ်သိပ်သည်းလာကြတယ်။ တချို့နေရာတွေဆို နေပြောက်တောင် မထိုးဘူး။ ဒီနွားနောက် ခြေရာတွေက ကိုယ့်နွားနောက်တွေလား၊ တခြားရွာက နွားနောက်တွေလားဆိုတာ ခွဲခြလို့ မရကြသေးပေမဲ့ ဒီခြေရာတွေဟာ တစ်နေရာရာတော့ အဆုံးသတ်မှာပဲဆိုပြီး ဆက်ပြီး ခြေရာခံလာကြတယ်။ အဲဒီလို ခြေရာခံလာကြရင်း ကျောက်ဆောင်ကြီး တစ်ခုအောက် ရောက်လာကြတယ်။ နွားနောက်ခြေရာတွေလည်း ကျောက်ဆောင်ကြီး အောက် အဆုံးသတ်သွားတယ်။ ဟိုဟိုဒီဒီ ရှာကြရင်း ကျောက်ဆောင်ကြီး အောက်ခြေမှာ ကျောက်ဂူကြီးတစ်ခုကို သတိထားမိကြတယ်။ ကာလသားခေါင်း ထန်လိန်းက ကျောက်ဂူကြီးထဲကို အပြေးအလွှား သွားကြည့်တယ်။

'ဟာ...ဦးလေး နွားနောက်တွေက ဒီကျောက်ဂူကြီးထဲမှာဗျို့'

ကာလသားခေါင်း ထန်လိန်းက ဝမ်းသာအားရ အော်ပြောလိုက်တော့ အားလုံး ဝမ်းသာသွားကြတယ်။

'ဟုတ်လား၊ တော်သေးတာပေါ့ကွာ။ ကဲ ကဲ ဆားထုပ်တွေ ထုတ်ကြဟေ့။ မမှောင်ခင် ရွာပြန်ရောက်မှ ဖြစ်မယ်'

ခရီးကလည်း အတော်ဝေးလာတော့ ဦးနိုင်းတမ်က ခပ်လောလော ပြောလိုက်တယ်။

'ဟေ့... ဒီနွားနောက်တွေကို ဘယ်သူမှ မထိနဲ့'

အဲဒီအချိန်မှာ အမိန့်ပေးသံနဲ့အတူ လူတစ်ယောက် ကျောက်ဂူထဲကနေ ဘွားခနဲ ထွက်လာတယ်။ လက်ထဲမှာလည်း တူမီးသေနတ်တစ်လက် ကိုင်ထားလို့။

'ဟာ...'

'ဟင်...'

လုံးဝ မျှော်လင့်မထားကြတော့ အားလုံး ပါးစပ်ဟောင်းလောင်းနဲ့ မှင်တက်ကုန်ကြတယ်။

'တမ်လော မဟုတ်လား'

'သားငယ် တမ်လော မဟုတ်လား။ မင်း ဘယ်တုန်းက ပြန်ရောက်လာလဲ'

ဦးနိုင်းတမ်ကတော့ သားငယ် တမ်လောကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့ အံ့ဩရင်း ဝမ်းသာလို့ပေါ့။

'ဟုတ်တယ်၊ အဖေ့သား တမ်လောစစ်စစ်ပဲ။ အံ့ဩသွားကြသလား။ ဒီနွားနောက်တွေကို ဆွဲဖို့ လုံးဝ မစဉ်းစားကြပါနဲ့။ လာရာလမ်းအတိုင်း အေးအေးဆေးဆေး ပြန်ကြပါ'

'ဟာ...သားငယ်၊ ဒီနွားနောက်တွေကို မင်းက ဘာလုပ်မလို့လဲ။ မနက်ဖြန် ပုတ်ခွီးနေ့လေ။ မဆွဲလို့ မဖြစ်ဘူး။ သားလည်း တစ်ခါတည်း ပြန်လိုက်ခဲ့ပါ'

'အဖေ အခု လုံ့ယူပွဲကို ဖျက်လိုက်ပါ။ အဲဒီလို ဖျက်ရင် ဒီနွားနောက်တွေ အားလုံး ဆွဲပြီး ပြန်လိုက်ခဲ့မယ်'

'ဟာ ဟေ့ကောင်၊ မင်း ရူးနေသလား။ လုံ့ယူပွဲကို ဘာလို့ ဖျက်ရမှာလဲ။ ထုံးစံ မရှိဘူး။ လုံ့ယူပွဲတော်က အဖေတို့ ချင်းမျိုးနွယ်တွေရဲ့ ရိုးရာဓလေ့ပွဲတော်လေ။ ဘာလို့ ဖျက်ရမှာလဲ။ မဖျက်နိုင်ဘူး'

ဦးနိုင်းတမ်ဟာ ပြောရင်း ပြောရင်း တဖြည်းဖြည်း ဒေါသထွက်လာတယ်။

'ဘာ ရိုးရာဓလေ့ပွဲတော်လဲ။ ဒီရိုးရာဓလေ့ပွဲ

စာမျက်နှာ(၁၁၁)သို့---




www.burmeseclassic.com

www.burmeseclassic.com

'ဘယ်သူမှ ကျွန်းကလေးလို
အထီးတည်းနေလို့ မရဘူး၊
လူတိုင်းဟာ တိုက်ကြီးတစ်တိုက်ရဲ့ တစ်ဖွဲ့၊
ပြည်မကြီးတစ်ခုရဲ့ တစ်ပိုင်းတစ်စပဲ၊
ဥရောပတိုက်ကြီး လျော့နည်းသွားရင်လည်း
သင်လျော့နည်းတာပဲ။
သင့်မိတ်ဆွေ မြေတစ်ကွက်
လျော့နည်းသွားတော့လည်း
သင်လျော့နည်းတာပဲ။
သင်ဟာလည်း လူသားထဲက လူပဲမို့
အားလုံးနဲ့ ပတ်သက်နေတာပဲ။
ဒီတော့ လွမ်းသူ့ခေါင်းလောင်းထိုးသံကြားရင်
ဘယ်သူ့အတွက်လဲလို့ မမေးနဲ့၊

# လွမ်းသူ့ခေါင်းလောင်းသံ

## သတိုး



သင့်အတွက်ထိုးတဲ့
ခေါင်းလောင်းသာလျှင် ဖြစ်တယ်'
ဂျွန်ဒွန်း (၁၅၇၃ - ၁၆၃၁)
ကိုယ့်စာသင်ခန်းသည် ကဗျာသီချင်းသံတို့ဖြင့်
အစဉ်ညံစီနေတတ်သည်။ ကလေးငယ်တို့ကို
ကဗျာလေးတွေ သင်ကြားပေးရင်း
သူတို့နှင့်အတူ သီချင်းကဗျာတွေ
ဆိုနေရခြင်းကို ကိုယ်နှစ်ခြိုက်ကြည်နူး
မိသည်။ ကိုယ့်ကျောင်းသားတို့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဟန်ပန်မူရာ အမျိုးမျိုးဖြင့် သီချင်းကဗျာလေးတွေသာ သီဆိုနေရလျှင် မျက်နှာလေးတွေ ကြည်လင် ချိုရှင်နေပြန်သည်။ ပြုံးပျော် ရယ်မောနေနိုင်ကြသည်။ သီချင်းကဗျာတွေအပေါ် သူတို့နှစ်လို ချစ်မက်ကြတာ သိရတော့ ကိုယ်အတိုင်းမသိ ဝမ်းသာကျေနပ်ရပါသည်။

သီချင်းကဗျာကို ချစ်မက်သူသည် နှလုံးသားနူးညံ့လှပသူ ဖြစ်လိမ့်မည်ဟု ကိုယ်…ရဲရဲ ယုံကြည်မိပါ၏။

❑

သစ်သီးတန်းမှာ ပန်းသီးအလုံးခပ်သေးသေး၊ လှလှလေးတွေ အလုံး သုံး,လေးဆယ် ဝယ်လာမိခဲ့ပြီ။ တရုတ်ဆီးသီးတွေလည်း ပါသေးသည်။ ဟိုမေး သည်စမ်းဖြင့် မဆလာအမှုန့် တစ်ပုလင်းရအောင် စိတ်ရှည်လက်ရှည် ထောင်းထုဖော်စပ်လာခဲ့ရသေးသည်။ ကျောင်းမုန့်ဈေးတန်းမှာ အတန်းထဲကမိန်းကလေး သုံး,လေးယောက်နှင့်အတူ နေ့လယ် မုန့်စားကျောင်းဆင်းချိန် တစ်လျှောက်လုံး ထိုင်ပေးခဲ့ရပြန်သည်။ ပန်းသီးတွေ အခွံသင်ကြ၊ ခွဲစိတ်ထုပ်ပိုးပေးရနှင့် လက်မလည်နိုင်ကြသော်လည်း ဈေးရောင်းရသော အတွေ့ကြုံသစ်မှာ ဆရာ၊ တပည့်တွေ ကြည်နူး ပျော်ရွှင်ခဲ့ကြရသည်။ ဒါပေမဲ့ ပြူစူစောင်းငဲ့ မျက်ဝန်းတချို့ကို မျက်နှာရှောင်လွှဲထားရသော ဝဋ်ဒုက္ခကိုတော့ စိတ်ပျက်စပြုခဲ့ပြီ။

တပည့်တွေက ရောင်းရသမျှ ငွေကြေးတို့ကို ရေတွက်ကာ ငွေရင်း၊ ကုန်ပစ္စည်းလက်ကျန်၊ အသားတင်အမြတ်ငွေတို့ကို တွက်ချက်အလုပ်ရှုပ်နေကြကာ ပျော်ရွှင်မြူးကြွနေကြပြန်မြဲ။ သူတို့ပျော်တော့ ကိုယ်လည်း ကြည်နူးကျေနပ်သည်။ ကိုယ့်ကလေးတွေ လုပ်အားတန်ဖိုးကို နားလည်လာကြမည်။ ကိုယ်တိုင် ရှာကြည့်တော့ ငွေကြေးဆိုတာ ထင်သလောက် ရှာဖွေရ မလွယ်ကူလှတာ သူတို့ သိကြမည်။ လိုအပ်တောင့်တသမျှ မညည်းမညူ ရှာဖွေဖြည့်ဆည်းပေးကြသော အမိ၊ အဖတို့၏ ကျေးဇူးတရားကိုလည်း အကြောင်းတိုက်ဆိုင်လျှင် ပြောပြရဦးမည်။

သူတို့လေးတွေ လူ့လောကသို့ တိုးအဝင်မှာ တစ်ကိုယ်ကောင်းစိတ် ကင်းသော လူသား အချင်းချင်း ထောက်ထားစာနာ ညှာတာတတ်သူ စင်စစ် လူပီသ သူလေးတွေ ဖြစ်လာကြစေဖို့ ပြင်းပြင်းပြပြ တောင့်တ မျှော်လင့် ချင်ပါသည်

နောက်တစ်နေ့အတွက် သစ်သီးပြန်ဝယ်ရန် ငွေအရင်းကို ဖယ်ချန်စေလိုက်သည်။ စားပွဲပေါ်ရှိ တိုက်အိမ်ပုံသဏ္ဌာန်ပလတ်စတစ်စုဘူး စိမ်းစိမ်းလေးထဲသို့ အမြတ်ငွေတချို့ကို ထည့်စေရသည်။ တစ်ယောက်က စုဘူးထဲ အခေါက်လိုက်ဝင်သွားသော ငွေအချို့ကို နေရောင်မှာ ထောင်ကာ အရိပ်ကိုကြည့်ရင်း ကျေနပ်နေ၏။ သူက အတန်းဘက်သို့ လှည့်ကာ စုဘူးကလေးကို ကိုင်မြှောက်လျက် ခလောက်ဆန်ပြပြန်လျှင် အတန်းသားအားလုံးက ဝမ်းမြောက်အူမြူးစွာ လက်ခုပ်ဝိုင်းတီးကြ ပြန်၏။

အောက်တိုဘာလလယ်၊ ပထမနှစ်ဝက် ကျောင်းပိတ်ရက်နီးမှ စုဘူးဖောက်ကြမည်ဟု ဆရာတပည့်တွေ သဘောတူညီထားခဲ့ပြီးပြီ။ အတန်းတွင်း ပညာရည်ချွန်ဆုပေးပွဲကလေးကို အမြတ်ငွေထဲကပဲ သုံးချင်သည်။ ပြီး…ပုံပြင်စာအုပ်တချို့နှင့် စာစောင်၊ မဂ္ဂဇင်းအဟောင်းတချို့လည်း သူတို့အတွက် ဝယ်ပေးချင်သေးသည်။ ဖြစ်နိုင်လျှင် အတန်းပိုင် စာကြည့်တိုက်ကလေး ရှိလာစေချင်သည်။ တခြားအတန်းများက အတုခိုးပြီး လိုက်လုပ်လာကြလျှင် အတန်းတိုင်းမှာ စာကြည့်တိုက်ငယ်ကိုယ်စီ ရှိလာကြလိမ့်မည်။ သူ့အတန်း၊ ကိုယ့်အတန်း စာအုပ်အလဲအလှယ်ပြုကြရင်း အချင်းချင်း ရင်းနှီးချစ်ကြည်စည်းလုံးလာကြသည့်အခါ စာကြည့်တိုက်ငယ်လေးတွေ စုစည်းမိပြီး ကျောင်းစာကြည့်တိုက်ကြီး ဖြစ်လာနိုင်တော့မည်။

စိတ်ကူးတယဉ်ယဉ်နှင့် ပြဋ္ဌာန်းစာအုပ်ဖွင့်စေလျှင် တက်ကြွ မျှော်လင့်တတ်သူတို့က စာအုပ်များကို တဖျပ်ဖျပ် လှန်လှောနေကြပြီ။

'ဒီနေ့ ဆရာမပေးတဲ့ သင်္ချာငါးပုဒ်ကို အမှားမရှိဘဲ အရင်ဆုံးလာပြနိုင်တဲ့ အုပ်စုကို နက်ဖြန် သစ်သီးတန်းကို ဈေးဝယ်ထွက်ရင် ခေါ်မယ်'

ဟေးခနဲ သံပြိုင်ပြုကြကာ အလုအယက်၊ သူ့ထက်ငါ သင်္ချာပုစ္ဆာတွေကို ကုန်းတွက်နေကြပြန်သည်။

❑

'ဆရာမ လောဘအနန္တတွေ…'

မကြားတကြား ကွယ်ရာပြောစကားပေမဲ့ အကင်းပါသော နားက ကြားဖြစ်အောင် ကြားမိသေးသည်။ သို့သော် ဖက်ပြိုင်ပြောလို့ မဖြစ်နိုင်ကြောင်းတော့ အသိတရားက ဟန့်တားနေပြန်သည်။ ဉာဏ်သမာဓိလည်း မခိုင်တည်လှတော့ တနုံ့နုံ့တွေးလျက် စိတ်မကောင်းတော့ ဖြစ်ရသေးသည်ပင်။

တကယ်ဆို ကိုယ့်သားသမီး အပါအဝင် အတန်း၏ အကျိုးအတွက် သမီးတို့၏ ဆရာမက စေတနာသက်သက်ဖြင့် ပြုမူနေတာဟု သူမ သိနားလည်ပေးသင့်ပါသည်။ ကျောင်းဈေးသည်အဖြစ် သူမ ရပ်တည်ခဲ့သော ကာလတစ်လျှောက်လုံး ကိုယ်နှင့်လည်း အတန်းအသင့်တော့ ရင်းနှီးနေ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူးသည်ပင်။ ကလေး၏ ပညာရေးကိစ္စနှင့် ပတ်သက်လို့လည်း ဝင်ထွက် ဆက်ဆံဖူးနေသည် မဟုတ်လား။ ပြီး ကျောင်းသား နှစ်ရာနီးပါးရှိသော ဒီ…မြို့စွန်ဖျားနား မူလတန်းလွန်ကျောင်းကလေး၏ မုန့်ဈေးတန်းကလေးမှာ ကိုယ်တို့ သစ်သီးဈေးဗန်းကလေး တစ်ဗန်းတလေ တိုးလာရုံနှင့် သူတို့၏ ရောင်းအားက ထူးခြားသိသာစွာ ထိုးစိုက် ကျဆင်းသွားရမည် မထင်။ သမုဒ္ဒရာရေပါ အစ်မကြီးရယ်ဟုတော့ ပြန်ပြောချင်မိသေးသည်။

'ပြောလည်း ပြောပါစေဟယ်။ တတ်နိုင်ဘူး။ အိမ်က ကျေးဇူးရှင်က ဒီနှစ်ဆယ်တန်း တက်ရပြီလေ။ ဘော်ဒါ မပို့ရကောင်းလားဆိုပြီး ကကျည်ကကြောင်ကျနေလို့ မနည်း ချော့မော့ဖျောင်းဖျပြောပြီး အချိန်ပိုင်းကျူရှင် ပို့ပေးထားရတာ။ စားစရာမရှိတာနောက်၊ သူ့ကျူရှင်လခ မှန်မှန်မပေးနိုင်လို့ ဆန္ဒပြပြီး ထင်ရာစိုင်းမှာ ပူနေရတာ'

အစ်မကြီး ဒေါ်သင်းသင်းမြိုင်က ကိုယ်တို့ထက် လုပ်သက် အပုံကြီး ဦးသေးသည်။ သားအကြီးတစ်ယောက်၊ သူ့အောက်မှာ သမီးနှစ်ယောက်။ အားလုံး အတန်းစဉ်အလိုက် ကျောင်းသားချည်းမို့ အိမ်စရိတ်က မသက်သာလှ။ ခင်ပွန်းသည်ကလည်း ရိုးအေးသည့် ဝန်ထမ်းတစ်ယောက် ဖြစ်နေပြန်သည်။ မိုးလင်းကတည်းက ကျူရှင်သင်ရင်း မျက်နှာသစ်ကာ ကျောင်းချိန်အမီ မုန့်ထုပ်တစ်ဖက်၊ ခြင်းတစ်ဖက်နှင့် ကျောင်းတက်ရသူဖြစ်သည်။ ညနေကျောင်းဆင်းလျှင် စာသင်ဝိုင်းသို့ ဝင်ပြန်ကာ ညရှစ်နာရီခွဲလေမှ အိမ်ပြန်ရောက်နိုင်တော့သည်။

အခုတော့ ကျူရှင်သင်သော ဆရာ၊ ဆရာမများအား အရေးယူတော့မလို သိုးသိုးသန့်သန့် သတင်းများကြောင့် အထိတ်တလန့် ကိုယ်ရှိန်သတ်နေရသည်တဲ့။ သို့ပေမဲ့ ဝန်ထမ်းလစာကလေး မဖြစ်စလောက်တိုးတော့မည်ဆိုသော သတင်းကြောင့် ဝမ်းသာရတော့မလို ရှိဆဲ တရိပ်ရိပ်ထပ်တိုးတက်လာပြန်သော နေထိုင်စားသောက်မှု စရိတ်များက ဒိုင်းခနဲ ရင်ဝသို့ ထိမှန်လျှင် ကျောခိုင်းဖယ်ခွာရတော့မလို ဖြစ်နေသော ကျူရှင်ဝိုင်းများဆီ ခြေဦးတလည်လည် ဖြစ်ရပြန်တော့သည်ပင်။

အစ်မကြီး ဒေါ်သင်းသင်းမြိုင်၏ အာလူးကြော်ထုပ်၊ ဆီးစပ်ထုပ်၊ နေကြာစေ့၊ ပီကေ၊ သကြားလုံး စသည့် ထွေထွေရာရာ၊ သရေစာလေးတွေက ဘယ်လောက်မှ အမြတ်များများ မကျန်တတ်ပါ။ သို့ပေမဲ့ စာနာတတ်သော ကျောင်းသားအများစုက သူတို့၏ ဆရာမကိုသာ အားပေးကြသည်။ များများ ရောင်းရတော့လည်း အမြတ်ကလေး မြိုးမြက်သည် ဆိုပါစို့။ သို့ပေမဲ့ အရပ်ထဲမှ ဝင်လာရောင်းကြသော ကျောင်းဈေးသည်များက မသိမသာ ငြူစူစောင်းမြောင်းကြသည်နှင့် ကာမိမည် မထင်ပါ။

ကိုယ့်ကျောင်းသူမနေရည်လင်း၏ မိခင်ကတော့ သူတကာထက် ထူးကဲစွာ လန်နေသည် ထင်မိ၏။ ကျိုးကြောင်းသင့် ပြောချင်မိခဲ့ပေမဲ့ ကိုယ့်ကိုယ်ကိုယ် အထူးသတိထားနေပါသည်။ ကိုယ့်တပည့်မ၏ မျက်နှာကိုလည်း ထောက်ထားရပါမည်။ မိဘနှင့် ဆရာကြားမှာ စကားအချေအတင် ဆိုရလျှင် ကလေးလည်း ကြားက အနေရခက်ရှာမည်ထင်၏။ ကိုယ့်ကလေးတွေ၏စိတ်မှာ နာကျင်အရိပ် ထင်မည့် အကြောင်းကိစ္စတိုင်းကိုတော့ ကိုယ် အထူးသတိထား ရှောင်ကြဉ်လိုပါသည်။

❑

အတန်းတွင်းမှာ ကျောင်းသား ကျောင်းသူချင်း ငြင်းခုံအော်ဟစ်၊ စကားများ ရန်ဖြစ်ကြခြင်းသည် ကိုယ်တို့ မူလတန်းလွန်ကျောင်းကလေးတွေမှာ အဆန်းတကြယ် မဟုတ်ပါ။ သို့သော် ကလေးငယ်တွေ အချင်းချင်း သင့်မြတ်စည်းလုံးကြဖို့ ကိုယ် အခါအခွင့်သင့်တိုင်း ဆိုဆုံးမမှု မလျော့ခဲ့။ သူတို့၏ တစ်ဦးချင်း စိတ်အခြေအနေ၊ ခံစားချက်နှင့် အကျင့်စရိုက်များကိုသာမက မိခင်၊ ဖခင်တို့၏ နောက်ခံပတ်ဝန်းကျင်ကိုပါ ကိုယ်က ရတတ်သမျှ စပ်စုတတ်သေးသူ ဖြစ်ပါသည်။ ပတ်ဝန်းကျင်နှင့် မသင့်မမြတ်၊ အသိလွဲ၊ ခံစားချက် လွန်ကဲကာ ရန်လိုချင်သော ကလေးငယ်တွေကို အထူးဂရုပြုပါသည်။ စာသင်ချိန်ပြင်ပမှာ သီးသန့်တွေ့ဆုံခွင့်ကို သူတို့လေးတွေ မရိပ်မိအောင် ဖန်တီးယူကာ စည်းရုံးဆွဲဆောင် တည့်မတ်နိုင်ဖို့ ကိုယ်အမြဲ ကြိုးပမ်းခဲ့သည်ပင်။

နေရည်လင်းသည် စူးစွာသော မိခင်နှင့် ခြားနားလှစွာ ရန်လိုတတ်သူကလေး လုံးဝ မဟုတ်ခဲ့ပါ။ ကျောင်းစာမှာ တော်ထူးထက်မြက်သလို အတန်းတွင်း တာဝန်ပေးအပ်မှုတိုင်းတွင်လည်း တက်ကြွ နိုးကြားသူလေးပင်။ ပေါင်းသင်းဆက်ဆံရေးမှာ ပါးနပ်ချက်ချာသလောက် မိဘအပေါ်မှာလည်း လိမ္မာ၊ သိတတ်လှသည် ထင်မိ၏။

သူ့မိခင်၏ ကျောင်းမုန့်ဈေးတန်း ဆိုင်ခင်းရာမှာ ကူညီနေတတ်မြဲ။ မုန့်စားကျောင်းဆင်းလျှင် အမေ့ထံ တန်းမတ်စွာ သွားကာ ဈေးရောင်း ကူလေ့မြဲ။ ကိုယ်တို့ အတန်းသားတွေ အလှည့်ကျ တာဝန်ဖြင့် ကျောင်းဈေးရောင်းသောအခါ…

'သမီးက မေမေ့ကို သွားကူရဦးမှာ မဟုတ်လား။ အလှည့် ယူမနေနဲ့တော့လေ။ မေမေ့ဆိုင်မှာ ဈေးဝယ်ပါးချိန်ကျမှ ခဏလောက် ပြန်လာပြီး သူငယ်ချင်းတွေနဲ့နေ'

နေရည်လင်း၏ စိတ်မှာ ဖယ်ချန်ထားခံရသူအဖြစ် မခံစားရစေဖို့ အညင်သာဆုံး ပြောခဲ့ဖူးတာဖြစ်သည်။

သို့ပေမဲ့…

'တာဝန်ကျတဲ့နေ့က တစ်ပတ်မှ တစ်ရက်လောက်ပဲဟာ။ သမီးလည်း ဈေးကူရောင်းချင်တယ်။ တာဝန်မှမကျရတဲ့နေ့တွေမှာ မေမေ့ဆီ သွားကူလို့ ရနေတာပဲ'

'သမီးမေမေ့ကို မေးပါဦး'

www.burmeseclassic.com

မေမေက ခွင့်ပေးလိုက်ပြီတဲ့။ သို့ပေမဲ့ ခုတော့ နေရည်လင်းနှင့် သူ့ သူငယ်ချင်းများအကြား စိတ်ဝမ်းကွဲပြားကာ ငြင်းခုံရန်ဖြစ်ကြရပြီ။

❑

မမပြုံးသာ ဝင်မပါလျှင် ထိုအမျိုးသမီး ဒီမျှနှင့် ကျေနပ်ပြေအေးပေးလိမ့်မည်မထင်။

'အစ်မအတွက်တော့ ကိုယ့်သားသမီးနဲ့ သူများသားသမီး ခွဲခြားနေလို့ ဖြစ်တာပေါ့။ ကျွန်မအတွက်က အားလုံးဟာ ကျွန်မတပည့်တွေချည်းပဲ။ ဘယ်သူမှန်မှန်၊ ဘယ်သူမှားမှား ကျွန်မအတန်းထဲမှာ ဖြစ်တဲ့ကိစ္စကို ကျွန်မဘာသာ ဆုံးဖြတ်မယ်'

ဆရာမကြီး၏ ရုံးခန်းသို့ ရောက်ရုံဖြင့် ကိုယ့်သားသမီးဘက်က အသာစီးရတော့မည်ဟုများ ထိုအမျိုးသမီး မျက်စိမှိတ် တွေးနေသေးသလားမသိ။

'သူတို့က အများ၊ ကျွန်မသမီးက တစ်ယောက်တည်း'

'ကလေးက ကလေးပါပဲ အစ်မရဲ့။ အချိန်တန် မေ့သွားမှာပဲ။ ပြန်တည့်မှာပဲ'

စကားတွေ အပ်ကြောင်းထပ်နေဆဲ မမပြုံး ရောက်လာလေကာ…

'ကဲ…အခု ရှင့်ကလေးက ထိပ်ပေါက်၊ ခေါင်းကွဲဖြစ်သွားလို့လား။ ဘယ်နေရာမှာ သွေးထွက်သံယို ဖြစ်သွားလဲပြော။ ဆေးဖိုး ကျွန်မ စိုက်ပေးမယ်'

ဆိုရုံနှင့် ကိစ္စပြီးပြတ်သွားတော့သည်မှာ အံ့သြစရာ။ ကျောင်းဆရာမ တစ်ယောက်၏ ဂုဏ်သိက္ခာတစ်ခုတည်းဖြင့် မတည်ဆောက်နိုင်သော သြဇာကို ငွေရှင်ဆိုသော အခွင့်အာဏာနှင့် မမပြုံးက လှပစွာ လှစ်ပြခဲ့သွားခဲ့လေတာ။ ကိုယ် မရှုမလှ ပြိုကွဲတုန်လှုပ်မိတော့သည်။

မမပြုံးသည်လည်း ကိုယ်တို့ကျောင်းက ကိုယ်တို့၏ စီနီယာဆရာမတစ်ယောက်ပါပင်။ အစ်မကြီး ဒေါ်သင်းသင်းမြိုင်တို့ထက်တော့ လုပ်သက် နုသေးသည်ပေါ့။ ဒါပေမဲ့ မမပြုံးက အားလုံးသော ဆရာမတွေထက် ပြုံးပြက်လင်းလက်သည်။ ကျောင်းကို လာလျှင် ဆိုင်ကယ် ကိုယ်တိုင်မောင်းသည်။ ဗလာစာအုပ်နှင့် ဘောပင်၊ ခဲတံ၊ ခဲဖျက်စသော စာရေးကိရိယာလေးတွေ အိတ်ကြွပ်တစ်လုံး ပါလာတတ်သူ ဖြစ်သည်။ အမေအိုကြီးရှိသူမို့ အမေ့မုန့်ဖိုးဟု အကြောင်းပြ၏။ ကျောင်းပိတ်ရက် ခရီးတစ်ခုကပြန်လာလို့၊ အညာက ဆွေမျိုးတွေနဲ့ ပါလာလို့ စသော အကြောင်းပြချက်ဖြင့် သိုးမွေးခြုံထည်၊ မာဖလာ၊ အညာစောင်၊ သနပ်ခါးတုံး စသည်တို့ကို အခါအားလျော်စွာ ရောင်းလာတတ်သေးသည်။ သွားတိုက်ဆေး၊ ဆပ်ပြာမှအစ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ လက်သည်းဆိုးဆေး စသော အလှကုန်များလည်း သူယူလာပေးသော ကြောင့်သာ မြင်တွေ့ဖူးရသည်။ ပြီး… အရပ်ထဲမှာ ခင်ပွန်းသည်၏ အမည်ဖြင့် လိုင်စင်ရအပေါင်ဆိုင် ဖွင့်ထားသူမို့ အရေးအကြောင်းရှိလျှင် အားကိုးတိုင်တည်ရာလည်း ဖြစ်လေသည်။

ကျောင်းပတ်ဝန်းကျင်ရပ်ကွက်တွေကလည်း မမပြုံးကိုတော့ ကျွမ်းဝင်ချစ်ခင်ဟန်ရှိကြကာ လေးစားမှုမလျော့။ ဘယ်သူမှလည်း ကင်းကင်းကွာကွာ မနေနိုင်ကြဘူး ထင်ပါသည်။

ကျောင်းအုပ်ဆရာမကြီးကတော့ မမပြုံး၏ လုပ်ငန်းစီးပွားကိစ္စထွေရာတို့ကြောင့် ကျောင်း၏ တာဝန်ဝတ္တရားများ ပျက်ကွက်ဖူးပေါင်းများလှပြီမို့ ခဏခဏ သတိပေးနေရရင်း စိတ်ပျက်လှပြီထင့်။

'ကျုပ်သာ ရှင့်နေရာမှာဆို အလုပ်ကထွက်ပြီ'

သူ့အား ဆရာမကြီး မကြည်ဖြူနိုင်တော့တာ ရိပ်မိနေသော မမပြုံးကလည်း ဟိုဝင်သည်ထွက် ရင်းနှီးကြိုးပမ်းကာ နာမကျန်းပင်စင်ရအောင်ယူလျက် တကယ်ပင် အလုပ်မှ ထွက်သွားခဲ့တော့သည်။

❑

'ပြုံးတို့များ ကျောင်းကို သံယောဇဉ်ကြီးလိုက်တာဟယ်'

အစ်မကြီး ဒေါ်သင်းသင်းမြိုင်က ညည်းညည်းညူညူပြုနေရင်း ပြုံးမဲ့မဲ့ကလေး အငေါ်တူးသည်။ ပြီး…ရှေ့စကားနှင့် နောက်စကား မညီစွာ–

'သိပ် ရက်စက်တာပဲ'

ဆိုရင်း ငြိမ်ငေးသွားပြန်တော့သည်။ အစ်မကြီး ဒေါ်သင်းသင်းမြိုင်တင် မဟုတ်။ ကျောင်းမုန့်စားတန်းက ကျောင်းဈေးသည် အားလုံး အငိုက်မိ၊ အရှိုက်ထိကုန်ကြလျက် ခေါင်းချင်းရိုက်ကုန်ပြီ။ မကျေမနပ် ပွစိ၊ ပွစိ ပွက်လောညံကြပြီ။

'ဆရာမကြီးနဲ့ သွားတွေ့ကြည့်ကြမလား'

ပြောသူကိုယ်တိုင်က ကိုယ့်စကားကိုယ် အတိအကျ လိုက်နာနိုင်မည့်သူ မဟုတ်။ ကျန်အားလုံးကလည်း ကွယ်ရာ ထောက်ရာမှာသာ စကားဟောင်ဖွာတတ်ကြရုံ ရှိပြီး ဆိုရေးရှိလျှင်တော့ နောက်တွန့်လေ့မြဲသာ မဟုတ်လား။

ဆရာမကြီးက သူတို့အားလုံးကို စေတစီးစွာ အသိပေး ကြေညာခဲ့ပြီးသား ဖြစ်သည်။ ဒီစာသင်နှစ်မှာ ဆိုင်ခန်းလေးတွေကို သန့်ရှင်းသေသပ်အောင် ပြင်ဆင်ရမည်တဲ့။ အမိုးအကာ ပြုပြင်သည်သာမက မိမိဆိုင်ရှေ့မှာ ရေမဝပ်စေရအောင် မြေဖို့ကြဖို့လည်း ဆော်သြခဲ့သေးသည်။ အမှိုက်သရိုက်ကင်းစင်အောင် ဂရုပြုကြဖို့လည်းပါသည်။ အစားအသောက်များ ကျန်းမာရေးနှင့်အညီ သန့်ရှင်းရမည်၊ လတ်ဆတ်ရမည်။ ယင်မနားစေရအောင် အဖုံးအကာရှိရမည် ဆိုတာတွေလည်း အထပ်ထပ် မှာကြားခဲ့သေးသည်။ ပြောသမျှ ခေါင်းညိတ်ပြီးသည်နှင့် မေ့ပစ်လိုက်ကြသလားတောင်မသိ။ ဆိုင်ခန်းငယ်လေးတွေက အစဉ်အမြဲ ဖရိုဖရဲ၊ လဲပြိုလုမတတ်ပေ။ ပြင်ဆင်စရိတ် မတတ်နိုင်ကြတာလည်း တစ်ကြောင်းဖြစ်မည်။ ကျောင်းခြံဝန်းအတွင်းမှာ မိမိတို့၏ စုတ်ချာချာ ဆိုင်ခန်းငယ်များက အမြင် မတင့်တယ်၊ ကျန်းမာရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

လည်း မလျော့ညီဟု မသိတတ်ကြတာလည်း ပါမည်။ ထုံးစံအတိုင်း ပြီးပြီးပျောက်ပျောက် ဖြစ်သွားမည်ဟု အခါများစွာ ကနယ် အရိုးစွဲကာ လျှော့ပေါ့တွေးထင်ထားခဲ့သည် ထင်ပါသည်။ ခုတော့ ဆရာမကြီး၏ရာဇမာန်ရှခြင်းကို ခံကြရပြီ။

သူတို့ မင်းမူနေကျနေရာမှာ မမပြုံး၏ သေသပ်လှပသော ချစ်စဖွယ်ဆိုင်တန်းရှည်ကလေးက သားနားသပ်ရပ်လှသည်။ အစားအသောက် အမည်စုံတို့လည်း ဖွယ်ရာသည်။ အမျိုးစားတူရာအလိုက် ဈေးဗန်းလေးတွေ စီစီညီညီမို့ စနစ်ကျလှတော့သည်။ ကျောင်းသားငယ်များ ထိုင်နားစားသောက်ရန် ချစ်စဖွယ် ထိုင်ခုံငယ်လေးတွေပင် ပါလိုက်သေးသည်။ နေ့စဉ် ကောက်ခံနေရမည့် ကျောင်းရန်ပုံငွေ ဈေးကောက်အတွက် မမပြုံးက စာသင်နှစ် ပြီးဆုံးချိန်အထိ တွက်ချက်ကာ တစ်နှစ်စာကြိုတင်ပေးချေထားနှင့်ခဲ့ပြီ။ ကန်ထရိုက်သဘောမျိုး သက်ရောက်မည်ထင်သည်။ ကျောင်းခြံဝန်းအတွင်း မမပြုံးတစ်ဦးတည်းကလွဲလျှင် ဘယ်သူမှ ဈေးမရောင်းကြရတော့ပြီတဲ့။ ကောင်းလေစွ။

❑

ကိုယ်တို့၏ အတန်းတွင်း ဝင်ငွေတိုးရေး လှုပ်ရှားမှုလေး ခါးပိုင်းပြတ်ခဲ့ရတာ မမပြုံးကြောင့်ဟု ကိုယ်က စွပ်စွဲချင်သေးသည်။ ငွေသာရမည်ဆိုလျှင် နတ်နေကိုင်းပင် မချန်တတ်သော မမပြုံးပေပဲ။

'ရှင်တို့ကျောင်းကလေးလည်း ကျုပ်ဆိုင်လေးကြောင့် ဘယ်လောက် လှပသွားလဲကဲ'

ကျောင်းမပြီးခင် အိမ်ထောင်ကျခဲ့သော သားကြီးနှင့် ချွေးမကလေး အလုပ်လက်မဲ့ မဖြစ်ရေးအတွက် စနစ်တကျ မြော်မြင်စွာ စီမံခဲ့ရကြောင်းကို မမပြုံးနှုတ်က ဖွင့်ဟမဆိုလည်း သိပါသည်။

ဒါပေမဲ့ လှဖို့မလို၊ ဝမ်းဝဖို့သာ အဓိက ဖြစ်နေရသော ဘဝများစွာတို့ကတော့ ဟိုပြေး၊ သည်လွှား ဂျင်ခြေလည်နေရပြန်တာ မမပြုံး စာနာကြည့်တတ်ပါရဲ့လား။ ကျောင်းဈေးတန်းလေးမှာ ကုန်ခြေရရ ဈေးရောင်းလာခဲ့ရသူတို့ ကျောင်းဝန်း ခြံစည်းရိုးအစပ်မှာ၊ ဟိုလမ်းထိပ်မှာ၊ ဒီဈေးထိပ်မှာ ဂနာမငြိမ်နိုင်ကြသေး။ နေရာအခြေတကျ မဖြစ်နိုင်ကြသေး။ ဝင်ငွေပုံမှန်မရနိုင်သေးသော်လည်း ဝမ်းတော့ ဖြည့်ရဦးမည်မို့ မမပြုံး၏ အပေါင်ဆိုင်ဆီ ဝင်ချည်ထွက်ချည် ပြုကြရပြန်ပြီ။

'မေမေကတော့ ဆရာမ ဒေါ်ပြုံးပြုံးမြင့်ကို မေတ္တာပို့လိုက်၊ ငိုလိုက်ပဲ'

နေရည်လင်းက သူ့မိခင်အကြောင်း ပြန်ပြောလာတော့ စိတ်မကောင်းဖြစ်ရပြန်သည်။

'တဖြည်းဖြည်းတော့ ပြန်အဆင်ပြေမှာပေါ့ သမီးရယ်'

ကိုယ်တိုင် ယုံကြည်ဖို့ ခက်ခဲနေသော နှစ်သိမ့်စကားကို ဆိုနေရတာ ခါးသီးလှသည်။ ဒါပေမဲ့ ဒီလောက်ပြောတတ်ရုံသာ ကိုယ်တတ်နိုင်ခဲ့သည်။ နေရည်လင်းကတော့ ကိုယ့်ထက် စွမ်းနိုင်ခဲ့သည်ပင်။

❑

သူ့လွယ်အိတ်ကလေး ခပ်သေးသေးမှ ကျောပိုးအိတ် နွမ်းနွမ်းကြီး ဖြစ်လာတာ သတိပြုမိခဲ့သော်လည်း ကိုယ် အမှတ်မဲ့ နေခဲ့မိသည်။

'ဆရာမ ပန်းသီးစားချင်ရင် နေရည်လင်းဆီမှာ ဝယ်လို့ရတယ်'

တိုးတိုးတိတ်တိတ် ပြောလာကြသည့်တိုင် ကိုယ် ထ,ခုန်မိမတတ် လန့်ဖျပ်သွားရတော့သည်။

'နေရည် ...သမီး ဘာတွေလုပ်နေတာလဲ'

သူ့စွမ်းဆောင်ချက်ကို လူမိခံလိုက်ရပြီမို့ သူမကလေး ထိတ်လန့်နေရှာသည်။ ငိုမဲ့မဲ့ကလေး ဖြစ်နေပြန်သေးသည်မို့ တိုးတိုးတိတ်တိတ် ချော့မော့ရပြန်သည်။

'ညက ဖေဖေနဲ့ မေမေ ရန်ဖြစ်ကြတယ်။ ဖေဖေ အလုပ်ကပြန်လာတော့ မေမေက ထမင်းချန်မထားလို့တဲ့'

သူ့မိခင်နှင့် ခေါ်တွေ့မိပြန်လေမှ ပိုလို့ စိတ်လေထွေးပြားရတော့တာ ဖြစ်သည်။

'အရပ်ထဲမှာလည်း ဈေးဌားဖို့ လူကုန်နေပြီ ဆရာမရေ။ ဘယ်သူကမှ အကြွေးမပေးချင်ကြတော့ဘူး။ ဈေးထွက်ရောင်းတော့လည်း တစ်ရပ်ကွက်လုံးက မိန်းမတွေအားလုံး ဈေးရောင်းထွက်နေကြတော့ ဝယ်မယ့်သူကို မရှိတော့ဘူး။ ရောင်းရတာကနည်းနည်း၊ အကြွေးကျတာက များများမို့ အရင်းက တစ်ရင်းပြီး တစ်ရင်း ပြုတ်ပြီးရင်း ပြုတ် ဖြစ်နေပြီ။ မမပြုံးသိရင် ဒီအရင်းပါ ပြုတ်ဦးမှာ'

မျက်ရည်တွေ စီးကျလာကာ နှပ်တစ်ချက် ညှစ်လိုက်ပြန်သည်။ ထွေးထွေးလုံးလုံး စွန်တောင်ဆွဲနေသည့် အပွင့်မပီ လုံချည်နွမ်းစဖြင့် အသားတကျ ပွတ်သုတ်လိုက်ပြန်သည်။ ပြီး...ငိုသံဗလုံးဗထွေးဖြင့်...

'သူတို့အဖေ ညက ပိုက်ဆံနည်းနည်း ရလာလို့သာ ဒီနံနက် ထမင်းချက်ရတာပါ ဆရာမရယ်။ ဒါပေမဲ့ ညနေအထိတော့ ဘယ်လိုလုပ် လောက်ပါ့မလဲ။ ကျွန်မလည်း စိတ်ပေါက်ပေါက်နဲ့ ပိုက်ဆံ အလုံအလောက်မပါရင် နေ့လယ်ကျ ပြန်မလာနဲ့လို့ ပြောလွှတ်လိုက်တယ်'

'.....'

'သူ့ အလုပ်ကလည်း ဒီရက်တွေထဲ မကောင်းဘူးတဲ့။ လူတွေကလည်း ဆိုက်ကား မစီးတော့ဘဲ ကုန်းကြောင်းပဲ လျှောက်နေကြသလား မသိပါဘူး။ ရသလောက် ပို့ပေးလိုက်မယ်၊ အိမ်ပြန်မလာတော့ဘူးဆိုပြီး ထွက်ခတ်ခတ်သွားလို့ ပိုက်ဆံပို့ပေးရင် ပြီးရော...၊ တစ်သက်လုံး ပြန်မလာချင်လည်း နေလို့ ပြန်အော်ပစ်လိုက်တယ်။

'ဒီနံနက်တော့ ဈေးမရောင်းလို့လည်း မဖြစ်သေးဘူးဆိုပြီး နံနက်အစောကြီး သစ်သီးတန်းမှာ ခေါက်ပြန်ပေးနဲ့ ယူလာတာ။ သမီးက ကျောင်းမှာ သူငယ်ချင်းတွေကို ရောင်းရင် အကြွေးတော့



www.burmeseclassic.com

www.burmeseclassic.com

ဘူးဆိုပြီး ခွဲယူသွားမယ် ပြောတော့ ကျွန်မလည်း ထည့်ပေးလိုက်မိတော့တာ'

❑

ဆရာမကြီးက ဆူကြိမ်းလာသည်ကို ခံနိုင်သော်လည်း မမပြုံးက မျက်နှာထားချိုကာ ခပ်တင်းတင်း ကြည့်လာတာကိုတော့ဖြင့် အူယားလှသည်။

'ရှင် ရောင်းခိုင်းလို့ ရောင်းတာလို့ ကလေးက ပြောနေပါလား'

ပြင်ဆင်လာခဲ့သည့် အတိုင်း ခေါင်းညိတ်ပြမိတော့ ဆရာမကြီးပါ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။ မမပြုံးလည်း မပြုံးနိုင်ရှာဘဲ မျက်ထောင့်နီကြီးနှင့် ပြူးကြည့်နေလေသည်။ ခုလို အရေးကြုံလာလျှင် ထိုအတိုင်းပြောရန် နေရည်လင်းအား ကြိုကြိုတင်တင် သေချာသင်ထားခဲ့မိလို့ တော်တော့သည်။

'ရှင်က ကျွန်မ လက်နဲ့ ရေးထားတာကို ခြေနဲ့ ဖျက်တာပေါ့လေ'

ဆရာမကြီးအား အရှိသေတန်ရာတော့ မရောက်ချင်ပါ။ တောင်းပန်ရတော့မည်။

'ကျွန်မက ကလေးတွေကို အတန်းတွင်းဆုပေးပွဲလုပ်ဖို့ သေချာ ကတိပေးပြီးသားမို့ပါ ဆရာမကြီး။ ကလေးတွေကို ကတိမပျက်ချင်ဘူး'

'အဲဒါနဲ့ ခုလို လုပ်တာဘာဆိုင်လို့လဲ'

'လိုတဲ့ငွေကို ကျွန်မ မစိုက်နိုင်ဘူးလေ။ ဒါကြောင့် နှစ်စကတည်းက ငွေစုနေခဲ့တာပါ'

မမပြုံးမျက်နှာ မဲ့ပြလေသည်။ ကိုယ် မမပြုံးထံ ထိမထင်စိုက်ကြည့်ပစ်လိုက်ကာ-

'မမပြုံးနဲ့ ဆရာမကြီးတို့ အစီအစဉ်ကြောင့် ကျွန်မတို့ အားလုံး ကမောက်ကမ ဖြစ်ခဲ့ရတာ'

မမပြုံးတစ်ယောက် ဆွေ့ဆွေ့ခုန်နေတော့သည်။ ဆရာမကြီး၏ ရှေ့မှာသာ မဟုတ်လျှင် ကိုယ့်အား ထ, သတ်တော့မည်လား မသိ။ ဒါပေမဲ့ ကိုယ့်အပေါ် မမပြုံး၏ ကျေးဇူးတရား တစ်ိုးတစိမျှ မရှိ။ မှုစရာမလိုပဲ စိတ်ပိုင်းဖြတ်ထားမိပြီ။

'ကျောင်းဈေးသည်တွေလည်း စားကျက်ပျောက်ပြီး အကုန် ဒုက္ခရောက်နေပြီ ဆရာမကြီး။ အရင်းပြုတ်တဲ့သူနဲ့၊ အကြွေးတက်တဲ့သူနဲ့။ ထမင်းတောင် နပ်ကျော်စားနေရတဲ့သူတွေ ရှိနေပြီတဲ့။ ဆရာမကြီးရော…၊ မမပြုံးရော‥ ပြန်စဉ်းစားပေးပါဦး။ ကျွန်မ…ကျွန်မ သူတို့ကိုယ်စား တောင်းပန်တာပါ'

ဆရာမကြီးကတော့ တွေတွေဝေဝေ ငြိမ်ငေးသွားတော့ပြီ။ မမပြုံးကတော့ ခြေသံပြင်းပြင်းနှင့် ချာခနဲ နောက်လှည့် ထွက်ခွာသွားတော့သည်။

❑

အခုတော့-

'အစ်မကြီးကို သူ့ဆိုင်မှာပဲ ဈေးဗန်းတစ်နေရာစာ လောက်ပေးဖို့ ပြုံးကို ကူပြောပေးပါဦးကွယ်'

အစ်မကြီး ဒေါ်သင်းသင်းမြိုင်ကလည်း မျက်ရည်တစမ်းစမ်းမို့ အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာရပြန်။

နေရည်လင်းကလည်း-

'အရင် ယူ ထား တဲ့ အကြွေးတွေ မကျေတော့ မမေ့ကိုနောက်ထပ် သစ်သီးရောင်း မပေးတော့ဘူးတဲ့။ သစ်သီးတန်း တစ်တန်းလုံးက ကြေညာလိုက်ပြီ'

သူ့မိခင်ကလည်း ခွင့်စာတစ်ရွက် စားပွဲပေါ်လာတင်ကာ-

'သူတို့အဖေလည်း တကယ်ကို အိမ်ပြန်မကပ်ချင်တော့ဘူး ဆရာမရေ‥။ သူ့ အပေါင်းအသင်းတွေနဲ့ ရန်ကုန်လိုက်ပြီး ဆောက်လုပ်ရေးမှာ လက်သမားလုပ်ရအောင် ပါသွားလေရဲ့။ သမီးက တစ်ဖက်တစ်လက် ကူဖော်လောင်ဖက်ရနေတော့ သူ့ကိုကျောင်းထုတ်လိုက်ရ ကောင်းမလားလို့။ အဲဒါ…'

အလန့်တကြား၊ ဆုံးဖြတ်မနိုင် ရှိနေစဉ်-

'ရှင် ဆုပေးပွဲအတွက် ငွေဘယ်လောက် သုံးမှာလဲ။ ကျွန်မလှူမယ်' တဲ့။ မမပြုံးက ခပ်ကျိတ်ကျိတ်ဆိုလာပြန်သော် နားထဲမှာ ခေါင်းလောင်းသံတွေ ဟိန်းညံနေတော့သည်။

❑

*"No man is island entire of itself;*
*Every man is a piece of the continent,*
*a part of the main;*
*If a cold be washed away by the sea,*
*Europe is the less,*
*As well as if a promontory were,*
*As well as any manner of*
*thy friends or of thine own were;*
*Any man's death diminishes me,*
*because*
*I am involved in mankind.*
*And therefore never send to know*
*for whom the bell tolls;*
*It tolls for thee."*

ထိုကဗျာ၏ အဓိပ္ပာယ်ကို ဆဋ္ဌမတန်းအရွယ် ကလေးငယ်တို့ ခံစားနားလည်နိုင်စေရန်လည်း ကိုယ်အတတ်နိုင်ဆုံး ကြိုးစားကာ ရှင်းလင်းသင်ပြခဲ့ပါသည်။ သူတို့၏ အသိနုနုလေးတွေမှာ စွဲမြဲနေစေရန်လည်း နံရံမှာရေးကပ်ထားကာ စာသင်ခန်းသို့အဝင်၊ သင်ခန်းစာတစ်ခု မစတင်မီ ရွတ်ဆိုစေခဲ့သည်မှာ နေ့စဉ်အလေ့တစ်ခု ဖြစ်နေခဲ့ပြီ။ သူတို့လေးတွေ ခုနေခါမှာ ကဗျာ၏အဓိပ္ပာယ်ကို နားမလည်နိုင်ကြသေးလည်းပဲ အားတော့ မလျှော့ပါ။ နောင်တစ်ချိန် လူကြီးတစ်ယောက်အဖြစ် လူ့လောကအလယ်မှာ တွင်ကျယ်ဝင်ဆံ့လာသည့်အခါ ထိုကဗျာကလေးကို မမေ့သေးဘူးဆိုလျှင် ကဗျာ၏ အနက်အဓိပ္ပာယ်ကိုလည်း သူတို့ ဆင်ခြင်ဆပွားတတ်လာကြလိမ့်မည်ဟု ကိုယ်ယုံကြည်ပါသည်။

သူတို့လေးတွေ လူ့လောကသို့ တိုးအဝင်မှာ တစ်ကိုယ်ကောင်းစိတ်ကင်းသော၊ လူသားအချင်းချင်း ထောက်ထားစာနာ ညှာတာတတ်သူ၊ စင်စစ် လူပီသသူလေးတွေ ဖြစ်လာကြစေဖို့ ပြင်းပြင်းပြပြ တောင့်တ,မျှော်လင့်ချင်ပါသည်။ ■

ဩတိုး

www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၇၃)မှ...*

တော်တွေကြောင့် ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေ ဆင်းရဲနေတာ။ လုံယူပွဲတော်ဆိုတာ ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေကို ဆင်းရဲတွင်း ပို့နေတဲ့ သွေးစုပ်ဖုတ်ကောင်ပဲ'

'ဟော့ကောင်၊ မင်း ဘာစကား ပြောတာလဲ။ ရိုးရာဓလေ့ပွဲတော်ဆိုတာ လူမျိုးတိုင်းမှာ ရှိတယ်ကွ။ ရိုးရာဓလေ့ဆိုတာ လူမျိုးရဲ့ ဂုဏ်အင်္ဂါရပ်ပဲ။ မင်း နားမလည်ဘူးလား။ ရိုးရာဓလေ့ မရှိရင် လူမျိုးဖြစ်တာလည်း အဓိပ္ပာယ်မရှိဘူးကွ'

'ရိုးရာဓလေ့ဆိုတာ လူမျိုးတိုင်းမှာ ရှိရမယ်။ သိပ်မှန်တာပေါ့။ ဒါပေမဲ့ အဖေတို့ လုပ်နေတာ ရိုးရာဓလေ့ပွဲတော် မဟုတ်ဘူး။ ဂုဏ်ပြိုင်ပွဲတော် လုပ်နေကြတာ။ အဖေတို့ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်တု ဂုဏ်ပြိုင်လုပ်ပြီး နွားနောက်တွေကို အလွန်အမင်း သတ်ဖြတ်ကြလို့ ဒီချင်းတောင်ပေါ်မှာ နွားနောက်တွေ ရှားသွားပြီ။ အဲဒါ ရိုးရာဓလေ့ပွဲတော်တွေကြောင့်ပဲ။ ဒီနွားနောက်တွေ မကြာခင် မျိုးတုံးပျောက်ကွယ်တော့မယ်။ အခုအချိန် ကစပြီး ကျွန်တော် အဲဒီလို အဖြစ်မခံနိုင်တော့ဘူး'

'အောင်မာ၊ မင်းကများ မိကျောင်းမင်း ရေခင်းပြနေသေးတယ်။ အဲလိုမျိုး အဖြစ်မခံနိုင်တော့ မင်းက ဘာလုပ်ချင်လို့လဲ။ ကြာတယ်ကွာ။ ဟော့ကောင်တွေ အချိန်မရှိတော့ဘူး။ ဂူထဲက နွားနောက်တွေ တစ်ကောင်မကျန် ဝင်ဆွဲကြကွာ'

ဦးနိုင်းတမ်က စိတ်မရှည်တော့ဘူး။ စိတ်ဆိုးမာန်ဆိုးနဲ့ တစ်လှမ်းချင်း ရှေ့တိုးလာတယ်။

'အဖေ ရှေ့တိုးမလာနဲ့နော်။ နွားနောက်တွေ ဆွဲဖို့လည်း လုံးဝ မကြိုးစားပါနဲ့။ ဒီအချိန်မှာ အဖေသော ဘာသော ကျွန်တော် နားမလည်ဘူး။ နွားနောက်တွေ ဆွဲရဲရင် ဆွဲကြည့်လိုက်လေ'

'သြော် မင်းက အဖေကိုတောင် သတ်ဖို့ ဝန်မလေးဘူး ဟုတ်လား။ အေး သတ်လိုက်စမ်းပါ၊ သတ်လိုက်စမ်းပါ။ သတ်ရဲရင် သတ်လိုက်စမ်းပါကွ'

ဦးနိုင်းတမ်ဟာ ဒေါသတကြီးနဲ့ တမ်လောရဲ့ တူမီးပြောင်းရှေ့ ရပ်ရင်း ရင်ကော့ပေးလိုက်တယ်။

'ပစ်လေ၊ ပစ်လေ။ မင်း ငါ့ကို သတ်ချင်တာ မဟုတ်လား၊ သတ်လိုက်လေ။ ဘာလုပ်နေတာလဲ။ ပစ်လေ၊ အေး မင်း ငါ့ကို မသတ်ရဲရင် မင်းကို ငါ သတ်မယ်'

ဦးနိုင်းတမ်ဟာ အော်ဟစ် ကြုံးဝါးရင်း တမ်လောလက်ထဲက တူမီးသေနတ်ကို ရုတ်တရက် ဆွဲလုတယ်။ တမ်လောက အလုမခံဘူး။

'ငါ့ လုံယူပွဲတော့ အပျက်မခံဘူးကွ၊ မင်းကိုပဲ သတ်မယ်'

ဦးနိုင်းတမ်က ဒေါသကို မထိန်းနိုင်တော့ဘူး။ တမ်လော သေနတ်ကို အတင်းလုတယ်။ သားအဖနှစ်ယောက် တူမီးသေနတ်ကို သူတစ်ပြန် ကိုယ်တစ်ပြန် လုရင်း လုံးထွေးနေကြတာကို ထန်လိမ်းတို့ ကာလသားအဖွဲ့က ကြောင်ကြည့်ရာကနေ သတိ ပြန်ဝင်လာကြပြီး ရန်ပွဲဖျင်ဖို့ ကြိုးစားကြတယ်။ အဲဒီအချိန်လေးမှာပဲ တူမီးသေနတ်ဟာ ဒိုင်းခနဲ ပေါက်ထွက်သွားပြီး ဦးနိုင်းတမ်တစ်ယောက် ပုံလျက်သား လဲကျသွားတယ်။ လည်မျိုမှာ သွေးအလိမ်းလိမ်းနဲ့ စကားမေးတောင် မရတော့ပါဘူး။ ရုတ်တရက် အားလုံး ကြောင်သွားကြတယ်။ တကယ်တော့ တူမီးသေနတ် မောင်းခလုတ်က နှစ်ယောက်ကြားမှာ ဆွဲရင်းလုရင်း မတော်တဆ ပေါက်ထွက်သွားခဲ့တာပါ။

'အဖေ အဖေ ဟာ... အဖေ အဖေ အဖေ...'

တုန်လှုပ်ချောက်ချားနေတဲ့ တမ်လောရဲ့ အော်ခေါ်သံတွေက တောင်ယံတွေအထိ ပဲ့တင်ထပ်လို့ နေပါတော့တယ်။

❑

ဖေဖေ ဦးနိုင်းတမ် ကွယ်လွန်ခဲ့တာဟာ ၅ နှစ်တောင် ကြာခဲ့ပါပြီ။ တမ်လောဟာ အိမ်ရှေ့ ကပြင်ပေါ်မှာ ရပ်ရင်း အသစ်ကျပ်ချွတ် စိုက်ထူထားတဲ့ ပေါင်း ခေါ် နတ်တိုင်တွေကို ငေးကြည့်နေတယ်။ နတ်တိုင်ထိပ်တွေမှာ ပန်ထားတဲ့ မလွှီးချူး ခေါ် စိမ်းဖန့်ဖန့် ထင်းရှူးညွှန့်တွေက မြောက်ပြန်လေအဝှေ့မှာ တနွဲ့နွဲ့နဲ့ ယိမ်းကနေကြတယ်။ နတ်တိုင်တွေက ၁၀ တိုင် တိတိပါ။ အဲဒီ နတ်တိုင် ၁၀ တိုင်မှာ လတ်လတ်ဆတ်ဆတ် အရေခွံတွေ ချွတ်ထားတဲ့ နွားနောက်ဦးခွံ ၁၀ ခေါင်းက အစီအရီ ချိတ်ဆွဲနေလို့ပေါ့။ နောက်ထပ် တစ်ပတ်ကြာတဲ့အခါ အိမ်ရှေ့က ထရံမှာ ပြောင်းရွှေ့ ချိတ်ဆွဲရမှာလေ။ ၅ နှစ်အရွယ်နဲ့ ၃ နှစ်အရွယ် ရှိပြီဖြစ်တဲ့ တမ်လောရဲ့ သားလေးနှစ်ယောက်ကတော့ အဲဒီ နတ်တိုင်တွေကြားမှာ စိန်တမ်းပြေးတမ်း ကစားနေကြတယ်။

'လုံယူပွဲကို သိပ်တန်ဖိုးထားပြီး ထင်ပေါ်ကျော်ကြားမှု ဂုဏ်ကို သိပ်မက်မောတဲ့ ဖေဖေ့အတွက် ရည်စူးပြီး နွားနောက် ၁၀ ကောင်နဲ့ လုံယူပွဲတော် ကျင်းပပေးလိုက်ပါတယ် အဖေ။ ရောက်ရာ ဘဝကနေ ဂုဏ်ယူလိုက်ပါ အဖေရယ်'

တမ်လောဟာ ရင်ထဲကနေ တိုးတိတ်စွာ ရေရွတ်လိုက်မိတယ်။ ပြီး သက်ပြင်းကိုလည်း ခပ်လေးလေး ချလိုက်ပြန်တယ်။ နတ်တိုင်ထိပ်တွေက မလွှီးချူး ခေါ် စိမ်းဖန့်ဖန့် ထင်းရှူးညွှန့်တွေက လေအဝှေ့မှာ တနွဲ့နွဲ့နဲ့ ယိမ်းထိုးနေကြတယ်။ နတ်တိုင်တွေကြားမှာ ပြေးလွှား ကစားနေကြတဲ့ ကလေးနှစ်ယောက်ကတော့ ရိုးရာဓလေ့ပွဲတော် လုံယူပွဲကို ထိန်းသိမ်းလိုတဲ့ ရှေးရိုးစွဲကြီး ဘိုးဘိုးနဲ့ လုံယူပွဲတော်ကို ဖျောက်ဖျက်လိုတဲ့ ခေတ်ပညာတတ် ဖေဖေတို့ရဲ့ အားပြိုင်ပွဲမှာ ဘယ်သူက နိုင်သလဲ၊ ဘယ်သူက ရှုံးသလဲ။ ဒါမှမဟုတ် သရေလားဆိုတာ မသိကြသေးပါဘူး။ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ သိလာကြမှာပါ။ အဲဒီအခါကျရင်...။

■

ကေ၊တောင်တန်းပြာ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




၁။
ကျုပ်
နည်းနည်းပေါက်
လာပြီဗျာ။
နေရာချင်းသာ
လဲပစ်လိုက်ချင်တယ်။
ရာသီဥတု
ပူပြင်းတာလည်း
ပြောပလောက်တဲ့ကိစ္စ
မဟုတ်ဘူး။
လုပ်ပုံကိုလည်းကြည့်ပါဦး။
လျှော့ရိလျှော့ရဲနဲ့။
အားကိုမရတာ။ ကျုပ်
အသက်ကြီးသွားလို့။
နောက်ဆို ကိုယ်တိုင်
ဝင်ပါလိုက်ချင်သေး။
မြင်ကွင်းက လှနေပေမဲ့
ကြည့်ရတာကို
အရသာမရှိဘူး။

အရှေ့ဘက်မှာ
တောင်တန်းရှိတယ်။
ကမူလေးပေါ်မှာ
လွတ်လပ်ရေးအမှတ်တရ
ကျောက်တိုင်ရှိတယ်။
အဲဒီဘေးမှာ ရောင်စုံ
အလံတွေဟာ လေနဲ့အတူ
တဖျပ်ဖျပ်လူးလွန့်နေတယ်။
ညနေစောင်း
နေရောင်အောက်မှာတော့
ဝတ်ကောင်းစားလှနဲ့
လူတွေဟာ ချွေးပြန်နေလို့။
အိုးစည်ဒိုးပတ်သံတွေလည်း
ညံနေရဲ့။
သည်လိုမြိုင်နေတဲ့အချိန်မှာ
မြက်ခင်းစိမ်းစိမ်းပေါ်က
လူဆယ့်တစ်ယောက်ဟာ
အားကြိုးမာန်တက်ကို
မရှိဘူး။ ဝတ်ထားတော့
ပျံနေလန်နေတာပဲ။
အင်္ကျီမှာ
ကမ္ဘာ့ချန်ပီယံဆုတံဆိပ်
စတစ်ကာတောင်
ကပ်လိုက်သေးတယ်။
ကစားကွက်ကတော့
အထက်တန်းကလေးတွေ
ကတောင် သာဦးမယ်။
တစ်ဖက်လူတွေရဲ့
လှည့်ဖြားမှုအောက်မှာ
ပျာယာခတ်နေကြတာ
သနားဖို့ကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

ဘုံသားများနဲ့ ကခုန်ခြင်း ပြဇာတ်ခွေထဲမှာ မင်းသား လွင်မိုး ဝိညာဉ်ပူးကပ်သွားတဲ့ အသင်းလိုပဲ။ ကန်နေလိုက်တာ တောင်ရောက်လိုက်၊ မြောက်ရောက်လိုက်နဲ့။ အဲဒီဆယ့်တစ်ယောက်ခြေထဲမှာ ခြေအိတ်လုလုရယ်၊ ဖိနပ်ရယ်ပဲ တွေ့ရတယ်။ ပြီးတော့ အစာပစ်ချလိုက်ရင် အလုအယက် လာစား၊ လာတွတ်တဲ့ ငါးတွေလိုပဲဗျာ။ ဘောလုံးနောက် တရုန်းရုန်းလိုက်နေကြတာပဲ။ လေ့ကျင့်မှု အချိန်ပဲ မရလို့လား၊ စုပေါင်းစပ်ပေါင်းနဲ့ မဖြစ်ဖြစ်အောင် အသင်းဖွဲ့ပေးလိုက်ရလို့လားတော့ မသိဘူး။ ကြည့်မကောင်းတာတော့ အမှန်ပဲ။ ကျုပ်တို့ရပ်ကွက်အသင်းပေါ့။

ကျုပ် ဘောလုံးပွဲ မကြည့်ဖြစ်တာ တော်တော်ကြာပြီ။ ရှင်းရှင်းပြောရရင် ရပ်ကွက် မပြောနဲ့၊ အရှေ့တောင်အာရှပွဲတောင် မကြည့်ဖြစ်တာ ဆယ်စုနှစ်မကတော့ဘူး။ မှတ်မှတ်ရရဆို တစ်ထောင်ကိုးရာ ကိုးဆယ့်ခုနစ်။ ကျုပ် ခရီးသွားမှတ်တမ်းထဲမှာ ရေးထားတယ်။ ဘောလုံးပွဲတစ်ပွဲကြည့်ဖို့ စိတ်အားထက်သန်လွန်းလို့ ဗွက်ကိုနင်းခဲ့ရတယ်၊ ချောင်းကိုဖြတ်ရတယ်။ ပုံမှန်လျှောက်လာရင် လေးနာရီလောက် ကြာမယ့်ခရီးကို နှစ်နာရီခွဲသာသာနဲ့ အပြေးနှင်ခဲ့ရတယ်။ လမ်းမှာ နားဖို့ထက် ဘောလုံးပွဲဆီပဲ စိတ်ရောက်နေခဲ့တာ။ ကြည့်မယ့်နေရာရောက်တော့ဗျာ… ရင်ဘတ်ကို ကန်ခံထိတာ ပက်လက်လန်ရော။ လိုင်း

> ကလေးတွေ
> ကြောင့်လား
> နည်းစနစ်
> ကြောင့်လား
> ပံ့ပိုး
> ကူညီမှုကြောင့်လား
> သုံးသပ်ကြတယ်
> ဘောလုံးကန်ဖို့
> နေရာ
> ရှားပါးလာခြင်းနဲ့လည်း
> သက်ဆိုင်မလားပဲ
> ကျောင်းတွေမှာလည်း
> အားကစားနေရာ
> ကျဉ်းကုန်ကြတာ
> ပါသလို
> စာတွေနဲ့
> နပန်းလုံးနေရတဲ့
> ကလေးတွေနဲ့လည်း
> ဆက်နွှယ်နေမယ်
> ထင်ပါရဲ့

မမိတာမိနဲ့ အဖြူအမည်း တီဗွီကြီးရဲ့ ဝဲဘက်အပေါ်ထောင့် စွန်းနေရာက ရလဒ်ဟာ မသဲကွဲပေမဲ့ ကျုပ်လိုလူတွေ အသံတိတ်နေကြတယ်လေ။ ဟုတ်နိုးနိုးနဲ့ ကြည့်နေပေမဲ့ ပွဲပြီးတဲ့အထိ အဖြေပြောင်းမသွားဘူး။ အဲဒီကတည်းက ကျုပ် ဝါသနာပါပေမဲ့ တခြားပွဲတွေကိုပဲ ကြည့်ဖြစ်တော့တယ်။ ဘယ်သူ ရှုံးရှုံး၊ နိုင်နိုင် ဘာမှ မခံစားရတော့ဘူးလေ။

❑

၂။

ခုတော့ အသက်ကလေးကရလာ၊ ကိုယ့်ရပ်ကွက်အသင်းကလည်း ဗိုလ်လုရတဲ့အဆင့်ထိ တစ်ခါမှ မရောက်ဖူးလို့ အိမ်လုံးကျွတ်လာအားပေးတာပေါ့ဗျာ။ ဘိုးတော်ယောင်ရဲ့ ယတြာပဲ စွမ်းတယ်ဆိုရမလား၊ အင်္ဂလန်ပရီးမီးယားလိဂ်ချန်ပီယံ လက်စတာစီးတီးလို ပရိတ်ရေကပဲ စွမ်းတယ်ဆိုရမလား။ ကျုပ်တို့ရပ်ကွက် အသင်းလေးဟာ မထင်မှတ်ဘဲ လိမ်ဖည်လိမ်ဖည်တီးလုံးနဲ့ ဗိုလ်လုပွဲတက်လာတယ်။ တစ်ဖက်အသင်းကလည်း သုံးနှစ်ဆက်တိုက် ဒိုင်းကြီးကို ဆွတ်ခူးဖို့ အားခဲနေတာ။ ပွဲကြီးပွဲကောင်းမဟုတ်ပေမဲ့ အားပေးသူက အပြည့်ပဲ။ လေးဖက်လေးတန် သံဆန်ခါတွေ ကာထားတဲ့ကွင်းလေး။ ပွဲကြည့်စင်ကတော့ တစ်ဖက်တည်းရှိတယ်။ တချို့ကထိုင်၊ တချို့ကရပ်ပေါ့။ သည်ကြားထဲမှာ ဈေးရောင်းသူတွေလည်း တိုးဝှေ့လို့။

မတွေးရဘဲ အဖြေက ထွက်နေပြီလေ။ ကျုပ်တို့အားပေးနေတဲ့ ရပ်ကွက်အသင်း ပထမပိုင်းမှာတင် လေးဂိုးအသွင်းခံထားရမှတော့ သွားပြီပေါ့။ ဒုတိယပိုင်းမှာ ဟိုဘက်က အချိန်ဆွဲတော့မယ်။ ဒဏ်ရာရချင်ယောင် ဆောင်မယ်၊ ဘောကိုကန်ထုတ်မယ်၊ ပလာတာရိုက်တော့မယ်ဆိုတာ အတွေ့အကြုံအရ သိနေပြီပဲ။ ကိုယ်က ပြန်သွင်းနိုင်ရင် များလှ သုံးဂိုးပေါ့ဗျာ။ ကျုပ်လည်း စိတ်ပျက်ပျက်နဲ့ မိန်းမ၊ ကလေးကိုထားခဲ့ပြီး ကွင်းပြင်ကို ထွက်လာခဲ့တာ။

'ကိုချက်ဖောင်း ပြန်တော့မလို့လား'

ကျုပ် လှည့်ကြည့်တော့ တစ်အိမ်ကျော်မှာ နေတဲ့ ကိုလှခင်ကို တွေ့ရတယ်။

'ပြန်တော့မယ်၊ ဒါပေမဲ့ လက်ဖက်ရည်ဆိုင် သွားထိုင်ဦးမလို့ ကိုလှခင်။ ကြည့်လည်း မထူးတာဗျာ။ ဒေါသဖြစ်တာပဲ အဖတ်တင်မယ်'

'ခင်ဗျားနဲ့ ကျွန်တော် အကြံတူနေပြီ၊ သွားကြတာပေါ့'

လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲအကြောင်း မချိတင်ကဲ ပြောဖြစ်တယ်။ ကလေးတွေကြောင့်လား၊ နည်းစနစ်ကြောင့်လား၊ ပံ့ပိုးကူညီမှုကြောင့်လား သုံးသပ်ကြတယ်။ ဘောလုံးကန်ဖို့ နေရာရှားပါးလာခြင်းနဲ့လည်း သက်ဆိုင်မလားပဲ။ ကျောင်းတွေမှာလည်း အားကစားနေရာ ကျဉ်းကုန်ကြတာပါသလို စာတွေနဲ့ နပန်းလုံးနေရတဲ့ ကလေးတွေနဲ့လည်း ဆက်နွှယ်နေမယ် ထင်ပါရဲ့။ ကျုပ် ဒီပွဲကိုကြည့်မိတာ မှားပြီလား မသိဘူး။ အလိုမကျခြင်းတွေနဲ့ အိမ်ကို ပြန်သယ်လာရတာ။ ဘယ်လိုပဲ ယှဉ်ယှဉ် ကိုယ်က အသားစီးရစေချင်တာတော့ အမှန်ပဲဗျာ။

❑

၃။

မှောင်စပျိုးနေပြီလေ။

ကျုပ်မိန်းမက ဘယ်ကို သဝေထိုးနေလဲ မသိဘူး။ ဘောလုံးပွဲကြည့်ကြမယ်ဆိုတာနဲ့ ထမင်းတောင် ချက်မသွားဘူး။ ခုဆို ပြန်ရောက်သင့်ပြီပေါ့။ ဗိုက်ဆာတာက တစ်ကြောင်း၊ စိတ်ထဲမှာ အမြင်မကြည်တာကတစ်ကြောင်းမို့ ဒေါသထွက်ချင်ချင်ပဲ။ သူ မစားရတာ သိပ်အရေးမကြီးဘူး။ ကလေးရှိ သေးတယ်လေ။ ကျ[illegible]သား



www.burmeseclassic.com

www.burmeseclassic.com

က တစ်နေ့ကို လေးခါလောက် စားတတ်တာ။ ကျုပ် ထမင်းအိုးတည်မယ်လုပ်တုန်း မခေါက်ထူ ပြန်ရောက်လာတယ်။ မျက်နှာဟာလည်း ပြုံးရွှင်စွာနဲ့။

'ရှင်က ပြန်သွားတာ ကိုး။ နောက်ပိုင်း ပွဲက တော်တော်ကောင်းတာ ကိုချက်ဖောင်း။ မုန့်ဟင်းခါးရောင်းတဲ့ ဒေါ်မြသား ငတိုးကို ရှင်သိတယ်မဟုတ်လား။ သူက တစ်ယောက်တည်း သုံးဂိုးတောင် ပြန်ရှူးတယ်။ ပြီးတော့ ဆိုက်ကားသမား ကိုတင်အေးရဲ့သားလည်း တစ်လုံးသွင်းတယ်။ ကျွန်မဖြင့် အားပေးလိုက်ရတာ အသံတောင်ဝင်လို့'

ရေတစ်ခွက်သောက်ပြီး မခေါက်ထူ ဆက်ပြောတယ်။

'အဲဒါနဲ့ သရေဖြစ်သွားရော။ အချိန်ပိုကန်ကြတာပဲ'

ကျွန်တော်နဲ့ ကိုလှခင် လက်ဖက်ရည်ဆိုင်က ပြန်လာချိန်မှာ လမ်းမှာ လူရှင်းနေတာ ဒါကြောင့်ကိုး။ ကျုပ်တို့ လေကန်နေချိန်၊ သူတို့က အားပေးနေဆဲပေါ့။ ကျုပ်တို့ ဝေဖန်သုံးသပ်နေတုန်းမှာ သူတို့က တစိုက်မတ်မတ်နဲ့ ရေကုန်ရေခန်း ယှဉ်ပြိုင်နေဆဲပေါ့။

မခေါက်ထူ ဆက်ပြောမယ့်စကားကို ရိုးသားစွာဝန်ခံရရင် ကျုပ် စိတ်ဝင်စားနေတယ်။

'အချိန်ပို ပထမပိုင်းရော၊ ဒုတိယပိုင်းရော ဘယ်သူမှ ဂိုးမသွင်းနိုင်ကြတော့ဘူး။ ပင်နယ်တီဆက်ကန်လို့လည်း မဖြစ်တော့ဘူးလေ၊ မှောင်ပြီလေ ကိုချက်ဖောင်းရဲ့'

မနက်ဖြန်မှာ
သူတို့အတွက်
လက်ခုပ်
တီးရမှာလား
အားပေးရမှာပါလား
အောင်လံတွေ
စိုက်တော့မှ
ငါလည်းပါတယ်နော်
ဆိုပြီး
ဂုဏ်ယူရမှာလား
ဒီတစ်ခါတော့
ကျုပ်ဟာ
သန့်ရှင်းတဲ့
အဝတ်ဝတ်ပြီး
မလုံခြုံတဲ့စိတ်နဲ့
မသွားချင်တော့ဘူး
ဗျာ

'ဟင်'

ကျုပ် မထင်ထားဘူးဗျာ။ ဒီရလဒ်ကိုပေါ့။

ကျုပ်တို့ ဘောလုံးကွင်းကလည်း အမှောင်မှာကန်နိုင်ဖို့ မီးမရှိဘူး။ ဒါဆို ဒီပွဲဟာ ပူးတွဲချန်ပီယံအဖြစ် အဆုံးသတ်သွားပြီလား။ အဲဒါဆို ဒိုင်းကို ဘယ်ရပ်ကွက်မှာ ခြောက်လ အရင်ထားမလဲ။ နောက်ပိုင်း ဘောလုံးစည်းကမ်းကလည်း ပူးတွဲမှ မရှိတော့တာ။ ဗိုလ်ဆိုတာ တစ်ခုပဲရှိရမယ် မဟုတ်လား။ ဘယ်လိုဆုံးဖြတ်လဲ မသိဘူး။

'မနက်ဖြန် မနက် ပင်နယ်တီ ကန်ကြမယ်တဲ့ ကိုချက်ဖောင်း'

ဘောလုံးပွဲကို နှစ်ရက်ဆက်ကန်နေတာ ကျုပ်တို့မြို့မှာပဲ ရှိမယ်ထင်တယ်။

'ကျွန်မတော့ သွားကြည့်ဖို့ ချိန်းထားပြီးပြီ' ❑

၄။

ကျုပ် တစ်ညလုံး အိပ်လို့မရဘူးဗျာ။ မခေါက်ထူကတော့ မနက်ဖြန်အတွက် အိပ်မက်တွေမက်နေလောက်ပြီ။ ကျုပ်ဘဝမှာ ပြန်မရနိုင်တော့တဲ့ အချိန်ရယ်၊ စိတ်အားတက်ကြွဖွယ် မြင်ကွင်းရယ်က လျစ်လျူရှုခဲ့တဲ့ လေးဆယ့်ငါးမိနစ်တာကာလအတွင်းမှာပင် ပြောင်းလဲခြင်းတရားတွေနဲ့ ကျုပ်ကို ပြန်နှိပ်စက်နေပြီ။ ဘောလုံးမှာ ဘာမဆိုဖြစ်သွားနိုင်တဲ့ စကားဟာ ကျုပ်ကို သင်ခန်းစာကောင်းကောင်းပေးနေပြီလေ။ အပြင်က ကြည့်တဲ့သူက ပိုမြင်နေခဲ့ရင် ရပ်ကွက်သင်းအတွက် ကျုပ်တို့ တစ်ခုခု မလုပ်ပေးသင့်ဘူးလား။ ဥပမာအနေနဲ့ဆို ဟာနေတဲ့ နောက်တန်း၊ ခါးဆက်ပြတ်နေတဲ့ ကွင်းလယ်အတွက် အကြံတစ်ခုပေါ့။

ကိုယ့်တုန်းကလို ဘယ်ကဲ့သို့ ညာကဲ့သို့ ဆိုတဲ့ တိုင်းတာမှုရောနဲ့ အပြစ်မြင်နေမယ့်အစား ဒါကိုတော့၊ ဟိုဟာကိုတော့ သတိထားဆိုပြီး စကားလေး ပါးသင့်တာပဲ။ အပြီးသတ် ပန်းမဝင်ခင်မှာ လူတစ်ယောက်ကို အဆုံးစွန်ထိ မှတ်ချက်ပြုလိုက်တာကတော့ မကောင်းဘူးလေ။ ကျုပ်နောင်တဟာ နောင်တနားမှာပဲ အခါခါရစ်ဝဲရင်း ကိုယ့်စိတ်နဲ့ မကိုက်ညီတိုင်းသာ ရင်မှာ ဆူနေရင် အမြဲ ပါမှ [illegible] နေဟာ ကျုပ်ရဲ့ မိတ်ဆွေဖြစ်တော့မယ်လေ။

မင်းတို့ကြိုးစားလည်း အလကားပါကွာလို့ ကျုပ်တို့ ထင်မြင်ချက်ပေးနေတဲ့အချိန်ကို ရှက်မိတယ်။ ကျုပ်တို့ အကြောင်းကိုသိလို့ ရပ်ကွက်ထဲက တစ်ယောက်ယောက်လာပြီး 'တွေ့လား၊ ကြိုးစားခြင်းရဲ့ အသီးအပွင့်လေ၊ စားပါဦးလား' ဆိုရင် ကျုပ် ခေါင်းငုံ့ခံပေါ့ဗျာ။ ပရိသတ်တစ်ယောက်အနေနဲ့တော့ ကျုပ် အပြီးတိုင် မကြည့်ခဲ့ရတာကို တခြားသူတွေက သတိမထားဖြစ်ဘူးဆိုပဲထားပါ။ ဒုတိယပိုင်း ဆက်ပြီး အားမပေးခဲ့တဲ့ ကျုပ်က ကိုယ့်လိပ်ပြာနဲ့ကိုယ် သွေးလန့်နေရဲ့။

သူတို့အတွက် ကျုပ် လက်ဖဝါးနှစ်ဖက်စလုံး အသုံးမဝင်ခဲ့သလို ကိုယ်စိတ်နှလုံး သုံးပါးစလုံး အပြစ်ကျူးလွန်ခဲ့တယ်။ မနက်ဖြန်မှာ သူတို့အတွက် လက်ခုပ်တီးရမှာလား၊ အားပေးရမှာပါလား။ အောင်လံတွေစိုက်တော့မှ ငါလည်းပါတယ်နော် ဆိုပြီး ဂုဏ်ယူရမှာလား။ ဒီတစ်ခါတော့ ကျုပ်ဟာ သန့်ရှင်းတဲ့ အဝတ်ဝတ်ပြီး မလုံခြုံတဲ့စိတ်နဲ့ မသွားချင်တော့ဘူးဗျာ။ ကျုပ် လူသာကြီးသွားပေမဲ့ လူကြီးမဆန်လိုက်တဲ့အဖြစ်ဟာ တစ်သက်လုံးအတွက် နာကျင်နေမှာပဲ။

'ကိုချက်ဖောင်း… ထတော့၊ ဟိုမှာ ကိုလှခင်က [illegible]လုံးပွဲသွားကြည့်မလို့တဲ့ လာခေါ်နေပြီ။ ကျွန်မတော့ သွားတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ဟာ၊ ငါ မကြည့်ချင်လို့'

'ညကပဲ အကောင်းကြီး'

ကျုပ် ဘယ်လိုမျက်နှာနဲ့ သွားရမလဲ။ အံ့သြတာက ကိုလှခင်ကို။ မနေ့ညနေကပဲ အတိုင်အဖောက်ညီညီ အပြစ်တွေချည်း ပြောဆိုခဲ့တာ။ သူ့မျက်နှာမှာ မျက်မှန်တပ်ထားလား၊ ဦးထုပ်ဆောင်းထားလားမသိဘူး။ သွားကြည့်ရဲတဲ့စိတ်ကလည်း နည်းတဲ့အရည်အချင်းမှ မဟုတ်တာပဲ။ ကျုပ်တော့ အိမ်ထဲကနေပဲ ဆုတောင်းပေးနေတော့မယ်ဗျာ။ နိုင်ပါစေလို့။

❑

၅။

'ဒိုင်း… ဒိုင်း… ဘယ်သူ့ဒိုင်း၊ (က)ရပ်ကွက်က ဒိုင်း… (က)ရပ်ကွက်က နိုင်ဖို့ရာ…'

အဝေးမှ အသံကို ကြားလိုက်ရတယ်။ ကျုပ် အိမ်ရှေ့ကနေ ခိုးကြောင်ခိုးဝှက်ကြည့်ရင်း ရင်ခုန်လို့။ အသံတွေနီးလာပြီ။ ကျုပ်တို့ ရပ်ကွက် ဗိုလ်စွဲပြီပေါ့။ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ မျက်ရည်တောင်လည်တယ်။ တစ်ဖက်မှာတော့လည်း ဝမ်းနည်းခြင်းတွေ ပါလာတယ်။ ကုန်တင်ကားခေါင်မိုးမှာ ဘောလုံးသမားတွေ အပြည့်ပဲ။ ပြုံးပျော်နေတဲ့ မျက်နှာတွေကိုလည်း လှမ်းမြင်နေရတယ်။

'ဒိုင်း… ဒိုင်း ဘယ်သူ့ဒိုင်း…'

အသံဟာ ဟိန်းထွက်နေရုံမက ကျုပ်ရင်ကိုပါ ပဲ့တင်ရိုက်လို့။

ကျုပ် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မျက်လုံးပြာဝေသွားတယ်။ အံ့သြလို့ မဆုံးသလို ယုံလည်း မယုံချင်ဘူး။ လက်ဖက်ရည်ဆိုင်မှာ ကျုပ်နဲ့ ရပ်ကွက်အသင်း မကောင်းကြောင်းပြောခဲ့တဲ့သူ၊ မနက်က လာခေါ်တဲ့သူ။ ကျုပ်ကတော့ နောင်တတွေရပြီး စိတ်မကောင်းဖြစ်နေတာ။ လူချင်းတူပေမဲ့ အသက်ရှုကြွပုံကို ခုမှ လက်တွေ့မြင်ရတယ်။ သူ့မျက်နှာ ပြောင်းလွယ်ပြင်လွယ်မှန်း အိမ်နီးချင်းပေမဲ့ မသိခဲ့ရဘူး။ ကျုပ် လူကဲခတ်ညံ့ပါ့။

'ဒိုင်း… ဒိုင်း ဘယ်သူ့ဒိုင်း…'ဆိုပြီး အော်ကြီးဟစ်ကျယ်နဲ့ 'ဒိုင်း'ကို မြှောက်ပြီး ဝင့်ကြွားနေသူက 'ကိုလှခင်' ဖြစ်နေတော့ ကျုပ် ဘာပြောရမှန်း မသိတော့ပါဘူး။ အဲဒီကား နံဘေးမှာ မခေါက်ထူနဲ့ ကလေးက ကပ်ပါလာပြီး ကိုလှခင်ကို မော့ကြည့်နေရဲ့။ ကိုလှခင်ကတော့ ကျုပ်ကို မြင်ရှာမှာ မဟုတ်ဘူး။ ကျုပ်ကိုမြင်တော့ရော သူ ဘာဖြစ်မှာတဲ့လဲ။

'ဒိုင်း… ဒိုင်း ဘယ်သူ့ဒိုင်း၊ ကိုလှခင်ရဲ့ဒိုင်း'လို့ပဲ ကျုပ်နားထဲ ကြားယောင်နေရင်း ဘောလုံးပွဲဟာ လူနှစ်ဆယ့်နှစ်ယောက်နဲ့ ဒိုင်သုံးဦးပဲ ပါဝင်တာ မဟုတ်သလို ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်တဲ့ ပွဲပါပဲ။ လိုအပ်ရင် အကွက်ရွှေ့နိုင်အောင်လည်း ကြိုးစားရတယ်လေ။ တစ်ခါတစ်ရံမှာ ကိုယ် ကစားခဲ့တဲ့ အသင်းကနေ အခြားအသင်းကို ပြောင်းရွှေ့ထွက်ခွာပြီးမှ ကိုယ့်အသင်းဟောင်းနဲ့ ပြန်ကြုံဆုံပြီး ထိုးစစ်ဆင် အနိုင်လုကန်ရတဲ့ ခြေထောက်ဟာ ဘယ်လိုခြေမျိုးပါလဲလို့ တွေးရင်း'ကိုလှခင်ရဲ့ ဒိုင်း…ဒိုင်း' ဟုသာ အော်လိုက်ချင်ပါရဲ့။

■

**ပိုင်ဒွေး၊သချာ၊**

ပုံနှိပ်တိုက်

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိတာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Pamphlet
- Name Card
- Table Calendar
- Box
- Voucher
- File Holder
- Booklet
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ် ၁၃၃၊ မြေညီထပ်၊ လမ်း၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၃၈၉၆၂၀




www.burmeseclassic.com

www.burmeseclassic.com

WENDY LAW-YONE

# The Road to Wanting



www.burmeseclassic.com

www.burmeseclassic.com


# ဝမ်တိန်အသွားလမ်းမှသည်

ဉာဏ်သစ်

စာရေးဆရာမ ဝင်ဒီလောရဲ့ The Road to Wanting ဝတ္ထုကို ဝင့်ပြုံးမြင့် ဘာသာပြန်ထားတဲ့ **ဝမ်တိန်အသွားလမ်း** ဝတ္ထုကို တစ်နေ့က ဖတ်ဖြစ်ခဲ့ပါတယ်။ မူရင်းအင်္ဂလိပ်ဝတ္ထုကိုရော ဝင်ဒီလောရဲ့ အခြားစာအုပ်ကိုတွေကိုရော မဖတ်ဖူးသေးပါဘူး။ ဒီလိုပါပဲ ဝင့်ပြုံးမြင့်ရဲ့ အခြားစာအုပ်တွေကိုလည်း မဖတ်ဖူးသေးပါဘူး။ ဒါကြောင့် ဂရုတစိုက်ဖတ်ခဲ့မိပါတယ်။ ပထမ စာမျက်နှာမှာကိုပဲ ဘာသာပြန်သူရဲ့အရေးအသားဟာ ထောင့်နေတယ်လို့ သဘောရမိလာပါတယ်။ စာထောင့်တာထက် အချိတ်အဆက် မမိတာတွေကို တွေ့လာရပါတယ်။

ဘာလို့ ဒီလို ဖြစ်ရလဲလို့ ကြည့်လိုက်တော့ ဘာသာပြန်တာတွေ မှားနေလို့၊ မူရင်းစာရေးဆရာ ပြောထားတာက တခြား၊ ဘာသာပြန်သူ ရေးထားတာက တခြားဖြစ်နေလို့ ဆိုတာကို တွေ့လာပါတယ်။ ဒါနဲ့ သိသာတဲ့ ဘာသာပြန် အမှားကို တွေ့တိုင်း အဲဒီစာမျက်နှာရဲ့ ညာဘက်ထိပ်ကို ခေါက်ခေါက်လာလိုက်တာ တစ်အုပ်လုံးလည်း ဖတ်ပြီးရော ခေါက်ထားတဲ့ထောင့်က ပွတတ ဖြစ်လာလိုက်တာ နဂိုစာအုပ် အထူရဲ့ နှစ်ဆလောက် ဖြစ်လာပါတယ်။ ဒီတော့ မူရင်းအင်္ဂလိပ်ဝတ္ထုကို ရှာဝယ်ပြီး မှတ်ထားတဲ့ အမှားတွေကို အင်္ဂလိပ်စာနဲ့ ပြန်တိုက်ကြည့်ပါတယ်။ အဲဒီမှာ နောက်ထပ်အမှားတွေကိုတောင်မှ ထပ်တွေ့လာပါတော့တယ်။ စာမျက်နှာ ၅ ကနေ စာမျက်နှာ ၃၄၃ ထိ စုစုပေါင်း ၃၃၉ မျက်နှာရှိတဲ့ ဒီစာအုပ်မှာ ဘာသာပြန် အမှား အချက် ၂၀၀ လောက်ကို တွေ့ရပါတော့တယ်။ (ဒီလိုဆိုလို့ စာမျက်နှာ ၁ ကနေ ၄ အထိမှာတော့ အမှားမပါဘူးလို့ဆိုလိုတာမဟုတ်ပါဘူး။ ဝတ္ထုရဲ့စာကိုယ်က စာမျက်နှာ ၅ ကမှ စ,တာပါ)

မှားတယ်ဆိုတာကို ဘယ်လို ပေတံနဲ့တိုင်းတာသလဲဆိုတာကို ပထမ ပြောပါ့မယ်။ ဘာသာပြန်တဲ့အခါမှာ– မူရင်းစာရေးသူ ရေးထားတဲ့ မည်သည့်နေရာ၊ မည်သည့်သူ၊ မည်သည့်အချိန်၊ မည်သည့်အရာဆိုတဲ့ 'မည်သည်' တွေကိုတော့ မလွဲမမှားသင့်ဘူး။ 'မည်သို့မည်ပုံ' ဆိုတာ တစ်ခုကတော့ ရေးတဲ့သူနဲ့ ဘာသာပြန်တဲ့သူတို့ တစ်ယောက်နဲ့ တစ်ယောက် အမြင်ချင်းမတူလို့ တိမ်းနိုင် ယိမ်းနိုင်ကောင်းတယ်။ ဒါပေမဲ့ မူရင်းစာရေးသူ ဆိုလိုတဲ့အတိုင်း ဖြစ်အောင် ပြန်ဆိုနိုင်ဖို့အားထုတ်ရမယ်လို့ ကျွန်တော် ခံယူပါတယ်။ (အင်္ဂလိပ်လို ဆိုရင်တော့ What, When, Where, Who ဆိုတဲ့ W တွေကိုတော့ မမှားသင့်ဘူး၊ How ဆိုတဲ့ H တစ်လုံးတည်းကိုပဲ နည်းနည်းတော့ တိမ်းနိုင် ယိမ်းနိုင်တယ်ပေါ့ဗျာ)။ ကျွန်တော်ကတော့ ဒီပေတံနဲ့ တိုင်းပါ




www.burmeseclassic.com

www.burmeseclassic.com

တယ်။

နောက်တစ်ခုကတော့ ဘာသာပြန်သင်ပုန်းကြီးအဖြစ် ကျွန်တော် လက်ခံထားတဲ့ စာပေဗိမာန်ထုတ် ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲ စာအုပ်မှာပါတဲ့ Malcom Burr ရေးသားထားတဲ့ Translation is inter-traffic of the Mind ဆောင်းပါးမှာပါတဲ့ ဘာသာပြန်သူတွေလိုက်နာရမယ့် စည်းမျဉ်းသုံးချက်ပါ။ ပထမအချက်က ဘာသာပြန်သူဟာ ကိုယ်ပြန်မယ့်စာရဲ့ မူရင်းဘာသာစကားကို နှံ့နှံ့စပ်စပ် သိရပါမယ်တဲ့။ ဒုတိယအချက်ကတော့ ပိုလို့တောင်အရေးကြီးပါတယ်တဲ့၊ အဲဒါကတော့ ပြန်ဆိုရာမှာ သုံးတဲ့ ဘာသာစကားကို အထူးအလွန် တတ်ပွန်ကျွမ်းကျင် ရပါမယ်တဲ့။ နောက်ဆုံးအချက်ကတော့ ဘာသာပြန်နေတဲ့ အကြောင်းအရာ (Subject in Question)ကို အတန်အသင့် သိရှိထားရပါမယ်တဲ့။ ကျွန်တော်ကတော့ ဘာသာပြန်သူဟာ ဒီစည်းကမ်းသုံးချက်ကို ဘယ်လောက်လိုက်နာသလဲ ဆိုတာကိုလည်း ဆန်းစစ်ပါတယ်။

ဒီတော့ ပြောခဲ့တဲ့ ပေတံနဲ့တိုင်းလို့ တွေ့ရတာတွေထဲက တချို့ကို ဖော်ပြပါရစေ။

- ဝတ္ထုစစချင်းမှာ - Ready at last. I am not afraid. My hands are steady. My breath is even...လို့ ဘာကိုကိုင်ထားတယ်လို့ စကားစပ်လည်း မရှိဘဲနဲ့ ရေးထားတာကို...*လက်မြဲမြဲကိုင်ထားသည်* - တဲ့(စာ ၅)။ တကယ်ကတော့ လက်တွေ ငြိမ်နေတယ်၊ တုန်မနေဘူး- လို့ စာရေးသူက ပြောထားတာပါ။
- ဒါနဲ့ ဆက်ဖတ်လာတာ စာမျက်နှာ ၂၃ လည်းရောက်ရော...and here I am in still...in Wanting on Boxing Day. ကို *ယခု ကျွန်မ ဝမ်တိန်ရောက်နေပြီ။ ယနေ့သည် လက်ဆွဲပွဲနေ့*-လို့ ပြန်ထားတာကို တွေ့ရပါလေရော။ ကျွန်တော်လည်း အဲဒီမှာကစပြီး စာမျက်နှာတွေကို စခေါက်ခဲ့တာပါပဲ။ ရှေ့နားမှာလည်း...a season ကို ဥတုရာသီတစ်ခုကို-လို့ ရေးထားပါသေးတယ်။ ဒီဇင်ဘာလ ၂၆ ရက်နေ့ကို Boxing Dayလို့ ခေါ်တယ်၊ ဘာလို့ခေါ်တယ်ဆိုတာကို ဘာသာပြန်သူက သိပုံမရပါဘူး။
- စာမျက်နှာ ၂၉ မှာ မစ္စတာ ဂျန်နဲ့ နဂါးတို့ စတွေ့တဲ့အခန်းမှာ Grey Haired-ကို *ဆံပင်ညိုညို* - လို့ ဆိုထားပြီး နောက်အခန်း ၁၂ စာမျက်နှာ ၁၀၁ မှာကျတော့ မစ္စတာ ဂျန်ကိုပဲ with his grey hair - ကို *ဆံပင်ဖြူဖြူ* - လို့ ရေးထားပြန်ပါလေရော။
- ဒီလိုပဲ bamboo bedside table - ဟာ (စာ ၇) မှာတော့ *ခုတင်ဘေးက ကြိမ်ခုံလေး* - ဖြစ်ခဲ့ပြီး (စာ ၆၁) မှာကျတော့ *ဝါးစင်* - ဖြစ်သွားပြန်ပါရော။
- ယောကျ်ားတွေ ရှပ်အင်္ကျီလက်ဖျားမှာတပ်ပြီး အလှဝတ်ကြတဲ့ လက်ကြယ်သီးကို cufflink - လို့ ခေါ်တာကို မသိတော့ jade cufflink -ဟာ *ကျောက်စိမ်းရောင်လက်ခေါက်* (စာ ၄၂)၊ gold cufflink ဟာ *ရွှေရောင်အင်္ကျီလက်ခေါက်* (စာ-၁၄၂)ဖြစ်သွားရရှာတယ်။
- စာ ၃၉ မှာပါတဲ့-... *ခူကြီးဆိုသည်မှာ တမိုင်ခန့်မျှ ရှည်လျားသောတရုတ် ဘိန်းသယ်ယာဉ်တန်းကို ဆိုလို သည်။ လားဖြင့်ဆွဲသော ထိုလှည်းတန်းကြီးကို*...လို့ ဘာသာပြန်ထားတာရဲ့ မူရင်းအရေးအသားက - The caterpillar was a Chinese opium caravan, a mile-long mule-train led by... ဖြစ်ပါတယ်။ တကယ်တော့ တရုတ်တွေက တစ်မိုင်လောက်ရှည်တဲ့ လားတန်းကြီးနဲ့ ဘိန်းသယ်လာတာပါ။ ဒီလိုပဲ a long caravan of ponies ကို *မြည်းဆွဲသော လှည်းတန်းရှည်* - လို့ ပြန်ထားတာကို စာ ၁၁၃ မှာ၊ Horse carts, bullock carts, and pony trains follw...- ကို *မြင်းလှည်း နွားလှည်းနှင့် မြင်းပုလှည်းများ* ... - လို့ ပြန်ထားတာကို စာ ၃၃၉ မှာ တွေ့ရပါသေးတယ်။
- ဒီနေ့ထိတော့ ရှမ်းပြည်တောင်ပိုင်းမှာ မီးရထားလမ်းဟာ တောင်ကြီးရဲ့ ဟိုဘက်ကို သိပ်ဝေးဝေး မရောက်သေးဘူးလို့ ထင်ပါတယ်။ သေတော့ မသေချာဘူး။ ဒါပေမဲ့ ဘာသာပြန်သူကတော့ အတိအကျ ပြောထားပါတယ် - *လွိုင်လင်တွင် လူသီများသော တောင်ပေါ်မီးရထား ဘူတာရုံလေးရှိသည်* - တဲ့ (စာ ၁၃၃)။ Loi Lun the nearest big town had been a hill station and...- ကို ပြန်ထားတာပေါ့။ ကျွန်တော်တို့ကတော့ hill station ဆို တောင်ပေါ်စခန်းမြို့ - လို့ပဲ သိထားပါတယ်။
- အစားအသောက်နဲ့ ပတ်သက်လို့လည်း- tea egg ကို *ဘဲဥလက်ဖက်*၊ turnip cakeကို *မုန့်နှီ*၊ iced cake ကို *ရေခဲစိမ်မုန့်* (စာ ၁၇၉ မှာတော့ *ရေခဲကိတ်* )၊ omelette ကို *ဘဲဥ မကျက်တကျက်ကြော်* (စာ ၉၉)။ radish ကို *မုန်လာဥနီ*၊ cresent roll ကို *လခြမ်းလိပ်* (စာ ၁၀၀)၊ pea shoot ကို *ပဲရွက်* (စာ ၁၀၅)၊ spinach ကို *ဟင်းနုနယ်* (စိမ်းမြမြ ဟင်းနုနယ်ကွင်း (ခင်းမှုတ်) a field of spinach (စာ ၃၁၃)) တဲ့။
- အထွေထွေ ဆိုရင် လည်း- dressing room screen ကို *အဝတ်*



www.burmeseclassic.com

www.burmeseclassic.com

***လဲခန်း ခြင်စကာ*** -တဲ့။ တကယ်ကတော့ အဝတ်လဲဖို့ အခန်းထောင့်တစ်ထောင့်မှာ ကန့်ထားတတ်တဲ့လိုက်ကာကို ပြောတာပါ (စာ ၆)၊ ledge ကို ***ပြတင်းမင်းတုပ်*** (စာ ၆)၊ gas station ကို ***ဂက်စ်ဆိုင်*** (ဓာတ်ဆီဆိုင်ဖြစ်ရမှာကို) (စာ ၄၃)၊ rafter ကို ***ခေါင်လျှောက်*** (စာ ၄၉)၊ flies ကို ***ပလူကောင်တွေ*** (နောက်တော့ ယင်ကောင်လို့ အမှန်အတိုင်း ပြန်ရေးပါတယ်) (စာ ၇၀)၊ worm ကို ***လောက်လန်း*** (စာ ၈၀)၊ shore ကို ***ကန်ခြေ*** (စာ ၁၁၀)၊ moped ကို ***စက်တပ်ခြေနင်းဘီး*** (စာ ၂၂၁)၊ incense holder ***အမွှေးနံ့သာခွက်***(အမွှေးတိုင်ခွက် မဟုတ်ဘူးလား ) (စာ ၂၇၅)၊ spirit house ကို ***ဘုရားကျောင်းဆောင်*** (စာ ၂၇၄)၊ gardenia ကို ***ဂန္ဓမာယှမ်***(စာ ၂၇၅)၊ cheked sarong ကို ***မလေးလုံချည်***၊ တကယ်ကတော့ ယိုးဒယားတွေ ဝတ်လေ့ရှိတဲ့ အကွက်တုံးဆင်နဲ့ ရေလဲပိုင်း နံ့ယပ်ပိုင်းကို ပြောတာပါ( စာ ၂၂၈)၊ chain around his neck ***လည်ပင်းချိန်းကြိုး*** (ဆွဲကြိုးလို့ ဘာလို့ မရေးလဲမသိ) (စာ ၁၅၂)၊ side arm ကို ***အပိုဆောင်လက်နက်***၊ တကယ်တော့ ခြောက်လုံးပြူးတို့ ပစ္စတိုလ်တို့လို ခါးမှာချိတ်တဲ့ လက်နက်ပါ၊ ခြောက်ပါ (စာ ၁၆၉)။ rock crystals ကို ***ကျောက်ပုံဆောင်ခဲ*** -တဲ့၊ တကယ်တော့ သလင်းကျောက်ပါ(စာ ၂၅)။ shoe tree ကို ***ဖိနပ်စင်*** (စာ ၂၂၈)လို့ ပြန်တာကိုတော့ အပြစ်မပြောချင်ပါဘူး၊ ဒီပစ္စည်းက မြန်မာပြည်မှာ မသုံးသလောက်ပဲ ဖြစ်လို့ပါ၊ မစီးတဲ့အချိန်မှာ ရှူးဖိနပ်ကို ပုံပြန်သွင်းဖို့အတွက် ဖိနပ်ထဲ ထည့်စွပ်ထားရတဲ့ ဖိနပ်ပုံကိုပြောတာပါ။ wall hanging ကို ***တွဲလွဲဆွဲပစ္စည်း*** (စာ ၂၃၉)၊ we played checker ကို ***ချက်ကာကစားသည်*** (ကျားကစားတယ်လို့များ မကြားဖူးဘူးထင်ရဲ့)(စာ ၂၀၆)။

- လူတွေနဲ့ပတ်သက်လို့- roman consul ကို ***ရောမက ကောင်စစ်ဝန်*** (စာ ၁၈၂)၊ a few friends in key positions ကို ***သော့ချက်မိတ်ဆွေ*** (စာ ၂၂၇)၊ IDP the internally displaced ကိုတော့ - ***အိုင်ဒီပီတွေလား၊ ဆက်စပ်မှုမရှိဘဲ ပြေးတဲ့သူတွေလေ***-တဲ့ (စာ ၁၆၃)၊ the cell leader ကိုတော့ ***လုံထိန်းအမျိုးသမီး*** (စာ ၂၀၀)၊ I don't to treat him like my client-ကို ***ကျွန်မ၏အမှုသည်လို မဆက်ဆံချင်...*** လို့ ပြန်ထားတယ်။ client ကို အမှုသည်လို့ ပြန်တာ မှန်သားပဲလို့ အပြောမစောပါနဲ့ဦး၊ ပြောတဲ့သူက ရှေ့နေမဟုတ်ဘူး၊ ပြည့်တန်ဆာ ဟောင်းနော်၊ (စာ ၂၃၅)။

အပေါ်မှာ ပြောခဲ့တာတွေက လုံးကောက်တွေပါ။ အခုပြောမှာတွေကတော့ ဝါကျတွေ ပုဒ်စုတွေပါ။

- But Mole charmed into his British-educated Thai landlady into adding impractical glass extension, and even into furnishing it stylishly. ကို ***သို့ရာတွင် မိုးလ်၏အိမ်ပိုင်ရှင်သည် အင်္ဂလိပ်ပညာရေး သင်ကြားထားသူ ထိုင်းအမျိုးသမီး။ မိုးလ်သည် အိမ်ငှားချထားသူ အမျိုးသမီး ရှင်လန်း အားရစေရန် ယခုလို လက်တွေမဆန်သော မှန်လုံခန်းတိုးချဲ့ရုံမက ပရိဘောဂပါ စတိုင်ကျကျဆင်ပေးထားသည်။*** - တဲ့။ ဘယ်သူက မှန်လုံခန်းကို တိုးချဲ့ပေးရတာလဲ။ မိုးလ်လား၊ သူ့အိမ်ရှင် ထိုင်းမ လား (စာ ၁၂)။

- 'He's known as Prince of Yunnan.' Will was chuckling now, diverted by a fond recollection.ကို- ***'သူက ယူနန်ရဲ့မင်းသားလို့ နာမည်ကြီးတယ်' ပြောလက်စနှင့် ဝီလ်က တအစ်အစ်ရယ်သည်။ မှတ်မိသိရှိခြင်းအပေါ် အရသာတွေ့ကာ အာရုံလေး ပြောင်းနေသည်***- တဲ့ (စာ ၁၄)။ ပထမဝါကျမှာ prince ဆိုတာ မင်းသားပဲလို့ ပြောရင် ရပါတယ်၊ ဒါပေမဲ့ ရှမ်းစော်ဘွားတို့ ကုလားမဟာရာဂျာတို့ကို အင်္ဂလိပ်လို prince လို့ပဲ ရေးကြတာကိုတော့ သတိချပ်သင့်ပါတယ်။ ပြီးတော့ နာမည်ကြီးတယ် ဆိုတဲ့ စကားရဲ့ အနက်ရိပ်ကိုလည်း ထည့်စဉ်းစားရပါမယ်။ ဒုတိယဝါကျကိုတော့ အင်္ဂလိပ်လို ရေးထားတာကို ဖတ်ရမှပဲ နားလည်သွားပါတယ်။

- I did throw myself against the door- but only after he'd shut it behind him and driven away in his Toyota Camry, the opaque windows sliding up immediately - ကို ***တံခါးကို ကျွန်မခန္ဓာကိုယ်နှင့် ပစ်မတိုက်။ ဝီလ်သည် အိမ်မှအထွက် တံခါးပိတ်ပေးသွားပြီး တိုယိုတာကင်မရီ ကားလေးမောင်းထွက်သွားစဉ် ကားမှန်အနောက် လျှောကနဲ ပင့်တင်သွားသည်။*** သူ တံခါးကို ပစ်တိုက်ခဲ့သလား၊ မတိုက်ခဲ့ဘူးလား (စာ ၁၆)။

- 'In general,' I read out aloud, 'the wild Lu are far too busy taking it easy to waste much time in farm work' - ကို ***ကျွန်မ ကျယ်ကျယ်ဖတ်သည်။ 'ယေဘုယျအားဖြင့် လူလူမျိုးများသည် ယာတောအလုပ်တွင် အချိန်ဖြုန်း***



www.burmeseclassic.com

www.burmeseclassic.com

*ဈွာ ဖြုန်းတီးပစ်လိုက်ရန် အလုပ်ရှုပ်နေကြသည်။ ပင်ပန်းမခံကြ*' (စာ ၃၄)။

- In my school in Rangoon I once failed a geography test for spoiling an otherwise passable map of Burma. All along the jagged edges that bordered China, I had drawn a line-up little block figures that resembled chess pawns.- ကို *ရန်ကုန်တွင် ကျွန်မ ကျောင်းတက်ခဲ့စဉ်က ပထဝီဝင်ဘာသာရပ်တွင် မြန်မာပြည်မြေပုံကို ဖျက်ဆီးမိခဲ့သောကြောင့် ကျွန်မစာမေးပွဲကျသည်။ တရုတ်-မြန်မာနယ်စပ်ချွန်ချွန်တက်တက် မြေပုံကောက်ကြောင်းတလျှောက်၌ ကျွန်မက စစ်တုရင်ကစားခုံပေါ်မှ နယ်ရုပ်လေးများနှင့် ဆင်ဆင်တူသောပုံစံရေးဆွဲခဲ့သည်* - ဟု ပြန်ဆိုထားတယ်။ အမှန်မှာကတော့ စစ်တုရင် နယ်ရုပ်လေးများနဲ့တူတဲ့ အရုပ်လေးတွေ နယ်စပ်မျဉ်းတစ်လျှောက်မှာ တန်းစီနေတဲ့ပုံကို ဆွဲမိခဲ့တာ -လို့ မူရင်းစာရေးဆရာက ပြောထားတာပါ။ ဘာလို့လဲဆိုတာကိုလည်း မူရင်းစာရေးဆရာက ဆက်ရှင်းပြထားပါတယ်။ သူတို့က မြန်မာနိုင်ငံကို သိမ်းချင်ရင် စစ်တပ်တောင် မလိုဘဲ သူတို့အားလုံးနယ်စပ်မှာ လာတန်းစီပြီး သေးပန်းလိုက်ရုံနဲ့ မြန်မာတွေအားလုံး တစ်ယောက်မကျန် သူတို့ရဲ့ သေးထဲတွင် နစ်သေမယ်-လို့ တရုတ်ကြီးတစ်ယောက်က တစ်ခါက ပြောခဲ့ဖူးတာကို ပြန်သတိရမိလို့ ဒီလို(အရုပ်ကလေးတွေ နယ်စပ်မျဉ်းမှာ တန်းစီနေတဲ့ ပုံကို) ရေးဆွဲခဲ့တာပါတဲ့။ (စာ ၄၀)။
- စာမျက်နှာ ၇၆ မှာတော့ - Pia was the one with worms. ကို- *သံကောင်တွေ သူ့မှာ ပီယာဖြစ်နေသည်။* -တဲ့ ဇာတ်လမ်းအရကတော့ သန်ချပေးဖို့ သူ့ကို ကြက်ဆူဆီတိုက်တယ်၊ ဒါပေမဲ့ တကယ်တော့ သန်ကောင်တွေ ရှိနေတာက ပီယာ ဖြစ်နေတယ်။ ခုတော့ သူ့ဆီက သန်ကောင်ကို ပီယာကပဲ တွေ့သလိုလို ဘာသာပြန်ထားတယ်။ ပြီးတော့မှ ပီယာ့စအိုထဲက သန်ကောင်ကို သူက ဆွဲထုတ်ပေးရတဲ့အကြောင်းကို ဆက်ဖတ်ရတော့ စာဖတ်သူ စိတ်ဘယ်လောက် အနှောင့်အယှက် ဖြစ်သွားမလဲ၊ စဉ်းစားကြည့်ပါ၊
- With breakfast behind us…-ကို *မနက်စာကို နောက်ဘက်တွင်ချန်ရစ်ထားခဲ့ကြပြီးသော်*…(စာ ၁၀၂)။
- On an impulse I went in. - ကို *နှိုးဆော်စိတ်တမျိုးဖြင့် ကျွန်မ ဝင်သည်။* (စာ ၂၉၀)။
- Temples famous or not were the last thing I wished to see. - ကို *ကျောင်းကန်ဘုရား ဟူသည် နောက်ဆုံးမှ ကြည့်ရှုလိုသောနေရာ။* စာ(၁၀၁)။
- Three hotels, lit up like night ferries were docked in the mist.- *ညဖယ်ရီကားများကဲ့သို့ မီးထိန်ထိန်လင်းနေသော ဟိုတယ်သုံးလုံး* (စာ ၆၀)။
- a few laps in the pool - ကို *ရေကူးကန်ထဲ လက်ပစ်ပြီး* (စာ ၁၂၉)။
- I can't say I'm averse to her visits: they break up the long afternoons. - ကို *ညှိမ်းကလေးလာသည်ကို မနှစ်မြို့ဟု ကျွန်မ မဆိုလို။ ရှည်လျားသော နေ့လယ်ခင်းများ မိန်းကလေးလာမှ ချိုးဖောက်ခွင့်သာသည်။* (စာ ၁၇၉)
- A good man, Jiang. Reliable and honest. But he was going down, down. Downhill. Lost his nerve once he stopped moving and had time to think. I told him to try herbs. Yunnan is the mecca of herbal remedies and medicinal spirits. - ကို *ဂျန်က လူကောင်း။ အားကိုးရတယ်။ ရိုးသားတယ်။ ဒါပေမယ့် သူက ဖောက်ထိုးဆင်းနေတယ်။ တောင်ပေါ်က ကျလာတယ်။ တကြိမ်လောက် သူ့အသွားရပ်ပြီး စဉ်းစားလိုက်တာနဲ့ သူပျက်ပြားသွားခဲ့တာ။ သူ့ကို ဘယဆေးသုံးဖို့ ကျုပ်ပြောသေးတယ်။ ယူနန်ဆိုတာက ဆေးဘက်ဝင်နေတဲ့ အာရောဂျ မက္ကာမြို့လေဗျာ။* - လို့ စာတစ်ပိုဒ်တည်းမှာ ဒီလို အရေးအသားတွေ ဆင့်ဆင့်ပြီး ပါလာတာကို ဖတ်ရတဲ့ စာဖတ်သူကို အားနာပါဦးလို့ပဲ ပြောချင်မိပါတယ်- (စာ ၁၈၇) ။
- မူရင်း စာအုပ်ရဲ့စာမျက်နှာ ၁၄၇ မှာတော့ ဝီလ်က နဂါးကို ခေါ်ထားတာက- သူဟာ လူ့အရိုင်းတစ်ယောက်နဲ့ နေလို့ရတယ် ဆိုတာကိုသက်သေပြချင်တာကြောင့်ပဲ- လို့ ရန်ဒိုင်က နဂါးကို ပြောပြတယ်။ ပြီးတော့ ဒီလိုဆက်ပြောတယ် - But there you were. Exhibit A. ဒါကို- *ဒါပေမယ့် ခင်ဗျားကတော့ ရှိနေပြီ* -လို့ပြန်ထားတယ် Exhibit A. ကို ဘာလို့ ချန်သွားပါလိမ့်လို့ စဉ်းစားမိပါတယ်။(စာ ၁၉၄)
- Then they march you along at gun point. … Know what's like to be too crippled to move, too weak to fight off the wild cats, fire ants, maggots closing in before you even shut your eyes?

www.burmeseclassic.com

www.burmeseclassic.com

-ကို *မင်းကို စစ်တလင်းရောက်တဲ့အထိ မောင်းသွားမယ်။... ဘယ်လိုမှ မလှုပ်နိုင်အောင် ကျိုးကြေနေပြီဆိုမှတော့ ဘာနဲ့တူသလဲသိလား။ မျက်လုံးမပိတ်ခင် တောကြောင်တွေ၊ ခါချဉ်တွေ၊ လောက်တွေ ရောက်လာမယ်။* (စာ ၂၀၃)။

- စာမျက်နှာ ၂၉၂ မှာ မင်ဖူးဆိုတဲ့ ကလေးမက ယူလာတဲ့ ရာဘာဖျာလေးကို ကြမ်းပေါ်မှာခင်းပြီး နဂါးကို ထိုင်ခိုင်းတဲ့အကြောင်းကို ရေးထားတယ်။ Well, at last it's not the carpet: the filthy thing is long overdue for a steam cleaning. It's always slightly soggy, and patterned stains. တော်ပါသေးရဲ့၊ ကော်ဇောပေါ်မှာ မဟုတ်လို့။ အဲဒီညစ်ညစ်ပတ်ပတ်ကြီးကိုတော့ ရေနွေးငွေ့နဲ့လျှော် (အခြောက်လျှော်)ဖို့ကို ကောင်းနေပြီ။ နည်းနည်းလည်း စိုထိုင်းထိုင်းဖြစ်နေတယ်၊ ပြီးတော့ အစွန်းအထင်းတွေက အကွက်အကွက်ကို ထလို့- လို့ အဓိပ္ပာယ်ရှိတာကို ဒီလိုပြန်ထားပါတယ်။ *ရော်ဘာဖျာသည် ရေနွေးနဲ့ ဆေးကြောခံရပေါင်းများ လှပြီဖြစ်ရာ ညစ်ထပ်ထပ်နိုင်သည်။ ထိုဖျာများသည် အမြဲတစေ စိုစိစိနှင့် အစွန်းအထင်းမကင်း။* (စာ ၂၉၃)။

- ...carving, for example - and from a single inch of cane - the tricky little catch in every paper umbrella that allowed it to shut and open. - ကို *ဥပမာ တစ်လက်မ ကြိမ်ချောင်းကို ဖွင့်၍ပိတ်၍ရသော စက္ကူထီးဖြစ်လာအောင် လက်ဝင်စွာ ထွင်းပေးရသော အလုပ်တဲ့။* တကယ်တော့ ထီးအဖွင့်အပိတ်လုပ်တဲ့ ခလုတ်လေးဖြစ်အောင် လုပ်ရတာကို မူရင်းစာရေးဆရာက ပြောထားတာပါ။ little catch ဆိုတာကို ဘာသာပြန်သူက လွတ်သွားတော့ ကြိမ်ချောင်းကိုပဲ (ဖွင့်၍ပိတ်၍ရသော)စက္ကူထီးဖြစ်လာအောင် (လက်ဝင်စွာ) ထွင်းပေးရတယ် ဖြစ်သွားပါလေရော (စာ ၁၃၆)။

- I got up the courage to look at it one day to take a good long look in one of those handheld mirrors supplied by management - though not for that purpose, I think it's safe to say.-ကို *တစ်ရက်တော့ ကျွန်မ သတ္တိမွေးပြီး ကျွန်မ၏ အင်္ဂါဇာတ်ကို လက်ကိုင်မှန်ထဲ ခပ်ကြာကြာကြည့်ခဲ့သည်။ ကျွန်မတို့ကို ပံ့ပိုးထားသောမှန်များသည် ထိုကိစ္စအတွက် မဟုတ်သော်လည်း အာပတ်လွတ်မည်ဟု ကျွန်မထင်သည်* (စာ ၁၅၇)။

- Hate doesn't always have a reason. Did you do something to make your old mistress hate you the way she did ?-ကို *အမုန်းမှာ အကြောင်းပြချက် မရှိဘူး။ သူကြီးကတော်က ညည်းကို မုန်းသွားအောင် သူလုပ်သလို ညည်းက ဘာလုပ်ခဲ့လို့လဲ* (စာ ၇၈)။

- Lorries, mini-vans, sedan cars and motorcycles are spewing jets of exhaust in their wake.- ကို *ကုန်တင်ယာဉ်၊ မီနီဗင်၊ ဆီဒင်နှင့် မော်တော်ဆိုင်ကယ်တို့မှ ပင်ပန်းလွန်းမှုတွေ မှုတ်ထုတ်နေသည်* - လို့ ပြန်ထားတာကို စာမျက်နှာ ၃၃၉ မှာ တွေ့ရတယ်။ jets of exhaust ကို ပင်ပန်းလွန်းမှုတွေတဲ့ဗျာ။ စာအုပ်ဆုံးခါနီးထိ မှားလို့ကောင်းတုန်းပါလား။

အခုထိ ကျွန်တော် ပြောခဲ့တာကတော့ 'မည်သည်'တွေပါ။ 'မည်သို့'တွေကိုတော့ ကျွန်တော် မပြောတော့ပါဘူး။ ကျွန်တော် ပြောခဲ့သလို တိမ်းနိုင်ယိမ်းနိုင်ခွင့် ရှိပါတယ်။ ဒါပေမဲ့ နဂိုမူရင်း အင်္ဂလိပ်စာ အရေးအသားက တော်တော်လေး လှပါတယ်။ ကျစ်လျစ်ပါတယ်။ ဘာသာပြန်ရာမှာလည်း ဒီလိုဖြစ်သင့်ပါတယ်လို့ပဲ ပြောချင်ပါတယ်။

နောက်ဆုံးအချက်ကို ပြောပါ့မယ်။ ဒီဝတ္ထုမှာပါတဲ့ နဂါး၊ ဒေါ်ဒေါ်ဆိုင်၊ မင်ဖူးဆိုတဲ့ အမျိုးသမီးဇာတ်ကောင်သုံးယောက်မှာ- မင်ဖူးက ယူနန်နယ်က Dai လူမျိုး၊ နဂါးကတော့ Lu လူမျိုး၊ ဒေါ်ဒေါ်ဆိုင်ကတော့ Daru လူမျိုးပါ။ ဒါကို ဘာသာပြန်သူက Lu ကို 'လု'လို့ အသံလှယ်ပါတယ်။ Daru ကိုတော့ 'ဓနု'လို့အသံလှယ်ပါတယ်။ ကျွန်တော် ရှာဖွေကြည့်မိသလောက် Dai ကလွဲလို့ ကျန်တဲ့ လူမျိုးနှစ်မျိုးစလုံးဟာ မြန်မာပြည်နယ်မြေ အတွင်းပိုင်းမှာရော၊ တရုတ်တို့၊ ယိုးဒယား(ထိုင်း)တို့နဲ့ ထိစပ်နေတဲ့ နယ်စပ်ဒေသတွေမှာရော၊ ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေမှာပါ မရှိကြပါဘူး။ စာရေးဆရာ ဖန်တီးထားတာလို့ ယူဆပါတယ်။ ဒါကို ဘာသာပြန်သူက Daru ကို 'ဒရူ' လို့ အသံလှယ်သင့်ပေမဲ့ မလှယ်ဘဲ တကယ်ရှိတဲ့ ဓနုလူမျိုးလို့ မသင့်မလျော် အသံလှယ်ခဲ့ပါတယ်။ ဓနုတွေက ရှမ်းပြည်နယ် အနောက်ပိုင်း ကလော၊ ပင်းတယ၊ ရွာငံ ဒီမြို့နယ်တွေမှာပဲ အများစု နေထိုင်ကြတာပါ။ အခု ဒေါ်ဒေါ်ဆိုင်တို့ရွာက Loi Lun နားက ကျိုင်းတုံနဲ့ ယိုးဒယား(ထိုင်း) နယ်စပ်ကြားမှာလို့ ဝတ္ထုထဲမှာ ပါပါတယ်။ ဒီတော့ ဘာသာပြန်သူဟာ ကျွန်တော် ရှေ့မှာ တင်ပြခဲ့တဲ့ တတိယစည်းမျဉ်းကို ဘယ်လောက်လိုက်နာသလဲ ဆိုတာကို ဒါက ပြနေပါတယ်လို့ ဆိုချင်ပါတယ်။ ဒီတော့ ဒီ ဝမ်တိန် အသွားလမ်း ဝတ္ထုကို ဖတ်ရတာဟာ သားကောင်းငါးကောင်းကို တော်သလို လျော်သလို ချက်ထားတဲ့ ဟင်းတစ်ခွက်ကို စားရသလိုပဲလို့ ဆိုပါရစေ။

■

ဉာဏ်သစ်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မျှော်လင့်နေသော နွေဦးအတွက် သိမ်မွေ့သော နှလုံးသားများ

တချို့အရပ်တွေမှာတော့ ဆောင်းဟာ အရောင်ပြောင်းသက်သက်ပဲ။ တချို့လူတွေအဖို့ အနွေးထည်ဝတ်ပြီး ကြွားပြဖို့လောက်ပဲ။ တချို့အရပ်တွေမှာတော့လည်း လည်ပတ်တွေ ပတ်၊ ဦးထုပ်တွေ ဝတ်ပြချင်လို့ ဝယ်ထားပေတဲ့ ဝတ်ပြလို့ရအောင်ကောင်အောင် မအေးဘူး။ ဒါပေတဲ့လည်း ကြွားချင်တဲ့လူတွေကတော့ ရှာကြံ ကြွားကြတာပါပဲ။ တကယ်အေးတဲ့ အရပ်တွေမှာကတော့ နှင်းဆောင်းဟာ ရက်စက်ပါကလား လို့ ခေါ်ရလောက်တယ်။ ကောင်းကင်ကြီးက ပြာနေမယ်။ နေရောင်က လင်းတောက်နေမယ်။ အေးတာကတော့ အေးနေတာပဲ။ တစ်ခါတလေ ရှပ်မြင်သိကြားမှာ ရာသီဥတု အကြောင်း၊ ပြောတာကိုကြည့်နေရင်း ပြောတဲ့သူကို ဆဲလိုက်ချင်တယ်။ သူတို့ပြောပုံက သဘောကျစရာကောင်းအောင်နေတယ်။ တချို့တော့ပြင် နေသာတယ်။ လူလည်း တိုက်ထဲကနေ ထွက်ပြီး လမ်းလျှောက်ချင်စရာ နေ့တစ်နေ့ပေါ့လို့ အရင်ပြောတယ်။ ပြီးမှ အပူချိန်ကတော့ သုညအောက် ငါးဒီဂရီလောက်ရှိမယ်တဲ့။ အပူချိန်လို့တောင် ခေါ်ဖို့ မကောင်းဘူး။ အအေးချိန်လို့ခေါ်မှ သင့်မယ်။ အဲဒီအချိန်မျိုးမှာ လေတိုက်လေးကလည်း တိုက်တယ်ဆိုရင်ပါပဲ ဆိုတာ ဟုတ်ကောင်း ဟုတ်မယ်။ ဒါပေတဲ့ အဲဒီအချိန်တော့ တိုက်တဲ့လေဟာ ဘလိတ် ဓားလိုမျိုး 'လေ' (The blade wind)ပဲ။ ဝတ်ထားတာတွေကို ဖြတ်တောက်ပြီး ကိုယ်ခန္ဓာထဲအထိ ဝင်တိုးတဲ့ 'လေ'။ အဲလေတွေတိုက်နေတဲ့ အရပ်တွေမှာတော့ အဲဒီလို အအေးမျိုး မရှိတတ်ဘူး။ ကမ္ဘာကြီးရဲ့တောင်ဘက်၊ မြောက်ဘက်ပိုင်းတွေမှာတော့ ဆောင်းဟာ ဆောင်းပဲ။ မျော်ချင်လည်း ဒီဆောင်း၊ လွမ်းချင်လည်း ဒီဆောင်းပဲ။ အဲဒီလို အရပ်မျိုးတွေမှာတော့ နွေဦးကို မျှော်ကြတယ်။ နွေဦးက လှတယ်။ နွေဦးမှာ တစ်ဆောင်းတွင်းလုံး အရွက်မရှိတော့တဲ့ အပင်ကြီးတွေမှာ ရွက်နုကလေးတွေ ပေါ်လာတယ်။ တစ်ဆောင်းတွင်းလုံး မြေးတဲ့အရပ်ကို ပျံသွားပြီး ဆောင်းခိုတဲ့ ငှက်ကလေးတွေ ပြန်ရောက်လာကြတယ်။ အရွက်တွေ့တွက်စပြုနေတဲ့ ရွက်မဲ့အပင်ကြီးတွေရဲ့ အကိုင်းတွေပေါ်မှာ နားနေကြရင်း နေရောင်အောက်မှာ အိုးပ်မှဲနေကြပုံကို အုံသြနေကြသလိုပဲ။ ဒါပေမဲ့ နွေဦးဟာ နွေဦးကို မျှော်တယ်ဆိုတဲ့ စကား ရှိတယ်။ ဆောင်းရဲ့အတွင်းက လူတွေက နွေဦးကို မျှော်တာမျိုး မဟုတ်ဘူး။ နွေဦးဟာ နွေလိုလည်း မပူပြင်းဘူး။ စတင်နွေးထွေးလာမှုအတွင်း သိမ်မွေ့ခြင်းတွေကို ကျေနပ်သာယာစွာနဲ့ လက်ခံလာတာ။ သိမ်မွေ့ခြင်းများစွာဟာ ကြည်နူးစရာတွေဖြစ်လာတာ။ တကယ်တော့ နွေဦးဟာ နွေဦးကိုပဲ မျှော်နေတာ။ နွေဦးရဲ့တစ်ဖန် ပြန်လည်လှပလာခြင်းကိုတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးမထားလို့ မဖြစ်ဘူး။

❑

ကျွန်တော်တို့ တတုံမြို့ကို သွားကြတယ်။ ဘာကိစ္စမှ ထူးထူးထွေထွေရှိလို့ မဟုတ်ဘူး။ အမှန်မှာကတော့ ကျွန်တော့် အပြစ်လည်းပါတယ်။ တစ်ညနေ ဟိုတယ်နားက ဘယ်လာကျိုးယိုးဆိုင်မှာ စားရင်းသောက်ရင်း ကျွန်တော်က တတုံမြို့ အကြောင်းပြောပြလိုက်မိတယ်။ တတုံက ပေကျင်းမြို့ကနေ လေယာဉ်စီးသွားရင် တစ်နာရီပဲ။ လေယာဉ်အမြီးက လေတွန်းအားရှိနေရင် လေးဆယ့်ငါးမိနစ်လောက်ပဲ ကြာတယ်။ ဟိုတစ်ခေါက်ဆီက ကျွန်တော်တို့ရောက်တော့ ဒေသခံ စစ်အရာရှိကြီးတစ်ယောက်က မြို့ပြင်က ရှေးဟောင်းဂူကြီးတွေ (Grottoes)ကို သွားကြည့်ဖို့ စီစဉ်ပေးတယ်။ အရှေ့တောင်အာရှနဲ့ အာရှတိုက်မြောက်ပိုင်းကို ဟိန္ဒူဝါဒ၊ ဗုဒ္ဓဝါဒ ပျံ့နှံ့စဉ်ကာလက ဂူတွေဆိုတော့ အတော့်ကို ဟောင်းနေပြီ။ ကျွန်တော်တို့ကတော့ မြင်ဖူးရောက်ဖူးအောင် သွားကြည့်တာပဲ။ အဲဒီကို အသွားလမ်းမှာ တွေ့ခဲ့ရတဲ့ ရှုခင်းဟာ အမေရိကမှာ နာမည်ကြီးတဲ့ Grand Canyon ထက်မသာတောင် မနိမ့်ဘူး။ အဲဒီအကြောင်းတွေ ပြောပြလိုက်တော့ ကျွန်တော့်ဇနီးက သွားရအောင်လို့ပြောတယ်။ ဂျော်နသန်ရဲ့မိန်းမ အိုင်းရစ်မ ကက်သလင်း ကလည်း သွားချင်သတဲ့။ မနက်ဖြန် သောကြာ။ သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက်ဆို မလောက်ဘူးလားတဲ့။ မိန်းမနှစ်ယောက် အတိုင်အဖောက်ညီသွားတော့ ငြင်းဖို့ သိပ်မလွယ်တော့ဘူး။ ဒီတော့ ကျွန်တော်တို့အထဲက မိန်းမ မရှိတဲ့ လူလွတ်နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ကြည့်ချင်တာတွေ လိုက်ပြပြီးပြီ။ အဲဒီက မိတ်ဆွေဗိုလ်မှူးကြီးက စီစဉ်ပေးတာ။ သောကြာနေ့ညတော့ သူကပဲ ညစာကျွေးတယ်။ ထုံးစံအတိုင်း စနေနေ့ညဘက်တော့ သူ့ကို ညစာပြန်ကျွေးရမယ်။ စနေနေ့ မနက်ဘက် အားနေကြတော့ ကျွန်တော်တို့တစ်တွေ ဟိုတယ်အနားဆီမှာ လမ်းလျှောက်ထွက်ကြဖို့ သဘောတူကြတယ်။ တတုံမြို့က မွန်ဂိုးလီယားပြည်နယ်ရဲ့ နယ်စပ်နဲ့ နီးတယ်။ ပေကျင်းနဲ့က နှစ်ဒီဂရီ၊ သုံးဒီဂရီ ကွာတတ်တယ်။ အဲဒီနေ့မနက်ကတော့ သုညအောက် သုံးဒီဂရီလောက်ရှိတယ်။ နေကတော့ သာနေတာပဲ။ ကောင်းကင်လည်းပြာလို့။ ကျွန်တော်တို့ ဟိုတယ်က လမ်းထောင့်မှာ၊ လမ်းကျယ်ကြီးနှစ်ခုရဲ့ ထောင့်မှာ။ အသေအချာ ပြောရရင်တော့ လမ်းလေးခွအဆုံမှာ။ လမ်းတိုင်းက ကားသုံးစင်း ယှဉ်သွားနိုင်တယ်။ ဒီတော့လည်း အလယ်ကောင် လမ်းဆုံနေရာက အကျယ်ကြီး။ လမ်းတစ်ဖက်ကနေ တစ်ဖက်ကိုဖြတ်ဖို့ မီးနီ မီးစိမ်းစောင့်ရတယ်။ မစောင့်လို့လည်း မဖြစ်ဘူး။ ကားဝင်တိုးလိုက်ရင် ဘယ်ကားက ဝင်တိုးသွားမှန်းမသိ လိုက်ရှာလို့တောင်ရမှာ မဟုတ်ဘူး။ ဒီတော့လည်း ဟိုတယ်နဲ့ ကပ်လျက် လမ်းမဖြတ်ကူးရတဲ့ဘက်ကို အရင်လျှောက်ကြတယ်။ စနေ၊ တနင်္ဂနွေနေ့တွေမှာပဲ တွေ့ရတတ်တဲ့ တောဈေးသည်တွေ၊ သစ်သီးသစ်ရွက်သည်တွေကို လျှောက်ကြည့်တယ်။ နောက်တော့ ဟိုတယ်ဘက် ပြန်လာကြပေတဲ့ ဟိုတယ်ထဲ မဝင်ကြသေးဘဲ တစ်ဘက်လမ်းကို ဆက်ကြဖို့ စဉ်းစားတယ်။ ဘာဖြစ်လို့မှန်းတော့ မသိဘူး။ မီးပွိုင့်တွေဟာ ပွင့်လိုက်၊ ပိတ်လိုက် ဖြစ်နေတာကို ကျွန်တော် သတိထားလိုက်မိတယ်။ လမ်းထောင့်နှစ်ခုမှာတော့ ပုလိပ်ကားနှစ်စင်း ရပ်ထားတယ်။ တစ်စီးမှာ ပုလိပ်နှစ်ယောက်၊ အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်။ ကားနံဘေးမှာ ထွက်ပြီးရပ်ရင်း အခြေအနေကြည့်နေကြပုံရတယ်။ မီးတွေအားလုံးပြတ်သွားတိုင်း လမ်းအလယ်ကို ထွက်လာကြပြီး ယာဉ်ကြောကို ထိန်းပေးကြတယ်။ ကျွန်တော် တို့ လမ်းဖြတ်ကူးတုန်းက လူကူးမီး အနီ၊ အစိမ်းက အလုပ်လုပ်နေသေးတယ်။ လွယ်လွယ်ကူကူပဲ ဟိုဘက်လမ်းကို ကူးလို့ရသွားတယ်။

ငါ့ သူငယ်ချင်းကတော့ မင်းကို သိပ်သဘောကျနေပြီလို့ ခပ်တိုးတိုး ပြောလိုက်တယ်။ သူက မသိမသာပြုံးလိုက်ရင်း အေဒရီယံဘက်ကို ငဲ့ကြည့်တယ်။ နောက်တော့ သိသိသာသာကြီး ပြုံးပြီး ကျွန်တော့်ကိုကြည့်ရင်း ကျွန်တော့်မျက်နှာဆီကို သူ့လက်ညှိုးကလေး ညွှန်တယ် သူ လက်ညှိုးညွှန်လိုက်ပြီး ပြုံးပုံကတော့ နင် ငါ့ကို မနောက်နဲ့ဆိုတဲ့ သဘောမျိုးနဲ့ ပြန်ပြီး နောက်လိုက်တာပဲ

တယ်။ ငါကတော့ ဒီမှာလည်း ဘာမှ လုပ်စရာမရှိဘူး၊ ဟိုမှာလည်း ဘာမှလုပ်စရာ မရှိဘူး။ မရှိတာချင်းအတူတူ ဟိုကို လိုက်သွားမယ်လို့ ရိုမေးယိုးကပြောတော့ အေဒရီယံက ငါလည်း လိုက်မယ်လို့ဖြစ်ရော။ ဒီလိုနဲ့ နောက်နေ့ ကျွန်တော်တို့ တတုံမြို့ဆီ ထွက်ခဲ့ကြတယ်။ လေယာဉ်နဲ့ တစ်နာရီဆိုတော့လည်း မနက်ခုနစ်နာရီခွဲထွက်၊ ဟိုကို ရှစ်နာရီခွဲရောက်။ ဒါပဲ။

❑

တနင်္ဂနွေနေ့မနက် ပြန်မှာဆိုတော့ စနေနေ့မှာ ကျွန်တော်တို့ အားနေကြတယ်။ သောကြာနေ့ကတည်းက မိန်းမတွေ

❑

အဲဒီဘက်အပိုင်းကိုတော့ ယုံတိုင်တောင်ဘက်လမ်းလို့ ခေါ်တယ်။ တရုတ်နိုင်ငံမှာက လမ်းရှည်ကြီးတွေကို အရှေ့ အနောက် တောင်မြောက် ခွဲပြီးထားတယ်။ တောင်ဘက်ပိုင်းမှာတော့ ဆူပါမတ်ကက်တွေ၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ တောက်တိုမည်ရ ရောင်းတဲ့ဆိုင်တွေရှိတယ်။ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com

တော့ ဘာရယ်မဟုတ်ဘူး။ ဟိုထဲဝင်ကြည့်၊ ဒီထဲဝင်ကြည့်ပဲ။ ဆိုင်တစ်ဆိုင်မှာတော့ တရုတ်နိုင်ငံထွက် အရက်မျိုးစုံတွေ့လို့ မြည်းကြည့်ဖို့ တစ်ပုလင်းစီဝယ်တယ်။ ဒီလိုနဲ့ ခြေညောင်းတော့ ဟိုတယ်ဘက် ပြန်လျှောက်လာလိုက်ကြတယ်။ ဟိုတယ်ရှေ့ တည့်တည့်က မီးပွိုင့်ရောက်တော့ လူကူးတဲ့ မီးနီ၊ မီးစိမ်း ပြနေသေးတယ်။ ကျွန်တော်တို့ ရပ်နေတဲ့ဘက်မှာ မီးနီနေပေတဲ့ ကားရှင်းနေတော့ ကျွန်တော်တို့လည်း ဖြတ်ကူးလိုက်ကြတယ်။ အလယ်က လူကူးကျွန်းဆီရောက်တော့ တခြားတစ်ဖက်ကို မကူးနိုင်တော့ဘူး။ လမ်းရဲ့ အချက်ပြမီးတွေလည်း ရပ်သွားတယ်။ တစ်ဖက်က လာနေတဲ့ ကားဆက်က မပြတ်တော့ဘူး။ မပြတ်ရုံမကဘူး၊ မီးမရှိတော့ ဟိုဖြတ်ဒီဖြတ် မောင်းကြတာတွေ ရှိနေတယ်။ ငါးမိနစ်လောက် စောင့်ပေတဲ့ မဖြတ်နိုင်တော့ဘူး။ နောက်ကိုလည်း ပြန်ပြီး မသွားနိုင်ဘူး။ ဒီတော့ ကျွန်တော်က ရှိမေးယိုး အဖော်စပ်ရတယ်။ မင်းနဲ့ငါ ရှေ့နား နည်းနည်းတိုးပြီး ပုလိပ်တွေကို လှမ်းအော်ခေါ်ရအောင် ဆိုတော့ သူက မငြင်းဘူး။ ရှိမေးယိုးက အဲဒီလို မဟုတ်က ဟုတ်က လုပ်ရရင် ပျော်တယ်။ ကျွန်လူတွေကတော့ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေတာကလွဲလို့ ဒီကိစ္စမျိုးမှာ သိပ်အားမကိုးရဘူး။ ကျွန်တော်တို့နှစ်ယောက်သားလည်း ပုလိပ်တွေကို လက်လှမ်းပြရင်း အော်ဖစ်ဆာ၊ အော်ဖစ်ဆာ ကယ်ပါဦး၊ ကယ်ပါဦးလို့ အော်ကြတယ်။ ပုလိပ်တွေလည်း သတိထားလိုက်မိပုံရတယ်။ ပုလိပ်မကလေးက အဲဒီမှာနေဆိုတဲ့ သဘောနဲ့ သူ့လက်နှစ်ဖက်နဲ့ ကာပြတယ်။ ပုလိပ်အမျိုးသားကတော့ သူ့ကားဆီ သွားပြီး ကားကို လမ်းထောင့်ကနေ လမ်းအလယ် နားဆီ မောင်းလာတယ်။ ယာဉ်ကြောတစ်ခုကို နေးသွားအောင် အသာပိတ်ထားတယ်။

❑

ပုလိပ်မကလေးက လက်တစ်ဖက်က ကားတွေကို အရှိန်လျှော့ဖို့ပြရင်း ကျွန်တော်တို့ရပ်နေတဲ့ လူကူးကျွန်းကလေးဆီ လျှောက်လာတယ်။ အနားလည်းရောက်ရော ရှင်တို့ မီးနီပြနေတုန်း ဖြတ်လာတာ ကျွန်မ တွေ့တယ်လို့ အင်္ဂလိပ်လို ပြောတော့ အားလုံးက ဟုတ်ပါတယ်၊ မှားပါတယ်ဆိုတဲ့ အသံတွေ မတိုင်ပင်ထားရပဲ ထွက်လာတယ်။ ပုလိပ်မကလေးက ငါးပေခုနစ်၊ ငါးပေရှစ်လောက်ရှိမယ်။ သူ့ဦးထုပ်နောက်ဘက်မှာ ပိုနီတေး ထွက်နေတယ်။ သနရုပ်ပဖြစ်တယ်။ တရုတ်မင်းသမီး ကျန်ကျိုယီနဲ့ ဆင်ဆင်ရယ်။ တရုတ်သံဝဲပေတဲ့ အင်္ဂလိပ်လို ကောင်းကောင်းပြောနိုင်တယ်။ ဒါက ရောမတော့ မဟုတ်ဘူး။ ဒါပေတဲ့ တရုတ်နိုင်ငံရောက်ရင် တရုတ်လို တွေးတတ်ဖို့၊ တရုတ်တွေရဲ့ စနစ်ကို အထိုက်အလျောက် လက်ခံဖို့တော့ လိုတယ်လို့ ပြောတော့၊ ငါတို့တော့ဖြင့် ပညာရှိ တရုတ်ပုလိပ်မကလေးရဲ့ ပညာပေးတာတော့ ခံရပြီလို့ စိတ်ထဲမှာ တွေးလိုက်မိတယ်။ ဘယ်လိုလုပ်ပြီး အဆက်မပြတ်လာနေတဲ့ ယာဉ်ကြောကို ဖြတ်မယ်ဆိုတာကိုလည်း သိချင်တယ်။ သူ လုပ်ပုံကတော့ လွယ်တယ်။ ကျွန်တော်တို့ ရပ်နေတာနဲ့ အနီးဆုံးယာဉ်ကြောထိပ်ကို ဖြည်းဖြည်းချင်းထွက်ပြီး ကားငါးစီးအကျော်လောက် ကားကို လက်ညှိုးထိုးပြီး အလယ်ယာဉ်ကြောကို ပြောင်းခိုင်းတယ်။ ကျွန်တော်တို့အနားက ယာဉ်ကြောထဲက ကားငါးစီးလည်း ကျော်သွားရော အဲဒီနောက်က ကားတွေက အလယ်ယာဉ်ကြော ရောက်သွားပြီး အလယ်ယာဉ်ကြောက ကားတွေက အပြင်ဆုံးယာဉ်ကြောရောက်သွားတယ်။ အဲဒီလိုနဲ့ ယာဉ်ကြောတွေကို တစ်ခုစီ ပိတ်ပြီးသွားတာ။ ဒါပေတဲ့ ကျွန်တော်တို့ ဒုတိယယာဉ်ကြောဆီရောက်တော့ ဒုတိယယာဉ်ကြောက ကားတွေက ခုန ပိတ်ထားတဲ့ ယာဉ်ကြောထဲ ပြန်ပြောင်းသွားကြတယ်။ တစ်နည်းပြောရရင် ယာဉ်ကြောကို လုံးလုံးမပိတ်ဘဲ ယာဉ်ကြောကို အသာပြောင်းပေးလိုက်တာ။ ကားမောင်းလာတဲ့ လူတွေကလည်း ဘယ်လိုမောင်းရမယ်ဆိုတာ သိပုံပဲ။ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲလို့ ပြောရမှာ။ ပုလိပ်မကလေးကတော့ အတွေ့အကြုံရှိပုံပဲ။ မနေ့တစ်နေ့ကမှ ကျောင်းက ဆင်းလာတာ ဟုတ်မယ်မထင်ဘူး။ ကျွန်တော်တို့ကတော့ သူ့နောက်နား အသာကပ်ပြီး လိုက်ရတာပဲ။ နောက်ဆုံးတော့ သူ့ကျေးဇူးကြောင့် ဟိုတယ်ဘက်က ပလက်ဖောင်းပေါ် ရောက်တော့တယ်။

❑

ကျွန်တော်လည်း ကျေးဇူးတင်ကြောင်း ထပ်ပြောရင်း လက်ဆွဲနှုတ်ဆက်ဖို့ လက်ဆန့်လိုက်တော့ ပုလိပ်မကလေးက သူ့လက်အိတ် ချွတ်မယ်လို့လုပ်တယ်။ မချွတ်ပါနဲ့၊ ခင်ဗျားက အလုပ်လုပ်နေတာ။ ကျွန်တော် နားလည်ပါတယ်လို့ ပြောလိုက်တော့မှ သူက လက်ကမ်းလိုက်လို့ လက်ဆွဲနှုတ်ဆက်တယ်။ လက်အိတ်ချွတ်မယ်လို့ လုပ်ကတည်းက ဒီပုလိပ်မကလေးဟာ ကမ္ဘာရဲ့ ယဉ်ကျေးခြင်းအနေအထားနဲ့ ကင်းကွာမနေဘူး။ လူ့အဖွဲ့အစည်းက လက်ခံထားတဲ့ နိုင်ငံကြီးသားတို့ရဲ့ အမူအကျင့် (Etiquette) ဆိုတာတွေကို သိတယ်ဆိုတာ ကျွန်တော် သတိထားလိုက်မိတယ်။ ကျန်လူတွေကလည်း လက်ဆွဲနှုတ်ဆက်ကြတယ်။ အဒေရီယံကတော့ နောက်ဆုံးမှ လက်ဆွဲနှုတ်ဆက်ရင်း တရုတ်နိုင်ငံကြီးရဲ့ လှပပုံ၊ သန့်ရှင်းသပ်ရပ်ပုံ၊ အကြင်နာတရားရှိပုံတွေပါ ပြောနေသေးတာ။ ဒီကောင်က အင်မတန် စကားနည်းတယ်။ ကျွန်တော့်အနားဆီမှာ ရပ်နေတဲ့ ရှိမေးယိုးက ကျွန်တော့်ကို မသိမသာ တံတောင်နဲ့ တွက်လိုက်တယ်။ သူ့ရဲ့ ကျေးဇူးတင်စကား မိန့်ခွန်းရှည်ကြီး ပြီးသွားတော့ ပုလိပ်မကလေးက ပြောတယ်။ လမ်းဆုံတွေက မီးတွေကို စနစ်အသစ်နဲ့လုပ်ဖို့ စမ်းသပ်နေတယ်။ ခုလို ရှင်တို့ မပြေမလည်ဖြစ်ရတဲ့အတွက် ခွင့်လွှတ်ပါ။ ကျွန်မတို့အနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်အရပ်ဒေသကို လာတဲ့လူတွေကို စောင့်ရှောက်ရတာ၊ အကူအညီပေးရတာကိုက လူမှုရေးကျင့်ဝတ်တစ်ခုပါ။ ကူညီခွင့်ရတာကိုပဲ ကျွန်မကလည်း ကျေးဇူးတင်ပါသတဲ့။ နောက်တော့ ကျွန်မ သွားပါဦးမယ် ပြောတာနဲ့ ကျွန်တော်တို


www.burmeseclassic.com

www.burmeseclassic.com

ဘိုင်းဘိုင်လို့ပြောပြီး နောက်တစ်ကြိမ် လက်ဆွဲ နှုတ်ဆက်လိုက်ရင်း တတ်သမျှမှတ်သမျှ တရုတ်စကားနဲ့ ငါ့ သူငယ်ချင်းကတော့ မင်းကို သိပ်သဘောကျနေပြီလို့ ခပ်တိုးတိုး ပြောလိုက်တယ်။ သူက မသိမသာပြုံးလိုက်ရင်း အေဒရီယံဘက်ကို ငဲ့ကြည့်တယ်။ နောက်တော့ သိသိသာသာကြီး ပြုံးပြီး ကျွန်တော့်ကိုကြည့်ရင်း ကျွန်တော့်မျက်နှာဆီကို သူ့ လက်ညှိုးကလေး ညွှန်တယ်။ သူ လက်ညှိုးညွှန်လိုက်ပြီး ပြုံးပုံကတော့ နင် ငါ့ကို မနောက်နဲ့ဆိုတဲ့ သဘောမျိုးနဲ့ ပြန်ပြီး နောက်လိုက်တာပဲ။ သူ့ကားရှိရာဘက်ဆီ ထွက်သွားရင်း တစ်ချက်လှည့်ပြီး လက်လှမ်းပြတယ်။

❑

ဟိုတယ်ထဲရောက်တော့ အားလုံး ကျွန်တော် ဘာပြောလိုက်တယ်ဆိုတာ သိချင်နေကြတယ်။ ဝိုင်းမေးကြလို့ ခင်ဗျားဟာ အင်မတန်လှတဲ့ အမျိုးသမီးပဲလို့ ကောက်ချက်ချလိုက်တာလို့ ပြန်ဖြေလိုက်မိတယ်။ ဒီတော့ ဇနီးက ရှင် အဲဒီလိုပြောတာလို့တော့ အထင်သားလို့ ပြောတယ်။ ဒီတော့လည်း ရှင်းရပြန်တယ်။ ဘယ်မိန်းမမဆို သူတို့ကို လှတယ်လို့ပြောရင် မကြိုက်တဲ့မိန်းမ မရှိဘူး။ ကိုယ့်ကိုယ်ကို မလှမှန်းသိတဲ့ မိန်းမတွေတောင် သူတို့ကို လှတယ်လို့ပြောရင် ကြိုက်ကြတာပဲလို့။ ကက်သလင်းက ကျွန်တော့်ဇနီးကို လှမ်းပြောတယ်၊ နင့်ယောက်ျားပြောသမျှ စကားတိုင်းနောက်မှာ အဖြေအမြဲတမ်းရှိတယ်တဲ့။ ငါနဲ့ပေါင်းလာတာ အနှစ်လေးဆယ်ကျော်ပြီ၊ ငါ သိပါသော် ကောလို့ ကျွန်တော့်ဇနီးက ပြန်ပြောလို့ အားလုံးက ရယ်ကြတယ်။ ကျွန်တော်တို့ အခန်းထဲရောက်တော့မှ ဘာပြောလိုက်တယ်ဆိုတာ ပြောပြတော့ ဇနီးသည်က ကျွန်မလည်း အဲဒီလိုတော့ ထင်တယ်။ အေဒရီယံရဲ့ မျက်နှာနဲ့ ပြောနေပုံကို ကြည့်ရင်း ကက်သလင်းကတောင် ကျွန်မကို လက်တို့သေးတယ်။ ဒီကောင်ကြီးကြည့်ရတာ အတော် သဘောကျနေပုံပဲလို့ ဇနီးက ပြောတယ်။ သူ သဘောကျတာကတော့ သူ့အခွင့်အရေးပဲ။ ပုလိပ်မကလေးက ကလေးသုံးယောက်အမေ ဖြစ်နေရင်သာ ပြဿနာလို့ ကျွန်တော်က ပြောလိုက်တော့ ကျွန်တော့်ဇနီးက ရှင်က ဘာဖြစ်လို့ မကောင်းတဲ့ဘက်က တွေးရတာလဲလို့ မေးတယ်။ မကောင်းတဲ့ဘက်က တွေးတာတော့ မဟုတ်ဘူး။ တို့တစ်တွေရဲ့ အလုပ်တွေမှာ worst case scenario ဆိုတာ ထည့်စဉ်းစားရတယ်။ ဒါမှ ဆိုးဆိုးရွားရွား ဖြစ်လာခဲ့ရင် ဘာလုပ်ရမယ်ဆိုတာ ပြင်ဆင်ထားနိုင်မယ်လို့ ဖြေလိုက်တော့ ဘာမျှ အရှည်အကျယ် ပြန်မပြောပေတဲ့လည်း တစ်ခွန်းတော့ ပြောလိုက်သေးတယ်။ ရှင့်မှာ အဖြေတစ်ခုတော့ရှိတာပဲတဲ့။

❑

နေ့ခင်းဘက် ကျွန်တော်တို့ အခန်းထဲက ဧည့်ခန်းမှာ ကျွန်တော်တို့နှစ်ယောက်ရယ်၊ ရှိမေးယိုးရယ် ထိုင်ပြီးသောက်နေကြတုန်း အေဒရီယံ ရောက်လာတယ်။ ကျွန်တော်က အခန်းတံခါးသွားဖွင့်ပေးလိုက်ရင်း ဝင်ဦးလေ၊ ရှိမေးယိုးက မှိုအစုံကြော်ထားတာ ဒီအနားကဆိုင် ဝင်ဝယ်လာလို့ ငါတို့လည်း သောက်နေကြတာလို့ ပြောတော့ မဝင်တော့ဘူး၊ ကင်မရာတစ်လုံးလောက် ငါ့ကို ခဏငှားစမ်းပါလို့ ပြောတယ်။ ကျွန်တော်က ဘာမှ ပြန်မပြောသေးဘဲ သူ့မျက်နှာကိုကြည့်နေရင်း ပြုံးနေမိတယ်။ သူကလည်း ပြန်ကြည့်နေရင်း အိုးတိုးအတဖြစ်လာပြီး မင်း ငါ့ကို အဲဒီလိုကြည့်မနေနဲ့၊ ကင်မရာ သွားယူချေလို့ ပြောတယ်။ ကျွန်တော့်ကင်မရာအိတ်တွေကလည်း ဧည့်ခန်းထဲမှာပဲ။ သူလည်း အထဲဝင်လိုက်လာတော့ ကျွန်တော်ကပဲ အေဒရီယံတစ်ယောက် အပြင်ထွက်ပြီး ဓာတ်ပုံလျှောက်ရိုက်ချင်လို့ ကင်မရာ လာငှားတာလို့ ပြောပြလိုက်တယ်။ ကျွန်တော့်ဇနီးကတော့ ဘာမှ မပြောဘဲ ပြုံးစိစိလုပ်နေတယ်။ ရှိမေးယိုးကတော့ အပြင်ထွက်ပြီး ဓာတ်ပုံလျှောက်ရိုက်မယ်ဆိုရင် တစ်ခုတော့ သတိထား။ ပုလိပ်မတွေ ဘာတွေကိုတော့ သွားမရိုက်နဲ့၊ မတော် တရားစွဲခံနေရဦးမယ်လို့ လှမ်းပြောလိုက်တာနဲ့ပဲ ကျွန်တော့်ဇနီးက ဟဲ့၊ သူ့ဘာသာ ဘာရိုက်ရိုက်၊ နင့်အလုပ်လားလို့ပြောပြီး ရယ်ရော။ အေဒရီယံကတော့ ဘာမှ ပြန်မပြောသာလို့ အရွယ်ရောက်တဲ့လူတွေ ရှက်တဲ့အခါ ပြုံးသလိုမျိုး ပြုံးနေတယ်။ နောက်တော့ ငါ့ကို နင်တို့မှ မပြောရင် ပြောမယ့်လူ မရှိလို့ပြောကြပါလို့ ပြောရင်း ကင်မရာယူပြီး ထွက်သွားတယ်။ အဲဒီညနေဘက်တော့ ကျွန်တော့်ဖုန်းထဲမှာ သူ့ဆီက မက်ဆေ့ချ်ဝင်လာတယ်။ ဒီည ထမင်းစားပွဲတော့ ငါ မလာဖြစ်ဘူး။ ဗိုလ်မှူးကြီးကို တောင်းပန်ပေးပါ။ ကင်မရာတော့ မနက်ကျမှပေးမယ် တဲ့။

❑

မက်ဆေ့ချ်ဝင်လာပြီးကတည်းက ကျွန်တော်လည်း ဒီမြို့က အဆက်အသွယ်တစ်ယောက်ဆီ ဖုန်းဆက်လိုက်တယ်။ သူက ကျွန်တော်တို့နဲ့ ညစာစားမယ့် ဗိုလ်မှူးကြီးရဲ့ တပည့်ဟောင်းတစ်ယောက်ပဲ။ တပည့်ဟောင်းလို့ ပြောရတာက အချိန်စေ့လို့ တပ်ထဲကထွက်ပြီး အပြင်မှာ ခရီးသွားလုပ်ငန်းအတွက် ကိုယ်ပိုင်အလုပ်ကလေးလုပ်နေလို့။ အတော်လည်း ဟန်ကျနေတယ်။ အလုပ်သမား ငါးယောက်၊ ခြောက်ယောက်လောက်ရှိတယ်။ သူကိုယ်တိုင်ကတော့ အလွတ်စုံထောက်သဘောမျိုး လုပ်တယ်။ စုံစမ်းပေးတယ်၊ ရှာဖွေပေးတယ်၊ အဆက်အသွယ် လုပ်ပေးတယ်။ အဆက်အသွယ်လည်း ကောင်းတယ်။ စောင့်ရှောက်ပေးနိုင်တယ်။ ကျွန်တော်နဲ့ အေဒရီယံကို ခင်တယ်။ အေဒရီယံတစ်ယောက်တည်း အပြင်သွားမှာကို မတားလိုက်ပေတဲ့ ကျွန်တော့်စိတ်ထဲမှာ အထိုက်အလျောက် ပူတယ်။ သူနဲ့ ကျွန်တော်နဲ့က ညီအစ်ကိုလိုပဲ။ ကျွန်တော့်ဇနီးကဆိုရင် ကျွန်တော့်အဖေ အဖြူမနဲ့ရလို့မွေးတာလို့ နောက်လေ့ရှိတယ်။ စိတ်ပူတယ်ဆိုတာက မှားပြီး အသတ်ခံရတာမျိုး မဖြစ်စေချင်ဘူး။ ဒီထက်ဆိုးတာက သိသိချည်းနဲ့ သတ်တာမျိုး။ ရှီရှိကတော့ ပြောတယ်။ မပူပါနဲ့၊ ကျွန်မလူနှစ်ယောက် သူ့ မသိ



www.burmeseclassic.com

www.burmeseclassic.com

အောင် သူ့နောက်ကနေ လိုက်သွားခိုင်းမယ်ဆိုလို့ ကျေနပ်လိုက်မိတယ်။ ညဘက် ထမင်းစားကြတော့ ဗိုလ်မှူးကြီးက ဘယ်မှာလဲ မင်းသားကြီးဆိုပြီး မေးသေးတယ်။ အေဒရီယံတို့ အဆက်အနွယ်တွေက ဥရောပက ကောင့်တွေမို့ ဗိုလ်မှူးကြီးက သူ့ကို မင်းသားကြီးလို့ ခေါ်လေ့ရှိတယ်။ အပြင်ထွက်ပြီး စင်ဒရဲလား သွားရှာနေတယ်၊ သန်းခေါင်ကျော်မှ ရောက်မယ်လို့ ကျွန်တော်က နောက်လိုက်တော့ ဗိုလ်မှူးကြီးက ဟာ၊ ကျုပ်နောက်ကျသွားပြီလို့ပြောပြီး သူနဲ့ပါလာတဲ့ ဗိုလ်ကြီးမကို လက်ညှိုးထိုး လိုက်တယ်။ အဲဒါကြောင့် သူ့ကို ကျုပ်ခေါ်လာတာလို့ပြောရင်း ရယ်ပါလေရော။ ဗိုလ်မှူးကြီးက ဗိုလ်မှူးတစ်ယောက်၊ ဗိုလ်ကြီးတစ်ယောက် ပါလာတယ်။ ဗိုလ်မှူးကတော့ အမျိုးသား။ သူ့ဆရာလိုပဲ မျက်စိပေါက်ပိတ်အောင်ရယ်တော့ ဗိုလ်ကြီးမခမျာ အတော် ရှက်သွားပုံရတယ်။ ရယ်ရင်း အသာခေါင်းငုံ့နေရှာတယ်။ စားသောက်နေတုန်း ရှီရှီဆီက တက်စ်လာတယ်။ စိတ်မပူပါနဲ့၊ ဂျာမနီက လိပ်စာနဲ့ အီးမေးလ်ပို့လိုက်မယ် တဲ့။ ကျွန်တော်ကလည်း မနက်ဖြန် ငါတို့ပြန်တဲ့အခါ နင်ဖတ်ဖို့ စာအုပ်ကလေးတစ်အုပ် ဟိုတယ်ရဲ့ ကောင်တာမှာ ပေးခဲ့မယ်။ ကျေးဇူးတင်တယ်လို့ပဲ တက်စ်ပြန်လိုက်တယ်။ ❑

အဲဒီညက အခန်းပြန်ရောက်တော့ ရှီရှီရဲ့ အီးမေးလ်ကို ဗီပီအင် သုံးခုလောက်သုံးပြီး ဖတ်ရတယ်။ နောက်တော့ တယ်လီဖုန်းဟောင်းတစ်ခုထဲမှာ ကူးထားလိုက်တယ်။ ဇနီးကိုလည်း ဘယ်သူမှ သွားမပြောပါနဲ့လို့ ဝန်ခံချက်တောင်းပြီး ဖတ်ခိုင်းလိုက်တယ်။ လူပျိုကြီးတော့ ဒီတစ်ချီ ပါသွားပြီထင်တယ်လို့ သူက ကောက်ချက်ချလို့ ဖြစ်နိုင်တယ်လို့ပဲ ကျွန်တော် ဖြေလိုက်မိတယ်။ မနက်ဘက် စားသောက်ပြီး လေယာဉ်ကွင်းကို သွားတဲ့အထိ အေဒရီယံက ဘာမှမပြောဘူး။ လေယာဉ်ကွင်းရောက်တော့ ကင်မရာပြန်ပေးရင်း ကျေးဇူးပဲဆိုတာပဲ ပြောတယ်။ သူ့အတွေး တစ်ခုခုထဲမှာပဲလို့ အကဲခတ်လိုက်မိလို့ ကျွန်တော်လည်း ဘာမှမမေးဘူး။ လေယာဉ်ပေါ်ရောက်တော့ သူ့ခုံက ရှေ့နားမှာ။ လေထဲမှာ လေယာဉ်ပျံအသားကျသွားလို့ ခါးပတ်ဖြုတ်ခွင့်ရသွားတော့ သူလည်း ထိုင်ရာကထပြီး နောက်ဘက်က နေရာလွတ်ဆီသွားတယ်။ လျှောက်လာရင်း ကျွန်တော့်ကို မျက်နှာရိပ်မျက်နှာကဲ ပြတာနဲ့ ကျွန်တော်လည်း ထပြီး သူ့နောက်ကို လျှောက်လိုက်သွားတယ်။ နောက်နားဆီမှာ ရပ်နေလိုက်ရင်း ဘာတုံးလို့ ကျွန်တော်ကမေးတော့ မနေ့ညက ပုလိပ်မကလေးနဲ့ ငါ ညစာသွားစားတယ်။ သူ့နာမည်က လီလီကျင့်လို့ သူက စ,ပြောတယ်။ ဟုတ်လားလို့ ကျွန်တော်က ပြန်မေးရင်း သူဘာဆက်ပြောမလဲဆိုတာကို စောင့်နေမိတယ်။ သူက စကားလုံးရှာနေပုံရတယ်။ ကျွန်တော်လည်း အတွင်းထဲက ရယ်ချင်သလိုဖြစ်လာလို့ အဲဒီဆိုင်က ဝက်သားခြောက်နဲ့ မှိုကြော်က ဘယ့်နှယ်နေသလဲလို့ မေးလိုက်တယ်။ အေဒရီယံရဲ့ မျက်နှာ ပြောင်းသွားပြီး ငါ ထင်တော့ ထင်သား။ တို့စားနေတဲ့ စားပွဲဘေးမှာ သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ လူနှစ်ယောက် လာထိုင်တယ်။ စားပွဲထိုးက ဝက်သားခြောက်နဲ့ မှိုကြော်ချပေးတော့ တစ်ယောက်က ထ,လာပြီး ဒီဟာကို ဘယ်လိုခေါ်သလဲ အစ်မလို့ လီကျင့်ကို မေးတယ်။ သူတို့လည်း မှာချင်လို့ တဲ့။ အင်မတန်ယဉ်ကျေးတဲ့လေနဲ့ ရိုရိုသေသေ မေးတာ။ နောက်တော့ လီကျင့်က ပြောတယ်။ ဒီအရပ်က လေသံမျိုး မဟုတ်ဘူး။ ဒီမှာသင်တန်းလာတက်တဲ့ စစ်ဘက်ကလူတွေ ဖြစ်မလားပဲတဲ့။ နေပါဦး၊ ဘာဖြစ်လို့ မင်းက ငါ့ကို လိုက်ချောင်းခိုင်းရတာလဲလို့ အေဒရီယံက မေးတယ်။ သိပ်ဘဝင် ကျပုံတော့ မရဘူး။ မင်းကို လိုက်ချောင်းခိုင်းတာ မဟုတ်ဘူး၊ မင်းအတွက် စိတ်မချလို့။ ဒီမြို့က တို့နဲ့ စိမ်းနေသေးတယ်။ မင်းကိုယ်တိုင်ကလည်း ဘာလုပ်မယ်လို့ ငါ့ကို မပြောဘူးလို့ ကျွန်တော်က ရှင်းပြလိုက်တော့ အေး ငါလည်း ဘာလုပ်ရမှန်း မသိဘူးလို့ သူက ဝန်ခံတယ်။

ခုလည်း ငါ ဘာလုပ်ရမှန်း မသိဘူးလို့ သူက ပြောပြန်တယ်။ ဘာဖြစ်လို့လဲလို့ ကျွန်တော်ကမေးတော့ လီကျင့်က ဒီည သူ့မိဘအိမ်မှာ သူတို့မိသားစုနဲ့ ညစာစားဖို့ဖိတ်တယ်။ သူက သတ်သတ်နေတော့ တနင်္ဂနွေနေ့တိုင်း သူတို့ဆုံကြတယ်လို့ အေဒရီယံက ပြောပြတယ်။ ဒီတော့ မင်းက အခု ဒီ လေယာဉ်ပျံပေါ်မှာ ဘာလုပ်နေတာလဲလို့ ကျွန်တော်က မေးလိုက်မိတယ်။ ငါ ဘာလုပ်ရမှန်းမသိဘူးလို့ သူက ပြန်ပြောတယ်။ မင်းတကယ်ပဲ ချစ်နေမိတယ်ဆိုရင်တော့ သွားပေါ့။ နေစမ်းပါဦး၊ အဲဒီလိုအခြေအနေ ဖြစ်လာတာကို မင်းက စောစောက ဘာဖြစ်လို့ မပြောသလဲလို့ ကျွန်တော်က မေးလိုက်မိပြန်တယ်။ ငါ ပြောပြီးပါပြီကော။ ငါ့ဘဝမှာ ဒီလိုအနေအထားမျိုး၊ ဒီလိုအခြေ အနေမျိုး တစ်ခါမှ မရောက်ခဲ့ဖူးဘူး။ ခု လေယာဉ်ပျံက တဖြည်းဖြည်း ကောင်းကင်ထဲ ထိုးတက်နေတုန်း။ ငါဟာ ငါ့ရဲ့ အစိတ်အပိုင်းတစ်ခုခုဟာ ဒီလေယာဉ်ပေါ်မှာ ပါမလာသလိုပဲ ခံစားနေရတယ်။ ငါဟာ ဘဝသစ်တစ်ခု ဖန်တီးဖို့ ကြောက်နေတဲ့ လူလားဆိုတာကို တွေးကြည့်နေမိတယ်လို့ သူကပြောပြီး မင်း ငါ့ကို တစ်ခုခုတော့ ပြောစမ်းပါလို့ အားကိုးရာမဲ့အသံနဲ့ ပြောတယ်။ မင်း တကယ်ကိုပဲ သူ့ကို ချစ်တယ်ဆိုရင် ဒီည သူတို့အိမ်ကိုသွားပြီး သူ့မိသားစုနဲ့ ညစာစား။ ငါငယ်ငယ်တုန်းကလည်း သွားခဲ့ဖူးတယ်။ ဒါပေတဲ့ ငါ့မိန်းမရဲ့ မောင်နှမတွေက အဖက်မလုပ်ကြဘူး။ မင်းမှာတော့ ဒီပြဿနာရှိမှာ မဟုတ်ဘူး။ သူက တရုတ်နိုင်ငံကြီးရဲ့ ကလေးတစ်ယောက်ပေါ်လစီ မျိုးဆက်။ ဒီလေယာဉ်ပျံက ပေကျင်းကို ကိုးနာရီခွဲလောက် ရောက်မယ်၊ ဆယ့်တစ်နာရီထိုးမှာ ဒီကိုထွက်တဲ့ လေယာဉ်ပျံရှိတယ်။ ပေကျင်းရောက်တာနဲ့ ဒီည မင်းလာမယ်ဆိုတာကို လီကျင့်ဆီ ဖုန်းဆက်ထား၊ ငါလည်း ဗိုလ်မှူးကြီးဆီ အကြောင်းကြားထားမယ်လို့ ပြောတော့ လိုအပ်သလားလို့ သူက မေးတယ်။ သူက အိမ်ခံ၊ သူ့ကို သူ့ကို အသိပေးထားတာ မမှားဘူး။ မင်း အဲဒီကို ပြန်လာလို့

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ရင် ငါပြောတာကို စောဒကတက်မနေနဲ့။ မင်း နောက်လေယာဉ်ပျံနဲ့ လိုက်မယ်၊ မလိုက်ဘူးဆိုတာပဲ ငါ့ကိုပြောလို့ ပြောလိုက်တယ်။ သူ့ဘာသာ အတော်ကလေး ကြာအောင် စဉ်းစားနေတယ်။ နောက်တော့ ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်ရင်း ငါ ပြန်သွားမယ်လို့ ပြောရင်း ပြုံးတယ်။ ကွန်ဂရက်ကျူလေးရှင်းလို့ပြော ပြီး ကျွန်တော်က လက်ကမ်းလိုက်တော့ သူကလည်း လက်ကမ်းပေးလို့ လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။ သူ့ပခုံးကို တစ်ခြားလက်တစ်ဖက်နဲ့ ပုတ်လိုက်ရင်း အားလုံး အဆင်ပြေမှာပါ၊ စိတ်အေးအေးထားလို့ ကျွန်တော်က ပြောလိုက်တော့ နားလည်မှုရသွားတဲ့အပြုံးနဲ့ ငါ့ကို စောင့်ရှောက်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ သူက ပြောတယ်။

❑

ပေကျင်းလေယာဉ်ပျံကွင်းရောက်တော့ ကော်ဖီဆိုင်မှာ ခဏဝင်ထိုင်ကြရင်း ကျွန်တော်ကပဲ အားလုံးကို အေဒရီယံ အကြောင်း ပြောပြလိုက်တယ်။ အားလုံးကလည်း သူ့အတွက်၊ သူတို့နှစ်ယောက်အတွက် ဝမ်းသာကြတယ်။ ပျော်ကြတယ်။ ကျွန်တော်လည်း လူရှင်းတဲ့ ထောင့်တစ်နေရာက စားပွဲဆီသွားပြီး ဗိုလ်မှူးကြီးနဲ့ ဗီဒီယိုကော(လ)လုပ်တယ်။ အကျိုးအကြောင်း အကြမ်းထည် ပြောပြတော့ သူက အတော် ဝမ်းသာသွားတယ်။ သတင်းကောင်းပဲ၊ ခင်ဗျားတို့ ကျုပ်တို့ရဲ့ လောကကြီးထဲမှာ ဒီလိုသတင်းမျိုးက နေ့တိုင်း ကြားရတာ မဟုတ်ဘူးလို့ ပြောပြီး ကလေးမလေးရဲ့ အဖေအမေနာမည် သိသလားလို့ မေးတယ်။ ရှီရှီ ပို့လိုက်တဲ့ အီးမေးလ်ထဲမှာ အဖေ နာမည်ပါတော့ ကျွန်တော်က ဖတ်ပြလိုက်တယ်။ ဟာ၊ ဒါက ကျုပ်တို့ဆီက အငြိမ်းစားသွားတဲ့ ဗိုလ်မှူးကြီး။ ကျုပ်ထက်တော့ အများကြီး စောတယ်။ ဒါပေတဲ့ ကျုပ်နဲ့ ခင်တယ်။ ခင်ဗျား ဘာမှ ပူမနေနဲ့။ ကျုပ်လည်း ဒီညနေဘက် အားနေတယ်။ သူတို့ ညစာစားတဲ့ အချိန်လောက်ကို သူတို့အိမ် ဝင်သွားမယ်လို့ ပြောတယ်။ ဗိုလ်မှူးကြီးက ဗျူဟာ အကဲဖြတ်ရာမှာ တော်တဲ့ လူတစ်ယောက်။ လူမှုဆက်ဆံရေးမှာတော့ အတော် ပျော်တတ်တယ်၊ ဒါပေတဲ့ အလုပ်နဲ့ နေ့စဉ် ဘဝအကြားမှာ မဟာတံတိုင်းကြီး တားထားတဲ့လူ။ ဟိုအိမ်သွားပြီး မတော်မတည့်တွေများ ပြောရင်အခက်ပဲလို့ တွေးမိတာနဲ့ သွားလို့ ကောင်းပါ့မလား ဗိုလ်မှူးကြီးလို့ ပြောလိုက်တော့ သူက ရယ်တယ်။ ဆရာကြီးကောင်းဇက ပြောဖူးတာ မှတ်မိတယ်မဟုတ်လား။ သမုဒ္ဒရာကြီးလေးခုအကြားမှာတော့ ကျုပ်တို့အားလုံးဟာ ညီအစ်ကိုတွေပါ။ မပူပါနဲ့။ ကျုပ်က စောင့်ရှောက်မှာပါ၊ လိုအပ်တာ ကျုပ်အကုန်ကူမယ်၊ တစ်ထိုင်တည်း လက်ထပ်ချင်ရင် ကျုပ်က လက်မှတ်ထိုးပေးလို့တောင် ရတယ်။ တစ်ခုပဲ။ သူတို့ လက်ထပ်ပွဲ လုပ်တဲ့အခါ ကျုပ်ကတော့ မင်္ဂလာစကားပြောရမှ ဖြစ်မယ်။ ခင်ဗျား အာမခံရမယ်လို့ပြောရင်း ရယ်တယ်။ တစ်နာရီဆို လုံလောက်ပြီလားလို့ ကျွန်တော်က နောက်လိုက်တယ်။ တစ်နာရီတော့ မလုပ်နဲ့ဗျာ၊ ကျုပ်မှာ ပြောစရာစကားလုံး အဲဒီလောက်အထိ မများဘူး။ ဆယ့်ငါးမိနစ်ပေါ့လို့ သူက ပြောတာနဲ့ ကျွန်တော်လည်း ပြောရစေ့မယ်လို့ အာမခံလိုက်တယ်။ နောက်တော့ သူက မေးပြန်တယ်။

သူတို့နှစ်ယောက်က လမ်းဖြတ်ကူးတုန်းက တွေ့တာ ဟုတ်လား တဲ့။ ဟုတ်တယ်လို့ ကျွန်တော်ကဖြေတော့ တကယ်တော့ ကျုပ်တို့တစ်တွေဟာ နေ့စဉ်နေ့တိုင်း လမ်းတွေအများကြီးကို ဖြတ်ကူးနေရတာပဲ။ ဒါပေတဲ့လည်း ဖြတ်ကူးနေကြမှန်း မသိကြဘူး။ ဆုံလိုက်တဲ့ လူတိုင်းကိုလည်း မမှတ်မိဘူး။ တစ်ခါတလေ လူတွေဟာ သူတို့ရဲ့ အပြုအမူတွေကိုတောင် မမှတ်မိတတ်ကြဘူးလို့ ဗိုလ်မှူးကြီးက ပြောတယ်။ သူက ကုလားထိုင်နောက်မှီကို အသာမှီလိုက်တာ ကျွန်တော် တွေ့နေရတယ်။ အတော့်ကို နေသာထိုင်သာရှိအောင် သူ့ ကိုယ်အနေအထားကို ပြင်လိုက်တာ။ နောက်တော့ နွေဦးလိုပေါ့လို့ ဆက်ပြောတယ်။ နွေဦးက ဘာဖြစ်လို့လဲလို့ ကျွန်တော်က မေးလိုက်မိတယ်။ နွေဦးဟာ နွေဦးကိုပဲ မျှော်လင့်တယ်ဆိုတဲ့စကားရှိတာ ခင်ဗျားလည်း သိတာပဲ။ နွေဦးကို လူတွေက မျှော်တာမျိုး မဟုတ်ဘူး။ နွေဦးရောက်မလာခင် သိမ်မွေ့တဲ့ နှလုံးသားတွေ ပေါ်လာတယ်။ ပေါ်လာတာက နွေဦးအတွက်၊ သူ့ဘာသာ မျှော်လင့်နေတဲ့ နွေဦးအတွက်။ တကယ်တော့ နွေဦးဟာ သူ့ဘာသာမျှော်နေတာ။ သိမ်မွေ့တဲ့ နှလုံးသားတွေကို နွေဦးက သိသတဲ့။ အေးစက်စိမ့်ချမ်း၊ ကြမ်းရမ်းဆောင်းလေအောက်မှာ ပေါ်ပေါက်လာတဲ့ သိမ်မွေ့နှလုံးသားတွေဟာ နွေဦးမှာ လာဆုံကြတာလို့ ဗိုလ်မှူးကြီးက ပြောတယ်။ သူ ပြောပြီးတဲ့အထိ ကျွန်တော် စောင့်နေပြီးမှ နေစမ်းပါဦး၊ ခင်ဗျားကလည်း ရှိမဲင်းတစ် ဖြစ်တတ်သားပဲ။ ဒီလိုဖြစ်တတ်မယ်ရယ်လို့ ကျွန်တော် မထင်ခဲ့ဖူးဘူးလို့ ပြောလိုက်တယ်။ သူက ပြုံးတယ်။ ကျုပ် ရှိမဲင်းတစ် ဖြစ်ကောင်းဖြစ်မယ်၊ ခင်ဗျားလည်း ဖြစ်ကောင်းဖြစ်တတ်မယ်။ သူ့ဘာသာ မျှော်လင့်နေတဲ့ နွေဦးကိုလည်း သိကြမယ်။ ဒါပေတဲ့ ခင်ဗျားတို့၊ ကျုပ်တို့ဟာ ခံစားချက်မပါတဲ့ သိမှုနဲ့ နေ့စဉ်ကြိုးစားပြီး အသက်ရှင်နေကြတာ။ တွယ်တာတတ်တဲ့၊ သိမ်မွေ့တဲ့ နှလုံးသားကို အလုပ်ကြောင့် မကြာမကြာ ဘေးဖယ်ထားတတ်တာ။ ဖြတ်ကူးခဲ့တဲ့လမ်းတိုင်း၊ လမ်းဆုံတိုင်းဟာ ဖြတ်ကူးခဲ့တယ်ဆိုတာလောက်ပဲ သတိထားမိတာ မဟုတ်လားလို့ သူက ပြောတယ်။ ကျွန်တော်ကတော့ နားထောင်နေရင်း ပြုံးနေမိတယ်။ နောက်တော့ သူက ဒါကြောင့်မို့လည်း ကျုပ်ကတော့ တစ်သက်လုံး လူပျိုကြီးအဖြစ်နဲ့ နေသွားရမှာပါလို့ ပြောရင်း ရယ်တယ်။ ပြောလို့ပြီးသွားတော့ လက်ချောင်းလေးချောင်းကို ဆုပ်ပြီး လက်မထောင်ပြတယ်။ ကျွန်တော်လည်း သူလုပ်သလို ပြန်ပြီး လုပ်ပြလိုက်မိတယ်။ ။

■

မြင့်သန်း



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာက နိုးတော့ အကုန်တိတ်ဆိတ်နေပြီ။ ရန်ကုန်မြို့လယ်နားက ဘော်ဒါဆောင်လေးရဲ့ မနက် ၉ နာရီဟာ အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ခံလိုက်ရတဲ့ ရွာသိမ်ငယ်လေးလို တစ်ဆောင်လုံး ငြိမ်သက်လို့။ ဒီအခြေအနေဟာ ကျွန်တော် အိပ်ရာထဖို့ အသင့်တော်ဆုံးပဲ။ မှန်းဆရာ မျက်လုံးတွေကို မြန်မြန်းရာ မလိုတော့ဘူး။ ကျွန်တော့်အခန်းဖော်တောင် အလုပ်ချိန် ထ သွားတယ်မသိ။ ငွေကြေး၊ ပညာနဲ့ အခြားအရာတွေကို ရှာဖွေဖို့ အားလုံး အလျှိုလျှို ထွက်သွားကြချိန်မှာ ကျွန်တော်က အိပ်မောကျ

ကျန်နေရစ်ခဲ့တယ်ပေါ့။ ဒါဆို ကျွန်တော့်မှာ အဲဒီ ပညာ၊ ငွေကြေးနဲ့ တခြားအရာတွေကို ရှာဖွေဖို့ မလိုအပ်တော့လို့လား၊ ပြည့်စုံနေလို့လား ဆိုတော့လည်း မဟုတ်သေးဘူး။ လူ့အာဝဆိုတဲ့ ဈေးမ သားရေအိတ်ကြီးဟာ ဖြည့်ချင်သလောက်ဖြည့်၊ ထည့်နိုင်သလောက်ထည့်၊ ဘယ်တော့မှ ပြည့်သွားပြီဆိုတာ မရှိဘူး။ ခက်တာက ကျွန်တော့်မှာ အဲ့ဒီသားရေအိတ်ကြီး ရှိသေးရဲ့လားဆိုတာက ပြဿနာ ဖြစ်နေတယ်။ တုံးစံအတိုင်း မျက်နှာမသစ်ခင် ပြတင်းပေါက်မှာ သွားရပ်ပြီး ရန်ကုန် မနက်ခင်းကို အပေါ်စီးက





www.burmeseclassic.com

www.burmeseclassic.com

ကြည့်တယ်။ ခုနစ်လွှာ တိုက်ခန်းမှာ နေထိုင်ရတာရဲ့
တစ်ခုတည်းသော အကျိုးဆက်က ဒါပဲလေ။
ကိုယ်မသိတဲ့ အရာဝတ္ထုတွေ၊ ကိုယ်ထက် မြင့်မားတဲ့
အရိုးအဝါတွေကို အပေါ်စီးက ခပ်တည်တည် ကြည့်နိုင်
ရတာပဲ။ မနက်ခင်းဆိုပေမဲ့ နေရောင်က စူးရဲတောက်ပနေ
ပါပြီ။ ကျွန်တော် အမည်မသိတဲ့ မော်တော်ကားတွေ၊
ကျွန်တော် အမည်မသိတဲ့လူသားတွေဟာ ကျွန်တော်
မသိတဲ့အကြောင်းကိစ္စတွေအတွက် ကျွန်တော်မသိတဲ့
နေရာတွေဆီ ပြေးလွှားနေကြလေရဲ့။
လူပြောသူပြောများတဲ့ အသိအရ ကျန်းမာရေး

# ကမ်းဝေးလှ
## မိုး ကျော်ဇင်



www.burmeseclassic.com

www.burmeseclassic.com

လေ့ကျင့်ခန်းတစ်ခုအနေနဲ့ အသက်ရှူသွင်းရှူထုတ်လုပ်ဖို့ကြိုးစားတယ်။ ဒါပေမဲ့ အသက်မရှူမိတဲ့ သက်ပြင်းတွေပဲချချမိနေလို့ လက်လျှော့လိုက်ရတာ ဒီမနက်က ပထမဆုံး အကြိမ်မဟုတ်ဘူး။

ရေချိုးခန်းဆီ ပြေးပြီး ကိုယ်လက်သုတ်သင် ဘာညာသာရကာတွေကို ၁၀ မိနစ်အတွင်း မောင်းနှင်ပစ်လိုက်တယ်။ ခုတင်ပေါ် မှီးနေတဲ့ ကြိုးတန်းပေါ်က အရောင်အမှိန်ဆုံး တီရှပ်ကို ရွေးဝတ်၊ အကွက်အမှိန်ဆုံး ပုဆိုးကို မွှေနှောက်ရှာဖွေ။ ဆံပင်တွေထဲ လက်ငါးချောင်း ထိုးသွင်းလိုက်တော့ အခန်းထဲက ထွက်ဖို့ အသင့်ဖြစ်ပြီ။

အခန်းထဲ ပြန်ဝေ့ကြည့်တယ်။ ကျွန်တော့်ခုတင်ဘေး ခေါင်းရင်းမှာ အတော်အတန်ကြီးတဲ့ စားပွဲတစ်လုံး။ စားပွဲပေါ်မှာက ဖွင့်လျက် မှောက်ထားတဲ့ စာအုပ်တချို့။ ရေးလက်စ ကဗျာအတိုအစတွေ။ အခန်းကို ကျောခိုင်း၊ တံခါးကို ခပ်ပြင်းပြင်း ဆောင့်ပိတ်လိုက်တယ်။ ဘဝကို ဒီလို တံခါးတစ်ချပ်နဲ့ ဆောင့်ပိတ်ပစ်လို့ရရင် ဘယ်လောက်ကောင်းမလဲ။ နောက်ဆုံးတော့လည်း နွေဦးသစ်ပင်က ခါချလိုက်တဲ့ သစ်ရွက်ဝါလေးလို အဆောင်အောက်ခြေက လက်ဖက်ရည်ဆိုင်လေးဆီ လွင့်ကျလာတာပါပဲ။

လက်ဖက်ရည်ဆိုင်လေးက သားသားနားနားကြီး မဟုတ်ဘူး။ အဆောက်အဦးနံဘေး တစ်ဖက်ကို ကျောမှီခွင့်ရထားတဲ့ တစ်ခြမ်းပဲ့ တာလပတ်အမိုးရှည်ကြီးအောက်က အကန့်လေး တစ်ကန့်မျှပါပဲ။ အဲ့ဒီ တစ်ခြမ်းပဲ့ တာလပတ်ကျောလျားရှည်ကြီး အောက်မှာ ထမင်းလိုလို၊ အသုပ်လိုလို ဆိုင်လေး နှစ်ဆိုင်က လက်ဖက်ရည်ဆိုင်လေးကို ကြားညှပ်ထားတာ။

တာလပတ် တံစက်မြိတ်လေးအောက် ခေါင်းငုံ့ဝင်လိုက်တာနဲ့ ဆိုင်အတွင်းထောင့်က ကိုဂျူး ထ,လာတယ်။ နာမည်ရင်းက ကိုရာဂျူး ဖြစ်မှာပါ။ ဒီပတ်ဝန်းကျင်မှာတော့ အားလုံးက ကိုဂျူးပဲ။ ကိုဂျူး ကြည့်လိုက်ရင် ဘယ်လောက် အလုပ်များများ သူ့ ခေါင်းဖြီးထားပုံက မပျက်ယွင်းဘူး။ ခပ်တိုတို ဆံပင်ကို အုန်းဆီရွှဲရွှဲနဲ့ အပေါ်တည့်တည့် ဘီးစိပ်စိပ်နဲ့ လှန်ဖြီးထားတော့ မဟူရာရောင် မျက်နှာကြီးက ပြောင်ထင်းလို့။

ကိုဂျူးက အီကြာကွေး တစ်ပွဲနဲ့ လက်ဖက်ရည် ရှီးရှီး တစ်ခွက်လာချတယ်။ အမြုပ်တစီစီမို့တက်နေတဲ့ လက်ဖက်ရည်ခွက်ကို ကြည့်ပြီး ကိုယ့်ဘာသာ ကျိတ်ပြုံးမိတယ်။ လက်ဖက်ရည်ကို တောင် အဆင့်ခွဲ သောက်ကြတဲ့ လူတွေ။ ဒီလက်ဖက်ရည် ရှီးရှီးဟာ ကျွန်တော့် အခြေအနေရဲ့ သင်္ကေတ။ ဘဝနဲ့ယှဉ်နေတဲ့ လက်ဖက်ရည်တစ်ခွက်ဟာ ခုနောက်ပိုင်း ပိုမို ခါးသက်လာတာ သတိထားမိတယ်။

မနက်စာနဲ့ နေ့လယ်စာ ကြားချိန်ဆိုတော့ ကိုဂျူး ဆိုင်လေးက သူ့ဆိုင်ရှင်နဲ့အတူ ငိုက်မျဉ်းလို့။ ဒီလက်ဖက်ရည်ဆိုင်လေးသာ သက်ရှိလူဆို တဝါးဝါး သမ်းဝေနေရောပေါ့။ ဆိုင်မျက်စောင်းထိုး ဆိုက်ကားဂိတ် ကျားဝိုင်းမှာ ငြင်းခုံသံ၊ အော်ဟစ်ရယ်မောသံတွေက လွတ်လွတ်လပ်လပ် ပျံ့ဝဲလို့။ အင်း…ကျွန်တော့် ရယ်သံတွေရော လွတ်လွတ်လပ်လပ် ပျံ့ဝဲခွင့်မရခဲ့တာ ဘယ်လောက်ကြာသွားပါလိမ့်။ လွန်ခဲ့တဲ့ စနေနေ့ကလား။ ကောင်မလေး ဖုန်းမကိုင်တဲ့ နေ့ကလား။ တကယ်တော့ လနဲ့ချီပြီးတောင် ကြာနေပါပြီ။ အဲဒီနေ့က ဦးလေး ရောက်လာတယ်။ ပြီးတော့ ဟော့ဒီ ကိုဂျူးဆိုင်လေးထဲက စားပွဲတစ်လုံးမှာထိုင်လိုက်ကြပြီး လက်ဖက်ရည် နှစ်ခွက်မှာတယ်။ မှတ်မှတ်ရရ အဲဒီတုန်းကအထိ လက်ဖက်ရည်ဆို ရှယ်သောက်နေကျပဲ။

ပြန်တွေးကြည့်တော့ အဲဒီတုန်းက ဦးလေးကြည့်ရတာ သိပ်လာချင်ပုံတော့ မရပါဘူး။ ပုံမှန်လာခြင်းမဟုတ်ဘဲ သူ မပြောချင်တဲ့ စကားလုံးတချို့ကို သယ်ဆောင်လာရတာဆိုတော့ သူ ဝန်လေးနေပုံပါ။ ကျွန်တော့်ရဲ့ အနာဂတ်ကို ထမ်းပိုးထားရရှာတာပဲ။ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိပြီးတဲ့အထိ ဘာမှ ဟုတ်တိပတ်တိ မပြောသေးဘဲ ဝေ့နေတယ်။ ပြီးမှ ကမန်းကတန်း လိုက်ထိန်းနေရတဲ့ သူ့စီးပွားရေးအကြောင်း…။ ပြီးမှ…။

'အဲဒီတော့ကွာ…' ဆိုပြီး ဦးလေးက စကားအစကို ပြန်ကောက်တယ်။ တစ်ပြိုင်တည်းမှာပဲ လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ပြီး ပြန်ချလိုက်တယ်။ လက်ဖက်ရည်ခွက်ကို ပြန်ချလိုက်ပေမဲ့ စကားအစကိုတော့ ပြန်မချဘူး။

'မင်း နယ် ခဏပြန်နေဦးပေါ့ကွာ၊ နောက် အဆင်ပြေတော့ ငါပြန်ခေါ်မှာပေါ့၊ ဟုတ်လား၊ လောလောဆယ် မပြန်ခင်အတွက်…'

ဦးလေးက ကျွန်တော့် လက်ထဲ ငွေစက္ကူတစ်ထပ် ထိုးထည့်ပေးတယ်။ ကျွန်တော်က မထင်မှတ်ဘဲ သေမိန့်ချခံလိုက်ရသလို အေးခဲသွားလိုက်တာ ဘာမှတောင် ပြန်မပြောဖြစ်ဘူး။ မြင်မြင်သမျှ ရုပ်တန့်ကုန်ကြတာ။ လမ်းပေါ်မှာကားတွေလည်း ရပ်၊ လူတွေလည်းရပ်၊ သစ်ရွက်ကြွေတွေလည်း လေထဲမှာ ကြွေလက်စရပ်။

ကျွန်တော့် အတွက် အမိန့်စာရွက်နဲ့တူတဲ့ ငွေစက္ကူတွေကို ကျွန်တော် ကိုင်ထားပုံက တကယ့် မဝံ့မရဲပါပဲ။ သေသေချာချာ ဆုပ်ကိုင်လိုက်ရင် အဆိပ်ဆူးတွေပဲ စူးတော့မလိုလို ကြောက်ရွံ့လို့။

ဆိုင်အပြင် ငေးနေတဲ့ ဦးလေးကို ကြည့်ရင်း ကျွန်တော် အလျင်အမြန် သတိရလိုက်တာက ဖေဖေ။ ဟုတ်တယ်။ ဦးလေးက ဖေဖေနဲ့ သိပ်တူတာ။ နဖူးကျယ်ပုံ၊ နှာတံမြင့်ပုံ၊ ဆံပင်လှိုင်းပျော့ထပုံ။ ဦးလေးမှ မဟုတ်ပါဘူး၊ ဖေဖေတို့ ညီအစ်ကိုတွေအားလုံး ခန္ဓာကိုယ် အချိုးအစားတွေသာ ကွာချင်ကွာမယ်၊ မျက်နှာတည်ဆောက်ပုံတွေကတော့ ကို နီးနီးစပ်စပ် ရှိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခက်တာက ခုချိန်မှာ ဖေဖေက ကျွန်တော်တို့နဲ့ နီးနီးစပ်စပ် မရှိနိုင်တော့ဘူးလေ။ ဖေဖေ အဝေးကို ထွက်သွားခဲ့တာလည်း သိပ်ကြာသေးတာမှ မဟုတ်တာ။ ကျွန်တော် ရန်ကုန်ရောက်ပြီးမှပဲ။

စနေနေ့တစ်နေ့ပေါ့။ အပြင်က ပြန်လာတော့ အဆောင်မှာ သတင်းတစ်ခုက ငုတ်တုတ် ထိုင်စောင့်နေခဲ့တယ်။ ဖေဖေ မူးလဲလို့ အမြန်ပြန်လာပါတဲ့။ ခေါင်းမူးတာနဲ့ မိုင် ၁၅၀ အရပ်က သားကို အိမ်ပြန်ခေါ်တယ်ဆိုတာ ယုတ္တိကင်းမဲ့နေလို့ သံသယရှိပေမဲ့ ကျွန်တော် မျက်စိမှိတ် ယုံပစ်လိုက်တယ်။ အဲဒီ ညနေ အမြန်ရထားတစ်စီးနဲ့ အမြန်အိမ်ပြန်သွားတယ်။ ညဦးသန်းခေါင်ကြီး ဘူတာမှာ ဦးလေးတစ်ယောက်က မျက်နှာပေါ် တိမ်ညိုတစ်ဆုပ်တင်ပြီး လာစောင့်နေတယ်။

'အခုတော့ ဆေးရုံမှာပဲ၊ အသက်ကယ်ဖို့ အားလုံး ကြိုးစားနေကြတာပေါ့ကွာ'

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ကျွန်တော်လုပ်နိုင်တာက ခေါင်းညိတ်တာ တစ်မျိုးတည်းပဲ။ အဆိုးဖြစ်ဖြစ်၊ အကောင်းဖြစ်ဖြစ် ငြင်းဆန်ဖို့၊ ပြန်ပြင်ဖို့ ကျွန်တော့်မှာ ဘာတစ်ခုမှ အဆင်သင့် မဖြစ်သေးတဲ့ အချိန်။ ဆေးရုံတင်ထားတယ်ဆိုပေမဲ့ ဆေးရုံရှေ့ရောက်တော့ ဦးလေးက ဘာမှမပြောဘဲ ရှေ့ကဆက်လျှောက်သွားတော့ ကျွန်တော့်အတွေးထဲ မြွေပွေးတစ်ကောင် လျှောခနဲဝင်လာတယ်။ ထင်တဲ့အတိုင်းပါပဲ။

လမ်းထဲ ဝင်လိုက်တာနဲ့ လျှပ်စစ်မီး မရသေးတဲ့ ရပ်ကွက်လေးထဲက အိမ်တစ်အိမ်မှာ မီးချောင်းအလင်းတွေ လျှံကျလို့။ ဒီလိုနဲ့ ဆိတ်ငါးကောင်စက်ဘီးလေးနောက်မှာ တစ်မိသားစုလုံးတင်ပြီး ကျွန်တော်တို့ပူဆာတဲ့ တောင်ကုန်းတွေ တစ်ခုပြီးတစ်ခုဆီ လမ်းရိုးကြီးအတိုင်း နင်းနင်းတက်ခဲ့သူ ဖေဖေဟာ ချောင်းဆိုးသံလေး အကြောင်းပြလို့ အဝေးဆုံး ထွက်သွားခဲ့တာပဲ။

အဲဒီနေ့ ဦးလေး ပြန်ထွက်သွားတာကို ဘယ်တုန်းကနဲ့မှ မတူအောင် ကျွန်တော် ငေးနေခဲ့မိတာ။ 'အဆင်ပြေရင် ပြန်ခေါ်လိုက်မယ်'တဲ့။ ဘယ်လောက် ဇာတ်နာလိုက်တဲ့ ဒိုင်ယာလော့ဂ်လဲ။ ဒါဟာ ပျားရည်သုတ်ထားတဲ့ လက်နဲ့ ကျောသပ်သွားခဲ့တယ်ဆိုတာ ကျွန်တော် သိတာပေါ့။ အဲဒီနောက်ပိုင်းမှာတော့ တဖြုတ်ဖြုတ်ကြွေတဲ့ ဗာဒံရွက်တွေမြင်ရင် ကိုယ့်ပစ္စုပ္ပန်ကိုပဲ ပြန်ပြန် ပွတ်သပ်မိနေတယ်။

ဒါပေမဲ့ ကျွန်တော်က ရန်ကုန်ကို စွဲနေပြီ။ ရန်ကုန်ရဲ့ အေးစက်မာကျောတဲ့ အိပ်ရာထက်မှာ အိပ်မက်တတ်နေပြီ။ ဒီမြို့ကြီးထဲမှာ ကျွန်တော့် လှေကားတွေ ရှိတယ်လို့ ယုံကြည်နေခဲ့ပြီ။ အိမ်မြှောင်မပါ၊ သေနတ်မပါနဲ့ မြို့ပြတောကြီးထဲမှာ နေနဲ့အတူ ထွက်လာပြီး နေနဲ့အတူ ပြန်ဝင်သွားတဲ့ ကျွန်တော့် မျှော်လင့်ချက်တွေလည်း ကိုဂျူး ဗလာစာအုပ်ထဲက အကြွေးစာရင်းနဲ့အတူ ရှည်လျားလွန်းလှပြီ။

လက်ဖက်ရည် တစ်ခွက်ကို နာရီဝက်လောက် ဆွဲသောက်ပြီး ကျွန်တော် မတ်တတ်ရပ်လိုက်တယ်။ ကိုဂျူးက 'ထုံးစံအတိုင်းပဲနော်'ဆိုပြီး သူ့ ဗလာစာအုပ်လေးထဲ ရေးခြစ်နေတယ်။ အဲဒီမြင်ကွင်းကို ကျွန်တော် အမုန်းဆုံးပဲ။ ဒီလို မနက်ခင်းတွေကို ဘယ်သူ လိုချင်မှာလဲလေ။ သစ်သီးတစ်လုံးရဲ့ အနာလို ဒီမြင်ကွင်းမျိုးကို လှီးထုတ်ပစ်ချင်လိုက်တာ။

ကျွန်တော့် ခြေထောက်တွေက ကျွန်တော့် ဆန္ဒကို မမေးမြန်းဘဲ ကျွန်တော့်ကို လမ်းပေါ် ခေါ်သွားတယ်။ လမ်းလေးမှာ ကတ္တရာမရှိတော့ဘူး။ ဗာဒံရွက်ကြွေတွေနဲ့ ဖုန်မှုန့်တွေပဲ ရှိတယ်။ ခန္ဓာကိုယ် ကောက်ကြောင်းအတိုင်း အတိအကျ ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက် ဖြတ်လျှောက်လာတော့ ကျားရိုင်းဘက်က ကျားတွေက ခွေးတွေလို လှမ်းအူကြပါလေရော။

မဟာဗန္ဓုလ လမ်းမကြီးရဲ့ ပလက်ဖောင်း ထောင့်စွန်းမှာ ရပ်ရင်း လမ်းတွေကို ကြည့်နေမိတယ်။ သိမ်ဖြူလမ်းက ကန့်လန့်ဖြတ် ဖြတ်သွားပြီး ဟိုးအောက်ဘက် ကုန်သည်လမ်း၊ ကမ်းနားလမ်း…။ အပေါ်ဘက်မှာ အနော်ရထာ၊ ပြီးတော့…။ လမ်းတွေကို ကြည့်ရင်း သွားစရာမရှိဘူး။ ဘယ်ကို သွားရမှန်းလည်း မသိ။ ဘယ်ကမှလည်း ဖိတ်ခေါ်၊ ချိန်းဆိုမှု မရှိ။ လမ်းတွေဟာ ကိုယ့်အတွက် မဟုတ်သလိုပဲ။ နောက်ဆုံးတော့ ရှေ့တည့်တည့်မှာမြင်နေရတဲ့ ကျွန်တော် ကပ်ကပ်ပြီးကျော်နေကျ စေတီတစ်ဆူဆီ ဦးတည်လိုက်တယ်။ အဲဒီနေရာဟာ ကျွန်တော့်ကို မဖိတ်ကြားပေမဲ့ မငြင်းဆန်ဘူးဆိုတာလည်း အသေချာ သိနေတာကိုး။

ဘုရားပေါ်ရောက်တော့လည်း ဘုရား မရှိခိုးဖြစ်ပါဘူး။ ဦးသုံးကြိမ်တောင် မချဖြစ်ဘူး။ ဒီ့အတွက် ဘယ်သူကမှလည်း အရေးတယူ သတိမထားမိကြပါဘူး။ တန်ဆောင်းတစ်ခုရဲ့ တံစက်မြိတ်အောက်က အုတ်လှေကားထစ်လေးပေါ် ထိုင်ချလိုက်တယ်။ ပြီးတော့ လူတွေကို ကြည့်တယ်။ အမူအကျင့်တွေကို အကဲခတ်ဖို့ ကြိုးစားတယ်။ ဘုရားပေါ်က မြန်မာမှု အနုလက်ရာတွေကို ခံစားကြည့်တယ်။ ဒါပေမဲ့ ဘာတစ်ခုမှ မအောင်မြင်ဘူး။ ဘာမှကို မမြင်ရတာ။ ကိုယ့်ဒုက္ခက ကိုယ့်မျက်လုံးထဲ လာဖုံးနေတာပဲ။ ကိုယ့်အသွေးက ကိုယ့်သွေးထဲ လှည့်ပတ်စီးဆင်းလို့။

ဘုရားပေါ်က ပြန်ဆင်း၊ ခိုတွေကြားက ဖြတ်လျှောက်ပြီး ပန်းခြံဘေးပလက်ဖောင်းအတိုင်း တငေးတမော ပတ်နေမိတယ်။ ပန်းခြံဆိုပေမဲ့ ရုက္ခပန်းတွေ မတွေ့ရဘဲ မနုဿတွေရဲ့ ပန်းပွင့်တွေသာ ဟိုချုံဒီချုံတွေမှာ အစီအရီ ပွင့်လို့ပေါ့။ ကောင်မလေးကို သတိရလိုက်တယ်။ ကျွန်တော်နှစ်

ယောက် ပန်းပွင့်လေးတွေ နွမ်းကြေနေပြီလား။

ရေတမာပင် အုတ်ခုံတွေပေါ် လက်ဖဝါးတွေ တန်းစီလို့ပါလား။ အနာဂတ်မှာ ဘာဖြစ်မယ်ဆိုတာထက် ကျွန်တော့်မှာ အနာဂတ်ရှိ၊ မရှိဆိုတာတော့ အပူတပြင်းကို သိချင်နေမိရဲ့။ အရိုးသားဆုံး ဥပမိရှင်ကို ရွေးပြီး 'ဘယ်လောက်လဲ' ဆိုတော့ 'လက္ခဏာလား၊ ဗေဒင်လား' တဲ့။ 'လက္ခဏာပါ' ဆိုတော့ 'ရိုးရိုးလား၊ ရှယ်လား' တဲ့။ ဟားဟားဟား။ ဗေဒင်ဆရာ မကြားလိုက်ပါဘူး။ စိတ်ထဲက ရယ်လိုက်တာလေ။ လက်ဖက်ရည် ရိုးရိုးကိုတောင် အကြွေးသောက်နေတဲ့ကောင်ပဲ။

မိုက်တယ်။ အားတက်စရာပဲ။ ကျွန်တော့်မှာ အနာဂတ် ရှိတယ်တဲ့။ ပြည်ပခရီး ရှိတယ်။ ဂမ္ဘီရကြက်ခြေ ပါတယ်။ အောင်မြင်ရေး လမ်းကြောင်းကြီးက ထောင်မတ်လို့၊ အလံတောင်ပါလိုက်သေးတယ်။ အားလုံး အိုကေပဲ။ အဲ...မအိုကေ တော့တာက ယတြာက စ,တာ။ ပိုကောင်းအောင်ယတြာချေတဲ့။ ယတြာဖိုးက အဆောင်လခ တစ်လစာလောက်ရှိတယ်။ ကျွန်တော် ခေါင်းယမ်းပြီး ပြန်ထွက်ခဲ့တယ်။ အဲဒီတော့မှ ကျွန်တော့်အနာဂတ်မှာ နတ်ဆိုးတွေ ကခုန်နေကြတယ်လို့ လှမ်းပြောတော့တာပဲ။ ဘာထူးမှာလဲ။ ခုလည်း နတ်ဆိုးတွေနဲ့ လမ်းလျှောက်လာနေတာ သူမှမမြင်တာ။ 'ကျွန်တော့်မှာ မနက်ဖြန်တွေရှိတာ သေချာရင် လုံလောက်ပါပြီ ဗျာ' လို့ ပြောခဲ့လိုက်ရသေးတယ်။

ဆူးလေလမ်းအတိုင်း ထောင်တက်ပြီး ဗိုလ်ချုပ်လမ်းအတိုင်း ညာဘက်ကို ပြန်ကွေ့ခဲ့တယ်။ မြို့ကြီးက နေရောင်စူးစူးအောက်မှာ မိုးပြဒယ်ကြီးလို ဆူပွက်စပြုနေပြီ။ စက်အော်သံတွေ၊ လူအော်သံတွေနဲ့ တောနက်ကြီးထဲက အကာလ ညကြီးလိုပဲ။ လူတွေကလည်း လေးဖြူရဲ့ '*အမဲလိုက်အကာ*' ကို ဒါရိုက်တာ မပါ၊ ရီဟာဇယ် မလိုဘဲ သရုပ်ဆောင်နေကြတာ။

ကုလားကားတွေပြတဲ့ ရုပ်ရှင်ရုံပေါ်တီကိုအောက် ရောက်တော့ ဈေးအပေါဆုံး လက်မှတ်တစ်စောင် ဝယ်လိုက်တယ်။ မျက်စပစ်ပြနေတဲ့ ကောင်မလေးတွေကိုတော့ မဝယ်လိုက်ဘူး။ ရုံထဲမှာ လူရှင်းနေပုံက အံ့သြယူရတယ်။ သွင်ရုံလား၊ ဘုရင့်ရုံလား သေချာတောင် သတိမထားမိလိုက်ဘူး။ ဇာတ်ကားကလည်း ကုလားကား၊ စကားလည်း ကုလားလို (အင်္ဂလိပ်လိုဆိုလည်း ကျွန်တော် နားမလည်)၊ ကုလားလို သီချင်းဆို၊ ကုလားလိုက။ အိပ်ပျော်သွားတာ ရုပ်ရှင်ပြီးမှ သိလိုက်ရတယ်။

ခြေထောက်တွေက ကျွန်တော့်ကို သယ်ဆောင်ဖို့ အားတက်သရော ရှိနေကြတုန်းပဲ။ ဒါပေမဲ့ စိတ်က မတက်ကြွချင်တော့ဘူး။ ဘတ်စ်ကားမှတ်တိုင်က မတ်တတ် အအေးဆိုင်လေးမှာ အအေးတစ်ခွက် မတ်တတ် ဝယ်သောက်ပြီး ချည်တိုင်ရှိရာ အရပ်ကို သိနေတဲ့ နွားတစ်ကောင်လိုပြန်လာခဲ့တယ်။

အဆောင်ပြန်ရောက်တော့ လူတစ်ယောက်နဲ့ စာတစ်စောင်က ကျွန်တော့်ကို စောင့်ကြိုနေတာ တွေ့လိုက်ရတယ်။ စာတစ်စောင်က မမလက်ရေးနဲ့ မေမေ့မေတ္တာတွေ။ လူတစ်ယောက်က ကောင်မလေးပေါ့။ အပြာဖျော့ဖျော့ ဂျင်းဘောင်းဘီရှည်နဲ့၊ ဖြောင့်ထားတဲ့ ဆံပင်အရှည်နဲ့။ သံယောဇဉ်တွေတော့ မရှည်နိုင်တော့ဘူးထင်တယ်။ မနွေးထွေးဖြစ်တော့တာလည်းကြာပြီ၊ မတွေ့ဖြစ်တာကြာပြီ။ သူ့မျက်လုံးတွေက သနပ်ခါးချေးတက်နေတဲ့ နားကပ်တစ်ရန်က ကျောက်ပွင့်ကလေးတွေလိုပဲ။ သိပ်မတောက်ပတော့ဘူး။

အဆောင်အောက် ပြန်ဆင်းခဲ့ကြတယ်။ လှေကားထစ်ပေါင်း များစွာမှာ ဖိနပ်သံတွေက လွဲလို့ ဘာသံမှ ထွက်လို့ကို မရဘူး။ ထုံးစံအတိုင်း ကျွန်တော့် ဧည့်ခန်းဟာ ကိုဂျူးဆိုင်ပေါ့။

စားပွဲပုလေးတစ်လုံးသာ ခြားထားပေမဲ့ ကျွန်တော်တို့ကြားမှာ ရေခဲမြစ်တစ်စင်းက ဖြတ်စီးဆင်းနေတယ်။

'မတွေ့တာ ကြာပြီ...' လို့ ကျွန်တော်က ရေခဲမြစ်ကို ဖြတ်ကူးဖို့ စတင် ကြိုးစားလိုက်တယ်။ ရေခဲမြစ်ကို ဖြတ်ကူးသွားတဲ့ စကားလုံးတွေက အေးစက် စိုစွတ်နေတာပေါ့။ ဒီလို စကားလုံးလေးရဖို့ ကျွန်တော့်မှာ အတော် ငင်ယူနေရတယ်။

တကယ်က မပြောချင်တော့လို့ မပြောဘဲထားတဲ့ ပြောချင်တာတွေက ဝေဒနာဂြိုဟ်ကြီးထဲ အပြည့်။ ခုအခြေအနေက ကျွန်တော်တို့ နှစ်ယောက်လုံး အက်ကြောင်းထ,နေတဲ့ မြေအိုးပုတ်လေးနဲ့ ကစားနေရသလို သတိထားကိုင်တွယ်နေရတာ။

'ဘယ်သွားနေတာလဲ'

သူ့အသံကလည်း ရေခဲမြစ်ကို ဖြတ်ကူးလာရတာပါပဲ။

'ဘယ်မှ မသွားဘူး' ဆိုတော့ ကျွတ်ခနဲ တစ်ချက်ညည်းတယ်။

'ဘယ်တွေ ရောက်ခဲ့လဲ'

'ဘယ်ကိုမှ မရောက်ခဲ့ဘူး' ဆိုတော့ ကောင်မလေး ဝုန်းခနဲ ထ,ရပ်တယ်။ ပြီးတော့ ထွက်သွားတယ်။ ကျွန်တော့်ဆီက ကျွန်တော် ထွက်သွားနေတာတောင် မတားဆီးနိုင်တာ။ သွားပေါ့လေ။ အိုးပုတ်လေးက ခုမှ တကယ်ကွဲသွားပြီထင်ရဲ့။ သူ့ကြောင့်လား၊ ကျွန်တော့်ကြောင့်လား။ လွတ်ကျသွားတာလား၊ လွှတ်ချလိုက်တာလား။ လွှတ်ချမိတယ်ဆိုရင်တောင် ကျွန်တော်တို့ နှစ်ယောက်လုံး မမှားကြပါဘူး။

ကျွန်တော့်လက်ထဲ စာတစ်စောင်ပဲ ကျန်ရစ်ခဲ့တယ်။ မမလက်ရေးနဲ့ မေမေ့ရဲ့မေတ္တာတရားတွေ။ ကျွန်တော် ဘယ်လို စာပြန်လိုက်ရမလဲ။ 'သား ဘယ်မှ မရောက်သေးပါဘူး' လို့ ထည့်ရေးလိုက်ရင် နောက်ထပ် အိုးပုတ်လေး တစ်လုံး ခုလိုပဲ ကျ...ကွဲ...သွား...ဦး...မှာ...လား...။ ။

■

**မိုးကျော်ဇင်**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အညိုရောင် သန်းသော မျက်ဆန်ကြောင့် တစ်ခုခု စိုးရွံ့ဟန် လွှမ်းနေတတ်သည့်



# သူ့သစ္စာ

ဆေးဇော

မနှင်းဆီ၏ မျက်လုံး ဝိုင်းကလေးသည် နံရံထက်က အဖြူ အမည်းဓာတ်ပုံ ထဲမှာတော့ အနည်းငယ် တောက်ပသယောင် ထင်ရသည် မခို့တရို အပြုံးရွံ့ရွံ့သည် မနှင်းဆီကို မသိခဲ့သူတွေ အတွက် မြန်မာဆန်ဆန် သွယ်လျ သည့် မျက်နှာကျတွင် လိုက်ဖက် တင့်တယ်သော အပြုံးနုနုသာ ဖြစ်သည်

၁။

ဆိပ်ဖလူး ပန်းရနံ့များ ဝေ့ဝဲကြိုင်လှိုင်နေသော သီတင်းကျွတ်လ၏ အရုဏ်နံနက်ခင်းသည် မိုးရိပ်လေရိပ်ကင်းသဖြင့် သာယာကြည်လင်နေသည်။ အရုဏ်တက်အလင်းရောင် မှုန်ရီရီအောက်တွင် ဖွေးဖွေးဖြူသော ပန်းကလေးများ တဖြုတ်ဖြုတ်ကြွေကျနေသည့် ခြံထောင့်မှ ပန်းပင်ငယ်ကို အိပ်ခန်းပြတင်းဝမှနေ၍ အတန်ကြာအောင် သူငေးမောနေမိသည်။ စူးစူးရှရှမွှေးမြလှသည့် ရာသီစာသည် ပန်းရနံ့ကို ရှူရှိုက်ရတိုင်း တစ်နှစ်တာလုံး တမြည့်မြည့်ရှိသည့် မနှင်းဆီအပေါ် သူ့သတိရစိတ်သည် နှင့်သည်းလာရစမြဲ။ ရန်ကုန်မြေမှာ တွေ့ရခဲ့သည့် သည်ပန်းကလေးတွေက ဘာကြောင့်များ သူ့ခြံထဲမှာမှ ဆိုက်ဆိုက်မြိုက်မြိုက်မွှေးမြနေကြရပါသလဲ။

'ပျော်လိုက်တာ ဖေဖေရေ၊ နှင်းရဲ့ ပန်းကလေးတွေ စပွင့်ပြီရော။ အိုး…ဟိုး အိပ်ရာနိုးတာနဲ့ တစ်အိမ်လုံး မွှေးနေတာပဲကွာ'

အဖြူရောင်အရိပ်ကလေးသည် ပန်းပင်ရှိရာသို့ ပြေးသွားရင်း ပျော်ရွှင်စွာ ခုန်ပေါက်နေတော့ သူ့သက်ပြင်းတစ်ချက် ရှိုက်မိသည်။ အလေ့ကျကြွေသည့် ပန်းတွေနှင့် မတင်းတိမ်စွာ ခြွေယူရန် အလို့ငှာ သွယ်တန်းသော ပန်းပင်ငယ်ကို ကိုင်လှုပ်ရင်း သမီးသည် ပီဘိကလေးငယ်တစ်ယောက်လို ရယ်မောနေသည်။ မနှင်းဆီ၏ သမီးသည် ပန်းပင်ပေါက်ကို အရပ်တစ်ပါးမှ ရန်ကုန်မြေသို့တိုင် သယ်ယူစိုက်ပျိုးသည့်အထိ ထူးထူးခြားခြားပင် သည်ပန်းကလေးတွေကို နှစ်သက်သူ ဖြစ်နေသည်။

'ဆိပ်ဖလူးပန်းကို ကြိုက်လို့ ဒီလို မနက်စောစော မကြောက်မရွံ့ လာကောက်တာတော့ မဟုတ်ပါဘူး ဆရာ။ ဒီပန်းကို ကြိုက်လား၊ မကြိုက်လားတောင် ကိုယ့်ကိုယ်ကို မနှင်းဆီ မသိပါဘူး။ မနှင်းဆီ အမြင်မှာတော့ ဒီပန်းတွေက ပိုက်ဆံတွေပဲ။ ဘွားသီလက အရုဏ်တက်ချိန် ကိုးနဝင်းစေတီတစ်ဆူလုံးကို ဒီပန်းကုံးတွေ ပူဇော်ပေးရင် မနှင်းဆီကို ပိုက်ဆံပေးတယ်လေ'

သူ့ မနှင်းဆီကတော့ ဆိပ်ဖလူးပန်းတွေကို နှစ်သက်ဖို့၊ ချစ်ခင်ဖို့ပင် မသိတတ်နိုင်အောင် အခွင့်အရေး မရှိခဲ့သည့် ဆယ်ကျော်သက် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်လား။ လေတစ်ချက်အဝှေ့မှာ ပိုစူးရှလာသောမွှေးရနံ့ကြောင့် သူ့ရင်ဘတ်ထဲ ဆို့နစ်လို့လာသည်။ အိမ်နှင့် တစ်လမ်းကျော် အရှေ့ဒဂုံ သီရိလက္ခဏာ ကျောင်းတိုက်ဆီမှ အရုဏ်ဆွမ်းကပ် တုံးမောင်းသံ ထွက်လာတော့ သူဘုရားခန်းဆီသို့ ဖြည်းလေးစွာ လှမ်းခဲ့မိသည်။

❑

အညိုရောင်သန်းသော မျက်ဆန်ကြောင့် တစ်ခုခု စိုးရွံ့ဟန် လွှမ်းနေတတ်သည့် မနှင်းဆီ၏ မျက်လုံးဝိုင်းကလေးသည် နံရံထက်က အဖြူ အမည်းဓာတ်ပုံထဲမှာတော့ အနည်းငယ် တောက်ပသယောင် ထင်ရသည်။ မခို့တရို အပြုံးရွံ့ရွံ့သည် မနှင်းဆီကို မသိခဲ့သူတွေအတွက် မြန်မာဆန်ဆန် သွယ်လျသည့် မျက်နှာကျတွင် လိုက်ဖက်တင့်တယ်သော အပြုံးနုနုသာ ဖြစ်သည်။ သတိတရရှိရသည့် သူ့မနက်ခင်းများမှာ ဘုရားခန်းအထွက် နံရံပေါ်က သည်မိန်းကလေး ဓာတ်ပုံကို သူငေးမိတိုင်း သူမကလေး၏ ဘဝတစ်သက်တာ တစ်လျှောက်လုံး ဝံ့ဝံ့စားစားပြုံးရယ်ခဲ့ဖူးပါရဲ့လားဟု အတွေးရောက်လျှင် သူ နာကျင်ရစမြဲ။

'ဖေဖေ…'

သူ့ဘေးမှာ ယှဉ်ရပ်လိုက်သော သားက သူငေးမိနေရာ နံရံပေါ်က ဓာတ်ပုံကို တစ်ချက်မော့ကြည့်သည်။

'ကျွန်တော်မှတ်မိနေတယ်၊ မေမေက ကျွန်တော့်လိုပဲ အညိုရောင်မျက်ဆန်နဲ့ပဲ။ ခွင့်လွှတ်ပါဖေဖေ။ ပြန်ကူးဖို့ သိမ်းထားခဲ့တဲ့ မူရင်းဓာတ်ပုံအဟောင်းကလည်း အဖြူအမည်းပဲဆိုတော့။ ဒါနဲ့ ကျွန်တော်ပဲ အမှတ်မှားခဲ့သလားပဲ။ ငယ်ငယ်က မေမေ့ပုံတူပန်းချီကို ဖေဖေ ဆွဲခဲ့တယ် မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

အပြင်ကလို အညိုရောင်မျက်ဆန်နဲ့ပဲ'

တွေးတွေးဆဆဟန်နှင့် စကားတစ်ဝက်တစ်ပျက်ရပ်ကာ သားက သူ့ကို လှည့်ကြည့်သည်။ မနှင်းဆီ၏ အညိုရောင်မျက်ဆန်သည် မျက်ဝန်းအိမ်ရှည်သော သားထံမှာတော့ ရွှံ့ရော်ညိုးနွမ်းမှုအစား ဆင်ခြင်ဉာဏ်ကြီးသော၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိသော အရိပ်အယောင်နှင့် တောက်ပနေသည်ကို စိတ်ကျေနပ်စဖွယ် သူတွေ့ရသည်။ စကားပြန်မရဘဲ တိတ်ဆိတ်သွားသည့် သူ့အခြေအနေကို ရိပ်မိဟန် သားက စကားလမ်းကြောင်းတစ်ခု ဖျိုးလိုက်သည်။

'ဆောင်းဝင်တာနဲ့ မနှစ်ကပေးခဲ့တဲ့ ကတိကို အကောင်အထည်ဖော်မယ်ဗျာ။ ညီမလေး ကျောင်းအပိတ်ဆို ကျွန်တော့်အလုပ်က မအားနဲ့ ကြန့်ကြာနေလိမ့်မယ်။ ကျွန်တော်နဲ့ ဖေဖေပဲ ခရီးထွက်ကြတာပေါ့'

မိခင်အကြောင်း စကားစပ်မိသည့်ခဏတိုင်းမှာ သားသည် သူ့ဘာသာ ပေးထားသော ကတိတစ်ခုကို သတိတရရှိစမြဲ။

'သွားကြတာပေါ့၊ ဖေဖေလည်း ကျန်းမာနေတုန်း တစ်ခါတစ်ခေါက်တော့ မနှင်းဆီကို ရအောင်သွားကြည့်ချင်သေးတယ်'

သားကို တီးတိုးပြောမိရင်း မနှင်းဆီ၏ ဓာတ်ပုံမှန်သားပေါ်က ဖုန်မှုန့်တွေကို သူ့လက်နှင့် အသာအယာ ပွတ်သပ်ဖယ်ရှားပေးမိသည်။ ၁၉၆၉-၁၉၉၃။ ဓာတ်ပုံအောက်ခြေမှ သား၏ လက်ရေးခပ်သော့သော့။ ငယ်ရွယ်လှသော သူ့မိန်းကလေးသည် သူ့ဘဝထဲက ထွက်သွားခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပါပကော။

❑

၂။

နှစ်ပေါင်း နှစ်ဆယ်ကျော် ခွဲခွာခဲ့ရသည့် မြစ်သာမြစ်ကမ်းက တောင်ကြားမြို့ကလေးသည် အနည်းငယ်ပြောင်းလဲသော အသွေးအရောင်နှင့် သူတို့သားအဖကို ဆီးကြိုနေသည်။ ဟိုစဉ်က စိမ်းမှောင်နေသော တောင်တန်းပေါ်ရှိ တောအုပ်တို့မှာ ကျဲပါးဖြူရော်သော အပင်ပေါက်တို့ တိုးထွက်စဖြင့် အိုမင်းခဲ့ကြပြီ။ ယခုမှဖြတ်ဖူးသော ကြိုးတံတားအောက်တွင် ပို၍ သေးသွယ်ကျဉ်းမြောင်းသွားသော မြစ်သာမြစ်သည် ကမ်းပါးစောက်များအောက်သို့ ရောက်သွားသည်။ ရာသီကြမ်းတိုင်း ပွဲပွဲပါသွားသော လမ်းသားမြေကြောင့် မြစ်ကမ်းနှင့် ယှဉ်လျက် အဝေးပြေးလမ်းသည် သော့ချင်တောင်ခြေမှာ မရအရ တိုးကပ်ကာ ပြားပြားဝပ်နေပြီ။ လူ့လွှတ်ဘဝ၊ အိမ်ထောင်သည်ဘဝဖြင့် စုစုပေါင်း ဆယ်စုနှစ်တစ်စုစာ နေထိုင်ကျွမ်းဝင်ခဲ့ရသည့် ဤမြေကို နင်းမိသည်နှင့် အောက်မေ့သတိရစရာ အတိတ်ကာလသည် သူ့ကို တရေးရေး ရစ်ငင်သည်။ သားအတွက်မူလည်း လူမှန်းသိတတ်စ ငါးနှစ်သားအရွယ်ထိ နေထိုင်ရှင်သန်ခဲ့ဖူးသော မြို့ငယ်ကလေးသည် စိတ်လှုပ်ရှားစရာများ ပြည့်နေသယောင်။ အချိန်နှင့်အမျှ ငွေမှ ငွေအတွက် နေ့ညမနား အလုပ်ရှုပ်နေတတ်သည့် စီးပွားရေးသမား သူ့သားသည် ယခုကဲ့သို့ အချိန်သီးသန့်ယူပြီး ဖခင်နှင့်အတူ ငယ်ငယ်က နေရပ်သို့ ခရီးထွက်ဖို့ စိတ်အားသန်လွန်းခဲ့သည်ကို ဘာကြောင့်လဲဟု တစ်ခွန်းမျှ သူ မမေးမိခဲ့။ သားသည် အရွယ်ငယ်ငယ်မှာ ခွဲခွာခဲ့ရသည့် မိခင်ဖြစ်သူကို လွမ်းဆွတ်နေခဲ့သူလား။

'မေမေလို့ စဉ်းစားကြည့်လိုက်တာနဲ့ ပြုံးရယ်နေတဲ့ မေမေ့မျက်နှာကို အရင်မမြင်ရတာ ဝမ်းနည်းဖို့ကောင်းတယ် ဖေဖေ၊ ကျွန်တော်မှတ်မိတာက ငယ်ငယ်တုန်းက မိုးရာသီတိုင်း ကျွန်တော် အဖျားကြီးခဲ့ရင် မေမေက တုန်တုန်လှုပ်လှုပ်နဲ့ အမြဲ ငိုတတ်တာကိုပဲ။ ကျွန်တော့်တစ်ကိုယ်လုံးကို ခေါင်းအစ၊ ခြေအဆုံး တစမ်းစမ်းနဲ့ မေမေ ငိုတာကြည့်ပြီး ကျွန်တော် ဖျားရမှာ သိပ်စိတ်ညစ်ခဲ့တာပေါ့'

ဒီဇင်ဘာ ကျောင်းပိတ်ရက်ဖြစ်၍ တိတ်ဆိတ်နေသည့် မူလတန်းကျောင်းဝန်းထောင့်က အိမ်ငယ်လေးရှေ့မှာ ခြေစုံရပ်မိကြသည်နှင့် သားက ခပ်ဖွဖွ အပြုံးတစ်ချက်နှင့် စကားစ,သည်။ သူ မူလတန်း ကျောင်းအုပ်ဘဝ ကနေခဲ့သော ရေဝင်ရပ် ခြေတံရှည်အိမ်ကလေးသည် သားနှင့် သမီးကို မွေးဖွားခဲ့ရာ သူနှင့် မနှင်းဆီ၏ အိမ်ဂေဟာလေး ဖြစ်ခဲ့သည်။

'မေမေဆုံးတာ အသက် နှစ်ဆယ့်လေးနှစ်ဆိုတော့ သိပ်ငယ်လွန်းသေးတာပဲနော်။ လူ့လောကမှာ ကျွန်တော်ရဲ့ အခု နှစ်ဆယ့်ခုနစ်နှစ်အရွယ်ထိတောင် မနေသွားရတဲ့ မေမေ့ကို သတိရတိုင်း ကျွန်တော်က ပိုက်ဆံကို အသည်းအသန်ရှာတတ်သူ ဖြစ်လာခဲ့သလားပဲ ဖေဖေ'

သူ့စကားသူ သဘောကျဟန် ခြောက်ကပ်ကပ်ရယ်လိုက်သော သား၏ ပခုံးကို သူ တစ်ချက် ဖွဖွပုတ်လိုက်မိသည်။ အသက် နှစ်ဆယ့်နှစ်နှစ်သားကတည်းက သားသည် သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တောင်ကိုးရီးယားရှိ လစာကောင်းလှသည့် ဓာတုစက်ရုံတစ်ခုမှာ လေးနှစ်ခန့် ကြိုးစားငွေရှာခဲ့ပြီး အခုတော့ ရန်ကုန်မြို့ရှိ အမြတ်အစွန်း ရနိုင်မည့် လုပ်ငန်း သုံး,လေးမျိုးထိ လူအား၊ ငွေအားနှင့် သူကပင် တားယူရသည့်ထိ အလုပ်ကြိုးစားသူဖြစ်သည်။ ဓာတုစက်ရုံမှာ နှစ်ကာလကြာရှည် မျက်နှာဖုံးစွပ်နှင့် အလုပ်လုပ်ခဲ့ရသဖြင့် မြန်မာနိုင်ငံ ပြန်ရောက်စက မျက်နှာအသား အရောင်ပင် အဖြူရောင် အနီရောင်ရောနေသည်အထိ အရပ်တစ်ပါးမှာ ပင်ပန်းခဲ့သည့်သားကို ကြည့်ပြီး သူ စိတ်ထိခိုက်ခဲ့ရသည်ကို ပြန်သတိရမိသည်။

'စိတ်မကောင်းမဖြစ်ပါနဲ့ ဖေဖေရ၊ ဒါက အပေါ်ယံအသားအရောင်မှာပဲဖြစ်တာ။ မကြာခင် အရောင်ညီသွားမှာပါ။ အချိန်မရွေး အသက်အန္တရာယ်နီးမှန်း သိပေမဲ့ အချိန်တိုတိုနဲ့ ငွေများများရနိုင်မယ့် လုပ်ငန်းခွင်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်ရွေးခဲ့တာကိုး။ ကြိုမပြောမိတာ ခွင့်လွှတ်ပါဖေဖေ။ ခုတော့ ကျွန်တော်ဖြစ်ချင်တဲ့အတိုင်း ဖေဖေနဲ့ ညီမလေးဆီ မြန်မြန်ပြန်နိုင်ခဲ့တာပဲလေ'

ညီမငယ်နှင့် ဖခင်အပေါ် ငဲ့ညှာတတ်သော သူ့သားသည် သည်ခရီးမှာ သိလာနိုင်သည့် သူ့ထိမ်ဝှက်မှုတစ်ခုအတွက် သူ့အပေါ် မည်သို့သဘောထား ရှိမည်လဲဟု စဉ်းစားမိတော့ ရုတ်တရက် သူ စိတ်လှုပ်ရှားသွားမိသည်။ သား နားလည်ပေးနိုင်လိမ့်မည်ဟုတော့ သူ မျှော်လင့်ချင်ပါသည်။

တည်းအိမ်မှသူ့မိတ်ဆွေ၏သားကြီးက မြို့တစ်ပတ်လိုက်ပြဖို့ဟု သားကို လာခေါ်သွားတော့ သူ တစ်ယောက်တည်း ပန်းရောင်စုံပွင့်နေသည့် ကျောင်းဝန်းထဲမှာ ကျန်နေခဲ့သည်။ ခြေတံရှည်အိမ်ကလေး၏ ခြေရင်းဘက်မှာရှိခဲ့သည့် ဆိပ်ဖလူးပန်းပင်မှာ ငှတ်တိုပင် မကျန်အောင် ပျောက်ဆုံးခဲ့ပြီ။ ခေါင်းရင်းခြံထောင့်က ပုန်းညက်ပင်ပျိုသည် ယခုတော့ အကိုင်းတချို့ ခြောက်သွေ့နေအောင် အိုမင်းလှပြီ။ နှစ်များစွာ လွန်ခဲ့ပြီပဲ။ လူနေအိမ်တချို့နှင့် ဝါးလုံးတန်းထိုးကာ စည်းဖြစ်ရုံခြားထားသည့် ကျောင်းဝန်းအနောက်ဘက်မှ ထွက်ကာ မြစ်သာမြစ်ကမ်းစပ်ဘက်သို့ ကုန်းကမူ အတိုင်း သူ တဖြည်းဖြည်းဆင်းလာခဲ့သည်။ ကုန်းကမူ ဆင်ခြေလျှောတစ်လျှောက် လမ်းတစ်ဖက်စီမှာ ကမ်းစပ်လွင်ပြင်တိုင်အောင် တပြန့်တပြူး

နေကြာခင်းများသည် ကျနေရောင်အောက်မှာ လေအသွေးအလိုက် ခပ်ယိမ်းယိမ်း တိမ်းပွေ့စွာ မပြောင်းမလဲ လှနေကြဆဲ။ မြစ်ပြင်ကို ဖြတ်လာသော လေနှင့်အတူ ပါလာသည့် ကိုင်းပင်များ၊ သစ်ရွက်များ၏လတ်ဆတ်သည့် စိမ်းစိုရနံ့သည် သူ့ကို တဒင်္ဂလန်းဆန်းသွားစေသည်။

ဆောင်းညနေ မြစ်ဆိပ်သည် ရေချိုးသူ တစ်ဦးစ၊ နှစ်ဦးစဖြင့် တိတ်ဆိတ်နေသည်။ သူနှင့် ခပ်လှမ်းလှမ်းရှိ သစ်စက်သို့ သွားရာလမ်းတွင် ရေပုံးကို ရွက်လျက် စကားအလုအယက် ဆိုနေသော မိန်းမငယ်သုံးဦး၏ အသံက ညံဝေလျက်။

အဝါရောင် နေကြာများ တစ်ဖက်တစ်ချက်ရံထားသည့် သည်ရေခပ်လမ်းမှာများ မနှင်းဆီကို သူ စ,တွေ့ခဲ့လေသလား။ သူ့ဝန်းကျင် နေရာအနှံ့မှာ မနှင်းဆီကို မြင်တွေ့နေခဲ့ရတာ နှစ်များစွာဖြစ်၍ မနှင်းဆီအား သူ စ,မြင်ဖူးခဲ့ချိန်ကို အမှတ်တမဲ့ ပြန်စဉ်းစားမရ ဖြစ်နေသည်။ မြို့စွန်သော့ချင်တောင်ခြေထိ ပြေးလွှား လှုပ်ရှားတတ်သည့် သူ့အားကစားလုပ်ပြီး ပြန်လာချိန် မနက်ဝေရီရီမှာ ကျောင်းထဲက ဆိပ်ဖလူးပန်းကြွေတွေကို မနှင်းဆီ လာကောက်ခဲ့ချိန်ကလား။ သူတို့ ဘီးစမ်းကျောင်းရှေ့ရှိ မြို့သစ်ဖြတ်လမ်းထဲမှ ထင်းစည်းကိုရွက်ကာ ပေါင်မုန့်ဖိုသို့ မနှင်းဆီ

သွားခဲ့ချိန်ကလား။ သူတို့ကျောင်းဝန်းထဲက ရေဝယ်သုံးတတ်သော ဝန်ထမ်းအိမ်များသို့ မနှင်းဆီ ရေလာပို့တတ်သည့် အချိန်ကလား။

သူ့ကိုမြင်တိုင်း မျက်လုံးရွဲများနှင့် တစ်ချက်မော့ကြည့်ပြီး ငုံ့လျှိုးသွားတတ်သော နွမ်းပါးပါး မိန်းမပျိုလေးကို နေ့စဉ်နီးပါး မြင်တွေ့နေခဲ့သည့် နှစ်ကာလပေါင်းများစွာပေမဲ့ ရုတ်တရက် မြတ်နိုးတပ်မက်ခဲ့ရသည့် သူ့တစ်ညနေကိုတော့ သူ့မှတ်ဉာဏ်မှာ စွဲနေသည်။ မပြေပြစ်သော ကုန်းကမူ သည်ရေခပ်လမ်းမှာ ရွက်လာသည့် ရေပုံးချိုင့်ဝင်သွားသည်ထိ မနှင်းဆီ ချော်လဲခဲ့သည့် တစ်ညနေက သည်နေ့ကဲ့သို့ လေပြည်သော့သော့နှင်သည့် ဆောင်းတစ်ညနေမှာ ဖြစ်သည်။

'မိန်းကလေး ရရဲ့လား'

အပြေးအလွှား သူဆွဲထူတော့ နာကျင်တာနှင့် ရှက်တာရောပြီး ဆယ်ကျော်သက်မိန်းကလေးငယ်သည် မျက်နှာတွတ်တွတ်ရဲလျက်။ လက်ကျန်ရေတွေသွန်ပြီး ရေပုံးကိုဆွဲကာ နေကြာခင်းတွေကြား သူမကလေး အပြေးတစ်ပိုင်းထွက်သွားခဲ့သည်ကို သူ အကြာကြီး ငေးကြည့်နေခဲ့မိသည်။ ရွှေအိုရောင်ကျနေအသွေးနှင့် နေကြာဝါဝါများကြားမှာ ရေစိုရွဲနေသည့် နုပျိုသန့်စွမ်းသော လုံမငယ်သည် ထိုညနေက သူ့ပန်းချီကားထဲသို့သာ ရောက်လာခဲ့သည် ထင်ခဲ့ပေမဲ့ သူ့ဘဝထဲကိုပါ သူမကလေး တိုးလျှိုးပေါက်ဝင်ရောက်လာခဲ့သည်။

❑

'လူတွေက မနှင်းဆီကို သိပ်ကံကောင်းတယ်တဲ့။ အစ်ကို့လိုလူက မနှင်းဆီကို အမေ့ဆီမှာ တောင်းရမ်းလက်ထပ်ယူတော့ မယုံနိုင်ကြဘူးတဲ့။ မနှင်းဆီ ကိုယ်တိုင်လဲ ဒီလိုပါပဲ အစ်ကိုရယ်။ ဘွားသီလနဲ့ အမေတို့ဆုံးမခဲ့သလို တစ်သက်လုံး အစ်ကို့ကို ကျေးဇူးရှင်တစ်ယောက်လို ပြုစုစောင့်ရှောက်ပါ့မယ်'

သူတို့ မင်္ဂလာဦးညက စကားတန်ဆာ မဆင်တတ်သော မိန်းကလေး၏ မျက်ရည်တဝဲဝဲ အပြောမှာ သူ ရယ်မောခဲ့ရသေးသည်။

'သူတို့ တိုက်တွန်းလို့ ဆိုတာထက် ကိုယ့်ထက် ဆယ်နှစ်လောက်ကြီးတဲ့ ချစ်သူလည်းမဟုတ်တဲ့ လူတစ်ယောက်နဲ့ ရုတ်တရက် လက်ထပ်လိုက်ရတဲ့ မနှင်းဆီရဲ့ သဘောထားကို အစ်ကိုက သိချင်တာ'

သူမ လက်နှစ်ဖက်ကို ဆုပ်ခြေရင်း မိန်းကလေးသည် ပြောသင့်၊ မပြောသင့် ဆုံးဖြတ်ရဟန် တွန့်ဆုတ်နေခဲ့သေးသည်။

'ဆရာက…အဲ့ အစ်ကိုက မနှင်းဆီ မော့မကြည့်ရဲခဲ့တဲ့သူ မဟုတ်လား။ ကိုယ့်ရပ်ရွာမဟုတ်တဲ့ ဒီအရပ်မှာ မနှင်းဆီတို့ သားအမိက တစ်ဝမ်းတစ်ခါးအတွက် ကြုံရာအလုပ်လုပ် ရပ်တည်ရသူတွေပါ။ အိမ်ဘေး သီလရှင်ကျောင်းက ဘွားသီလ စောင့်ရှောက်ပေးလို့သာ အရွယ်ရောက်လာတဲ့ မနှင်းဆီအတွက် အမေ့ပူပန်မှု နည်းနည်း လျော့နိုင်ခဲ့အောင်ထိ



www.burmeseclassic.com

www.burmeseclassic.com

မနှင်းဆီဘဝက အကာ အကွယ်မဲ့ပါတယ်။ ဒီလို အခြေအနေနဲ့ ဘာဖြစ်ရကောင်းစေရဲ့ မတွေးနိုင်တဲ့ဘဝမှာ နေဖို့၊ စားဖို့ မပူရမှာတစ်ခုနဲ့ကို အစ်ကို့ကို လက်ထပ်ဖို့ မနှင်းဆီက ဝမ်းသာရသူပါ။ ပြီးတော့ ဆရာ စိုးမြင့် အမျိုးသမီးက ပြောခဲ့တယ်။ အစ်ကိုက ဇာတိ မုံရွာနယ်မှာ ချမ်းသာတဲ့ မိဘတွေလည်း ရှိတယ်ဆို'

ပွင့်လင်းချက်ကျလှသည့် မျှော်ကိုးမှုအပြည့် မိန်းကလေး၏ စကားမှာ သူ သဘောတကျ ရယ်မောခဲ့မိသေးသည်။ ချမ်းသာတဲ့ မိဘ။ သူ့ဘဝတစ်လျှောက်လုံးမှာ အဆင်မပြေဆုံးစကားလုံးကိုမှ မနှင်းဆီက ဘဝနှင့်ယှဉ်ပြီး အထင်ကြီးခဲ့သည်တဲ့။

ထိုနေ့က မတွေ့ရတာကြာသည့် ငွေရှာတော်သည်ဟူသော မိခင်ကိုပင် ရုတ်တရက် သူ သတိရခဲ့ရသေးသည်။

'အမေကိုများ အရင်းရှင်ဆန်သလေး၊ ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ်တွေ လာမပြောနဲ့။ မအေ ဒီလိုရှာတဲ့ ငွေနဲ့ပဲ မင်းတို့မောင်နှမ သုံးယောက် ဘွဲ့ရပညာတတ် ဖြစ်ခဲ့တာ။ စီးပွားရေးကို စီးပွားရေးလို မတွေးတတ်၊ မလုပ်တတ်ရင် ဘယ်တော့မှ လူမွေးလူတောင် မပြောင်ဘူးမှတ်။ အခုကိစ္စမှာ ငါက မတရားလုပ်တယ် မခံစားရဘူး။ သူတို့သဘောတူလို့ ထွက်သမျှပဲ ငါတို့ပွဲရုံကိုသာရောင်းပေးမယ်ဆိုပြီး နှစ်ဖက်သဘောတူတဲ့ဈေးနဲ့ ဖြတ်ခဲ့တာ၊ ငွေကြိုယူသွားကြတာ။ သီးနှံရမှ တက်ဈေးပေးတဲ့ဆိုရိုးရောင်းလို့ ငွေအကုန်ခံ တရားစွဲပစ်တာ ဘယ်နေရာက ငါမှားလို့ ငါ့သားဖြစ်ရတာ ရှက်တယ် ပြောရသလဲ။ မိမိကြီးတို့က မရှိရင်လာတောင်း၊ နိုင်သမျှ စွန့်ကြဲလိုက်မယ်။ ဒီလို လူလည်ကျတာကို သိပ်ခက်ခဲလွန်းလို့ နည်းနည်းလုပ်မိပါတယ်လို့ မျက်ရည်ခံမထိုးနဲ့။ တစ်သက်လုံး ဒီကြိုပေး လုပ်စားလာတာ တစ်ယောက်မှ ခွင့်လွှတ်မပေးခဲ့ဘူး နောင်ကြဉ်အောင်ကို လုပ်ပြမှာ'

သူ့သိတတ်သည့် အချိန်ကတည်းက မိခင်နှင့် သူတို့ပွဲရုံ ကျေးဇူးစား တောင်သူဆင်းရဲတို့၏ ပဋိပက္ခကြားမှာ စိတ်နှလုံး မသာယာနိုင်သမျှ အိမ်မပျော်နိုင်သည့် သားတစ်ယောက်အဖြစ်သာ ကြီးပြင်းလာရသည်။ မြင်တွေ့ရသည့် ငွေကြေးပြဿနာများကြားမှာ အညှာအတာမဲ့စွာ မိခင်ချစ်သည့် ပိုက်ဆံသည် သူ့အတွက် ရွံမုန်းစရာသာ ဖြစ်ခဲ့သည်။

သူ့ဘဝတစ်လျှောက်လုံးမှာ မည်သည့်အရာကြောင့်မျှ သူ့ လွတ်လပ်ရှင်းသန့်စိတ်နှလုံးသည် ငွေကြေး၏ လက်ဝေခံ မဖြစ်စေရဟု ခံယူရင်း တစ်ဝမ်းတစ်ခါး မပူရရုံ ကျောင်းဆရာလစာ၊ သူ့စိတ်မွေ့ပျော်ရာ ပန်းချီဝါသနာနှင့် အဝေးပျော်ငှက် သူ့အတွက် ငွေကြေးအပေါ် ချစ်ခင်အားကိုးသည့် ဇနီးသည်ကို ပိုင်ဆိုင်ရသည်ကတော့ လောက၏ အထေ့အငေါ့တစ်ခုသာဟု သူ ပြုံးမိရတော့သည်။

'အစ်ကို့ခွန် အစ်ကို့အားနဲ့ မနှင်းဆီ ဘဝတစ်လျှောက်လုံး မကြောင့်မကြရှိအောင် ကြိုးစားပေးမယ်ဆို လုံလောက်တယ်မဟုတ်လား မနှင်းဆီ'

ရွံ့သော အပြုံးကလေးနှင့် သူ့စကားအပေါ် နားမလည်ခြင်း တစ်ဝက်ရှိခဲ့သော မနှင်းဆီကို ဖြေရှင်းပြရ ခက်နေသော သူ့အတွက် သူ့မိခင် ပို့လိုက်သော စာတစ်စောင်က အရာရာကို ရှင်းလင်းစေခဲ့သည်။

'မနှင်းဆီလို အခြေအမြစ်မရှိတဲ့ ပေါက်လွှတ်ပဲစား မိန်းကလေးကို မိဘတောင် အသိမပေးနိုင်အောင် ပေါင်းသင်းနေပြီးမှတော့ အမေလို့ သတ်မှတ်စရာ မလိုတော့ဘူး။ လာမပတ်သက်ကြနဲ့တဲ့။ အစ်ကို့အမေက ရက်စက်လိုက်တာ'

သူ့နာမည်နှင့် ရောက်လာသည့် စာတစ်စောင်ကို အလျင်စလို ဖောက်ဖတ်ရအောင်ထိ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေနှင့် မနီးစပ်သော ထိုမိန်းကလေးကို စိတ်မဆိုးနိုင်အားဘဲ သူ အသနားပိုခဲ့ရသည်။

'အစ်ကို့အမေနဲ့ အစ်ကိုက အစကတည်းက အဆင်မပြေနေတာပါ မနှင်းဆီ။ ဒီစိတ်အခံကြောင့် အမေက ရေးလိုက်တာပါ စိတ်ထဲမထားပါနဲ့။ သားအငယ်ဆုံးဖြစ်တဲ့ အစ်ကို့ကို အမေက သူ့အနီးနား ပွဲရုံလုပ်ငန်းထဲဝင်လုပ်စေချင်ခဲ့တာ။ အစ်ကိုက ပန်းချီကျောင်းတက်တယ်။ ဆရာဖြစ်သင်တက်တယ်။ ကိုယ့်ဝါသနာအတိုင်း စိတ်ရှိသလို နေခဲ့တာ နှစ်မနည်းဘူးလေ။ အမေက သိပ်စိတ်ပျက်နေခဲ့တာပေါ့'

လွတ်လပ်သော သူ့ဘဝစိတ်အတွေးတွေကို ပြောင်းလဲပစ်ရင်း မနှင်းဆီနှင့် တည်ဆောက်ယူခဲ့သည့် မိသားစုဘဝအတွက် မမောမပန်းနိုင်စွာ ဘဝကို အလျှားကူးခဲ့သည့် သူ့ကာလများပင်။ ထောင်ဂဏန်းမျှ လစာမှာ သား၊ သမီးငယ်ပေါက်စနှင့် ကသီလင်တ ရှိသမျှ သူ အပတ်တကုတ် ကြိုးစားခဲ့ရသည်။ မိတ်ဆွေ လမ်းအင်ဂျင်နီယာ အကူအညီဖြင့် ကျောင်းပိတ်ရက်တိုင်း အဝေးပြေး လမ်းတစ်လျှောက်ရှိ ဗိုလ်တဲများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှာ အခစား ဆေးသုတ်သည့်အလုပ်အတွက် သူ့ချစ်သည့် ပန်းချီစုတ်တံတွေကိုလည်း လွှတ်ချခဲ့ရသည်။ ရက်ရှည်ခရီးအတွက် သူ့အိမ်မှခွာလျှင် မနှင်းဆီမှာ ငြိုးငယ်သော မျက်နှာနှင့် နှုတ်ဆက် ကျန်ရစ်တတ်သည်။ မွေးကင်းစကတည်းက ချူချာသည့် သားကြီးအတွက် မနှင်းဆီ အမြဲ ရတက်ပွေရသလို ခရီးတစ်ခါထွက်တိုင်း သူ့မှာ စိတ်ထင့်ရစမြဲ။

'ဒီတစ်ခါ အစ်ကိုသွားရင် မနှင်းဆီကို ပိုက်ဆံပိုပေးခဲ့ပါဦး။ အရင်တစ်ပတ် သားက ကောက်ကာငင်ကာ အဖျားကြီးတော့ ငွေပိုကလည်း မကျန်နဲ့ ဆေးခန်းသွားဖို့ ပူလိုက်ရတာ။ ဆရာစိုးကတော် ကူညီပေးလို့သာပဲ။ မနှင်းဆီ ကြောက်တယ် အစ်ကို။ အစ်ကိုမရှိတုန်း သား တစ်ခုခုဖြစ်မှာ ကြောက်တယ်။ အဲဒီနေ့ကလေ မနှင်းဆီ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com

က ပိုက်ဆံတစ်ပြားမှ လက်ထဲမရှိလို့ ဆေးရုံမသွားနိုင်ဘဲ အိမ်မှာပဲ အသက်ပျောက်ရတဲ့ အဖေ့ကို သတိရပြီး သိပ်ကြောက်တာပဲ။ သားသာ ဒီလိုဖြစ်ရင် မနှင်းဆီ ရူးရလိမ့်မယ် အစ်ကိုရဲ့'

မင်္ဂလာဦးကာလများဆီက အိမ်ထောင်ရက်သားကျသွားသည့် သမီးကို စိတ်ချစွာ သူ့ထံအပ်ပြီး ဇာတိရပ်ရွာ ပြန်သွားသည့် မိခင်ကို လွမ်း၍ တရှိုက်ရှိုက်ငိုတတ်သော မိန်းကလေးကို အငိုတိတ်လုပြီးအထင်မှာ မှားသွားခဲ့သည်။ သူမလက်ထဲ လုံလောက်သည့်ငွေ မရှိသည်နှင့် ပူပန်တကြီး သောကများတတ်သည့် မိန်းကလေးငယ်မှာ အားကိုးရာ မိခင်လည်း ဝေးခဲ့ပြီဖြစ်၍ သူကသာ နှစ်သိမ့် စောင့်ရှောက်ရင်း စိတ်အေးအောင် ကြံဖန်ပေးရမြဲ။

'အစ်ကို သိရဲ့လား၊ အစ်ကိုသာ မနှင်းဆီကို လက်မထပ်ခဲ့ရင် အခုလောက်ဆို မနှင်းဆီ သီလရှင်ဖြစ်နေပြီ။ အမေက မနှင်းဆီကို အမြဲပြောတယ်လေ။ ငါတို့အမျိုးက ဘုန်းကြီးမျိုး၊ မယ်သီလမျိုးပဲတဲ့။ လောကီကို တိုးဝင်ရင် ကံကောင်းတဲ့သူ ရှားသတဲ့။ အမေလည်း အစ်ကိုဘုန်းကြီး တားတဲ့ကြားက အဖေ့နောက်လိုက် တစ်မြို့တစ်ရွာရောက် မုဆိုးမဘဝနဲ့ ဆင်းရဲရတာပဲတဲ့။ မနှင်းဆီကတော့ အစ်ကိုနဲ့ တွေ့လို့ ကံကောင်းသတဲ့။ အခုတော့ မနှင်းဆီ စိတ်ပူနေပြီ အစ်ကိုရဲ့။ မနှင်းဆီ ကံမကောင်းဘဲ မနှင်းဆီရဲ့ အဆိုးကသာ အစ်ကိုတို့ သားအဖတစ်တွေကို ကူးစက်လေမလားလို့။ ကြည့်ပါဦး၊ အရင်ကဆို ကျောင်းအုပ်ဆရာကြီး ပီပီ ခံ့ခံ့ညားညား နေရတဲ့ အစ်ကိုက မနှင်းဆီနဲ့ရမှ အလုပ်မျိုးစုံနဲ့'

စကား မဆက်နိုင်အောင် တဟင့်ဟင့် ရှိုက်ငိုနေသည့် မနှင်းဆီ၏ ဘဝကလာသည့် ဝေဒနာအရိပ်ဆိုးကို သူက ပေါ့ပေါ့ပါးပါး အရယ်တစ်ချက်နှင့် ဖြေသိမ့်နိုင်မှုသည် ကာလတစ်ခုထိသာ သက်သာရာရခဲ့သည်။

❑

'ပြန်မလိုက်တော့ဘူး အစ်ကို။ အမေ့ရောဂါက ရှေ့လျှောက် ဆေးရုံနဲ့အိမ် ကူးနေရတော့မယ်ထင်တယ်။ အမေ့ကို ဆေးကုဖို့ အသုံးယူထားတဲ့ သူများကြွေးတွေလည်း များနေပြီ။ ပြီးတော့ အချိန်သိပ်နောက်ကျနေပေမဲ့ အစ်ကိုနဲ့ မနှင်းဆီက မတန်တာကြာလေပိုသိလေပဲ အစ်ကိုရဲ့။ စာတတ်ပေတတ် လူချမ်းသာ အစ်ကိုက မနှင်းဆီနဲ့ တွယ်ကပ် ဒုက္ခမခံပါနဲ့တော့။ အစ်ကို့အစ်မ ဆက်သွယ်လာသလို သားနဲ့သမီး ရှေ့ရေးတွေးပြီး အစ်ကို့အိမ်နဲ့ ပြန်ဆက်ဆံပါ။ မနှင်းဆီလည်း မောလှပါပြီ။ တစ်နေ့ တစ်နေ့ သားကြီးကျန်းမာရေးနဲ့ မိသားစု အရေးအတွက် အစ်ကို့လစာ၊ လုပ်အားခတွေ စိတ်ထဲက တွက်ချက် အိပ်မပျော်ရတာတွေ အဆုံးသတ်ချင်ပြီ။ အမေ့အတွက် ထပ်ပြီး အစ်ကို့ကို ဝန်မလေးစေချင်တော့ဘူး။ မနှင်းဆီ ကိုယ့်ဘာသာ ကြံဖန်ပြီး အမေနဲ့ နေခဲ့ပါရစေ'

မိခင် ကျန်းမာရေးကြောင့် လချီအောင် အိမ်နှင့်ဝေးသွားသည့် မနှင်းဆီကို အမြန်သွားခေါ်ပါဟု မနှင်းဆီတို့ ရပ်ရွာဆက် ဘွားသီလ၏ အမှာပါးသံကြောင့် ချင်းတွင်းအထက်ရှိ ရွာငယ်လေးသို့ သူလိုက်သွားတော့ မနှင်းဆီ၏ ထုံပေပေ အေးစက်စက် စကားဆီးကြိုမှုက သူ့ရင်ကို ဆို့စေခဲ့သည်။

စိတ်အစွဲကြီးလှ၊ သိမ်ငယ်စိတ်များလှသည့် သူ့ဇနီးကို စိတ်ရှည်သည်းခံစွာ ချော့မော့ ခေါ်ဆောင်သွားမည့် စိတ်ကူးတို့သည် သတင်းစကား အချို့ကြားမှာ ကွဲအက်ကြေမွခဲ့ရသည်။

'အဲ့ဒီ ကုန်စုံဆိုင် မုဆိုးဖိုကြီးက ဆွေမျိုးနီးစပ်အနေနဲ့ မနှင်းဆီတို့ သားအမိကို ကူညီနေတာမဟုတ်ဘူး။ မနှင်းဆီကို လူလွတ်ထင်ပြီး အကျိုးလိုလို့ ညောင်ရေလောင်းနေတာပဲ'

သူ အရိပ် တကြည့်ကြည့် ကြင်နာခဲ့ရသော မိန်းမငယ်သည် အမှန်တကယ်ပင် အရောင်ပြောင်းလွယ်သည့် လိပ်ပြာရိုင်းတစ်ကောင်မျှသာလား..။

'အခု မနှင်းဆီ ဆုံးဖြတ်လိုက်ပြီဆိုရင် အစ်ကိုတို့ သားအဖအတွက် မနှင်းဆီက သေလူပဲနော်။ အစ်ကို့သားနဲ့ သမီးအတွက် အမေဆိုတာ မိသားစုနဲ့ ဒိုးတူပေါင်ဖက် မရှင်သန်နိုင်လို့ ထွက်ပြေးသွားတဲ့ သူ့ထက်စာရင် သေသွားတဲ့ အမေအဖြစ်ပဲ အစ်ကိုက ဖန်တီးပစ်မှာ။ တစ်သက်လုံး အစ်ကိုတို့ကို ပြန်မတွေ့နိုင်တာ သေချာပြီဆိုရင် မနှင်းဆီကို အစ်ကို ထားခဲ့မယ်'

❑

၃။

ဆယ်စုနှစ်နှစ်စုစာ ကာလအတွင်းမှာ ချင်းတွင်းမြစ်သည် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ အထက်မြစ်ကြောတစ်လျှောက် ကာလကြာရှည် ရွှေကျင်၊ ရွှေတူးလုပ်ငန်းများကြောင့် ယခင်က တောစိမ်းရောင် ထစွာ ကြည်မြသည့် မြစ်ရေအလျဉ်မှာ ဝါညစ်နေသည်။ ယခင်က မြစ်ကြောင်းတစ်လျှောက် ရံထားသည့် စိမ်းမှောင်နေသော တောအုပ်များ တောင်တန်းများ ပျောက်ကွယ်ခဲ့ပြီး နောက်မှာတော့ တောစိမ်းရောင်မြစ်ကို သူ မျှော်လင့်လို့ မရနိုင်တော့ပြီ။ နှစ်နှစ်ဆယ်အတွင်း သဘာဝဝန်းကျင်သည် သိသိသာသာ ယုတ်လျော့ ပျက်ယွင်းသွားပေမဲ့ ဒေသခံ လူမှုဘဝ မြင်ကွင်းတွေက ထူးခြားပြောင်းလဲမသွားသည့် ဒေသန္တရ ရှုခင်းသည် မြို့ပြအရိပ်ခိုနေသည့် သူ့ သားအတွက် ရင်သပ်အံ့ဩစဖွယ် မြင်ကွင်းစိမ်းများပင်။ ခရီးတစ်ထောက်နားသည့် မစိန်ရွာ ဆိပ်ကမ်းအထွက်မှာ ရေပြင်နှင့် လက်တစ်ဝါးသာသာ ကွာတော့သည့် ကုန်းပတ်ယာဉ်ပေါ် ခရီးသည်အပြည့်၊ ကုန်အပြည့်နှင့် အမြန်ရေယာဉ်တစ်စီးက သူတို့ငှားရမ်းလာသည့် စက်လှေကို ဖြတ်ကျော်ဆန်တက်သွားတော့ သားက



www.burmeseclassic.com

www.burmeseclassic.com

အံ့သြတကြီး စုတ်တသပ်သပ် ကြည့်နေသည်။

'မိုးအကုန် ဆောင်းအကူး ဒီလို ရေကြောင်းကျဉ်းချိန်မှာ အစိုးရသင်္ဘောတွေ မပြေးဆွဲနိုင်တော့ ဒီလို ယာဉ်လိုင်းတွေကို အားကိုးရတာပဲ။ ထွက်တဲ့ရက်လည်း ပုံမှန်မရှိတော့ လိုရာရောက်ဖို့ကတော့ ဒီလို လိုက်မှပဲ ဆရာလေးရေ၊ လမ်းပန်းဆက်သွယ်ရေးက ဒီမြစ်ကြောင်းတစ်ခုပဲ အားကိုးရာ ရှိတာကိုး'

သူတို့ စက်လှေဆရာက သား၏ အံ့အားတသင့်ကို သဘောပေါက်ဟန် ရှင်းပြသည်။ ရွာငယ်တန်းများကို ဖြတ်စဉ် မော်တော်ခရီးသည်များကို ဈေးလိုက်ရောင်းသည့် ရေပြင်ကျယ် လှိုင်းလေကြားက ဈေးသည်လှေငယ်တွေကို ကြည့်ပြီး သားက စိတ်မထိန်းနိုင်ဟန် စက်လှေဆရာကို လှည့်ပြောသည်။

'အန္တရာယ် များလိုက်ကြတာဗျာ၊ မြင်ရတာ စိတ်မသက်သာစရာ၊ မတော် ရေထဲပါသွားကြမှ'

သားစကားဆိုရာသို့ စက်လှေဆရာက လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက်ရှိုက်သည်။

'ဒီလိုပါပဲ ဆရာလေးရေ၊ အသက်တစ်ခု မွေးမြူကြဖို့ အသက်တစ်ချောင်းသာ ရင်းနှီးနိုင်ကြတဲ့ ဘဝတွေကိုး'

အတွေးနက်နေပုံဖြင့် မော်တော်ကို တစ်ချက်ငေးနေပြီး စက်လှေပေါင်းမိုးထဲရှိ သူ့နံဘေးသို့ သားရောက်လာသည်။

'မေမေနဲ့ အတူနေရတဲ့ အချိန်တိုလေးမှာ မေမေ့ကြောင့် စွဲနေတဲ့ အသိစိတ်တစ်ခုကို ကျွန်တော်တော့ တစ်သက်လုံး ဖျောက်နိုင်မယ် မထင်ဘူး။ ကျွန်တော့်သူငယ်ချင်းတွေ၊ တစ်ခါတလေ ဖေဖေကပါ ကျွန်တော့်ကို နားမလည်နိုင်အောင် ကျွန်တော်က ငွေကို အရှူးအမူး ရှာတတ်သူလို့ ထင်ခဲ့တယ် မဟုတ်လား။ ဟုတ်တယ် ဖေဖေ။ ကျွန်တော် ပိုက်ဆံတွေ အများကြီး ရှိချင်ခဲ့တယ်။ မေမေ့ကို မှတ်မိသမျှ ပိုက်ဆံ လက်ထဲရှိလို့ ပြုံးရယ်နေချိန် သိပ်နည်းပြီး ငွေမရှိလို့ အမြဲ ပူပန်စိတ်ဆင်းရဲနေတတ်တဲ့ မေမေ့ကိုပဲ ကျွန်တော်က မှတ်မိနေခဲ့တာကိုး။ ဒါကြောင့်လည်း ကျွန်တော်နဲ့ ညီမလေးကို ပစ်သွားတဲ့ မေမေ့ကို စိတ်မနာနိုင်အောင်ကို မေမေလို့ ခေါ်ကြည့်တာနဲ့ မေမေ့ကို သနားစိတ်က အရင်ပေါ်လာရတယ်။ မေမေလည်း စက်လှေဆရာကြီးပြောတဲ့ အသက်တစ်ခုမွေးမြူဖို့ ဒီအသက်တစ်ချောင်းကိုပဲ ရင်းခဲ့ရသူဖြစ်ခဲ့သလားပဲ ဖေဖေ'

စက်လှေဦးမှ တဖွားဖွား လွင့်စဉ်လာသည့် ရေမှုန်ရေမွှားတွေကို ငေးနေသောသားမျက်ဝန်းမှာ ဆွေးမြည့်ရိပ်ကို မြင်ရသည်။ သူကတော့ မမြင်သာတော့အောင် ဟိုးဝေးဝေးမှာ ကျန်ခဲ့သည့် မနှင်းဆီ ထာဝရလဲလျောင်းရာ မစိန်ရွာ အထက်က ခရေမြိုင်အရပ်ဆီသို့ လည်ပြန်ငေးနေမိသည်။

ယမန်နေ့ ညနေ နေရီရီက ခရေမြိုင်ရှိ တောတန်းစပ်တစ်နေရာမှာ မနှင်းဆီကို သူတို့ တွေ့ခဲ့ရသည်။ အရွက်ခြောက်များ မြုပ်လုလု အုတ်ဂူဖြူဖြူသည် ပကတိ သွေ့ခြောက်လျက် ရောက်လာသူကို ဆို့နင့်စေခဲ့သည်။

'သူ့အမေဆုံးတော့ မြို့ကိုတက်ပြီး ဆရာတို့သတင်းကို သူ စနည်းနာခဲ့သေးတယ်။ ကျောင်းဆရာအလုပ်က ထွက်ပြီး မိဘရပ်ထံ ပြန်သွားပြီလို့ ကြားခဲ့တော့ သူ ပျော်ရှာပါတယ်။ ဟုတ်တယ် မနှင်းဆီ ပျော်ခဲ့ပါတယ်။ သူ့သားနဲ့သမီးက ကြေးရတတ်ဆွေမျိုးတွေကြားမှာ အထက်တန်းဘဝမှာ ရှိနေတော့မှာလို့ ဘွားသီလကို ပြောခဲ့တယ်။ ပန်းနာရောဂါအခံရှိတဲ့ သူ့ကို အမှီသဟဲရအောင်လို့ ဘွားသီလကပဲ နားချပြီး သူ့ကို မေတ္တာရှိနေသူနဲ့ အိမ်ထောင်ချပေးလိုက်တာပါ။ ခမျာကလေး ဘဝကို သက်သောင့်သက်သာ နေပါစေတော့ရယ်လို့ တို့များ ဆန္ဒရှိခဲ့ပေမဲ့ အသက်တိုရှာပါတယ်ကွယ်'

*မနှင်းဆီ*

*အသက် (၃၅) နှစ်။*

*၁၉၆၉-၂၀၀၄။*

ဆေးသားပြယ်လုလု အုတ်ဂူကို သားက ဓာတ်ပုံရိုက်ယူခဲ့သည်ကို သူ မတားမိတော့။ ခရေမြိုင်တွင် သားသည် မိခင်၏ အငွေ့ကို ဖမ်းမိဖို့ ကြိုးစားခဲ့သေးသည်။ မနှင်းဆီ၏ မိသားစုထံသို့ သားက သွားရောက် တွေ့ဆုံလိုသည်ကို သူ လိုက်လျောခဲ့ရသည်။

'အင်မတန်အေးဆေးတဲ့ အမျိုးသမီးပါ။ ကျွန်တော့်သား သမီး သုံးယောက်လုံးကလည်း သူ့ကို မိထွေးဆိုတာထက် ပိုပြီး ချစ်ခင်ခဲ့ကြပါတယ်။ တစ်ခုပါပဲ သူ ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားခဲ့သလားဆိုတာတော့ အနီးကပ်ရှိခဲ့တဲ့ ကျွန်တော်လည်း မပြောပြတတ်ဘူး။ ကျွန်တော်နဲ့ အတူရှိခဲ့တဲ့ ဆယ်နှစ်တာကာလမှာ ဘယ်အရာကမှ သူ့ကို လိုက်လိုက်လှဲလှဲ ပျော်နိုင်အောင် မစွမ်းနိုင်သလို ထူးထူးခြားခြားလည်း ဝမ်းနည်း ပူဆွေးတာမျိုး မမြင်ရလို့ ကျွန်တော်တော့ ကျေနပ်ပါတယ်။ အေးလေ၊ အမြဲတစ်ယောက်တည်း ငေးမိငေးရာ တိတ်ဆိတ်လွန်းနေတတ်တဲ့၊ ခံစားချက်သေနေတဲ့ အမျိုးသမီးကိုမှ ကျွန်တော်ကလည်း လက်ထပ်ယူချင်ခဲ့တာကိုး'

ကျေးရွာ ကျန်းမာရေးမှူးတစ်ဦးဖြစ်သည့် စိတ်နှလုံးပြည့်ဝဟန်ရှိသော မနှင်းဆီ၏ အမျိုးသားကို သားကြောင့် မျက်နှာချင်းဆိုင်ရချိန်မှာ သူ တွေးထင်ခဲ့သည်ထက် စိတ်သက်သာရာ ရခဲ့ပါသည်။

'ကျွန်တော်တို့မေမေ့ မိသားစုကို ဝင်တွေ့နိုင်ခဲ့တာ မှန်တယ်လို့ထင်တယ် ဖေဖေ။ အနည်းဆုံးတော့ မေမေ အသက်ရှင်နေတဲ့ ကာလပတ်လုံး သိပ်ခက်ခဲ ပင်ပန်းလွန်းခဲ့သလားလို့ ထင်ရာအတွေးနဲ့ ဝမ်းနည်းရတာမျိုး မရှိတော့ဘူးပေါ့။ ပြီးတော့ ကျွန်တော်တို့ကို ပစ်ထားခဲ့ရပြီးမှတော့ မေမေ စိတ်ထိခိုက်ခံစားရတာနဲ့တန်အောင် မေမေ့ဘဝ သက်သာခွင့်ရခဲ့သေးတာပဲလို့ တွေး



www.burmeseclassic.com

www.burmeseclassic.com

နပ်နိုင်တာပေါ့။ ကျွန်တော် ကြောက်ခဲ့တယ် ဖေဖေ။ မေမေ လူဆင်းရဲ၊ စိတ်ဆင်းရဲနဲ့ ဘဝကို အဆုံးသတ်သွားရတာမျိုးလို့ ကြားရမှာကို'

ခရေမြိုင်သည် လည်ပြန်ငေးနေကြသည့် သူတို့သားအဖ မြင်ကွင်းမှ အစက်အမှုန်တစ်ခုကဲ့သို့ တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသည်အထိ ဝေးကျန်ခဲ့ပြီ။ မကြာမီ နာရီအနည်းငယ်မှာ မြို့ကလေး၏ ဆိပ်ကမ်းသို့ သူတို့စီးနင်းလာသည့် စက်လှေ ဆိုက်ကပ်ပေတော့မည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်က သည်ခရီးစဉ်ကဲ့သို့ ချင်းတွင်းအစုန် ပန်းဝါသင်္ဘောပေါ်မှာ မအောင်မြင်သော အိမ်ထောင်ရေးအတွက် ကွဲအက်သော စိတ်နှလုံးဖြင့် အသိစိတ်ကို ကြိုးစားစုစည်းကာ ငယ်ရွယ်သောသားသမီးတွေဆီ သူအားတင်းပြန်ခဲ့ရသည်။ 'ကြက်မတမ်း ဥမခင်'ဟု နာနာကျင်ကျင် ရေရွတ်ရင်း သူနှင့်အတူပါလာမည့် မိခင်ကို စောင့်မျှော်နေကြသည့် ကံဆိုးသော သူ့ရင်သွေးများအတွက် မျက်ရည်ကျခဲ့ရသည်။ သိတတ်စသားကြီးအတွက် ခရီးသွားရင်း မိခင် ဆုံးပါးခဲ့သည်ဟူသော သတင်းစကားကို လက်ခံနိုင်အောင် ပတ်ဝန်းကျင်ကိုပါ ပြောင်းလဲပစ်ဖို့ သူခင်တွယ်သော အလုပ်ကို စွန့်ခဲ့ရသည်။ အမြတ်တနိုးဆွဲခဲ့သည့် မနှင်းဆီ၏ ပန်းချီကားကို ဖျက်ဆီးပြီး မြစ်သာမြစ်ထဲသို့ သူမ တည်ရှိခဲ့ဖူးသည့် သူ့ဘဝနှင့် အတူတူ မျှောပစ်ခဲ့ရသည့် နာကျင်ရက်စွဲများသည် မနေ့တစ်နေ့ကလို ပြန်အသက်ဝင်လာရသည်။ ယခု အစုန်ခရီးမှာတော့ လောကထဲမှ အမှန်တကယ် ပျောက်ကွယ်သွားသည့် မနှင်းဆီသည် ဝေးလွန်းလှသော ခရေပင်တောတန်းစပ်မှာ ကျန်ရစ်ခဲ့ပြီ။

❑

မြို့အလာခရီးတုန်းက မြင်မြင်သမျှ စိတ်ဝင်တစားစိတ်လှုပ်ရှားနေခဲ့သော သားသည် မြို့အပြန်ခရီး မြစ်သာတံတားပေါ်မှ အရှေ့တောင်ပေါ် မြို့ဦးဘုရားသို့ လှမ်းကန်တော့နေသော သူ့ကို ကားရပ်စောင့်ပေးရင်း တိတ်တဆိတ် ငေးရီနေသည်။

'ကျွန်တော် ရှစ်တန်းနှစ်မှာ ကြီးကြီးရဲ့ နယ်ဘက်က မိတ်ဆွေတစ်ယောက် ပြောသံကတစ်ဆင့် မေမေ မသေခဲ့ဘူး။ သူ့ဇာတိမှာ နောက်အိမ်ထောင်နဲ့ အသက်ရှင်လျက် ရှိနေတယ်လို့ သိသိချင်း သိပ်ငိုခဲ့ရတယ်။ မေမေ့ကို စိတ်နာသလို ကျွန်တော်တို့ကို ညာခဲ့တဲ့ ဖေဖေ့ကိုလည်း စိတ်ဆိုးမိသေးတယ်။ ဖေဖေ့ကို ဖွင့်မေးပစ်ဖို့ ခဏခဏ ကြိုးစားပေမဲ့ မမေးနိုင်ခဲ့ဘူး။ မေမေ့ကြောင့် ဘယ်လောက်တောင်များ ထိခိုက်နာကျင်ခဲ့ရလို့ ဘဝကို သေပစ်ခဲ့ရသလဲလို့ ဖေဖေ့ကို ထပ်စိတ်ဆင်းရဲအောင် မလုပ်ချင်ခဲ့ဘူး။ အဲ့ဒီအချိန်က ဖေဖေ မေမေ့ကို သိပ်စိတ်နာခဲ့မှာပဲနော်'

'စိတ်မနာခဲ့ဘူးလို့ မညာချင်ပါဘူး သားရယ်။ အိမ်ထောင်ဦးစီး တစ်ယောက်အတွက် ပြန်တွေးတိုင်း ကိုယ်တာဝန်မကျေနိုင်မှုရဲ့ အကျိုးဆက်အဖြစ် အမြဲလည်း အရှက်ရခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့ ဒီအချိန်ထိ သားတို့အမေ ဖေဖေ့အပေါ် အမှားလုပ်ခဲ့တယ်၊ ရက်စက်တယ်ရယ်လို့တော့ မမှတ်ယူခဲ့ပါဘူး။ မနှင်းဆီက အပြောနဲ့အလုပ် ညီခဲ့သူပဲ။ သေသေချာချာ တွေးကြည့်ရင် သူ ချစ်နှစ်သက်သူ မဟုတ်ဘဲ ဖေဖေ့ကို သူ့ဘဝနောင်ရေး မပူပန်ရမှာအတွက် လက်ထပ်ပါတယ်လို့ကို သေချာဖွင့်ပြောခဲ့သူပဲ။ အဆုံးသတ်မှာ ဖေဖေကသာ ပေးခဲ့တဲ့ ကတိကို မစောင့်ရှောက်နိုင်အောင် အစွမ်းအစမဲ့သူ ဖြစ်ခဲ့တာကိုး။ ဒါကြောင့်လည်း သားတို့အမေကို အတတ်နိုင်ဆုံး ဂုဏ်တင်ချင်ခဲ့တယ်။ သားသမီးတွေကို ပစ်သွားတဲ့ မိခင်ထက် ပိုဂုဏ်ရှိတဲ့ သေလူပဲလို့ ဘဝထဲမှာ ဆက်မြှုပ်နှံခဲ့မိတယ်'

ဆောင်းလေကြောင့် အေးစက်နေသော သူ့လက်တွေကို သားက ဆုပ်ထွေးရင်း ဝံ့ဝံ့စားစား ပြုံးပြသည်။

'ကျွန်တော် နားလည်ပါတယ် ဖေဖေ။ ဖေဖေ့စိတ်အတွေးကို ငဲ့ညှာမိလို့လည်း ဒီလောက် နှစ်အကြာကြီး ကျွန်တော်ကပဲ ဖေဖေ လက်ခံစေချင်သလို လက်ခံပေးခဲ့ပါတယ်။ ပြီးတော့ ဖေဖေနဲ့ ကျွန်တော်ပဲသိတဲ့ ဒီလျှို့ဝှက်ချက်ကို ကျွန်တော်တို့တစ်သက်၊ ညီမလေး တစ်သက်တော့ ဆက်ထိန်းထားကြမယ်။ အမေ့မေတ္တာကို ရဖို့ လူ့လောကထဲ လာခဲ့ရသူမဟုတ်တဲ့ ညီမလေးကို မေမေနဲ့ ပတ်သက်တဲ့ ဒီဒဏ်ရာ ကင်းဖို့တော့ အခွင့်အရေး ရှိစေချင်တယ် ဖေဖေ'

ဖြစ်တည်ရာ သည်ဘဝမှာ သူ့စိတ်ဖြေသာ ပျော်ရွှင်မှုက သည်လို နှလုံးသားကြီးသည့်သားကို ပိုင်ဆိုင်ခဲ့ရခြင်းပဲဟု သူအထပ်ထပ် လက်ခံလာမိသည်။

'သားကို ဖေဖေ သိပ်ကျေးဇူးတင်တယ်'

သူ့လက်ကို မလွှတ်တမ်းဆုပ်ရင်း မျက်ရည်စို့စို့ သားက ပြုံးရင်း ခေါင်းညိတ်ပြသည်။

ငါးရက်တာ သည်ခရီးမှာ သားသည် မိဘနှစ်ပါး၏ အတိတ်ရုပ်ပုံကို ရတတ်သလောက် သိမ်းဆည်းခဲ့သည်။ သားငယ်စဉ်က သူနှင့်အတူ လိုက်ပါခဲ့ဖူးသည့် ဖခင်ဖြစ်သူ အခစား ဆေးသုတ်ရာ အိန္ဒိယ-မြန်မာ နယ်စပ်လမ်းတစ်လျှောက်က ဗိုလ်တဲကုန်းတွေကို တကူးတက သွားကြည့်ခဲ့သည်တဲ့။

'မနေ့က ငလျင်ပြိုကုန်းထိပ်က ဗိုလ်တဲ အဆောက်အဦကို သွားကြည့်ခဲ့တယ်။ ဖေဖေ ဦးစီး ဆေးသုတ်ခဲ့တဲ့ တန်းလျားရှည်တွေက အတော်အို ဟောင်းနေပြီပေါ့။ ကျွန်တော် မှတ်မိနေတယ်။ ကျွန်တော် ပူဆာလို့ ဖေဖေ ခေါ်ခေါ်လာတဲ့ နောက်ဆုံးလုပ်ငန်းခွင်ပဲ။ ကျွန်တော် အမြဲ ဂုဏ်တယူယူ ကျေနပ်ရတဲ့ ကျောင်းဆရာကြီးအဖေက ကျောင်းမှာ ဆရာ ဆရာမတွေအပေါ် ဩဇာညောင်းတဲ့၊ ကျောင်းသားတွေ ချစ်ကြောက်ရတဲ့သူ မဟုတ်လား။ အဲဒီနေ့ကတော့ သတ်မှတ်ရက်အမီ ဆေးသုတ်တာမပြီးလို့ လမ်းဗိုလ် ရောက်လာပြီး ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တင်ကြိမ်းမောင်းတော့ မျက်နှာမကောင်းဘဲ ငြိမ်နေရတဲ့ ဖေဖေ့ကိုကြည့်ပြီး ကျွန်တော် သိပ်ငိုချင်ခဲ့တာပဲ။ ဖေဖေ့ရှေ့မှာ မငိုချင်လို့ ဗိုလ်တဲနောက် တောတန်းထဲ ပြေးငိုခဲ့ရတာ။ ပြီးတော့ အဲဒီတောစပ်ကနေ လမ်းဗိုလ်ကားကို စိတ်ပြေတဲ့အထိ မြေစိုင်ခဲတွေနဲ့ ပေါက်ပစ်ခဲ့တာ။ နောက်တော့ ဘယ်တော့မှ ဖေဖေအလုပ်လုပ်တဲ့ဆီ လိုက်ဖို့ မပူဆာတော့ဘူး။ ထူးဆန်းတယ် ဖေဖေ။ အဲဒီထက် အဆအများကြီး အဆင်ပြေနေတဲ့ ဒီအချိန်မှာ ကိုယ့်ကားကိုယ်မောင်းပြီး ဒီ ဗိုလ်တဲဟောင်းကို ရောက်တော့လည်း အဲ့ဒီအချိန်တုန်းကအတိုင်း နာကျင်နေရတုန်းပဲ။

'ခုတော့ ဒီနာကျင်ရတာတွေ ထားခဲ့တော့မယ် ဖေဖေ။ တအုံနွေးနွေး သိချင်ခဲ့တဲ့ မေမေ့အတိတ်ကိုလည်း အမှန်အတိုင်း ပြန်ရခဲ့ပြီ။ ကျွန်တော်နဲ့ ညီမလေးအတွက် ဝါသနာကြီးတဲ့ အလုပ်တွေစွန့်ပြီး ငွေကြေးသာအဓိက လုပ်ငန်းတွေကြားမှာ မွန်းကျပ်နေအောင်ထိ ကြိုးစားပေးခဲ့တဲ့ ဖေဖေ့ကို အခု ဖေဖေနေချင်တဲ့ ဘဝနေထိုင်မှုမျိုးနဲ့ ရှေ့လျှောက် နေနိုင်အောင် ကျွန်တော်က စောင့်ရှောက်နိုင်ပြီပဲလေ။ နာကျင်ခဲ့ရတာတွေကို ထားခဲ့ပါတော့မယ်'

ဘဝတစ်လျှောက်လုံး အတိတ်မှာ အကျဉ်းကျသူကသူတစ်ယောက်တည်းရယ်သာဟု ထင်မှတ်ခဲ့သော သူ့ကြောင့် ငယ်ငယ်က သားသည် သူ့အရွယ်၊ သူ့အသိစိတ်နှင့် မမျှသည့် နာကျင်ရိပ်မှ မလွတ်မြောက်နိုင်သူ ဖြစ်ခဲ့ရှာသတဲ့လား။

အနောက်ဘက်တောင်စွယ်ပေါ် နေလုံးကွယ်ပျောက်သွားတော့ မြစ်သာကမ်းနံဘေးက အရောင်ဖျော့ကျသွားသည့် နေကြာဝါဝါများသည် သူတို့နောက်မှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ခဲ့သည်။

❑

၄။

ဆောင်းနှောင်းပြီဖြစ်၍ သူ့ခြံထဲက မိုးရေကြိုက်သော အပင်ငယ်တို့ အရွက်ရော်စပြုပြီ။ လုံးပတ်သေးသွယ် ပန်းပင်ငယ်ကို စည်းရိုးတစ်ခု သေချာခတ်ရင်း ရေပိုက်သွယ်တန်းဖို့ ကြိုးစားနေသော သူ့နောက်ပါးမှာ သမီးက တိတ်တိတ်ကလေး လာရပ်သည်။

'ဒီရက်ပိုင်း ညနေ ညနေဆို နှင်းတို့ဖေဖေက ခြံထဲချည်းပါလားနော်။ ပန်းချီလည်း ဆွဲတာမတွေ့၊ စာအုပ်တွေလည်း မကိုင်နဲ့။ ခရီးက ပြန်လာကတည်းက ဒီပန်းပင်လေးကိုပဲ တစ်နေ့ တစ်နေ့ အရိပ်တကြည့်ကြည့်နဲ့ သိပ်ယုယနေတာ ရိုးကို မရိုးဘူးနော်။ ဆိပ်ဖလူးပန်းကို မြင်ရင် သမီးမေမေကို အောက်မေ့တယ်လို့ အပင်ဝယ်လာခါစက လွတ်ခနဲ ပြောဖူးတယ် မဟုတ်လား။ နှင်း ဖေဖေက သူ့ချစ်သူလေးကို သတိရနေပုံပါလားနော်'

သူ့ကို ကျီစယ်ရင်း အနောက်မှ သိုင်းဖက်ကာ ကလေးတစ်ယောက်လို တခစ်ခစ် ရယ်မောနေသော သမီးကို သူ ချစ်ကြင်နာစွာ ငေးကြည့်မိသည်။ နှစ်နှစ်အရွယ်ကတည်းက မိခင်ရင်ငွေ့ ကင်းခဲ့သည့် သမီးသည် အရိပ်တကြည့်ကြည့် ချစ်ခင်ယုယတတ်သော အစ်ကိုနှင့် ဖခင်ကြောင့်ပင် ပျော်ရွှင်လွယ်၊ ရယ်မောလွယ်သည့် ကြည်ကြည်စင်စင် မိန်းကလေးငယ်အဖြစ် အရွယ်ရောက်လာခဲ့သည်။ တက္ကသိုလ်ဆရာမ ပေါက်စ သမီးသည် မကြာတော့သည် ကာလမှာ ချစ်ကြင်သူနှင့် လက်တွဲဖို့ အစ်ကိုနှင့် ဖခင်၏ ခွင့်ပြုချက်ကို တောင်းယူခဲ့ပြီးပြီ။

'ကိုကို့ထက် အရင် အိမ်ထောင်ပြုလို့ နှင်းကို တကယ် စိတ်ဆိုးမနေပါဘူးနော် ဖေဖေ။ ကိုကိုကတော့ သတိရတိုင်း မေးခွန်းတစ်မျိုးတည်းကို ထပ်ကာထပ်ကာ မေးနေတော့တာပဲ။ ကိုယ်ချစ်လို့ယူမယ့် အိမ်ထောင်ဖက်နဲ့ သေတစ်ပန် သက်တဆုံး သုခ၊ ဒုက္ခ အားလုံးကို စံစား၊ ခံစားနိုင်မှာ ကိုယ့်ကိုယ်ကို သေချာရဲ့လားတဲ့။ ဘယ်လို ကိုကိုမှန်းကို မသိဘူး။ နှင်း ဖြေရတာ မောလှပြီ။ သိလား ဖေဖေ။ နှင်း ယုံကြည်နေတာ တစ်ခုရှိတယ်။ ဖေဖေ့သမီး ဖြစ်နေလို့ကို နှင်းက နှင်းချစ်သူရဲ့ ချစ်ခင်ကြင်နာမှု၊ သစ္စာသိမှုကို အပြည့်အဝ ရလိမ့်မယ်လို့လေ။ နှင်းတို့ဖေဖေဆိုတာ ဘယ်သူမှ မယှဉ်နိုင်အောင် မေမေ့ကို ချစ်တတ်၊ သစ္စာကြီးတတ်ခဲ့သူမဟုတ်လား။ ဖေဖေ့ရဲ့ ဒီမေတ္တာတရား အကျိုးဆက်ကြောင့်ကို ဖေဖေ့သမီး နှင်းက ဘဝတစ်လျှောက်လုံး ကိုယ်ချစ်ရသူရဲ့ ချစ်ခြင်းသစ္စာနဲ့ ပျော်ရွှင်ရဖို့ ကိုယ့်ကိုယ်ကို ယုံကြည်မှု သိပ်ရှိတာပဲ ဖေဖေရဲ့'

မနှင်းဆီ၏ အညိုရောင်မျက်ဝန်းများနှင့် တစ်ဘာသာကွဲစွာ နက်မှောင်ရွှန်းလဲ့သော သမီး၏ မျက်လုံးဝိုင်းလေးတွေကို သူငေးရင်း 'သမီးရယ်…'ဟု ရေရွတ်မိသည်။

လောကအပေါ် ချစ်ခြင်းအပြည့်နှင့် ရွှန်းစိုသော သည်မျက်ဝန်းကလေးတွေသည် ဘဝတစ်သက်တာလုံးမှာ နာကျင်ခြင်း အလျှင်းမဲ့စွာ ပကတိ ကြည်စင်သွားစေဖို့ ယုံကြည်ချက်ရှိအောင် သူ အမှန်စွမ်းဆောင်နိုင်ခဲ့သည်ဆိုလျှင် သည်နေ့၊ သည်အချိန်ထိ မနှင်းဆီအပေါ် တရားသည်လား၊ မတရားသည်လား မသိတတ်နိုင်စွာ သူ့အသက်ရှင် နေထိုင်နေရခြင်း၏ ဘဝအဓိပ္ပာယ်ကို သူ ကျေနပ်နိုင်ခဲ့ပြီ။ နှစ်သိမ့်စိတ်ကို မွေးကာ တလှိုက်လှိုက်ဖြစ်လာသော သူ့ရင်မှာ သူတို့ဘဝထဲမှ စောစီးစွာထွက်ပေးခဲ့ရသည့် မနှင်းဆီကို ပြင်းပြစွာ လွမ်းဆွတ်လာရင်း သမီး၏ ဆံစများပေါ် သူ့မျက်ရည်တစ်စက် ကျသွားသည်။

ပန်းပင်တွေပေါ် ကူးလူးနေသည့် ပုစဉ်းသံ တစီစီကလွဲလျှင် ရုတ်တရက် တိတ်ဆိတ်သွားသော သူတို့ဝန်းကျင်ဝယ် တိမ်ရောင်တောက်သော ချုပ်ညရီသည် လင်းတစ်ခါ၊ မှောင်တစ်လှည့်ခြင့် ဆိုက်ရောက်လာသည်။ ဆည်းဆာချိန်လွန်ခဲ့လေပြီ။ ■

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၂၈၊ မတ်၊ ၂၀၁၇

ဒီလမှာ စိတ်ဝင်စားဖွယ် စာမူတချို့ပါလာသလို ခါတိုင်းလတွေလိုပဲ ဝတ္ထုမှန်း၊ ဆောင်းပါးမှန်း၊ စာတမ်းမှန်း ခွဲရခက်၊ မသဲကွဲတဲ့ စာမူတွေလည်း ပါလာပါတယ်။ ဘာပဲဖြစ်ဖြစ် အားထုတ်မှုတွေကတော့ အရင်ကထက် သပ်ရပ်တဲ့စာမူအများစုကို မွေးဖွားစေတာ အမှန်ပါပဲ။

၁။ *လမ်းလွှဲ*

ထွန်းလင်းဇော်

ပြောချင်တာကို အဖွဲ့အနွဲ့၊ အခင်းအကျင်း သိပ်မရှိဘဲ ဆောင်းပါးဆန်ဆန် ရေးသားထားတဲ့စာမူ ဖြစ်ပါတယ်။

၂။ *ဂတိ*

ဆည်းဆာသစ်

'ကတိ' လို့ စာလုံးပေါင်းရမှာ ဖြစ်ပါတယ်။ ရိုးစင်းတဲ့ မိသားစုမေတ္တာဘွဲ့ဖြစ်ပြီး တင်ပြပုံလည်း ထူးခြားမှု မရှိပါဘူး။

၃။ *သည်မိုးသည်လေ*

သင်းအောင်သန်း

တစ်စီစာကုံးနဲ့ ဆောင်းပါးကြားက အရေးအသားမျိုး တည်လာပြီးမှ အဆုံးသတ်မှာ စကားပြောနဲ့ နိဂုံးချုပ်ထားပြန်ပါတယ်။ ဖြစ်နိုင်ရင် ဝတ္ထုများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားစေချင်ပါတယ်။

၄။ *ရက်စက်တတ်သော အိပ်မက်တွေ*

၅။ *အိမ်ထောင်တစ်ခုကလေးတစ်ယောက်*

ဆူးစိမ်း

ရက်စက်တတ်သော အိပ်မက်တွေ မှာ ဝါကျတည်ဆောက်ပုံတွေကို ထူးခြားအောင် ကြိုးစားထားတာ တွေ့ရပေမဲ့ အလင်္ကာမမြောက်၊ ရသမပီဘဲ အနက်အဓိပ္ပာယ်တောင် ဝေဝါးသွားရတဲ့ အားထုတ်မှုမျိုး ဖြစ်နေပါတယ်။ အတွေးရှင်းမှ အရေးရှင်းမယ်လို့ ဆိုရိုးစကားရှိပါတယ်။ ဒီစာမူတစ်ပုဒ်လုံးဟာ အတွေးမရှင်းတဲ့အတွက် ပြေပြစ်မှု၊ စုစည်းမှုမရှိဘဲ အားနည်းနေပါတယ်။ အိမ်ထောင်တစ်ခု ကလေးတစ်ယောက် လို့ပုဒ်ခြားပြီး ရေးသားမှု ရေးထုံးအမှန် ဖြစ်ပါတယ်။ ဘိုးတော်တစ်ယောက်အကြောင်းရေးထားပေမဲ့ ဇာတ်ကြောင်းပြောနည်းကိုသာ သုံးထားပြီး ထူးခြားမှု မရှိပါဘူး။

၆။ *ဒဘယ်လူအိတ်ရှ်အို*

မြတ်သောခေတ်

ရုပ်ရှင်ဇာတ်လမ်းဆန်ဆန် ရေးဖွဲ့ထားတဲ့ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ အရေးအသားကောင်းပါတယ်။ အဖွဲ့အနွဲ့ ဖောင်းပွနေတဲ့အတွက် စာမူကောင်းဖြစ်မလာပါဘူး။

၇။ *ချုပ်ရိုးသီမျှဉ်းကြောင်းပေါ်က အပ်သွားတစ်စင်း*

လူလေး(သစ်လိန်)

အတွေးမရှင်းတဲ့ စာမူတစ်ပုဒ်ဖြစ်သလို စာဖတ်သူကို သူ့ဘာသာ တွေးဖြစ်သွားအောင် အားမပေးနိုင်ဘဲ စာရေးသူက ဖွင့်ပြောပြဖို့ အားထုတ်ထားတဲ့စာမူမျိုး ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၈။ *အမေ*

ထက်ထက်

စာတစ်မျက်နှာခွဲသာရှိတဲ့ စကားပြေ၊ စကားပြောရောပြီး စိတ်ထဲပေါ်ရာ ရေးထားတဲ့စာသာ ဖြစ်ပါတယ်။

၉။ *ရက်လွန်သွားသော မျှော်လင့်ချက်များ*

နေသန့်

စာတမ်းဆန်တဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်ကို A4တစ်မျက်နှာလောက်ဖြစ်အောင် ရေးဖွဲ့ထားတဲ့အတွက် စာမူဟာ သွက်လက်မှုမရှိဘဲ အိုင်ထွန်းနေပါတယ်။ ပြောချင်တာကို ပြဖို့ တည်ထားတာတွေ ကောင်းပေမဲ့ သိပ်များသွားတယ်လို့ ယူဆပါတယ်။ ကြိုးစားပါဦး။

၁၀။ *ပုစ္ဆာတစ်ပုဒ်*

၁၁။ *ချစ်သူ့ဖိနပ်တစ်ဖက်*

ဒေးဗစ်မောင်မောင်

ပုစ္ဆာတစ်ပုဒ် က အပြန်အလှန်စကားပြောတွေနဲ့ ရေးဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့စာမူတစ်ပုဒ်ဖြစ်ပြီး ဇာတ်ထူးခြားအောင် လုပ်ယူထားသလို ဖြစ်နေပါတယ်။ ချစ်သူ့ဖိနပ်တစ်ဖက် ကလည်း ရုပ်ရှင်ဇာတ်လမ်းမျိုး ခင်းကျင်းဖွဲ့နွဲ့ထားပြီး အပြန်အလှန်စကားပြောကိုပဲ အားပြုပြန်ပါတယ်။ စာမူကောင်းတွေမှာ အပြောထက် အပြကို အားပြုရရှိုးရှိတာမို့ စာများများဖတ်ပါဦး။

၁၂။ *အမှုအွှာလွန်ပွဲ*

လင်းခေတ်ဇော်

ပြောချင်တာ အခိုင်အမာရှိတဲ့ စာမူတစ်ပုဒ်ဖြစ်ပေမဲ့ အရေးအသား အားနည်းချက်ကြောင့် ဇာတ်ဟာ ကြွမလာပါဘူး။ အထူးသဖြင့် အဆုံးပိုဒ်မှာ မလိုအပ်ဘဲ ဖွင့်ဆိုရှင်းပြတာတွေ များသွားတဲ့အတွက် ဝတ္ထုကောင်းဖြစ်မလာတာပါ။ ပြန်လည်ပြင်ဆင်ရေးသားမယ်ဆိုရင် သင့်ပါတယ်။

၁၃။ *မြင်ထောင်လေးတစ်လုံး*

ခင်ပန်းနုဝင်း(မိုးမိတ်)

အရေးအသား သင့်ပါတယ်။ ထုံးစံအတိုင်း အပြထက် အပြောကို အားသန်ပြီး တင်ပြပုံရိုးစင်းနေတဲ့ စာမူသာ ဖြစ်ပါတယ်။

၁၄။ *ရေနှင့်အတူ လေသင့်လာသော...*

လွင်နန္ဒာဦး

ဝါကျတွေကို မလိုအပ်ဘဲ ရှည်လျားစွာ ဖွဲ့ထားတဲ့အတွက် အဓိပ္ပာယ်မရှင်းဘဲ ဖြစ်နေပါတယ်။ ဆောင်းပါးဆန်တဲ့ နိဂုံးချုပ်မျိုးနဲ့ အဖြစ်အပျက်ကို ပြောဖို့ ကြိုးစားထားတဲ့စာမူသာ ဖြစ်ပါတယ်။

၁၅။ *စိတ်အလိုကို လိုက်ကာ*

၁၆။ *တစ်နေ့သောအခါ*

တီဇေကို

စိတ်အလိုကို လိုက်ကာ က ဆောင်းပါးဆန်တဲ့ နိဂုံးချုပ်မျိုးနဲ့ ဇာတ်ကို ရိုးရိုးစင်းစင်း ဖွဲ့ထားတာ ဖြစ်ပါတယ်။ တစ်နေ့သောအခါ မှာတော့ ဇာတ်အလှည့်အပြောင်းတစ်ခုနဲ့ ဆွဲဆောင်မှုရှိအောင် ဖန်တီးဖို့ ကြိုးစားလိုပုံရှိပေမဲ့ အရေးအသားမနိုင်နင်းတဲ့အတွက် ခပ်ရိုးရိုးပဲ အဆုံးသတ်သွားပါတယ်။

၁၇။ *ရသများနှင့်ကစားခြင်း*

၁၈။ *ရင်ကြားစေ့မရသေးတဲ့ မွေးမြူရေးပြဿနာ*

စာကလေး(မော်ကျွန်း)

အတွေးမရှင်းဘဲ ကိုယ်ပြောချင်တာကို ခေါင်းစဉ်အောက်မှာ ဝင်အောင် ဖွတ်ဖန်တီးရေးသားသလို ဖြစ်နေပါတယ်။ စာမူနှစ်ပုဒ်စလုံးမှာ အဲဒီပာန်ကို တွေ့ရပါတယ်။ စာများများ ဖတ်ပါဦး။

၁၉။ *မျက်ဝန်းမှတဆင့်...*

ထား(ပေါက်ခေါင်း)

ရှည်လျားလွန်းတဲ့ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ဇာတ်ကောင်တွေရဲ့ အပြန်အလှန်စာအရေးအသားကို ထည့်သွင်းထားတာမျိုးမို့ ဇာတ်ဟာ ကြွတက်မလာဘဲ စာတမ်းနှစ်ပုဒ်တွဲဖတ်ရသလို ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၂၀။ *ကိုးပြားမောင်နှံ*

၂၁။ *ဘာသိဘာသာ*

မ(တာချီလိတ်)

သာမန်အားဖြင့် စိတ်မြန်ပြီး အဖွဲ့အနွဲ့နည်းနည်းနဲ့ ခပ်သွက်သွက်ရေးလေ့ရှိတဲ့သူ ဖြစ်ပါတယ်။ အဖြစ်အပျက်ကို မြင်ယောင်အောင် ဖွဲ့နိုင်ပေမဲ့ အဆုံးသတ်တွေမှာ အားနည်းသွားလေ့ရှိပါတယ်။ ဘာသိဘာသာ မှာတော့ ပြောချင်တာကို အတန်သင့်အဆင်ပြေအောင် ခင်းကျင်းဖွဲ့နွဲ့နိုင်လာတယ်လို့ ယူဆတဲ့အတွက် ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်တဲ့စာမူတွေကတော့

ခွဲစာနည်(ကန့်ဘလူ) ရဲ့ *မိတ်ကပ်အတုနဲ့ မနက်ဖြန်*၊ ကိုကျီးအဲ ရဲ့ *မြူမြင်တိုင်းလည်း*၊ ကိတ်မုန့် ရဲ့ *ဒေင်ခရီးရှည်*၊ မိုးခကျော်သွင် ရဲ့ *သံစဉ်မဲ့လမ်းခွဲခြင်း*၊ ဆွန်း(စက်မှုတက္ကသိုလ်) ရဲ့ *နှောင်းပွင့်လက်ကျန်*၊ စိမ်းသော် ရဲ့ *သုသာန်ထဲက ကမ္ဘာငယ်လေး*၊ မောင်ညြလေး ရဲ့ *ပြတင်းပေါက်* တို့ဖြစ်ပါတယ်။

❑

*ဆရာမ မသီတာ(စမ်းချောင်း) တင်ပြထားတဲ့ စာမူများထဲက ဆရာမ ခွဲစာနည်(ကန့်ဘလူ)ရဲ့ 'မိတ်ကပ်အတုနဲ့ မနက်ဖြန်' စာမူက ရန်ကုန်မြို့သို့ အလုပ်ရှာရန် ရောက်ရှိလာတဲ့ တောက မိန်းကလေးနှစ်ယောက်ရဲ့ ဇာတ်လမ်းပါ။ ရိုးစင်းလွန်းပါတယ်။*

*ဆရာ ကိတ်မုန့်ရဲ့ 'ဒေင် ခရီးရှည်' ဝတ္ထုမှာ လိုအပ်သည်ထက် ပိုပြီး စကားလုံးများ ဖောင်းပွနေပါတယ်။ ကျွန်တော်မသုံးဖြစ်ပါ။ ဆရာက ရွှေအသစ်ကဏ္ဍမှာ နှစ်ကြိမ်ပါပြီးဖြစ်တဲ့အတွက် နောက်ဝတ္ထုများပို့ရင် ရွှေအသစ်ကို မပို့ဘဲ ရွှေဝတ္ထုတို့ ကဏ္ဍကိုသာ ပေးပို့ရမှာ ဖြစ်ပါတယ်။*

*ဆရာ စိမ်းသော်ရဲ့ 'သုသာန်ထဲက ကမ္ဘာငယ်လေး' ဝတ္ထုမှာ စိတ်ကူးယဉ်ဆန်လွန်းပါတယ်။ ဝတ္ထုဆိုတာ စိတ်ကူးနဲ့ လက်တွေ့ဘဝတို့ကို ပေါင်းစပ်ထားတဲ့ ရေးဖွဲ့မှုဖြစ်ပါတယ်။ ဆရာ့ဝတ္ထုကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့ ဝတ္ထုလို့ မြင်မိပါတယ်။*

*ဆရာမ မ(တာချီလိတ်) ပေးပို့တဲ့ 'ဘာသိဘာသာ'က ဝတ္ထုလို့ ပြောဖို့ရာ ခဲယဉ်းတဲ့စာမူတစ်ပုဒ် ဖြစ်ပါတယ်။ ကျွန်တော် မသုံးဖြစ်ပါ။*

*ဒါကြောင့် ဒီလ ရွှေအသစ်များအဖြစ် ဆွန်း(စက်မှုတက္ကသိုလ်)ရဲ့ 'နှောင်းပွင့်လက်ကျန်'၊ မိုးခကျော်သွင်ရဲ့ 'သံစဉ်မဲ့လမ်းခွဲခြင်း'၊ ကိုကျီးအဲရဲ့ 'မြူမြင်တိုင်းလည်း'၊ မောင်ညြလေးရဲ့ 'ပြတင်းပေါက်'တို့ကို ရွေးချယ်လိုက်ပါတယ်။ ဒါပေမဲ့ ဆွန်း(စက်မှုတက္ကသိုလ်)ရဲ့ ရသစာတမ်းကိုလည်း ဖော်ပြပေးထားတာမို့ ဒီလမှာတော့ ဆွန်း(စက်မှုတက္ကသိုလ်)တို့ ချန်လှပ် ထားခဲ့ပြီး နောက်လမှ ဖော်ပြပေးပါမယ်။* ■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

၁။

ရွှေအိုရောင် ဝတ်ရုံလွှာကို ခြုံထားသည့် နတ်သမီးတစ်ပါးပမာ နံနက်ခင်းက လင်းဖြာနေသည်။ ကျိုးကျိုး ကျိုကျို မြည်သံပေးနေသော ငှက်ကလေးများနှင့် ပြတင်းတံခါးဝမှ လေညင်းသွဲ့သွဲ့ကို ဖမ်းဆုပ်ရင်း အိမ်ရှေ့လမ်းမပေါ် ငေးရီရသည့် အရသာက ပီတိငြိမ်းအေးစွာ။ သစ်ရွက်စိမ်းစိမ်းတို့က လှုပ်ခါ ယိမ်းနွဲ့လို့။ ပတ်ဝန်းကျင်ကို ပန်းချီတစ်ချပ်လို ခံစားဖို့ ထိုနေ့က မိုးသူ အိပ်ရာ အစောကြီး နိုးနေခြင်းဖြစ်ပါသည်။ နံနက်ခင်း ဈေးသည်များ၊ ရုံးသူ ရုံးသားများနှင့် ကျောင်းတက်မည့် ကလေးငယ်များကို လမ်းမပေါ် လှုးလာဖြတ်သန်းနေတာ မြင်ရသည်။ မိုးသူ အိမ်ရှေ့လမ်းမ၏တစ်ဖက်အခြမ်းတွင် အမြဲလို ခြောက်ကပ် တိတ်ဆိတ်နေသော တိုက်တစ်လုံးရှိ၏။ ထိုတိုက်ကို မိုးသူ သတိထားမိနေတာကြာပြီ။ ခြံစောင့် မရှိ။ အလုပ်သမား မရှိ။ လှုပ်ရှားမှု ကင်းမဲ့လွန်းသည့် ထိုတိုက်ထဲတွင် မိုးသူ လူတစ်ယောက်၏ ပုံရိပ်ကိုတော့ အမြဲလို မြင်တွေ့နေရသည်။ ထိုလူ၏ ပုံစံကို မိုးသူ မှန်းခြေလောက်သာ မြင်ရ၏။ ဆံပင်အနက်ရောင် ဖြစ်သည်ဆိုတာကိုတော့ မိုးသူ ခန့်မှန်း၍ရသည်။ အရပ်က ယောကျ်ားပီပီသသ ထောင်ထောင်မောင်းမောင်း။ ထိုလူကို မိုးသူ ည ၁၀ နာရီ နောက်ပိုင်း အချိန်များတွင်သာ မြင်တွေ့ရလေ့ရှိသည်။ တိုက်ကတော့ နေ့တိုင်း လူမရှိသယောင် ခြောက်ကပ်တိတ်ဆိတ်နေသည်။ တိုက်၏ အပေါ်ထပ် ယာဘက်စွန်း ပြတင်းပေါက်တစ်ခုမှာ ထိုလူ ညတိုင်း မတ်တတ်ရပ်ကာ အပြင်ကို ငေးကြည့်နေတတ်သည်။ မိုးသူ သတိထားမိသလောက်ကတော့


# ဖော်ပြပေး ပြတင်းပေါက်

အမှတ် ၃၂၈၊ မတ်၊ ၂၀၁၇



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထိုလူကို တခြားအချိန်များတွင် မမြင်ရ။ ညတိုင်း မိုးသူ ထိုလူကို သတိထားအကဲခတ်နေခြင်းကိုလည်း ထိုလူ သိပုံမပေါ်။ ထိုလူက သူ့ကမ္ဘာနှင့်သူ ခြောက်ကပ်စွာ အသက်ရှင်နေသည်ဟု မိုးသူ ခန့်မှန်းမိပါသည်။ အချိန်ကြာလာတာနှင့်အမျှ မိုးသူ သူ့ကို စိတ်ဝင်စားမိလာသည်။ စိတ်ဝင်စားသည်ဆိုသည်မှာလည်း ထိုလူ၏လျှို့ဝှက်သော နေထိုင်မှုပုံစံကြောင့်သာ ဖြစ်ပါသည်။

'ဟဲ့ မိုးသူ နင် အစောကြီး နိုးနေပါလား'

သူငယ်ချင်း သီရိစံက ပခုံးပုတ်ပြောမှ မိုးသူ အတွေးရပ်မိသည်။

'အေးဟာ ဘာကြောင့်မှန်းမသိ နိုးနေတာ'

'ငါသိပါတယ် မိုးသူရယ်။ နင် ညဘက်တွေ စိတ်ဝင်စားနေတဲ့ လူကို မနက်စောစော အရိပ်အယောင် တွေ့နိုးနိုးနဲ့ ထ,ကြည့်နေတာမလား'

မိုးသူ ပြုံးရုံ ပြုံးမိသည်။ သူငယ်ချင်း သီရိစံက မိုးသူ အဖြစ်ကို သတိထားမိနေပြီလေ။ မိုးသူလည်း မငြင်းသာတော့ဘဲ-

'အေးဟာ အဲ့လူ ဘယ်လိုလူလဲဆိုတာ ငါသိချင်တယ်။ တစ်ယောက်တည်း လူမသိ သူမသိ ခြောက်ကပ်တိတ်ဆိတ်နေတဲ့ သူ့ကို ဘာရယ်မဟုတ် စိတ်ဝင်စားမိနေတာတော့ အမှန်ပဲ'

'အင်း ငါ့သူငယ်ချင်း တစ်ယောက် ဘာရယ်မဟုတ်ကနေ၊ စွဲမိပြီရှင်ရယ်တော့ ဖြစ်မှာ မြင်ယောင်မိသေးဟဲ'

သီရိစံက စ,နောက်ကာ အောက်ထပ်ဆင်းသွားသည်။

ပုံမှန်ကတော့ သည်လိုမနက်ခင်းများတွင် မိုးသူ အလုပ်အတွက်သာ ပြင်ဆင်ခြင်းအမှုကို ပြုလေ့ရှိ၏။ ခုမှ မိုးသူ စိတ်ထဲ ဘာလိုလို။ လုပ်စရာရှိတာ လုပ်ဦးမှပါလေလို့ အတွေးစဖြတ်ပြီးသည့်တိုင်အောင် ထိုလူ၏ ပြတင်းပေါက်ဆီသို့ အကြည့်ရောက်မိသေးသည်။ နံနက်ခင်းနေမင်းက တရိပ်ရိပ်ထိုးတက်လာနေသည်။ မိုးသူ ရုံးတက်ရန် ပြင်ရတော့မည်။ တိတ်ဆိတ်နေသည့် ပြတင်းပေါက်လေးကို တော့တာပြကာ မိုးသူ အာရုံလွှဲလိုက်ရပါသည်။

❑

၂။

'ဟဲ့မိုးသူရေ ခြံဝမှာ ပန်းစည်းတစ်စည်း၊ နင့်အတွက်တဲ့'

မိုးသူ အံ့သြမိသည်။ တစ်ခါမှ မကြုံဖူးသော အဖြစ်မို့ မယုံနိုင်လည်း ဖြစ်မိ၏။ မိုးသူတို့ သူငယ်ချင်းနှစ်ယောက်က အိမ်တစ်လုံးငှားပြီး အတူနေကာ အလုပ်ကိုယ်စီ လုပ်ကြသည်။ နွေဘက်ဆို အိမ်မှာ တစ်ယောက်မှ မရှိတတ်။ ဒါကိုသိ၍ တိတ်တဆိတ်လာထားသွားခြင်း ဖြစ်လိမ့်မည်။

'ဟဲ့ လုပ်ပါဟဲ့။ စာလည်းပါတယ်၊ ဖွင့်စမ်းပါ၊ ဟ။ ငါလည်း ဖတ်ချင်တာပေါ့'

မိုးသူ သီရိစံရှေ့မှာပဲ စာကို ဖွင့်ဖောက်လိုက်သည်။

'သို့ မင်းရဲ့ ပြတင်းတံခါးလေး ညတိုင်းဖွင့်ထားပေးပါနော်။ ဒါမှ ကိုယ့်အတွက် အမိပ္ပာယ်တစ်စုံတစ်ရာ ရှိမှာမို့ပါ'

'ဟင်၊ ဒါ ဒါဟိုဘက်အိမ်က လူပေါ့'

သီရိစံ မှတ်ချက်ဝင်ပေးပါသည်။ မိုးသူလည်း မစဉ်းစားတတ်တော့။ စိတ်ထဲမှာတော့ တရိပ်ရိပ်။ ထိုလူက မိုးသူကို သတိထားမိနေတာပေါ့။

'ထားလိုက်ပါဟာ'ဟု ပြောကာ မိုးသူ အိမ်ထဲဝင်လာခဲ့ပြီး မှန်တင်ခုံပေါ် ပန်းစည်း ပစ်တင်ထားလိုက်မိသည်။ ညရောက်တော့ မိုးသူ ပြတင်းတံခါးကို တမင်တကာ ပိတ်အိပ်ခဲ့ပါသည်။ ယောကျ်ားတစ်ယောက်က ကြည့်နေမှန်း မိုးသူသိတော့လည်း ရှက်သည်။ ထိုညက တံခါးပိတ်ထားသည်မို့ အိုက်စပ်စပ်။ လေညင်းတိုးသံလည်း သိပ်မကြားလိုက်ရပါ။

နောက်နေ့ အလုပ်ပြန်ချိန်ရောက်တော့ ပန်းစည်း အနီရောင်တစ်စည်းနှင့် စာတစ်စောင် ထပ်ရောက်နေပြန်သည်။ ထိုစာထဲတွင်-

'ကိုယ့်ကိုပြတင်းတံခါးပြန်ဖွင့်ထားပေးပါ။ မင်းရဲ့ အရိပ်က ကိုယ့်အသက်နဲ့ ထပ်တူကျနေလို့ပါ' ဟု ရေးထားသည်။ မိုးသူ သနားမိတာကိုတော့ ဝန်ခံချင်ပါသည်။ သို့သော် မိမိကို သတိထားမိနေသော ယောကျ်ားတစ်ယောက်အတွက် မိုးသူ ပြတင်းတံခါး ဖွင့်ထားပေးဖို့ကိုတော့ မဝံ့ရဲပါ။

သီရိစံက-

'မိုးသူ နင် သူ့ကိုကြည့်တုန်းက ကြည့်နေပြီးတော့ သူပြန်ကြည့်နေပါတယ်ဆိုတော့ တံခါးပိတ်လိုက်တာတော့ မကောင်းဘူးသိလား။ သူလည်း ခံစားချက်နဲ့လူပဲ'

'ငါက မိန်းကလေးလေ သီရိရဲ့'

'သိပါတယ်။ ဒါပေမဲ့ ပုံမှန် သူကြည့်နေကျ အချိန်လေးတွေမှာ ဖွင့်ထားပေးလိုက်ပေါ့'

'အဲဒါဆို ငါ သူ့ကို စိတ်ဝင်စားသလို ဖြစ်သွားမှာပေါ့ ဟ'

'နင်က စိတ်မဝင်စားလို့လား'

သီရိအမေးကို မိုးသူ အဖြေရခက်ခဲမိသည်။ စိတ်ဝင်စားမိသည်ဆိုပေမဲ့ ပုံသဏ္ဍာန်ချင်း ကွာသည်လေ။ မိုးသူက သူ ဘယ်လိုလူလဲ၊ ဘယ်လိုပုံလဲတောင် မသိပါဘဲ အခွင့်အရေးပေးသလို ဖြစ်နေမှာစိုးသည်။ မိုးသူ မသိစိတ်ကလည်း သူ့ကို ပျော်ရွှင်စေဖို့ရာ နည်းလမ်းတချို့ကို စဉ်းစားနေမိပြန်သည်။ ခြော်ခက်လှချည့်ရဲ့နော်။

❑

၃။

နောက်နေ့တွေမှာလည်း ထိုလူ၏ပန်းစည်းတွေ ရောက်လာပြန်သည်။ မိုးသူကို တံခါးဖွင့်ထားပေးရန် တောင်းဆိုနေသည်များကို နေ့စဉ် မြင်တွေ့ဖန်များလာတော့ မိုးသူ မနေသာတော့။ သူငယ်ချင်း သီရိစံနှင့် တိုင်ပင်ကာ နောက်နေ့ အလုပ်သွားချိန် ခြံတံခါးပေါင်ပေါ် စာတစ်စောင်ရေးကာ တင်ပေးထား လိုက်သည်။ မိုးသူရေးထားသည်က...

'ရှင် ကျွန်မကို တံခါးဖွင့်စေချင်ရင် ရှင့်ပုံပါသည့် ပေးပါ။ ရှင့်ရဲ့ပုံအမှန်တော့

www.burmeseclassic.com

ဖြစ်ရမယ်'

❑

ညနေအလုပ်ပြန်တော့ ပန်းစည်းနှင့်အတူ ကာလာ ဓာတ်ပုံလေးတစ်ပုံပါ ရောချည်ထားတာ မြင်ရပါသည်။

'ဟယ်'

သူငယ်ချင်း သီရိစံ၏ နှုတ်က တအံ့တသြ ဖြစ်သွားသံကို ကြားရသည်။ ပုံထဲက လူကို သေချာကြည့်မိသည်။ ယောကျ်ားပီသပြီး အင်မတန်ကြည့်ကောင်းသော မျက်နှာနှင့်။ ပြုံးနေသည့်ပုံ။ သူ့အပြုံးက ဆွဲဆောင်မှုအပြည့်။ မိုးသူ ပုံကိုကြည့်ပြီး ငါ့ပြတင်းတံခါးရှေ့က လူဟာ ဒီလိုချောမောခဲ့ညားပြီး ဆွဲဆောင်မှုရှိလွန်းသူပါလားလို့ ရင်ခုန်တွေးဖြင့် နွေးမိခဲ့သည်။

'ဟဲ့ မိုးသူရယ် ဂယ်ပဲ ဟာ။ အရမ်းချောတာရယ်'

မိုးသူ ပုံလေးကိုသာ ပြုံးကြည့်နေမိသည်။ အမြဲအမှောင်ချထားသော မိုးသူ နံဘေး ပြတင်းပေါက်ဆီက ထိုလူဟာ နတ်သားလေးလိုပါပဲလား။ မိုးသူ မသဲမကွဲသာ မြင်ရသော အရိပ်တစ်ခု၏ ပုံရိပ်အမှန်ဟာ အင်မတန်ရင်သပ်ရှုမောဖွယ်ရာပါလား။ သီရိစံကတော့ မိုးသူကို မှတ်ချက်တစ်ခု ထပ်ပေးပါသည်။

'ဟဲ့ မိုးသူ နင် ပြတင်းတံခါးလေး ဖွင့်ပေးလိုက်ပါဟာ။ သူလေးသနားပါတယ်'

မိုးသူ ရင်ထဲမှာ လိပ်ပြာတွေပျံနေသည်။ ဆဲလ်အသစ်တွေ ရုတ်ခြည်းပွားလာသလို၊ မိုးသူ အတွေးထဲ ထိုလူ၏ ပုံရိပ်ကလေးက သိသိသာသာ နေရာယူသွားခဲ့ ပြီဆိုတာ သီရိစံကို ဝန်မခံချင်သေးပါ။ မိုးသူက ရှက်သည်လေ။

ယနေ့ညမှာ မိုးသူ လေပြည်ကိုနမ်းရှိုက်ဖို့ ပြတင်းတံခါးကို ဆွဲဖွင့်ရန် အသင့်ဖြစ်နေခဲ့သည်။ နာရီကိုကြည့်တော့ ၉ နာရီခွဲ။ အင်း ငါ စောများ နေမလားလို့လည်း ရှက်တွေးဝေမိသေးသည်။ တံခါးမဖွင့်မီကတည်းက ဆိပ်ဖလူးနံ့တွေ ပြတင်းတံခါးကို တိုးဝှေ့လာသည်။ ငှက်ကလေးတွေ ခုဆို မိုးသူကို လွမ်းနေတော့မည်။ မိုးသူ ပြတင်းတံခါးလေးကို လှစ်ဟလိုက်သည်။

ထိုလူ။ အရိပ်ကလေး။ အဆင်သင့် စောင့်နေတာမြင်လိုက်ရတော့ မိုးသူ တအားရှက်သွားသည်။ ဘယ်လိုလူပါလိမ့်နော်။

❑

၄။

အချိန်ကာလအားဖြင့် လအတော်ကြာကြာ ဖြတ်သန်းခဲ့လေပြီ။ သူက မိုးသူဆီ ပန်းစည်းများ၊ အရုပ်ကလေးများကို ပို့မြဲတိုင်းပို့ပေးသည်။ ကြာတော့မိုးသူ အတွေးတစ်ခု ဝင်လာသည်။ လျှို့ဝှက်နက်နဲစွာ ပုန်းခိုနေသော လူတစ်ယောက်ကို အပြင်မှာ လက်တွေ့ မမြင်ဖူးပါဘဲ ရင်ခုန်ခြင်းကြီးစွာ မျှော်လင့်နေရုံနှင့်တော့ မိုးသူဘက်က အရှုံးသက်သက်သာ ဖြစ်နေပါလိမ့်မည်။ ထိုလူက မိုးသူကို ဘယ်လောက် ရင်ခုန်ကြောင်း စာရေးသည်။ မျှော်လင့်ချက်တွေ ဖွင့်ဟသည်။ ပန်းစည်းတွေ ပို့သည်။ ကြည့်ပြီးသား ရုပ်ရှင်တစ်ကားကို အထပ်ထပ် ပြန်ကြည့်နေရသလို မိုးသူ ရိုးအီလာလေသည်။ သူ့ကို မိုးသူ ပြတင်းတံခါးလေး ဖွင့်ပြထားရုံနှင့် သူနှင့်မိုးသူက ဘာတွေ ဆက်ဖြစ်လာနိုင်မလဲ။ ဘယ်လောက်များ ရင်းနှီးမှုရှိလာနိုင်ပါသလဲ။ သံယောဇဉ်တွေကရော ဘယ်အချိန်ထိ မြဲမြဲနိုင်ပါ့မလဲ။ သူက မိုးသူတို့ဆီ ပန်းစည်းတွေ လာပို့နိုင်ပါလျက်နဲ့ ဘာလို့ လူကိုယ်တိုင်တွေ့ဖို့ မကြိုးစားခဲ့တာလဲ။ မိုးသူတစ်ခုခုကို ဆုံးဖြတ်မှရတော့မည်။ ထို့ကြောင့် တစ်ရက် တွင် မိုးသူ အလုပ်နားကာ သူငယ်ချင်း သီရိစံကို ခြံပြင်မှ သော့ခတ်ခိုင်းပြီး အိမ်ထဲမှ ခြံဝကို တိတ်တဆိတ် ချောင်းကြည့်ဖို့ ဆုံးဖြတ်ခဲ့သည်။

မိုးသူ ခြံဝကို ချောင်းကြည့်နေတာ မနက်ကတည်းကဖြစ်သည်။ စိတ်ရှည်ရှည်နှင့် မိုးသူ စောင့်ဆိုင်းနေစဉ် ခြံဝကို ခေါင်းစွပ်အင်္ကျီနှင့် လူတစ်ယောက်ပန်းစည်း လာထားတာ မြင်လိုက်ရသည်။ ထိုလူပုံစံကို မိုးသူ သေချာကြည့်မိတော့…

'ဟင်'

ပုံထဲကလူ မဟုတ်ပါ။ မိုးသူရင်ထဲ မုန်တိုင်းတစ်ခု ထ,ဆူလေပြီ။ မိုးသူ ခံပြင်းစိတ်က လူကို မွန်နှောက်သွားသည်။ လူလိမ်ဟုအသံထွက်ရေရွတ်မိသည်အထိ။ မိုးသူ အချိန်ကာလတစ်ခုလုံး လိမ်လည်ခံခဲ့သည်ပေါ့။ လူလိမ်တစ်ယောက်ကို မိုးသူ ခင်တွယ်မိခဲ့ခြင်းအတွက် ကိုယ့်ကိုယ်ကိုရှက်ရွံ့မိသည်။ မိုးသူ မျက်ဝန်းက မျက်ရည်ရွှာသည့်အထိ နာကျင်မိခဲ့သည်။ မိုးသူ ခြံပြင်ကို ပြေးထွက်လာတော့ ထိုလူ မရှိတော့ပါ။ မိုးသူ ဒေါသတို့ ချုပ်တည်းမရတော့ပါ။ မိုးသူ သူ့ကို တစ်ခုခုပြောဖို့ လိုပြီ။ မိုးသူ သူ့မျက်နှာကို စေ့စေ့ကြည့်ကာ အားပါးတရ ဆဲဆို ပစ်လိုက်ချင်သည်။ မိန်းမတစ်ယောက်၏ အရှက်သိက္ခာ ဆိုသော စကားလုံးက မိုးသူကို ထိုးဆွနေခဲ့သည်။ နှုတ်ခမ်းပြတ်မတတ် အံကိုကြိတ်မိတော့ သွေးတစ်စ ဖြာဆင်းလာ၏။ နာကျင်ခြင်း ပြယုဂ်တစ်ခုအဖြစ်။

❑

၅။

သီရိစံနှင့်အတူ ထိုခြံထဲသို့ မိုးသူ ရောက်ရှိလာခဲ့သည်။ မှားသည် မှန်သည် မခွဲခြားချင်တော့။ မိုးသူ တစ်ခုခုတော့ နာနာကြည်းကြည်း ပြောလိုက်ရမှ ကျေနပ်မည်။ ခြံတံခါး ပွင့်နေတာကြောင့် မိုးသူတို့ အလွယ်တကူ ဝင်လာခဲ့သည်။ အိမ်နံရံများက ဆွေးမြည့်နေပြီး ရဲတိုက်အဟောင်းတစ်ခုနှင့် ပိုတူပါသည်။ အင်းလေ မရိုးမသားအသက်ရှင်နေသူတစ်ယောက်ရဲ့အိမ်ဟာ ဒီလိုပဲ ဖြစ်နိုင်တာပေါ့လို့ တွေးလိုက်မိသည်။

'အိမ်ရှင်တို့၊ အိမ်ရှင်တို့'

သီရိစံက လှမ်းအော်သည်။ တုံ့ပြန်သံ ဘာမှ မကြားရ။ အတန်ကြာအောင် အော်ခေါ်နေသော်လည်း အိမ်ထဲမှ တစ်ဦးတစ်ယောက်မှ ထွက်မလာ။ မိုးသူ အိမ်ထဲသို့ ဝင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ သီရိစံက 'ဖြစ်ပါ့မလား'ဟု ဆိုသည်။

သည်ပုံစံဆို သူ ထွက်မလာချင်ပုံရသည်။ မိုးသူ



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ဒေါသမီးခိုးများနှင့် အူထနေသူမို့ ဘာကိုမှ မစဉ်းစားတော့။ စေ့ထားသော တံခါးကိုသာ ဖွင့်ဝင်ခဲ့လိုက်သည်။ သီရိစံက စိတ်မချသဖြင့် အပြေးလိုက်ဝင်လာသည်။ အိမ်ရှေ့ဧည့်ခန်းတွင် ရှုပ်ပွကာ ထိုင်းမှိုင်းနေသည်။ အင်မတန် စိတ္တဇဆန်သော အိမ်တစ်လုံး။ ဒီလူ အိမ်သန့်ရှင်းရေးလည်း လုပ်ပုံမရ။ စိတ်နှင့် အိမ်နှင့် လိုက်သည် ဆိုနိုင်သည်။

'ဒီမယ်၊ ရှင် မသိယောင်ဆောင်မနေနဲ့။ ထွက်ခဲ့ပါ။ ယောကျ်ားမလား'

မိုးသူ စိန်ခေါ်ပြော ခပ်ကျယ်ကျယ် ဆိုလိုက်သည်။ ဘာသံမှမကြားရ။

'ရှင်က လူကြောက်ပဲ။ ဒါကြောင့် တစ်လောကလုံးနဲ့ အဆက်အသွယ် ဖြတ်နေတာပေါ့။ ရှင် မိန်းမတစ်ယောက်ကိုတောင် ရင်မဆိုင်နိုင်ဘူးပေါ့။ ရှင်က စိတ်ဓာတ်အောက်တန်းကျရုံမကဘဲ မိန်းမတွေထက်တောင် ပိုကြောက်တတ်နေပါလား'

အိမ်တွင်းမှ ဘာသံမှ မကြား။ သူတစ်နေရာရာက နားထောင်နေလိမ့်မယ်ဆိုတာ မိုးသူ ခန့်မှန်းမိသည်။

'ရှင်က ကိုယ်လုပ်တဲ့ ကိစ္စကိုတောင် ကိုယ် ပြန်မဖြေရှင်းရဲဘဲ တွန့်ဆုတ်နေတယ်ပေါ့။ ဟင်းဟင်း လူလိမ်။ သိက္ခာမရှိတဲ့လူ။ ရှင် နားထောင်နေမယ် ဆိုတာ ကျွန်မ သိတယ်။ ရတယ်။ ရှင့်ကို ကျွန်မ တစ်သက်လုံးစာ မုန်းတယ်။ ကျွန်မ ပြတင်းပေါက်ကို အသေပိတ်လိုက်တော့မယ်။ နောက်တစ်ခါ ကျွန်မဆီ ဘာမှ လာမပို့ပါနဲ့တော့'

မိုးသူ ပြောချင်သည့် စကားလုံးတွေ အားလုံး ပြောဖြစ်အောင် ပြောလိုက်သည်။ ဆက်ပြောစရာ မလိုတော့ဟုလည်း ထင်သည်။ ထို့ကြောင့် မိုးသူ အိမ်ထဲမှ ထွက်ရန် ပြင်လိုက်စဉ်...

'မိုးသူ နေ...နေပါဦး'

လှေကားဆီမှ ပေါ်လာသောအသံ။ လူကိုတော့ မမြင်ရ။

'ကိုယ့်ကို နားလည်ပေးပါ မိုးသူရယ်။ ကိုယ် မင်းကို...မင်းကို သိပ်ချစ်တာပါ။ ပြတင်းပေါက်လေးတော့ ဖွင့်ထားပေးပါနော်'

'ရှင် ဘယ်က ပြောနေတာလဲ။ ရှင် ထွက်မလာရဲဘူးပေါ့'

'ကိုယ်မေးတာသာ ဖြေပါ မိုးသူရယ်။ မိုးသူကို ကိုယ် မနှောင့်ယှက်ပါဘူး။ ပြတင်းပေါက်လေးကနေ မိုးသူကို မျှော်ကြည့်နေခွင့်လေးတော့ ပေးပါ'

မိုးသူ ဒေါသပိုထွက်လာသည်။ လူကိုယ်တိုင် ဆင်းမလာဘဲ လှမ်းအော်နေသည်။

'ဒီမှာ ရှင်ပြောတာကို လက်ခံစေချင်ရင် ရှင် ထွက်လာပါ။ ဒါ ကျွန်မနောက်ဆုံးပြောခြင်းပဲ'

မိုးသူ အနိုင်ပိုင်းလိုက်ပြီ။ ထိုစကားက သူ့ကို ထိရောက်စေလိမ့်မည်ဟု မိုးသူ ခံစားမိပါသည်။ မိုးသူတို့ နှစ်ယောက် လှေကားကို သေချာ စူးစိုက်ကြည့်နေလိုက်သည်။ လှေကားလက်ရန်းကို ကိုင်ကာ ဆင်းလာသူတစ်ယောက်။

'အမယ်လေး'

'ဟင် ဘာ...ဘာကြီးလဲ'

ဆင်းလာသော သူ့ကို မြင်လိုက်ရချိန် မိုးသူတို့ အံ့အားသင့်မိခဲ့သည်။ မျက်နှာမှာ ချွဲကျိုနေသော အမာရွတ်အပြည့်။ အဖုအဖုများနှင့်။ ကြောက်မက်ဖွယ် အသွင်နှင့်လူ။ မိုးသူတို့ ဘာမှ မပြောတော့ဘဲ အားပါးတရ ထွက်ပြေးလာခဲ့ပါတော့သည်။

'မိုးသူ...မိုးသူ'

အော်ခေါ်သံများက တရိပ်ရိပ်ကျန်ခဲ့လေသည်။ ❑

၆။

ထိုနေ့ကစကာ မိုးသူ ပြတင်းတံခါးကို အသေပိတ်ခဲ့ပါသည်။ အချစ်ဆိုတာ ဆန်းတော့ ဆန်းကြယ်ပါသည်။ လူချင်း မမြင်ဖူးပါဘဲ ရင်ခုန်သံတို့ ရင်မှာလွှင့်ခဲ့၏။ နှလုံးသားက ရထားတစ်စင်းလို နိစ္စဓူဝ ခုတ်မောင်းနေခဲ့သည်။ အိပ်မက်ထဲက မင်းသားလေးတစ်ပါးဆိုသည့် အသိတရားနှင့် လိုက်ဖိုခဲ့မိသော်လည်း လက်တွေ့ မြင်ရသော အခြေအနေက အချစ်အိပ်မက်များထဲမှ မိုးသူကို လန့်နိုးစေခဲ့သည်။ အချစ်ဆိုသည်မှာ အခြေအနေတစ်ခုအတွင်းမှာသာ ဖြစ်တည်ပေါက်ဖွားတတ်သော ပန်းပွင့်မျိုးဖြစ်သည် မဟုတ်လား။ ❑

အချိန်ကာလအားဖြင့် လေးလကျော်ကျော် ကြာမြင့်ခဲ့သည်။ မိုးသူလည်း ဒဏ်ရာကို အလုပ်နှင့် ကုစားခဲ့သည်။ တစ်နေ့တွင် မိုးသူတို့ အလုပ်ပြန်ချိန် ခြံရှေ့သို့ လူတစ်ယောက် လာစောင့်နေတာ တွေ့ရ၏။

'ဟင် ဟိုလူ'

ထိုလူကို မိုးသူ မှတ်မိနေပါသည်။ တစ်ခါက မိုးသူ ခြံရှေ့ကို ပန်းစည်း လာခိုးထားပေးသောသူ။

'အစ်မတို့နှစ်ယောက်မှာ မိုးသူက ဘယ်သူလဲ'

'ကျွန်မပါ။ ရှင်ဘာလာလုပ်တာလဲ'

'ဖြစ်ခဲ့သမျှကို ကျွန်တော် တောင်းပန်ပါတယ်။ အစ်မကို နာရေးဖိတ်စာ လာပေးတာပါ'

'ရှင် ဘယ်သူ့နာရေးလဲ'

'သူရမျိုးမြင့်ပါ။ အဲ့ဒီ အိမ်အိုကြီးထဲက အစ်မကို စွဲလမ်းခဲ့တဲ့လူပေါ့'

မိုးသူ တွေဝေမိသည်။ သူ ဆုံးပြီတဲ့လား။ စိတ်မကောင်းတော့ဖြစ်မိတာ ဝန်ခံပါသည်။

'အစ်မကို ပို့ခဲ့တဲ့ပုံက သူ့ပုံအစစ်ပါ။ သူ အစ်မကို လိမ်ခဲ့တာတော့ မဟုတ်ပါဘူး အစ်မရယ်'

'ရှင် ဘယ်...ဘယ်လို'

'ဟုတ်ပါတယ်။ ကျွန်တော်က သူ့အချစ်ဆုံး သူငယ်ချင်းပါ။ သူရဟာ ကျောင်းဆရာတစ်ယောက်ပါ။ အင်မတန် စိတ်ထားမွန်မြတ်တဲ့ လူပါဗျာ။ သူရ နယ်ကျောင်းတစ်ခုမှာ စာသင်ရင်း ဝါယာရှော့ဖြစ်လို့ ကျောင်းမီးလောင်ခဲ့တယ်။ အဲ့ဒီမီးလောင်ကွင်းထဲ မပြေးနိုင်လို့ ကျန်ခဲ့တဲ့ ခြောက်တန်းကျောင်းသူလေးကို သူရ အသက်နဲ့ရင်းပြီး ဝင်ကယ်ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com

ထိုလူက ပြောရင်း မျက်ရည်စို့လာသည်။ စကားကို မနည်းရှေ့ဆက်ရပုံမျိုးနှင့်…

'မီးတောက်တွေကြားမှာ သူရက ကျောင်းသူလေးကို သူ့ကိုယ်နဲ့ကာပြီး ရအောင်ကယ်နိုင်ခဲ့ပေမဲ့ သူရရဲ့မျက်နှာကတော့…'

ထိုသူစကား ဆွံ့အ သွားသည်။ မိုးသူ နားလည်လိုက်ပြီ။ ထိုသူဆက်ပြောချင်သည့် အဖြစ်အပျက်ကို မိုးသူ နားလည်မိခဲ့သလို မိုးသူ ရင်ထဲ တစ်ခုခု ဆို့တက်လာတာ သိသိသာသာ ခံစားလိုက်ရသည်။ ထိုလူက ဆက်ပြောသည်။

'သူရရဲ့ မျက်နှာဟာ လူတောမတိုးဝံ့လောက်အောင် ပျက်စီးခဲ့တယ်။ အဲဒီအချိန်ကစပြီး သူရ တစ်ယောက်တည်း ဒီအိမ်ကြီးမှာ အထီးကျန်ဆန်ဆန် အသက်ရှင်ခဲ့ရတယ်။ သူရက သူ့ဘဝမှာ အစ်မရဲ့ ပြတင်းပေါက်လေးသာ မရှိရင် သူအသက်မရှိတော့သလို ခံစားရကြောင်း ကျွန်တော့်ကို အမြဲ ရင်ဖွင့်ခဲ့တယ်။ အစ်မရယ် သူ့လို ပျက်စီးပြီး ကြောက်မက်ဖွယ်ဖြစ်နေတဲ့ မျက်နှာကိုမြင်ရင် အစ်မ သူ့ကို မုန်းတီးမှာမို့လို့ သူ တိတ်တဆိတ်ပဲ မျှော်လင့်နေခဲ့တာပါ'

မိုးသူ ရင်ထဲက ဆို့နေသည့်အရာက ပျို့အန်ထွက်ကျလုလု ဖြစ်ရသည်။ မိုးသူ အမှားကြီး မှားခဲ့လေသည်။ သေသေချာချာ မစုံစမ်းဘဲ ချလိုက်သည့် ဆုံးဖြတ်ချက်တစ်ခုက မိုးသူ့ နှလုံးသားကို ပြန်ထိသည်။

'သူလေ အစ်မပြတင်းပေါက်လေး ပိတ်လိုက်ကတည်းက ထမင်းမစားတော့ဘူး။ သူ့ကိုယ်သူ လူတစ်ယောက်လို့လည်း မမြင်တော့ဘူး အစ်မရယ်။ အခုတော့ သူ နှုတ်ဆက်သွားရှာပြီ'

မိုးသူမျက်ဝန်းမှ ချော်ရည်တစ်ခု စီးဆင်းလာမိ၏။

'သူရကလေ…သိလား၊ ကျွန်တော့်သူငယ်ချင်းက အစ်မကို မလိမ်ခဲ့ဘူး ဆိုတာတော့ အစ်မလက်ခံပေးပါနော်'

မိုးသူ့နားထဲမှာ ဝေဝါးလာသည်။ မိုးသူလေ။ မိုးသူ ရင်ထဲ နှလုံးသားကော ရှိသေးသည်လားမသိ။ တစစ်စစ်နှင့် အထိနာနေရသည်။ ထိုလူ့ကို မိုးသူ စကားတစ်ခွန်းပြောကာ အိမ်ထဲဝင်လာခဲ့မိခဲ့ပါသည်။

'ကျွန်မ…ကျွန်မ သူ့ကို နားလည်ပါတယ်။ ရှင်ပြောတာ အကြွင်းမဲ့ လက်ခံပါတယ်'

မိုးသူ့စကားကို နှုတ်ဆက်သွားသော ကိုသူရမျိုးမြင့်၏ နားအထိ ကြားစေချင်မိပါသည်။

❑

၇။

ထိုနေ့ကစပြီး မိုးသူ၏ ပြတင်းပေါက်ကလေးကို အမြဲ ဖွင့်ထားခဲ့ပါသည်။ တစ်ဘက်ခြမ်းမှ ပြတင်းပေါက်ကလေးကိုလည်း မိုးသူ အမြဲ ငေးမောနေခဲ့မိသည်။ တစ်ခါတခါလေ။ ပြတင်းပေါက်လေးဆီက သူ့ အရိပ်တချို့ကို မိုးသူ မြင်မိသလိုလို။

မိုးသူ စိတ်ထင်တာပဲ ဖြစ်ပါလိမ့်မည်။ ■

**မောင်ညြလေး**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောပင်မျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ဝယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ဝ၁-၉ဝ၁ဝ၅ဝ၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

၁။

ဇာတ်လမ်းတွဲထဲ
မျောပါနေတုန်းမှာ
ကြော်ငြာရဲ့
အလစ်ဝင်တိုက်ခိုက်မှုကြောင့်
အူတူတူမျက်နှာပေးနဲ့
ဒေါသကြီးလွန်းတဲ့
မင်းသမီးကိုရော၊
ပြည်တည်တည်မျက်ခွက်၊
အေးစက်စက်မျက်လုံးတွေနဲ့
မင်းသမီးကိုပါ
နားရင်းထ,တီးချင်နေတဲ့
သူ့ ဒေါသက လှုပ်ခါနေတဲ့
ကြော်ငြာမင်းသမီးဘက်
လှည့်သွားတယ်။
'ဘယ်ပစ္စည်းကို
ကြော်ငြာတာမှန်း မသိဘူး'
တီးတိုးရေရွတ်ရင်း
ဖယ်ခွာလိုက်တဲ့
သူ့အကြည့်က တီဗွီနဲ့
သူ့အကြားက ခုတင်ပေါ်မှာ
ရှိနေတဲ့ သူ့အမေကို
ပြန်တွေ့သွားပါပြီ။
သူ့စက္ကူနှစ်ကွင်းက
သူ့အမေရဲ့
အဆင်းကိုကျော်ပြီး
ဖန်သားပြင်ပေါ်က
အရုပ်တွေနောက်
ကောက်ကောက်ပါအောင်
လိုက်နေတာကိုး။
အရုပ်တွေပျောက်သွားလို့သာ
ရှယ်။ နို့မို့ဆို ပစ္စက္ခအခြေ
အနေကို အခုလို သူ
အမြင်ကန်းနေမှာက
ဇာတ်လမ်းရပ်သည်ထိ

ဖြစ်လောက်တယ်။
သူ့အမေခမျာ
သူ့ဟာသူ ခြေဆုပ်
လက်နယ်ပြုနေတာ
ကြာလှပါပြီ။ သူ့အမေ
ခြေဆင်းပြီး ထိုင်နေတာက
တီဗွီနဲ့ ဘေးတိုက်
အနေအထား။
ဒါတင်ကရိုးလား။
'သူတို့ဥစ္စာ အား,အားရှိ
ရန်ပဲဖြစ်နေကြတာ' ဆိုပြီး
သရုပ်ဆောင်တွေအပေါ်
အမြင်စောင်းနေတဲ့
သူ့အမေက မျက်စိတောင်
စုံမှိတ်ထားလိုက်သေး။
သူကတော့ အိမ်ထရံပေါ်က
ဓာတ်ပုံဆီ တစ်ချက်
မော့ကြည့်ပြီးတော့
သူ့အမေကို
ပြန်ငေးကြည့်နေတယ်။
ချိတ်ဆွဲထားတဲ့
အဖြူအမည်း ဓာတ်ပုံ
ထဲမှာတော့ ဇရာကို
အန်တုနိုင်တဲ့ သူ့အမေရဲ့
ပျိုမျစ်မှုတွေရှိနေပေမဲ့
ဂျီဩမေတြီဆန်တဲ့
မျဉ်းဖြောင့်၊ မျဉ်းကွေး၊
အတို၊ အရှည်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အရေးအကြောင်းတွေက ရှေ့မှာထိုင်နေတဲ့ သူ့အမေရဲ့ မျက်နှာပေါ်ကနေ ရောက် သက်ကို တွက်ပြလို့နေပါပြီ။ အသားကုန်၊ အဆီခန်းလုနီး ပါး ကိုယ်လေးပေါ်မှာ အား ကုန်နေတဲ့ အရေပြားက လျော့ ရိ လျော့ရဲ။ ရုပ်လုံးကြွနေတဲ့ သွေးကြောနဲ့ အရိုးအဆစ် တွေကဆို အရေပြားပေါ်ကို ရုန်းတက်နေသလိုလို။ လက် မောင်းပိန်ပိန်ကလည်း လက် ချောင်းပိန်ပိန်ကိုမှ အားမနာ၊ အသာစီးယူချင်နေတာလား မသိ။ ဒီလက်မောင်းတွေကို ပဲ ဒီလက်ချောင်းတွေနဲ့ ဆုပ် နယ်နေတာက နာရီဝက်မက ကြာနေပြီ။ ခုထိကို အညောင်း က ပြေချင်ပုံမရ။

'လွန်တယ်ကွာ။ ဓာတ် လမ်းထဲက ကြော်ငြာလား၊ ကြော်ငြာထဲက ဓာတ်လမ်း လား မသိတော့ဘူး'

တီဗွီဘက်ကို အာရုံ ပြောင်းသွားတဲ့ သူ့ဆီက အသံကြောင့်လား မဆိုနိုင်။ မှန်သားပေါ်ကို သရုပ်ဆောင် တွေ ပြန်ပေါ်လာပြီး ကြော်ငြာ ရဲ့နှောင့်ယှက်မှုကို တားဆီး လိုက်ကြတယ်။ ဒါပေမဲ့ အနိမ့်၊ အမြင့် တမ်ပိုများစွာနဲ့ ဆွဲဆန့်လာတဲ့ ဓာတ်လမ်းက အီလည်လည်ဖြစ်နေပြီမို့ သူ့ အာရုံကို အခုကျ မဆွဲဆောင် နိုင်ပြန်ဘူး။ လာတော့လာမှာ ပါ။ ဓာတ်မျောကို ဆွဲတင်ပြီး ပြန်ဖမ်းစားဖို့ လုပ်လာဦးမယ့် ကိုရီးယားဓာတ်ကားဥစ္စာ။

တီဗွီရှေ့က မထ,ဖြစ် သေးဘဲ သူ့အမေကို ကြည့် လိုက်တော့ လက်ဖဝါးကို မှောက်ချည်လှန်ချည်လုပ်ပြီး စူးစူးစိုက်စိုက်ကြည့်နေတယ်။ လက်ဆစ်တွေနာလာလို့ ဆက်ပြီး ဆုပ်နယ်နိုင်တော့ ဟန် မတူ။ သူလည်း သွား မကူနိုင်သေး။ ဓာတ်လမ်းက မှ မပြီးသေးတဲ့ဟာ။ သူ့နား ထဲမှာတော့ သူ့အမေ ခဏ ခဏ ပြောဖူးတဲ့ စကားသံကို အမှတ်မထင် ကြားယောင် လာတယ်။

'အိပ်ရာထ,ဆို ဒီလက် ညှိုးနဲ့ လက်ခလယ်က အေး စက်ပြီး ထုံနေတာ။ အကျႌ အိတ်ထဲ ထည့်ထားလိုက်၊ ဒီ ဘက်လက်နဲ့ ဆုပ်ထားလိုက် နဲ့ အကြာကြီး လုပ်ရတာ။ ဒါကိုက အလုပ်တစ်ခု'

ဆောင်းမနက်ခင်းဆို ဒီဇယ်အင်ဂျင်ကို ဟီထ်တိုက် ပြီးမှ စက်နှိုးရသလိုပဲ။ သွေး မရှိသလို ဖြူရော်နေတဲ့ လက် ညှိုးကို ဆုပ်လို့နယ်လို့ပြီးမှ သာ သူ့အမေခမျာ မျက်နှာ သစ်ရတယ်။ ညာလက်ဖမိုး ပေါ်က သွေးကြောတစ်ခုမှာ ကွက်ပြီး ညိုမည်းနေတဲ့ အပိုင်းလေးကို ပြတဲ့, ပြတဲ့ ပြီး သူ့ကို ပြောပြောနေခဲ့ တာလည်း ရှိဖူးတယ်။

'ကြည့်စမ်း၊ ဒီတစ်ခု တည်း ဒီနားတင် ကွက်မည်း နေတာ။ ဘာဖြစ်တာမှန်းလဲ မသိဘူး။ ထိခိုက်မိရင် ထွက် လာတဲ့သွေးကလည်း သွေးနဲ့ ကို မတူဘူး'

အာရုံစိုက်သလို ငြိမ်နေ ခဲ့တာကလွဲလို့ အမှုမဲ့၊ အမှတ် မဲ့သမားမို့ သူ့အမေ ပြောသမျှ စကားတွေကို ကြားကာမတ္တ ပါပဲ။ ဘာလုပ်ပေးရပါ့ ဆိုတဲ့ အတွေး၊ ဘာလုပ်ပေးရမလဲ ဆိုတဲ့ အမေးတို့က အဆင် မပြေလွန်းတဲ့ သူ့ဘဝတစ် လျှောက် ဘယ်နားမှာ ကျ ပျောက်ခဲ့ပြီ မသိ။ ဖျတ်ခနဲ ပေါ်လာပြီး ဖျတ်ခနဲ ပျောက် သွားတတ်တဲ့ သနားစိတ်ဆို တာ သူ့နားမှာ ကြာကြာမနေ။

'ဓာတ်ကြောမှ ရှည်ရ တဲ့အထဲ လာပြန်ပြီ'

တမေ့တမော ကြော်ငြာ တွေအပြီးမှာ ဆက်လာမယ့် ဓာတ်လမ်းက ဆယ်မိနစ်သာ သာ။ ဒီညတော့ ဓာတ်ရှိန် မမြှင့်နိုင်ဖို့ရာ သေချာနေပြီမို့ သူ့အမေနား သွားထိုင်ပါပြီ။ တောင်စဉ်ရေမရ အတွေးတွေ နဲ့ ကပေါက်တိကပေါက်ချာ နှိပ်ကွက်တွေသုံးပြီး သူ့အမေ ရဲ့ခြေဖဝါးတွေကို နှိပ်ပါတယ်။ ကွမ်းတစ်ယာ မညက်သေး ဘူး။ ခြေသလုံးတွေဆီ လက် ရွှေ့ပြီး နှိပ်တယ်။ တစ် အောင့်အကြာမှာ သူ့လက်ဆစ် တွေက မကွေးနိုင်သလို လက်ဖျားတွေက မကုပ်နိုင် သလို လုပ်လာပြီ။သူ့အမေကို မော့ကြည့်လိုက်တော့ မျက်စိ ကို စုံမှိတ်ထားဆဲ။ ဒါနဲ့ပဲ ကျောဘက်ကို ရွှေ့ထိုင်ပြီး ပခုံးမှာ ခဏ၊ ကုပ်ပိုးမှာ တစ်အောင့်နဲ့ ကျောရိုးဘက် လည်း ဖွဲ့,ဖွဲ့ထွက်ရင်း သူ့ လက်တွေက တက်သုတ်ရိုက် နှိပ်ပါလေရော။ သူ့မှာ အသိ စိတ်နဲ့လက်က တွဲမနေတာ ကြောင့် ကိုယ်လုံးကို လှုပ်ခါ ဆော့သလိုဖြစ်နေလို့ သူ့အမေ ကဆို ပြုံးစိစိ။

'သွား…သွား…အိပ် ချေတော့'

အညောင်းမပြေမှာ၊ အပူ မလည်မှာထက် ခန္ဓာကိုယ် အနှံ့ကို မစို့မပို့ နှိပ်နယ်ပေး လိုက်ရမှ သူ့လိပ်ပြာသန့်မှာ မို့ ထင်ပါရဲ့။ ကျောရိုးတစ် လျှောက်ကို လက်မနှစ်ချောင်း နဲ့ တွန်းနေ အဲလေ နှိပ်နေ တုန်း။ ခါးဆီရောက်လာတော့ သူ့လက်တွေ နှေးသွားတယ်။ ချွန်ထွက်လုမတတ် ငေါ်နေ တဲ့ သူ့အမေရဲ့ ခါးဆစ်ရိုးက ကျိုးပေါင်းတက်နေပုံ။ အဲဒီ နားမှာ ခါးအနေအထားက လေတိုးရင် ကျိုးသွားမလား ထင်ရလို့ သူ့လက်က မရဲ တရဲဖြစ်နေခြင်းပါ။

'တော်တော့ဟေ့၊ ငါ့ အကြောအခြင်တွေက အတင်း ဖိဆွဲပြီး ကုတ်နိုင်မှ။ နင်တို့ လည်း မနှိပ်တတ်ဘူး'

သူ့အမေက တော်ပြီ လားမေးတိုင်း ညောင်းသေး တယ်ချည်း ဒိုင်ခံဖြေရင်း အိပ်ပျော်ခဲ့တဲ့ ကလေးဘဝကို ပြန်သတိရသွားပေမဲ့ သူ အသာအယာပဲ ထ,ရပ်လိုက် တယ်။

'ဟိုနေရာက မကောင်း၊ ဒီနေရာက မကောင်းနဲ့။ ငါတို့ အစ်မ ပြောသလို မကောင်း တာက တစ်ကိုယ်လုံးမို့ ညည်း မနေချင်တော့ဘူးဟေ့။ အသက်အရှည်ကြီးနေရတာ လည်း ငြီးငွေ့လှပြီ'

တံတောင်ရယ်၊ နဖူး ရယ်၊ လက်မောင်းရယ်ကို အစီကသုံးပြီး အိပ်ရာပေါ်ကို သူ့အမေ အားယူလှဲလျောင်း နေပုံက ပင်ပန်းကြီးစွာ တစ် ဆင့်ချင်း။ ကျောရိုး၊ ခါးဆစ် ရိုးတွေကို အားမပြုဘဲ ခန္ဓာ ကိုယ်ကို နေရာချအပြီးမှာမှ ခုတင်ခေါင်းရင်းက စောင် ခေါက်လေးက သူ့အမေရဲ့ ဦးခေါင်းကို ခုမိသွားတယ်။ လူကသာ နေ,တာ စိတ်မာတဲ့ သူ့အမေက ဘေးက ကူတာ ကိုမကြိုက်။ အခုဖြင့် မျက်စိ ကိုမှိတ်ပြီး ဟောဟဲဆိုက်နေ



www.burmeseclassic.com

www.burmeseclassic.com

ပုံက အလုပ်ကြမ်းသမားလို့ ထင်ရတယ်။

'လူ့ဘဝကြီးကို စိတ်ကုန်လှပြီဟေ့'

အမောပြေသွားတာနဲ့ ထ၊အော်လိုက်တော့ ကယောင်ကတမ်းနဲ့ သူ့လက်တွေက သူ့အမေရဲ့ ခြေဖဝါးနဲ့ ခြေသလုံးကို ကူးသန်းခတ်နှိပ်နေပြန်ပါတယ်။

'မြင့်ထွန်းရေ တော်တော့ဟေ့၊ မထိရောက်ဘဲ နှိပ်နေလည်း လက်ညောင်းရုံပဲ။ ငါကတော့ ဘယ့်နှယ်မှ မနေဘူး။ တော်ပြီ၊ တော်ပြီ သွားအိပ်ချေတော့'

ဝတ္တရားနဲ့ စေတနာကို သူ့အမေ ခွဲခြားနားလည်နိုင်စွမ်းရှိမှာပါ။ သူကတော့ သူ့အမေရဲ့ ညှာတာမှုအောက်မှာ ဘာသိဘာသာနဲ့ ဆက်လျှောက်နေဆဲ။

'ပြီးတာပဲဗျာ'

❑

၂။

'အေးလိုက်တာကွာ'

ဖရိုဖရဲဖြစ်နေတဲ့ စောင်တွေကို ခြေရောလက်ပါသုံးပြီး ကိုယ်ပေါ် ဆွဲတင်တယ်။ လက်နှစ်ဖက်ကို ပတ္တာယှက်၊ ရင်ဘတ်ပေါ်တင်ကာ အသိစိတ်နဲ့ မသိစိတ် လုံးထွေးပြီး မနိုးတနိုးဖြစ်နေတဲ့ သူဟာ မျက်စိမှိတ်လျက်ကပဲ ငြိမ်သက်သွားပြန်ပါပြီ။

ညလိုလို အမှောင်ထုနောက်ခံထဲမှာ မြင်ကွင်းတွေကပဲ ဘာကြောင့်လင်းလက်နေရတယ်မသိ။ သူ မလွန်ဆန်နိုင်တာ ဘာကိုလဲ။ သူ သွားနေတာ ဘယ်ကိုလဲ။ မေးခွန်းတွေရှိပေမဲ့ သိချင်စိတ်ကလည်း သူ့မှာ ကင်းမဲ့နေတယ်။ တောတောင်ရေမြေဒေသစိမ်းတွေထဲ ခြေမဆန့်ပါဘဲ သူ ရွေ့လျားနေတာက လှစ်ခနဲ၊ လှစ်ခနဲ။ ဖျတ်ခနဲ ပြောင်း၊ပြောင်းသွားတဲ့ မြင်ကွင်းတွေကဆို အဆက်အစပ်လည်းမရှိ။ တွေ့ကရာ လျှောက်ရိုက်ပြီး လက်တည့်စမ်း ကားဆက်ထားတဲ့ ဗီဒီယိုဖိုင်ကို ကြည့်နေရသလိုပဲ။ ခုကိုပဲ အဲဒီ ဒေသစိမ်း၊ မြင်ကွင်းစိမ်းတွေက သူနေတဲ့ ရပ်ကွက်ထဲက လမ်းတွေနဲ့ တစ်ဆက်တည်း ဖြစ်သွားပြန်ပြီ။ လူမပြောနဲ့ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးတောင် မတွေ့ရတဲ့အထဲ အိမ်တွေကလည်း ငိုက်မျဉ်းနေသလိုလို။ သူ့အသိအိမ်တွေ တွေ့ပါလျက်သားနဲ့ ဘယ်အိမ်ကိုမှ ဝင်လို့မရ။ ရုတ်တရက် ကျောထဲက စိမ့်တက်လာပြီး ကြက်သီးတွေထ၊ သွားတယ်။ သူ့အနားကို ဘာက ချဉ်းကပ်လာမှန်း မသိပါဘဲ သူ့ရင်တွေက တလှပ်လှပ်။ တုန်လှုပ်မှုကို အဆုံးထိ ခံစားလိုက်ရတဲ့နောက်မှာတော့ အားကုန်အော်ဟစ်ပစ်လိုက်တဲ့ သူ့အသံက လည်ချောင်းထဲတင် နစ်ဝင်သွားတယ်။ ပတ်ကန်လိုက်တဲ့ ညာခြေကဆို အားအင်တွေ ဆွဲနုတ်ခံထားရသလိုပဲ။ ကြောက်ကန်၊ကန်လိုက်တဲ့ ခြေထောက်မှာ ရှူးအောင့်သွားတဲ့ ဝေဒနာနဲ့အတူ ဓာတ်ခုံပေါ်က ကန့်လန့်ကာကို ကန်လိုက်ရသလို အထိအတွေ့ကိုပါ တစ်ချိန်တည်း ခံစားလိုက်ရတယ်။ ပွင့်သွားတဲ့ သူ့မျက်လုံးတွေကို ခြင်ထောင်က စီးမိုးထားတာကြောင့် အိပ်ရာထဲမှာပဲဆိုတာကို သဘောပေါက်လိုက်ပေမဲ့ လူကတော့ တကယ်ကို မောနေဆဲ။

'အား'

သူ့ခြေထောက်ကတော့ တကယ်နာနေတာပဲ။ ကြောင့်ရူးတာဆိုလည်း မနက်ထ၊မှ နုတ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အိပ်ချင်စိတ်ရှိတုန်း ပျော်အောင်အိပ်ဖို့ သူ ကြိုးစားတယ်။ တစ်ယောက်တည်း မျက်စိကြောင်သွားရင် တော်တော်ငြီးငွေ့စရာကောင်းတာကိုး။ ဒါပေမဲ့ သူ့ခြေထောက်ကို ကြောင့်က ထိုးမွှေနေသလို နာပုံကတစ်မျိုးကြီး။ ဖွတ်မှိတ် အိပ်လို့ မရတော့တာကြောင့် သူ လူးလဲထ၊လိုက်ရတယ်။ စောင်တွေ ဘေးကန်၊ မီးခလုတ်လှမ်းဖွင့်၊ ခါးကို ရှေ့ကိုင်းပြီး ညာဘက်ခြေ ဖနောင့်ဆီ ကြည့်လိုက်တယ်'

'ဟာ…'

ခြေမျက်စိနောက်နားမှာ သွေးကွက်တစ်ခု။ တစိမ့်စိမ့်နဲ့ ဆက်ထွက်နေတုန်းမို့ ကုလားပဲခြမ်းထက် ကြီးတဲ့ သွေးကွက်လေးက မီးရောင်အောက်မှာ လှုပ်တုပ်လှုပ်တုပ်။ စောင်ပုံကို ဘေးဆီ ထပ်ကန်ပြီး သူ အတင်းပဲ ကုန်းရုန်းထ၊တယ်။ ခြင်ထောင်ပါ ဆွဲဖြုတ်ခါပြီး တန်းပေါ် လှမ်းတင်။ စောင်တစ်ထည်ချင်းစီ ခါယမ်းကြည့်။ ဒါပေမဲ့၊ အကောင်ပလောင်က မတွေ့။ မခံချိမခံသာဖြစ်လာတဲ့ ဝေဒနာက တစစ်စစ်။

'အာခေါင်ခြစ်ပြီး ကုန်းအော်ပစ်လိုက်ရကွာ… ဟား'

နာရီဆီ လှမ်းကြည့်တော့ ဆယ့်နာရီနဲ့ ငါးဆယ့်ငါးမိနစ်။ ဆေးခန်းတွေ သွားနိုးရင် မသိမသာ ပြန်ချောင်းကြည့်ရုံနဲ့ အိပ်ချင်ယောင်ဆောင်တာ၊ ဒါပဲ တုံ့ပြန်ကြဦးမှာ။ ဒီလောက် ကသိကအောက်နာပုံမျိုး အခုမှ ခံစားဖူးတယ်။ သစ်ပင်လိုသာ အတက်ပြန်ထွက်မယ်ဆိုရင် သူ့ခြေထောက်ကို ရိုက်ချိုးပြီး ဖြုတ်ပစ်ရဲတယ်။ နေရာမရွေ့ဘဲ မီးစနဲ့ထိုးနေသလို ဝေဒနာက ခံရခက်လိုက်လေခြင်း။ သွေးထွက်နေတာကို ထပ်ကြည့်တော့ တစ်ပေါက်လား၊ နှစ်ပေါက်လား မသဲကွဲပေမဲ့ သွေးကွက်က တစ်ခုတည်း။

'တောက်၊ ဒီလိုခံနေရမယ့်အစား သေသာသေပစ်လိုက်ချင်တယ်'

ဆယ့်တစ်နာရီခွဲ။ သူ ဖုန်းကလိနေရင်သာ အချိန်ကုန်တာ မြန်တာ။ နာရီတစ်ခါကြည့်တိုင်း တစ်နာရီစာ အချိန်ရွှေ့တိုးသွားရင်ကောင်းမှာ။ သူ့အသားအရေက အခုထိတော့ ပြာတာတာ မဖြစ်သေး။ လတ်တလောတင် ခေါက်ခနဲမဖြစ်လောက်ပါဘူး။ လည်စင်းခံမယ့်အစား၊ ရောင်ထွက်လို့မရမယ့် အတူတူ ဝေဒနာနုပဿနာရှုမယ်လို့ ဆုံးဖြတ်ပြီးနောက် အိပ်ရာထက်ကို အံကြိတ်ရင်းလှဲချလိုက်တယ်။ ပိုက်ဆံထုပ် ဘုတ်ခနဲ လာချပေးသူရှိရင်တောင် ဆေးရုံထဲကို သူ ဖုတ်ခနဲ ရောက်မသွားနိုင်။ သူများကိုလည်း ဒုက္ခမပေးချင်တော့ပြီ။ သူ့အတွက် အခု အဖိုးတန်နေတာက အချိန်။

'နာတယ်…နာတယ်…နာတယ်…'



www.burmeseclassic.com

www.burmeseclassic.com

သူ ဘယ်လိုမှ အာရုံ စူးစိုက်ပြီး မမှတ်နိုင်။ ထင်ရှားလွန်းတဲ့ ဝေဒနာကြီးက သူ့ကို နှောင့်ယှက်နေတယ်။ သူ စုတ်သပ်ရင်းနဲ့ ညာဘက်စောင်းတယ်။ 'ဝင်လေ…ထွက်လေ…ဝင်လေ…ကျွတ်'။ ဝင်လေပါဆို ရှူးခနဲ လေမှုတ်ပြီး၊ ထွက်လေဆိုခါမှ အသက်ထ,ရှူပစ်တဲ့ နှာခေါင်းကို သူ စိတ်ပျက်သွားတယ်။ သူ့ကိုယ်သူ ကုတ်ခြစ်ဆွဲဖွဲ့ပစ်ချင်နေတဲ့ စိတ်ကို ပြန်သိမ်းဆည်းရင်း ပက်လက်လှန်လိုက်တယ်။ 'ဝင်လေ…ထွက်လေ(၁)၊ ဝင်လေ…ထွက်လေ(၂)၊ ဝင်လေ…ထွက်လေ(၃)၊ ဝင်လေ…ထွက်လေ(၄)'။ ထပ်ထားတဲ့ လက်နှစ်ဖက်မှာ ညာဘက်လက်က လက်ချိုးရေနေလို့ ပြန်ဖြန့်။ ညာဖနောင့်ကလည်း နာမှနာမို့ ဘယ်ဘက်ကိုစောင်းပြီး ညာခြေကို အပေါ်က ထပ်ထားလိုက်တယ်။ တရစပ်နာနေတာကို ဖယ်ပစ်လိုက်တဲ့ သူ့စိတ်အာရုံထဲ နှာခေါင်းပုံ မြင်လာတယ်။ 'ဝင်လေ…(၁)၊ ထွက်လေ(၂)၊ ဝင်လေ…(၃)၊ ထွက်လေ(၄)၊ ဝင်လေ…(၅)၊ ထွက်လေ(၆)၊ ဝင်လေ… ဒီခြေထောက်ကဆို အပေါ်ကထားလည်းနာ၊ အောက်ကထားလည်းနာ'။ တိုင်မင်ညှိပြီး မှတ်နေတဲ့ သူ့မှာ သမာဓိကို ရှာမတွေ့လိုက်ပါဘူး။ သူ သိမှတ်ထားသမျှ(မတတ်မြောက်သော်ငြား) နည်းစနစ်အစုံက ဆယ်မိနစ်လောက်နဲ့ တင် ကုန်သွားပါပြီ။

အမယ်လေး၊ အလိုလေးတ,ရင်း အိပ်ရာပေါ် ငုတ်တုတ်ဖြစ်သွားပြီး သူ့လက်နှစ်ဖက်စလုံးက ညာခြေသလုံးကို ဆုပ်ညှစ်ထားတယ်။ ဆယ့်နှစ်မထိုးသေးတဲ့ နာရီကို မျက်နှာအိုလေးနဲ့ ငေးနေတဲ့ သူ့အမြင်အာရုံထဲ ပုံရိပ်ဟောင်းတွေ ဗိုးတဝါး ဝင်လာတယ်။ ပထမဆေးခန်းက နှီးမရနိုင်လို့ နောက်ဆေးခန်းကို အလောသုံးဆယ် ရှာနေတဲ့ ဆိုက်ကားတစ်စီး ညဦးနက်သန်းခေါင်ရဲ့ လူရှင်းတဲ့လမ်းမပေါ်မှာ တရိပ်ရိပ် ပြေးလို့။ အသက်ရှူကျပ်လို့ ငိုနေတဲ့ ကလေးက သူကိုယ်တိုင်။ သူ့ကို ပွေ့ထားတဲ့ သူ့အမေရဲ့ သမ္ဗုဒ္ဓေရွတ်သံက တိုးတိုးတုန်တုန်လေး။ အဲဒီညကဆို ဘယ်ဆေးခန်းမှ နှီးမရပေမဲ့ သူ နေပြန်ကောင်းသွားတယ်။ 'ဟုတ်ပြီ'။ ရှူမှတ်လို့မရတော့ ရွတ်ဖို့ဖတ်ဖို့ အားထုတ်ရုံပ။ သမ္ဗုဒ္ဓေဂါထာကို သူ ရွတ်တယ်။ တစ်ခေါက်ပြီး တစ်ခေါက်။

ဆယ့်နှစ်နာရီခွဲတော့ သူ အိပ်ရာပေါ် ပြန်လှဲတယ်။ သူ့လက်ထဲ ပါသွားတာက ပရိတ်ကြီးစာအုပ်။ ညာခြေကို လေထဲမြှောက်ရင်း စာအုပ်ကိုကြည့်တယ်။ ခြေကို ပြန်ချတယ်။ မေတ္တသုတ်ရွတ်လိုက်၊ ခန္ဓသုတ်ရွတ်လိုက်။ သူ့ညာခြေကိုလည်း မြှောက်လိုက်၊ ချလိုက်။

ည တစ်နာရီထိုးတော့ သူ အကြံတစ်မျိုးရတယ်။ ထော့နဲ့ ထော့နဲ့,နဲ့ မီးဖိုချောင်ဆီ သွားတယ်။ ဆားနဲ့ ရေနဲ့ဖျော်၊ ခြေမျက်စိအထက်နေ သပ်,သပ်ချတယ်။ ကင်းကိုက်တာဆိုရင်လည်း ဘာကင်းမှန်း သူ မသိလိုက်တာမို့ စိတ်ချရအောင်လို့ နောက်တစ်နည်း ထပ်သုံးတယ်။ ကြက်သွန်နီတစ်လုံးကို အခွံနွှာ၊ ပါးစပ်နဲ့ကိုက်ဝါး၊ ရလာတဲ့ ကြိတ်ဖတ်လေးတွေ အနာဝ,ပေါ်အုံပြီး ပတ်တီးစည်းနေတုန်း သူ့အမေ နိုးလာတယ်။

'နင်က မအိပ်သေးဘဲ ဘာလုပ်နေတာတုံး'

'…..'

'…..'

နားစွန်နားဖျား ကြားပြီး သူ့အမေပါ လန့်နိုးလာတော့ ရောင်ကိုင်းနေတဲ့ သူ့ခြေထောက်က ခြေမျက်စိတောင် ပျောက်နေပြီ။ ခုချိန်ထိ အဆိပ်က ခြေချင်းဝတ်ရဲ့အထက်ကို တက်မလာပုံထောက်ရင် အကောင်ရှည်ပဲ ဖြစ်ပါစေဦး၊ အဆိပ်မပြင်းလို့ပဲ။ ဆေးခန်းမသွားဘူးလို့ သူ ငြင်းလိုက်တဲ့နောက် အိမ်သားတွေ ပြန်အိပ်သွားတော့ နှစ်နာရီထိုးပြီ။ အကြောက်ပြေသွားပေမဲ့ အမြင်ကတ်စရာ ဝေဒနာကိုတော့ သူ ခံရခက်ဆဲ။

'တွေ့လို့ကတော့ သင်းဘဝကို တစ်စစီ ဖွဲ့ပစ်မယ်၊ ဟင်း…'

ပြောင်တလင်းခါ နေတဲ့ အိပ်ရာပေါ်မှာ အအေးဒဏ်ကို အာခံရင်း သူ မတွေ့လိုက်ရတဲ့ အကောင်ကိုသာ ဒေါပွနေပါတယ်။

'မနက်ဖြန်ည အခုကိုက်ခံရတဲ့အချိန်ရောက်ရင် အဆိပ်ပြေသွားမှာ'

သူ့အမေ ပြောသွားပုံအရဆို မနက်ဖြန်ညမှာ သူဒါတွေကို လွမ်းနေရုံပဲ။ ခုထိကတော့ နာတုန်း။ ကျောခင်းလိုက်၊ လူးလိုက်လှိမ့်လိုက်၊ ထိုင်လိုက်ထ,လိုက်၊ ရပ်လိုက်လျှောက်လိုက်၊ ကျောခင်းလိုက်၊ သုံးနာရီခွဲလောက်ကျ နေရထိုင်ရတာ အိုကေလာပြီ။ စ,ကိုက်ကတည်းက ဒီလောက်လေးပဲ နာခဲ့ရင်ကောင်းသား။ ခေါင်းထဲ ငြိုးစီစီဖြစ်လာလို့ ရင်ဘတ်ပေါ်ကို စောင်ခေါက်လေးတင်ပြီး မှေးနေတုန်းမှာပဲ သူ့နားထဲကို အစိပ်အကျဲမညီတဲ့ အုန်းမောင်းသံက ရုတ်တရက် ဝင်လာပါပြီ။

❑

၃။

တစစ်စစ် မွှေနေတဲ့ ဝေဒနာက ဘယ်ရောက်သွားတယ်မသိ။ သူ့မှာ ခြေတစ်ဖက်ပဲ ရောင်ကိုင်းကျန်ရစ်တယ်။ နာရီက ကိုးနာရီထိုးတော့မယ်။ နေမြင့်နေပြီ ဆိုတဲ့ အသိနဲ့ အိပ်ရာက ထ,တယ်။ သူ့အမေကို မျက်လုံးဝေ့ပြီးရှာတယ်။

'ဘယ်သွားနေပြန်ပါလိမ့်၊ ချော်ပြုလဲနေရင် အလုပ်ရှုပ်ဦးမယ်'

မျက်နှာသစ်ပြီးသည်အထိ သူ့အတွေးတွေက တသီတတန်း။ နေ့မြင်ည ပျောက်ဆိုတာကို သူလည်း ရင်ဘတ်ကြီးနဲ့ ခံစားလိုက်ရပြီ။ မနေ့ညက အကောင်မှာသာ တုံးခနဲ လဲသေစေနိုင်တဲ့ အဆိပ်ရှိခဲ့ရင် ဟောဒီ မြင့်ထွန်းတော့ ဒီမနက်မှာ သေပြီးသားပဲ။ ကိုယ့်အရိုးကိုယ် မသယ်နိုင်တဲ့အရွယ်ကိုသာ သေခါနီးလို့ သူ ထင်မြင်ခဲ့တာ၊ သူ့အတွေးစ တန်းလန်းရပ်သွားပြီး ခေါင်းထဲဝင်လာတဲ့ အကြံတစ်ချက်က သူ့ကို ခပ်သွက်သွက်လှုပ်ရှားစေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အသက်လေးဆယ်ကျော်ကတည်းက အလုပ်မဖြစ်တော့တဲ့ ဒီစာအုပ်ဆိုင်လေးကို ပိတ်ထားခဲ့ရတာပါ။ ဆယ်နှစ်လောက်ကို ကြာခဲ့ပါပြီ။ အခုမှ ပြန်တက်ဖြစ်တော့ ဆိုင်ကြမ်းပြင်မှာ သဲတရှပ်ရှပ်။ ခေါင်းပေါ်ကို လာငြိတဲ့ ပိုးမျှင်တွေကိုလည်း သူ ဂရုမပြုနိုင်။ သူလိုချင်တဲ့ နက္ခတ္တမဂ္ဂဇင်းတွေကို ခပ်သွက်သွက် ဆွဲထုတ်တယ်။ ဖုန်တွေခါရင်း တစ်အုပ်ချင်းရဲ့ မာတိကာမှာ လိုက်ရှာတယ်။ သုံးအုပ်မြောက်မှာ သူလိုချင်တာတွေ့ပါပြီ။ မာတိကာမှာ ညွှန်ထားတဲ့ စာမျက်နှာနံပါတ်ကို လှန်ကြည့်လိုက်တော့ 'ကင်းဆိပ်ပြေတဲ့ မန်ကျည်းစေ့'တဲ့။

တဒေါက်ဒေါက် တောင်ဝှေးထောက်သံကြောင့် စာဖတ်နေရာက သူ့မျက်နှာမော့လာတယ်။ သူ့အမေ တရွေ့ရွေ့လာနေတာကို မျက်မှောင်ကြုတ်ကြည့်နေရင်း သူ့နှုတ်က ပွစိပွစိ။

'အဘွားကြီးကတော့ ငြိမ်ငြိမ်ကို မနေဘူး'

နောက်ကိုပြန့်,ပြန့် လန်တတ်တဲ့ ခါးကို သူ့အမေက အဝတ်တစ်စနဲ့ ပတ်ထားပါတယ်။ ထိပ်နှစ်စကို ဗိုက်ရှေ့ပို့ပြီး ညာဘက်လက်နဲ့ ဆုပ်ကိုင်ထားတာပါ။ ဘယ်လက်နဲ့ ကိုင်ထားတဲ့ တောင်ဝှေးကို စာအုပ်ဆိုင်မှာ မှီထောင်လိုက်ပြီးမှ ဘယ်ဘက် လက်ဖဝါးလေးက ဖြန့်လာပါတယ်။

'ရော့…သွေးပြီးတော့ ကိုက်သွားတဲ့နေရာမှာ ကပ်ထား။ အဆိပ်ကုန်ရင် သူ့ဟာသူ ကွာကျသွားလိမ့်မယ်။ ကိုက်,ကိုက်ချင်း ကပ်ထားနိုင်ရင် ပိုကောင်းတယ်'

နက်ပြောင်ချောမွတ်နေတဲ့ မန်ကျည်းစေ့လေးတွေကို သူ ကြောင်ငေးကြည့်နေမိဆဲ။ ဇဝေဇဝါမျက်လုံးတွေနဲ့ စာအုပ်ဆိုင်ဘေးက မန်ကျည်းပင်ကြီးပေါ် မော့ကြည့်လိုက်တော့ ပြွတ်ခဲနေတဲ့ အဖူးအပွင့်တွေချည်းပဲ။ သီးချိန်မတန်သေးလို့ အသီးကင်းတောင် မမြင်ရသေးပါဘူး။

'အမေ လာဗျို့၊ စောစောစီးစီး မစားမသောက်နဲ့ ဘယ်ထိအောင် ထွက်လည်နေတာမှန်း မသိဘူး၊ အကြာကြီးပဲ'

မီးဖိုထဲက ထွက်လာပြီး လှမ်းအော်လိုက်တဲ့ သူ့အစ်မကို နားလည်မှုမဲ့ရှိရန်ကောဆိုတဲ့ အကြည့်နဲ့ ဦးမြင့်ထွန်း လှမ်းကြည့်နေပုံက စိတ်ပျက်လက်ပျက်။

'ဟုတ်တယ်၊ နင် ဆေးခန်းမသွားဘူးဆိုတာကို ညကတည်းက အပြင်သွားမယ် တကဲကဲလုပ်နေတာ။ ငါ အော်ထားလို့သာ'

သူ့အစ်မရဲ့ ပက်ခနဲ ဖြေရှင်းသံကြောင့် ဦးမြင့်ထွန်း မျက်လုံးပြူးသွားတယ်။ အသက်ရှစ်ဆယ်ကျော် သူ့အမေ ညအမှောင်ကြီးထဲ မန်ကျည်းစေ့မည်းမည်း သွားရှာတော့မလို့ပါလား။ ပါးစပ်ဟောင်းလောင်းနဲ့ ဦးမြင့်ထွန်းဟာ သူ့အမေကို ပြန်ကြည့်နေပြန်ပါတယ်။ သန့်သန့်ရှင်းရှင်းလေးနေတတ်တဲ့ သူ့အမေရဲ့ ခြေထောက်တွေမှာ ထူထူပိန်းပိန်း ကပ်တင်နေတဲ့ ဖုန်မှုန့်တွေက ခရီးစဉ်ကို တွက်ချက်ပြနေပါရောလား။ ■

ကိုဂျီးအဲ

# ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နေ့အထိ

(၁)အေးမို့(ပညာရေး) *အိမ်ကလေး* ၊E-mail၊ (၂) နတ်စောင်း(ကျိုက်ထို) *နေလောင်နှမ်းပန်းတို့ ဘယ်လိုလန်းပါမယ်* ၊ရန်ကုန်၊ (၃) မိုးကျော်စိုး(မကွေး) *အမှတ်(၂)လမ်းဟောင်း* ၊မကွေး၊ (၄) အိုအေစစ်(မအူပင်) *မြစ်ရင်ကွဲ* ၊E-mail၊ (၅) လူမျိုးသစ် *တန်းတူညီမျှ* ၊ပုသိမ်၊ (၆) ဆွေဝင်းနိုင်(ပွင့်ဖြူ) *ကံကောင်းနေ* ၊မကွေး၊ (၇) ဇော်သစ်(စကုကျွန်း) *ပထမဆုံး၏ကျောဘက်မှာ* ၊တောင်ကုတ်၊ (၈) Aဘုန်းခေတ် *ဘဝထဲက သဘာဝ* ၊ရန်ကုန်၊ (၉) သီဟမိုးမာန်(နွားကျောင်းသား) *သားခေါ်သံ(သို့) သားလာရင်သိမယ်* ၊မကွေး၊ (၁၀) မျိုးသည်မင်း *မြေမှီလမ်း ကလေး* ၊မန္တလေး၊ (၁၁) မြဒေါင်းနွယ် *အဆိပ်တစ်ခွက်ကို မော့သောက်မိသူ* ၊E-mail၊ (၁၂) မြဒေါင်းနွယ် *လောင်းရိပ်မိနှင်းဆီ* ၊E-mail၊ (၁၃) သင်းသင်းအေးထိန် *မိုးအတက်* ၊မန္တလေး၊ (၁၄) အေးဇစ်မောင်မောင် *နူးညံ့သောရင်ခွင်တံခါး* ၊မကွေး၊ (၁၅) ဘိုဘိုသန့်စင်(မြိုင်) *မိမိအမှုဘယ်သူပြု* ၊ရန်ကုန်၊ (၁၆) ဘိုဘိုသန့်စင်(မြိုင်) *စိမ်းသောကျင်းနှင့် မိတ်သလင်* ၊ရန်ကုန်၊ (၁၇) မင်းသျှင် *ငှက်အိမ်လေးလို* ၊ရန်ကုန်၊ (၁၈) မောင်မောင်သွင် *ဆုတောင်းသံ* ၊ပဲခူး၊ (၁၉) ကိုစက်ဖေ *နွေမှာဝေသော နှင်းပွင့်လေးများ* ၊ရန်ကုန်၊ (၂၀) ကိုစက်ဖေ *ပွင့်တူရွက်တူ* ၊ရန်ကုန်၊ (၂၁) သွေ့ခင် *ကျောက်သွေးသမားကောင်းတို့၏ လက်ဖြင့်* ၊–၊ (၂၂) ခိုင်သစ္စာ *ငွေနဲ့အမေ အမေနဲ့ငွေ* ၊မြိတ်၊ (၂၃) အောင်စိုးခိုင်(ရွှေပြည်သိဒ္ဓိ) *အောင်သိဒ္ဓိ ဘာမထီစိုးနှင့် ဖေယျာသူရ မောင်မောင်ဘပြိုင်* ၊စစ်ကိုင်း၊ (၂၄) ပိုပိုအောင်(ဝန်းသို) *အလင်းပျောက်နေ့ခွဲများ* ၊ကချင်၊ (၂၅) သျှားလူ *အာရုဏ်ကျင်း၍ လင်းတော့မည်* ၊ပြည်၊ (၂၆) ချိုထွေး(ကူမဲ) *လှ၏ ချော၏ သို့သော်* ၊မန္တလေး၊ (၂၇) အမရာပြည့်ပြည့်သူ *ဖြူလေးရဲ့မေတ္တာ* ၊ရန်ကုန်၊ (၂၈) လင်းဝေ(ဒဿနိက) *ဆွံ့အသောအာရုံ* ၊မန္တလေး၊ (၂၉) ရွှေသဒ္ဒါ(မြိတ်ပုလဲမြေ) *မာရိတ်အလွမ်း* ၊မြိတ်၊ (၃၀) ကိုငယ်မင်း *အမှောင်ကမ္ဘာ၏ သီအိုရီ* ၊–၊ (၃၁) မယ်စု(English)၊ *ကမ်းပါးဖျားက ပန်းရိုင်းတစ်ပွင့်* ၊E-mail၊ (၃၂) မောင်မြင့်ဝင်း *မှသာကြားမှ မေဓမ္မေတ္တာ* ၊ရန်ကုန်၊ (၃၃) မောင်မြင့်ဝင်း *ရင်ထဲကစကား အရှုံကြားပါစေ* ၊ရန်ကုန်၊ (၃၄) လူလေး(သစ်လိမ့်) *ဖျက်ဖြေအလကား* ၊စစ်ကိုင်း၊ (၃၅) မျိုးသည်မင်း *ချိုးငှက်ကလေးရဲ့ ရွက်ဆေးသံ* ၊မန္တလေး၊ (၃၆) ရွှေသဒ္ဒါ (မြိတ်ပုလဲမြေ) *အမေ့အပြုံး* ၊မြိတ်၊ (၃၇) လင်းကို *လောင်ကျွမ်းခြင်း* ၊–၊ (၃၈) ဝေဇလင်း (နည်းပညာတက္ကသိုလ်) *ဆုံမှတ်မဲ့ မြစ်တစ်စင်း၏ ရှိုက်သံ* ၊ရန်ကုန်၊ (၃၉) ရဲဝင့်သူ *ကောင်းကင်ကို ဘယ်သူများ ဘာအရောင်ချယ်* ၊Email၊ (၄၀) ဆွန်း(စက်မှုတက္ကသိုလ်) *တွယ်ငြိတတ်သည်* ၊ရန်ကုန်၊ (၄၁) ယွန်းမြတ်မွန်းသျှန် *ပွင့်သောပန်းတိုင်း လန်းမချောင်* ၊တောင်ငူ၊ (၄၂) မြကေခိုင် *ချစ်ခြင်းအားဖြင့်* ၊ရန်ကုန်၊ (၄၃) ခင်ဝေလင်း *ကောင်းကင် မေမေ* ၊ရန်ကုန်၊

*အေးမြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော
တစ်ပတ်လောက်ကအထိတော့
ဒီနေရာလေးက ချစ်ရိပ်တို့ ခြုံလွှမ်းလျက်
အေးမြနေပါလိမ့်မည်။ ချိုလွင်သည့် ရယ်မောသံ
သာသာလေးတွေကလည်း လေပြည်ကြားထဲ
ဝဲခိုစီးမျောနေပါလိမ့်မည်။ လှပသော အနာဂတ်
ပန်းချီကားတစ်ချပ်ကို အတူရေးဆွဲဖို့အတွက်
သူ့ကိုလည်း လိုအပ်ကောင်း လိုအပ်
နေပါလိမ့်ဦးမည်။ သူက ပြာလဲ့လဲ့
ကောင်းကင်ဆိုလျှင် ကိုယ်က ဖြူလွလွ
တိမ်တိုက်တွေဖြစ်ချင်ကြောင်း စိတ်ကူးယဉ်
ပြောဆိုနေမိလိမ့်ဦးမည် ထင်သည်။
ယခုအချိန်မှာတော့ ဒီနေရာက
ရှုံ့မှုန်းနာကျင်ဖွယ်ရာတွေ ရင်ထဲ အပြည့်အသိပ်
ထည့်ထားသည့် ကိုယ့်အတွက် အေးမြသည်ဟု
ဘယ်လိုမှ တွေးမရတော့။



# သံစဉ်မဲ့လမ်းခွဲခြင်း

အမှတ် ၃၂၈၊ မတ်၊ ၂၀၁၇

ကိုယ့်ရင်ထဲက အပူမီးနှင့်အပြိုင်
လေပြည်တို့ကလည်း ပူလောင်ပြင်းရှနေ၏။
သေချာတွေးကြည့်လျှင် အိပ်မက်ကမ္ဘာထဲက
နိုးထ,လာရသလိုပါပဲ။ အိပ်မက်တွေထဲကလို
စိတ်ကူးယဉ်ထားသလို ဖြစ်မလာနိုင်တော့ဘူး
ဟူသော အသိက ယူကျုံးမရစိတ်တွေနှင့်
ကိုယ့်နှလုံးသားကို ချုပ်နှောင် အကျဉ်းချ
ထားသည်။ အလိမ်အညာမိနေသလို ခံစား
နေရသောကြောင့် ကိုယ့်ချစ်စိတ်တို့က
ဖန်သားလို အက်ကြောင်းတွေ ထ,လာခဲ့ပြီ။
သူကတော့ ကိုယ့်ရင်ထဲကို မမြင်နိုင်။
ဘယ်တော့မှ ကိုယ့်ကို နားမလည်တတ်သော
မိန်းမတစ်ယောက်ကို ချစ်မိရတာက
ကြီးမားသည့် အပြစ်တစ်ခုဟု အခုမှ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သိလာရသည်။ သူပြောချင်တာကို ဖွင့်ပြောတတ်သော ကိုယ့်ခံစားချက် အတိမ်အနက်ကို ကိုယ့်မျက်ဝန်းတွေထဲကိုငေးရင်း အဖြေမရှာတတ်သော၊ မိန်းမတစ်ယောက်ဆီကနားလည်မှုကို မငုံ့မရဲ မျှော်လင့်နေမိတာ ကိုယ်၏နောက်ထပ်ကြီးမားသည့် အပြစ်တစ်ခုဖြစ်နိုင်သေးသည်။ ယခုလည်းကြည့်ပါဦး။ ကိုယ်ကသာ အတွေးမျိုးစုံတို့ဖြင့် ငြိမ်သက်နေမိသလောက် သူ့မျက်ဝန်းတွေထဲမှာတော့ ရွှင်မြူးရိပ်တွေယှက်ဖြာလို့။ ကိုယ့်ရင်ထဲနွမ်းလျသွားရ၏။

လေပြည်တွေနှင့်အတူလွင့်ပါသွားသော ဆံနွယ်တွေကို သိမ်းစုရင်း အကြောင်းအရာမည်မည်ရရမရှိသည့် ခေါင်းစဉ်တစ်ခုကို သူ ရယ်၍မော၍ ပြောနေသည်။ သူ့စကားလုံးတွေထဲကို ကိုယ့်စိတ်ဝင်စားမှုတို့က နစ်ဝင် မသွားခဲ့။ ဆံနွယ်စတွေကို နားကြားထဲညှပ်လိုက်၊ နှုတ်ခမ်းအစုံကို ခပ်ဖွဖွပိတ်ပြီး ရယ်မောလိုက်နှင့် လှုပ်ရှားနေသည့် သူ့လက်ချောင်းတွေကိုသာ ကိုယ်ငေးနေမိသည်။ သူ့လှုပ်ရှားပုံကကကြိုးကကွက် ဆန်နေ၏။ သူ၏လက်ချောင်းတွေ။ ဟာ ဟုတ်ပါရဲ့။ သူ့လက်ချောင်းတွေမှာ နီစွေးစွေး လက်သည်းဆိုးဆေးတွေနဲ့ပါလား။

လက်သည်းဆိုးဆေးဆိုးထားသည့် လက်ချောင်းတွေကို ကိုယ် မုန်းတီးတတ်မှန်း သူ သိထားလျက်နှင့်ကွာ။ 'ဘွဲ့ယူတုန်းက ဆိုးလိုက်ရတာပါ'ဟု လက်သည်းဆိုးဆေးနှင့် လက်ချောင်းတွေကို ဆုပ်ချည်၊ ဖြန့်ချည်လုပ်ရင်း

သူ့လက်ဖဝါး
အိတွေးတွေးကို
ပထမဆုံးအကြိမ်
ဆုပ်ကိုင်ခွင့်ရခဲ့တာ
ကိုယ်မဟုတ်ဘူး
သူ့နှုတ်ခမ်း
စိုရဲရဲကို
ပထမဆုံးအကြိမ်
အနမ်းပန်းခြွေခွင့်
ရတာကလည်း
ကိုယ်မဖြစ်နိုင်ဘူး
သူ၏အညိုရောင်
မျက်ဝန်းအစုံနှင့်
ပထမဆုံးအကြိမ်
ရင်ခုန်စွာ
အကြည့်ချင်း
ဆုံခဲ့ရတာလည်း
ကိုယ်မဟုတ်ခဲ့တာ
အသေအချာ

သူဖြေရှင်းချက် ပေးခဲ့ဖူးတုန်းက အဝါရောင်လိုလို၊ လိမ္မော်ရောင်လိုလိုပါ။ အခုက အနီရောင်ဆိုတော့ ထပ်ဆိုးထားတာ ဖြစ်နိုင်သည်။ ကိုယ်မကြိုက်သည့် လုပ်ရပ်တွေကို လက်သည်းဆိုးဆေး ဆိုးခြင်းကနေစပြီး တန်းစီ၍ လုပ်ဆောင်တော့မည်ဟု သူ ဆုံးဖြတ်လိုက်ပြီထင်၏။ ဒါမှမဟုတ် နွယ်ယုဝေဟူသော သူ့နာမည်က စာလုံးတစ်ခုခုကို အဖျားဆွတ်၍ 'သွယ်လျလျ လက်ချောင်းတွေက အနီရောင်လက်သည်းဆိုးဆေးနဲ့ လိုက်တယ်'ဟု ပြောမည့်သူ တစ်

ယောက်ယောက် သူ့ဘဝထဲရှိခဲ့ဖူးပြီထင်သည်။ မြတ်နိုးစွာနမ်းရှိုက်ခဲ့ဖူးသော သူ့လက်ချောင်းတွေကို ပထမဆုံးအကြိမ်အဖြစ် ကိုယ် မုန်းတီးသွားရသည်။ သူကတော့ ရယ်မော ပြောဆိုနေဆဲပဲ။ ပြောရင်း တွေငေးနေသည့် ကိုယ်၏ မေးဖျားကို သူ့လက်ချောင်းတွေဖြင့် အသာပင့်တင်လိုက်သည်။

'မောင် မျက်နှာလည်း မကောင်းပါလား။ အိမ်နဲ့ပြဿနာတက်လာပြန်ပြီလား'

ဒီနေရာမှာထိုင်တာအချိန်တော်တော် ကြာပြီးမှ ပျက်ယွင်းနေသော ကိုယ့်မျက်နှာကို သူ သတိထားမိသွားသည်။ သူပြောစရာစကားကုန်သွားမှ ကိုယ့်အရိပ်အခြည်ကို အကဲခတ်ဖို့၊ ကိုယ့်ကို ဂရုစိုက်ဖို့ သတိရတာလားပဲ။ ရင်ထဲ သိပ်မကျေနပ်ပေမဲ့ အနည်းငယ် အားတက်သွားရတာကလည်း အမှန်ပါပဲ။ မည်းမှောင်လွန်းသော ညတစ်ညမှာ ကြယ်ရောင်ကို ဖျတ်ခနဲ မြင်လိုက်ရသလိုမျိုးပေါ့။ သူ့ရဲ့ ဂရုစိုက်မှုကို ကိုယ်လိုအပ်နေသေးတာလားဟု တွေးကြည့်မိတော့ မရေရာသော အဖြေတစ်ခုကိုသာ ကိုယ်ရ၏။ တကယ်တော့ သူ ဂရုစိုက်တာ မစိုက်တာတွေကို စဉ်းစားနေဖို့က ကိုယ့်အတွက် မလိုအပ်သင့်တော့ပါဘူး။ သူ့ကို ကိုယ်လမ်းခွဲစကားပြောရတော့မည်ပဲလေ။

မေးဖျားကို ပင့်တင်ထားသည့် သူ့လက်ချောင်းတွေထဲကနေ ကိုယ် ရုန်းထွက်လိုက်သည်။ ကိုယ်၏ မနှစ်မြို့သလို ပုံစံကြောင့် သူ ခနွာ

ကိုယ်က ဆတ်ခနဲ တုန်ခါသွားသလို နားမလည်နိုင်သော မျက်ဝန်းတွေဖြင့် ကိုယ့်ကို သူငေးလာသည်။ ကိုယ့်ကို ဆိုတာထက် ကိုယ့်မျက်ဝန်းထဲကို သူငေးလာတာပါ။ ပထမဆုံးအကြိမ်အဖြစ် ကိုယ့်မျက်ဝန်းထဲကနေ ရင်ထဲထိထိုးဖောက်ကြည့်ရန် သူ ကြိုးစားနေခြင်းလားတော့မသိ။ ဒါဆိုလျှင်တော့ သူ့ကို ကိုယ်လမ်းခွဲချင်နေကြောင်း သိသာစေမည့် အကြည့်မျိုးဖြင့် ကိုယ့်မျက်ဝန်းတွေက စူးလို့ပြင်းရှနေရလိမ့်မည်ထင်သည်။ သူ့မျက်ဝန်းတွေထဲကိုလည်း ကိုယ် ပြန်ပြီး စူးစိုက်ကြည့်ပစ်လိုက်သည်။ သူ့ကို စတွေ့ချိန်ကတည်းက စိတ်ဝင်စားမိသည့် မျက်ဝန်းတွေထဲကိုပေါ့။ ဒီမျက်ဝန်းတွေကြောင့်ပဲချစ်စိတ်တွေ ဖြစ်တည်လာသည့် ကိုယ့်နှလုံးသားက အခုအချိန်ထိ နာကျင်စရာကောင်းလောက်အောင် ပူနွေးနေဆဲ။ တစ်ခါတလေချစ်နေပေမဲ့ လမ်းခွဲလိုက်သင့်သော အခြေအနေမျိုးဆိုတာ ကိုယ့်လိုလူတွေမှာရှိတတ်ကြမည်ထင်သည်။

ကိုယ့်ကိုငေးရင်း သူ့မျက်ဝန်းတွေက မာနရိပ်တို့ကြောင့် အနည်းငယ် စူးရှလာ၏။ သူ့နှုတ်ခမ်းအစုံကလည်း တင်းတင်း စေ့သွားသည်။ ကိုယ့်ကို စိတ်ဆိုးတိုင်း သူလုပ်နေကျ မျက်နှာထားမျိုးဖြင့် စူးစိုက်ကြည့်လာသည်။ ဟိုအရင်ကတော့ သူ၏ အခုလိုမျက်နှာထားမျိုး မြင်မိလျှင် ပြေးစရာမြေ မရှိလောက်အောင် စိတ်ထဲတုန်လှုပ်လာပြီး သူကျေနပ်ဖို့ ဘာမဆိုလုပ်ပေးမည်ဟု တွေးမိလောက်

www.burmeseclassic.com

www.burmeseclassic.com

သည်အထိ ကိုယ် ကယောင်ကတမ်း ဖြစ်လာတတ်သည်။ ယခုအချိန်မှာ အနည်းငယ် တုန်လှုပ်မိသေးပေမဲ့ အရင်လို စိုးထိတ်ခြင်းတွေတော့ မပေါ်များတော့ပေ။ သူ့အပေါ် ကိုယ် ပြတ်သားသွားနိုင်ပြီပဲ။ ဦးနှောက်တံခါးကို လာရောက်တီးခေါက်သောအတွေးတစ်ခုကြောင့် ကိုယ်တိတ်တဆိတ် ကျေနပ်သွားရသည်။

'မောင် ဘာဖြစ်နေရတာလဲ'

ချိုနွဲ့ပေမဲ့ မကျေနပ်ဟန်တွေ ရောစွက်နေသော စကားလုံးတို့ကို သူ့နှုတ်ခမ်းဖျားမှ ပစ်လွှတ်လိုက်သည်။ သူ၏ ပါးလျလျ နှုတ်ခမ်းအစုံသည် ပြုံးရယ်လိုက်လျှင် သိပ်လှပသွားတတ်သည်။ အခုလို မကျေမနပ်ဖြစ်နေချိန်ကျတော့လည်း ဆွဲဆောင်မှုတစ်မျိုးဖြင့် ကြည့်ကောင်းနေပြန်ရော။ သူ၏ နှုတ်ခမ်းအစုံကို ငေးမိစဉ် ကိုယ့်နှုတ်ဖျားတွင် စနစ်တကျ စီတန်းနေသော စကားလုံးတို့ ဖရိုဖရဲ ဖြစ်သွားကြသည်။ အကြိမ်ကြိမ် အခါခါ စဉ်းစား၍ ပိုင်နိုင်စွာချခဲ့သော လမ်းခွဲရန် ဆုံးဖြတ်ချက်ကိုလည်း မှားယွင်းနေသလို အထင်ရောက်သွားရသည်။ သူက ယောကျ်ားတစ်ယောက်ကို သူ့ညွှတ်ကွင်းထဲ ရောက်လာအောင် ဆွဲယူနိုင်သည့် မာယာ ကျွမ်းကျင်သူတစ်ဦးပါလား။ ဒါကြောင့်လည်း ကိုယ်က သူ၏ အချစ်ဦး ဖြစ်ခွင့်မရခြင်းပဲ။

'မောင်က ယုဝေရဲ့ အချစ်ရဆုံးသူပဲ'ဟု ထိုနှုတ်ခမ်းက ဖွင့်ဟခဲ့ဖူးသော စကားလုံးတို့ကို မျက်စိစုံမှိတ် ယုံကြည်ပစ်ခဲ့ခြင်းက ကိုယ် သိပ်ညံ့ကြောင်း ဝန်ခံလိုက်သလိုပင်။ ဒီလိုအပြောမျိုးကို ဘယ်နှကြိမ် ဘယ်နှခါလောက် သူ သုံးနှုန်းခဲ့ဖူးပြီလဲ။ ထပ်သုံးဦးမည်လဲ။ တွေးမိတော့ ကိုယ့်တစ်ကိုယ်လုံးကို မနှစ်မြို့စိတ်တွေ ခြုံလွှမ်းလာပြီး သူ့ကိုပို၍ပို၍ မကျေမနပ်ဖြစ်လာသည်။

သေချာတွေးကြည့်လျှင် သူ့လက်ဖဝါး အိထွေးထွေးကို ပထမဆုံးအကြိမ် ဆုပ်ကိုင်ခွင့်ရခဲ့တာ ကိုယ်မဟုတ်ဘူး။ သူ့နှုတ်ခမ်း စိုရဲရဲကို ပထမဆုံးအကြိမ် အနမ်းပန်းခြွေခွင့် ရတာကလည်း ကိုယ်မဖြစ်နိုင်ဘူး။ သူ၏ အညိုရောင် မျက်ဝန်းအစုံနှင့် ပထမဆုံးအကြိမ် ရင်ခုန်စွာ အကြည့်ချင်း ဆုံခဲ့ရတာလည်း ကိုယ်မဟုတ်ခဲ့တာ အသေအချာ။ ဒီလောက်အထိ သူနှင့် ပတ်သက်လျှင် အရာရာမှာ နောက်ကျခဲ့ရသော ကိုယ်က သူ၏ ခန္ဓာကိုယ်ကိုတော့ ပထမဆုံးအကြိမ် ပိုင်ဆိုင်သူ ဖြစ်ချင်သည်။ ဒါကိုတောင်မှ ဖြစ်ခွင့်မရနိုင်သည့် အခြေအနေတွင် သူ့ကို ဒီနေရာမှာ ချန်ထားခဲ့ရန်ကလွဲပြီး တခြား ပိုသင့်တော်မည့် အရာတစ်ခုကို ကိုယ် ရှာတွေ့နိုင်မည် မဟုတ်တော့ပေ။

သူ့နှုတ်ခမ်း အစုံကြောင့် တွေခနဲဖြစ်သွားသော ကိုယ့်စိတ်သည် ပြတ်သားသော အတွေးတို့ကြောင့် ပြန်ရဲရင့်လာသည်။ ပြောသင့်သည် ထင်သောစကားတို့ကို ပြန်ရှာတွေ့လာခဲ့သည်။ ရှိသင့်သော အပြုံးတစ်ခုကို နှုတ်ခမ်းပေါ်သို့ နေရာချပြီးပြီ။ သူ့ကို လမ်းခွဲစကားပြောပြီး ဒီနေရာမှာ ချန်ထားခဲ့လိုက်လျှင်တော့ ကိုယ့်နှလုံးသားကို တစစ်စစ်နှင့်အဆိပ်တက်နေစေသော ဆူးတစ်ချောင်းအား အပြီးအပိုင် နုတ်ပစ်နိုင်တော့မည်ထင်၏။

ထို အဆိပ်ဆူးသည် မင်္ဂလာဆောင် တစ်ခုက အပြန်တွင် ကိုယ့်နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာထဲသို့ စူးစူးနစ်နစ် ဝင်ရောက်လာသည်။ ကိုယ့်ငယ်သူငယ်ချင်း အောင်မိုးကသာ အဖော်မစပ်ခဲ့လျှင် ထိုမင်္ဂလာပွဲကို ကိုယ် ရောက်ဖြစ်စရာ အကြောင်းမရှိခဲ့။ သတို့သမီးကောင်မလေးက ကိုယ်နှင့် အိမ်နားနီးချင်းဆိုပေမဲ့ အောင်မိုးနှင့်ကျ တက္ကသိုလ်တွင် အရင်းနှီးဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့သည်။ ပညာရေး ကံခေခဲ့သော ကိုယ်က တက္ကသိုလ်မှာခင်မင်ခဲ့သည့် သူငယ်ချင်းဟူသော အသုံးအနှုန်းကို သိပ်သဘောကျသည်။ ထိုသို့သော အသုံးအနှုန်းမျိုးက အောင်မိုးနှင့် ယုဝေ၏ ကြားမှာလည်း ရှိခဲ့သည်။ အောင်မိုးကြောင့် ကိုယ်နှင့် ယုဝေ ဆုံတွေ့ခဲ့ရ၍ အောင်မိုးကို ကျေးဇူးတင်သည့်စိတ်ဖြင့်ပဲလား၊ ကိုယ့်ထက် အရာရာမှာ သာလွန်နေသော အောင်မိုးကို အထင်ကြီး အားကျမိသည့် စိတ်ကြောင့်ပဲလားတော့ မသိ။ အစ်မတွေ၊ ညီတွေနှင့် သိပ်မတည့်သော ကိုယ့်အတွက် အောင်မိုးက အရင်းနှီးဆုံးသူတစ်ယောက် ဖြစ်နေရသည်။

အစက ကြည်လင်နေသော ရာသီဥတုအောက်မှ အဖြူရောင်ညှို့ခံပွဲလေးသည် ကိုယ့်နှလုံးသားကို လန်းဆန်းစေခဲ့သေးသည်။ သိပ်လှပသော ပန်းနုရောင် သတို့သမီးကို ငေးရင်း ရွှင်ပြုံးနေသော သတို့သားကောင်လေးကို သူ အားကျနေမိသေးသည်။ ဒီပွဲကသာ ကိုယ်သိပ်ချစ်ရသော ယုဝေနှင့် ကိုယ်၏ပွဲ ဖြစ်ခဲ့လျှင်ဟု တွေးရင်းစိတ်ကူးတွေကို တိမ်တိုက်တွေထဲ ဖြန့်ကြက်ထားမိသည်။

အောင်မိုးနှုတ်ဖျားမှ သတို့သမီးအကြောင်းကို ဘာတစ်ခွန်းမှစကား စ,မလာခင်အထိ ကိုယ့်ရင်ခွင်က လန်းဆန်းနေဆဲ။ သူ့စကားလုံးတွေက တည်ငြိမ်နေသည့် ကိုယ့်နှလုံးသားကို လှိုင်းထန်သွားစေသော စေ့ဆော်မှုတစ်ခုလိုပါပဲ။ ကိုယ့်ကို ယုဝေကပင် 'မောင်က အခုတလော တစ်မျိုးပဲ'ဟု ဖွင့်ပြောလာရသည်အထိ ကိုယ့်စိတ်ထဲ အရောင်တွေ ပြောင်းလဲကုန်ရသည်။ ကိုယ်ကလည်း မှားခဲ့ပါသည်။ ကောင်မလေးတို့ စုံတွဲကို သိပ်ချစ်သည့် ချစ်သူတွေ ထင်တယ်ဟု မှတ်ချက်ပေးလိုက်မိသည်လေ။

'နောက်တစ်ယောက် မပြောင်းတော့ဘူးလို့ ထင်ရလောက်အောင် ချစ်ခဲ့တဲ့ ကောင်နဲ့သာ လက်ထပ်ရရင် ဒီကောင်မလေး အပြုံးတွေက ဒီ့ထက် ပိုတောက်ပမလား မသိဘူး'

ရုတ်တရက် အောင်မိုး၏ စကားလုံးတွေကို ကိုယ်နားမလည်။ အပြုံးတစ်ခုကို မှုန်မှိုင်းသည်၊ တောက်ပသည်ဟု အမျိုးအစား ခွဲခြားနိုင်အောင်အထိလည်း ကိုယ် မတော်ဘူး။ ပြုံးရွှင်ပျနေသော မိန်းကလေးကိုသာ ကိုယ် ငေး

www.burmeseclassic.com

နေလိုက်၏။ သူမ၏ ရောင်စုံ ခြယ် မျက်နှာထက်မှ လန်းဆန်းနေသော အပြုံးပန်းပွင့်တစ်ခုကအတုအယောင်တော့ မဟုတ်နိုင်။ 'ဟိုကောင်နဲ့ လမ်းခွဲပြီးမှ ဒီလူနဲ့ထပ်တွေ့ပြီး လက်ထပ်ဖြစ်သွားတာ'။ ပြောရင်း အောင်မိုးပြုံးသည်။ ဘယ်လိုအဓိပ္ပာယ်ကို ဆောင်သော အပြုံးမျိုးမှန်း ကိုယ်မသိပေမဲ့ နှစ်မြို့စရာမကောင်းတာကတော့အသေအချာပါပဲ။ နောင်တစ်ချိန်မှာ ကိုယ်တွေးမိတိုင်း ကြောက်ရွံ့ရမည့် အပြုံးမျိုး။ ကိုယ့်ကိုလိပ်ပြာမသန့်ဖြစ်စေသော အပြုံးမျိုးပေါ့။

ကောင်မလေးက သူမချစ်သူနှင့် လွန်လွန်ကြူးကြူး အခြေအနေတစ်ခုကို အခါပေါင်းများစွာ ဖြတ်ကျော်ခဲ့သည်။ ရင်းနှီးသူတိုင်းက သူတို့နှစ်ယောက်ကို မဖြစ်မနေလက်ထပ်ကြမှာပဲဟု ထင်လောက်သည်အထိ ရင်ခုန်သံချင်း နီးစပ်ကြသည်။

'ခပ်ရှင်းရှင်းပြောရရင် သိပ်ကဲတဲ့ စုံတွဲပေါ့ကွာ။ သူနဲ့တွေ့ခါနီးတိုင်း ဟိုကောင်က ဆေးကတ်တချို့ကို ဝယ်တတ်တာ ငါတို့မျက်မြင်ပဲ။ အချိုကုန်နေတဲ့ ပီကေလို မိန်းမမျိုးကို လက်ထပ်ယူတဲ့ကောင် ကညာထိန်နည်းလွန်းလို့နေမယ်'

အို ဗျာ . . . သူမက တခြားယောက်ျားတစ်ယောက်နှင့် အတူနေခဲ့ဖူးသည်တဲ့လား။ အောင်မိုး ပြောပုံအရဆိုလျှင် သူမ၏ ပန်းဆီရောင် ခပ်ရင့်ရင့် နှုတ်ခမ်းအစုံက သူမချစ်သူ၏ ပါးပြင်၊ ကျောပြင်၊ နှုတ်ခမ်း ဘယ်နေရာကိုမဆို ရှိုက်နမ်းခဲ့ဖူးမှာပဲ။ သူမချစ်သူ၏ ရင်ခွင်ထဲ နစ်မြုပ်ပျောက်ကွယ်သွားတော့မတတ် တိုးဝင်ရင်း ကို့ကို ချစ်တယ်ဟုပဲဖြစ်ဖြစ်၊ မောင့်ကို ချစ်တယ်ဟုပဲဖြစ်ဖြစ် ချစ်စိတ်ယစ်မူးစွာ ဟစ်အော်ခဲ့ဖူးမှာပဲ။ သူမဘဝ၏ အရာရာကိုလည်း သူမချစ်သူအတွက် ပေးအပ်ခဲ့မှာပဲ။ သူမသည် အိပ်ရာထက်တွင် စိတ်ဓာတ်ပြင်းထန်လွန်းတတ်သူလည်း ဖြစ်နိုင်နေသေးသည်။

အောင်မိုးက စကားတွေဆက်ပြောနေသေးပေမဲ့ ကိုယ်ကတော့ ဘာပြောရမှန်းမသိအောင် ကြောင်အ,နေသည်။ စိတ်ထဲမှာလည်း မျက်ခန်းခံစားလိုက်ရသည်။ ကိုယ်ထင်မှတ်မထားသလို အကြောင်းအရာတစ်ခုကို နှလုံးသားက လွယ်လွယ်ကူကူနှင့် လက်ခံပေးလို့မရခဲ့။ သို့ပေမဲ့ ထိုအရာတွေက နာကျင်စရာ ကောင်းလောက်အောင် အမှန်တကယ် ဖြစ်ပျက်ခဲ့တာကို သိလိုက်ရချိန်မှာ အပြစ်တင်ချင်စိတ်နှင့် စိတ်မကောင်းခြင်းတို့ ရောစွက်လာပြီး အရာရာဟာ မလှပတော့ပေ။ ကောင်းကင်တစ်ခုလုံးက ရုတ်ခြည်း မည်းမှောင်လာသလိုမျိုး။ ပြုံးနေသော ကောင်မလေး၏ မျက်နှာက ချက်ချင်း ညှိုညစ်လာသလိုမျိုး။ အဆိုးဆုံးကတော့ ကိုယ့်ရင်ထဲ ခါးသီးလာခြင်းပါပဲ။

ဘာကြောင့်များ သည်လောက်အထိ ကိုယ် ခံစားပစ်ပါလိမ့်။ ငယ်စဉ်ကတည်းက ကိုယ်သိနေသည့် မိန်းကလေးက ကိုယ်ထင်မှတ်မထားသလို လုပ်ရပ်မျိုးနှင့် နေသားကျနေ၍လား။ ဘာမှ မသိသလို ရွှင်ပြုံးနေသော သတို့သားအတွက် စိတ်မကောင်းဖြစ်မိ၍လား။ သူမနှင့် တက္ကသိုလ်ချင်းတူ၊ သိပ်လှတာချင်းတူ၊ ချစ်သူရှိခဲ့ဖူးတာ ချင်းတူသော ယုဝေ၏ အတိတ်ကို ဦးနှောက်ထဲ သံသယဖြင့်နေရာပေးလိုက်မိ၍လား။ ကိုယ် မဝေခွဲနိုင်။

ကိုယ့်စိတ်တွေ ရှုပ်ထွေးမှောင်မိုက်လာ၏။ စိတ်တွေ ရှုပ်ထွေးလာရခြင်းက အမြင်အာရုံတွေကိုပါ ဝေဝါး မှောက်မှားသွားစေနိုင်တာမျိုးလား။ ကိုယ့်မျက်စိထဲ ပန်းနုရောင်သတို့သမီးက တစ်ချက် တစ်ချက် ယုဝေနှင့်ဆင်တူနေသလို ခံစားလာရသည်။ သတို့သားကကော ကိုယ်နှင့် ဆင်တူလာနေပြီလား။ ကိုယ် ထိတ်လန့်စွာဖြင့် အကြည့်တွေကို သူတို့ထံမှ ခွာယူလိုက်ရသည်။ တကယ်လို့သာ ထိုမိန်းကလေးလို အတိတ်မျိုး ယုဝေမှာ ရှိခဲ့လျှင် ကိုယ် ယုဝေ၏ သတို့သား ဖြစ်ရဲသလား။ ကိုယ့်ဘာသာ ထုတ်မိသည့် မေးခွန်း၏ နောက်တွင် အဖြေက တစ်ပါတည်း ကပ်လိုက်မလာခဲ့။ ဖြေစရာ မရှိတာမျိုးတော့ မဟုတ်။ ကိုယ် မဖြေရဲတာပါ။ ပို၍ ပို၍ တိုးပွားလာနေသော အတွေးတို့ကြောင့် ကိုယ့်စိတ်ထဲ အဆမတန်လှုပ်ရှား ခုန်လှုပ်လာသည်။

ထိုအချိန်တွင် သတို့သားဆီ ပို့လွှတ်ထားသော အောင်မိုး၏ အကြည့်တွေကို ကိုယ် သတိထားမိလိုက်သည်။ ကိုယ့်ရင်ထဲ ကျဉ်ရှသွား၏။ ထိုအကြည့်တွေကို ကိုယ်သိသည်။ ဘယ်လို အနက်ဖွင့်ဆိုလိုက်ရမှန်း မသိပေမဲ့ ကိုယ်သိနေသည်။ မထိန်းသိမ်းခဲ့သည့် မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူ၍ အထင်သေးလိုသည့် အကြည့်မျိုးလား။ မဟုတ်သေးဘူး။ ထို့ထက် ပိုသည်။ လူတစ်ယောက်က ကိုယ့်ပျော်ရွှင်မှုကို ကိုယ်ပြန်ပြီး တစ်သက်လုံး သံသယဖြစ်နေရမည့် အကြည့်မျိုး။ 'မိန်းမတစ်ယောက်ကြောင့် မင်းဘဝကတော့ မြောင်းထဲ ရောက်သွားပြီ' ဟူသော အကြည့်မျိုး။

နာကျင်မှုန်းကျပ်ခြင်းတွေက လောင်စာတစ်ခုလို ကိုယ့်နှလုံးသားထက်၌ စတင်ကျွမ်းလောင်လာခဲ့ပြီ။ ပူလောင်ခါးသက်လာသော နှလုံးသားကို ရင်ခွင်က ဆက်လက်ထွေးပွေ့ထားနိုင်စွမ်း မရှိစွာဖြင့် ကိုယ်ဆတ်ခနဲ ထ,ရပ်ပစ်လိုက်သည်။ နာကျင်မှုတွေများ ခန္ဓာကိုယ်ထဲက လွင့်စဉ်ကျသွားမည်လားဟု ကိုယ်ထင်ထားမိသည်လေ။ ကိုယ်အရမ်းရူးသွပ်လွန်းတာပဲ။ တကယ်တော့ ထိုနာကျင်မှုက ဆူးတစ်ချောင်းလို ကိုယ့်နှလုံးသားထဲ နက်နက်ရှိုင်းရှိုင်း စိုက်ဝင်နေသည်သာ။

ပွဲခင်းထဲမှာ ရှိနေကြသူတွေအားလုံး၏ အကြည့်နှင့် အပြုံးတွေက အောင်မိုးထံမှ ပုံတူ ပွားယူထားသလိုမျိုး။ တဖြည်းဖြည်း သတို့သားကို ကိုယ် အားနာ သနားလာသည်။ ထိုမိန်းကလေးကြောင့် ပတ်ဝန်းကျင်ထံက နေ ဒီလိုဆက်ဆံရေးမျိုးကို ဘယ်အချိန်ထိများ သူ ရနေဦးမှာပါလိမ့်။ သူ့နေရာမှ သေချာတွေးကြည့်လျှင် အငွေ့ပြန် ပျောက်ကွယ်သွားချင်လောက် အောင်ထိ အရာရာ ရှက်ရွံ့

www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ရာတွေ အုပ်မိုးလို့။ သူ့နေရာကနေ ငှားရမ်းခံစားခဲ့ရသော ခံစားချက်တွေကို ကိုယ်ပိုင်ဘဝထဲအထိတော့ ယူမလာခဲ့ချင်။ ဒီနေရာမှာ ခဏလောက်ဖြစ်ဖြစ် ဆက်နေလိုက်ရလျှင် ကိုယ့်ဘဝက ထိုလူနှင့် ဆင်တူလာတော့မည့်အလား အောင်မိုးကို ကိုယ်စကားပင် မပြောနိုင်ဘဲ အိမ်ကို ခပ်သွက်သွက် ပြန်လိုက်သည်။ ထိုအချိန်ကတည်းက အဲဒီသတို့သားလို အကြည့်တွေ၊ အပြုံးတွေနှင့် အတိုက်ခိုက်ခံရမည်ကို ကိုယ် သေလောက်အောင် ကြောက်ရွံ့လာသည်။ ယုဝေကို သံသယနှင့် စောင့်ကြည့်ရန်လည်း နာနာကျင်ကျင် ဆုံးဖြတ်မိသွားသည်။

အောင်မိုးထံမှ ယုဝေ၏ အတိတ်ကို စုံစမ်းယူရန်တော့ ကိုယ် ယောင်လို့တောင်မှ မတွေးမိ။ တစ်တစ်ခွခွတွေ ပြောထွက်တတ်သည့် သူ့ပါးစပ်ကို ကိုယ်ကြောက်သည်။ မိန်းကလေးတစ်ယောက်ကို အမြင်တစ်ခုနှင့်တင် အပျိုစင်ဟုတ်၊ မဟုတ် ဘယ်လိုဆုံးဖြတ်၍ ရနိုင်မည်လဲဟုသာ ကိုယ်တွေးသည်။ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု၏ လှုပ်ရှားမှုကို စောင့်ကြည့်သင့်သည်လား။ အနေအထိုင်နှင့် အဝတ်အစားကိုကြည့်၍ ဆုံးဖြတ်ချက် ချသင့်သည်လား။ ဘယ်လိုပင်ကြည့်ကြည့် ကိုယ့်မျက်စိထဲမှာတော့ ယုဝေ၏ အလှကိုပဲ မြင်ရသည်။

ယုဝေက သူပြောချင်တာတွေ တန်းစီပြောပြီး ရယ်မောနေသောအချိန်တွင် လှနေသည်။ ပျော့ပျောင်းထူထဲသော ဆံနွယ်တွေကို ကလစ်ဖြင့်ဖြစ်သလို သိမ်းစုစည်းနှောင်ထားရင်လည်း လှနေသည်။ ခပ်ကျပ်ကျပ်ဘောင်းဘီတွေကြောင့် တခြားသူတို့၏ အာရုံစူးစိုက်လာမှုကို ဝန့်တိုပြီး လုံချည်ပြောင်းဝတ်ခိုင်းတော့လည်း လှနေပြန်သည်။ တစ်ခါတစ်ရံမှာ ယုဝေကိုငေးရင်း ဒီလောက်လှသည့် မိန်းကလေးမှာ အကျည်းတန်သောအတိတ်မျိုး ရှိနေနိုင်ပါ့မလားဟု ကိုယ်တွေးမိသည်။ တစ်ခါတလေကျပြန်တော့လည်း ဒီလောက်လှနေလို့ကို ထိုအတိတ်မျိုး ရှိနိုင်တာဟု အထင်ရောက်ရပြန်သည်။ သူနှင့်ပတ်သက်ပြီး ကိုယ့်ဘဝ၏ အခက်ခဲဆုံးအစိတ်အပိုင်းပါပဲ။

ချစ်သူဘဝ အချိန်မှာတင် ယုဝေ၏ခန္ဓာကိုယ်ကို ကိုယ်က ဦးအောင် ရယူလိုက်လျှင်ကော။ ကိုယ်ကြိုးစားပါသေးသည်။ သူ့နှုတ်ခမ်းအစုံကို မြတ်နိုးစွာ နမ်းရှိုက်ခွင့်ပြုတာကလွဲ၍ ကျန်သော အခွင့်အရေးတွေကို သူမပေး။ သူ့ချစ်သူတိုင်း ထိုအခွင့်အရေးကို မရခဲ့တာလား၊ ကိုယ့်တစ်ယောက်တည်းကိုပဲ ကွက်ပြီး ကန့်သတ်တာလား။ သံသယစိတ်တို့ တိုက်ခိုက်လာတိုင်း ဝမ်းနည်းရတာတ်တာ သိသော်လည်း ရင်ထဲကို ဝင်ရောက်ခွင့်ပြုမိခဲ့ပြီပဲလေ။ ရင်ကို မှုလောင်စေတတ်သော ထိုစိတ်တွေကို ကိုယ် တယုတယ မွေးမြူခဲ့မိပြီ။

ယုဝေကို ကိုယ် လက်ထပ်ခွင့် တောင်းခဲ့သေးသည်။

'မဖြစ်နိုင်သေးဘူးမောင်။ ယုဝေ ကျောင်းပြီးအောင် တက်ချင်သေးတယ်။ ကျောင်းပြီးရင် အိမ်ကိုလည်း နှစ်နှစ်လောက် အချိန်ပေးချင်သေးတယ်။ မေမေတို့လည်း ပင်ပန်းလှပြီ'

ရည်းစားပွေခဲ့သော မိန်းကလေးတစ်ယောက်၏ အိမ်အပေါ်သိတတ်ပုံက ကိုယ့်လက်ထပ်ခွင့်ကို ငြင်းဆန်လိုသည့် ဆင်ခြေတစ်ခုဖြစ်နိုင်၏။ သို့ပေမဲ့ သူငြင်းဆန်လိုက်ချိန်မှာ ကိုယ် လှိုက်ခနဲပျော်ရွှင်သွားမိတာကိုလည်း ဝန်ခံပါသည်။ မဟုတ်လျှင် မင်္ဂလာဆောင်သောနေ့ရောက်မှ ဟိုသတို့သားလို လူတချို့၏အကြည့်တွေ၊ အပြုံးတွေကြားထဲ ကိုယ်မွန်းကျပ် နေရလျှင်ခက်မည်။ ကိုယ်ဟာ ယုဝေထက် ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးဖြစ်နေပြီ ထင်၏။ ထိုအထင်ကို နာကျင်ဖွယ်ရာကောင်းသော အမှန်တရားတစ်ခု ဖြစ်မနေစေရန် ဆုတောင်းရုံသာ ကိုယ်တတ်နိုင်သည်။ ချစ်စိတ်တစ်ခု ရှေ့တန်းတင်ပြီး ယုဝေအတိတ်မှာ ဘာပဲဖြစ်ခဲ့ပါစေ ကိုယ် နားလည်မှု ပေးနိုင်ပါသည်။ တကယ်လို့ လူတချို့၏ အကြည့်တွေနှင့် အပြုံးတွေကို ကိုယ် မမြင်တွေ့ခဲ့လျှင်ပေါ့။

ယောက်ျားတစ်ယောက်၏ ရင်ခွင်က မိန်းမတစ်ယောက်၏ ဘဝတစ်ခုလုံးအတွက် အနွေးထွေး အလုံခြုံဆုံး ဖြစ်နေသင့်သည်။ ထိုရင်ခွင်ထဲ တိုးဝင်မည့်မိန်းမမှာလည်း ဖြူစင်ခဲ့ဖို့လိုအပ်သည်။ ထိုအတွေးသည် သတို့သားလူ၏ နောက်ကြောင်းကို ရှိုးခနဲ၊ ရိပ်ခနဲ မြင်လိုက်ရချိန်မှာ ကိုယ်ရရှိခဲ့သော အတွေးတစ်ခုသာ။ ထိုသတို့သားကလည်း အိမ်ထောင် မကျခင်က ပွေလွှန်း ရှုပ်ခဲ့လွန်းသည်။ သူလက်ထပ်ယူခဲ့သည့် မိန်းကလေး၏ဘဝလိုမျိုး သူ့ချစ်သူကောင်မလေးတွေ၏ ဘဝတွေကို ထပ်တူညီစေခဲ့သည်။ တကယ်တော့ မိန်းမတစ်ယောက်၏နှလုံးသားအတွက် ဘယ်လိုလုံခြုံမှုမျိုးမှ မပေးနိုင်သော ယောက်ျား၏ရင်ခွင်ထဲကို မဖြူစင်ခဲ့သော မိန်းမတစ်ယောက်က တိုးဝင်သွားခဲ့ခြင်းသာ။

ဒါကို နားလည်သွားချိန်တွင် ယုဝေအတွက် နွေးထွေးလုံခြုံသော ရင်ခွင်တစ်ခုကို ကိုယ် ပိုင်ဆိုင်ချင်စိတ် ပေါက်သွားသည်။ ယုဝေအပေါ် သစ္စာတည်မြဲချင်သွားသည်။ ကိုယ့်တက်က ကိုယ့်နှလုံးသားကို ကိုယ် သစ္စာတရားဖြင့် အသေ ချည်နှောင်ထားလျှင် ရောင်ပြန်ဟပ်လိုက်သလို ယုဝေကလည်း ကိုယ့်အတွက် သူ့ကိုယ်သူ ထိန်းသိမ်းမှာပဲ။ ဖြူစင်ပေးမှာပဲ။ တကယ်လို့ ယုဝေသာ မဖြူစင်ခဲ့လျှင် ကံကြမ္မာက ကိုယ်တို့ကို ခွဲခြားပစ်လိုက်မှာပဲ။ ခိုင်ခံ့သော ယုံကြည်မှုတစ်ခုကို နှလုံးသားထဲ တည်ဆောက်ပြီးချိန်တွင် ယုဝေကို ကိုယ် ပို၍ပို၍ ချစ်လာသည်။

စိတ်ကောက်တတ်လွန်းသော ယုဝေထံတွင် ကိုယ့်အတွက် ကြီးမားသော ချစ်စိတ်ရှိနေတာပဲ ဆိုတာမျိုး လှည့်တွေးလာတတ်ပြီ။ အစ်မတွေ၊ ညီတွေနှင့် ရန်ဖြစ်စကားများတိုင်း ကိုယ့်ကို ■■■တွေးစွာ ဖျောင်းဖျသည့် သူ့စကားလုံးတွေကို ကိုယ် မြတ်နိုးလာတတ်ပြီ။ အမှန်အတိုင်း ဝန်ခံရရင် စူးနစ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com

ဝင်နေသော အဆိပ်ဆူးကို နုတ်ပစ်လိုက်နိုင်ခဲ့ပြီဟု ကိုယ်ထင်တာပေါ့။ နက်ရှိုင်းသည်ထက် ပို၍ နက်ရှိုင်းသော နေရာတွင် ထိုအဆိပ်ဆူး ရှိနေတာကို ကိုယ် သိခွင့်ရခဲ့ခြင်းက ကိုယ့်အတွက် ကျိန်စာတစ်ခုလားပဲ။ ကိုယ့်အပေါ်ကို ယုဝေ ပြင်းပြင်းထန်ထန် လိမ်ညာရက်ခဲ့သည်။

ထိုနေ့က ကိုယ့်ညီနှင့် စကားများသည်။ ကိုယ့်မှာ ဘာအလုပ်အကိုင်မှ မရှိခြင်းက ကိုယ့်မောင်နှမတွေ၏ မျက်စိထဲ အကြီးမားဆုံး အမှားတစ်ခု ဖြစ်နေကြပုံပဲ။ တကယ်လို့ ကိုယ်မှားနေသည်ဆိုလျှင်တောင် သူတို့ပြောသမျှတွေကိုတော့ သည်းခံပြီး မနေနိုင်။ ကတောက်ကဆတ်ဖြစ်ရပါများတော့ ကိုယ့်စိတ်တွေ ရှုပ်ထွေးမှောင်မိုက်နေခဲ့သည်ပဲ။ ကောင်းကင်တစ်ခုလုံးမှာလည်း အလင်းရောင်ရှားပါးနေအောင်ထိ တိမ်ညိုတိမ်မည်းတွေက ဟိုတစ်စုသည်တစ်စု။ အိမ်နှင့် ခပ်လှမ်းလှမ်းမှ ကန်ရေပြင်ထဲမှာလည်း အမှိုက်သရိုက်တို့ဖြင့် ရှုပ်ထွေးနောက်ကျိလို့။ ဒါဟာ ကိုယ့်ဘဝအတွက် နိမိတ်ပုံတစ်ခုလားဟု ကြံတင်မစဉ်းစားနိုင်။ အောင်မိုးကို ခံစားချက်တချို့ ရင်ဖွင့်ရင်း ဘီယာဆိုင် ထိုင်ချင်စိတ်က သာရင်ထဲ ကြီးစိုးနေခဲ့သည်။ ဘီယာသောက်ရင်း ကိုယ့်တွက် အစိမ်းသက်သက်ဖြစ်နေသော နေရာတစ်ခုကို သွားရောက်အပန်းဖြေရန် အောင်မိုးတိုက်တွန်းလာသည်။ ပင်ပန်းခက်ခဲလွန်းသော ကိုယ့်စိတ်အတွက်ထွက်ပေါက်ဟုလည်း

ကိုယ့်ကို
အံ့ဩနာကျင်သလို
ကြည့်ပြီး
မုန်းစရာကောင်းတဲ့
လူဟု
ခါးခါးသီးသီး
စကားဆိုလေမလား
ဒါမှမဟုတ်
'မောင်ရယ်'ဟု
တိုးဖွဖွရေရွတ်ရင်း
ကိုယ့်ကို
အဆုံးစွန်ထိ
နားလည်မှုပေးရန်
သူကြိုးစားမှာလား
အရင်လို
သူစိတ်ကောက်တိုင်း
မောင်
မှားသွားပါတယ်ကွာ
ဟု
တဖွဖွပြောရင်း
သူ့လက်တွေကို
ကိုယ့်ရင်ခွင်ထဲ
ထည့်သိမ်း
လိုက်ရုံနဲ့တော့
ရတော့မည်မထင်

သူဆို၏။ ထိုနေရာတွင် မိန်းမငယ်တချို့ ရှိနေကြသည်။

ကိုယ်သာ အချိန်၏ အရှင်သခင်ဖြစ်လျှင် ထိုအချိန်ကို ပြန်ရောက်သွားလိုက်ချင်သည်။ အောင်မိုးနှင့် ဘီယာဆိုင် မထိုင်ဖြစ်အောင် ကိုယ်နေခဲ့လိုက်ချင်သည်။ အောင်မိုး ခေါ်ဆောင်သွားခဲ့သည့်နေရာမှ မိန်းမငယ်တချို့နှင့် ဘာမှ မဖြစ်ခဲ့အောင် ကိုယ့်စိတ်ကိုယ် နိုင်အောင် ထိန်းလိုက်ချင်၏။ စိတ်လက်ကြည်သာစွာဖြင့် မနက်ဖြန်တွေကို ရင်ဆိုင်ချင်၏။ ယုဝေကို လိပ်ပြာသန့်စွာဖြင့် မျက်နှာချင်းဆိုင်ချင်၏။ အခုတော့ ကိုယ်ပြင်းပြစွာ နာကျင်နေရပြီ။ ကျဉ်းမြောင်းသေးငယ်လွန်းသော အခန်းတစ်ခုထဲ ရောက်နေရသလို ကိုယ် အသက်ရှူလည်းမဝချင်။ နံရံချပ်များ၏ ဝိုင်းဝန်းဖိညှပ်ခြင်းကို ခံထားရသလို နှလုံးသားက နာကျင်တင်းကျပ်နေ၏။ ယုဝေ၏နှလုံးသားအတွက် နွေးထွေးလုံခြုံမှုပေးနိုင်သော ရင်ခွင်ကို ကိုယ်မဆောက်တည်နိုင်ဘူးပဲဟု တွေးရင်းတွေးရင်း ကိုယ့်စိတ်ကိုယ် ကြိုးစားထိန်းသိမ်းနေနိုင်စွမ်း မရှိတော့။ ကိုယ် အော်ဟစ်ပေါက်ကွဲချင်လာသည်။ ငေးစိုက်ကြည့်နေမိသော ဖြူညစ်ညစ်ရောင် မျက်နှာကြက်လောက်တောင်မှ ကိုယ့်နှလုံးသားက မဖြူစင်တော့ဘူးလား။

ကိုယ့်ဘဝထဲ ဘာကြောင့် ဒီလိုအကြောင်းအရာက ဝင်ရောက်လာရတာလဲ။ ဘာကြောင့်ကံကြမ္မာက ကိုယ့်ကိုမှ ရွေးချယ်ခဲ့တာလဲ။ စိတ်ပျက်စရာကောင်းလောက်အောင် ရစ်ဝဲလာသည့် မျက်ရည်များကြောင့် ကိုယ် ခံရခက်လာသည်။ အခု ကိုယ် ဘာလုပ်သင့်သည်လဲ။ ယုဝေကို အမှန်အတိုင်း ဖွင့်ပြောလိုက်သင့်သည်လား။ ဒါဆို ယုဝေ ချက်ချင်းယုံကြည်ပါ့မလား။ ကိုယ့်ကို အံ့ဩနာကျင်သလိုကြည့်ပြီး မုန်းစရာကောင်းတဲ့လူဟု ခါးခါးသီးသီး စကားဆိုလေမလား။ ဒါမှမဟုတ် 'မောင်ရယ်'ဟု တိုးဖွဖွရေရွတ်ရင်း ကိုယ့်ကို အဆုံးစွန်ထိ နားလည်မှုပေးရန် သူ ကြိုးစားမှာလား။ အရင်လို သူစိတ်ကောက်တိုင်း မောင်မှားသွားပါတယ်ကွာဟု တဖွဖွပြောရင်း သူ့လက်တွေကို ကိုယ့်ရင်ခွင်ထဲ ထည့်သိမ်းလိုက်ရုံနဲ့တော့ရတော့မည်မထင်။ သူ နင့်နင့်သီးသီး ငိုကြွေးမှာကတော့ လွယ်ကူလွန်းသော ပုစ္ဆာတစ်ပုဒ်လို လေးလေးနက်နက် တွေးစရာ မလိုပါ။

ယုဝေကို ဘာမှပြောမနေဘဲ ဒီအကြောင်းတွေကို လျှောက်မဖွရန် အောင်မိုးကို အသိပေးထားလိုက်ရင်ကော။ သူကတော့ 'ယောက်ျားပဲကွ၊ ဘယ်ကင်းလို့ရပ့ါမလဲ'ဟု အစချီရင်း တစ်တစ်ခွခွတွေ ပြောလာမှာပဲ။ ကိုယ်လည်း ယုဝေနှင့် ကိုယ့်ကြားထဲကို သစ္စာဆိုသော စည်းတစ်ခု ခိုင်ခိုင်မာမာ တားမထားမိလျှင် ဒီကိစ္စကို အကြီးမားဆုံး အမှားလို့ တွေးမိပါ့မလားမသိ။ ယုဝေအပေါ် ကိုယ် သစ္စာမဲ့ခဲ့ပြီဟူသော အသိကြောင့် ရင်ထဲက တင်းကျပ်မှုက အနည်းငယ်လောက်တောင်မှ ပြေလျော့မသွား။ ကိုယ်က အခုလို သစ္စာပျက်ကွက်ခဲ့တော့ ယုဝေလည်း ကိုယ့်အတွက် သူ့ဘဝကိုသူ ဖြူစင်ပေး နိုင်ပါတော့မလားလည်း မသိ။

အို . . . ဘုရားသခင်။ ရုတ်တရက်တွေးလိုက်မိသော အတွေးတစ်ခုကြောင့် ကိုယ် နင့်နဲစွာ ဘုရားတ,လိုက်မိသည်။ ကိုယ့်အသံက ကိုယ်တိုင်တောင် မမှတ်မိလောက်အောင် အက်ကွဲတုန်ယင်လို့။ ကိုယ့်ခန္ဓာကိုယ် တစ်ခုလုံး၏ အသွေးအသားတို့ ရှိရာတွင်

www.burmeseclassic.com

ကျောက်တုံးကျောက်ခဲတို့ဖြင့် ပြည့်နှက်သွားသလို ချက်ချင်း အေးခဲတောင့်တင်းလာသည်။ လည်ပတ်နေသော ကမ္ဘာကြီးထဲတွင် ကိုယ်တစ်ယောက်ပဲ ရပ်တန့်နေရသလို။

ယုဝေ မဖြူစင်ခဲ့လို့ ကံကြမ္မာက ကိုယ့်သစ္စာတရားကိုပါ ရိုက်ချိုးပစ်လိုက်တာမျိုးလား။ ယုဝေနှင့် ပေါင်းစပ်ရန် နွေးထွေးလုံခြုံမှုကင်းမဲ့နေသော ရင်ခွင်တစ်ခုကို ကိုယ့်ကို ပေးလိုက်တာမျိုးလား။ ကိုယ်မှားယွင်းသွားခဲ့အောင် ယုဝေ၏ မဖြူစင်မှုက တွန်းအားပေးခဲ့တာမျိုးလား။ ဆက်၍ ဆက်၍ ပွားများလာသော အတွေးတွေကို ဦးနှောက်က လက်ခံနိုင်စွမ်းကင်းမဲ့စွာဖြင့် ခေါင်းကို ပြင်းပြင်းထန်ထန် ခါယမ်းလိုက်သည်။ သို့သော် ကင်ဆာဆဲလ်တွေလို အတွေးတို့က တစစနှင့် ပွားများလာနေဆဲ။

ကိုယ်ဟာ ယုဝေ၏ လှည့်ဖြားမှုအောက်မှာ လည်စင်းပေးထားသလို ဖြစ်နေပြီထင်၏။ သူ့အလှကို ခုတုံးလုပ်ပြီး ကိုယ့်ချစ်စိတ်တွေကို မွေးမြူခဲ့ပြီးမှ ကိုယ့်ဘဝကို သူ လိုသလို အသုံးချပစ်တော့မည်။ ဒါဆို သူ့ကို သိပ်ချစ်ကြောင်း ကိုယ်ပြောချိန်တိုင်း နူးညံ့နွေးထွေးစွာ ပြုံးပြလာသည့် သူ့အပြုံးတို့က ရှက်ပြုံး ဟုတ်မည်မထင်။ လှောင်ပြုံး။ ကွယ်ရာမှာ ကိုယ် ဘယ်လောက်တောင် အလှောင်ပြောင် ခံနေရပြီလဲဆိုတာ မစဉ်းစားရဲ။ ကိုယ့်နှလုံးသားထဲကို သူ့အပေါ် ချစ်စိတ် မယုံကြည်စိတ် ရွံရှာရက်ရွံ့စိတ်တို့ တစ်လှည့်စီ ဝင်ရောက်လာပြီး ဘယ်လို ခံစားလိုက်ရတော့မယ်မှန်း မသိအောင်အထိ ထုံကျဉ်လာသည်။ မွန်းကျပ်လာသည်။ အောင့်မျက်လာသည်။ ယုဝေ သိပ်ရက်စက်သည်။ ကိုယ်ကိုယ်တိုင်က မဖြူစင်တော့ပေမဲ့ ဖြူစင်နေသေးသော မိန်းမတစ်ယောက်ကိုသာ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ချင်တာ ကိုယ့်အမှားမဟုတ်။

သည်ကြားထဲ ကိုယ်နှင့်ချစ်သူ မဖြစ်ခင်က ယုဝေကို အောင်မိုး စိတ်ဝင်စားခဲ့ဖူးသေးသည်ဟူသော အကြောင်းက အခုမှ အတွေးထဲကို ဝင်ရောက်လာသည်။ ထိုအကြောင်းကို သာမန်ပဲ သဘောထားခဲ့သည့် ကိုယ့်ကိုယ်ကို ကျိန်ဆဲပစ်လိုက်သည်။ လောကမှာ ယုံကြည်ချင်စရာ ကောင်းသူတွေ မရှိတော့ဘူးလား။ ကိုယ့်နောက်ကျောမှာ ဓားဒဏ်ရာတွေ တင်းကျမ်း ပြည့်နှက်နေရပြီပဲ။

အခု အချိန်တွေအများကြီး နောက်ကျနေပြီလားမသိ။ ကိုယ် ဘာလုပ်သင့်သည်လဲ။ လုပ်သင့်တာကို စဉ်းစားမိတော့ ကိုယ့်အာရုံထက်၌ ထင်ဟပ်လာသည်က လူတချို့၏(အထူးသဖြင့် အောင်မိုး၏)အကြည့်များနှင့် အပြုံးတချို့သာ။ ထိုအရာတွေအကြောင်း တွေးမိချိန်တိုင်း ကိုယ့်လိပ်ပြာက ညစ်ထေးလာသည်။ ကိုယ့်ပျော်ရွှင်မှုတွေ သေဆုံးကုန်သည်။ လောကကြီးထဲမှာ ကိုယ်တစ်ယောက်တည်း ရှိနေရသလို ခံစားချက်ကြောင့် စိတ်နှလုံးတစ်ခုလုံး မလုံမခြုံဖြစ်လာသည်။ နက်ရှိုင်းလွန်းသော ချောက်ကမ်းပါးထိပ်၌ ရပ်တန့်နေရသလို ရင်ထဲ တလှပ်လှပ်နှင့်။ ထိုချောက်ကမ်းပါးထဲကို ကိုယ် မဖြစ်မနေခုန်ချရမည်ဟု ဘယ်လိုကြောင့် တွေးနေမိပါလိမ့်။ ကိုယ့်မှာ လှည့်ထွက်သွားပိုင်ခွင့် ရှိသည်လေ။ ယုဝေကို ကိုယ် လမ်းခွဲပစ်လိုက်လျှင် ကောင်းမည်လား။ ထိုသို့ တွေးလိုက်မိချိန်တွင် ထူးဆန်းစွာဖြင့် နာကျင်မှုတွေကြားကနေ ကိုယ် လွတ်မြောက်သွားခဲ့သည်။

မကြာခင် နေဝင်တော့မည်။ နေမင်းသည် သူ၏ ဝါရွှေရောင်အဆင်အသွေးကို တိမ်တိုက်တွေပေါ်သို့ ဖြန့်ကြက်ထားပြီ။ ညနေခင်း၏ လေပြည်သည် အေးမြစွာ၊ ငြိမ်းတော့ ညင်းသွဲ့စွာ ခပ်ဖွဖွ တိုက်ခတ်နေသည်။ ဗျိုင်းငှက်တစ်အုပ်သည် နေမင်းကို နောက်ခံထား၍ အိပ်တန်းတက်ရာနေရာကို အပြေးနှင်လေပြီ။ နေမင်း၏ ဝင့်ထည်မှုကြောင့်ငှက်တို့ကလည်း ဝါရွှေရောင် အဆင်အသွေးနှင့်။

နေ့တစ်နေ့ ကုန်ဆုံးသွားရပုံက သိပ်ကို လှပလွန်းသည်။ ကိုယ်နှင့် ယုဝေ၏ အချစ်ဇာတ်လမ်း အဆုံးသတ်ကတော့ ထိုလောက် လှပနိုင်မည် မဟုတ်။ ယုဝေကို ကိုယ်ငဲ့ကြည့်လိုက်သည်။ သူ့မျက်နှာမှာ မကျေနပ်ဟန်တွေ ရောစွက်လို့။ ကိုယ်ပြောလာမည့် တစ်ရုံတစ်ရာသော စကားကို သူ နားစွင့်နေသည်။ လမ်းခွဲစကားဟုတော့ သူတွေးမိမည်မထင်။ ကိုယ်ပြောလိုက်လျှင် သူ ခဏတော့ နာကျင်ခံစားသွားမည် ထင်၏။ ကိုယ့်အကြည့်တို့ကို ယုဝေထံကနေ မှုန်ပျပျမြင်နေရသည့် တောင်တန်းတွေဆီနေရာ ရွှေ့ယူလိုက်သည်။

ထို့နောက် ယုဝေအတွက် နာကျင်စရာကောင်းနိုင်သော စကားလုံးတို့သည် ကိုယ့်နှုတ်ဖျားမှ တစ်ပိုင်းတစ်စ ထွက်ကျလာသည်။ ထို့နောက် ပီပီပြင်ပြင် ပြောထွက်လာသည်။ ကိုယ့်အသိစိတ်သည် ခန္ဓာကိုယ်ထဲမှ ထွက်ခွာသွားလိုက်၊ ပြန်လည်ဝင်ရောက်လာလိုက်နှင့်။ တစ်ခါတစ်ရံတွင် ကိုယ့်နှုတ်ခမ်းများကို ကိုယ်မပိုင်တော့ဘဲ စကားလုံးတချို့က တစ်စုံတစ်ရာ၏ ပယောဂကြောင့် ထွက်ကျလာရသလိုပဲ။

ယုဝေထံမှ အသံခပ်သဲ့သဲ့ ကြားလိုက်ရသည်။ ဝမ်းနည်းစွာ ငိုရှိုက်သံလား၊ ခံပြင်းမှုကြောင့် မပီမပြင်ထွက်ကျလာသည့် တောက်ခေါက်သံလား ကိုယ်မဝေခွဲတတ်။ ခပ်ဆတ်ဆတ်ပြောလာသည့် သူ့စကားတို့က ဗလုံးဗထွေးနှင့်ဆိုတော့ ကိုယ်အလုံးစုံနားမလည်နိုင်။ မုန်းတယ်ဆိုတာရယ်၊ နောင်တရမယ်ဆိုတာရယ်ကိုပဲ သဲကွဲစွာကြားလိုက်ရသည်။ နာကျင်ရပါ များလွန်းလို့လားတော့မသိ။ ရင်ထဲ ထုံကျဉ်နေ၏။

နေဝင်သွားခဲ့ပြီ။ အမှောင်ထုသည် တစစနှင့် သိပ်သည်းလာပြီ။

ကိုယ်က ချန်ရစ်ထားခဲ့မည်ဟု စိတ်ထဲ ကြွေးကြော်ခဲ့ပေမဲ့ ယုဝေ ချန်ထားခဲ့သော နေရာတွင် ကျန်ခဲ့ရမည်ဟုတော့ တကယ်ကို မတွေးမိခဲ့ပါ။ ■

မိုးခကျော်ကျွင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်…)

၄။

ထိုပါဝင်ကြသူများမှာ ငြိမ်းသက်အေးမြလျက်ရှိသည်။ ၎င်း စိတ်မှမအောင်မြင်သော သတင်းက စာသင်ခန်းများနှင့် အဆောင် အပြင်ထုတ် အဆောင်တွေအားလုံးသို့ ပျံ့နှံ့သွားပုံမှာ မီးလျှံ ညည်းအကြောင်းများ မြေကြီးပေါ် စီးမျှောကျသွားသလိုမျိုး ဖြစ် နေလေသည်။ နာခံတွေနေသောအခန်းများ၊ ဓာတ်ခွဲခန်းများ တွင် အချိန်တိုင်း နှစ်ယောက်၊ သုံးယောက်စုမိကြလျှင် အခြား ကိစ္စကို မပြောကြဘဲ ဒီဟောဒီသောလအကြောင်းကိုသာ ပြော နေကြသည်။ လူသိရှင်ကြား ကန့်ကွက်မှုမျိုးမရှိသောကြောင့် မဟာပညာရှင်ဒေါက်တာ၏ အမျိုးမြင့်မားသော အနု အဆင့်အတန်းကို ထည့်တွက်လေ့ကျင့်ထိန်းရခြင်း မရှိတော့ ချေ။ သို့သော် အင်တာနယ်ဆင်ဆေးပညာသည်များ အပေါ်က ဆရာဝန်များ။ နောက် မဟာပညာရှင်အမျိုး၏ တပည့်များအား လုံးက ခပ်မြန်မြန် ပွဲစိတ်ခြင်းနှင့် အင်တာနယ်ဆင်ဆေးပညာ၏ အမြင်ကို လှမ်းလျှော့ပြီး ပထမရောက်နေသော တင်းမာနေသော နှစ်ကိုယ် နည်းပညာအပေါ် ဆေးခန်းမှတွေတော့ ရှိခဲ့သည်။ အဘယ်လို့ ဖြစ်ဖြစ် မဟာပညာရှင်အမျိုးချေးချယ်ခွဲအတွက် အတိုင်ကြီးကို သူတို့၏ ထောက်ခံထားသော မျှော်လင့်ချက်အားလုံးသည် ပေထိုးသွားပုံရလေ၏။

အနုတော့ ဒါတွေအားလုံးက ဆုံရှိအပေါ် အဲလှုမြင့်အမှု အမြစ်လေးတစ်ခုမှ ဖြစ်ပုံရသော ထင်ရသည်။ ထိုဒါတွေအား

ဖြူ(ဆေး-၂)

ရုပ်စုံဂျာနယ် အမှတ် ၃၂၀ မတ် ၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com

လုံးက သူ့အဖို့ အတူတူပဲဖြစ်သည်။ သူ့စိတ်ထဲ ဟာနေပြီး သူ့ခန္ဓာကိုယ်က ခြောက်ကပ်ကပ်နှင့် လေးလံနေလေသည်။ ဆေးရုံထဲရှိ အထွေထွေအလုပ်တွေ၊ သူတို့ခုတင်ပေါ်တွေမှာ ရှိနေကြသော လူနာတွေ၊ သူ့အလုပ်အပေါ် စိတ်လည်းမဝင်စား၊ စိတ်အားတက်ကြွတာတွေလည်း သူ့မှာ မရှိတော့ချေ။

မစ္စတာဘဲ သေဆုံးပြီး ၂ ရက်၊ ၃ ရက်ကြာပြီးသောအခါ ဒေါက်တာ ရှီဘာတာက ပေါ့ပေါ့တန်တန်ပင် ကြေညာချက်ထုတ်လိုက်သည်။ အဘွားကြီးကို ခွဲစိတ်မည့်ရက်ကို နှစ်လသို့မဟုတ် သုံးလလောက် ရက်ရွှေ့လိုက်သည်။

'တစ်လက်စတည်းပဲ ငါတို့ နှစ်ယောက်သေအောင်လုပ်လိုက်ရင် ပထမရနေတဲ့ ခွဲစိတ်ခြင်းရဲ့ ကျော်ကြားမှုဟာ တကယ်ပဲ လုံးလုံးတစ်စစီဖြစ်အောင် ရိုက်ချလိုက်သလိုဖြစ်မှာပဲ အင်း...'

ဒေါက်တာ၏ ချိုင့်ခွက်နေသောပါးက မဲ့ရွဲ့ကာ တစ်ချက်ရယ်လိုက်သည်။ ဆုဂုရိက ဒါတွေအားလုံးကို ကြားလိုက်သော်လည်း ဒါတွေက နောက်ပြိုင်တစ်ခုမှာ လုပ်ရမည့်အလုပ်တွေပဲဟု တွေး၏။ လက်ရှိဖြစ်နေသော အလားအလာများကို အဘွားကြီးအား ပေးသိဖို့ သူ့မှာ နည်းနည်းမှ ပျော်ရွှင်သော ခံစားမှုမျိုးမရှိချေ။

ကျောင်းဝင်း၏ ဖျော့တော့တော့ ဆောင်းနေခြည်အောက်တွင် သူ့ဂေါ်ပြားဖြင့် အလုပ်လုပ်နေသော အဘိုးကြီးကို သူ စောင့်ကြည့်နေမိသည်။ ဒီအဘိုးကြီး ဘာလုပ်နေတာလဲဟု သူ တွေးသည်။ သို့သော် ဒီအလုပ်ကိုပဲ ထပ်ကာထပ်ကာ သူ လုပ်နေသည်။

သူ့စိတ် ဝရုန်းသုန်းကား အခြေအနေတွင် ဆုဂုရိက
အဘွားကြီးလက်အား အဝေးကို ခပ်ကြမ်းကြမ်း
ဆွဲပစ်လိုက်သည် ညစ်ပတ်နေသောအခင်းပေါ်
အဘွားကြီး နောက်ပြန် လဲကျသွားသည်
သူ့လက်ဝါးဖြင့် တုန်ယင်နေသော
အဘွားကြီး၏မျက်နှာကို ရိုက်ချလိုက်မိလေသည်

ဒါကို တွေးလာမိတာက အခု တစ်နေရာတည်းကို သူ တူးနေတာ နှစ်ပတ်ကျော်သွားခဲ့ပြီဖြစ်သောကြောင့် ဖြစ်သည်။ ဖြစ်နိုင်တာက အဘိုးကြီးသည် ထိုအရာပေါ် ဝမ်းနည်းညှိုးငယ်စွာဖြင့် ကလဲ့စားချေသည့်အနေဖြင့် လုပ်နေပုံရသည်။ တစ်ယောက်ယောက်က သူ့အား ပေါ်ပလာပင်ကို ခုတ်ခိုင်းထားရာ တူးလိုက် ပြန်ဖို့လိုက်၊ တူးလိုက် ပြန်ဖို့လိုက်ဖြင့် အဲဒါကို တစ်ခေတ်လောက်ကြာအောင် လုပ်နေပုံရလေသည်။

'ကောင်းပြီ အခုကော ဘာလဲ'

ဆုဂုရို မကြာခဏပင် သူ့ကိုယ်သူ ပြန်မေးနေခဲ့သည်။

'ဒါဟာ ဆရာဝန်တစ်ယောက်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဒါ ဆေးကျောင်းတဲ့လား'

သို့သော် နောက်တော့မူ အချိန်အတော်ကြာအောင် သူ့အတွေးတွေက မရှောင်လွှဲနိုင်ဘဲ လေးလံပြီး သူ့စိတ်တွေ ရှုပ်ထွေးလာတော့သည်။ တစ်ရက်တွင် အခု သူ့အလုပ်ဝင်ဖို့အတွက် အခေါ်ခံရသောအချိန် ရောက်လာသည်။ ဒီမှာ အခု ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အဲဒါတွေအားလုံးက သူ့အဖို့ အတူတူပဲဖြစ်သည်။ ပြီးတော့ ဒီစိတ်ခံစားမှုက သူ့အပေါ် အသားကျနေပြီဖြစ်သည်။

သို့သော် တစ်ခါတလေ ဒီခံပြင်းသော အဖြူရောင်ကွက်လပ်အလယ်တွင် အမည်းရောင်ဒေါသတွေက သူ့အား ရုတ်တရက် တစ်ဟုန်ထိုး ထိုးထွက်လာစေတတ်လေသည်။ ဒီစိတ်ခံစားမှုက တစ်နေ့တွင် သူ့မှာ ကျော်လွှားပြီး ပြန်ဖြစ်ပေါ်လာသောအခါ သူက အဘွားကြီးကို ရိုက်လိုက်မိလေသည်။ တစ်နေ့ သူ ရောင်းလှည့်နေချိန်တွင် အဘွားကြီး၏ ခေါင်းအုံးဘေးတွင် ဒက်စရို့ဂလူးကို့စ်အထုပ်တစ်ထုပ်ကို သူ လျှို့လျှို့ဝှက်ဝှက်ဖြင့် ထားခဲ့သည်။ သူလုပ်နေတာကို မိဆုအဘဲက ဘေးစောင်းငဲ့ပြီး ဝေ့ခနဲ ဖမ်းမြင်လိုက်သည်။ သို့သော် မမြင်ဟန်ဆောင်လိုက်သည်။ ဆုဂုရိက လူမှုဖူလုံရေးလူနာ အဘွားကြီးအတွက် ဒီလိုမျိုးလုပ်ပေးနေခြင်းသည် ပထမအကြိမ် မဟုတ်။ နောက်တစ်နေ့ သူ ဝပ်ဒ်ထဲမှာ ရပ်လိုက်မိသောအခါ အဘွားကြီး၏ သူ့လက်ပိန်ပိန်ကလေးက မျက်နှာပေါ်တင်ပြီး အိပ်ပျော်နေသည်။ သူ့ကိုပေးထားခဲ့သော ဒက်စရို့စ်အဝါရောင်ထုပ်ကို သူက ကောက်မယူထားချေ။ အထုပ်က သူ့ခုတင်အောက်က ကြမ်းပြင်ပေါ် ကျနေလေသည်။

'အလိုလိုက်ခံရတဲ့ကလေးတစ်ယောက်လိုပဲ သူ ငါ့အပေါ် မှီခိုနေပြီး ငါ သူ့ဖို့ပေးထားတာတောင် သူက ကောက်သိမ်းမထားဘူး'

အဘွားကြီးက ပေးထားသော ဒက်စရို့စ်ထုပ်ကို တန်ဖိုးရှိသော လဲလှယ်သော ပစ္စည်းတစ်ခုအဖြစ် အခြားလူနာများထံမှ အစာနှင့် လဲရာ၌ အသုံးပြုနေကြောင်း သူ သိလိုက်ရသည်။ ပြီးနောက် သူသည် ရှင်းမပြနိုင်သော ဒေါသများဖြင့် ခံစားနေရလေသည်။

ထိုနေ့လယ်တွင် ဝပ်ဒ်ထဲက လူနာတွေကို သွေးပေါင်တိုင်းဖို့ ရှိသည်။ မိဆုအဘဲက စမ်းသပ်ခန်းတွင်ရောက်လာပြီး အဘွားကြီးကတော့ ပေါ်မလာချေ။

'အဘွားကြီး ဘယ်မှာလဲ'

'သူ နေလို့သိပ်မကောင်းဘူးလို့ အဲလိုပြောတာပဲ'

လူမရှိသော ဝပ်ဒ်ထဲသို့ ဆုဂုရို သွားလိုက်သည်။ အဘွားကြီးက သူ့ဘာသာပဲ ဖရိုဖရဲဖြစ်နေသော အိပ်ရာတိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ကွေးပြီးထိုင်နေသည်။ သူ့ဆီ ဆုဂုရီ ပြန်လာသည်ကို သိလိုက်သောအခါ ကြွက်တစ်ကောင်လို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ထားသော ဒက်စ်ရှိစ်ထုပ်ကို ကိုက်ဖောက်နေလေသည်။ ကံဆိုးသူပုံနှင့် ဆံစဝါဝါ သူ့ကိုတွေ့လိုက်ရသောအခါ ဆုဂုရီမှာ ပြောမပြနိုင်လောက်အောင် စက်ဆုပ်ရွံရှာသော ခံစားမှုတစ်ခုကို ချိုးနှိမ်လိုက်နိုင်သည်။

'ဘာလို့ အဘွား မလာတာလဲ'

'အို'

အဘွားကြီးက သူ့ပါးစပ်ကို သူ့လက်ဖြင့် ဖိထားလိုက်ပြီး မဖြေနိုင်ဖြစ်နေသည်။

သူ့စိတ် ဝရုန်းသုန်းကားအခြေအနေတွင် ဆုဂုရီက အဘွားကြီးလက်အား အဝေးကို ခပ်ကြမ်းကြမ်း ဆွဲပစ်လိုက်သည်။ ညစ်ပတ်နေသောအခင်းပေါ် အဘွားကြီး နောက်ပြန်လဲကျသွားသည်။ သူ့လက်ဝါးဖြင့် တုန်ယင်နေသော အဘွားကြီး၏ မျက်နှာကို ရိုက်ချလိုက်မိလေသည်။

❑

အခုတော့ အဘိုးကြီးသည် စမ်းသပ်ခန်းထဲတွင် ခက်ခက်ခဲခဲဖြင့် အမြဲပြန်ပေါ်လာသည်။ သူ့နေရာတွင် ဒေါက်တာ ရှီဘာတာက ဝပ်ဒ်ထဲ၌ တစ်ပတ် နှစ်ကြိမ် ရောင်းလှည့်ပေးနေသည်။ မစ္စတာဘဲ လှဲနေခဲ့သော အခန်းထဲရှိ ခုတင်ပေါ်မှ မွေ့ရာကို ဆွဲယူလာပြီး ကြမ်းပြင်ပေါ်ပစ်ချထားသည်။ ရွှံ့ဖိနပ်ရာများ ထင်နေသော သတင်းစာအပိုင်းအစ သုံးလေးခုက တစ်စစီ ပြန့်ကျဲနေသည်။

အဘယ့်ကြောင့်မှု ခွဲစိတ်မှုမအောင်မြင်သောကြောင့် အဘိုးကြီးက သူ့မျက်နှာကို မပြချင်ချေ။ ထို့ကြောင့် စမ်းသပ်ခန်းများ၊ နာ့စ်အခန်းများ၊ ဆေးရုံအပြင်ထုတ် အဆောင်အားလုံး လိုလိုတွင် ဖိုသီဖတ်သီ ဥပေက္ခာပုံဖြင့် အားလုံးအပေါ် ပြုမူနေလေသည်။ ကွဲနေသော ပြတင်းပေါက်ကိုဖြတ်ပြီး မွဲပြာပြာဖုန်တွေဝင်လာကာ စင်္ကြံပေါ်မှာ အသားကျနေတော့သည်။ နာ့စ်တွေကလည်း သူတို့ တာဝန်တွေအပေါ် လျစ်လျူရှုနေကြသည်။ နေ့လယ်စာစားပြီး တိတ်ဆိတ်နေရသောအချိန်ကို ကန့်သတ်ထားခဲ့သော်လည်း လူနာတွေက မလေးစားကြတော့ချေ။

'ဂျပန်နဲ့ ပထမရနေတဲ့ ခွဲစိတ်မှုတို့နှစ်ခုလုံးဟာ အောက်ကို ထိုးဆင်းသွားတဲ့ အခြေအနေဖြစ်နေပြီ'

တိုဒါ၏လေသံက ခါတိုင်းထက် ပိုကဲ့ရဲ့အထင်သေးပုံပေါ်နေပြီး အပူပေးမထားသောအခန်းထဲတွင် အပေါ်တက်လိုက်၊ အောက်ဆင်းလိုက် လျှောက်နေသည်။

'အဲလိုဆို မင်း မကြာခင်မှာ ဆေးဗိုလ်လောင်းတစ်ယောက်ကနေ ထွက်တော့မှာလား။ ပြီးတော့ ဒီနေရာက ပြီးသွားပြီပေါ့ ဟုတ်လား'

'အဲလိုဆိုလား ဟွန်း'

ဆုဂုရီ မျက်တောင်ခတ်လိုက်သည်။

'ဘာဖြစ်ဖြစ် ငါ့အတွက်က ကိစ္စမရှိပါဘူး။ ဒါပေမဲ့ မင်း ဘာလို့ မင်းက စစ်ထဲ ဆင့်ခေါ်ခံရဖို့ မပြောတာလဲ'

အလုပ်သင်ဆရာဝန်က ချက်ချင်း အလုပ်ဝင်ဖို့ တောင်းဆိုလျှင် သင်တန်းအချိန်တိုတိုလေးအတွင်းမှာပင် ဆေးအရာရှိတစ်ယောက်အဖြစ် သူ ရနိုင်လေသည်။

'ငါ့ကိုလား'

ခါတိုင်းလို တိုဒါ၏ ပြုံးဖြဲဖြဲသည် လှောင်ပြောင်သရော်တော်တော်က ရောစွက်နေသည်။

'အဲဒီ ငရဲကိုလား'

'မင်း အဲလိုမလုပ်ရင် မင်း ကိုယ်ပိုင်တစ်ခု လုပ်ရလိမ့်မယ်'

'ဘာဖြစ်လာမလဲဆိုတာ ငါ မြင်နေရတယ်။ နည်းနည်းတခြားဟာထက်စာရင် ကိုယ်ပိုင်အလုပ်နဲ့ သေရတာကကောင်းပါသေးတယ်'

'ဘာလို့လဲ'

'အားလုံးအတူတူထွက်လာတာက ကိစ္စမရှိဘူး၊ မင်း ဘာလုပ်မလဲ ဒီနေ့ လူတိုင်း ခေတ်မစားတော့ဘူး'

နောက်ပိုင်းတွင် အရင်ရက်ကလိုပဲ ဒုခွဲစိတ်ခန်းရှေ့ ဝင်ပေါက်တွင် နောက်ထပ် အမေရိကန်အကျဉ်းသား အပြည့်တင်ဆောင်လာသော နောက်ထပ် ထရပ်ကားကို ဆုဂုရီ မြင်လိုက်ရသည်။ ဒါမတိုင်ခင် ခါးတွင် ပစ္စတိုချိတ်ထားသော လူငယ်စစ်သားနှစ်ယောက်က ထရပ်ကား တံခါးဘေးတွင် ရပ်နေကြသည်။ ဆုဂုရီ ဖြတ်သွားသောအခါ သူတို့လက်တွေထဲတွင် ကိုင်ထားသော အာလူးများကို အကျဉ်းသားတွေက ကိုက်ဝါးနေကြလေသည်။ ပြီးတော့ ထရပ်ကားပေါ်တက်နေကြသည်။ သူတို့၏ လျော့ရဲရဲ ပွချောင်ချောင် တိုက်ပွဲဝင် ယူနီဖောင်းများထဲတွင် သူတို့လက်တွေ၊ ခြေတွေရှိနေကြပြီး အားလုံးက အရပ်ပိုရှည်သလို ထင်ရသည်။

သူတို့ထဲက တစ်ယောက်သည် ထင်းရှူးချောင်းတစ်ချောင်းကို ကိုင်ထားသည်။ သူလျှောက်နေပုံက စိတ်ဝင်စားမှုလည်း မရှိသလို စပ်စုချင်စိတ်လည်း မရှိဘဲ နီးကြားမှုလည်း ပျောက်ဆုံးနေပုံရသည်။ တချို့တွင် သူတို့ မေးစေ့ပေါ်မှာ ညိုညစ်ညစ် မုတ်ဆိတ်မွေးများ ပေါက်နေသော်လည်း လူပျို ပေါက်ထက် ကျော်သေးပုံမရချေ။ ဆုဂုရီစိတ်ထဲတွင် သူတို့ကို သနားတာ၊ ကရုဏာထားမိတာလည်းမရှိ၊ ရန်လိုချင်စိတ်လည်းမရှိ ခံစားနေရပြီး ဒီလူတွေအပေါ် မုန်းသည့်စိတ်ကသာ ရေးရှုနေမိလေသည်။ စိုးရိမ်သောကစိတ်မရှိဘဲ သူတို့ကိုဖြတ်ပြီး လမ်းအတိုင်း ဆက်သွားလိုက်သည်။ ဒီလူတွေကို ဦးတည်ပြီး သူ့ဘဝမှာ ဒီလူတွေကို နောက်တစ်ခါ ဘယ်တော့မှ ထပ်တွေ့ဖို့ မမျှော်လင့်တော့ချေ။ သူတို့တွေကို မကြာခင် သူမေ့သွားနိုင်ပါလိမ့်မည်။ ဒါပေမဲ့ အခု သူတို့တွေ ဘယ်လိုလုပ်ပေါ်လာရတာလဲ။ တစ်ခုခုထက် အကျဉ်းသားတွေမျှသာဖြစ်မှာတော့ သေချာပါသည်။ ဆုဂုရီ၏ စိတ်တွေ နေးနွေး



www.burmeseclassic.com

www.burmeseclassic.com

လေးလံနေခြင်းက ဒီအဖြစ်မျိုးထက် ပိုဝေးကွာသည့် ထင်မြင်ချက်ပေးဖို့ လုံးဝကို ပိတ်ဆီးနေကြောင်း သက်သေပြနေလေသည်။

တစ်ပတ်ကြာသောအခါ ဖုကုအိုကအပေါ် အဓိကလေကြောင်း တိုက်ခိုက်မှုတစ်ခုဖြစ်ခဲ့ပြီး အပတ်အတော်များများအတွင်း ပထမဆုံးအနေဖြင့် ဒီနေရာမှာ အကျဉ်းသားများကို သူ တွေ့ရခြင်းဖြစ်သည်။ ခပ်စောစော နေ့လယ်ပိုင်းလောက်က ထိုအဖြစ်စ,ဖြစ်ခဲ့သည်။ ခါတိုင်းထက် လေယာဉ်အရေအတွက်က ပိုကြီးမားခဲ့သည်။ လမ်းလျှောက်နိုင်သောလူနာများကို မြေတိုက်ခန်းထဲတွင် ဒုက္ခသည်အဖြစ် ထားလိုက်ပြီး တခြားလူနာတွေကိုတော့ လူနာထမ်းစင်ပေါ်တွင် သယ်လာကြရသည်။ သို့သော်ငြားလည်း ဆေးကျောင်းသည် မြို့နှင့် သိပ်မဝေးသဖြင့် ဗုံးများ စိတ်ချောက်ချားဖွယ်ချနေသည့်အတွက် ဆေးရုံက ပြတင်းပေါက်ကို ကောင်းကောင်းတုန်ခါသွားစေသည်။ ပေါက်ကွဲနေသော လေကြောင်းရန်အကာအကွယ်များက အဆက်အသွယ်ကို တစ်ချိန်လုံးမပြတ်ပြောနေရသည်။ ခဲပုပ်ရောင်ကောင်းကင်ကြီးထဲတွင် ဘီ ၂၉ အက်စ်တွေက ပျင်းစရာကောင်းလောက်အောင် တစီစီမြည်ပြီး မပြီးနိုင်မဆုံးနိုင် ပျံသန်းသွားကြသည်။

နောက်ဆုံး နေဝင်သောအခါ နောက်ဆုံးရန်သူလေယာဉ်ပျံသည် သူတို့၏ တောင်ပင်လယ်အခြေစိုက် စခန်းတွေဆီ နောက်ပြန်လှည့်သွားတော့သည်။ အမိုးပေါ် ဆုဂုရို တက်ကြည့်လိုက်သောအခါ မီးခိုးဖြူထဲတွင် မြို့တစ်ခုလုံး အဝိုင်းခံနေရသည်ကို တွေ့လိုက်ရသည်။ မီးခိုးတွေက ပတ်ချာလည်ကာ အပေါ်

နောက်ဆုံးရန်သူလေယာဉ်ပျံသည် သူတို့၏ တောင်ပင်လယ်အခြေစိုက် စခန်းတွေဆီ နောက်ပြန်လှည့်သွားတော့သည်။ အမိုးပေါ် ဆုဂုရို တက်ကြည့်လိုက်သောအခါ မီးခိုးဖြူထဲတွင် မြို့တစ်ခုလုံး အဝိုင်းခံနေရသည်ကို တွေ့လိုက်ရသည်။ မီးခိုးတွေက ပတ်ချာလည်ကာ အပေါ်သို့ တက် နေသည်။ ဖုကုရ ကုန်ပဒေသာစတိုး အဆောက်အဦကြီး မီးလောင်နေသည်

သို့ တက်နေသည်။ ဖုကုရ ကုန်ပဒေသာစတိုးအဆောက်အဦကြီး မီးလောင်နေသည်။ ဘယ်အချိန်ပဲဖြစ်ဖြစ် မီးခိုးများလျော့ပါးသွားသောအခါ လိမ္မော်ရောင်မီးတောက်ကြီးက ထ,တောက်နေသည်ကို ဆုဂုရို မြင်နေရသည်။ အရှေ့ဘက်တွင် မီးတောက်တွေနှင့် မီးခိုးတွေက နီးလာသော်လည်း မိုးကုတ်စက်ဝိုင်းပေါ်တွင် တိမ်တိုက်မည်းကြီးတစ်ခုက တဖြည်းဖြည်း မြို့ကို ဖုံးထားလေသည်။ တစ်ညလုံး မိုးအေးအေးရွာချလိုက်သောကြောင့် ပြာတွေနှင့် ရောသွားသည်။ ဆေးရုံတွင် စစ်တပ်က ဘီစကွတ်ခပ်မာမာများ ဝေသောကြောင့် ရရှိပြီး လူနာအားလုံး တစ်ယောက်ကို ၅ ချပ်စီ အထူးရာရှင်အဖြစ် ဝပ်ဒ်တွေအားလုံးကို ဝေပေးသည်။ ထိုညသို့ ဆုဂုရိုက စောင့်ကြည့်နေပြီး သူဘော်ဒါဆောင်သို့ မပြန်ဖြစ်တော့ချေ။ စောင်ထဲ၌ သူ့ဒူးအောက်ဖုံးကို ခြေထောက်တွင် ဝတ်ထားပြီး စမ်းသပ်ခန်းအတွင်းရှိ စားပွဲတစ်ခုပေါ်မှာ လှဲချအိပ်လိုက်လေသည်။

အရုဏ်ဦးတစ်ချိန်၌ နာ့စ်ကြောင့် သူ အိပ်ရာမှာ နိုးသွားသည်။ အဘွားကြီး သေဆုံးသွားပြီဖြစ်ကြောင်း နာ့စ် ပြောသည်။ ဝပ်ဒ်ထဲကို သူ ပြေးဆင်းသွားသည်။ အဘွားကြီး၏ ခုတင်ဘေးတွင် မီးထွန်းထားသော ဖယောင်းတိုင်တစ်ချောင်း၏ ဖျော့ဖျော့အလင်းရောင်ထဲတွင် မိဆုအဘဲ တစ်ချိန်လုံးရပ်နေသည်။ ဒါကို တခြားလူနာတွေ တစ်ယောက်မှ မသိကြဘူးလား၊ ဒါမှမဟုတ် သူတို့တွေ သိပြီး ဂရုမစိုက်ကြဘဲ မျက်နှာတွေကို သူတို့ အိပ်ရာဖုံးတွေဖြင့် ဖုံးကွယ်ထားလိုက်ကြတာလား။ သူ့လက်နှိပ်ဓာတ်မီးဖြင့် အဘွားကြီးမျက်နှာကို ချက်ချင်းထိုးကြည့်လိုက်သောအခါ အသက်ထွက်သွားသောမျက်နှာက တစ်ဖက်သို့ စောင်းနေသည်ကို တွေ့လိုက်ရလေသည်။ သူပွင့်နေသော ပါးစပ်မှ တံတွေးများ စီးကျနေသည်။ အဘွားကြီးက ဘယ်ဘက်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို သူတွေ့လိုက်ရပြီး သူ အားဖြင့် ပြန်ဖြေလိုက်ရသည်။ ပြီးခဲ့သော ညက ဘီစကွတ်တစ်ချပ်သည် ကျောက်ပြားလို မာတောက်နေသည်။ ခုတင်ပေါ်မှ ကျသွားပြီး ကြမ်းပြင်ပေါ် လိမ့်သွားသည်။ ဒါကို ဆုဂုရို မြင်လိုက်ရသောအခါ သိပ်မကြာသေးခင်က လူမရှိသော ဝပ်ဒ်ထဲတွင် အဘွားကြီးသည် ဒက်စ်ဒရိုစ် တစ်ထုပ်ကို သူ့ရှေ့သွားဖြင့် ဖောက်ကိုက်နေပုံမြင်ကွင်းကို နာကျင်စွာဖြင့် သူ သတိရလိုက်မိလေသည်။

အဘွားကြီး မျက်နှာကို သူ ရိုက်လိုက်မိပုံကိုပါ သူ သတိရလိုက်လေသည်။ 'အနည်းဆုံးတော့ အဘွားရဲ့ကလေး အဲဒီအလံတော့ ရသွားမှာပါ' မိဆုအဘဲက တိုးတိုးလေး အထီးကျန်စွာ ပြောလိုက်သည်။

အလံပေါ် နိုင်နိုင်မာမာဖြင့် သေချာပေါက်အောင်မြင်မှုအကြောင်းကို ဖန်တစ်ရာတေနေသော လက်သုံးစကားဖြင့် သူ ရေးခဲ့ချိန်ကို သူ စိတ်လေးလေးဖြင့် ခံစားနေရသည်။ ဒီလို သဘာဝအတိုင်း သေဆုံးခြင်းမဟုတ်သော ခွဲစိတ်နေစဉ်ကာလအတွင်း သေဆုံးခဲ့ပုံတစ်ခုကို သူ တွေးနေမိတုန်းရှိသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် စိတ်ချောက်ချားမှုနှင့် အေးစက်သော မိုးရွာသောညကြောင့် အဘွားကြီးအဖို့ သိပ်အကြီးအကျယ် ခံစားသွားရပေမည်။

နောက်နေ့တွင်လည်း မိုးက ဆက်ရွာနေသည်။ သူ အအေးမိသွားသောကြောင့် ဆုဂုရို ဆိုးဆိုးရွားရွားကို ချောင်းကိုက်နေတော့သည်။ ပေါ်ပလာပင်အောက်တွင် တွင်းတူးထား

www.burmeseclassic.com

www.burmeseclassic.com

သော တောက်တိုမည်ရလုပ်သည့် အဘိုးကြီးအပေါ် အဘွားကြီးအလောင်းမြှုပ်ပစ်ဖို့ တာဝန်ကျလေသည်။ ခေတ်ခွဲခန်းထဲရှိ ပြတင်းပေါက်တစ်ခုမှ ဆုဂုရို အဘိုးကြီးကို စောင့်ကြည့်နေသည်။ နောက် အလုပ်သမားတစ်ယောက်က အလောင်းပါသော သစ်သားသေတ္တာကို သယ်လာသည်။

'သူတို့ အဘွားကြီးကို ဘယ်နေရာမှာများ သွားမြှုပ်လိုက်ကြမှာပါလိမ့်'

'ငါ့ကို မေးမနေနဲ့'

သူ့နောက်ကနေ တိုဒါက ပြောလိုက်သည်။

'အဲဒါကြောင့် မင်းရဲ့ ယုံမှားနေတာတွေ သွားပြီ။ တွယ်တာစွဲလမ်းတာတွေတိုင်းဟာ ယုံမှားနေတာတစ်ခုပဲ'

အချိန်အကြာကြီးပင် သူသည် ထိုအဘွားကြီးကို တွယ်တာစွဲလမ်းနေခဲ့လေသည်။ ဘာကြောင့်လဲ။ ဆုဂုရို အံ့သြနေမိလေသည်။ အခု ပထမဆုံးအကြိမ်အဖြစ် သူ ခံစားလိုက်ရသော်လည်း သူ စပြီးနားလည်လာခဲ့လေသည်။

'တိုဒါ့ရဲ့ အကောင်းမမြင်တဲ့ အထဲမှာ အဘွားကြီးက တစ်ယောက်အပါအဝင်ပေါ့။ လူတိုင်းဟာ ခေတ်ကုန်နေပြီလို့ ပြောတဲ့အတွက် ငါက သူ့ကို မသေအောင် သေသေချာချာ လုပ်မလို့။ သူက ငါ့ရဲ့ ပထမဆုံး လူနာ။ အခုတော့ သူသွားပြီ။ မိုးရေတွေရွဲလို့။ လိမ္မော်ရောင် သေတ္တာဟောင်းကြီးတစ်ခုထဲ ထုပ်ထည့်ထားတယ်။ အခုကစပြီး' ဆုဂုရို တွေးနေသည်။

'ငါ့အတွက်၊ စစ်ပွဲအတွက်၊ ဂျပန်အတွက်၊ အရာရာတိုင်းအတွက် သူတို့လိုပဲ အခု သွားကြစို့'

❑

၅။

အဘွားကြီး ဆုံးပြီးသွားသောအခါ သူ အအေးမိခဲ့သည်မှာ စမ်းသပ်ခန်းထဲတွင် တစ်ညလုံး အိပ်နေခဲ့သောကြောင့် ဖြစ်နိုင်ကြောင်း သူ သိလိုက်သည်။ သူ့မှာ အဖျားလည်းရှိနေပြီး အားကုန်နေသလို ခံစားနေရသည်။ တိုဒါ ဘေး သူ့စားပွဲပေါ်တွင် ထိုင်နေပြီး အလုပ်လုပ်နေသောအခါ သူ့ခေါင်းက တဒုတ်ဒုတ်ကိုက်နေလျက် အန်ချင်လှိုက်နီးနီးဖြစ်နေမိသလို ထင်ရသည်။

'အဘွားကြီးရဲ့ တီဘီရောဂါရနေပြီလား၊ မင်းမျက်နှာက ဘာပဲဖြစ်ဖြစ် အရောင်မရှိတော့ဘူး။ မွဲပြာပြာဘက်ရောက်နေပြီ'

တိုဒါ ပြောလိုက်သည်။ ဆုဂုရို သူ့ကိုယ်သူ ပြန်ကြည့်လိုက်သည်။ သူ့မျက်နှာက တကယ်ပဲ မွဲပြာပြာနှင့် ပွဖောင်းဖောင်းဖြစ်နေသည်။ သူ့မျက်လုံးတွေက မကြည်မလင်နှင့် အသက်မပါဖြစ်နေသည်။

'ဆရာတို့ နှစ်ယောက်လုံးကို ဒေါက်တာ ရှီဘာတာက တွေ့ချင်နေတယ်'

တံခါးပေါက်မှာ နာ့စ်က သူ့ခေါင်းဝင်ပြီး ပြောလိုက်သည်။ ခွဲစိတ်သည့်နေ့က သွေးပေါင်တိုင်းကိရိယာကို ကိုင်ရသော နာ့စ်ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။

'ဘာလို့ အခု သူက ငါတို့ကို တွေ့ချင်ရတာလဲ'

'ဟုတ်ကဲ့၊ သူက အခုချက်ချင်းလို့ ပြောပါတယ်'

'ငါ အတော်လေးခေါင်းကိုက်နေတယ်'

သူ ဖျို့အန်ချင်နေတာကိုလည်း တောင့်ထားပြီး အမှတ် ၂ စမ်းသပ်ခန်းသို့ တိုဒါနှင့်အတူ ဆုဂုရို သွားလိုက်သည်။ သူတို့ ဝင်သွားသည့်အခါ ရှီဘာတာနှင့် အဆာအိတို့သည် မျက်နှာနီစွတ်စွတ်၊ ဝဝ, ဆေးအရာရှိတစ်ယောက်နှင့် အဖော်ပြုပြီး သက်သောင့်သက်သာဖြင့် ထိုင်နေကြသည်။ အလုပ်သင်ဆရာဝန်နှစ်ယောက်အား အရာရှိက ရိပ်ခနဲဝေ့ကြည့်လိုက်သည်။

'ကောင်းပြီ'

နောက် ထိုစကားတစ်လုံးပဲပြောပြီး သူ ထ,ရပ်ကာ ထွက်သွားသည်။ သံဒယ်ပိုင်း မီးသွေးမီးဖိုရှိ မီးသွေးတွေထဲတွင် ငွေရောင်မီးခဲစများမှ အပြာရောင်အခိုးအငွေ့များ အရှိန်ပြင်းပြင်းလောင်နေသည်။ စားပွဲထိပ်ဘက်တွင် စီးကရက်ကတ်ထူဘူးတွေနှင့် ပိုင်ထည့်ထားသော လက်ဖက်ရည်ခွက်အချို့ ရှိနေသည်။

'ဒီမှာ ထိုင်။ ငါတို့ရဲ့ ဆေးအရာရှိ ငါတို့ဆီက ထွက်သွားပြီ။ ဒါပေမဲ့ သူ့ရက်ရောမှုတချို့ကိုတော့ မထားခဲ့တာတော့ မဟုတ်ဘူး'

ရှီဘာတာက သူ့ဆံပင်လည်ကုလားထိုင်ကို ကျွီခနဲမြည်အောင် သူ့ခြေထောက်ကို ရှေ့နှင့်နောက် မရေမရာဖြင့် တစ်ခဏလေးလွှဲနေသည်။

'လုပ်ပါ ဆေးလိပ်သောက်ပါ ဆုဂုရို၊ တိုဒါ။ စစ်တပ်ရဲ့ ရက်ရောတာတွေကို မင်းတို့ အသုံးချစမ်းပါ'

အဆာအိက ထ,ရပ်လိုက်ပြီး သူ့နောက်ကျောဘက် လှည့်လိုက်၍ ပြတင်းပေါက်ရှိရာသို့ လျှောက်သွားကာ အပြင်ကို ကြည့်နေသည်။ သူတို့စိတ်ထဲ တစ်ခုခုရှိနေတာကို ဆုဂုရိုနှင့် တိုဒါတို့ နှစ်ယောက်လုံးက သိနေကြသည်။ ဒီအလုပ်အတွက် သူတို့ တမင်သက်သက် အစီအစဉ်ဆွဲထားပြီးဖြစ်ကြောင်းလည်း ဆုဂုရိုနှင့် တိုဒါတို့က သိနေကြသည်။

'တိုဒါ မင်း သုတေသနအပိုင်းက အခေါင်းပေါက်ကို ဝင်ပြီး ဆေးကုခြင်း မဟုတ်လား'

အတိုင်းပေးပြီး ချုပ်ထားသော အပြုံးတစ်ခု သူ့ဝါးခွက်ခွက်မျက်နှာကြီးပေါ်တွင် အမှတ်မထင်တွေ့လိုက်ရသည်။

'အဲဒါလုပ်ရတာ မင်းဘယ်လိုနေလဲ၊ အခုထာလမှာတော့ တစ်ခုခုပြီးအောင်လုပ်ဖို့ အဲဒါ နည်းနည်းတော့ခက်တယ်'

'မိုနယ်လ်ဒီရဲ့ သီအိုရီကလွဲလို့ ဘာမှတ်တမ်းအသစ်တစ်ခုမှ မင်းလက်နဲ့ ယူဖို့ မဖြစ်နိုင်ပါဘူး အင်'

မဖြေဘဲ စစ်တပ်ရက်ရောမှုထဲမှ စီးကရက်တစ်လိပ်ကို တိုဒါ ထုတ်ယူလိုက်ပြီး မီးညှိသည်။ အခုတော့ ဆေးရွက်ကြီး၏ ထူးခြားသော အနံ့၊ မီးဖိုကအနံ့နှင့်အတူ စက္ကူမီးလောင်နံ့



www.burmeseclassic.com

www.burmeseclassic.com

တွေ ရောနေသည်။ ဆုဂုရှိ ပျို့အန်ချင်သောအကြောင်းက သူ့အထဲတွင် ပိုပြီး အပြင်းအထန်လှုပ်ရှားလာစေသည်။

'ဆုဂုရှိ ကြည့်ရတာ ငါ အခွင့်အရေးတွေ လွှတ်ကုန်ပြီ ထင်တယ်'

သူက တစ်နည်းနည်းဖြင့် ဖြေဖို့ အားစိုက်ရှာသော်လည်း သူ့မှာ ခေါင်းကိုက်ပြီး မောနေသည်။

'အခွင့်အရေးလက်လွှတ်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ ဒေါက်တာ'

'ငါ သူ့ကို မကုလိုက်ရသေးခင်မှာ ဝပ်ဒ်ထဲက လူနာ ဘာလို့သေသွားခဲ့တာလဲ။ ငါက နည်းသစ်ကို ကြိုးစားနေတာ'

'ဆရာ့ငါးစာကနေ လွတ်သွားတဲ့ ငါးတစ်ကောင်လိုမျိုး ခံစားနေရတာလား ဒေါက်တာ'

တိုဒါက မပြောချင်ပြောချင်ဖြင့် ပြောနေသည်။

'မဟုတ်ဘူး၊ အချစ်ပျောက်ဆုံးသွားသလို ခံစားမှုမျိုးနဲ့ ပိုတူတယ်၊ အဲလိုမဟုတ်ဘူးလား ဒေါက်တာ'

ပြတင်းပေါက်မှ ကျော်ပြီး မိန်းမသံဖြင့် အဆာအိက ကြားဖြတ်ဝင်ပြောလိုက်သည်။

'ဘာလို့ အဓိကအချက်ကို သူတို့ ရောက်မလာနိုင်သေးတာလဲ'

ဆုဂုရှိ တွေးရင်းက မီးဖိုမှ မီးခိုးများကြောင့် အသက်ရှူကျပ်လာပြီး ပျို့အန်ချင်စိတ်က ပိုမိုဆိုးရွားလာစေတော့သည်။ လက်ဖက်ရည်ခွက်တစ်ခုကို ရှိဘာတာ ရည်ရွယ်ချက်မရှိဘဲ ကောက်ယူလိုက်ပြီး ဖြန့်ထားသော သူ့လက်ဝါးပေါ် တင်ထားလိုက်သည်။ သူ့မျက်လုံးကို အောက်စိုက်ကြည့်ပြီးတော့ ပတ်ချာလည်နေသည်။

'ကောင်းပြီလေ၊ ဘယ်လိုပဲဖြစ်ဖြစ် တစ်ရက်၊ နှစ်ရက်လောက်နေရင် အဘိုးကြီးဆီကနေ မင်း တစ်ခုခုကြားရပါလိမ့်မယ်၊ တကယ်ပဲ'

ထွက်လာသော သူ့စကားက အင်တင်တင် လုံးဝဖြစ်နေသည်။

'တကယ်တော့ ငါတို့ အချိန်ယူပြီး ပြောတဲ့စကား ရှိရှိ၊ မရှိရှိ မင်းတို့နှစ်ယောက်လုံးပါ ရှိနေရင်ကောင်းတာပေါ့'

ဒါကို အတော်ပြောပြီးသောအခါ သူ စကားပြောတာရပ်

**အဆာအိက ထရပ်လိုက်ပြီး သူ့နောက်ကျောဘက် လှည့်လိုက်၍ ပြတင်းပေါက်ရှိရာသို့ လျှောက်သွားကာ အပြင်ကို ကြည့်နေသည်။ သူတို့စိတ်ထဲ တစ်ခုခုရှိနေတာကို ဆုဂုရှိနှင့် တိုဒါတို့နှစ်ယောက်လုံးက သိနေကြသည် ဒီအလုပ်အတွက် သူတို့ တမင်သက်သက် အစီအစဉ်ဆွဲထားပြီး ဖြစ်ကြောင်းလည်း ဆုဂုရှိနှင့် တိုဒါတို့က သိနေကြသည်**

လိုက်ပြီး သူ့လက်ဝါးပေါ်တွင် လက်ဖက်ရည်ခွက်ကို တစ်ခါမက ပတ်ချာလှည့်နေသည်။ သူ့နဖူးပေါ်တွင် စုနေသော ချွေးတွေကို ဆုဂုရှိ သုတ်ပစ်လိုက်သည်။ မီးသွေးမီးမှ မီးတောက်မီးလျှံတွေ ထက,နေကြသည်။ ငါးပုပ်နံ့လို အနံ့မျိုးတစ်ခု အခန်းထဲဖြတ်ပြီး လွှင့်မျောနေသည်။

'တကယ်တော့ အားလုံးချိုကြည့်ရင် ပိုကောင်းလာတယ်လို့ မင်း မထင်ဘူးလား၊ ဒါပေမဲ့ ဆေးသုတေသနလုပ်နေတဲ့ လူအဖို့တော့ အဲဒီ အမြင်တစ်ခုဟာ ပြီးမှ ရှာတွေ့ရတဲ့ အခွင့်အရေးတစ်ခု ဖြစ်နေတယ်'

ကုလားထိုင်မှ ကျယ်လောင်သော တကျွိကျွိမြည်သံသည် ဆီလိုအပ်နေကြောင်း သိသာနေပြီး လက်ဖက်ရည်ခွက် ဆက်ပြီး လှည့်နေတာကိုပဲ အဖော်လုပ်နေလေသည်။

'မင်းတို့နှစ်ယောက်လုံး သိဖို့က အမြဲအရင်ကတည်းက အဲဒီ ဒုတိယ ခွဲစိတ်တာကို အဘိုးကြီးက ခံစားနေရတယ်လို့ ငါ ယူဆတယ်။ ဒေါက်တာ ကန့်ဒိုက အသာစီးရမယ်လို့ ထင်နေတယ်။ အခု ဒီအချိန်မှာတော့ အနောက်တိုင်းစစ်ဌာနချုပ်က ဆေးအရာရှိတွေနဲ့ ငါတို့ဟာ အချိန်ကောင်းတွေရနေတယ်လို့ ငါတို့ ခံစားရတယ်။ သူတို့နဲ့အတူဆိုရင် ဒုတိယဆိုတာ သိပ်ကိုသက်သာတာပေါ့။ မကောင်းတဲ့ စိတ်ကူးအတွေးတစ်ခုတောင် မရှိနိုင်တော့ဘူး။ ဒါကြောင့် သူတို့ရဲ့ ရင်းရင်းနှီးနှီးတောင်းဆိုချက်ကို စိတ်ဆတ်ပြီး ငြင်းလိုက်ဖို့ မလိုဘူး။ ပြီးတော့ သူတို့ နာကျင်ခံစားသွားရအောင် လုပ်ဖို့လည်း မလိုဘူးလို့ ငါတို့ ခံစားရတယ်။ ဟုတ်တယ်။ ဒါပေမဲ့လည်း အလုပ်ကို မင်းတို့ သဘောမတွေ့ဘူးလို့ ထင်ရင် အဲဒီအလုပ်က ငါတို့အတွက် အဆုံးသတ်သွားမှာပဲ။ ကန့်ဒိုရဲ့အပိုင်းက ဆရာဝန် ၅ ယောက်ကတော့ ဒီအခွင့်အရေးရတာကို သိပ်ကိုပျော်နေကြမယ် ထင်တယ်။ ဒါပေမဲ့ ငါနဲ့ မင်းတို့နှစ်ယောက်၊ ဒီမှာရှိနေတဲ့ အဆာအိနဲ့ အဘိုးကြီး။ ငါတို့ငါးယောက် အဲဒါကို ကောင်းကောင်းလုပ်နိုင်တယ်'

'အဲဒါ ခွဲစိတ်ဖို့ တစ်ခုလား' တိုဒါ မေးလိုက်သည်။

'အားလုံး ဆရာက လုပ်မယ်လို့ပြောပြီး ကျွန်တော်တို့က ပါဝင်ရမယ်'

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ဖွတ်မလုပ်ဘူး။ ဒါပေမဲ့ မင်းဝင်မပါရင်တောင် မင်းတို့နှစ်ယောက်လုံး ပါးစပ်လုံးလုံးပိတ်ထားဖို့ ငါ ပြောရလိမ့်မယ်'

'အဲဒါ ဘာခွဲစိတ်တာမျိုးမို့လဲ'

'အမေရိကန် အကျဉ်းသားတွေကို သုတေသနလုပ် ခွဲစိတ်ကြည့်တာတွေ လုပ်မလို့ပဲ တိုဒါ'

❑



www.burmeseclassic.com

www.burmeseclassic.com

အမှောင်မည်းထဲတွင် သူ့မျက်လုံးတွေကို ဆုဂုရို ဖွင့်လိုက်သောအခါ ပင်လယ်၏ အဝေးမှ သောင်းသောင်းသဲသဲ အော်မြည်သံတွေကို သူ ကြားနေရသည်။ ပင်လယ်၏ အမှောင်ထုကြီးက ကမ်းစပ်ဆီသို့ တစ်ဟုန်ထိုးဖုံးသွားသည်။ နောက်တော့ မှောင်မည်းမည်းထုကြီး နောက်တစ်ခု ထပ်ကျလာပြန်လေသည်။

'ဘာလို့ ငါက သုတေသနလုပ် ခွဲစိတ်တဲ့အလုပ်ထဲ ပါနေရတာလဲ။ တရားမျှတတဲ့ အခွင့်အရေးတစ်ခု ငါ့မှာ မရှိဘူး။ ဒေါက်တာ ရှီဘာတာ အခန်းထဲမှာ ငြင်းဖို့ အခွင့်အရေး ငါ့မှာသာ ရှိလာခဲ့ရင် ငါ ငြင်းလိုက်မိမှာပဲ'

သူ ဆက်ပြီး ငြိမ်သက်နေတာနှင့် သဘောတူလိုက်မိခြင်းသည် အဘယ့်ကြောင့်မူ သူ့ကို တိုဒါက တစ်လျှောက်လုံး ဆွဲနေသောကြောင့်လား၊ ဒါမှမဟုတ် သူ့အစာအိမ်ပေါက်က ပိတ်ဆို့ပြီး ပျို့အန်ချင်စိတ်နှင့် ခေါင်းကိုက်နေတာကြောင့်လား။ အပြာရောင်မီးသွေးမီးတောက်နှင့် တိုဒါ၏ စီးကရက်အနံ့က သူ့ကို အားလုံး ပိုပြီးအားနည်း နုံးခွေစေတာကြောင့်လား။

'အဲဒါကို ဘယ်လိုသဘောရလဲ ဆုဂုရို'

သူ့အနားသတ်မပါသော မျက်မှန်က တောက်ပနေပြီး အဆောအိက သူ့မျက်နှာကို ကုန်းပြီး ကပ်လာသည်။

'မင်းက လုံးလုံးကို လွတ်လပ်နေတာပေါ့၊ မင်းသိတာ တကယ်လား'

နောက်မှ ပုပုဝဝဆေးအရာရှိ အခန်းထဲ ပြန်ဝင်လာပြီး ရယ်နေသည်။

'အယုတ်တမာကောင်တွေ၊ သူတို့ ဘာလုပ်တာလဲ၊ ဒါပေမဲ့ ဗုံးကို လက်လွှတ်စပယ်ချရလား။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ဒီကောင်တွေကို ပစ်ချဖို့ အမိန့်ချပြီးသား။ ဘယ်နေရာမှာပဲဖြစ်ဖြစ် သူတို့ကိုသတ်သတ် အဲဒါ အတူတူပဲ။ ဘာလို့ ဒီနေရာမှာ သူတို့အသက်ရှင်နေရမှာလဲ၊ အိပ်ရင်း သေရမှာပေါ့'

'အဲဒါ အားလုံးအတူတူပါပဲ'

ဆုဂုရို ဆက်တွေးနေမိသည်။ 'အဲဒီထဲ ငါ ဆွဲချခံနေရပြီ ဘာလို့ဆို မီးသွေးမီးပြာလှဲလှဲကြောင့် ဖြစ်နိုင်တယ်။ ဘာလို့ဆို တိုဒါ့ရဲ့ စီးကရက်ကြောင့် ဖြစ်နိုင်တယ်။ ဘာလို့ဆို တစ်ခုကြောင့်။ ဘာလို့ဆို နောက်တစ်ခုက ဘာဖြစ်မလဲ။ အဲဒါ အားလုံးအတူတူပဲ။ တွေးနေရင်း အိပ်နေပါ။ မင်း ဘယ်လောက်ပဲတွေးတွေး ဘာမှမဖြစ်ဘူး။ အဲဒါ ဘာမှ အကူအညီမရဘူး။ ငါ အခု လူတစ်ယောက်ဖြစ်တယ်။ ကမ္ဘာကြီးအတွက် ငါ ဘာလုပ်နိုင်သလဲ။ ဆုဂုရို အိပ်ပျော်သွားသည်။ နောက် သူ့မျက်လုံးတွေ ပြန်ဖွင့်လာပြန်သည်။ တစ်ခါ ထပ်ပြီး မှောင်ရီ ဖျိုးဖျမှာ ငိုက်ကျသွားသည်။ သူ့အိပ်မက်ထဲမှာ မှောင်မည်းနေသော ပင်လယ်ထဲတွင် သူ့ကိုယ်သူ မြင်နေရသည်။ သူ့ပုံက စီစီညက်ညက်ကြေအောင် ထုနက်ခံရပြီး ရေစီးထဲတွင် တိုက်ချခံနေရသလိုဖြစ်နေသည်။

ထိုနေ့မှစပြီး ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဆုဂုရိုနှင့် တိုဒါတို့သည် စမ်းသပ်ခန်းထဲတွင် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်မိကြသောအခါ တစ်ယောက်မျက်လုံးကို တစ်ယောက် ရှောင်နေခဲ့ကြလေသည်။ သူတို့ အကြောင်းအရာ တစ်ခုကို ဆွေးနွေးကြသောအခါ စပြီး ဝဲတစ်ခုဆီ ဦးတည်ရွေ့ဖို့ ဟန်ပြင်နေလျှင် ဒါမှမဟုတ် တခြားတစ်ခုခုဆိုလျှင် အကြောင်း အရာကို မြန်မြန်ပြောင်းပစ်လိုက်ကြလေသည်။ သူတို့ကို တခြားဘာမှရှင်းပြခြင်းမရှိဘဲ ဘာကြောင့် ဒေါက်တာ ရှီဘာတာ၏ တောင်းဆိုမှုကို သူတို့က ခေါင်းညိတ် သဘောတူလိုက်ရတာလဲ။ တခြားလူတွေက ခွဲစိတ်မှုအကြောင်း ဆွေးနွေးကြလျှင် သူတို့နှစ်ယောက်လုံးက မျက်နှာတင်းတင်းဖြင့် သူတို့အလုပ်ဆီ ထွက်သွားခဲ့ကြသည်။

သုတေသနလုပ် ခွဲစိတ်ရမည့်အလုပ် တာဝန်ပေးသည့် စာရွက် ထွက်မလာမီရက်တွင် သူတို့ကို ပထမဆုံးအဖြစ် အဆောအိက လျှို့ဝှက်စွာဖြင့် စာရွက်ကို ဖြန့်ဝေပေးခဲ့လေသည်။ ပထမခွဲစိတ်မည့် စီမံကိန်း၏ ပထမဆုံးနေ့တွင် အကျဉ်းသား သုံးယောက်ကို ခွဲစိတ်ဖို့ စီစဉ်ထားသည်။ လက်တွေ့ သုတေသန စမ်းသပ်ခွဲစိတ်ခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ ပထမအကျဉ်းသား၏ သွေးကြောထဲသို့ နော်မယ်လ်ဆလိုင်းကို ထိုးသွင်းထည့်မည်။ မသေခင်ထိ လုပ်ဆောင်ရမည့် ဖြစ်နိုင်သည့် သတ်မှတ်ထားသော အရေအတွက်ကို သေချာအောင် လေ့လာစိစစ်မည်။

၂။ ဒုတိယအကျဉ်းသား၏ သွေးပြန်ကြောထဲသို့ လေထိုးသွင်းမည်။ သေသည်ထိဖြစ်သော ထုထည်ကို သေချာအောင် လေ့လာစိစစ်မည်။

၃။ တတိယအကျဉ်းသား၏ အဆုတ်တစ်ဖက်ကို ဖြတ်ထုတ်မည်။ သတ်မှတ်ထားသော အဆုတ်လေပြွန်ချောင်းများကို ဖြတ်ပစ်ရာတွင် မသေခင်ထိ သေချာအောင် လေ့လာစိစစ်မည်။

ခွဲစိတ်ဆရာဝန်များ- ပရော်ဖက်ဆာ ဟာရှီမိုတို၊ ပရော်ဖက်ဆာ ရှီဘာတာ။

(လက်ထောက်များ)

ပထမလက်ထောက်- ဟီရိုရှီ အဆောအိ

ဒုတိယလက်ထောက်- ဆုယိုးရှိ တိုဒါ

တတိယလက်ထောက်- ဂျိုရို ဆုဂုရို

ပထမအကျဉ်းသားကို လက်တွေ့ သုတေသနစမ်းသပ်မှုသည် စစ်အတွင်းကာလတွင် ဆေးပညာစမ်းသပ် သုတေသနလုပ်ဖို့ ကြီးမားသော ဆက်စပ်လုပ်ဆောင်မှုတစ်ခု ဖြစ်လာနိုင်လေသည်။ နော်မယ်လ်ဆလိုင်းသည် ပေါင်းခံရည် ၁၀၀ စီစီထဲတွင် ဆား ၀.၉၅ ဂရမ်ကို ပျော်ဝင်အောင် လုပ်ထားခြင်း ဖြစ်သည်။ သွေးသွင်းရမည့်လူနာအတွက် သွေးမသွင်းမီ ဆုံးဖြတ်ထားသော အခြေအနေတစ်ခုတွင် သွေးအစား ဒီနော်



www.burmeseclassic.com

www.burmeseclassic.com

မယ်လ်ဆလိုင်းရည် ဘယ်လောက်ကို တိတိကျကျ စိတ်ချစွာ ထိုးသွင်းနိုင်သလဲ။ ဒီလုပ်ငန်းစဉ်တွင် လူ့အသက်သည် အမြဲ ချိန်ခွင်လျှာပေါ်တွင် ရှိနေသည့်အတွက် မေးခွန်းက ခုထိ ယတိ ပြတ် မပြောနိုင်သောကိစ္စ ဖြစ်နေသေးသည်။ ယေဘုယျအမြင် ကတော့မူ တစ်လီတာနှင့် နှစ်လီတာကြားသည် စိတ်ချရသော အခြေအနေတစ်ခုဖြစ်သော်လည်း အဲဒါနောက်မှာတော့ ဘာမှ မသိရသေးချေ။

ဒုတိယစမ်းသပ်မှုမှာ အကျဉ်းသားတစ်ယောက်၏ သွေး ပြန်ကြောများထဲသို့ လေထိုးသွင်းခြင်း ဖြစ်သည်။ ယုန်တစ် ကောင်၏ သွေးပြန်ကြောထဲသို့ လေ ၅၀၀ စီစီ ထိုးသွင်းလိုက် သောအခါ အဖြေကတော့ ချက်ချင်းသေတာပဲ ဖြစ်သည်။ သို့သော် လူဆိုရင်ရော ဘာဖြစ်မလဲ။

တတိယအကျဉ်းသားကို စမ်းသပ်ရာတွင် ပြဿနာ ပါ ဝင်လာသည်။ ခွဲစိတ်ဆရာဝန်တွေက အထူးကို အဖြေရှာဖို့ စိတ်အားထက်သန်နေကြသည်။ တိုဟိုကုတက္ကသိုလ်က ဒေါက်တာ ဆဲကိဂုချိနှင့် အိုဆာကာအင်ပါရီရယ်လ်တက္ကသိုလ် က ဒေါက်တာ အိုဆာဝတို့က ထူးထူးကဲကဲ အလားအလာ ကောင်းသော အဆုတ်ဖြတ်ထုတ်နည်းတစ်ခုကို တီထွင်ထား ကြသည်။ သို့သော် အဆုတ်လေပြွန်ချောင်းတွေကို စိတ်ချ လက်ချ ဖြတ်ထုတ်နိုင်သည့် အတိုင်းအတာအတွက် ပြဿနာ တစ်ခု ကျန်ရစ်မှာကို စိုးရိမ်ခဲ့ကြလေသည်။ အကျဉ်းချုပ်ကို ဆုဂုရို ဖတ်ကြည့်လိုက်သောအခါ ပထမစမ်းသပ်မှုနှစ်ခု အတွက် နောက်ကွယ်က စီစဉ်သူမှာ အဘိုးကြီး မဟုတ်ဘဲ ရှီဘာတာဖြစ်ကြောင်း သူ ချက်ချင်းသိလိုက်ရသည်။ အမြဲတမ်းလိုပဲ မျက်တောင်ခတ်ပြီး ဒေါက်တာ ရှီဘာတာ၏ ပါးချိုင့်ဝင်နေသော မျက်နှာကို သူ တွေးနေမိသည်။

နောက်တစ်နေ့တွင် ခွဲစိတ်မှုတွေထက် တစ်ခုက ပိုအလျှင် ကျနေသည်။ ထိုညနေခင်းတွင် ဆုဂုရိုသည် 'ဘာကြောင့် လဲ' မေးခွန်းတွေနှင့် တိုက်ပွဲဆင်နေရသောကြောင့် သည်း မခံနိုင်တော့သဖြင့် သူ့စားပွဲ အံဆွဲတွေကို ရှင်းလင်းပစ် ဖို့အတွက် သူ့အချိန်စွမ်းအားတို့ကို လုံးလုံးမြှုပ်နှံထားလိုက် တော့သည်။ ပြီးနောက် စီစဉ်ထားသော အရာများကို ထိပ်ဆုံး မှာ သူ ထားလိုက်သည်။ စီးကရက်တစ်လိပ်သောက်ရင်း တိုဒါက ဒါလုပ် နေတာတွေကို သဘောပေါက်နေသည်။

'ငါ အိမ်ပြန်တော့မယ် မင်းကော'

ဆုဂုရို မေးလိုက်သည်။

'မပြန်ဘူး'

တိုဒါ့အသံက ဗလာသက်သက်ဖြင့် ဖြေလိုက်သည်။

'ကောင်းတဲ့ညပါ'

'ခဏနေပါဦး'

ရုတ်ခြည်းပင် တိုဒါ ထ,ရပ်လိုက်ပြီး တံခါးမှာ ဆုဂုရို ကို တားလိုက်သည်။

'ဘာလဲ'

'တစ်မိနစ်လောက် ခဏ ထိုင်ပါဦး'

ဆုဂုရို ထိုင်လိုက်သည်။ သို့သော် ဘာမှမပြော။ အလိမ် အညာစကားတွေ ပြောမိလိမ့်မည်ဟု ဆုဂုရို တွေးသည်။ တိုဒါ ကတော့ သူ့ကို ရယ်နေမှာပဲဟု သူခံစားနေရသည်။

'ဆေးလိပ်သောက်မလား'

သူ့လက်ရာဖြစ်သော ကော်ကြည်ဘူးထဲက အသုံးမကျ သော စီးကရက်လိပ်ကို တိုဒါက ဆုဂုရိုအား လှမ်းပေးလိုက် သည်။ ဆုဂုရိုက တစ်လိပ်ယူပြီး မီးညှိလိုက်သည်။ ပြီးတော့ ချစ်ချစ်တောက်နေသော ထိပ်ကို ငေးစိုက်ကြည့်နေရင်း ငေး နေသည်။ ဘာမှမပြော။

'မင်းက နောက်ထပ် အရူးတစ်ယောက်ပဲ'

တိုဒါက ရေရွတ်လိုက်သည်။

'ဟင်'

'မင်း ငြင်းလိုက်သင့်တယ်လို့ မင်းစဉ်းစားမယ်ဆိုရင် မင်း ဒါကို လုပ်ဖို့ အချိန်ရှိသေးတယ်'

'ဟင်'

'မင်း ငြင်းမလား'

'ငါ မထင်ဘူး'

'ဘုရားသခင်တစ်ဆူ ရှိတယ်လို့ မင်း ထင်လား'

'ဘုရားတစ်ဆူ'

'အိုး သောက်ပေါ ဆုဂုရို၊ ကောင်းပြီ အဲဒါကို တစ်ခါ လောက် ငါ ကြိုးစားကြည့်မယ်။ ကြည့်၊ လူတစ်ယောက်မှာ သူ့ကိုတွန်းနေတဲ့ အရာတွေ မျိုးစုံရှိနေတယ်။ ကံကြမ္မာကနေ အဝေးကို ထွက်ပြေးဖို့ နည်းလမ်းအားလုံးနဲ့ သူ ကြိုးစားကြည့် တယ်။ အခု သူ အဲဒါလုပ်ဖို့အတွက် တစ်ယောက်က သူ့ကို လွတ်လပ်ခွင့်ပေးလိုက်တယ်။ အဲဒါကို မင်း ဘုရားသခင်လို့ ခေါ်နိုင်တယ်'

ဆုဂုရို သက်ပြင်းချလိုက်သည်။

'မင်း ဘာအကြောင်းပြောနေလဲဆိုတာ ငါ မသိဘူး'

တောက်နေသော ထိပ်က ကုန်သွားပြီ။ ဆုဂုရိုက စားပွဲ ထိပ်ပေါ်မှာ စီးကရက်ကို ချထားလိုက်သည်။

'ငါ့အတွက်ကတော့ ဘုရားရှိရှိ၊ မရှိရှိ ငါ မမြင်ရတဲ့ အတွက် ဘာမှ မခြားနားဘူး'

'ဟုတ်တယ်၊ အဲဒါ မှန်တယ်။ ဒါပေမဲ့ မင်းအတွက်က တော့ အဘွားကြီးဟာ ဘုရားတစ်မျိုးပဲ'

'ဟုတ်တယ်၊ ဖြစ်နိုင်ပါတယ်'

သူ ထ,ရပ်ပြီး သူ့ကိုရိယာတန်ဆာပလာတွေ ထည့်ထား သော သေတ္တာကို သယ်ပြီး စင်္ကြံထဲ ထွက်သွားလေသည်။ ဒီတစ်ကြိမ်မှာတော့ တိုဒါက သူ့ကို မတားတော့ချေ။

*(ဆက်လက်ဖော်ပြပါမည်)*

■

ငြွေဆေး-၂၊



www.burmeseclassic.com